www.burmeseclassic.com

## နေဝင်းမြင့်

# အေးအေးလူလူ အတွေးများ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင် ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများ အား ဘုံရန်သူအဖြစ် သတ်မှတ်ချေ မှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည် ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးစကား

အေးအေးလူလူအတွေးများ ဆောင်းပါးများကို လစဉ်ဖော်ပြပေးခဲ့သည့် ဦးခင်မောင်မြင့် (မဟေသီ)နှင့် မဟေသီမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ကိုလည်းကောင်း စာအုပ်အဖြစ် စီစဉ်ပေးသည့် ယနေ့မန္တလေးစာအုပ်တိုက်ကိုလည်းကောင်း ကျေးဇူးအထူးတင်ပါသည်။

နေဝင်းမြင့်

ဇွန်လ၊ ၂၀၀၃၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

ပညာပေးရသဆောင်းပါးများစုစည်းမှု

နေဝင်းမြင့်

# အေးအေးလူလူအတွေးများ

ယာဒေရုပ္ပ လေးကာအုပ်တိုက်
အမှတ် ၁၈၁၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
မန္တလေးမြို့။
ဖုန်း (၀၂)-၂၄၇၀၂/၃၉၈၈၀/၃၃၈၄၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူ၏အမှာ | ၁ |
| ၂။ | ကြိုးစားကြည့်ပါဦး | ၅ |
| ၃။ | တဒင်္ဂများ | ၁၈ |
| ၄။ | မျက်မမြင် | ၃၃ |
| ၅။ | ဥယျာဉ်ကိုချစ်လျှင် | ၄၇ |
| ၆။ | ကူးတို့ရှင် | ၆၇ |
| ၇။ | မျက်နှာများ | ၈၂ |
| ၈။ | အိမ် | ၉၇ |
| ၉။ | ဥသြနာရီ | ၁၁၁ |
| ၁၀။ | ဖိနပ်များ | ၁၂၇ |
| ၁၁။ | ည၏သူစိမ်း | ၁၄၂ |
| ၁၂။ | ချစ်ခြင်းမေတ္တာ (သို့မဟုတ်) ဩဓိသမာလာ | ၁၆၀ |
| ၁၃။ | ပန်းခြောက်ဗန်းကလေးထဲက သင်းရနံ့များ | ၁၇၆ |
| ၁၄။ | ရောင်းရန် | ၁၉၀ |
| ၁၅။ | ပျက်ကွက်သူ | ၂၀၃ |
| ၁၆။ | နေ့ရွှေ့ညရွှေ့ | ၂၂၀ |
| ၁၇။ | ကရားစွပ် | ၂၃၆ |
| ၁၈။ | ပိုင်းဖြတ်ချက်များ | ၂၄၉ |
| ၁၉။ | ဆီးနှင်းပြိုက်ကျ | ၂၆၆ |
| ၂၀။ | သန္နိဋ္ဌာန် | ၂၇၈ |
| ၂၁။ | သောကာ | ၂၉၁ |


www.burmeseclassic.com

www.burmeseclassic.com


# စာရေးသူ၏အမှာ

ပေးရှင့်စထရောင်း (**Patience Strong**) ၏ စာအုပ်တွေ အကြောင်း ကျွန်တော် ကြားဖူးသော်လည်း မဖတ်ခဲ့ဖူးပါ။ အထူးသဖြင့် သူ၏ စာအုပ်များတွင် မနက်ခင်း၏ အတောင်ပံများ (**Wings of the Morning**)၊ အိပ်မက်များကို ရိတ်သိမ်းခြင်း(**Harvest of Dream**)၊ ဟင်းလင်းပွင့်မှော် ပြတင်းများ (**Magic Casements**)၊ ပျော်ရွှင်ခြင်း၏ ဆိပ်ကမ်းများ (**Harbours of Happiness**)၊ သက်တံ့ကို လွန်သော် (**Beyond the Rainbow**)၊ ငွေရောင်အနားကွပ်များ (**Silver Lining**) စသည့် စာအုပ်များကို ကမ္ဘာ့ စာပေပရိသတ်က နေရာပေးကြပါသည်။ အထူးသဖြင့် **Quiet Corner, Quiet Moments** နှင့် **Quiet thoughts** စသည့် **Quiet Series** များကိုတော့ ကျွန်တော်တို့ မြန်မာစာပေတွင် ကျိုးကျိုးကျဲကျဲရည်ညွှန်း ကိုးကားကြတာတွေ့ဖူးပါသည်။ ဒါမှမဟုတ် စာအုပ်အဖြစ် တစ်စောင်တစ်ဖွဲ့ရှိနိုင်ကောင်း သော်လည်း ကျွန်တော် မတွေ့ဖူးခဲ့။

မနေ့တစ်နေ့ကတော့ မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို စာအုပ်ကလေးတစ်အုပ် ပေးပါသည်။ တိတ်ဆိတ်အတွေးများ (**Quiet Thoughts**) ဖြစ်ပါသည်။ စာအုပ်၏ ပဌမအကြိမ်


www.burmeseclassic.com

ပုံနှိပ်ထုတ်ဝေမှု မှတ်တမ်းအရ ၁၉၃၇ ခုနှစ်က ထုတ်ဝေခဲ့သည်။ စာအုပ်ထုတ်ဝေသည့် စာအုပ်တိုက်မှာ ဖရက်ဒရစ်မူလာလီမိတက်၊ လန်ဒန် **(Frederick Muller Ltd, London)** ဖြစ်သည်။ ၁၅ ကြိမ်မြောက်ထုတ် ဝေမှုကတော့ ၁၉၅၅ ခုနှစ်က ဖြစ်ကာ နောက်ထပ် ဘယ်နှစ်ကြိမ် ထုတ်ဝေခဲ့သလဲ ကျွန်တော် မသိပါ။ သည်စာအုပ်ကလေးကို တစ်ခါတလေ ကျွန်တော် ဖတ်ဖြစ်သည်။ သူတွေးမိတာလေးတွေကို စာညွန့်လို **Rhyme** အချိန်ကလေးတွေနှင့် ရေးထားသည်။ ဥပမာ ချစ်ခြင်းမေတ္တာ **(Love)**၊ ပင့်ကူများ **(Spiders)**၊ နှိုးစက်နာရီ **(Alarm Clock)**၊ ရေပန်း **(The Fountain)**၊ သဝန်ကြောင်အူတို **(Jealousy)**၊ ရောင်းရန် **(For Sale)** ဆိုတာမျိုးတွေ ဖြစ်သည်။ စုစုပေါင်း (၄၆) ပုဒ်ပါပါသည်။

**(Patience Strong)** က တွေးမိသမျှ အတွေးတွေကို (တိတ်ဆိတ်အတွေးတွေကို) သွားရင်းလာရင်း ခပ်တိုတိုကလေးတွေ ရေးခြစ်ထားခဲ့ဟန်တူသည်။ များသောအားဖြင့် သူယုံကြည်ရာ ဘုရားသခင် (ဘာသာရေး) ကို စောင်းပေး တွေးထားတာလေးတွေ ဖြစ်သည်။ ပြီးတော့ သူ့ခေတ်သူ့အခါက သူ့ပတ်ဝန်းကျင်၊ သူ့အခြေအနေပေါ်မှာ တွေးဆချက်တွေ ဖြစ်သော်လည်း ထူးခြားတာက ကနေ့ထိ၊ ကျွန်တော်တို့ကြားနေရသည့် ဒါမှမဟုတ် ဖတ်နေရသည် (ဒါမှမဟုတ် သိပ်မငြင်းနိုင်သည့်) အကြောင်းအရာတွေသာ ဖြစ်နေခြင်း ဖြစ်သည်။ တချို့အပုဒ်တွေက တက်ကျမ်းဆန်သည်။ တချို့အပုဒ်တွေက နိတိဆန်ကောင်းဆန်မည်။ တချို့အပုဒ်တွေက ဥပဒေသဆန်ချင်ဆန်သည်။ တချို့အပုဒ်တွေကတော့ လွတ်လွတ်



www.burmeseclassic.com

လပ်လပ်တွေးထားတာတွေ ဖြစ်သည်။ ကျွန်တော် ပြောချင်တာက သည်စာအုပ်ကလေးကို ဖတ်ဖြစ်သည့်အခါ (ကျွန်တော်ကလည်း အချိန်ကလေးရလျှင်) ကျွန်တော် ဆက်တွေး ဖြစ်နေသည့်အကြောင်း ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ်သည် စာအုပ်ကလေးက ကျွန်တော်၏ 'အိပ်ရာဘေးစာအုပ်' ဖြစ်နေခဲ့ပြီ။ တွေးမိတာလေးတွေအပြင် စာအုပ်တချို့ကို လှန်ဖတ် ဖြစ်သည်။ **Patience Strong** ၏ စာသွန့်ကလေးတစ်ပုဒ်ကို ဖတ်ကာ ကျွန်တော်က အေးအေးလူလူ ဆက်တွေးနေမိသည့်အခါတွေလည်း ရှိတတ်ပါသည်။ နောင်မှာတော့ တွေးဖြစ်ခဲ့တာတွေကို ကျွန်တော် ရေးကြည့်ဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ အတွေးသာဖြစ်သဖြင့် အယူအဆ ပြဿနာတစ်စုံတစ်ရာရှိနိုင်ကောင်းပါသည်။ သည့်အတွက် တစ်စုံတစ်ရာ ငြင်းခုံမှုထက် စာလျှင် ဆက်လက် တွေးသည့်အတွေးတွေကိုသာ ကျွန်တော် မျှော်လင့်ပါသည်။

**(Patience Strong)** ၏ တိတ်ဆိတ်အတွေးတွေကို ကျွန်တော်က အေးအေးလူလူ ဆက်တွေးခြင်းသာ ဖြစ်သဖြင့် မူရင်းအမည် **Quiet Thoughts** နှင့် သိပ်မဝေးလှဟု ကျွန်တော် ထင်ပါသည်။

**နေဝင်းမြင့်**

www.burmeseclassic.com

www.burmeseclassic.com

# ကြိုးစားကြည့်ပါဦး

'လုပ်ခဲ့သမျှ အလုပ်တွေအားလုံး အများတွေဘက်ကို ဦးတည်နေပါပကောရယ်လို့၊ သင်လုပ်ခဲ့သမျှ အလုပ်တွေအားလုံး အလဟဿအချည်းအနှီးဖြစ်ရလေခြင်းလို့များ မတွေးလိုက်ပါနဲ့။အဲသလိုဖြစ်ရတာကိုက အကောင်းဆုံး ဖြစ်လာနိုင်သေးတာကိုး။ဒါကြောင့်ဒါမျိုးကြုံရင် ဖြိုးလိုက်စမ်းပါ။ပြီးတော့ထပ်ကြိုးစားကြည့်လိုက်ပါဦး။ အဲသည်ကျရှုံးမှု သက်သေခံချက်တွေကပဲပဥ္စလက်တံခါးတစ်ချပ်ဖြစ်သွားနိုင်လို့ပါပဲ။ သင်ဘယ်တုန်းကမှ မကြုံဖူးခဲ့ဖူးတဲ့ ပျော်ရွှင်ချမ်းမြေ့မှု ပီတိဆီကို ဝင်ထွက်နိုင်တဲ့ (အဲသည်) တံခါးက သင့်ကိုလမ်းပြလိမ့်မယ်။ လောကခံတိုက်ပွဲမှာ သင်ဟာ အားနည်းနေရင်နေဖို့ပဲ ရှိသေးတာပါ။ ရှုံးနိမ့်သွားသေးတာမှ မဟုတ်ဘဲနဲ့။

အဖိုးအနဂ္ဃထိုက်တန်လှတဲ့အချိန်တွေကိုမျက်ရည်နဲ့နောင်တကြောင့်များတော့ အလဟဿမဖြစ်ပါစေနဲ့။ မတ်တတ်ရပ်လိုက်စမ်းပါ။ လောကကို မျက်နှာမူလိုက်စမ်းပါ။ သင့်ရဲ့ အကြီးမြတ်ဆုံးမျှော်လင့်ချက်ရဲ့ အမြင့်မားဆုံးပန်းတိုင်။ သင့်အိပ်မက်တွေ အားလုံးက တကယ်ဖြစ်လာမှာပါ။ သင့်ရဲ့ အမှားဟောင်းတွေဆီကဉာဏ်ပညာကို ရွေးနုတ်ယူရမယ်။ သင့်နာကျင်မှုတွေဆီက သတ္တိတွေ ရွေးနုတ်ယူရမယ်။ ဒါဆိုရင် တစ်နေ့တော့ သင်ပြောနိုင်ပါလိမ့်မယ်။



BURMESE CLASSIC .com

www.burmeseclassic.com

*"ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ပါရဲ့။ တပည့်တော် နောက်ထပ် တစ်ခါ ကြိုးစားပါပြီ" လို့။*

*[ °Patience Strong ရဲ့ Try Again)*

ကျွန်တော်နေသည့် တိုက်ခန်းရှေ့မှာ ဧရာဝတီမြစ်ကြီးရှိသည်။ မြစ်နှင့် အနောက်ဘက်ကပ်လျက်မှ ကမ်းနားရွာကလေးတွေရှိသည်။ ကမ်းနားရွာကလေးတွေရဲ့ အပေါ်မှာ စစ်ကိုင်းတောင်တန်းက မိုးနေသည်။ ဒါက အနောက်ဘက်ကမ်း။ အရှေ့ဘက်ကမ်းမှာတော့ မြစ်နှင့် တာရိုးအခြေကြားမှာ မြေနုကျွန်းတွေ ရှိသည်။ရာသီသီးနှံစိုက်ခင်းတွေ မျက်စိတစ်ဆုံး။ သည်မြေနုကျွန်းပေါ်မှာပဲ တောင်သူတွေ စိုက်ခဲ့ပျိုးခဲ့ကြသည်။ မြေသီး မြေနှံတွေ ရခဲ့ကြပြီ။ မြစ်ကတော့ ဒါကို မှုဒိတာပွားနိုင်ပုံရသည်။ သူနဲ့ ဘာမှမဆိုင်သလို ခပ်အေးအေး စီးဆင်းနေသည်။ တောင်သူတွေက မြေပဲတွေ နှုတ်သိမ်းပြီးတော့ မြေနုကျွန်း မြေမည်းမည်းကို၊ နောက်တစ်ကျော့ စိုက်ဖို့အားသွန်နေကြသူတွေ။ စိုက်ပျိုးပြီးစ စိုက်ခင်းစိမ်းစိမ်း ရှန်းထနေတာတွေ့ရှိသလို မြေကို ထွန်ယက်နေတာတွေက တစ်ကျော့တစ်ခါ ဘာများရနိုင်ဦးမလဲ မျှော်လင့်ကြပုံရသည်။ ချဉ်ပေါင်ပင်တွေကတော့ တော်တော်မြင့်ကြပြီ။ နှုတ်ရုံသိမ်းရုံ။ အခုထွန်ယက်နေတာတွေကကော ဘာတွေစိုက်ကြဦးမလဲ။ တိုက်ခန်းပေါ်က မြင်ရသမျှ ကျွန်တော်တွေးနေခြင်း ဖြစ်သည်။ ဒါပေမယ့် မရနိုင်တော့ပါ။ သည်နှစ်မိုးကစောစောဝင်သည်။ မိုးကြီးတွေ သည်းသည်းခဲခဲရွာချလိုက်တာပင်လေးငါးကြိမ်ရှိခဲ့ပြီ။ မြစ်ရေတွေက မောက်ကြွလာသည်။ ပြာလဲ့သောမြစ်က ညိုညစ်နေသည်။ စိုက်ခင်းတွေကို ဖုံးလွှမ်းပစ်လိုက်သည်။ ထွန်ယက်စမြေခွဲကြောင်းတွေလည်း မြစ်ရေအောက်မှာ။ မြစ်ရေထဲ



www.burmeseclassic.com

www.burmeseclassic.com

က ချဉ်ပေါင်ပင်တွေကို လိုချင်သလောက်သာ နှုတ်ယူကြပါတော့ဟု တောင်သူတွေရဲ့ အော်သံကို ကျွန်တော် ကြားနေရသည်။ ထပ်ကြိုးစားကြည့်ပါဦး။ ကျွန်တော့်အော်သံကို တောင်သူတို့ကြားရပုံ မပေါ်ပါ။ လူနှင့် နွားကျုံးခဲ့ ရုန်းခဲ့ရသမျှ၊ သန့်စွမ်းသော စိုက်ခင်းစိုက်ပင်မှန်သမျှ။

တရုတ်ဝတ္ထုလေးတစ်ပုဒ်ကို ကျွန်တော် သတိရနေသည်။ တစ်ခါက မြစ်တစ်မြစ်၏ ဘေးနားမှာ ရေချိုတွင်းတစ်တွင်း ရှိသည်။ မြစ်ကတော့ သူ့စီးဆင်းမှုနှင့်သူ ဖြစ်သော်လည်း ရေတွင်းက မြစ်ကို မနာလို ဝန်တိုဖြစ်နေသည်။ မြစ်ဆိုတာ ရွှံ့စပ်စပ်နံ့စော်စော်၊ ရပ်ဆိုးဆိုးသတ္တဝါတစ်ကောင်သာ ဖြစ်သည်ဟု စကားတင်ဆိုသည်။ ထာဝရ ပြေးလွှားနေရသူသာ ဖြစ်သည်ဟု ဆိုသည်။ တည်ငြိမ်ခန့်ညားသည့် အလှကို သူကသာ ပိုင်ဆိုင်သည်ဟု ဆိုသည်။ မိုးကောင်းကင်၏ အလှကို ရေချိုတွင်းဝက မြင်ရသော ဝိုင်းစက်စက်ခံစားမှုမျိုး မြစ်က မရနိုင်တာ ဝမ်းနည်းစရာကောင်းသည်ဟု ဆိုသည်။ ရေချိုတွင်းက သူသာလျှင် တည်ငြိမ်သော ခံနိုင်ရည်ရှိသူဖြစ်သည်ဟု မြစ်ကို နေ့တိုင်း လှမ်းပြောတတ်သည်။ မြစ်ကတော့ စကားတစ်ခွန်းမှ မဟပါ။ မြစ်ရေကြီးချိန် မြစ်ရေတွေက ဖောင်းလန်လာသည်။ အနားပတ်ဝန်းကျင်က အရာမှန်သမျှ၊ ရေအောက်ကို တစ်စတစ်စ နှစ်မြုပ်ပစ်ခဲ့ပြီ။ ရေချိုတွင်းကလေးဆီ မြစ်ရေတွေ ရောက်လာသည်။ ပထမတော့ အောက်ခြေခံ စနစ်သည်။ နောက်တော့ ရေတွင်းတစ်တွင်းလုံး မြစ်ရေအောက် ရောက်သွားခဲ့သည်။ စာရေးဆရာက သည်ဖြစ်စဉ်ကလေးကိုပဲ ရေးပြခြင်း ဖြစ်ပါသည်။ သို့သော် ဝတ္ထုတို အဆုံးမှာ စကြောင်းတစ်ကြောင်း ရေးထားသည်။ "ရေချိုတွင်းက မြစ်ရေအောက် ရောက်သွားတာက သိပ်အကြောင်းမဟုတ်ပါဘူး။ တကယ့်အကြောင်း


www.burmeseclassic.com

က သူပြောပြောနေတဲ့ 'တည်ငြိမ်သော ခံနိုင်ရည်ရှိမှု' ဆိုတာကပါ နှစ်မြုပ်သွားတာကမှ ပြဿနာပါ"

တည်ငြိမ်သော ခံနိုင်ရည်ရှိမှုပါ နှစ်မြုပ်သွားခဲ့ရသည့် ရေချိုတွင်းကို ကျွန်တော်က ကြိုးစားကြည့်ပါဦးဟု ပြောကြည့်ချင်ပါသေးသည်။

တစ်ခါကတော့ ကြော်ငြာရိုက်ကွင်းတစ်ခုဆီကို ဆောင်းပါးတစ်ပုဒ်အတွက် ကျွန်တော် ရောက်သွားခဲ့ဖူးသည်။ ကျွန်တော်နှင့် ဓာတ်ပုံပညာရှင် ညောင်ဦးဖိုးချိုတို့ ရောက်သွားချိန်မှာ နောက်ကျနေပြီ။ ဆပ်ပြာကြော်ငြာတစ်ခုကို မြန်မာမင်းသမီးတစ်လက်နှင့် ရိုက်ကူးနေခြင်း ဖြစ်သည်။ ရိုက်ကူးရေးစက်ပစ္စည်းကိရိယာများနှင့် ပညာရှင်တွေက အိန္ဒိယနိုင်ငံမှ ပညာရှင်တွေ ဖြစ်သည်။ ကျောက်စိမ်းရောင် ခပ်တောက်တောက်ဝတ်ထားသော မြန်မာရုပ်ရှင်မင်းသမီးလေးက နဖူးမှာ ချွေးတွေ စို့နေသည်။

**Lighting ?**

**"OK"**

**Sound ?**

**"OK"**

**Camera ?**

**"OK"**

**Action ?**

ရိုက်ကူးရေးတာဝန်ခံ အိန္ဒိယအမျိုးသားက **(Action)** ဆိုသည်နှင့် မင်းသမီးလေးက လက်ဆွဲခြင်းကို ဆွဲကာ မီးဖိုခန်းထဲ ဝင်လာ။ စားပွဲပေါ် လက်ဆွဲခြင်းချ၊ လက်ဆွဲခြင်းထဲက ပစ္စည်းတစ်မျိုးကို နောက်ကျောဘက်က ကန့်လန့်စင်ကလေးပေါ်ကို လှမ်းတင်။ သည်ကတ်တစ်ကတ်ကို ကျွန်တော်တို့ မလာခင်ကတည်းက ရိုက်နေခြင်း ဖြစ်သည်။ မော်နီတာကို ကြည့်နေသည့် ရိုက်ကူးရေး တာဝန်ခံက ချက်ချင်း လှမ်းအော်သည်။

www.burmeseclassic.com

"Try Again, Sweet, Please"

မင်းသမီးလေးက ပြန်ထွက်လာရသည်။ **Lighting, OK** လုပ်ပြန်သည်။ ဝင်လာလာချင်း **'No, No, Sweet Try again'** လုပ်ပြန်သည်။ ကျွန်တော်မြင်ရသလောက် သည်အခန်းကို ရိုက်နေတာ ဆယ်ခါထက်မနည်းတော့ပါ။ မင်းသမီးကို နားပါဦးဆိုတော့မှ ခဏ နားရသည်။ ထိုအခါမှ ကျွန်တော်နှင့် ဦးဖိုးချိုအနား ကပ်ရတော့ သည်။

"**Try again** တွေ များလှချည်လား"

"မောနေပါပြီ ဦးရယ်။ စိတ်တိုင်းပဲ မကျနိုင်ဘူး၊ သိပ်ချေး များတာ။ စိတ်ကြိုက်မရမချင်း မလွှတ်ဘူး"

ကျွန်တော် ရုပ်ရှင်အကြောင်း (**camera** အကြောင်းဆိုပါစို့) နားမလည်ပါ။ ကျွန်တော် စိတ်ထဲ မင်းသမီး သရုပ်ဆောင်ပြနေတာ ဘာမှားလို့လည်း စဉ်းစားနေမိပါသည်။ နောက်ဆုံး စိတ်တိုင်းကျသွား သည့် ကတ်နှင့် ပထမ **Try again** ကတ်တွေ အတူတူပဲလို့ပင် ထင်သည်။ သူတို့ မျက်စိနှင့် သူတို့အနုပညာတစ်စုံတစ်ရာ အမှား အယွင်းမြင်လို့ ဖြစ်လိမ့်မည်။ မြန်မာမင်းသမီးလေးကို အိန္ဒိယ ဒါရိုက်တာက သက်သက်နှိပ်စက်နေစရာ အကြောင်းမရှိ။ ဒါရိုက်တာ က သူ့စိတ်ကြိုက်မရမချင်း၊ **Try again** အော်နေသည်။ မင်းသမီးလေး ကတော့ အနုပညာကြေး ယူထားသူဆိုတော့ **Try again** ဆိုတိုင်း ထပ်ကာထပ်ကာ လုပ်ပေးနေရသည်ကော။ သည်မှာ သူတစ်ပါး သရုပ် ဆောင်မှု (ထပ်ကာထပ်ကာ ကြိုးပမ်းမှု) ထဲက အကောင်းဆုံးကို ရွေးချယ်နေသူနှင့် ကိုယ်တိုင်က ထပ်ကာထပ်ကာ ကြိုးစားနေရသော် လည်း ဘာခံစားမှုမှ မရှိသူကို ကျွန်တော် ခွဲခွဲခြားခြား မြင်လိုက်ရသည်။ မင်းသမီးက သည်တစ်ကတ် စိတ်တိုင်းကျသွားပြီဆိုတော့ ခဏ နားသည်။

www.burmeseclassic.com

"ဘာမှားနေလို့တဲ့လဲ"

"မသိပါဘူး ဦးရယ်။ ကျွန်မတော့ ခါတိုင်းလုပ်သလို လုပ်လိုက်တာပါပဲ"

ခာတ်ပြားခေတ်အသံသွင်းသည့်မြန်မာတေးသံရှင်တစ်ယောက်နှင့် ကြုံဖူးသည်။ မဟာမြိုင်က စတူဒီယိုတစ်ခုမှာ ဖြစ်သည်။ မြန်မာဆိုင်းဝိုင်းနှင့် အသံသွင်းနေသည့် ဓမ္မတေးတစ်ပုဒ်ဖြစ်သည်။ ခာတ်ပြားက တစ်ဖက်သုံးမိနစ်စာ။ ထိုစဉ်က **Pre-recording** မရှိသေး။ **Mix-down** စနစ်တွေ မရှိသေး။ တစ်ခါတည်း အသံသွင်း။ တစ်ခါတည်း တီးဝိုင်းနှင့် အဆိုတစ်ထပ်တည်း သွင်းရသည့်ခေတ်ဖြစ်သည်။ သီချင်းက နှစ်မိနစ်နှင့် လေးဆယ့်သုံးစက္ကန့်သာရှည်သည်။ သည်တော့ ရှေ့က နဲ့က ဆယ့်သုံးစက္ကန့်စာလောက်မှုတ်၊ ဆိုင်းဝိုင်းက ရေကင်းဝင်၊ အဆိုဝင်ဆို သုံးမိနစ်စာကွက်တိ။ တကယ်အသံသွင်းတော့ နဲ့က ရှည်သွားလို့၊ တီးဝိုင်းက စိတ်တိုင်းမကျလို့ အဆိုတော်က အားမရလို့ စသည်ဖြင့် တစ်နေ့သာကုန်သွားသည်။ သီချင်းမရလိုက်ပါ။ နောက်တစ်ရက် တစ်ဂျူတီ ဆက်ငှားရသည်။ အဆိုတော်ရော ဆိုင်းဝိုင်းရော၊ အသံသွင်းခန်းအတွက်ပါ ငှားရတော့ မသက်သာ။

အဆိုတော်အမျိုးသမီးခမျာ ဆယ်ခါထက်မနည်းဆိုခဲ့ရသည်။ ဆိုင်းဝိုင်းက (ဆရာစိန်ဗိုလ်တင့်)လည်း ဆယ်ခါထက်မနည်း တီးခဲ့ရသည်။ ထပ်ကာ ထပ်ကာ။ နောက်ရက်မှာတော့ အဆင်ပြေသွားသည်ဟု ကြားရသည်။ သို့သော် သည်ကြိုးပမ်းမှုထဲမှာ ကျွန်တော်မြင်ရသလောက် သုံးမိနစ်စာ ကွက်တိဝင်ဖို့ ကြိုးပမ်းရတာက အဓိကဖြစ်နေသည်။ သည်ဘောင်ထဲ ကွက်တိဝင်ဖို့ ကြိုးစားနေတာနှင့် တူနေသည်။

www.burmeseclassic.com

www.burmeseclassic.com


သည်ခါတော်ပြား ထွက်လာတော့ အတီးရော၊ အဆိုကိုပါ ခံစားနိုင်သော်လည်း သုံးမိနစ်စာ ကွက်တိဝင်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းခဲ့ရသည့် **Try again** ကို ကျွန်တော် ပိုပြီး မြင်ယောင်နေခဲ့သည်။

ကြော်ငြာဒါရိုက်တာ ဦးမောင်မောင်လှမြင့်နှင့် ကြော်ငြာရိုက်ကွင်းတစ်ခုကို ကျွန်တော် လိုက်သွားသည်။ မန္တလေး ဘီစကစ်ကြော်ငြာရိုက်ကွင်း။ မင်းသမီးက ဘီစကစ်ချပ်ကလေးကို ထပ်ခနဲ ကိုက်လိုက်တာကို တစ်ကတ်ရိုက်ယူသည်။ ထပ်ခနဲ ကိုက်၊ ကျေနပ်သွားသည့် ခံစားမှုနဲ့ ပြုံးပြ၊ သည်ကတ်က ဒါပဲဖြစ်သည်။ သည်မှာတင် မထင်မှတ်တာလေးတစ်ခု ဖြစ်သွားခဲ့သည်။ မင်းသမီးက ဘီစကစ်ကို ထပ်ခနဲ ကိုက်လိုက်တော့ ဘီစကစ်ပါးပါးလေးတစ်စက အောက်နှုတ်ခမ်းအစပ်မှာ လာကပ်သည်။ သည်မှာတင် မင်းသမီးက "နေဦး ဆရာ ခဏလေး"ဟု ဆိုကာ ဘီစကစ်စလေးကို ဖယ်လိုက်သည်။ သည်မှာတင် ဦးမောင်မောင်လှမြင့်က တားလိုက်သော်လည်း မရတော့ပါ။

"ဟာ မင်းသမီးရယ် ဘယ်လိုလုပ်လိုက်တာလဲ။ ဒါ အမှတ် တမဲ့ ဝင်လာတာလေးကွ။ ဒါမျိုးဖြစ်ဖို့ ညည်း ဘီစကစ်တစ်ထုပ်လုံး စားလို့လည်း မရနိုင်ဘူး။ အဲသည်မုန့်စလေးကို လျှာလေးနဲ့ သိမ်းလိုက်ရင် ဘယ်လောက်ကောင်းမလဲ။ သည်တန်ဖိုးပါ ပါသွားနိုင်တာလေးကိုမှ ဖယ်ပစ်ရသလား"

"ဆရာပြောထားတာ ဒါမှ မပါဘဲနဲ့"

"ဟုတ်တယ်၊ ငါကလည်း ဘယ်လိုလုပ် ကြိုပြောနိုင်မှာလဲ။ ညည်းလည်း ဘယ်ကြိုသိပါ့မလဲ။ ဒါပေမယ့် အနုပညာမှာ အဲသလို မထင်မှတ်တာလေးတွေက ပိုကောင်းသွားတတ်တယ်ဆိုတာတော့ ညည်းရော ငါရော သိတာပဲ မဟုတ်လား။ ဘီစကစ်စလေး ထွက်

www.burmeseclassic.com

ကျလာတာကို ငါတွေ့သားပဲ။ စက်ကို ဆက်မောင်းနေတာပဲ။ ညည်း လုပ်လိုက်နိုင်လိမ့်မယ်လို့ ထင်တာ”

“ဒါဆိုရင် သမီးတော့ ဘီစကစ်စား ကျင့်လိုက်ဦးမယ်။ အစကလေးတစ်စ ထွက်လာအောင်”

မင်းသမီးက အငေါ်တူးတာလား၊ တကယ်ပြောနေတာလား၊ ကျွန်တော်မသိ။ သည်တစ်ကတ်နားတော့ ဘီစကစ်တွေကို တစ်ချပ်ပြီး တစ်ချပ်ကိုက်ကြည့်နေသည်။ ဘာအစလေးတစ်စမှ မထွက်။ မင်းသမီးက ထပ်ကာ ထပ်ကာ ကြိုးစားကြည့်နေသည်။ မရ။ မရလေ ကိုက်ကြည့်လေ မရလေ။

ကျွန်တော်ကတော့ ထပ်ကာထပ်ကြိုးစားသော်လည်း တစ်ခေါက်တစ်ကျင်းမှ ပြန်မရနိုင်တော့သည့် ‘တန်ဖိုး’ဆိုတာကို တွေးနေမိသည်။

မနေ့တစ်နေ့က ယေရှမ်း၏ ပုံပြင်များ **(Yeh-Hsuan's Fables)** တွေကို ကျွန်တော်ဖတ်ဖြစ်သည်။ သည်ပုံပြင်ကလေးတွေကို ရေး သူက ဟိုယီ **(Ho Yi)** ဖြစ်သည်။ သူက ကျောင်းဆရာ။ ယေရှမ်းက သူ့သားငယ်။ အသက်လေးနှစ်ကျော်ကျော်လေးပဲ ရှိသေးသူ။ ယေရှမ်းကို ဟိုယီက ညတိုင်း ပုံပြင်တွေပြောပြသည်။ ယေရှမ်းကလည်း ဖအေအား မအား နားမလည်။ ညနေ ထမင်းစားပြီးတာနဲ့ ပုံပြောခိုင်းတတ်သည်။ တစ်နေ့တော့ ဟိုယီက ‘ဖေဖေချည်း ပြောရတာ မောတယ်ကွ။ သားလေးကလဲ ဖေဖေ့ကို ပုံပြောပြပါဦး’ဟု ခိုင်းလိုက်မိသည်။ ယေရှမ်းက ‘ဟုတ်သားပဲ။ သားလည်း ပြောတတ်တယ်’ ဆိုတာ ကလေးပီပီ၊ စိတ်ထဲရှိတာတွေ ပြောပြတတ်သည်ဆို၏။ လေးနှစ်သား ယေရှမ်းပြောသည့် ပုံပြင်တွေကို ဖခင်က မှတ်တမ်းတင်ထားခဲ့သည်။ သည်ပုံပြင်ကလေးတွေကို ၁၉၄၄ ခုနှစ်က ပြောခဲ့တာကို

www.burmeseclassic.com

တော့ နှစ်ပေါင်းခြောက်ဆယ်နီးပါး ရှိခဲ့ပြီ။ (စာအုပ်ကတော့ ၁၉၆၁ ကျမှ ထုတ်ပါသည်။) ယေရှမ်း၏ 'လကိုဖမ်းခြင်း' **(Catching the moon)** ကို ကျွန်တော် ဖတ်ကြည့်သည်။

'တစ်ခါက လူတစ်ယောက်ရှိတယ်။ သူက လကို ဖမ်းချင်နေတယ်။ တစ်နေ့တော့ လမင်းကြီးက သစ်ပင်ထိပ်ဖျားမှာ နားနေတာ သူက တွေ့တယ်။ ဒါနဲ့ သစ်ပင်ပေါ်တက်ပြီး လကို ဖမ်းတယ်။ မရဘူး။ ထပ်တက်တယ်။ မရဘူး။ ထပ်တက်တယ်။ သည်လိုနဲ့ တက်လို့မရတဲ့ ထိပ်ဖျားကို ရောက်သွားရော။ တက်လို့လည်းမရတော့ဘူး။ သည်တော့ လက်ကို ဆန့်ပြီး ဖမ်းတယ်။ မမီဘူး။ သူထပ်ကာထပ်ကာ ဖမ်းတယ်။ ဘယ်လိုမှကို မရတာ။ လမင်းက မြင့်နေတာကိုး ဖေဖေရဲ့၊ သူ့လက်နဲ့ ဘယ်မီမှာတုန်း။ ဒါနဲ့ တံချူတစ်ချောင်းနဲ့ ချူကြည့်ပြန်ရော။ တံချူကလည်း လကို မမီဘူး။ ဒါနဲ့ပဲ သစ်ပင်ပေါ်က ဆင်းလာရော။ ဆင်းလာတော့မှ လက ရေကန်ထဲရောက်နေတယ်။ ဩော် ... လက ရေကန်ထဲကျနေတာကိုး ဆိုပြီး သူ့အမေနဲ့ သူနဲ့ ငါးမျှားတံတစ်ချောင်း ယူပြီး၊ လကို မျှားတယ်။ မျှားတယ်၊ မျှားတယ်၊ မျှားတယ်၊ မျှားတယ်၊ မျှားတယ်။ မရဘူး။ ကြိုးစားလေ မရလေဘဲ။ လူကြီးက စိတ်ညစ်သွားရောတဲ့။ ဖေဖေပဲ စဉ်းစားကြည့်လေ။ လကို ဖမ်းလို့မှ မရတာ။ လမင်းကြီးက လူတွေရဲ့ လက်ထဲမှာ နေရတာ ကြိုက်မှ မကြိုက်တာ"

ယေရှမ်းလေးနှစ်နှင့် ကိုးလသားက ပြောခဲ့သည့် ပုံပြင်ဖြစ်သည်။

ကျွန်တော်ကတော့ ယေရှမ်း၏ပုံပြင်ကို ဖတ်ပြီးတော့ မြစ်ရေဝင်နေသည့် စိုက်ခင်းတွေကို လှမ်းကြည့်ဖြစ်သည်။ မနေ့တစ်နေ့ကပဲ စိုက်ခင်းစိမ်းစိမ်းတွေ မြင်ခဲ့ရသေးသည်။ ခုတော့ လှေအလေးတွေ

www.burmeseclassic.com

ကွန်ပစ်နေကြပါပကော။ အသက်ရှင်ဖြစ်တည်မှုအတွက် အခါမလပ် ကြိုးပမ်းနေရသည့် လောကလူသားတွေ။ ပေးရှင့်စထရောင်းကတော့ ကြိုးစားလုံ့လကို အားမလျော့ဖို့ ပြောနေသည်။ အောင်မြင်မှု (ဒါမှ မဟုတ် ကိုယ်စိတ်နှစ်ပါးဖြင့် ရရှိအပ်သော ကျေနပ်ချမ်းသာမှု) သည် မလွဲမသွေရှိနိုင်သည်ဟု ဆိုသည်။ သူ့ရှေ့က လူတွေကလည်း ပြော ကြလှပြီ။ ပေးရှင့်စထရောင်းကလည်း ပြောခဲ့ဖို့တာဝန်ကျေပါသည်။ မနေ့တစ်နေ့ကထွက်သော သတင်းစာထဲက စာအုပ်ကြော်ငြာ တစ်ခုမှာ 'တကယ်လုပ်လျှင် တကယ်ဖြစ်သည်'ဆိုတာမျိုး ဖတ်လိုက်ရသည်။ မရမချင်း ဖွဲနပဲနဲ့သာ လုပ်စမ်းပါ။ ဖြစ်ကိုဖြစ်တယ်ဆိုတာမျိုး ကျွန် တော့်အဖေကလည်း ပြောဖူးသည်။ အဖေက ဓာတ်မီးတိုင်အောက် မှာ စာဖတ်ရင်း သမ္မတဖြစ်လာသည့် လင်းကင်းကို ညွှန်းသည်။ စက်ချုပ်သမားသားက နာဇီစစ်ခေါင်းဆောင် ဟစ်တလာဖြစ်လာတာ ကို ညွှန်းသည်။ ရွာက ကျန်းမာရေးမှူး ဦးကောင်းကို လက်ညှိုးထိုး ပြသည်။ မဖြစ်မနေ ကြိုးစားခဲ့လို့သည်ဘဝရောက်ကြတာဟုလည်း မကြာခဏ ဆိုသည်။

ကျွန်တော်ကတော့ အဖေ့ကို အားနာသော်လည်း လင်းကင်းကိုလည်းကောင်း၊ ဟစ်တလာကိုလည်းကောင်း၊ ဦးကောင်းကို လည်းကောင်း၊ ယောင်လို့တောင် အားမကျဖူးပါ။

'လင်းကင်းဖြစ်ဖို့ ဓာတ်မီးတိုင် ကောင်းကောင်းတစ်တိုင်တော့ လိုမယ်အဖေရ။ ဟစ်တလာဖြစ်ဖို့ အမေက စက်ချုပ်ပါဦးမှ အဖေရ' လို့တော့ မပြောဖြစ်ခဲ့တာ သေချာပါသည်။ ပေးရှင့်စထရောင်းကတော့ ရှုံးရင် ပြုံးလိုက်စမ်းပါဟု ဆိုသည်။ လောကကို မျက်နှာမူလိုက်စမ်းပါ ဟု ဆိုသည်။ ထပ်ကာထပ်ကာ ကြိုးစားလိုက်ပါဦးဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

လောကခံဆိုတာကိုပဲ ကျွန်တော်စဉ်းစားကြည့်သည်။ လောကခံဆိုတာ လောကဓမ္မ၊ လောကတရားဖြစ်သည်။ ဆုတောင်းခန်းပျို့မှာ 'နှစ်ပြန်ဆက်ဆံ လောကခံနှင့် တစ်ရံမကင်း၊ လူခပင်းကား' တဲ့။ 'လောကခံတရားရှစ်ပါးသည် လူ၌ ထင်ရှားဖြစ်၏' ဟု မင်းဘူး ဦးသြဘာသ ဝေဿန္တရာဇာတ်တော်မှာ ရေးခဲ့ဖူးသည်။ ဆိုလိုတာက လောကဓမ္မတရား ရှစ်ပါးက လူနှင့်အတူတကွဖြစ်သော လက်ရိုးတရားကြီးဖြစ်သည်။ ဘဝဆိုတာကကော။ ဘဝဆိုသည့် သဘောက 'သတ္တဝါတို့၏ ဖြစ်ခြင်း၊ သတ္တဝါတို့၏ ဖြစ်ရာ' ဟု အနက်ဖွင့်သည်။

ဘာသာရေးအမြင်နှင့် ကြည့်လျှင် လုပ်ဆောင်မှုတိုင်းမှာ ဝီရိယအဆင့်သုံးဆင့် ရှိတတ်သည်။ ဝီရိယ၏ အနက်မှာ နိရုတ္တိနည်းအရ အနက်ဖွင့်လျှင် ရဲရင့်ခြင်းဟု၊ ပညာရှိတို့က ဆိုသည်။ လုပ်ဆောင်မှု၏အစပိုင်းသည် အာရမ္ဘဝီရိယဖြစ်သည်။ အလယ်ပိုင်းမှာ နိက္ကမဝီရိယဖြစ်၍ ဝီရိယ၏ အဆုံးပိုင်းကို ပရက္ကမဝီရိယ ခေါ်ကြသည်။ အစကလေးမှာ လွယ်သလိုလို၊ အဆင်ပြေသလိုလို ရှိတော့ အာရမ္ဘဝီရိယသည် သိပ်ပြဿနာမရှိဘဲ ပေါ်လာတတ်သည်။ ထိုအပိုင်းကို ကျော်လျှင်တော့ နိက္ကမဝီရိယကို ရောက်လာပြီ။ 'ကျော်လွန်ခြင်း ဝီရိယ' ဟု မြန်မာလိုဆိုနိုင်ပါသည်။ နိက္ကမဝီရိယရှိမှ အခက်အခဲအပိုင်းကို ကျော်လွန်နိုင်သည်။ အခက်အခဲကို မကျော်လွန်နိုင်ဘဲ လန်ကျလာလျှင်တော့ နိက္ကမဝီရိယလို့ မခေါ်နိုင်သေးပါ။ ဤအပိုင်းသည် ဝီရိယသုံးပါးတွင် အခက်ခဲဆုံးသော အပိုင်းလည်း ဖြစ်သည်။ ဆောင်ရွက်မှုတိုင်းမှာ နိက္ကမဝီရိယအားနည်းလို့ လန်ကျလာသူတွေကို ကျွန်တော်တို့ တွေ့နေရသည်။ အခက်အခဲအပိုင်းကို လွန်မြောက်ပါမှ 'ပြီးပြည့်စုံခြင်း' ပရက္ကမဝီရိယကို ရောက်သည်။ အမှုကိစ္စ၏

www.burmeseclassic.com

အလုံးစုံပြီးမြောက်အောင်ခြင်း အဆုံးပိုင်းကိုမှ 'နိဿရဏ' (လွန်မြောက်ခြင်း)ဟု ခေါ်နိုင်သည်။

ဒါဆိုလျှင် ကျွန်တော်တို့က **Try again** ဟု ပြောနေခြင်းသည်၊ နိက္ကမဝီရိယကို နည်းနည်း ထပ်မြှင့်ပါဦးဟု အားပေးနေခြင်း ဖြစ်နိုင်သည်။ သို့သော် ဘဝက ဆန်းကြယ်သည်။ အသိရခက်သည်။ ဘဝထဲက လူကကော။ ပညာရှင်တို့က လူတို့၏ အားထုတ်မှုကို လေးမျိုးခွဲကြည့်သည်။ တစ်နည်းအားဖြင့် အကြောင်းနှင့် အကျိုးအပေါ်ထားသည့် သဘောထားနှင့် ဆိုင်ပါလိမ့်မည်။ တချို့က အကြောင်းကိုသာ ကြည့်၍ အကျိုးကို ကြည့်လေ့မရှိ။ လက်ငင်းအကျိုးတရားကို မမြင်ရသဖြင့် သည်သဘောမျိုးထားကြခြင်း ဖြစ်သည်။ ဒုတိယတစ်မျိုးကတော့ အကျိုးကိုသာ ကြည့်တတ်ပြီး အကြောင်းကို ပစ်ထားတတ်သူများ ဖြစ်သည်။ အကျိုးကိုသာရလျှင် ဘာမဆို လုပ်ကြသည်ဆိုသော အမြင်သဘောထားရှိသူတွေမှာ ဒါမျိုးတွေ့ရတတ်သည်။ တတိယတစ်မျိုးကတော့ အကျိုးရော အကြောင်းကိုပါ ထည့်မစဉ်းစားသူတွေ ဖြစ်သည်။ ကျမ်းဂန်တို့က 'အဟေတုက ဒိဋ္ဌိ'ဟု ဆိုသည်။ စတုတ္ထအမြင်ကတော့ အကျိုးရော အကြောင်းကိုပါ အလေးဂရုထားကြသူများ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အကျိုးနှင့် အကြောင်း ဆက်စပ်နေတာကိုတော့ ယုံကြည်သူတွေချည်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် အကျိုးတရားသည် အကြောင်းတရားနှင့် ကာလတူချင်လည်း တူနိုင်သည်။ ကာလခြားချင်ရင်လည်း ခြားနိုင်သည်။ အကြောင်းနှင့် အကျိုး ကာလနီးလျှင် အကြောင်းမဟုတ်။ ကာလဝေးလျှင် ကျွန်တော်တို့ စိတ်မရှည်နိုင်ကြ။ အကြောင်းနှင့် အကျိုးကိုပင် သံသယရှိလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


လူတွေမှာ နိက္ကမဝီရိယ မကျော်နိုင်သူတွေ (လန်ကျသူတွေ) ရှိသည်။ အကြောင်းနှင့်အကျိုးကာလဝေးနေသူတွေ ရှိသည်။ လောကမှာ ထပ်ကာထပ်ကာ ကြိုးစားသော်လည်း မအောင်မြင်သူတွေ ရှိပါသည်။

အဲသလိုလူတွေက 'နိဿရဏရသ'ကို ထပ်ကာ ထပ်ကာ ကြိုးစားခြင်းအားဖြင့်ရော ရနိုင်ပါ့မလား။ ကျွန်တော့်အတွေးသာ ဖြစ်ပါသည်။ ပြောင်းပြန်အားဖြင့် နိဿရဏရသကို လွယ်လွယ်ကူကူရနေသူတွေ ရှိသည်။ အခက်အခဲကို လွယ်လွယ်ကူကူ ကျော်ဖြတ်နေသူတွေ ရှိသည်။

ပေးရှင့်စထရောင်းကတော့ 'နောက်ထပ်တစ်ဖန် ကြိုးစားဝံ့' တာကိုပဲ ခွန်အားတစ်ရပ်အဖြစ် ရှုမြင်သည်။ ကြိုးစားမှုတိုင်းသည် အချည်းနှီးတော့ မဟုတ်။ ယေရှမ်းက ၁၉၄၄ မှာ လမင်းကလူတွေရဲ့ လက်ထဲရောက်ရမှာကို မကြိုက်ဘူး ဖေဖေရဲ့ ဆိုသော်လည်း နောင်နှစ်ပေါင်း အစိတ် (၁၉၆၉) မှာ လပေါ်ကို လူသားရောက်ခဲ့သည်။ ကြိုးစားကြည့်ခြင်း၊ ကြိုးစားဝံ့ခြင်းသည် ဘဝ၏ လုပ်ဆောင်ကောင်းသောကိစ္စကောင်း ဖြစ်ပါသည်။ ဒါကို ကျွန်တော် သံသယတစ်စုံတစ်ရာမရှိ။

သို့သော် ကြိုးစားမှုတိုင်း၏ အသီးအပွင့်သည် တချို့လူတွေအတွက် မြန်သလောက် တချို့လူတွေအတွက် ကြာတတ်ပါသည်။ လောကထဲမှာ နှစ်တောင်လောက်အပင်ကလေးမှာ ပွပွရွရွ အသီးတွေ လှိုင်နေသည့် ကီလိုမာလကာပင်လို လူတွေရှိသည်။ ပင်ရိုးရင့်သလောက် သီးလုံးကလေးတစ်ခါလောက်ပြကာ သွေ့ခြောက်သွားတတ်သည့် ပေပင်လိုလူတွေလည်း ရှိသည်။

■


www.burmeseclassic.com

www.burmeseclassic.com

# တံခါးများ

"ကြုတ်ဘူးကလေးထဲ ထည့်ဝှက်ထားတဲ့ ကျွန်တော်တို့ရဲ့ လျှို့ဝှက် အမှတ်ရချက်ဆိုတာတွေကို ဘဝရဲ့အောက်မေ့စရာ တံခါးကလေး တွေလို့ ဆိုရမှာပါ။ ကျွန်တော်တို့ရဲ့ စိတ်ပျက်အားငယ်စရာ တွေရော၊ ဝမ်းသာပီတိအူသည်းလှိုက်မှု ရှိခဲ့တာတွေရောပေါ့။ နှစ်ကာလတွေ ထဲက၊ ဒါမှမဟုတ် နှလုံးသားထဲ မြတ်မြတ်နိုးနိုး သိမ်းဆည်းထား ခဲ့တာတွေထဲက ဆတ်ခနဲ ဆတ်ခနဲ ဆွဲဆွဲထည့်ထားခဲ့တဲ့ တံခါးတွေ ပေါ့လေ။ အချိန်ကာလ မြူတွေထဲမှာ ဖျတ်ခနဲ လင်းလက်သွားတဲ့ အလင်းရောင်လိုပါပဲ။ ဘာနဲ့တူသလဲဆိုရင် ကျောက်မျက်ရတနာ တွေကို တသန့်တခြားစီ ဘေးဖယ်ဖယ်ထားသလိုမျိုးဆိုပါတော့။ နေ့ရက်တွေထဲမှာလည်း ကျွန်တော်တို့ရဲ့ဘဝတွေဟာ တံခါးလေးတွေနဲ့ ပြည့်ဝပြီး တောက်ပနေတယ်။ နေ့စဉ် ကျွန်တော်တို့ လျှောက်လှမ်း နေတဲ့ ဘဝလမ်းတွေထဲက အရိပ်မည်းတွေကို အလင်းရောင်ပေးနေ တာမျိုးပေါ့။

ကျွန်တော်တို့ သတိထားလိုက်မိတဲ့ တံခါးလေးထဲမှာ နွေဦး ဟာ တကယ့်ကို မွေးဖွားသန့်စင်ခဲ့တယ်။ ကျွန်တော်တို့ ကြည့်နေတဲ့ တံခါးကလေးတွေမှာပဲ မိုးသောက်အရုဏ်ဟာ နိုးထလာခဲ့တယ်။ ညခင်း ဆည်းဆာဟာ စုန်းစုန်းမြုပ်သွားခဲ့တယ်။ ပြီးတော့ ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com


*အားလုံးဟာ နက်ရှိုင်းတဲ့ ဘ၀ရဲ့ ကြီးမြတ်သော တဒင်္ဂများပေပဲ။ ဆိုပါတော့ သစ္စာရဲ့၊ ကျက်သရေရှိရှိ ထည်ဝါမှုရဲ့၊ ပြင်းပြတဲ့ ဒုက္ခဝေဒနာတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ပဋိပက္ခတွေရဲ့ ကြီးမြတ်တဲ့ တဒင်္ဂတွေ။ ကျွန်တော်တို့ ဖြည်းဖြည်းလေးလေး လျှောက်လှမ်းနေကျ လမ်းနိမ့်ကလေးလို ပျဝပ်နိမ့်ချခြင်း၊ ချိုမြိန်တဲ့ တဒင်္ဂတွေနဲ့ မိတ်သဟာယဖွဲ့ခြင်း တဒင်္ဂတွေကတော့ ကျွန်တော်တို့ကို ဘုရားသခင်ဆီ ဆောင်ကြဉ်းသွားပေလိမ့်မယ်”*

***(Paticence Strong** ရဲ့ **Moments)***

စာရေးခါနီးတိုင်း သီချင်းလေးတစ်ပုဒ်လောက်ဖြစ်ဖြစ်၊ နားထောင်တတ်သော ကျွန်တော်သည် ထိုမနက်က သီချင်းနားထောင်ရင်း တွေးစရာကလေးတစ်ခု ရခဲ့ပါသည်။ ပထမတော့ ကျွန်တော်ပါ လိုက်ဆိုနေခဲ့ပါသေးသည်။ သို့သော် သီချင်းတစ်နေရာ ရောက်သွားသည့်အခါ သီချင်းက ဆက်သွားနေသော်လည်း ကျွန်တော်က ထိုသီချင်းစာသားနားမှာပဲ ရပ်တန့်နေမိလေသည်။ ထူးထူးဆန်းဆန်းတော့မဟုတ်။ ခါတိုင်းလည်း ကြားနေကျဆိုနေကျ သီချင်းပါပဲ။ ‘ဂုဏ်တော်ဖွင့်’။

“အို တဒင်္ဂပဟာန်မြင်ရပြန်အဖိုး အလွန်တန်ပါတယ်၊ အိပ်ရာ ဝင်ရင်လဲ ပုတီးကို မြဲမှ တော်ကြမယ်’။ အို တဒင်္ဂပဟာန်။ သည် သီချင်းကို ကျွန်တော် ရနေတာ ကြာပါပြီ။ ဆိုနေခဲ့တာလည်း ကြာ ပါပြီ။ ဓမ္မသီချင်းပေမယ့် ပန်းကုံးစွပ် ကာရာအိုကေစင်မြင့်မှာ တောင်ဆိုဖြစ်ပါသေးသည်။ ခဏခဏလည်း ဆိုဖြစ်ပါသည်။ သို့သော် ထိုနေ့က သည်စာသားကလေးနားမှာ ကျွန်တော် ရပ်တန့်သွားခဲ့သည်။ တစ်ခါမှ မစဉ်းစားခဲ့ဖူးတာကို သည်မနက်ကျတော့မှ ဘာပါလိမ့်လို့ တွေးမိသွားလို့ ဖြစ်ပါသည်။

www.burmeseclassic.com

အထူးသဖြင့် ထိုမနက်က 'အိုတဒင်္ဂပဟာန်'ဆိုသည့် စာသားကို ကျွန်တော် သတိထားမိသွားလို့ ဖြစ်ပါသည်။ ခါတိုင်းတော့ တဒင်္ဂနှင့် အတူတူလို့ ကျွန်တော် နားလည်ထားပါသည်။ တဒင်္ဂကို 'အခိုက်အတန့်' ဒါမှမဟုတ် 'တစ်ခဏမျှ'ဟု အနက်ပေးပါသည်။ ဆုတောင်းခန်းပျို့မှာ ဗြဟ္မာမင်းက တစ်ဆယ့်ယူဇနာအကွာအဝေး အရပ်ကိုပင် တစ်ခဏမျှဖြင့် ရောက်နိုင်သည်ကို 'ဆယ့်နှစ်ယူဇနာ၊ ဗြဟ္မာနတ်ရှင်၊ မြင်တိုင်းပင်ဖြင့်၊ တဒင်္ဂချင်း၊ မြေဝယ်နင်းသို့'ဟု ဖွဲ့ဆိုခဲ့သည်။ သည်သီချင်းမှာလည်း ဘုရားရှင်၏ ဂုဏ်တော်ကို တစ်ခဏမျှ သိမြင်သည်ဆိုလျှင်ပင် အကျိုးရှိလှပြီဟု ဆိုလေသလား ကျွန်တော် တွေးမိနေခြင်း ဖြစ်ပါသည်။ သို့သော်မူရင်းစာသားက တဒင်္ဂမဟုတ်၊ တဒင်္ဂပဟာန် ဖြစ်နေသည်။

ပါဠိသက်ဝေါဟာရ အဘိဓာန်ကို လှန်တော့မှ ကျွန်တော် အတွေးဟောင်းသည် တက်တက်စင်လွဲနေလေသည်။ 'တဒင်္ဂပဟာန်' သည် 'ကိလေသာကို အဆစ်အဆစ်ဖြင့် ပယ်သတ်ခြင်း'ဟု အဓိပ္ပာယ်ပေးပါသည်။ သည်တော့မှ 'ကိလေသာကို ထုံ့ပိုင်း၊ ထုံ့ပိုင်း ပယ်သတ်ခြင်းကို မြင်သိရခြင်းသည် အဖိုးတန်လှပါသည်'ဟူသည့် သီချင်း၏ လေးနက်မှုကို ကျွန်တော် ရခဲ့ပါသည်။ တဒင်္ဂပဟာန် တဒင်္ဂပဟာန။ 'တဒင်္ဂ' ပယ်အပ်ပယ်တတ်သော ထိုထိုအထုံ့အပိုင်းဖြင့် 'ပဟာန်' ပယ်ခြင်းကို ညွှန်းပါသည်။

ပေးရှင့်စထရောင်း၏ မူရင်းစာညွှန်း **(moments)** ထဲမှာ **(communion)**ဆိုသည့် စကားတစ်လုံးပါသည်။ ခရစ်ယာန်ဘာသာမှာ **(communion)** သည် မိတ်သဟာယဖွဲ့ခြင်းဆိုသည့် သဘောရပါသည်။ နောက်ထပ်အဓိပ္ပာယ်တစ်မျိုးမှာ ခရစ်တော်နှင့် တမန်တော်တို့၏ နောက်ဆုံးညစာစားခြင်းကို အောက်မေ့ဖွယ် ဝတ်ပြု

www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်းစည်းဝေးခြင်းကိုလည်း သုံးပါသည်။ (၁၉ ရာစု ခေတ်အနောက်ဝတ္ထုများတွင် သည်ဆုတောင်းစည်းဝေးက ယူဆောင်လာသည့် သိဒ္ဓိတင်ပေါင်မုန့် **(communion bread)** အကြောင်း ပါတတ်ပါသည်။ သည်ပေါင်မုန့်ကို စားခြင်းဖြင့် ဘေးခပ်သိမ်းရန် ခပ်သိမ်းကင်းသည်ဆိုသည့် ယုံကြည်မှုမျိုး သူတို့မှာလည်း ရှိပါသည်။) သည်နေရာမှာတော့ ဘုရားသခင်ကို သက်ဝင်ယုံကြည်သူချင်း မိတ်သဟာယဖွဲ့ခြင်း တဒင်္ဂသည်လည်း ကောင်းကင်ဘုံသို့ ဦးတည်ရာကိစ္စဖြစ်သည်ဟု ဆိုလိုပုံရပါသည်။

နွေဦးကို မြင်ရသည့် တဒင်္ဂ၊ မိုးသောက်အရုဏ်ကို မြင်ရသည့် တဒင်္ဂ၊ ဆည်းဆာနေဝင်ရီတရောကို မြင်လိုက်ရသည့် တဒင်္ဂ၊ ပျဝပ်ချိုးနှိမ်ခြင်း တဒင်္ဂ၊ ပြီးတော့ ဝမ်းသာပီတိဖြစ်ရသည့် တဒင်္ဂ၊ ကြေကွဲဝမ်းနည်းရသော တဒင်္ဂ၊ သည်တဒင်္ဂတွေက အချိန်ကာလမြူထူထဲမှာ ဖျပ်ခနဲ လင်းလက်သွားသော ဘဝ၏ အရေးတကြီး တဒင်္ဂတွေလို့ ပြောချင်ပုံလည်း ရပါသည်။

အမှတ်တရဘဝကြုတ်ဘူးထဲမှာ လျှို့ဝှက်စွာ ဝှက်ထားခဲ့သည့် အမှတ်တရဆိုတာတွေကတော့ သည်လောက်ဖြင့် မကလောက်ပါ။ အင်္ဂလိပ်တွေက ကြုတ်ဘူးကို **(casket)** ဟု သုံးသည်။ အမေရိကန်တွေကတော့ **(casket)** ကို ခေါင်းတလားအဖြစ်လည်း သုံးတတ်ပါသည်။ ကျွန်တော်တို့မှာတော့ ကြုတ်နှင့် ခေါင်းတလားသည် နေရာနှင့် တန်ဖိုးချင်း ကွာခြားပါသည်။ ကျွန်တော်တို့ ကြုတ်ဘူးထဲမှာ အမေ့သွားပွဲကလေး ရှိနိုင်သည်။ အမေ့အထက်ဆင့်စကလေး ရှိနိုင်သည်။ ရှင်သိဝလိရဟန္တာမြတ်ကြီး၏ ဆင်စွယ်ပန်း ပုရပ်သေးသေးကလေးလည်း ဖြစ်နိုင်သည်။ ဒါပေမယ့် မမြင်ရသော ခိုင်းနှိုင်းမှုဖြစ်သည့် အမှတ်တရဘဝကြုတ်ဘူးထဲမှာတော့ အရာရာ ဖြစ်နိုင်သည်။

www.burmeseclassic.com

ကျွန်တော့်ဘဝကြုတ်ဘူးထဲမှာရော ဘာတွေ ထည့်ထားခဲ့ပါသလဲ။ ကျွန်တော် အမှတ်တရ အောက်မေ့ဖွယ် တဒင်္ဂတွေကကော ဘာတွေလဲ။ ကျွန်တော့် မသိစိတ်က ထည့်ထားခဲ့သည့် ကြုတ်ဘူးထဲက တဒင်္ဂတွေကို ကျွန်တော် သိစိတ်က ပြန်လည်တူးဖော်နေရတာ ရယ်စရာတော့ ကောင်းပါသည်။ ချောင်ကြိုချောင်ကြားမှာ ပစ်ထားသည့် အမှိုက်ဟောင်းတစ်လုံးထဲက ဝါယာကြိုးမျှင်ဟောင်းတစ်မျှင်ကို ရှာရတာနှင့်ပင် တူနေလေသည်။

တကယ်တော့ ဘဝသည် အခိုက်အတန့်ဆိုသည့် ချည်မျှင်တိုကလေးတွေကို ဆက်ကာ ဆက်ကာ ကျစ်ထားသည့် လွန်းကြိုးတစ်ချောင်းသာဖြစ်သည်။ မွေးဖွားခြင်းမှ သေဆုံးမှုကြားက "ခဏငယ်များစွာ"ဖြင့် ဆက်ကာဆက်ကာ အခြားအရပ်မရှိ၊ အလျားအစဉ်ဖြစ်သည်။ မြင်းခြံနယ်၊ ကန်မြဲရွာသား၊ ကိုအေးကျော်ကတော့ ဒါကိုပဲ ကဗျာဖွဲ့ဖူးသည်။ 'သံသရာဘဝဓာတ်ပြားပြင်ဆီ၊ နာမ်ခန္ဓာနှစ်ဝ ဓာတ်လျားအစဉ်ညီ၊ ကံကြမ္မာက အပ်သွားတင်လေပြီ'တဲ့။ နာမ်ခန္ဓာနှစ်ဝဓာတ်၏ အလျားထဲမှာတော့ ငါတစ်လုံးနယ်သားတွေ ထွန့်ထွန့်လူးနေသည်။ လယ်တီဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးကို ပေးခဲ့သည့် သံဝေဂလေးချိုးမှာပဲ ကြည့်လေ။ 'ငါတစ်လုံးနယ်၊ အနှုန်းငယ်ကျယ်၊ သုံးသွယ်မြို့သိုက်၊ ဘုံတစ်လိုက်မှာ တုန်ရိုက်ကယ်ဆူညံ"တဲ့။ လူတို့၏ တည်ခြင်းတစ်ခဏ (တဒင်္ဂ) ထဲမှာပဲ 'ငါ'သည် တလူလူလွင့်ပျံလျက် ရှိသည်။ တကယ်တော့ ဘဝသည် သိပ်တော့လည်း ကြာရှည်လေးမြင့်ခြင်းမရှိ။ အဦးယံ၊ ပစ္စုပ္ပန် (တည်ခြင်းခဏ) အဆုံး ယံသုံးပါးကာလဆက်စပ်မှုသာ ဖြစ်သည်။ ကာလအပိုင်းအခြားမရှိသော အတိတ်နှင့် ကာလအပိုင်းအခြားမရှိသော အနာဂတ်ကြားက ဖြစ်တည်မှုတဒင်္ဂကလေးထဲမှာ 'ငါ' က ကပ်ဖိုးကပ်ဖဲ့နေရာရထားနှင့်ပြီ။

www.burmeseclassic.com

ဆရာကြီးရွှေဥဒေါင်းကတော့ သူ၏ဘဝတစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်မှာ သူငယ်ငယ်က အနာ၊ အတေး၊ အညှိုး၊ အထောက်ရယ်လို့ မဟုတ်သော်လည်း သူ့အတွက်ကို ခပ်ပြင်းပြင်းကလေး ထိလာသည့်အခါတိုင်း နှလုံးသားမှာ ဆူးတွေ တစ်ချောင်းပြီးတစ်ချောင်း ပေါက်ပေါက်လာတတ်ပုံကို ဖော်ပြခဲ့သည်။ နောက်ကြီးပြင်းလာသည့်အခါ ထိုဆူးတွေအကြောင်းကို သည်လို ရေးခဲ့ပါသည်။

"ကျွန်ုပ်၏ မှတ်တမ်းတွင် (အထူးသဖြင့် သူငယ်ဘဝ၌) ဆူးများ တစ်ချောင်းပြီးတစ်ချောင်း ပေါက်ခဲ့ရပုံကို ဖော်ပြခဲ့ဖူးရာ ဆူးတွေများလာသည့်အခါတွင် ကျွန်ုပ်၏စိတ်နေသဘောထားသည် ဖြူကောင်သဖွယ် ဖြစ်လာသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဖြူကောင်သည် အခြားသတ္တဝါများကို အန္တရာယ်ပြုတတ်သည်မဟုတ်။ ပြုနိုင်သော သတ္တိရှိသည်လည်း မဟုတ်။ သို့ရာတွင် အခြားသောသတ္တဝါဟူသမျှသည် ၎င်း၏ ရန်သူချည်း ဖြစ်သည်ဟု ယူဆသည့် လက္ခဏာနှင့် မည်သည့်သတ္တဝါမျိုး ချဉ်းကပ်လာသည် ဖြစ်စေ ကိုယ်၌ရှိသော ဆူးချောင်းများကို မြောက်ကြွကာခုခံဖို့ ဟန်ပြင်တတ်သည့်နည်းတူ ကျွန်ုပ်မှာလည်း သူစိမ်းမြင်သမျှကို မိတ်ဆွေဟု သဘောထားနိုင်လောက်အောင် ယုံကြည်မှုမရှိဘဲ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရတော့မည်နှယ် ဆူးများကို ထောင်ကြွားထားတတ်ပါသည်"

ဆရာကြီးက သူငယ်ဘဝ ခံစားမှုကို ကြီးပြင်းလာသည့်အခါ သမင်လည်ပြန်ကြည့်ရင်း သုံးသပ်ပြခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆရာကြီး၏ အောက်မေ့ဖွယ် အမှတ်တရတဒင်္ဂကလေးတွေကို ဆိုလိုခြင်းများ ဖြစ်လေသလား ကျွန်တော် တွေးနေပါသည်။

www.burmeseclassic.com

**Patience Strong** ကတော့ **Life's remembered moments** ဟု သုံးထားသည်။ ဘဝ၏ အောက်မေ့သတိရဖွယ် တဒင်္ဂများ။

ဆရာပါရဂူကတော့ သူ၏ 'ဘဝခရီးသည်' စာအုပ်အမှာ မှာသည်လို ရေးပါသည်။

"ဘဝခရီးသည် သည် ကိုယ်ရေးအတ္ထုပ္ပတ္တိမဟုတ်ပေ။ မိမိ၏ဘဝခရီး၌ ကြုံခဲ့ရ ဆုံခဲ့ရသော တချို့အမှတ်တရ အကြောင်းများကို ရေးသားတင်ပြထားခြင်းမျှသာ ဖြစ်သည်။

ဘဝခရီးသည် သည် ဘဝခရီး၌ မိုင်တိုင်များကို တစ်တိုင်ပြီး တစ်တိုင် ဖြတ်ကျော်လာခဲ့သည်။ ခရီးစခန်းများကို တစ်စခန်းပြီး တစ်စခန်း ထားပစ်ခဲ့သည်။ ခရီးတစ်ခုရောက်ရှိလာသောအခါ မိမိဖြတ်သန်းကျော်လွန်လာခဲ့သော နောက်ကြောင်းကို ပြန်မျှော်ကြည့်လိုက်သည်။ မိမိဖြတ်သန်းကျော်လွန်လာခဲ့သော ဘဝခရီးလမ်းဘေး၌ မည်သည့်နေရာတွင် ကုက္ကိုပင်သို့မဟုတ် မန်ကျည်းပင် သို့မဟုတ် ထနောင်းပင် ရှိသည်ကို မမှတ်မိတော့ပေ။ သို့ရာတွင် သစ်ပင်တစ်ပင်က နုတ်စင်တွင် လွင့်နေသော ရုပ်ပန်းထည်စကလေးကိုမူ မှတ်မိ နေသည်။ မည်သည့်နေရာတွင် တိုက်တာအဆောက်အအုံများ၊ အိမ်ကြီးရခိုင်များရှိသည်ကို သတိမရတော့ပေ။ သို့ရာတွင် ရေဝင်သောက်သော ဖိုးတောင်သူတဲကလေးကို သတိရနေ သည်။ ခရီးစခန်းတစ်ခုက ဇရပ်သွပ်မိုးလား၊ သက်ငယ်မိုး လား ဆိုသည်ကို သတိမရတော့ပေ။ သို့သော်လည်း ဇရပ်နံရံ တွင် နွားကျောင်းသားမီးသွေးခဲဖြင့် လက်ဆော့ထားသော စာတစ်ပိုဒ်ကိုမူ အမှတ်ရနေသည်။"



www.burmeseclassic.com

တကယ်လည်း ဆရာက ချောင်းကလေးအကြောင်းကို ပြော သည်။ လယ်ကွင်းအကြောင်းကို ပြောသည်။ လေးခွအကြောင်းကို ပြောသည်။ လက်ပတ်နာရီ၊ စက်ဘီး၊ စီးကရက်တွေအကြောင်း ပြော သည်။ လူပုဂ္ဂိုလ်ကျတော့ကော။ ဘုရင်ခံမင်းကြီး 'ဆာဂျေအေမောင် ကြီး'ကို ရေးပြသလို အရှုးမကြီး 'အထေ' အကြောင်းကိုလည်း ရေး ခဲ့သည်။ ဆရာ့ငယ်ဘဝ အောက်မေ့ဖွယ်တွေထဲမှာ ဘုရင်ခံလည်း ရှိ နေသည်။ အရူးမကြီးလည်း ရှိနေသည်။ တကယ်ကျတော့ ကျွန်တော် တို့ ပြောပြောနေသည့် အောက်မေ့ဖွယ်သည် ကျွန်တော်တို့ ပြောပြော နေသည့် 'သတိ'ပဲ ဖြစ်သည်။

'သတိ'ကို အောက်မေ့ခြင်း၊ အမှတ်ရခြင်းလို့ ဆိုသည်။ 'သတိပဋ္ဌာန်ကတော့ သတိကပ်၍ တည်ခြင်း၊ သတိမလွတ်ခြင်းကို ဆိုသည်။ အမြဲသတိရှိခြင်းကိုတော့ 'သတိဝိရိယ'ဟု ဆိုကြသည်။ ဆင်ခြင်ဉာဏ်ရှိသော သတိကိုမူ သတိသမ္ပဇည'ဆို၏။ (တစ်ခါတလေ ကျွန်တော်တို့က သတိတမံဉာဏ် မြေက ထုတ်ဆိုတာမျိုး ကြားရသည့် အခါ သတိက တုပ်ထားသည့် တာတမံ၊ ဉာဏ်ပညာက ကတုတ်သဖွယ် ထင်ယောင်မြင်ယောင်မိသည်လည်း ရှိသည်။ အမှန်ဖြစ်သင့်တာက တော့ 'သဒ္ဒိသမန်'သာ ဖြစ်သည်။ အောက်မေ့ခြင်း သတိမဟုတ်ပါ။ 'သဒ္ဒိသမာန'ကလာသည်။ သဒ္ဒိသ တန်းတူဖြစ်သော မာန ထောင်လွှား ခြင်းကိုသာ ဆိုခြင်း ဖြစ်ပါသည်။)

မနေ့တစ်နေ့က ကျွန်တော့်အတွက် ဝယ်နိုင်ဖို့ တော်တော် ကြိုးစားရမည့် စာအုပ်တစ်အုပ်ကို ယနေ့မန္တလေးစာအုပ်တိုက်က လက်ဆောင်ပေးပါသည်။ ဆရာမြသန်းတင့်၏ 'တောင်သမန်ရွှေအင်း က လေညင်းဆော်တော့' ဖြစ်သည်။ ရလာသည့်နေ့မှာပဲ၊ ကျွန်တော် ဖတ်ပစ်လိုက်သည်။ သည်မှာလည်း အောက်မေ့ဖွယ် အိမ်တွင်းစိတ္တဇ ကို ဆရာရေးထားတာ ဖတ်ရပါသည်။

www.burmeseclassic.com

"နွေဦးပေါက်၍ မြူတွေဝဲလျှင်၊ တမာရွက်တို့ကြွေလျှင်၊ အင်ကြင်းတွေ ဖူးချိန်ရောက်လျှင် ဇာတိကို အလိုလိုလွမ်းလာတတ်ပါသည်။ ကိုယ့်ဇာတိကို မည်သူမျှ မမေ့နိုင်ကြပါ။ ကိုယ့်မွေးဖွားလာရာဒေသသည်၊ လူမမယ်ဘဝပတ်ဝန်းကျင်ဖြစ်ရာ ထိုဘဝကို မည်သူမျှ မေ့ပျောက်၍ ရနိုင်မည် မဟုတ်ပါ။ အိမ်လွမ်းစိတ်သည် မသိစိတ်ထဲတွင် ကိန်းဝပ်နေတတ်ပါသည်။

ဇော်ဂျီသည် သူ့ဇာတိဖြစ်သည့် မြစ်ဝကျွန်းပေါ်ကို မမေ့ ပါ။ သူကဗျာများတွင်ပါသည့် ကျူရိုး၊ ပုစဉ်းပျံ၊ ဓနိတန်း၊ လတာပြင်၊ ဘုတ်မ၊ ဒီရေ ဗေဒါပွင့် စသည့် နိမိတ်ပုံများ၊ ရုပကအဖွဲ့များ၊ ရှုခင်းများသည် ဇော်ဂျီ၏ မသိစိတ်ထဲတွင် ကိန်းဝပ်နေသော အိမ်လွမ်းစိတ်ကို ဖော်ပြနေကြပါသည်။

မင်းသုဝဏ်၏ကဗျာများထဲတွင် သပြေသီးမှည့်၊ လယ်စောင့်တဲ၊ ခရာချုံ၊ ကြာဖြူပွင့် အုန်းလက်နွား၊ ခရေဖူး၊ ကောက်တလင်း၊ ဇလပ်ချုံ စသည့် နိမိတ်ပုံများ၊ ရုပကအဖွဲ့များ၊ ရှုခင်းများကို တွေ့ရပါသည်။ ထိုအရာများသည် မသိစိတ်ထဲတွင် ကိန်းဝပ်နေသော အိမ်လွမ်းစိတ်ကို ဖော်ပြနေကြပါသည်။

ကိုယ်ရေးကိုယ်တာကိစ္စအဖွဲ့နည်း၍ ဖွဲ့သမျှသော ကိုယ်ရေးကိုယ်တာကိစ္စတို့မှာလည်း နိုင်ငံရေးနှင့် ဆက်နွယ်ဖွဲ့ဆိုတတ်သည့် သခင်ကိုယ်တော်မှိုင်း၏ ကဗျာများထဲတွင်ပင် တစ်ခါတစ်ရံတွင် သူ့မသိစိတ်ထဲ၌ ကိန်းအောင်းနေသည့် အိမ်လွမ်းစိတ်ကို ကျွန်တော်တို့ ရိုးတိုးရိပ်တိတ် မြင်ရတတ်

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဆရာကြီးသည် ရွှေတောင်အနီးက ဝါးလည်းရွာတွင် မွေးသော်လည်း လူမှန်းသိသည်နှင့် အညာသို့ ရောက်လာကာ အညာပတ်ဝန်းကျင်တွင် ကြီးပြင်းလူလားမြောက်ခဲ့ရပါသည်။ ဆရာကြီး၏ စိတ်ထဲတွင် အညာသည် သူ့အိမ်သူ့ရာ၊ သူ့ဇာတိဟု မှတ်ထင်ဟန် တူပါသည်။ ထို့ကြောင့် သူ့ကဗျာထဲတွင် ယာခရိုး၊ ပြောင်းဖူးသည်၊ စစ်ကိုင်းချောင်၊ စမ်းရိုး၊ ခယောင်းတော၊ ဖရုံခင်း၊ ထန်းခေါက်ဖာ စသည့် နိမိတ်ပုံများ၊ ရူပကအဖွဲ့များ၊ ရှုခင်းများကို တွေ့ရတတ်ပါသေးသည်။ ဇာတိစိတ် သို့မဟုတ် အိမ်လွမ်းစိတ်သည် လူတိုင်း၏ ရင်ထဲတွင် ကိန်းအောင်းနေကြသည်သာ ဖြစ်ပါသည်”

ကျွန်တော်ကတော့ ဆရာရေးသည့် အိမ်လွမ်း စိတ္တဇဆိုတာ ‘အောက်မေ့ခြင်း’ကို ဆိုသလား တွေးနေမိပါသည်။ နှစ်ကာလတွေထဲက ဖျတ်ခနဲ ဖျတ်ခနဲ ဆွဲယူကာ ဘဝကြုတ်ဘူးထဲကို ထည့်ထားခဲ့ကြသည့် အောက်မေ့မှု။ ဒါတွေသည်ပင် ဘဝ၏ အောက်မေ့ဖွယ် တဒင်္ဂတွေ များလား ကျွန်တော့်ဟာကျွန်တော် မေးဖြစ်နေပါသည်။ ဆရာကြီး ရွှေဥဒေါင်း၏ ဆုံးများကကော၊ ဆရာပါရဂူ၏ နတ်စင်ပေါ်က ရုပ်ပန်းထည်စ တလွင့်လွင့်ကကော။ ကျွန်တော့်မှာလည်း ရှိပါသည်။ မုန်းရေကြီးချိန်၊ မောင်းစင်၊ ရေချမ်းစင်၊ ကွပ်ပျစ်၊ မီးတိုင်ခွက်၊ လရောင်ဆမ်းတလင်းပြင်၊ ဒီထိုးသံ၊ ဆီးဖြူသီးကောက်၊ ပဲပင်ပေါက်ကောက်၊ ကောက်သင်းကောက်၊ နောင်ကြီးလာတော့ မြို့ပြအာရုံရိပ်တွေ။

ကျမ်းဂန်တွေမှာတော့ အောက်မေ့ခြင်းကို နှစ်မျိုးသာ ရှိကြောင်း ပြဆိုပါသည်။ တစ်နည်းအားဖြင့် ‘သတိ’ နှစ်မျိုးဖြစ်သည်။ သိမှတ်၍သိမှု (ပညာ)နှင့်ယှဉ်သော သတိနှင့် အခြားသူက လှုံ့


www.burmeseclassic.com

ဆော်၍ သိမှု (သညာ)နှင့်ယှဉ်သော သတိတို့ ဖြစ်ပါသည်။ သည့် သတိ (အောက်မေ့ခြင်း) ကို ဖြစ်စေသည့် အကြောင်းရင်း (၁၇) မျိုး ရှိသည်ဟု ဆိုပါသည်။

အထူးသိမှတ်သော 'ဇာတိဿရဉာဏ်'အားဖြင့် လည်းကောင်း၊ သူတစ်ပါးက လှုံ့ဆော်ခြင်း 'အမှတ်သညာ'ပြုခြင်းအားဖြင့် လည်းကောင်း၊ ထင်ရှားစွာ ဖြစ်ခြင်းအားဖြင့် လည်းကောင်း၊ အကျိုးစီးပွားဖြစ်ခြင်းအားဖြင့် လည်းကောင်း၊ အကျိုးစီးပွားမရှိခြင်းအားဖြင့် လည်းကောင်း၊ သဘောတူသော အာရုံနိမိတ်အားဖြင့် လည်းကောင်း၊ သဘောမတူသော အာရုံနိမိတ်အားဖြင့် လည်းကောင်း၊ သတိပေးစကား မှတ်သားခြင်းအားဖြင့် လည်းကောင်း၊ မှတ်ကြောင်း အင်္ဂါလက္ခဏာ အားဖြင့် လည်းကောင်း၊ အဖန်ဖန်သတိပေးမှုအားဖြင့် လည်းကောင်း၊ အက္ခရာအရေးအသားအားဖြင့် လည်းကောင်း၊ ဂဏန်းသင်္ချာအရေအတွက်အားဖြင့် လည်းကောင်း၊ နှုတ်တက်အာဂုံဆောင်ခြင်းအားဖြင့် လည်းကောင်း၊ အနီးအပါး၌ ထားခြင်းအားဖြင့် လည်းကောင်း သုံးစွဲခံစားဖူးသောအားဖြင့် လည်းကောင်း၊ အောက်မေ့ခြင်းတို့ ဖြစ်တတ်ပါသည်။

မည်သို့ပင်ဖြစ်စေ လူသည် ဘဝ၏ လိုအင်ဆန္ဒတွေနှင့် လူးကျံနေသူတွေ ဖြစ်သည်။ လူတွေရဲ့ စိတ်ခံစားမှုသဘော၊ တောင့်တမှုသဘောကို ဘာသာရပ် နယ်ပယ်တိုင်းက လေ့လာသော ချဉ်းကပ်မှုချင်း မတူနိုင်သော်လည်း အားလုံးက လက်ခံသည့် အချက်မှာ 'လူသည် ဆန္ဒ၏သားကောင်' ဖြစ်သည် ဆိုသည့်အချက် ဖြစ်ပါသည်။ ကျွန်တော်ကတော့ စိတ်ပညာရှင် အေဗရာဟင်အိတ်ချ်၊ မားစလိုး၏ လူ၏ လိုအင်ဆန္ဒ လှေကားထစ်များကို သတိရနေသည်။

မားစလိုးက လူ့လိုအင်ဆန္ဒလှေကားထစ် ငါးထစ်ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်။ လူ၏ အခြေခံအကျဆုံး လှေကားထစ်မှာ ဇီဝကမ္မသဘော လိုအင် **(Physiological needs)** ဖြစ်သည်။ စားဝတ်နေရေး အကြောင်း သုံးပါးကို ရည်ညွှန်းပါသည်။ ဒုတိယလှေကားထစ်က တော့ ဘဝလုံခြုံမှုလိုအင် **(safety needs)** ဖြစ်သည်။ လူဆိုတာ "မမျှော်လင့်ကောင်း"တာတွေကို ရှောင်ရှားချင်သည်။ အာမခံချက် ရှိသော ဝင်ငွေ၊ အာမခံချက်ရှိသော ဘဝကို တပ်မက်သည်။ တတိယ လှေကားထစ်ကတော့ လူမှုပိုင်ဆိုင်မှုလိုအင် **(Social needs)** ဖြစ်သည်။ ဒါကိုပဲ ပိုင်ဆိုင်မှုလိုအင် **(Belongingness needs)** လို့ ခေါ်သည်။ စောစောက ပြောခဲ့သည့် လိုအင်တွေပြီးလျှင် လူသည် သည်လိုအင်ကို တပ်မက်သည်ဟု ဆိုပါသည်။ တခြားလူတစ်ဦးချင်း အပေါ်မှာ လူ့အဖွဲ့အစည်းပေါ်မှာ အနည်းဆုံး မိသားစုထဲမှာပဲ ဖြစ်ဖြစ် လူသည် မိမိကိုယ်မိမိ ထင်ပေါ်ချင်သည်။ မိမိနှင့် ပတ်ဝန်းကျင် တစ်သားတည်းရှိကြောင်း (သူ့ဘက်က) ပြချင်သည်။ စတုတ္ထလှေ ကားထစ်ကတော့ လေးစားခံချင်မှုလိုအင် **(Esteem needs)** ဖြစ် သည်။ သည်အဆင့်မှာတော့ ဘဝ၏ ကျေနပ်မှုကို ပိုမိုအလေးပေး လာသည်။ သူတစ်ပါးဆီက ပြီးမြောက်မှုအာရုံ၊ အောင်မြင်မှုအာရုံ၊ လေးစားမှုခံချင်သည့်အာရုံ **(Sense of accomplishment, achievement and respect from others)** တွေကို ဆိုလိုပါသည်။ နောက်ဆုံးလှေကားထစ်ကတော့ မိမိကိုယ်ကို အမှန်တကယ်ဖြစ်မှု လိုအင် **(Self-actualization needs)** ဖြစ်သည်။ တခြားလိုအင်တွေ ပြည့်စုံလာလျှင် လူသည် မိမိကိုယ်မိမိရော သေချာရဲ့လား၊ သံသယ ရှိလာတတ်သည်။ တကယ်ပြည့်ဝပြည့်စုံမှု **(fulfilment)** တွေ ရပြီ လား။ ကိုယ်ပိုင်စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှု **(Talents and capabilities)** ကရော သေချာရဲ့လား။ ဒါတွေကို လိုချင်တပ်မက် လာသည်။

www.burmeseclassic.com

ကျွန်တော်တို့ဘာသာတရားမှာလည်း လူ၏ လိုအင်တွေ ရှိ ပါသည်။ ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထားသောလူသည် ရူပက္ခန္ဓာ၏ ဆန္ဒအရ ကောင်းကောင်းစားချင် ကောင်းကောင်းဝတ်ချင်၊ ကောင်းကောင်းနေချင်သည်။ ဝေဒနက္ခန္ဓာ၏ ဆန္ဒအရ လူသည် အမြဲတမ်း ပျော်ရွှင်ချမ်းမြေ့နေချင်သည်။ သခ်ရက္ခန္ဓာ၏ ဆန္ဒအရ လူသည် ရှိပြီးသား အခြေအနေကို မရောင့်ရဲနိုင်ဘဲ တောင့်တနေတတ်သည်။ ဝိညာဏက္ခန္ဓာ၏ ဆန္ဒအရ လူသည် သစ္စာတရားကို ကောင်းစွာ သဘောပေါက်ချင်သည်။

စိတ်ပညာရှင် **Abraham H-Maslow** ၏ လိုအင်များနှင့် သိပ်မကွာလှဟု ကျွန်တော် ထင်ပါသည်။ သို့သော် လူ၏ အရေးတကြီး အကျိုးစီးပွားကတော့ အသက်ရှင်တည်ကျန်မှု **(Survival)** ဖြစ်သည်။ လူကို အစဉ်အတိုင်းဖြစ်မှု **(Law)** နှင့် ဖရိုဖရဲဖြစ်မှု **(Chaos)** 'အား' နှစ်ပါးက စိုးမိုးနေသည်ဟု ဆိုသည်။ အရဲစွန့်မှု **(Hazard)**နှင့် တင်းမာမှု **(Tension)**ကလည်း လူ၏ လောကပါလ တရားတွေထဲက အရေးတကြီး လက္ခဏာဖြစ်သည်ဟု ဆိုသည်။ လူသည် ကြိုးတန်းပေါ် လမ်းလျှောက်နေရသည်ဆိုလျှင် (ဒါကို လက်ခံလျှင်) ပြီးပြည့်စုံသောဟန်ချက် **(Perfect balance)**ကို မရနိုင်ဘဲ အသက်ဝင်နေသည့် ဟန်ချက် **(Living balance)** လောက်ကိုသာ ရနိုင်သည်ဟု ပညာရှင်တွေက ပြောနေသည်။ တစ်နည်းအားဖြင့် လူသည် အချိန်တစ်ခုစီ **each moment** တိုင်းမှာ အန္တရာယ်ရှိနေကာ ကြိုးတန်းပေါ်က ဆန္ဒတွေနှင့် ပြည့်ဝနေသော ခပ်လှုပ်လှုပ်သတ္တဝါ ဖြစ်သည်ဟု ပြောလို့ရမလား၊ ကျွန်တော် တွေးနေမိပါသည်။

သို့သော် တစ်ချိန်တည်းမှာ လူသည် နာမ်ဓာတ်၏ စင်ကြယ်မှု ၂၅ ပါးထဲက ယုံကြည်မှု (သဒ္ဓါ) နှင့် သတိရှိမှု (သတိ) သည် အပ်



www.burmeseclassic.com

ဆုံးက ဖြစ်နေသည်။ ပြီးတော့ လူမှာ ကြံစည်မှုအလျင် (ဝိတက္က) ရှိသည်။ စစ်ဆေးမှုအလျင် (ဝိစာရ) ရှိသည်။ ပြဌာန်းမှုအလျင် (အဓိမောက္ခ) ရှိသည်။ ကြိုးပမ်းမှုအလျင် (ဝီရိယ) ရှိသည်။ ချမ်းသာမှုအလျင် (ပီတိ) ရှိသည်။ သဘောတူမှုအလျင် (ဆန္ဒ) ရှိသည်။ ဤသို့အားဖြင့် လူသည် ပစ္စုပ္ပန်ထဲမှာ နေရင်း အတိတ်ကိုလည်း သမင်လည်ပြန်ကြည့်သည်။ အနာဂတ်ကိုလည်း မျှော်ကြည့်နေသည်။ ဒါဖြင့် ကျွန်တော်တို့ အတိတ်ကို ဘယ်လိုအောက်မေ့ကြပါသလဲ။ မိလိန္ဒမင်းကြီးက ရှင်နာဂသေနမထေရ်ကို သည်ပုစ္ဆာ မေးဖူးပါသည်။

"အရှင်ဘုရား လူတို့သည် အတိတ်ကာလက ပြုခဲ့သော အရာကို အဘယ်တရားဖြင့် အောက်မေ့ကြပါသလဲ" ဟု မေးသည်။ မထေရ်က 'သတိတရား' ဖြင့် အောက်မေ့သည်ဟု ဖြေသောအခါ မိလိန္ဒဘုရင်က စောဒကတက်သည်။

"အရှင်ဘုရား အတိတ်ကာလက ပြုခဲ့သောအရာကို စိတ်ဖြင့်သာ အောက်မေ့နိုင်သည် မဟုတ်ပါလော။ သတိတရားဖြင့် အဘယ်ကဲ့သို့ အောက်မေ့နိုင်ပါသလဲ' ဟု ဆိုသည့်အခါ မထေရ်က ဖြေသည်။

"မင်းကြီး သင်သည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကို ပြုပြီး၍ မေ့လျော့သည်ကို မှတ်မိဖူးသလော"

"အရှင်ဘုရား မှတ်မိဖူးပါ၏"

"မင်းကြီးအသို့နည်း။ သင်သည် ထိုမေ့လျော့စဉ်အခါက စိတ်မရှိလေသလော"

"အရှင်ဘုရား စိတ်မရှိသည် မဟုတ်ပါ။ သတိသည်သာ မဖြစ်ပါ"

"ထို့ကြောင့် စိတ်ဖြင့် မအောက်မေ့နိုင်။ သတိဖြင့်သာ အောက်မေ့နိုင်သည်ဟု ငါ ဆို၏"

www.burmeseclassic.com

သတိရအောက်မေ့ခြင်းကို စိတ်ဖြင့်သာ အောက်မေ့နိုင်သည်ဟု ထင်ခဲ့သူတွေထဲမှာ မိလိန္ဒမင်းကြီးသာမကပါ။ ကျွန်တော်လည်း ပါပါသည်။ ဒါဖြင့်လျှင် သတိကို သတိအားဖြင့်သာ သတိရနိုင်သည်။ 'အောက်မေ့စရာတွေကို အောက်မေ့ခြင်းဖြင့်သာ အောက်မေ့နိုင်သည်' ဟု ဆိုနိုင်မည် ထင်ပါသည်။ **Patience Strong** ၏ **moments** ကို ဖတ်ရင်း ကျွန်တော် ဖတ်မိ၊ တွေးမိခြင်းတွေ ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# မျက်မမြင်

"နေမင်း၏ တောက်ပသောအလင်းမွန်ကို မြင်နိုင်စွမ်းမရှိကြသည့် ထိုသူတို့အား ဘုရားသခင်ကြင်နာတော်မူသည်။ မဆုံးမကုန်နိုင်သည့် ရှည်လျားလွန်း အမှောင်ညများတွင် နေထိုင်ကြရသည့် ထိုသူတို့အား ဘုရားသခင်ကရုဏာရှိတော်မူသည်။ ကျွန်တော်တို့ပတ်ဝန်းကျင် နေရာအနှံ့မှာရှိနေကြသည့် မိုးတိမ်များ၊ ကြယ်ပွင့်များ သစ်ပင်များ၊ ပန်းပွင့်များ လေအဟုန်ကို ခွင်းကာ အတောင်တဖျပ်ဖျပ်ခါရင်း လေလှိုင်းစီးနေကြသည့် ငှက်များ စသော ကျက်သရေတော်အားလုံးကို မမြင်နိုင်ကြသည့် ထိုလူတို့အားလည်း ဘုရားသခင် သနားတော်မူသည်။

ကမ္ဘာလောကတွင် ဘုရားသခင်၏ ပညာတော်အဖြစ် စွန့်ကြဲခြင်းခံကြရသည့်အမြင် အကြည်ဓာတ်ရရှိသူတွေကတော့ ပြိုးပြက်သော အလင်းကြောင့် တညီးညီး တောက်လောင်နေသည့် မိုးကောင်းကင်ကို မော့ကြည့်လိုက်ဖို့ ဘယ်တုန်းကမှ စိတ်ကူးမထည့်ခဲ့ကြသေးပါ။ အမြင်ဓာတ်ရှိသူတွေကလည်း လောက၏အလှကို ကြည့်ဖို့ ကန်းနေကြဆဲ ဖြစ်သည်။ နေ့များ၏ အံ့မခန်း အလှကို ခံစားဖို့ စိတ်ပင် မကူးခဲ့ကြ။ စိတ်အမှောင်ထဲမှာပဲ ငြီးငွေ့စရာကောင်းသော ဘဝလမ်းစဉ်ဖြင့် တလှုပ် ချောက်ချောက်သွားနေကြသူတွေချည်း ဖြစ်သည်။

www.burmeseclassic.com

*အမှတ်ထင်ထင်ရှိတာလေးတွေလောက်သာ ကြည့်ကြသည်။ သိပ်အရေးမပါလှသည့် သာမန်သြောင်ညအမြင်အဆင်းတွေကိုသာ ကြည့်ကြသည်။ ဆိုပါစို့၊ ပန်းကလေးတစ်ပွင့်၏ နှစ်လိုဖွယ်အဆင်းကို မမှိတ်မသုန် ခံစားကြည့်ဖြင့် ကြည့်မည်။ သစ်ကိုင်းကလေးပေါ်က မိုးရေစက်ပြုတ်တည်းလုလုကို ငေးချင်ငေးမည်။ တောက်ပသော မှန်ချပ်ပေါ်က ပုလဲဥကလေးကို တွေ့ချင်တွေ့နေမည်။ နှင်းစိုမြက်ခင်းများပေါ်က အစာကို အာသာငမ်းငမ်း ရှာဖွေနေသည့် စာကလေးတွေကို မြင်ချင်မြင်မည်။ တကယ်တော့ ကမ္ဘာလောကထဲမှာ အလှတွေ ပြည့်သိပ်နေလေသည်။ ကျွန်တော်တို့ မြင်နိုင်ဖို့ အရာအားလုံးသည်လည်း ရှိနေသည်။ သို့သော် တော်တော်များများကို ကျွန်တော်တို့ လွဲချော်နေသည်။ ကျွန်တော်တို့ကလည်း (မြင်ရသူတွေ ဆိုဦးတော့) နည်းနည်းတော့ 'ကန်း'နေကြသူတွေချည်း ဖြစ်သည်။*

***[Patience Strong* ၏ *The Blind]***

ကျွန်တော်ငယ်ငယ်က အညာကျေးလက်မှာ နေခဲ့ရသည်။ အညာကျေးလက်၏ ထိုစဉ်က ညတွေမှာ မှောင်မည်းလွန်းလှပါသည်။ ကျွန်တော်တို့အိမ်ကလေးထဲမှာ ရေနံဆီမီးခွက်ကလေးတစ်ခွက် ရှိသည်။ ကျွန်တော်က မီးစာသီးတွေကို ထုတ်ကလေးတစ်ချောင်းနှင့် ခြစ်ချခြင်းအားဖြင့် မှိန်ကျသွားသော အလင်းတောက်ကို နည်းနည်းကလေး ပိုလင်းအောင် လုပ်ပေးနေသည့်အခါ အမေက တရားစာအုပ်တစ်အုပ်ကို ဖတ်နေတတ်သည်။ အမေက မဟတ္တမဂန္ဓိတပ်လေ့ရှိသည့် မျက်မှန်ဝိုင်းကလေးကို တပ်ကာ စာဖတ်ခြင်းဖြစ်သည်။ သည်မျက်မှန်ကလေးက အမေ့ကိုယ်ပိုင်တော့ မဟုတ်။ အဘွား၏ မျက်မှန်ဖြစ်သည်။ အဘွား၏ မျက်မှန်ကို အဘွားလည်း တပ်သည်။



www.burmeseclassic.com

www.burmeseclassic.com


အမေလည်း တပ်သည်။ ရပ်ကွက်ထဲက လူကြီးတချို့ကလည်း အကြောင်းအားလျော်စွာ လာလာငှားတတ်သေးသည်။ တစ်ခါတစ်ခါ လက်တစ်ကမ်းမှာ မျက်မှန်ကလေးမရှိလျှင် အမေ စာမဖတ်ရပါ။ ကျွန်တော့်အင်္ကျီဟောင်းကလေးတွေကို အမေ မချုပ်နိုင်တော့ပါ။ ထိုအခါ ရန်ကုန်မှာ အလုပ်လုပ်နေသည့် အဖေ့ဆီကို အမေစာရေးတတ်သည်။ အမေရေးနေကျ 'မျက်မှန်မှာတမ်း အရေးအသားမှာ 'အမြင်အာရုံတွေ မချမ်းသာတော့လို့ မျက်မှန်တစ်လက်လောက် ပို့ပေးပါဦး။ ဆိုတာမျိုးဖြစ်သည်။ ဒါပေမဲ့ အဖေ့ဆီက တစ်ခါမှ မျက်မှန်တစ်လက် ရောက်မလာခဲ့ဖူးပါ။ သည်တုန်းက မျက်မှန်သည် ကျွန်တော်တို့မိသားစု၏ ပထမအရေးတကြီး မဟုတ်ခဲ့။ အခု ကျွန်တော် ပြန်စဉ်းစားတော့ အဘွား၏ မျက်မှန်အဝိုင်းကလေးကို လူတော်တော်များ တပ်ခဲ့ကြသော် အားလုံးက အဆင်ပြေနေပုံရသည်။ ဒီဂရီဆိုတာကို ဘယ်သူမှ ထည့်မစဉ်းစားခဲ့ကြ။ အဖေ့ကို မျက်မှန်မှာတော့လည်း ဒီဂရီ ဘယ်လောက်ဆိုတာ မပါပါ။ ဤသို့ဖြင့် အမေသည် အမြင်အာရုံချမ်းသာချည် တစ်လှည့် မချမ်းသာချည်တစ်လှည့်ဖြင့် လောကကို ဖြတ်သန်းသွားခဲ့သည်။

အာရုံ။ ချမ်းသာသောအမြင်အာရုံ။ လူတို့၏ အတပ်မက်ဆုံး အာရုံသည် အမြင်အာရုံဖြစ်လိမ့်မည် ထင်ပါသည်။ လူတွင် အာရုံ ငါးပါးရှိသည်ဟု ဆိုကြသည်။ သဒ္ဒါရုံ (အသံ)၊ ရူပါရုံ (အဆင်း)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ) နှင့် ဖောဋ္ဌဗ္ဗာရုံ (အတွေ့) တွေဖြစ်သည်။ ဓမ္မာရုံဆိုသည့် တရားသဘော ဆင်ခြင်မှုအာရုံပါ ပေါင်းလျှင်တော အာရုံခြောက်ပါးဖြစ်သည်။ အာရုံဆိုသည်မှာ စိတ်၏ လှမ်းတွယ်ရာ၊ စိတ်ကို ဆွဲဆောင်သည့်အရာဟု ကြားဖူးသည်။ တွေးစိတ်ကိုလည်း အာရုံဟု ဆိုသည်။ မြင်ချင်သည့် အာရုံ၊ ကြားချင်

www.burmeseclassic.com

သည့်နှလုံးနှင့် မိုးချုံး မိုးသောက် တအောက်မေ့မေ့ ရှိခဲ့ကြသူတွေ ချည်း ဖြစ်သည်။

စင်စစ် အာရုံသည် မွေ့လျော်ရာဟု အဓိပ္ပာယ်ရသည့် အာရမ္မဏမှလာသည်။ 'အာရမ္မဏ'က တွယ်တာခြင်း 'အာလယ' ကိုဖြစ်စေသည်။ တကယ်ကတော့ဘဝ ဒါမှမဟုတ် လောကထဲမှာ အလှတရားများဖြင့်သာ ပြည့်သိပ်နေသည် မဟုတ်ပါ။ အကျည်းတန်မှု တွေလည်း ရှိသည်။ လွဲချော်မှုတွေလည်း ရှိသည်။ နောက်ကျမှုတွေ လည်း ရှိသည်။ သို့သော် လူသည် ပင်ကိုအားဖြင့် အလှတရားကို မြတ်နိုးချင်သူများသာ ဖြစ်သည်။ မင်္ဂလာရှိခြင်းကို တပ်မက်သူတွေချည်း သာ ဖြစ်သည်။ မင်္ဂလာရှိတာကို ကြားချင်သည်။ မင်္ဂလာရှိတာကို မြင်ချင်သည်။ မင်္ဂလာရှိတာကို ခံစားချင်သည်။ မွေးဖွားကတည်းက မျက်မြင်၊ နားကြား၊ ကိုယ်လက်အင်္ဂါစုံရဲ့လား ဝမ်းဆွဲသည်ကို အရင်မေးကြသူချည်း ဖြစ်သည်။ မင်္ဂလာရှိခြင်းဖြင့်သာ လူသည် ဘဝကို ဖြတ်သန်းချင်သည်။ မင်္ဂလာသည် အလိုပြည့်ခြင်း၊ အောင်မြင် ခြင်း၊ မကောင်းသောအရာကို ပယ်ရှားခြင်း၊ ကောင်းသော အလိုရှိအပ် သော နှစ်သက်အပ်သော သဘောရှိခြင်း၊ ကောင်းသောအခွင့်အခါ၊ ကောင်းသောအခြင်းအရာ၊ ကောင်းသော အခြေအနေ စသည်ဖြင့် မင်္ဂလာကို အဓိပ္ပာယ်ဖွင့်ခဲ့ကြသည်။

ရှေးမြန်မာတွေက မင်္ဂလာ ၁၂ ပါးဆိုတာကိုတောင် ထားခဲ့ကြ သေးသည်။ မင်္ဂလာ ၁၃ ပါးဆိုတာလည်း ရှိသည်။ မြန်မာမင်းများက တော့ မင်္ဂလာဆုံဆိကကျသော ဆိကိုသာ သုံးခဲ့ကြသည်ဆို၏။ ဆုံ၊ ကျည်ပွေ့၊ ဖောင်း၊ ဂါး စသည့် လေးပါးဖြင့် ဆင်ယင်အပ်သော မင်္ဂလာဆုံမှကျသည့်ဆိဟု ဆိုလိုသည်။ တစ်ပင်တည်းသော သစ်ပင် က ဖြစ်သော အသားဖြင့် သည်လေးပါးကို ပြုလုပ်ကာ ဆိကြိတ်



www.burmeseclassic.com

တာကို မင်္ဂလာဆုံခေါ်ခြင်း ဖြစ်သည်။ သို့သော် ဒါက တောင့်တမှုသာ ဖြစ်သည်။ တကယ့်ဘဝကတော့ မင်္ဂလာတွေချည်း မရှိနိုင်။ မင်္ဂလာတွေချည်း မြင်ချင်၊ ကြားချင်၊ ခံစားချင်လို့ မဖြစ်နိုင်။

"သူများအသက်များ မသတ်ကြနဲ့။ ထိုရွာက ကြက်သားရောင်းတဲ့ မသောင်း ရွှေတိဂုံဘုရားသွားဖူးတာ ဘုရားမမြင်ခဲ့ရဘူးတဲ့။ အကုသိုလ်အားကြီးလို့လေ"

ကျွန်တော်တို့ ငယ်ငယ်က အမေပြောဖူးသော စကားဖြစ်သည်။ ဟုတ်တာ မဟုတ်တာထား၊ ကျွန်တော် ရင်မှာ စွဲနေသည်။ ဘုရား ကို မမြင်ရလောက်အောင် ကြောင်တောင်ကန်းနေသူတွေလောကမှာ ရှိသလား။ ကျွန်တော် မသိပါ။ မိုးတိမ်တွေပေမယ့် ဝိပ္ပလ္လာသ အားကြီးလျှင် 'ပုံမခြား ဂဠုန်ဂါ၊ စုံများလှခြေပေါင်း'ဟု ထင်တတ်ကြသည်။ အမြင်အာရုံကောင်းသော်လည်း ဝိပ္ပယောဂ ကွေကွင်းခြင်း၊ ဝိပ္ပယုတ်မယှဉ်ခြင်း၊ ဝိပ္ပတ္တိ ပျက်စီးခြင်း၊ ဝိပ္ပလ္လာသ ဖောက်ပြန်ခြင်းတွေ ဖြစ်တတ်သည်ဟု တရားတော်က ဆိုသည်။

တစ်ခါက ကျွန်တော် မျက်မမြင်များအကြောင်းကို အခြေခံသည့် ဝတ္ထုတိုတစ်ပုဒ်ကို ရေးဖူးသည်။ 'နှင် အင်မတန် ပလီတယ်ဆိုရင်ဖြင့် ခံရမှာပါမလွဲ'ဆိုသည့် ဝတ္ထုဖြစ်သည်။ သည်တုန်းက မြို့ပတ်ဘူတာရုံကလေးတစ်ခုနောက်က အစုကလေးမှာ နေကြသည့် မျက်မမြင်များထံ ကျွန်တော် မကြာခဏ ရောက်သည်။ ညနေစောင်းလျှင် မီးရထားပေါ်က သူတို့ ပြန်ရောက်လာကြသည်။ မယ်ဒလင်သံတညံညံ၊ အရက်လေးတမြမြ၊ သီချင်းတကြော်ကြော်ဖြင့် သူတို့ပျော်နေကြသူတွေချည်း ဖြစ်သည်။ ဘောလုံးကို ပိုက်စွပ်ခြုံလုံးတယ်ကာ ပိုက်ဆံကြေး ဘောလုံးကန်သည်။ ဖဲရိုက်သည်။ ပိုက်ဆံကြေး ကျား

www.burmeseclassic.com

ထိုးသည်။ တချို့က ရပ်ကွက်စွန်က ရုံကလေးမှာ ဗီဒီယို သွားနား ထောင်သည်။ ဘုတာရုံပိုင်ကလေး၏ တိပ်ဗွီမှာ ကြော်ငြာတွေလာ လျှင် လူတွဲနှင့် သွားနားထောင်သည်။

"သူတို့ကမှ ဟန်ကျတာဗျ။ ကြော်ငြာထဲက ကိုးရိုးကားရား တွေ့မမြင်ရတော့ စိတ်မညစ်ရဘူး။ သီချင်းပဲ ကြားရတော့ ကြားရ တာလေးကို ပျော်နေတာပဲ"

ရုံပိုင်ကလေးက ကျွန်တော့်ကို ပြောခြင်း ဖြစ်သည်။ ကိုးရိုး ကားရားတွေ မမြင်ရတော့ စိတ်မညစ်ရတော့ဘူးဆိုတာကိုပဲ ကျွန်တော့် မှာ တွေးစရာ ရနေခဲ့သည်။ တစ်ခါက ကျွန်တော် ချစ်ခင်သော မိတ်ဆွေတစ်ဦးက ပြောဖူးသည်။ သူသည် အလုပ်အလွန်ကြိုးစား သူ ဖြစ်သော်လည်း အမြင်အာရုံချို့တဲ့နေရှာသူဖြစ်သည်။

"ကျွန်တော် မျက်စိမမြင်တော့ အားတော့ မငယ်ဘူး။ ဘာ ဖြစ်သလဲဆိုတော့ လူတွေကို မယုံတော့ဘူး။ ပိုက်ဆံငွေကြေး ဘာညာ မယုံတာ မဟုတ်ဘူး။ မျက်စိမြင်တဲ့ ကျွန်တော့်လူတွေကို လုပ်တာ ကိုင်တာ ငါလိုချင်တဲ့ပုံစံမှ ဝင်ရဲ့လားဆိုပြီး မယုံတာ"

ကျွန်တော်၏ မျက်မမြင် မိတ်ဆွေများတွင် အမေကောင်းကို လည်း ထည့်ပြောရပါမည်။ မိတ်ဆွေဆိုသော်လည်း အသက် ၈၀ နားနီးနေသည့် အမယ်အိုဖြစ်သည်။ အမေကောင်း၏ ခင်ပွန်းက ဘိုးကုလားဖြစ်သည်။ သူသည်လည်း အသက်ရှစ်ဆယ်ကျော်ပြီ။ ဘိုးကုလားက အမေကောင်း၏ လူတွဲသာ မဟုတ် ဘဝတွဲဖြစ်သည်။ အမေကောင်းက အနှိပ်သည်ဆိုတော့ ဘိုးကုလားက အနှိပ်ခံမည့် အိမ်မှာ အမေကောင်းကို ထားပစ်ခဲ့ကာ တဲကို ပြန်သည်။ ပြီးချိန် လောက်မှန်းကာလာကြိုတတ်သည်။ တစ်ခါတလေ ကျွန်တော် အနှိပ် ခံလျှင် အမေကောင်းနှင့် စကားတွေ ပြောဖြစ်သည်။

www.burmeseclassic.com

"အမေကောင်း မျက်စိက ဘာလို့ကွယ်သွားတာလဲ"

"သစ်ကိုင်းရိုက်မိတာရယ်"

"အမေကောင်းက ဘယ်ရွာသူလဲ"

"မြင်းခြံနယ်ရဘာလဲ (ရွာပုလဲ) ကရယ်၊ ယောမင်းကြီးဇာတိပေါ့"

"အမေကောင်းက ယောမင်းကြီးတောင် သိနေပါလား"

"သိပ့ါတော်"

"အခုရော ဘယ်မှာနေတာလဲ"

"မြစ်စောင်းမယ် တဲကလေး ရှိသား"

"မျက်စိကွယ်နေတာ အားမငယ်ဘူးလား"

"ငယ်ပေါင်တော်။ မေ့တောင်မေ့နေတာရယ်"

"ဘိုးကုလား လာမကြိုရင် အမေကောင်း ဘယ်လိုလုပ်မလဲ"

"ကြိုမှာပါ။ ကျုပ်တစ္ဆေကြောက်တာ သူသိတယ်ရယ်"

ကျွန်တော် မရယ်နိုင်ပါ။ မျက်စိကွယ်တာကို မေ့နေသတဲ့။ တစ္ဆေကြောက်သတဲ့။ တစ်ခါက ကျွန်တော် အမေကောင်း၏ တဲကလေးဆီကို ရောက်ခဲ့ဖူးသည်။ သွပ်ပြားဟောင်းကလေးသုံးချပ် မိုးထားသော တဲကလေးဖြစ်သည်။ အနားက တခြားတဲကလေးတွေမှာတော့ တချို့က ကပ်ဟောင်းကလေးတွေ မိုးထားသည်။ တချို့က မိုးကာဟောင်းတွေ။

"အမေကောင်းက မရှိဘူးသာဆိုတယ် သွပ်မိုးနဲ့ပါလား"

"သွပ်ပြားတွေ ရောင်းတော့မှာ ဆရာလေးရဲ့ ကျုပ်တို့သွပ် မိုးတာကို ဟိုဘက်တဲတွေက မလိုကြဘူးရယ်"

တစ္ဆေကြောက်သည်ဆိုသော မျက်မမြင်အမေကောင်းက သူ့ ပတ်ဝန်းကျင်က မျက်မြင်ဆိုသူတွေကို ပိုပြီး ထိတ်လန့်နေပုံရသည်။ ကျွန်တော်ကတော့ ဆရာပါရဂူ ဘာသာပြန်ခဲ့သော တဂိုး **(Tagore)**

www.burmeseclassic.com

၏ 'သူတောင်းစားအမယ်ကြီး'ဝတ္ထုကို သတိရသည်။

တစ်ခါက သူတောင်းစားအမယ်အိုတစ်ယောက်ရှိသည်။ ကလေးတစ်ယောက်ကောက်ရသည်။ ကလေးကို စောင့်ရှောက်ရင်း တောင်းရမ်းရသမျှ ငွေကြေးကလေးကို အိုးထဲထည့်ကာ သူဌေးကြီး တစ်ဦးထံ သွားအပ်ထားခဲ့သည်။ ကလေးအပြင်းဖျားသည့်နေ့က အမယ်အိုက သူဌေးထံမှ ငွေအိုးကလေး သွားတောင်းသည်။ ဘာသာတရား ကိုင်းရှိုင်းသည်ဆိုသော သူဌေးက သူယူမထားကြောင်း ငြင်းလိုက်သည်။ အမယ်အိုက ဖျားနေသည့် ကလေးကို ပွေ့ချီရင်း သူဌေးအိမ်ရှေ့ သွားထိုင်ကာ သူ့ငွေသူ ပြန်တောင်းသည်။ သည်တွင် သူဌေးက လွန်ခဲ့သည့် ခုနစ်နှစ်က ပျောက်သွားခဲ့သည့် သူ့သားငယ်ကို တွေ့သွားသည်။ ကလေးကို တောင်းသော်လည်း အမယ်အိုက မပေး။ သူဌေးက ဇွတ်လုယူထားလိုက်သည်။ အမေအိုက မျက်ရည်စက်လက်နှင့် တဲကို ပြန်ခဲ့သည်။ သူဌေးအိမ်မှာ ကလေးက သမားတော်များနှင့် ကုသသော်လည်း မသက်သာတော့ မြင်းလေးကောင်က ရထားနှင့် အမယ်အိုကို လာခေါ်သည်။ သားအမိချင်း တွေ့တော့ ကလေး အဖျားကျသွားသည်။ သည်တော့မှ သူဌေးက အမယ်အို၏ ငွေအိုးကလေးကို ပြန်ပေးသည်။ အမယ်အိုက မယူတော့ပါ။ သားလေးကိုရော ငွေအိုးကိုပါ သူဌေးစံအိမ်တော်မှာ ထားရစ်ခဲ့သည်။ မူရင်းဝတ္ထုမှာ ဇာတ်ကို သည်လိုအဆုံးသတ်သည်။ 'အမယ်အိုက မျက်မမြင်တောင်းရမ်းစားသူ ဖြစ်သော်လည်း မြင့်မြတ်နေသည်။ သည်အချိန်မှာ သူဌေးက အလှူခံဖြစ်ပြီး သူက ဒါနရှင် ဖြစ်နေသည်။'

ကျွန်တော်က အမေကောင်းကို ကြည့်ရင်း သည်ဝတ္ထုကို သတိရနေခြင်း ဖြစ်သည်။ တဲရှေ့မှာတော့ ဘိုးကုလားက ဒယ်အိုးမည်းမည်းကလေးနှင့် ငါးတွေ ကြော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါးကြော်က အမေကောင်းဖို့လား"

"မဟုတ်ဘူး။ ကျုပ်တို့လင်မယားက ထမင်းအစိတ်ဖိုး ဝယ် စားတာနဲ့ ပြီးတယ်။ ငါးကြော်က သားနဲ့ ချွေးမဖို့၊ မြေးကလေး ရနေပြီတော့။ သူတို့က သောင်သာပါတယ်။ မြို့သစ်မှာ နေရတာ ရယ်။ မနက်ဖြန် ငါးကြော်သွားပို့မလို့ရယ်"

ကျွန်တော်ကတော့ အမှောင်ထဲမှာ အမေကောင်း၏ မျက်လုံး များ တဖျပ်ဖျပ် တောက်ပနေသည်ဟု ထင်နေမိသည်။

တစ်ခါက ကျွန်တော်လားရှိုးစာပေဟောပြောပွဲခရီးကို ပါ သွားခဲ့သည်။ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာဖေမြင့်၊ ဆရာ မောင်နေမျိုးနှင့် ကျွန်တော်တို့ လေးယောက်သွားခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်တို့သွားတုန်းက ကိုယ့်စာကြည့်မျက်မှန်နှင့် ကိုယ် ဖြစ်သည်။ ဖြစ်ချင်တော လမ်းခရီးမှာ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၏ မျက်မှန် က ကားနင်းခံရသည်။ ကျွန်တော် မျက်မှန်က စင်မြင့်ပေါ် တက်ခါနီးမှ ကိုင်းကျိုးသွားခဲ့သည်။ ကျွန်တော်တို့အားလုံး ဆရာဖေမြင့်၏ မျက်မှန် ကလေးကို လက်ဆင့်ကမ်းကာ ဟောပြောခဲ့ကြရသည်။ ဟောပြောမည့် **(Notes)** ကို မျက်မှန်မပါဘဲ မမြင်ရလို့ ဖြစ်သည်။ ထူးဆန်းတာက ဆရာမောင်နေမျိုးက အသက်အကြီးဆုံးဖြစ်သော်လည်း မျက်မှန်မလိုဘဲ ဟောပြောသွားခဲ့သည်။ 'ငယ်ငယ်ရွယ်ရွယ်နဲ့ ကန်းကြသကိုး'လို့ နောက်သည်။ ကျွန်တော်တို့အားလုံး မျက်လုံးတွေကို မပြင်နိုင်ကြ တော့ မျက်မှန်ကိုသာ ပြင်နေကြရသည်ကော။

ပညာရှင်တွေကတော့ အမြင်ယဉ်ကျေးမှု **(Visual Culture)**ဆိုတာကို ပြောလာကြသည်။ ရာစုသစ်မှာ ရုပ်ဝတ္ထုတွေ အဆမတန် တကြယ် ပေါ်ထွန်းနေသည်။ အမြင်အာရုံအတွက် အလုပ်တွေ ပို များလာသည်။ ပညာရှင်တို့က ရုပ်ဝတ္ထုသစ်တွေ၏ ဖြစ်ပေါ်မှုအလျင်

www.burmeseclassic.com

ကို အမြင်အာရုံ ဖွံ့ဖြိုးမှုက မလိုက်နိုင်တော့သည့် သဘောကို ဆိုလို ခြင်း ဖြစ်ပါသည်။ စက်မှုနည်းပညာခေတ်မှာ သည်ပြဿနာက ပိုမို ရှုပ်ထွေးလာတော့မည်ဟု ဆိုသည်။ ရုပ်ဝတ္ထုတွေက ကြွယ်ဝသလောက် လူသား၏ အမြင်အာရုံခံစားမှုအားက တော်တော်ဝေးဝေး ပြတ်ကျန် ခဲ့သည်။ ကလေးသူငယ်တို့အတွက် အမြင်ယဉ်ကျေးမှုအားကောင်း ဖို့ တွေးဆနေကြပြီ။

အထူးသဖြင့် အနုပညာတွင်သည် သဘောတရားသည် ပိုမို သိသာလာမည်ဟု ဆိုသည်။ လောကနှင့် ဝန်းကျင်ကို ထင်ထင်ရှား ရှား သရုပ်ဖော်နိုင်ဖို့ အနုပညာရှင်ကိုယ်တိုင်က အမြင်ယဉ်ကျေးမှု အားကောင်းရတော့မည်။ တစ်နည်းအားဖြင့် အာရုံခံစားသိနှင့် ဖန်တီး စွမ်းအား ဆက်စပ်နေတာကို ညွှန်းသည်။ ထုတ်လုပ်မှုသဘောပါသည့် အာရုံကို **(Productive Perception)**၊ ဉာဏ်မျက်လုံးများ **(Judicious Eyes)**၊ ပုံရိပ်ဆောင်တွေးဆစဉ်းစားခြင်း **(Image Bearing Thinking)** မျက်လုံးများဖြင့် တွေးခြင်း **(Visual thinking)**၊ ရှာ ဖွေတွေ့ရှိမှု၊ **(Disovery)**၊ ထိုးထွင်းသိမြင်ခြင်း **(Insight)** စသည့် လူတို့၏ အာရုံသိသဘော **(Sensual)** နှင့် ပညာသိသဘော **(Rational)**ကို ခွဲခြားလေ့လာနေကြသည်။ ဒါကိုပဲ ထွေပြားသောအမြင် ကို အသိတရားတို့က အပြေးလိုက်ခြင်း'ဟု ခေါ်သည်။

လူ့စိတ်ကို ပညာရှင်တွေက စကားလုံးများ၏ လောက **(world of words)** နှင့် ပုံရိပ်တို့၏လောက **(world of Images)** ဟူ၍ နှစ်မျိုးခွဲသည်။ အထူးသဖြင့် ဘာသာစကားပေါ်ထွန်းလာသည့် အခါ ပုံရိပ်အသိတွေက စကားလုံးအသိသို့ ပြောင်းလဲကုန်သည်။ ရောထွေးယှက်တင် ဖြစ်ကုန်သည်။ ဘာသာစကားသည် လူလူချင်း ဆက်သွယ်သည့် ကိရိယာသက်သက်ဆိုသည့် အယူအဆသည် ဓော

www.burmeseclassic.com

www.burmeseclassic.com


မမီတော့။ ဘာသာစကားသည်လည်း စဉ်းစားတွေးခေါ်မှုကိရိယာဖြစ်လာခဲ့ပြီ။ ဆန်းကြယ်သော ခေတ်၏ ရုပ်ဝတ္ထုတွေကို အမြင်အာရုံက အမိမဖမ်းနိုင်ခြင်းကိုပင် 'ကန်း' သည်ဟု ဆိုနေကြခြင်း ဖြစ်သည်။

ဒါကို အမြင်အာရုံ ကသောင်းကနင်းဖြစ်မှု **(Visual Chaos)** ဟု ဆိုသည်။ အမြင်ပိုလျှံမှု **(Surplus of visuality)** ဟု ဆိုသည်။

အမြင်တကာ့အမြင်တွင် သိဒ္ဓတ္ထမင်းသား၏ နိမိတ်ကြီးလေးပါး ကို ဉယျာဉ်တော်မှာ တွေ့လိုက်ရသည့်အမြင်ကတော့ မဟာလောက၏ အကြီးမြတ်ဆုံးသော အမြင်ဖြစ်သည်။ ဤအမြင်တွေကပဲ သိဒ္ဓတ္ထမင်းသား ရွှေနန်းဥကင် ခံစားမှုကို စက်ဆုပ်သွားစေခဲ့သည်။ ထိုညမှာပဲ သစ္စာရှာဖို့ မြင်းတော်ကို စီးခဲ့သည်ကော။

"ကြင်နာစွာ မင်းသိဒ္ဓတ္ထသည်ကား မြင့်မာန်ဝင့်သောခေါင်းကို နှိမ့်ချ

ဖြူလွလျှံဝင်း

လည်ပင်းကို အသာပွတ်၍၊ ကဏ္ဍက၊ ငြိမ်စမ်း ပမြင်းမြူတော်၊ သင့်ကိုငါစီးခဲ့ဖူးသမျှမှာ အဝေးဆုံးခရီးတာသို့ ယခုဆောင်ပို့ ပါဦး၊

ငါသည် တရားသစ္စာကို

ရှာရန်အသွား၊ သင့်အား၊

ယခုညစီးရဦးမယ်။

ငါ့ရှာဖွေမှုသည်

ဘယ်တွင်ဆုံးမည်မသိသေးငြား

တွေ့သည်ထိသွားရလိမ့်မည်။

သို့ကြောင့် ငါ့မြင်းကောင်း

www.burmeseclassic.com

ပြောင်ဝင်းသတ္တိစွမ်းမာန်အပြည့်၊
ခုညရှိစေ
ဓားတွေ မြားမြောင်အထောင်မက
တွေ့စေဦး
တံတိုင်းတွေနှင့် ကျုံးတွေထပ်ထပ်
တားစေဦး
ဦးမသုန်တမ်း၊ မတွန့်တမ်း လှမ်းချီစို့။
ကြည့်သည်မှာ ငါက၊ ကဏ္ဍာကချီလေ၊
ဆိုလျှင်
လေပွေပင်လည်း နောက်ကျန်စေ၊
မီးလို
လေလိုသင်ဖြစ်စေ၊ သင့်သခင်ကို
ကူပေဦး။
ထူးမြတ်လှစွာ မဟာကိစ္စ
လောကကိုကယ်ရန်
သခင့်အကြံမှာသို့မှသာ
သင်လည်းပါဝင်လိမ့်။

ဘာသာတရားမှာတော့ လောကတစ်ရိုးက လူတွေ သာယာအေးငြိမ်းသော သန္တိသုခကို တပ်မက်သည်။ မင်္ဂလာရှိသောဘဝ၊ ကောင်းမြတ်သောဘဝကို ထူထောင်လိုကြသည်။ လူသည် လူကိုလူလို ရှုမြင်တတ်ဖို့ အရေးကြီးသည်ဆို၏။ သည်လိုမြင်တတ်ဖို့ 'ဗြဟ္မစိုရ်' မျက်စိရှိဖို့လိုသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် တွဲ၍မြင်သော 'ပပဉ္စ' အမြင်တွေ ဖြစ်သည်။ အတ္တမျက်စိဖြင့် 'လောက၏ မင်္ဂလာရှိသော ဘဝ'ကို မထူထောင်နိုင်ပါ။

www.burmeseclassic.com

နောက်တစ်ဆင့်ကတော့ သမာဓိဉာဏ်မျက်စိဖြစ်သည်။ သည်အမြင်ကတော့ လူကို ပုဂ္ဂိုလ်သတ္တဝါအဖြစ် မမြင်တော့။ ရုပ်နှင့်နာမ်ကိုသာ မြင်သည်။ လောဘ၊ မောဟ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအထိုက်အလျောက် ကွာသောအမြင်လည်း ဖြစ်သည်။ နောက်တစ်ဆင့် ရှုမြင်မှုကတော့ ဝိပဿနာဉာဏ်မျက်စိဖြစ်သည်။ သည်အမြင်က လူကိုလူအဖြစ်လည်းမမြင်၊ ဖြစ်ပျက်ကိုသာ မြင်သည့်အမြင်ဖြစ်သည်။ နောက်တစ်ဆင့်ကတော့ မဂ်ဉာဏ်မျက်စိဖြစ်သည်။ သည်အမြင်ကတော့ လူပုဂ္ဂိုလ်အဖြစ်လည်း မမြင်၊ ရုပ်နှင့် နာမ်အဖြစ်လည်း မမြင်၊ ဖြစ်ခြင်း၊ ပျက်ခြင်းကိုလည်း မမြင်။ အမှန်မြင်ရသည့် အခြင်းအရာကတော့ ဖြစ်ပျက်တို့၏ ချုပ်ငြိမ်းရာကိုသာ မြင်သည်။ တစ်နည်းအားဖြင့် နိဗ္ဗာန်ကို မြင်သည့်အမြင်ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ပင်လျှင် လေးသင်္ချေကမ္ဘာတစ်သိန်း ပါရမီတော်အဆင့်ဆင့်ကို ဖြည့်ကျင့်ကာ ဤအမြိုက်ချမ်းသာကို ရှာဖွေခဲ့ခြင်း ဖြစ်သည်။

"ထို့ကြောင့် အမြင်အာရုံများသည် နိဗ္ဗာန်ကို မမြင်နိုင်သေးလျှင် ပြောင်းလဲနိုင်သော အမှန်တွေသာ ဖြစ်သည်။ ထာဝရသစ္စာမဟုတ်။ ယာယီသစ္စာတွေသာ ဖြစ်သည်။ မြင်တတ်သောဉာဏ်မျက်စိလည်း 'မဂ်ဉာဏ်မျက်စိ'မဟုတ်သေးလျှင် ပြောင်းလဲနိုင်သော အမှန်နှင့် ယာယီသစ္စာသာ ဖြစ်သည်။ မပြောင်းလဲနိုင်သော အမှန်တရားနှင့် ထာဝရသစ္စာမဟုတ်"

**Patience Strong** ကတော့ လောကမှာ မြင်နိုင်စရာတွေ အလှတရားတွေ ပြည့်သိပ်နေသည်ဟု ပြောသည်။ တော်တော်များများကို ကျွန်တော်တို့ လွဲချော်နေသည်ဟုလည်း ဆိုသည်။ မြင်သည်ဟူသောအမြင်အာရုံကို ပိုင်ဆိုင်သူတွေကလည်း နည်းနည်းတော့ ကန်းနေကြသည်ဟု ခံစားခဲ့သည်။ တကယ်တော့ လူသည် မွန်းကျပ်သောဘဝထဲမှာပင် အလှတရားကို ရသလောက် ခံစားနေချင်သူတွေသာ ဖြစ်


www.burmeseclassic.com

သည်။ အမှားအာရုံရိပ်တွေဆိုဦးတော့ ကျွန်တော်တို့ ခံစားချင်ပါသေးသည်။ ရုရှားကဗျာဆရာတစ်ယောက်က ကဗျာတစ်ပုဒ်ရေးခဲ့သည်။ နံနက်ခင်း နှင်းတွေခဲနေအောင် ကျတာကို ဖွဲ့ခဲ့ခြင်း ဖြစ်သည်။ မင်္ဂလာမနက်ခင်းပါ။ ပြတင်းဝက မျှော်ကြည့်လိုက်။ မြင်းဖြူကြီးတစ်ကောင်စောင့်နေလေရဲ့။ စီးလော့ဝံ့လျှင်…တဲ့။ ကဗျာဆရာတစ်ယောက်ကတော့ သည်လိုဖွဲ့ခဲ့သည်။

“ကံကြမ္မာက ကြင်နာခဲ့
ငါမကန်း … မရူး
ဆန္ဒတွေနဲ့ ဖြစ်တည်နေဆဲ။
ဈေးအနည်းဆုံးလောကရဲ့
ပေါင်မုန့်ကိုမြင်ဖို့
ဈေးအကြီးဆုံးလူသားဘဝကို
မြင်ဖို့…။

ကျွန်တော်တို့လည်း ခပ်များများ ကန်းနေကြသူတွေချည်း။ **Patience Strong** ၏ အဆိုကို ကျွန်တော် ထောက်ခံပါသည်။

**စာကိုး**

(၁) တဂိုးဝတ္ထုတိုများ (ဆရာပါရဂူ)
(၂) ဗုဒ္ဓ–လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် (ဆရာကြီး ဦးရွှေအောင်)
(၃) အာရှတိုက်ရဲ့ အလင်းရောင် (ဆရာစံမောင်ဖော်)
(၄) အမြင်ယဉ်ကျေးမှု (ဆရာမောင်စူးစမ်း)
(၅) **Fate has been kind (Rasul Gamzatov)**

■

www.burmeseclassic.com

www.burmeseclassic.com

# ဥယျာဉ်ကိုချစ်လျှင်

ဥယျာဉ်ကိုချစ်လျှင် သင့်မှာ ဘယ်သောအခါမှ အထီးကျန်စရာမရှိ။ ငြီးငွေ့ခြောက်ကပ်စရာမရှိ။ အခြေအမြစ်မရှိလေလွင့်နေတာမျိုး မဖြစ်နိုင်။ ဥယျာဉ်ကိုချစ်လျှင် ပြတင်းဝက အလှတရားများကို အမြဲမြင်နိုင်သည်။ ဆောင်း၏အလှ။ နွေ၏အလှ၊ နွေဦး၏အလှ ထာဝရခံစားရဖို့သာ ရှိသည်။ ရာသီဥတုတွေပြောင်းတိုင်းပြောင်းတိုင်း ယင်းရာသီတို့၏ ပျော်ရွှင်ချမ်းမြေ့မှုသည် ပါလာမြဲဖြစ်၏။

အမြဲတမ်းလိုလို အလုပ်များ ကောင်းနေနိုင်ပါသည်။ ဆောင်ရွက်ဆဲအလုပ်တွေ ရှိမည်။ တစ်ခုခုစိုက်နေပျိုးနေရတာ ရှိမည်။ တစ်ခုခု စီမံခန့်ခွဲနေရတာမျိုး ရှိချင်ရှိမည်။ မြေပေါ် မှာ ကိုက်ခြင်း၊ ဖြတ်ခြင်း၊ ညှပ်ခြင်း၊ တီခြင်း၊ ချူးခြင်း စသဖြင့် လုပ်ကောင်းလုပ်နေရမည်။ ပေါင်းသင်ပေါင်းလိုက်၊ တူးဟယ် ဆွဟယ်၊ ပျိုးဟယ် ကြဲဟယ် ရှိချင်ရှိမည်။ ဟိုစပ်စပ် သည်စပ်စပ် နှိုက်ချင်နှိုက်ရတာမျိုး ရှိချင်ရှိမည်။

တစ်ခါတလေ ဥယျာဉ်ကလေးဆီက အပြင်ထွက်ဖို့ ခွင့်မပြုနိုင်တာမျိုးလည်း ရှိနိုင်ပါသည်။ သို့သော် အစိမ်းရောင် အရာများ ရှင်သန်လာပြီဆိုလျှင်တော့ လောက၏ ဆုဖော်ဘ်ကို



www.burmeseclassic.com

*သင်ရဖို့ သေချာပြီ။ သင်၏ သေးမွှားသော ဒေငံဥယျာဉ်ကလေး ထဲမှာ ပျော်ရွှင်ချမ်းမြေ့ခြင်းကို တွေ့ရတော့မည်။ ကျန်းမာခြင်း နှင့် ချိုမြိန်သော ကျေနပ်တင်းတိမ်မှု။ ပျော်ရွှင်ခြင်းနှင့် စိတ် ၏ချမ်းသာမှု။*

*['Patience Strong ၏ If you love a garden']*

ကျွန်တော်ကနေ့ည **'If you love a garden'** ကို ဖတ်ဖြစ်သည်။ အထူးသဖြင့် စာသွန့်၏အောက်ဆုံးစာကြောင်းတွေကို အကြိမ်ကြိမ် ဖတ်ဖြစ်ပါသည်။ **'Health and sweet contenment joy and peace of mind.**။ **Peace of mind**။ စိတ်၏ချမ်းသာမှု၊ စိတ် ငြိမ်းချမ်းမှု။ မြန်မာလူကြီးသူမတွေက ဆုပေးလျှင် 'စိတ်ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ'လို့ ပေးတတ်သည်။ တစ်လုံးတစ်ဝတည်း။ သီးခြားမဟုတ်။ တွဲလျက် အတူတကွ ရရှိပါစေဟု ဆိုခြင်းဖြစ်သည်။ တိုတိုလွယ်လွယ် ဆုပေး လျှင်တော့ 'ကျန်းမာချမ်းသာကြပါစေ'ပေါ့။ သည်လိုဆုတောင်းမျိုး ကြားလျှင် ကျွန်တော် သိပ်အလေးအနက် မရှိတတ်ခဲ့ပါ။ ဆုပေးတာ တောင် ပေါပေါလောလော ရေလဲနှင့် ပေးလေခြင်းလို့ သဘောထား တတ်ခဲ့သည်။ အခုတော့ ကျွန်တော်ကိုယ်တိုင် ဆုပေးရသည့်လှေကား ထစ်များပေါ်မှာ ရပ်နေရပြီ။ 'ကျန်းမာချမ်းသာပါစေကွယ်'ဆိုတာမျိုး၊ ကျွန်တော်လည်း ပေးနေရပြီ။ သည်ဆုတောင်းက ရေလဲမဟုတ်။ ဆေးမြီးတိုမဟုတ်။ နတ်ဆေးတော်ကြီးဖြစ်သည်။ ဘဝ၏ အရေးတကြီး အဓိပ္ပာယ်ဖြစ်သည်။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းထက် တူးမြတ်သော အရာကကော ဘာတွေပါလဲ။ **(Patience Strong)** ကတော့ ဥယျာဉ်ကလေးတစ်ခုကို ချစ်တတ်လျှင်ပင် သည်ခံစားမှု

www.burmeseclassic.com

ကို ရနိုင်သည်ဟု ပြောနေသည်။ ဘဝတစ်သက်တာ ပျော်ချင်လျှင် သစ်ပင်စိုက်ပါဆိုတာနှင့် မဝေးလှပါ။ သစ်ပင်တစ်ပင် ကျွန်တော့် လက်နှင့် မစိုက်ခဲ့ဖူးသော်လည်း သစ်ပင်တွေကို ချစ်တတ်၊ တန်ဖိုး ထားရကောင်းမှန်း ကျွန်တော် သိပါသည်။

ကျွန်တော့်တိုက်ခန်း **(Sun Shade)** မှာ ပန်းအိုးကလေး တွေ ရှိသည်။ ပတ္တမြားတစ်ဖက်၊ မြတစ်ဖက်ရှိသည်။ သူတော်ဖြူ ရှိသည်။ နွယ်သာကီရှိသည်။ တိုက်နံရံတွေကို ကုတ်ခြစ်တွားတက် တတ်သော ရွှေလာငွေလာပင် ရှိသည်။ အမေကတော့ ဗုဒ္ဓဟူးသား ဖြစ်သော ကျွန်တော့်အတွက် ရွက်လှပင်တစ်ပင်နှင့် တောင်ထန်းပင် တစ်ပင် ပေးခဲ့သည်။ ရွက်လှက ဗုဒ္ဓဟူး၊ တောင်ထန်းက စနေ။ စနေဗုဒ္ဓဟူး ရူးတောင် ထမင်းမငတ်ဘူးဆိုသည့် မှတ်ချက်နှင့် ရရှိ ခဲ့ခြင်း ဖြစ်သည်။ တောင်ထန်းကို အမေက 'တောထန်း'ဟု ခေါ် သည်။ တောထန်းဆို 'တန်းထော' ပေါ့ဟဲ့တဲ့။ ထမင်းမငတ်ဘဲ တန်းထောလောက်အောင် ရည်ရွယ်ခဲ့သော အမေကတော့ မရှိတော့။ အမေ့အပင်တွေကလည်း ကျွန်တော့်အတွက် သိပ်တန်ခိုးရှိလှပုံတော့ မရပါ။ သို့သော် အမေ ပေးခဲ့သည့်အပင်တွေ ဖြစ်သည်။ ကျွန်တော် ရေလောင်းသည်။ ပတ္တမြားတစ်ဖက် မြတစ်ဖက်ပင်မှာ အောက်ခြမ်း ကအနီ၊ အပေါ်ခြမ်းက အစိမ်း၊ နှစ်ဖက်လှသစ်ရွက်ကလေးတွေနှင့် ဖြစ်သည်။ ရွှေလာငွေလာပင်မှ နုသစ်သော ကိုက်ညွန့်စိမ်းစိမ်းက တိုက်ခေါင်မိုးကို လှယက်လှင် ရောက်လုပြီ။

မနေ့တစ်နေ့ကပါပဲ။ မန္တလေး အရှေ့ကျုံးနားက ပျိုးဥယျာဉ် တစ်ခုကို ကျွန်တော်တို့ သူငယ်ချင်းတွေ သွားလည်ကြသည်။ ပန်း ပင်၊ ပျိုးပင်တွေ စုံလှသည်။ အလှစိုက်ပင်တွေ၊ အရိပ်ကြိုက်ပင်တွေ၊ ရွက်အလှပင်၊ ပန်းအလှပင်တွေက ကျွန်တော်တို့ကို တိမ်းမူးစေသည်။

www.burmeseclassic.com

**(Crown of thorn)** ခေါ်သည့် ဆူးပန်းတစ်မျိုးကို မြန်မာတွေက **(Kiss me quick)** လို့ ခေါ်နေကြသည်။ **(Desert rose)**ကို အင်ဒိုနီးရှားစကားခေါ်နေကြသည်။ ဆူး၏အရဖူ၊ ကန္တာရနှင်းဆီလို့ ဘာဖြစ်လို့ မခေါ်ကြတာလဲ။ ကျွန်တော်အကြိုက်ဆုံးကတော့ ကြာပန်းတွေ။ ပက်လက်စဥ့်အိုးတွေထဲမှာ ကြာရွက်ချပ်ကြီးတွေနဲ့ ကြာပန်းတစ်ပွင့်စီရှိသည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို နှောလို့ တို့လယ်တောမှာ ပွင့်ကြတယ်။ အခုတော့ ကြာပန်းတွေက လယ်တော၏ အဆင်တန်ဆာမဟုတ်တော့ပါ။ မြို့ပြ၏ ယတြာပွင့်တွေ ဖြစ်နေပြီ။

"ကြာပန်းတွေ သိပ်မေးကြတယ်ဗျ။ ရန်ကုန်က လူတွေက ပိုဝယ်ကြတယ်။ သည်မှာတော့ **Rose Arey Hybrid, Hermine, Yellow Sun Rise, Ted Uber, American Beauty, August Koch, Bob Trickett, Dauben, Golden West...** စသဖြင့် စုံပါတယ်။ ကြာစိုက်ချင်သူတွေအတွက်ပေါ့"

ဥယျာဉ်မှူးက ရှင်းပြသည်။ လူတွေက နိုင်ငံခြားအရောက်အပေါက်များလာတော့ နေအိမ်တိုက်တာနှင့်အတူ ပဒေသာရှုခင်းသဘော **(Land Scaping)** ကို စိတ်ဝင်စားလာကြသည်။ မန္တလေးအမျိုးသမီးလောက 'ပန်ပန်း'မှာတော့ ဈေးကွက်သဘောအရ ကယ်တယ်လီယာသစ်ခွကို အကြိုက်ဆုံးဟု ဆို၏။ နန်းရဝေမန်းမြေစံပယ်လိုင်တော့ ခံပန်းခိုင်ယာယီရွှေ့သူတို့ကလည်း ခုတော့ ကယ်တယ်လီယာ ဖြစ်ကုန်ကြပြီကော။ ကျွန်တော်ကတော့ ပျိုးပင်တွေ၊ သစ်ပင်တွေကြားကပဲ အရှေ့နန်းမြို့ရိုးကို မြင်နေရသည်။ ရွှေနန်းတော်ကြီးထဲက နန်းဥယျာဉ်တော်ကြီးကို မြင်ယောင်နေသည်။ မြန်မာရှင်ဘုရင်တွေက ဥယျာဉ်တော်ကို အလေးအမြတ်ရှိပုံရသည်။ မဟောသဓောတ်တော်မှာပဲကြည့်လေ။ မင်းဘူးဦးသြဘာသက သည်လိုရေးသည်



www.burmeseclassic.com

 www.burmeseclassic.com 

"တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် အရှေ့ယဝမဇ္ဈိဂုံး ရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့်အညီ ယခု ဥယျာဉ်ကစားတော်မူလိုသည်။ ငါ့တွင် ဥယျာဉ်တော်ဟောင်း၌ သစ်ပင်တို့သည် ကာလမြင့်ရှည်သဖြင့် မစည်မကား၊ မထွားမစက်၊ အဖူးအရွက်မလန်း၊ ညှိုးနွမ်းပျက်စီးသည်ဖြစ်သောကြောင့် စည်စည် ကားကား ထွားထွားဝေဝေ၊ အထွေထွေသော ပန်းမျိုး အသီးမျိုး၊ ပျိုး သစ်စသော သစ်ပင်တို့ဖြင့် တင့်တယ်စွာ ဥယျာဉ်တစ်ခုကို ယခုပို့ ဆက်ရမည်။"

ကုန်းဘောင်ခေတ်နှောင်းပိုင်း မန္တလေးခေတ်မှာ မဟာဂီတ ထဲက ဥယျာဉ်တော်ကို ဖွဲ့နွဲ့သော ပတ်ပျိုးတစ်ပုဒ်ကို တွေ့ရသည်။ နိုင်ငံခြားဝန်ထောက်မင်း ဦးခြိမ့်ရေးသည့် 'စံရာရွှေနန်းပတ်ပျိုးကြီး' ဖြစ်ကာ ဘုံပုံနေ နန်းအလိုက် ဖြစ်ပါသည်။ 'ရတနာပုံကြငှန်း၊ နန်း သစ်ကယ်ရွှေမြေ၊ ဥယျာဉ်တော်ရံသန်း၊ နတ်နန်းနှင့် စံစတေ'ဆိုသည့် စာသားတွေကို ကြည့်လျှင် နန်းသစ်နှင့်အတူ ဥယျာဉ်တော်ကိုလည်း အလေးအမြတ်ပြုကြောင်း တွေ့နိုင်သည်။

သည်မဟာဂီတသီချင်းမှာ မန္တလေးက ဥယျာဉ်တော်တွေကို မှတ်တမ်းတင်ထားသည်။ ဆိုပါတော့ မန္တလေးတောင်တော် ဥယျာဉ် ကို ဖွဲ့ရာတွင် 'မန်းတောင်ယဉ်ဘောင်သွယ်ဖြာ၊ ဥယျာဉ်ဝေဆာ၊ ခိုင် ပေါင်းကြိုင်လန်း၊ မြင်သူဖူးမပန်း' လို့ ဖွဲ့သည်။ အဋ္ဌနကေသီဥယျာဉ် တော်ကို ဖွဲ့ရာတွင် 'နှင်းပန်းနော်ဇာ၊ မာလာသင်းခွေ၊ ဆပ်သွား ငွေ ရောင်ဒန်း၊ ခေါင်ရန်းဓိဇဝါ စံပယ်မိုးခွေ၊ လောင်းပန်းစုံခြေကမ်း' လို့ ပန်းတွေရှိကြောင်း ဖွဲ့သည်။ တချို့ဥယျာဉ်တော်မှာ ဝါးပင်တွေ ကိုပါ စိုက်ပျိုးထားကြောင်းကို 'မြမြထွားထွား၊ ဝါးအညီဖြူ၊ သိုက်တူ ညင်ခင်းဝါး' လို့ ဖွဲ့သည်။ ဥယျာဉ်တော်တွေတဲက ရေကန်ကြာပန်း၊

www.burmeseclassic.com

ကျေးငှက်၊ သင်းရနံ့လေပြည်၊ လှေလှောင်း၊ သစ်သီးသစ်နံ့တွေကို ဖွဲ့သည်။ 'သောင်တင်းမြူးကြမြန်း၊ ကူးကြသန်း၊ ရွှေပိန်ညင်း ကျေးချက်ဆန်း၊ မေးတက်ကမ်း၊ လျှမ်းလျှမ်းရေဆိုင်၊ ရွှေလောင်း ရွှေလှေပြိုင်'ကြပုံတွေကို ဖွဲ့သည်။ ဥယျာဉ်တော်ထဲက အရောင်တွေကိုတော့ 'စုံကန္တာမြိုင်နန်းဦး၊ ရာဘုရင်ရှိ ပန်းဖူး၊ ညွှန့်လူးစိုစို၊ လွှမ်းပိုမှိုင်းမှိုင်းမြ၊ ညိုညိုတဲ့ ညိုညိုခက်ချင်း ရွက်ချင်းမှုန်ပျို၊ ဝတ်ရက်ကယ်ငယ် ရွှေလိုလို'လို့ ဖွဲ့သည်။ ဥယျာဉ်တော်ထဲမှာပဲ တောင်ကုန်းကမူတွေရှိပုံကို 'ရွှေကြာကြိုင်ပျံ့၊ ခြားလေအောင် မြိုင်ချောင်မေဃနာထိပ်ဝယ်၊ ရိပ်ကျယ် မျှော်တော့မဆုံး၊ မြိုင်မြင့်ပန်းဂမုန်း'လို့ ဖွဲ့သည်။

ကျွန်တော်က မိတ်ဆွေဥယျာဉ်မှူး လိုက်ပြသည့် ပျိုးပင်၊ ပန်းပင်တွေကို ကြည့်ရှုရန် ယနေ့ခေတ် ပန်းပင်၊ ပျိုးပင် ဗိသုကာတွေရဲ့ အခန်းကဏ္ဍ မြင့်မားလာတာကိုလည်း သတိထားမိပါသည်။ သည်ခေတ်လမ်းပန်း၊ အဆောက်အအုံ၊ တံတားတွေမှာ ပန်းဥယျာဉ် အစီအမံတွေကို တွေ့နိုင်သည်။ ကွင်းထီးထီးထဲက အဆောက်အအုံ ထီးထီးကြီးခေတ် မဟုတ်တော့။ ပုံစံဒီဇိုင်းငယ်တွေ၊ စာရွက်တွေပေါ်မှာလည်း စိုက်ရမည့် သစ်ပင်၊ ထားရမည့် ပန်းအလှ၊ ပသာဒဖြစ်စရာ အခင်းအကျင်းတွေပါနေကြရပြီ။ တွက်ချက်ထားသိုနေကြရပြီ။ သည်အတွက် ငွေကြေး သတ်မှတ်ချက် လျာထားကြရပြီ။ ဒါတွေကို **(Landscaping)** ခေါ်နေကြတာကတော့ သိပ်မကောင်းလှပါ။ **(Landscape)**၏ မူရင်း အဓိပ္ပာယ်က ပြန့်လျားသော တောကျေးလက်သဘာဝ၏ အခင်းအကျင်းသဘောပါသည်။ လှပသော သဘာဝမြင်ကွင်း **(Beautiful Natural Scene)** တွေကိုသာ ဆိုသည်။ သဘာဝ အရိုင်းလှကို တုပထားသော သစ်ပင်အနုပညာ ဖန်တီးမှုသဘောကို တင်စားခေါ်နေကြတာများလား ကျွန်တော် တွေးနေမိ

www.burmeseclassic.com

သည်။ ဥယျာဉ်ဆိုသည့်စကားကတော့ ပညာရပ်နယ်ပယ်မှာ အဓိပ္ပာယ် သီးခြားရှိနိုင်ပါသည်။ သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ် **(Wild Life Park)**တွေ၊ သဘာဝဥယျာဉ် **(Natural Park)**တွေ၊ ရုက္ခဗေဒ ဥယျာဉ် **(Botanicall Garden)**တွေကို ကျွန်တော် ကြားဖူးသော် လည်း ယေဘုယျဆန်ဆန် သိနေခြင်းသာ ဖြစ်သည်။

ပြင်သစ်နိုင်ငံ၊ ပါရီမြို့ပတ်ဝန်းကျင်ရှိဥယျာဉ်၊ ပန်းခြံ၊ သဘာဝ ဥယျာဉ်တွေထဲကို ကျွန်တော် ရောက်ခဲ့သည်။ ကျွန်တော် ရောက်သွား သည့်အချိန်က နွေဦးဆိုတော့ တချို့သစ်ပင်တွေက ပုစွန်ဆီရောင်၊ ကြက်သွေးရောင်၊ နှင်းဆီရောင်၊ နီရဲရဲသွေးစွန်းရောင်တွေ တောက်ပနေ တာတွေ တွေ့ရသည်။ သူတို့က **'red-hued foliage'**ဟု ခေါ်သည်။ သည်အပင်တွေက ဆောင်းဦး **(Autumn)**မှာ ပိုလှသည်ဟု ပြော ကြသည်။ တချို့ဥယျာဉ်ကြီးတွေထဲမှာမှ သီးခြားပန်းခြံတွေ ပါဝင် စုစည်းထားတာလည်း ရှိ၏။ ဆိုပါတော့ ဘိုလောင်းဥယျာဉ် **(Boul-ogne Park)**ထဲက နှင်းဆီပန်းခြံ **(Rose Garden)**ဆိုတာမျိုး ဖြစ် သည်။ နိုင်ငံတကာ နှင်းဆီသစ်ပြိုင်ပွဲ **(International Competion of new roses)**ကိုသည် ဥယျာဉ်ကြီးမှာ ပြုလုပ်တတ်သည်။ သည် ဥယျာဉ်ကြီး၏ ထူးခြားမှုမှာ သစ်ပင်အိုကြီးတွေ ရှိခြင်းဖြစ်သည်။ ဝက်သစ်ချနှင့် ဘာ့ချ်ပင်တွေက နှစ်ပေါင်း ၂၀၀ ကျော်ကြပြီ။ သစ်ပင် အိုအိုတွေကြားက နှင်းဆီသစ်တွေကို ကျွန်တော် မြင်နေရတော့ ခံစားမှုတစ်စုံတစ်ရာ ရနေတတ်ပါသည်။

'ပါရီမှာ ရပ်ကွက်ကြီး နှစ်ဆယ်ရှိတယ်။ ရပ်ကွက်တစ်ခု မှာ ဥယျာဉ်ကြီးတစ်ခုစီရှိတယ်။ သီးခြားဥယျာဉ်ပန်းခြံတွေလည်း ရှိ တယ်။ ဥယျာဉ်၊ သစ်တောနဲ့ ပန်းခြံတွေမှာ ပြင်သစ်ဟန်၊ အင်္ဂလိပ်ဟန် စသည်ဖြင့် ခွဲခြားထားတတ်တယ်။ ပြီးတော့ နိုင်ငံသမိုင်းကြောင်းနဲ့ လည်း ဆက်စပ်နေပါတယ်"

www.burmeseclassic.com

ကျွန်တော့်ကို ဥယျာဉ်တွေထဲ လိုက်ပို့သည့် ပြင်သစ်သူမိတ်ဆွေက ပြောပါသည်။ ပါရီမှာ နာမည်ကြီးသည့် ဥယျာဉ်ကြီးတွေထဲက တစ်ခုမှာ ကျူးလရီးစ်ဥယျာဉ်များ **(Tuileries Gardens)** ဖြစ်သည်။ အရင်ကတော့ မိဖုရားကြီးကက်သရင်းဒီမက်ဒီးဆီး **(Catherine de medicis)**၏ နန်းတော်ရာရှိခဲ့ဖူးသည်။ အခုတော့ ဥယျာဉ်ဆိုတာ ဒါမျိုးပေါ့လို့ ခေါ်နိုင်သည့် ပြတိုက်လို့ ဆိုနိုင်သည်။ ကျောက်ရုပ်များနှင့် သံခြံစည်းရိုးက ၂၅ ဟက်တာစလုံးကို ဝန်းပတ်ထားသည်။ ကျွန်တော် တည်းခိုသည့် ဟိုတယ်နှင့် မဝေးလှပါ။ ဆိန်းမြစ်ဖြတ်တံတားတွေထဲက တစ်ခုခုကိုဖြတ်၊ လာကွန်း ကော့ဒ်ကွက်လပ်ကျယ်ရင်ပြင်ကိုရောက်၊ ကမ္ဘာကျော်လုဗ် **(Louvre)**ပြတိုက်ကြီး၏ အနောက်ဘက်ထောင့်အထိလျှောက်။ ၁၅၆၄ ခုနှစ်က စီစဉ်ခဲ့သော သည်ဥယျာဉ်တွေကို ၁၇ ရာစုမှာ ဗိသုကာ လေနိုးတား **(Le Notre)**က ထပ်မံမွမ်းမံခဲ့သည်။ ကျောက်ဆစ်ရုပ်တုတွေကိုတော့ လူဝီဖိလစ်လက်ထက်၊ နပိုလီယန်လက်ထက်၊ ရီပတ်ဗလစ်နိုင်ငံတော် လက်ထက်တွေမှာ အဆင့်ဆင့် ဖြည့်စွက်ခဲ့သည်။ သည်ဥယျာဉ်ကြီးနှင့် မနီးမဝေးမှာ အိုရန်းဂျရီးမျူဇီယမ် **(Orangery Museum)** ရှိသည်။ ဆိုတင်း **(Soutine)**၊ ဆေဇန်း **(Cezanne)**၊ ရန္နွား **(Renoir)**တို့၏ ပန်းချီကားများနှင့် အတူမိုနေး **(Monet)**၏ ကြာပန်းများ **(Waterlilies)** ပန်းချီကားထားရှိရာ ပြတိုက်ဖြစ်သည်။ ဥယျာဉ်ကြီး၏အရှေ့မြောက်အရပ်မှာတော့ အာဇာနည်မယ်ဂျုံးအော့စ်အာ့(ခ်) **(Joan of Arc)** ရုပ်တုကြီး ရှိသည်။

ပါရီမှာ နောက်ထပ် ဧည့်သည်အရောက်အပေါက်များသည့် ဥယျာဉ်မှာ ရက္ခဗေဒဥယျာဉ်ဖြစ်သည်။ ပြင်သစ်တွေကတော့ ဥယျာဉ်များ၏ဂုဏ်ပြုကမ္ဘာ **(Jardine des Planets)** ဟု ခေါ်သည်။ သည်

www.burmeseclassic.com

www.burmeseclassic.com


ဥယျာဉ်ကြီးကတော့ လူဝီ ၁၃ ၏ ဆေးဖက်ဝင် ပရဆေးတော်ဝင် ဥယျာဉ် **(Royal Garden of Medicinal Plants)** ဖြစ်၏။ နောက်ထပ် ကျွန်တော်ရောက်ခဲ့သည့် ဥယျာဉ်မှာ လာဇင်းဘာ့ခ်နန်းတော်၏ အင်္ဂလိပ်ဥယျာဉ်တော် ဖြစ်သည်။ မိဖုရားမာရီယာဒီမက်ဒီးဆီး၏ ငယ်ဘဝက နေထိုင်ခဲ့ဖူးသော ဖလိုရင့်စ်မြို့က နန်းတော်ပုံကို၊ နောင်ကြီးပြင်းသည့်အခါ ပြင်သစ်မှာ ဆောက်ယူသည့် နန်းတော်ကြီးဖြစ်သည်။ အခုတော့ ဆီနိတ်လွှတ်တော် **(Senate)** ဖြစ်နေပြီ။ သည်နန်းတော်ကြီး၏ ပန်းခြံပတ်လည်မှာ ရာပေါင်းများစွာသော ကုလားထိုင်တွေ ချထားသည်။ တောင်ကုန်းအမြင့်ကလေးမှာတော့ မိဖုရားကြီး၏ ရွှယ်တူကျောက်ဆစ်ပန်းပုရုပ်တု ရှိသည်။ တင်းမာခက်ထန်သော ရာဇမာန်ဖြင့် နန်းတော်နှင့် ဥယျာဉ်ကို ငေးစိုက်ကြည့်နေဟန် ဖြစ်သည်။ သည်ကုလားထိုင်တွေထဲက တစ်လုံးမှာ ဝင်ထိုင်ရင်း ကျွန်တော်လည်း ငေးခဲ့သေးသည်။ သည်ဥယျာဉ်ကြီး၏ ထူးခြားမှုတွေထဲမှာ ငြိမ်သက်ဟောင်းမြင်းနေသည့် ကျုံးတူးမြောင်း၊ စိမ်းကြည်နေသည့် ရေငြိမ်၊ အကိုင်းချင်း ယှက်နေသည့် သစ်ပင်များနှင့် သစ်ရိပ်ကွက်ကျား၊ ရေညှိတက် ကျောက်သားအဆောက်အအုံတစ်ခုကို 'အငြိမ်' အဖြစ် တွေ့နေသည်။ တစ်နေရာမှာတော့ ရေပန်းတစ်ခုရှိသည်။ ကြေးဝါမြင်းကြီးတွေက ရေပန်းထဲက အလန့်တကြား ရုန်းထွက်နေဟန်၊ ရေတွေက အရှိန်အဟုန်ကြောင့် ပြန့်ကျဲလွင့်စဉ်နေဟန်၊ ဝရန်းသုန်းကားမြင်းကွင်းတွေအပေါ်မှာတော့ ကမ္ဘာမြေကြီးကို ဝတ်လစ်စားလစ်မိန်းမပျိုလေးယောက်က ပင့်ထမ်းထားဟန် ကြေးရုပ်တုကို မြင်နေရသည်။ ကမ္ဘာကျော် ပန်းပုဆရာကားပိုး **(Carpeaux)** ၏ 'ကမ္ဘာမြေရဲ့ ထောင့်လေးထောင့် **(Four Corners of the Earth)** ပန်းပုရုပ်ကြီး ဖြစ်သည်။ ကျွန်တော် ပြောချင်တာက လာဇင်းဘာ့ခ်

www.burmeseclassic.com

အပါအဝင် အင်္ဂလိပ်ဥယျာဉ်တွေရဲ့ သဘာဝဖြစ်သည့် ပြန့်ပြူးခြင်း၊ ပန်းခင်းမွေ့ရာ **(Flower-beds)**၊ မြက်ခင်းနှင့် တိကျသပ်ရပ်ခြင်းထဲမှာ အလှုပ်နဲ့ အငြိမ်ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

နောက်ထပ် ဥယျာဉ်ကြီးတစ်ခုအကြောင်း ပြောခွင့်ပြုပါ။ ပါရီမြို့၏ အနောက်တောင်ဘက် ခပ်လှမ်းလှမ်းက ဗာဆေးလ်နန်းတော်ဥယျာဉ်ကြီးဖြစ်သည်။ ၁၆၂၄ လောက်က သည်နေရာမှာ ကျေးရွာသက်သက်သာ ရှိသေးသည်။ လူဝီ ၁၃ က နန်းတော်တစ်ဆောင်ဆောက်လိုက်သည်။ အမှန်ကတော့ အမဲလိုက် ရဲတိုက် **(Hunting Castle)**ဖြစ်သည်။ သည်နန်းတော်ကိုပဲ လူဝီ ၁၄ က ချဲ့ထွင် မွမ်းမံသည်။ သည်မှာလည်း ဥယျာဉ်တော် ဗိသုကာလေနိုးတား၏လက်ရာ ဥယျာဉ်ကြီးကို ကမ္ဘာလှည့်ခရီးသည်တွေ ရင်သပ်အံ့သြကြရသည်။ ဗာဆေးလ်နန်းတော်ဆောင်တွေပေါ်မှ လိုက်ကြည့်လျှင် မှန်ပြတင်းရှည်ကြီးတွေထဲက မြင်ရသော မြေပြင်ဥယျာဉ်ကြီးမှာ နန်းတော်ကြီးနှင့် အပြိုင် ခံ့ညားနေသည်။ သည်ဥယျာဉ်ကြီးကတော့ ပြင်သစ်ဟန်ဖြစ်ပါသည်။ အနုပညာမာယာများ ကြွယ်ဝမှုနှင့် မြင်ကွင်းအရ တီထွင်ဆန်းသစ်မှု **(Wealth of artistic devices and scenic inventions)** လို့ သူတို့က သုံးနှုန်းသည်။ ဥယျာဉ်ကြီးကပဲ ဧက ၂၅၀ လောက် ကျယ်သည်။ နန်းတော်ကြီးနှင့် လိုက်လျောညီထွေရှိအောင် ဖန်တီးထားတာကိုပဲ ပညာရှင်တွေက ချီးကျူးကြသည်။ ကျိုးကြောင်းဆီလျော်သည့် ပြည့်ဝပြည့်စုံမှု **(Logical Complement)** ဟု ဆိုသည်။

"သည်ဥယျာဉ်ကြီးဟာ ဒီဇိုင်းသိပ်ဆန်းတယ်၊ ဂျီသြမေထရီကျကျ၊ မူဘောင်တွေ ကန့်သတ်မှုနဲ့ သက်ရောက်မှုရှိတယ်။ ဒါပေမဲ့၊ ဒါကို ပန်းမွေ့ရာစိုက်ခင်းတွေ၊ သစ်တောတွေ၊ ကျောက်ဆစ် ရုပ်တုတွေ၊



www.burmeseclassic.com

ကြေးသွန်းရုပ်တုတွေ၊ ရေပန်းတွေ၊ လွင့်ပျံနေတဲ့ ရေမှုန်တွေ၊ နန်းဆောင်ပြာသဒ်တွေ၊ ကန့်လန့်လဲကျနေတဲ့ ရဲတိုက်ကြီးတွေနဲ့ ဖြေလျော့ထားတယ်။ ဒါကို အဆက်မပြတ် ကွဲပြားခြားနားသော မြင်ထောင့်များ **(Continually Varied Perspectives)** လို့ ခေါ်ကြတယ်"

ပြင်သစ်မိတ်ဆွေက ရှင်းပြခြင်းဖြစ်သည်။ အဝေးမှာ သစ်တောကြီးရှိသည်။ ရှည်လျားသည့် ကျုံးမြောင်းကြီးကို တမြော်တခေါ် မြင်နေရသည်။ သည်နန်းတော်၊ သည်ဥယျာဉ်၊ သည်ကျုံး၊ သည်သစ်တော၊ သည်ရုပ်တုရုပ်ကြွင်းတွေကိုပဲ အမြင့်မားဆုံး အနုပညာ မြောက်ရင့်ကျက်မှု၏ အကြည်လင်ဆုံး သက်သေ **(the most limipid evidence of the high degree of artistic maturity)** လို့ တင်စားကြတာကို ကျွန်တော် မကန့်ကွက်ဝံ့ပါ။

တရုတ်တို့၏ ဥယျာဉ်အနုပညာအကြောင်းကိုလည်း ကျွန်တော် တွေးနေမိပါသည်။ တရုတ်ဥယျာဉ် ယဉ်ကျေးမှုဒီဇိုင်းတွေမှာ ရှည် လျားသော သမိုင်းကြောင်းရှိသည်။ ထူးခြားသည့် စရိုက်လက္ခဏာတွေကို ရည်ညွှန်းပါသည်။ သူတို့ကလည်း ဥယျာဉ်ကို 'အလှုပ်သဘော' နှင့်'အငြိမ်သဘော'ရှုထောင့်က အကဲဖြတ်ပါသည်။ **(Static viewing)** နှင့် **(dynamic viewing)**ဖြစ်သည်။ ထောင့်သေအကဲဖြတ်ခြင်းနှင့် ထောင့်ပြောင်းအကဲဖြတ်ခြင်းလို့လည်း ဆိုနိုင်ပါသည်။ တရုတ်ဥယျာဉ်တွေမှာလည်း နန်းဆောင်၊ တဲနန်း၊ ရေကန်၊ ရုပ်တု၊ ပန်းများ၊ သစ်ပင်များ၊ လမ်းများ၊ တောင်ကုန်းနှင့် တိရစ္ဆာန်အထား အသိုသဘောက မကင်းပါ။ သစ်ပင်တွေ ကြားက ခုံတန်းမှာ ထိုင်ရင်း အဆောက်အအုံတွေကို စူးစမ်းနိုင်သည်။ ရေကန်တွေနား လမ်းလျှောက်နိုင်သည်။ အကာတန်းတစ်တန်းပေါ်က ငေးနိုင်သည်။ ရေကန်ထဲက ငါးလေးတွေကို ရေတွက်နိုင်သည်။ လေပြည်လေညင်းထဲက ပန်းရနံ့ကို နမ်း

www.burmeseclassic.com

ရှုက်နိုင်သည်။ ပန်းချီဆန်သော တောင်ကုန်း၊ တောင်ထွတ်ကို ခံစားနိုင်သည်။ သစ်ခက်တွေကြားက လကိုစောင့်ကြည့်နိုင်သည်။ ဥယျာဉ်မီးအိမ်တွေကို လွမ်းမောနိုင်သည်။ နံရံတွေပေါ်က ပန်းပွင့်သစ်ရိပ်တွေရဲ့ လှုပ်ရှားမှုတွေကို မြတ်နိုးနိုင်သည်။ တံတားအောက်က လှေကလေးတွေရဲ့ ဟိုဟိုသည်သည်ကို ငုံ့ကြည့်နိုင်သည်။

ဥယျာဉ်ကောင်းဆိုတာက ခြေလှမ်းတိုင်းမှာ အဓိပ္ပာယ်ရှိရသည်။ ထောင့်တွေပြောင်းတိုင်း လှပဖို့ လိုသည်ဆိုသည့် အဓိပ္ပာယ်လည်း ဖြစ်သည်။ ဥယျာဉ်၏ တည်ဆောက်ပုံဒီဇိုင်းနှင့် ဆိုင်သည့်သဘောလည်း ဖြစ်သည်။ တချို့ဥယျာဉ်ငယ်တွေကတော့ ဘွန်ဇိုင်း **(bonzai)**အိုးစိုက်ဥယျာဉ်ကလေးတွေနဲ့ ဖြစ်သည်။ တကယ်ကတော့ ဥယျာဉ်တွေရဲ့ ရှုခင်း၊ အဆောက်အအုံ၊ ပန်းပင်မျိုးစုံနှင့် သစ်ပင်တွေက စုစည်းထားသည့် အနုပညာလက်ရာသဘော၊ ခံစားမှုသဘော၊ ရှုချင်ဖွယ်ရာ ပသာဒသဘောဖြစ်ဖို့ လိုပါသည်။ တစ်ခုလုံး၏ ရုပသွင်ပြင်က လူ့ဖန်တီးမှုဆိုသော်လည်း သဘာဝနှင့် အနီးကပ်ဆုံးတူညီဖို့လည်း လိုသေးသည်။

ဥယျာဉ်တွင်းက တောင်ကုန်းတွေကလည်း ဥယျာဉ်ယဉ်ကျေးမှုဘာသာရပ်မှာ ဆန့်လျားသည့် တန်ဖိုးရှိသည်။ ရေကတော့ စီးဆင်းမှုတန်ဖိုးရှိရသည်။ ဒါကိုပဲ သွေးကြောနှင့် ရင်းမြစ်လို့ဆိုကြခြင်း ဖြစ်သည်။

“ရေက တောင်တန်းနောက်ကို လိုက်ရတယ်။ တောင်တန်းက ရေကို အသက်သွင်းပေးရတယ်။ အဲဒါမှ နှစ်မျိုးစလုံး အသက်ဝင်တယ်။ တောင်တန်းတွေကြောင့် ရေက ကောက်ကွေးစီးဆင်းရတယ်။ ဥယျာဉ်လမ်းကလေးတွေကတော့ ကွက်လပ်ကျယ်ကျယ်ရှိရာကို လိုက်ရတယ်။ ဒါဟာ တကယ့်တောင်တန်း၊ တကယ့်မြစ်



www.burmeseclassic.com

www.burmeseclassic.com


တွေဆီက ပုံတူယူထားတဲ့သဘောပဲ။ ဥယျာဉ်ထဲရောက်နေသူက သည်ခံစားမှုကို ရနိုင်မှ လိပ်ပြာနိုးတယ်”

ဥယျာဉ်တွေကို ပေါ့ပေါ့ဆဆ သဘောထားခဲ့သော ကျွန်တော်က သည်တော့မှ ရေနှင့် တောင်တန်း၏ တန်ဖိုးကို သဘောပေါက်ရသည်။ ဥယျာဉ်တွေထဲက အမိုးပြား အဆောက်အအုံတွေ၊ ပြေပြေပျော့ပျော့ကုန်းစောင်းတွေ၊ တောင်ကမူငယ်တွေကလည်း မျက်ရမ်းမှန်းဆမဟုတ်ပါ။ သဘာဝလောကနှင့် အနီးကပ်ဆုံး တုပချက်တွေဖြစ်ရသည်။ သစ်ပင်တွေကလည်း သစ်ရွက်များများဆိုသည့် အဓိပ္ပာယ်မဟုတ်။ ရသသဘောဆွဲဆောင်မှု **(Aesthetic appeal)**ဖြစ်သည်။ ပြတင်းဝက တစ်ဝက်တစ်ပျက်မြင်ရသော သစ်ကိုင်းတွေကို ကျွန်တော်တို့ အပိုင်းပိုင်းဖြတ်တောက်နေသလို ခံစားနိုင်သည်။ သူတို့ဆီမှာ ဥယျာဉ်ကြီးတွေထဲက သက်ရင့်သစ်ပင်ကြီးတွေကို တန်ဖိုးထားပါသည်။ ဝက်သစ်ချ၊ မိုးမခ၊ ဆိုက်ပရပ်စ်၊ ထင်းရှူးရှိမှ ဥယျာဉ်၏ တန်ဖိုးကြီးသည် ဆိုသည်။ တချို့ဥယျာဉ်တွေက မျိုးတူပင်တွေနှင့် စုစည်းသည်။ တချို့ဥယျာဉ်တွေကတော့ မျိုးကွဲပင်တွေရဲ့ အလှကို စုစည်းဖော်ကျူးသည်။

“ဥယျာဉ်အလှကို ခံစားရင်း မြူနဲ့ မိုးတိမ်ကိုပါ ရောထွေးခံစားရတယ်။ ဒါမှ ဥယျာဉ်တွေက တစ်ကိုယ်ရည်စရိုက်လား၊ ထူးခြားစရိုက်လားဆိုတာ ခွဲခြားခံစားနိုင်တယ်။ ဒါမျိုးတွေကို ဥယျာဉ်တွေရဲ့ သီးသန့်နေရာတစ်ခုမှာ လုပ်ထားသင့်တယ်။ သည်အချက်ဟာ ရက္ခဗေဒ ဥယျာဉ်တွေနဲ့ ကွာခြားချက်ပဲ။ အပင်တွေမှာလည်း သီးခြားစွမ်းရည်သိမ်းမှုက ပေးတဲ့ရသ၊ အရည်အတွက်က ပေးတဲ့ရသ၊ ထူးခြားဆန်းကြယ်မှုက ပေးတဲ့ရသတွေ ရှိတတ်ပါတယ်”

www.burmeseclassic.com

တစ်ကိုယ်ရည်စရိုက်က **(individual character)** ကို ပြော ခြင်းဖြစ်သည်။ ထူးခြားစရိုက်ကတော့ **(distinctive character)** ကို ဆိုလိုသည်။ ဥယျာဉ် တစ်ခုနှင့်တစ်ခု သာလွန်ချက်ကို တစ်ခါ တလေ ပန်းတွေနဲ့ နှိုင်းယှဉ်တတ်တာတွေလည်း ကျွန်တော်တို့ တွေ့ နေရသည်။ အမှန်ကတော့ ပန်းတွေနဲ့ မဆိုင်ပါ။ သီးခြားဂုဏ်ရည်တွေကြောင့် ဖြစ်သည်။ သည်သီးခြား ဂုဏ်ရည်ကပဲ ဥယျာဉ်တစ်ခု၏ ကိုယ်ပိုင်ဟန်ဖြစ်လာရသည်။ 'ဆင်တူယိုးမှားထဲက ကွာဟမှု၊ ကွာဟမှုထဲက ဆင်တူယိုးမှား' ဆိုသည့် စကားက ဥယျာဉ်ယဉ်ကျေးမှုက လာသည်။ ရှေးဟောင်းဥယျာဉ်တွေက အချိန်များများယူကာ မြုပ်နှံထားရသော်လည်း လေညှင်း၊ လရောင်၊ ပန်းရနံ့၊ နှင်းပွင့်တို့ကြောင့် လန်းဆန်းလတ်ဆတ်မှု ပျက်မသွားတတ်တာတွေလည်း ရှိသည်။ တကယ်တော့ ပန်းပင်နှင့် ပန်းပွင့်ကလည်း ဂီတနှင့် တေးသွားသံစဉ်သာ ဖြစ်သည်။ ဥယျာဉ်ရှုခင်းတွေမှာလည်း နှစ်မျိုးရှိသည်။ တစ်ခုက မြင်ကွင်းကျယ်ရှုခင်းတွေ ဖြစ်သည်။ တစ်ခုကတော့ အနီးကပ်ရှုမြင်ခြင်း ဖြစ်သည်။ ကျွန်တော်တို့ နှစ်သက်တာကို ခံစားနိုင်သည်။ မိုးမခပင် ရွက်စိမ်းရိပ်၊ ရေကန်ဘေးက ဂဏန်းသွား ပြသာဒ်ဆောင်၊ ရဲရဲနီသောသစ်တော်ပင်များ။ မြင်ကွင်းက မိုးမခပင်ရှည်ဆီက ပြသာဒ်ဆောင်သို့ နိမ့်ဆင်း။ ပြီးတော့မှ သစ်တော်ပင်ဖျားနီနီကို ပြန်မော့။ ဒါကိုပဲ ပညာရှင်တို့၏ အာရုံခံစားမှု **(Scholars' sensibility)** ဟုခေါ် ကြတာလား။ တောင်တန်းတွေမှာ ဝှက်ထားသော ကွေ့ကောက်လမ်းကလေးတွေ ရှိတတ်သည်။ ခြေလှမ်းနှေးနှေးတစ်လမ်းနဲ့ ခြေလှမ်းတစ်ရာကို အောင်နိုင်ပါစေ။ ဥယျာဉ်တွေထဲမှာ မလောပါနဲ့။ ဖြတ်ရင်းသွားရင်းအနီးကပ်ဆုံး ခံစားကြည့်ပါ။ ငေါထွက်နေတဲ့ ကျောက်စွန်းကလေးကိုတောင် မချန်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့ ဉယျာဉ်သည် မြင်ကွင်းအလှသာ ဖြစ်သည်။ ဉယျာဉ်၏ ယဉ်ကျေးမှုနှင့် သမိုင်းသည် အဓိကမဟုတ်ပါ။ ဉယျာဉ်ထဲက ခြေလျှင်လမ်းကလေးတွေကအစ အကွေးပြဿနာနှင့် အဖြောင့်ပြဿနာရှိသည်။ တချို့ဉယျာဉ်တွေက တံတားလည်း အကွေး၊ လမ်းကလည်းအကွေး၊ စကြံကလည်း အကွေး။ တချို့ဉယျာဉ်တွေကတော့ အဖြောင့်တွေချည်း။ တွန့်ခေါက်တံတားတွေ **(zig-zag bridges)** တွေလည်း ရှိသည်။ ဒါတွေအားလုံး ဉယျာဉ် သီဝရီတွေနှင့် ဆိုင်သည်။ သီဝရီများလျှင် အထားအသိုများသည်။ အထားအသိုများလျှင် ကြည့်ရမြင်ရတာ မအီမသာ ခံစားရသည်ဟု ဆိုသည်။ ဉယျာဉ်ဆိုတာက ကဗျာတစ်ပုဒ်ထဲက အကောင်းဆုံးစာကြောင်းတွေဖြစ်သည်။ ပြီးတော့ ကဗျာနဲ့လည်း တူရသည်။ နည်းနည်းပေးပြီး များများရယူသည့်သဘောဖြစ်သည်။ ဉယျာဉ်တွေထဲက အရောင်၊ အဆင်း၊ အနံ့၊ အသံ၊ လေညှင်း၊ မိုးတိမ်၊ ဆီးနှင်း၊ မြူ၊ သစ်ရိပ်၊ ပန်းရိပ်တွေ အားလုံးက မြင်နိုင်သော မမြင်နိုင်သော ဖွဲ့တည်မှု ဆင်ဖိုနီဆီသို့ ဦးတည်သည်။ ဉယျာဉ်ဆိုတာ ခပ်ကြမ်းကြမ်း တဖျင်းဖျင်း စုတ်ချက်တွေနဲ့ ရေးဆွဲထားသော်လည်း အဏုစိပ်အပြီးသတ်ထားသည့် ပန်းချီကားနှင့် တူရသည်ဟုလည်း ဆိုပါသည်။ သို့သော် ဉယျာဉ်တွေမှာ ပုံသေနည်းမရှိရ။

"ဒါက **Formula** တော့ မရှိဘူး။ တရုတ်ပန်းချီကားတွေလိုပဲ။ ဝါးနဲ့ သစ်ခွကိုပဲ ဆွဲနေကြတယ်။ ဒါပေမယ့် မတူကြဘူး။ သီးခြားဟန်နဲ့ သွားနေကြတာလေ။ ဒါကို **appropriate** လို့ ခေါ်တာပဲ။ အဆင်ပြေသလိုဆိုတဲ့သဘောပဲ"

စင်စစ် ဉယျာဉ်သည် ဒိုင်မင်းရှင်းသဘောပါသည့် အနုပညာဖွဲ့စည်းမှုတစ်ရပ်ဟု ဆိုကြပါသည်။ သို့သော် သည်ဒိုင်မင်းရှင်းက နှိုင်း

www.burmeseclassic.com

ယှဉ်မှုသဘောသာဖြစ်၍ လုံးဝဥဿုံသဘောတော့ မဟုတ်။ ဥယျာဉ်ကောင်းသည် ကန့်သတ်ထားသည့် ဘောင်ထဲမှာ အဆုံးမဲ့ကျယ်ပြောလွတ်လပ်နေခြင်း ဖြစ်သည်။ တစ်ခေါက်ရောက်ဖူးတာနဲ့ လွမ်းနေရသည်ဆိုမှ ဥယျာဉ်ကောင်း ဖြစ်သည်။ ဥယျာဉ်ကောင်း၏ သဘောမှာ ဖွဲ့စည်းမှုအရ ဝိသေသသဘော အချိုးကျနခြင်း **(Specific Proportion)** ကို ဆိုလိုပါသည်။ သည်အတွက် သီးခြားကွဲ ပြားခြားနားမှု **(individuality)** ရှိရသည်။ ကန့်သတ်မှု **(limitation)** ရှိရသည်။

"အဝေးတောင်တန်းတွေက အခြေတွေ၊ အဝေးသစ်တောတွေရဲ့ အမြစ်အရင်းတွေ၊ အဝေးက ရွက်လွင့်လှေတစ်စင်းရဲ့ လှေအိမ်တွေက ပန်းချီသဘောမှာ အရေးမပါတော့သလိုပါပဲ။ ဥယျာဉ်မှာလည်း သည် **priniciple** ရှိတယ်။ ဥယျာဉ်ဒီဇိုင်းဆရာတွေက တောင်ထွတ်ရဲ့ အောက်နားကျကျမှာပဲ အဆောက်အအုံထားတယ်။ တောင်ထွတ်မှာ သစ်ပင်မစိုက်ဘူး။ တောင်ဖျားကိုရော တောင်ခြေကိုပါ နှစ်မျိုးစလုံး ခံစားဖို့ ပေးမထားဘူး။ သစ်ပင်ကြီးတွေရဲ့ အဖျားနဲ့ ပင်ခြေနှစ်မျိုးစလုံးကို ပြသဖို့ မကြိုးစားဘူး။ ဥယျာဉ်ဆိုတာ သူနာပြုက လူနာကို ဂရုစိုက်သလိုပဲ။ ယုယမှုနဲ့ သိနားလည်မှုက သိပ်အရေးကြီးပါတယ်။

ကျွန်တော် သိပ်နားမလည်သော သဘောတရားတွေ ဖြစ်ပါသည်။ ဥယျာဉ်ကို မဆိုထားနှင့် ဥယျာဉ်ထဲက မီးတိုင်ကလေးတစ်လုံး၊ ကုလားထိုင်ကလေးတစ်လုံးကလည်း အရေးကြီးသည် ဆို၏။ ပရိဘောဂမဲ့သော ဥယျာဉ်သည် စာမတတ်သည့်လူနှင့် တူသည်။ ပရိဘောဂဒီဇိုင်းတွေက ကာလရှေရှည်ခံနိုင်ရသည်။ တစ်မျိုးနှင့်တစ်မျိုးလည်း အချင်းချင်းလိုက်ဖက်ညီမှု ရှိရသည်။ သုံးစွဲသည့် သစ်သား၊ ပရိဘောဂများ၏ အရောင်၊ ပရိဘောဂနှင့် ရာသီဥတု (ဥပမာ –

www.burmeseclassic.com

www.burmeseclassic.com


နွေရာသီမှာ ကြိမ်ကုလားထိုင်ဖြစ်ဖို့) စတာတွေလည်း အရေးကြီးသည်။ ဥယျာဉ်ထဲက ခုံတန်းလျား၊ ကျောက်ခုံ၊ ကျောက်စားပွဲ၊ တံခါး၊ ပြတင်း၊ ဝင်းခြံစည်းရိုးတွေက အစတစ်ခုစီ အရေးကြီးသည်။ မီးအိမ်ဆိုပါတော့။ ဘာမီးအိမ်လဲ။ ဘာအရောင်လဲ၊ ဘယ်လောက်လင်းမှာလဲ။ ဘယ်လိုထားမှာလဲ။ ဘယ်နားမှာ ထားမှာလဲ။ အရှင်ချိတ်လား၊ အသေချိတ်လား၊ ဆွဲလွဲလိုထားမှာလား။ ရွှေ့ပြောင်းနိုင်သလား။ လေတိုက်ရင် ယိမ်းသလား။ မယိမ်းဘူးလား။ လျှပ်စစ်ကို သုံးသည်ဆိုလျှင် ဝါယာတွေက မြင်ကွင်းထဲမှာလား။ ဓာတ်ပုံရိုက်ရင်ရော ပသာဒဖြစ်သလား။ အနှောင့်အယှက်ဖြစ်သလား။

ကျွန်တော် မှတ်မိသလောက် ဥယျာဉ်ယဉ်ကျေးမှုတွေ ဖြစ်သည်။ ဒါပေမယ့် တွေးရတာကတောင် ဘာသာရပ်ဆန်လှပါသည်။ ကျွန်တော်တို့ အဲသလောက် တင်းကျပ်နေဖို့ မဟုတ်ပါ။ သို့သော် အနုပညာတိုင်းမှာ စနစ်ရှိတာကို ကျွန်တော် ပြောချင်လို့ ဖြစ်ပါသည်။ ကျွန်တော့်စာရေးစားပွဲပေါ်မှာ နှင်းဆီပွင့်တွေ ဝေနေသည့် ကျောက်ပန်းအိုးစိမ်းစိမ်းလေး ရှိသည်။ ကျွန်တော့်မျက်စိတစ်လျှား မန္တလေးကမ်းနားလမ်းပေါ်က ကျွန်းခုံမှာ ရေတမာ (တည်ပင်) တွေ ကျိုးကျိုးကျဲကျဲရှိသည်။ အဝေးမှာတော့ ပေါက်ချင်သလို ပေါက်နေသည့် စစ်ကိုင်းတောင်ပေါ်က သစ်ပင်ညိုရီတွေကို မြင်နေရသည်။ အနုပညာအယူအဆတွေကလည်း ပြောင်းလဲနေသည်။ ဝိဒေဟရာဇ်မင်းကြီးက ဥယျာဉ်ဟောင်းက သစ်ပင်အိုတွေကြောင့် ပင်ပျိုတွေနှင့် ဝေစည်သော ဥယျာဉ်ကို အရှေ့ယဝမဇ္ဈိဂုံးရွာသားတွေကို တည်ဆောက်ခိုင်းခဲ့သည်။ ခေတ်ဥယျာဉ်အမြင်ကတော့ သစ်ပင်အိုကြီးတွေကို ခံစားခိုင်းနေသည်။

www.burmeseclassic.com

"အနုပညာခံစားမှုသည် ပြတိုက်များထဲတွင်သာ ရှိသည်ဟု ထင်ခြင်းသည် အမှားတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့ပတ်ဝန်းကျင်ကို ပြန်ကြည့်လိုက်လျှင် ကျွန်တော်တို့တွင် အနုပညာတွေ တစ်နည်းပြောရလျှင် အနုပညာစေတနာကြောင့် ပေါ်ထွက်လာသော ဝတ္ထုပစ္စည်းတွေ ပတ်လည်ဝိုင်းနေသည်ကို သဘောပေါက်ကြမည် မဟုတ်ပါ။ သမိုင်းမပေါ်မီကတည်းကပင်လျှင် လူတို့သည် မိမိ မျက်စိကို ပသာဒဖြစ်စေသော ပုံပန်းသဏ္ဍာန်၊ အရောင်အသွေးတို့ မပါသော အရာများကို ပြုလုပ်၍ ရောင့်ရဲတင်းတိမ်နေခဲ့ကြသည် မဟုတ်ပါ။ မကြာသေးမီအချိန်အထိ အသုံးကျရုံသက်သက်မျှသာ ပြုလုပ်ထားသည့် အရာဝတ္ထုများသည် ရှားပါးလာခဲ့ပါသည်။ ယခုအခါတွင်မူ ဗိသုကာအရိုးခံဝါဒနှင့် ခြိုးခြံရေးဝါဒဟူသော အမြွှာညီနောင်တို့၏ ကောင်းမှုကြောင့် (အလှအပကို ဦးစားမပေးဘဲ)၊ အသုံးကျရေးသက်သက်အတွက်သာ ပြုလုပ်ထားသည့် ပစ္စည်းတို့သည် များပြားစပြုလာခဲ့ပါသည်။ သို့ရာတွင် ထိုသို့သော အောက်တန်းကျသည့် ပျူရိတန် အယူအဆသည် ပျောက်ကွယ်သွားရမည်သာ ဖြစ်ပါသည်"

အက်ဆေးဆရာ **Sir Kenneth clark**၏ အယူအဆဖြစ်ပါသည်။ ၂၁ ရာစုအဝင်တွင် သည်အယူအဆမှာ ပိုမိုလာခဲ့သည်။ **Bigger is better** အယူအဆ၊ ထိုအယူအဆတွေကနေ **Less is more** ကို ပြောလာကြပြီ။ ပိုမို အသုံးကျရေး၊ ဈေးကွက်ဝင်ရေး၊ အရည်အသွေးပြည့်မီရေး၊ ဈေးနှုန်းသင့်မြတ်ရေး အယူအဆတွေက ဝင်ရောက်နေလာခဲ့ပြီ။ ခရစ်ယာန်ဘာသာမှာတော့ ဘုရားသခင်က လူနှင့် သစ်ပင်ကို တစ်ပြိုင်တည်း ဖန်ဆင်းတော်မူခဲ့သည်။

"ထာဝရဘုရားသခင်သည်လည်း အရှေ့မျက်နှာဧဒင်အရပ်၌ ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင် ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com


၌ နေရာချတော်မူ၏။ ထိုမြေထဲက အဆင်းလှ၍ စားဖွယ်ကောင်းသော အပင်အမျိုးမျိုးကို ထာဝရအရှင်ဘုရားသခင်ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌ အသက်ပင်လည်း ရှိ၏။ ကောင်းမကောင်းကို သိကျွမ်းရာအပင်လည်း ရှိ၏။ ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တစ်မြစ်သည် ဧဒင်အရပ်ထဲက စီးထွက်သဖြင့် ဥယျာဉ်ပြင်မှာ လေးဖြာကွဲ၍ မြစ်မလေးသွယ် ဖြစ်လေ၏”

ထာဝရဘုရားသခင်သည် လည်းကောင်း၊ ဝိဒေဟရာဇ်မင်းကြီးသည် လည်းကောင်း၊ မင်းတုန်းမင်းကြီးသည် လည်းကောင်း၊ ဥယျာဉ်တော်များ ဖန်ဆင်းရာ၌ ပျူရီတန်အယူအဆမရှိခဲ့ကြသူများဖြစ်ပါသည်။ စာရေးဆရာ **Ruskin Bond** က ချယ်ရီပင်တစ်ပင်ဆိုသည့် ဝတ္ထုတစ်ပုဒ်ရေးဖူးသည်။ ဟိမဝန္တာတောင်ခြေဘက် ကရှိမီးဒေသက အိန္ဒိယလူမျိုး မြေးအဘိုးအကြောင်းဖြစ်သည်။ ရှားရှားပါးပါးအပင်ကလေးမို့ ဂရုတစိုက် စောင့်ရှောက်ခဲ့ကြသည်။ အခက်အခဲအမျိုးမျိုးကြားက ကြီးထွားလာရသည့် သစ်ပင်ကလေး။ အပင်ကလေးကြီးလာတော့ ချယ်ရီပင်အောက်မှာ မြေအဘိုးနှစ်ယောက်ထိုင်ရင်းက ကြည်နူးကြရသည့် ဝတ္ထုတိုလေး ဖြစ်သည်။ ဝတ္ထုအဆုံးမှာတော့ ရာခီး (မြေးဖြစ်သူ) က စကားတစ်ခွန်းပြောလိုက်သည်။ ‘ကမ္ဘာလောကကို ဖန်ဆင်းတဲ့ ဘုရားသခင်ရဲ့ စိတ်ခံစားမှုမျိုးကလည်း ဒါမျိုးပဲနေမှာပဲနော် ဘိုးဘိုး’တဲ့။ ဆရာမြသန်းတင့်၏ ဘာသာပြန်အက်ဆေးတစ်ပုဒ်ထဲက စာသားတွေကို ကျွန်တော် ပြန်ဖတ်ဖြစ်ပါသည်။

“အိမ်နီးချင်း၏ ပန်းခြံကို ကျွန်တော်အားကျသောကြောင့် ဖော်ပြနေခြင်း မဟုတ်ပါ။ ထိုဥယျာဉ်များသည် မှန်ထဲတွင် မြင်ရသော အခန်းဆောင်များကဲ့သို့ အစစ်အမှန်မဟုတ်ကြောင်းကို ကျွန်တော်

www.burmeseclassic.com

သိပါသည်။ ဖိတ်ခေါ်သဖြင့် သူ့ပန်းခြံထဲသို့ ရောက်သွားလျှင် ကျွန်တော့်ကို ဆွဲဆောင်သော အရာမှာ ပန်းပွင့်တွေ ဝေနေအောင် ပွင့်သောပန်းချုံများ မဟုတ်ပါ။ ထိုအရာများကိုမူ ကျွန်တော်တို့ ရေချိုးခန်းက လှမ်းကြည့်လျှင်လည်း မြင်ရပါသည်။ သူများပန်းခြံထဲရောက်၍ ကျွန်တော်တို့ကို ဆွဲဆောင်သောအရာမှာ ကိုယ့်အိမ်ပြတင်းပေါက်များ၏ ထူးခြားသော မြင်ကွင်းသာ ဖြစ်ပါသည်”

ကိုယ့်အိမ်ပြတင်းက သူတစ်ပါးပန်းခြံကို လှမ်းခံစားမှုထက် ကိုယ့်ခြံထဲက ဥယျာဉ်ကလေးကို ကိုယ့်ပြတင်းက မြင်ရသော အရသာကသာ အစစ်အမှန်ဖြစ်ပါသည်။ ကိုယ့်ပန်းအိုးကလေးထဲက ပွင့်သောပန်းကို ကိုယ်တိုင် ဘုရားတင်၊ ကိုယ်တိုင်ပန်ဆင်၊ ကိုယ်တိုင် နမ်းရှိုက်ရသော အရသာကသာ အစစ်အမှန်တန်ဖိုး ဖြစ်သည်။ ပန်းဆိုတာ တစ်ပွင့်ချင်းသာ ပွင့်လွယ်၊ ညှိုးလွယ်၊ သေဆုံးလွယ်သော်လည်း ပန်းလောက ပန်းအသိုက်မြုံကတော့ သေဆုံးတယ်လို့ မရှိပါ။ ဥယျာဉ်ရှိလျှင် ဥယျာဉ်ထဲကို သွားပါ။ ဥယျာဉ်မရှိလျှင် ပန်းပင်စိုက်ပါ။ ဥယျာဉ်ချစ်လျှင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဆုလာဘ်ကို ရနိုင်ပါသည်။

**စာကိုး**

ဆရာမြသန်းတင့်၊ အနုပညာခံစားမှုအက်ဆေး၊
ဆရာမြသန်းတင့်၊ ပန်းပင်စိုက်ရအောက်အက်ဆေး။
မင်းပူးဦးသြဘာသ၊ မဟောသဓဇာတ်တော်ကြီး
သမ္မာကျမ်း **(Burmese Bible)**
**Ruskin Bond : A Cherry Tree.**

■



www.burmeseclassic.com

www.burmeseclassic.com

# ကူးတို့ရှင်

“စီးဆင်းနေသည့် မြစ်ရေ၏ အလျင်ကို အထီးကျန်ကမ်းပါးထိပ်က ကျွန်တော် စောင့်ကြည့်နေခဲ့သည်။ မြစ်ရေမို့မို့မောက်မောက်တွေက ကျွန်တော့်ကို တသိမ့်သိမ့် ရယ်မောပြနေသည်။ လေပြည်ကတော့ တသုန်သုန်တိုက်ခတ်လျက်ရှိ၏။ ကျွန်တော် တစ်ခါဖူးသော်မှ မကူး ဖြတ်ခဲ့ဖူးသည့် ဒေါသမာန် ဒီရေလှိုင်းကြမ်းတွေကို ဖြတ်ကျော်ကာ တစ်ဖက်ကမ်းက မီးရောင်လက်လက်အိမ်ကလေးဆီ ဆိုက်ရောက်သွားသည်ကို ကျွန်တော် ခံစားနေရသည်။

လှေကို မမီတော့လည်း ကိစ္စမရှိ။ နေဝင်ရီတရော ကူးတို့သိမ်းချိန်ဆိုဦးတော့ တခြားလမ်းတွေကို ရွေးချယ်နိုင်ပါသည်။ ဘဝ၏ဝန်ထုပ်ဝန်ပိုးတွေကို လေးလေးပိပိ ထမ်းပိုးရင်း မိုင်ထောင်ချီခရီးစဉ်ကို လေးကန်ဖင့်နွဲ့ ကျွန်တော်တို့ လျှောက်လှမ်းခဲ့ကြပြီ။ ဘဝလမ်းပေါ်က အလဟဿ တဒင်္ဂနာရီတွေကို ဖြုန်းတီးဖြတ်သန်းရင်း ဝဋ်ကြွေးဆပ်နေရတာကကော။

ဘဝသည် ဒုက္ခစီးဆင်းမှု (စမ်းချောင်း)နှင့် တူသည်။ ဒီရေ ကတော့ ကြမ်းကြမ်းသွက်သွက် အော်ဟစ်နေသည်။ ကောင်းကင်ဘုံအလင်းတန်းတွေက ကမ်းတစ်ဖက်က လက်ယပ်ခေါ်နေသည်။ နာကျင်ဆုံးရှုံးမှုတွေကို ကျားကုပ်ကျားခဲအန်တုရင်း ‘သက်ဝင်ယုံ

www.burmeseclassic.com

*ကြည်မှု’နှင့် စောင့်ဆိုင်းနိုင်လျှင် ဘုရားသခင်က မြစ်ကို ကူးဖြတ်ဖို့ ကူးတို့ရှင်ကို ပို့လွှတ်တော်မူလိမ့်မည်”*

**[Patience Strong ၏ Ferryman]**

မြစ်ရေတွေက တာရိုးအခြေကို လာထိနေသည်။ ကျွန်တော်နှင့် မြစ်ရေသည် တာရိုးတစ်လမ်းစာသာ ခြားသည်လို့လည်း ဆိုနိုင်ပါသည်။ သည်တော့ ကူးတို့လှေတွေကလည်း ကျွန်တော့်မျက်စိအောက်ကို ရောက်နေကြသည်။ မြစ်ရေက အလယ်ကျွန်းသောင်ကြီးကို ဖုံးလွှမ်းပစ်လိုက်သည်။ ကျွန်းပေါ်က ဆီးပင် ပင်ရိုးရှည်သည်ပင် မြစ်ရေထဲ ရောက်နေသည့် ချုံပုတ်စိမ်းစိမ်းကြီးနှင့် တူနေလေသည်။ သည်ဆီးပင်က ကျွန်တော်၏ ဟိုက်ဒရိုဂရပ်ဖ်ဖြစ်၏။ မြစ်ရေတွေတက်နေသလား၊ နည်းနည်းကျသွားသလားဆိုတာ ဆီးပင်၏ ပင်စည်ဘယ်လောက်ပေါ်လာသလဲဆိုတာနှင့် တိုင်းနိုင်သည်။ မန္တလေးမှာ မိုးဟုတ်တိပတ်တိ မရွာသော်လည်း မြစ်ရေတွေ ကြီးချင်ကြီးနေတတ်ပါသည်။

“ရေက သုံးခါတိုးဦးမှာ။ အခုက နောက်ဆုံးရေလေ။ တန်ဆောင်မုန်းရေကြီးလည်း လာချင်လာဦးမှာ’ဟု ကူးတို့သမားက ကျွန်တော့်ကို ပြောသည်။ အတန်ငယ် အပက်ကျယ်သော လှေဟောင်းကြီးနှစ်စင်းက မြစ်ရေကြောင့် လှုပ်ခါနေသည်။ စင်စစ် သည်နေရာသည် ကူးတို့ဆိပ်မဟုတ်ပါ။ မြစ်ရေတိုးတော့ ကမ်းသာသည့်နေရာတွေမှာ ကြုံသလို ထိုးကြခြင်းဖြစ်သည်။ ကမူထိပ်က ရှားစေးရောင် ကွမ်းယာသည်က ကွမ်းအိမ်ကလေးထဲမှာ ငိုက်မျဉ်းနေသည်။ ကူးတို့ သမားတွေကို ဖောက်သည်လုပ်ထားရသော်လည်း ဝယ်လိုအား ကောင်းလှပုံမပေါ်ပါ။



www.burmeseclassic.com

"ဂုံခါးဆေးများများ ထုပ်စမ်းဟာ။ ပိုက်ဆံနောက်မှ ယူတော့" ရှားစေးရောင် ကွမ်းသည်မက မျက်စောင်းတစ်ချက်ထိုးကာ ကွမ်းကို ယာသည်။ စင်စစ် သည်နေရာသည် ဆိပ်ကမ်းမဟုတ်။ လှေဆိပ်က လည်း ယာယီ။ ကွမ်းယာဆိုင်ကလေးကလည်း ယာယီ။ သူတို့မှ မဟုတ်။ သဲမော်တော်တွေကလည်း ယာယီပါပဲ။ သဲတင်နေသည့် မိန်းမသုံးလေးယောက်နှင့် ဆိပ်ကမ်းသည် ငြီးစိစိဖြစ်နေသည်။

"ပင်လယ်တစ်ခုလုံး
လှိုင်းတွေမရှိ...
စံပယ်ပန်းတွေအပြည့်...။
သက်တံ့လှေက
ကမ္ဘာရေမြေတောတောင်မကျန်
ချစ်ခြင်းမေတ္တာကို တင်ဆောင်...။
ဆိပ်ကမ်းမှာတော့
အမုန်းမရှိ
စစ်ပွဲမရှိ
တရားရပြီးမှ
ထပ်မံငြင်းခုံစရာ
တရားမရှိ။"

ဆရာသုခမိန်လှိုင်၏ 'ဆိပ်ကမ်း' ကဗျာဖြစ်သည်။ သည်နေရာ မှာတော့ စံပယ်ပန်းတွေ မရှိ။ ချစ်ခြင်းမေတ္တာမရှိ။ ကုန်လုပ်ဆက်ဆံ ရေးဘဝသာရှိသည်။ အဝေးမှာတော့ ဧရာဝတီကိုယ်တိုင်က သူ့ရေ ထဲမှာ သူမြုပ်နေသည်။ ကူးတို့သမားက စစ်ကိုင်းတောင်ခြေထိ လှမ်း မြင်နေရသော မြစ်ရေတွေကို ငေးနေသည်။ သူက တံငါသည် တစ် ယောက်ဖြစ်သည်။ တံငါလှေကလေးတစ်စင်း ပိုင်သည်။ အရေး

www.burmeseclassic.com

ကြီးသည့်အခါ ခရီးသည်တွေက သူ့လှေကလေးကိုပဲ ကူးတို့လှေအဖြစ် သုံးရာက တံငါအလုပ်ကို စွန့်ကာ ကူးတို့သမားဖြစ်လာခဲ့သည် ဆို၏။ သူက ကွမ်းသွေးတွေကို မြစ်ရေထဲ ဖွမ်းခနဲ ထွေးရင်းက ပြုံးနေသည်။

"ကျုပ်ဗျာ ကူးတို့လေး ကူးစားပါတယ်။ လိုင်စင်စီကူးတို့ဆိပ်တွေက မကပ်ရဘူးတဲ့။ ကူးတို့မဆွဲရဘူးတဲ့။ ဒါကြောင့် သည်ဘက်ထွက်လာတာ။ ကူးရသလောက်ပေါ့"

မည်းခြောက်နေသည့်အသားက ရေနံချေးသုတ်ထားသည့် လှေ ဟောင်းနှင့် သိပ်မကွာလှပါ။ မန္တလေးဆိပ်ကမ်းတစ်လျှောက် ကူးတို့ ဆိပ်တွေ တော်တော်များများရှိသည်။ ကျွန်တော် သိသလောက် မရမ်းခြံဆိပ်၊ ထင်းဝင်းဆိပ်၊ ဂေါဝိန်ဆိပ်၊ ချော်ဆိပ် စသည့် ကူးတို့ ဆိပ်တွေ ဖြစ်သည်။ ထင်းဝင်းဆိပ်ကိုတော့ ဘောဂကြီးဆိပ်လို့ လူသိများသည်။ 'ဘောဂကြီး' သင်္ဘောဆိုက်ကပ်နေကျနေရာကို အစွဲပြု ခေါ်ကြခြင်း ဖြစ်သည်။ မြစ်တစ်ဖက်ကမ်းရွာတွေဖြစ်သည့် မင်းကွန်း၊ ညောင်ပင်သာ၊ သံဖိုကျွန်း၊ ဖိုးလှကုန်း၊ ဝါးချက် စသည့် ရွာတွေက မန္တလေးကို မကူးမဖြစ် ကူးနေရသူတွေ ရှိသည်။ မြစ်ပြင်ကို ကန့်လန့်ဖြတ် ကူးကြသန်းကြရင်း မြို့ပြကို တိုးဝင်နေကြရသူတွေ။ ရွာနှစ်ရွာက ကပ်လျက် ကူးတို့ဆိပ်တွေကတော့ ခရီးသည်လုကြရင်း ပြဿနာတွေ ဖြစ်ကြတာလည်း ရှိသည်။ စက်တပ်သမ္ဗာန်တွေ ဖြစ်သည့် ပဲ့ထောင်တွေက လူခတ်ငှက်သမ္ဗာန်တွေကို တကျွတ်ကျွတ် ဝါးမျိုစပြုနေပြီ။ ဟိုတုန်းက ရွာနှစ်ရွာကူးတို့နှစ်ဆိပ်က ငှက် လှေကူးတို့တွေအချင်းချင်း အပြိုင်အဆိုင်ဆွဲရင်း လှေခရေးချခဲ့ကြဖူးသည်။ နောက်တော့ အခမဲ့ကူးတို့တွေ ဖြစ်လာခဲ့သည်။ ဦးနုအောက်နှင့် ဧရာဝတီ ဖလိုတီလာကုမ္ပဏီလိုတော့ ပဝါမကမ်းနိုင်ကြ။ နောက်တော့လည်း ကိုယ့်ရွာက ခရီးသည်ကိုယ်ပို့ လုပ်ခဲ့ကြသည်။

www.burmeseclassic.com

ကျွန်တော်က တစ်ခါတစ်ခါ မြစ်ဆိပ်မှာ ထိုင်ရင်း လူတွေ အပြည့်ပါသွားသည့် ပဲ့ထောင်တွေကို ကြည့်နေမိတတ်သည်။ မြစ်ပြင်ထဲမှာ စက်ခုတ်သံတွေ ညံနေသည်ကော။ နေဝင်ရီတရော တိမ်တောက်ချိန်မှာ မြစ်ရေကလည်း ဝါတောက်နေသည်။ အခုတော့ မြစ်ဆိပ်၊ ကူးတို့ဆိပ်မှာ ခိုတောင်မုန့်တီသည်တွေကို တွေ့နိုင်သည်။ မနက်ဘက် မန္တလေးဘက်ကို မုန့်လာရောင်း၊ ညနေဘက်ကျမှ ခိုတောင်ကူးတို့ ပြန်ချိန်ဆိပ်ကမ်းမှာ ဆုံကြ။ နောက်ကျသူရှိလျှင် စောင့်၊ လူစုံလျှင် ကူးတို့နှင့် ပြန်။ ကူးချည်သန်းချည်ဘဝများ။ ကျွန်တော်က ဆရာလင်းယုန်သစ်လွင်၏ ဓမ္မဝိလာသဝတ္ထုရှည်ကို သတိရနေသည်။ ရှင်ဓမ္မဝိလာသ၊ ကူးတို့သမား မောင်ညိုနှင့် ချည်ခင်ရောင်းသူ မပုလဲတို့၏ ဇာတ်အဖွင့်ကို မြင်ယောင်နေခြင်း ဖြစ်သည်။

"ကိုင်း၊ လိုက်မှာဖြင့်တက်၊ ဦးပဉ္စင်း နေသိပ်ပူနေမယ်"

မောင်ညိုက ပြောပြောဆိုဆို ခပ်တက်နှစ်ချောင်းကို ကောက်ကိုင်သည်။

"ကူးတို့ခက ဘယ်လောက်လဲ"

"ကူးတို့ခ ဟုတ်လား။ အံ့ပါရဲ့ဟာ။ ဒါများ အဆန်းလုပ်လို့ ပုလဲရာ။ သောင်တုန်း တစ်မတ်၊ ဈေးဦးကျွန်း တစ်မူး၊ ဈေးဦးကျွန်းက ခရီးထက်ဝက်"

မောင်ညိုက ပြောသည်။

"တပည့်တော်မ ကူးတို့ကြေး မပြည့်ပါဘူးဘုရား။ တစ်ပဲတည်း ပါပါတယ်" ပုလဲက မျက်လွှာချကာ ရှင်ဓမ္မဝိလာသအား လျှောက်ထားသည်။

"ကဲပါလေ၊ ကိုယ့်ရွာသူရွာသားတွေပဲ တစ်ပဲလည်း တစ်ပဲပဲပေါ့။ တက်တက်" ရှင်ဓမ္မဝိလာသက အမိန့်ရှိသည်။

"ရပါတယ်ဟ တစ်ပဲမပေးချင်လည်း နေပါ။ နင့်ပိုက်ဆံ နင်ပဲ သုံးပါ။ အလကား ငါပို့ပေးပါ့မယ်။ နင့်ကို ငါ သနားတယ်"

www.burmeseclassic.com

ဤသို့ဖြင့် မိုးကြီးလေကြီး ကျခဲ့သော မြစ်ပြင်ပေါ်က ဝရုန်းသုန်းကားမှုများ။ ကူးတို့သမား မောင်ညိုရုပ်အလောင်း၊ ပုလဲ၏ ပတ္တမြားကြတ်ငုံ၊ ရဟန်းတော်တစ်ပါး၏သီလ၊ သိက္ခာပညာတို့ဖြင့် ထုံမွှမ်းအပ်သော မြန်မာဝတ္ထုကြီးတစ်ပုဒ်ကို ကျွန်တော် သတိရနေခြင်း ဖြစ်သည်။ ဓမ္မဝိလာသ၏ အဖွင့်အခန်းသည် ဆရာဇော်ဂျီဘာသာပြန်သည့် နိုင်ငံရပ်ခြားဝတ္ထုတိုတစ်ပုဒ်နှင့် ဆင်ဆင်တူနေသော်လည်း နောက်ပိုင်းအခန်းတွေကတော့ သီးခြားကွဲထွက်သွားသည်။ နိုင်ငံရပ်ခြားဝတ္ထုတိုမှာတော့ ဇာတ်ဆောင်က သင်းအုပ်ဆရာဖြစ်သည်။ ကျွန်တော်က စစ်ကိုင်းတောင်တန်းပေါ်က မိုးတိမ်တွေကို ငေးရင်း စဉ်းစားနေမိခြင်း ဖြစ်သည်။

ကျွန်တော့်မြင်ကွင်းထဲမှာ လှေတွေရှိသည်။ သုံးထပ်သင်္ဘောဖြူဖြူကြီးတွေ ရှိသည်။ ပြည်ကူးတို့လို့ ခေါ်ကြသည့် သင်္ဘောအိုအိုကြီးတွေလည်း ရှိသည်။ ကူးတို့ဆိုသည့်စကားအဓိပ္ပာယ်မှာ ကမ်းတစ်ခုမှ ကမ်းတစ်ခုသို့ ပို့ဆောင်ခြင်းကို ခေါ်ပုံရသည်။ ကန့်လန့်ဖြတ် ပို့ဆောင်တာလည်း ကူးတို့၊ အလျားလိုက် ပို့ဆောင်တာလည်း ကူးတို့ဟု ခေါ်နိုင်ပုံရသည်။ မြို့တစ်မြို့က မြို့တစ်မြို့ကို သင်္ဘောကူးတို့နှင့်မှ သွားလို့ရသည့် မြို့တွေ ရွာတွေ ရှိနေသေးသည်။ ကူးတို့သင်္ဘောမလာလို့ သဲသောင်ပြင်ကျွတ်ရွရွမှာ စောင့်ရသည့် ဒုက္ခကို ကျွန်တော် ကြုံဖူးသည်။ ကျွန်တော့်ဇာတိကုန်းဇောင်းသို့ ပြန်ရန် ရေနံချောင်းဆိပ်ကမ်းက ကူးတို့လှေစီးခဲ့ရတာတွေကိုလည်း သတိရပါသည်။ ရေနံချောင်းနှင့် သံကိုင်း (ကုန်းဇောင်းမြို့ဆိပ်) ကို ကူးသည့် ကူးတို့လှေတွေထဲမှာ ဦးထိုက်တို့ သားအဖကို ကျွန်တော် မှတ်မိနေသည်။

"ကျုပ်တို့သားအဖပါရင် စိတ်သာချ။ ဘာမှမဖြစ်စေရဘူး"



www.burmeseclassic.com

သည်အာမခံချက်နှင့် ကူးခဲ့ရသည့်အကြိမ်တွေ မနည်း။ လှေဦးစီး ဒါမှမဟုတ် ကူးတို့လှေသူကြီး လုပ်ခဲ့ဖူးသည့် ဘကြီးညို ကတော့ တရားသမားကြီး ဖြစ်သည်။ သူ့ဘဝကို တရားဘာဝနာဖြင့် ဆက်စပ်ကာ ဆင်ခြင်လေ့ရှိသူ ဖြစ်သည်။

"မိလိန္ဒမင်းကြီးကို ရှင်နာဂသိန် ဖြေသလိုပဲ။ ကျုပ်တို့လှေ တွေဟာ အမျိုးမျိုးသော သစ်တွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားသလိုပဲ ယောဂီရဟန်းဆိုတာလည်း အကျင့်သီလအမျိုးမျိုးနဲ့ ပေါင်းစပ်ဖွဲ့စည်း ထားရတယ်။ လှေဟာ ဝဲသြဃတို့ရဲ့ဒဏ်၊ လှိုင်းလေရဲ့ဒဏ်ကို ကြံ့ ကြံ့ခိုင်နိုင်သလိုပဲ၊ ယောဂီရဟန်းဟာ ကိလေသာရဲ့ဒဏ်၊ လောကဓံ ရဲ့ဒဏ်ကို ခံနိုင်ရတယ်။ လှေဟာ ကမ်းမမြင်အောင် ကျယ်ပြီး ထောက်လို့ မမီအောင် နက်ရှိုင်းတဲ့ ပင်လယ်ကို သွားလာနိုင်သလို ပဲ ယောဂီရဟန်းဟာ သစ္စာလေးပါးရဲ့ သဘောကို စိတ်အားဖြင့် ကျက်စားနိုင်ရတယ်"

"ဘကြီးညိုက ရေကိုပဲ အိမ်လုပ်နေရတယ်။ ရေနဲ့ တက်နဲ့ လောကကို ဖြတ်သန်းရသူဆိုတော့ ရောက်ရာအရပ်မှာ ဘဝလုပ်နေ ရတာပေါ့"

"တရားဘာဝနာ အားထုတ်ဖို့အချိန်ရှိတဲ့အခါလည်း ရှိတယ်။ မရှိတဲ့အခါကျတော့ ဘဝထဲမှာပဲ တရားရှာရတယ်။ ဆိုပါတော့ ကျုပ်တို့ လှေသူကြီးများဟာ အခါမလပ် ဝီရိယကို စိုက်ထုတ်ပြီး ကျက်စားသွားလာရသလိုပဲ ယောဂီရဟန်းများဟာလည်း အခါမလပ် သင့်တင့်တဲ့ နှလုံးသွင်းမှု ယောနိသော မနသိကာရ ရှိကြရတယ်။ လှေသူကြီးများဟာ ရေရဲ့သဘာဝအခြေအနေကောင်းမကောင်း သိရှိ သလိုပဲ၊ ယောဂီရဟန်းများဟာလည်း ကောင်းမကောင်း၊ ကုသိုလ်၊ အကုသိုလ် ခွဲခြားသိရတယ်။ လှေသူကြီးများဟာ ခရီးလှေများမှာ



www.burmeseclassic.com

မသက်ဆိုင်သူကို အခွင့်မရှိတဲ့အရာ မကိုင်မထိစေရသလိုပဲ ယောဂီ ရဟန်းများဟာ ယုတ်ညံ့တဲ့ အကုသိုလ်စိတ်ကို မထိမကိုင်စေရဘူး။ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက် စတဲ့ အကုသိုလ် အကြံအစည်က ကင်းကြရတယ်"

ကူးတို့ဆိပ်၊ မှို့အိတ်ဖွင့်သလိုဆိုသည့် စကားရှိသည်။ တကယ်လည်း မန္တလေးကူးတို့ဆိပ်တွေမှာ လူတွေ ပဒူအုံတုတ်ထိုးပွစာ တက်နေသည်။ တစ်ဖက်ကမ်း စစ်ကိုင်းတောင်တန်း၊ မင်းဝံတောင်တန်းဘက်က မီးပွင့်တွေတောင် လင်းခဲ့ပြီ။ ဆွမ်းဦးပုညရှင်စေတီက ညအမှောင်ထဲမှာ ရွှေရောင်ဖြင့် မှောင်းမှောင်း ရဲရဲသပ္ပာယ်နေသည်။

"ကူးတို့ခက မများဘူးလား။ ခါတိုင်းလို မပါလို့ပါ"

"မှောင်ပြီ။ ကျုပ်ကလည်း ပြန်မှာမို့။ ကိုင်း လာ လာ"

ကျွန်တော် ကြားလိုက်ရသော ဈေးဆစ်သံ ဖြစ်သည်။ ကူးတို့ခ။ စစ်ကိုင်းဘက် တစ်ဖက်ကမ်း ရွာကလေးဆီကို မှောင်ကြီးမည်းမည်းထဲမှာပဲ လှေငယ်တစ်စင်း ဖြတ်သန်းတော့မည်။ မြို့ပြမှာ လိုင်းကားတွေ မရှိတော့ ဈေးကြီးသော ကြားကားကို စီးရသလို ဖြစ်လိမ့်မည်။ သားအမိနှစ်ယောက်က လှေဝမ်းထဲ ဆင်းလိုက်တော့ ကူးတို့သမားက ငုတ်က ကြိုးကို ဖြုတ်လိုက်သည်။ ခဏကလေး အတွင်းမှာပဲ လှေငယ်က မှောင်မည်းမည်း မြစ်ရေထဲကို လှော်ခနဲ တိုးဝင်သွားသည်။ ကျွန်တော်ကတော့ ကူးတို့ခဆိုတာကိုပဲ တွေးနေမိပါသည်။

"ကျုပ်ကို နှိပ်စက် မနေနဲ့၊ အိတ်ထဲမှာ ကူးတို့ခနှိုက်သွားချေ။ သောက်ဆို့"

"သည်လောက် ပေးကမ်းထားတာတောင် တင်းမတိမ်နိုင်ဘူးအေရဲ့ ကူးတို့ခက လိုချင်သေးတာ"

"အလကား လူသေကောင့်ပါးစပ်ထဲက ကူးတို့ခတောင် ချန် တဲ့ကောင် မဟုတ်ဘူး"

www.burmeseclassic.com

လူသေလျှင် ပိုက်ဆံတစ်မတ် ပါးစပ်ထဲထည့်ရတယ်ဆိုတာ ဘယ်သူတီထွင်သွားတာလည်း ကျွန်တော် မသိပါ။ ဘဝတစ်ခုက ဘဝတစ်ခုကို အကူး 'ကူးတို့ခ'ဆိုတာ တကယ်ကော ပေးရသလား။ အခုကော လူတွေသည် အကြွေတစ်မတ်ဆိုတာကို ရှာထည့်နေကြသေးသလား။ ဘာပဲဖြစ်ဖြစ် ကူးတို့ခဆိုသည့် စကားက ကျက်သရေမဲ့သော စကားဥပမာ ဖြစ်နေခဲ့ပြီ။ မြန်မာတွေက လူသေလျှင် ကွယ်လွန်သည်ဟု သုံးနှုန်းသည်။ သိပ်လှသည့် သဘောဖြစ်သည်။ ကျွန်တော်နှင့် ဆရာမောင်သွေးသစ် ရွှေဘိုမြို့နယ်ထဲက ရွာတစ်ရွာကို စာပေဟောပြောပွဲသွားခဲ့ဖူးသည်။ မဟာစည်ဆရာတော်ကြီး၏ ကျောင်းတော်ရာကို သွားဖူးကြတော့ လမ်းမှာ နာရေးတစ်ခုနှင့် ထိုးနေသည်။ 'ဒေါ်သုန်...နေ့က ကိစ္စကုန်သည်' လို့ ဘောတစ်ချပ်မှာ ရေးကာထောင်ထားတာ ဖတ်လိုက်ရသည်။ လူသေတာကို ကိစ္စကုန်သည်လို့ သုံးနှုန်းတာ ကျွန်တော် ကြိုက်သည်။ သေသူနှင့် လောက၊ ကိစ္စဝိစ္စမှန်သမျှ ကုန်ခဲ့ပြီ။ ကျွန်တော့်မိတ်ဆွေ ဆရာမြတ်ခိုင်ကတော့ သူ့ရုံးခန်းမှာ ရေးထားတာ သေရင်ပြီးပြီတဲ့။ လူနှင့် လောကကိစ္စကုန်ကြေးက တစ်မတ်ဆိုတာတော့ လူတွေကို စော်ကားလွန်းရာကျသည်ဟု ထင်သည်။

ကျွန်တော်က ကူးတို့ဆိပ်မှာ ထိုင်ရင်း 'အင်းလျားကန်သို့ အိုကူးတို့'ကဗျာကိုလည်း သတိရပါသည်။ ရေကန်ထဲသို့ ကျသည့် မိုးရေများ။ ဝက္ကွက်ခင်းနှိုးနယ်တကားလို့ ဆရာ ရေးသည်။ မိုးရေစက်တွေက ခကာချင်းမှာပင် ခဲခဲသည်းသည်း ရွာချလိုက်သည်။ မိုးသီး၊ မိုးစက်နှင့် ကန်ရေပြင်။ ကောင်းကင်မှာ မိုးသားတိမ်ညိုတို့ ရှိနေသေးသည်။ ဘယ်ယိမ်းညာယိမ်း တောခပ်သိမ်းလည်း နာစိမ်းဝင်နေခဲ့ပြီ။

www.burmeseclassic.com

"ပိုးဖျင်ဇာပါး၊ ဝတ်ရုံလွှားလျက်
မော်ကြွားသည့်ဟန်၊ ဤသည့်ကန်တွင်
မြင်ပြန်ဝိုးဝါး၊ ကျွန်းညိုကြား၌
လူးလာချင်လို၊ ငါတောင်းဆိုသည်
လှေကို ပြင်ပါ့ကူးတို့မှူး"

မိုးရွာနေသည့် ရေကန်ထဲမှာ ကျွန်းညိုရေကြားမှာ လှေတစ်စင်းနှင့် လူးလားခေါက်တုံ့သွားချင်နေသည့် ကဗျာဆရာကို ကျွန်တော်နားလည်နိုင်ပါသည်။ ကဗျာ၏ အပြနှင့် အပြောတွင် အပြကလည်း လှ၊ အပြောကလည်း လှသည့် ကဗျာဖြစ်သည်။ 'လူးလာချင်လို၊ ငါတောင်းဆိုသည်၊ လှေကို ပြင်ပါ့ကူးတို့မှူး"

မနေ့တစ်နေ့ကပဲ ကလျာမဂ္ဂဇင်းမှာ ခင်ခင်ထူး၏ ၄က်ခတ်သမားဝတ္ထုရှည်ကို ဖတ်ရသည်။ ကူးတို့သမားကိုလွန်းမောင်နှင့် ရှင်ထွေးညိုတို့၏ မေတ္တာဖွဲ့ဖြစ်သည်။ ကူးတို့သမား ကိုလွန်းမောင်က ရိုးသားသူ။ ရှင်ထွေးညိုက ဈေးသည်။ ကူးတို့လှေပေါ်မှာပဲ သံယောဇဉ်ဖြစ်သည်။ အိမ်ထောင်ကျတော့ ကိုလွန်းမောင်က ပိုပြီး ကြိုးစားသည်။ တစ်ရက်တော့ ကူးတို့လှေမြစ်ဖြတ်ချိန်မှာ လေကျသည်။ ကူးတို့မှောက်တော့ သေသူသေ။ ရှင်သူရှင်။ ကိုလွန်းမောင် ရေနစ်သည့်ညမှာပဲ၊ ရှင်ထွေးညို မွေးဖွားသည်။ ကိုလွန်းမောင်က ဘုန်းကြီးကျောင်း ကပ္ပိယကြီးဆီမှာ ဝါးကျည်တောက်တစ်လုံး အပ်ထားခဲ့ဖူးသည်။ ဘုန်းတော်ကြီးက ဝါးကျည်တောက်ကို ခွဲခိုင်းတော့ ငွေစက္ကူဟောင်းကလေးတွေ။ ဝတ္ထုက ဒါပဲဖြစ်သည်။ ကျွန်တော်က အင်းလျားကန်ထဲက မိုးသက်လေထဲမှာ ကူးတို့စီးချင်နေသည့် ကဗျာဆရာနှင့် ဧရာဝတီမြစ်ထဲက မိုးသက်လေထဲမှာ ကူးတို့ဝမ်းစာရှာသူ၊ နှစ်ဦး၏ ဘဝအခြေအနေနှင့် စိတ်အခြေအနေကို ပြောလိုရင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်နည်းအားဖြင့် ခံစားမှုနှင့် ဘဝ၏ အကွာအဝေးကို ကျွန်တော် တွေ့နေရသည်။

**(Patience Strong)** ကတော့ လှေကို မမီသော်လည်း တခြားလမ်းတွေ ရှိသည်ဟု ဆို၏။ ဘဝသည် ဒုက္ခ၏ စီးဆင်းမှု ဖြစ်သည်ဆို၏။ ကြမ်းတမ်းခက်ထန်သော ဒီရေလှိုင်းလုံးများနှင့် ဘဝကို တင်စားသည်။ သက်ဝင်ယုံကြည်မှုသာ ရှိလျှင် (ဘုရားသခင်ကို ကိုးစားလျှင်) ဘုရားသခင်ကပဲ 'ကူးတို့ရှင်' လွှတ်ပေးလိမ့်မည်ဟု ဆိုသည်။

"ဒါပေမဲ့ ညနေချမ်းအလင်းရောင်ထဲမှာ
ကမ်းခြေရဲ့ပြာမှိုင်းမှိုင်းအစပ်ကို
ကိုယ်မြင်ရတယ်။
တကယ်တော့
ကိုယ့်သီချင်းတွေက
ရိုင်းတဲ့ ပင်လယ်ကြီးကို ဖြတ်ပြီး
ကိုယ့်ကို ဆိပ်ကမ်းဆီကို ပို့ဆောင်ပေးတဲ့
လှေငယ်ပါလားဆိုတာ
ကိုယ် ခုမှပဲ သိတော့တယ်"

**(Patience Strong**၏ **(Ferryman)**ကို ဖတ်မိသည့်အခါ ကျွန်တော် တစ်ဂိုး၏ ကူးတို့ **(Crossing)**ကိုလည်း သတိရပါသည်။ တစ်ဂိုးကို ၆၊ မေ၊ ၁၈၆၁ မှာ မွေးသည်။ ၁၉၀၁ တွင် သန္တိနိကေတန်ကို တည်ထောင်ခဲ့သည်။ ၁၉၁၃ တွင် ဂီတဉ္စလီဖြင့် စာပေနိုဘယ်ဆုရခဲ့သည်။ ၁၉၁၅ တွင် ဆာဘွဲ့ရသည်။ ၁၉၄၀ တွင် အောက်စဖို့ တက္ကသိုလ်က စာပေပါရဂူဘွဲ့ပေးခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ဘေ့ခြင်းတရားနှင့် ပတ်သက်သော ကူးတို့ (ခေယာ) ကဗျာစုကို ရေးသားခဲ့သည်။

www.burmeseclassic.com

(၁၉၁၃ တွင်မှ အင်္ဂလိပ်ဘာသာဖြင့် ကူးတို့ကို ထုတ်ဝေပါသည်။)

"လမ်းပေါ်မှာ ရောက်နေတုန်းကတော့

ကိုယ်ဟာ လူအုပ်နဲ့ အတူတူပါပဲ။

ဒါပေမဲ့ လမ်းဆုံးကိုရောက်တော့

မင်းနဲ့ကိုယ် နှစ်ယောက်တည်းပဲ

ကျန်ရစ်ခဲ့တာတွေ့လာရတယ်"

တဂိုးကတော့ သေခြင်းတရားကို ကူးတို့နှင့် တင်စားခဲ့သည်။ ပျော်ရွှင်မှုကို ရှာရင်း သောကကို ကောက်သင်းကောက်ရသော လူ့ဘဝကို သရော်လိုခြင်းလည်း ဖြစ်သည်။

လူသည် လောကသို့ ရေတစ်ပေါက် တောင်းခံရန် လာခြင်း မဟုတ်။ စမ်းချောင်းကို တောင်းခံရန် လာခြင်း ဖြစ်သည်။ အချစ်ကို တောင်းခံရန် လာခြင်းမဟုတ်။ ချစ်သူကို တောင်းခံရန် လာခြင်း ဖြစ်သည်။

"ဒီရေသည် အနက်အရှိုင်း၏ခေါ်သံကို ယူဆောင်လာခဲ့လေပြီ။ ကခုန်နေသော ရေပြင်ပေါ်တွင် ငါ့လှေသည် လှုပ်ယမ်းလျက် အဆင်သင့်ဖြစ်နေလေပြီ။ "မည်သို့ပင်ဖြစ်စေ လူသည် မမြင်ရသော လမ်းများကို လှည့်လည်သူများ ဖြစ်သည့် တောစုံမြိုင်မှ ငှက်များကဲ့သို့ လွတ်လပ်ချင်သည်။ သည်းထန်သော မိုးသီးမိုးပေါက်ကဲ့သို့လည်းကောင်း၊ မသိသောအရပ်သို့ ပြေးလွှားသော မုန်တိုင်းကဲ့သို့လည်းကောင်း၊ တောမီးကဲ့သို့ လည်းကောင်း၊ ကျယ်လောင်စွာ ရယ်မောသည့် လျှပ်စစ်မိုးကြိုးကဲ့သို့ လည်းကောင်း၊ လွတ်လပ်နေချင်သူတွေချည်း ဖြစ်သည်။

"ယခုမူ

ကျိုးပျက်နေသော



www.burmeseclassic.com

 www.burmeseclassic.com 

ငါသည် မလှုပ်မယှက်ထိုင်ကာ
သင့်အလာကို
စောင့်ကြိုလျက်ရှိသည်တကား။
သင်သည် ငါ့လွတ်လပ်မှုဖြင့်
ငါ့ကို ပြန်၍
တုပ်နှောင်ခဲ့ချေသည်တကား"

ဤသို့ဖြင့် လူသည် ကမ်းခြေမဲ့ပင်လယ်ပြင်မှာ တစ်သက်ထာဝရ အဆုံးရှုံးခံကြရသည်။ ဘဝကို ဖုန်မှုန့်ထဲက ကောက်ယူနေရသည်။ သေခြင်းတရား၏ အရိပ်မည်းများအောက်တွင် သို့ဝှက်ခြင်းခံနေရသည်။ ည၏ ရတနာကြုတ်ထဲမှာ ပိတ်လှောင်ခံနေရသည်။ နောက်ဆုံးတော့လည်း ဘဝဈေးကွဲချိန်ရောက်လာခဲ့သည်။ ကိုယ်တိုင်လှော်ခတ်လာသည့် ကူးတို့သမားကို နက်မှောင်သည့် ရေပြင်ပေါ်မှာ တွေ့နေရပြီ။ ကမ်းခြေက မိတ်ဆွေတွေလည်း ပြန်ကြပြီ။ ညချမ်းဆည်းဆာထဲမှာပဲ ကျောက်ဆူးကို နှုတ်ခဲ့ပြီ။

"ကိုယ်ထွက်ခွာတဲ့အချိန်မှာ
လေဟာ တေးဂီတကို ဆိုညည်းတော့မယ်
ပွဲစင်မှာထိုင်ပါတော့ အိုပွဲနှင်း"

တဂိုး၏ ကူးတို့ထဲက ကဗျာတွေ ဖြစ်ပါသည်။ ပေးရှင့်စထရောင်း၏ —

"**Ferryman**ကိုဖတ်ရင်း၊ 'အင်းလျားကန်သို့ အိုကူးတို့'ကို ဖတ်ရင်း၊ ဆရာသုခမိန်လှိုင်၏ ဆိပ်ကမ်းကို ဖတ်ရင်း၊ တဂိုး၏ ကဗျာတွေကို ဖတ်ရင်း'ကူးတို့ရှင်'ဆိုသည့်နိုင်းရ နိမိတ်ပုံကို ကျွန်တော်တွေ့နေရပါသည်။ မဟာယာနဗုဒ္ဓဘာသာတွင်လည်း လောကသားအားလုံးကို နိဗ္ဗာန်သို့ ဆောင်ပို့သည် မဟာယာဉ် (မဟာ၊ ကြီးမြတ်သော၊


www.burmeseclassic.com

ယာန၊ ယာဉ်) ဆိုသည့် ခိုင်းနှိုင်းသဘော တွေ့ရပါသည်။

မဟာယာနဂိုဏ်းဝါဒမှာ လူတစ်ဦးချင်း လွတ်မြောက်မှုသည် လွတ်မြောက်မှုအစစ်မဟုတ်။ တစ်လောကလုံး၏ လွတ်မြောက်မှုသာ လွတ်မြောက်မှုအစစ်ဖြစ်သည်ဆိုသည့် ဝါဒ ဖြစ်သည်။ (တတိယသင်္ဂါယနာကာလမတိုင်မီကတည်းက မဟာယာနအယူအဆများ ရှိခဲ့ပါသည်။) တစ်နည်းအားဖြင့် နိဗ္ဗာန်ကို ရှုမြင်သည့် အမြင်သည် ထေရဝါဒနှင့်မတူ။ ထေရဝါဒ၌ နိဗ္ဗာန်သည် အကြောင်းကင်းမဲ့သော အသင်္ခတဖြစ်သည်။ ရွေ့လျောပျက်စီးခြင်း မရှိသည့် အစ္စုတဖြစ်သည်။ မီးငြိမ်းသွားခဲ့သော မီးပုံကဲ့သို့ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်၏ ပစ္ဆိမယံ၌ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်တော်မူခဲ့သည်။ အရဟတ္တမတ်ဉာဏ်သည် အာသဝေါ တရားတို့ကုန်ရာဖြစ်သော အာသဝက္ခယဉာဏ် ဖြစ်သည်။ အာသဝေါကုန်ခမ်းခြင်းသည် နိဗ္ဗာန်ကို ရခြင်းနှင့် တစ်ပြိုင်နက်ဖြစ်သည်။ ‘ဗုဒ္ဓေါဗောဓေယျံ၊ ငါကိုယ်တိုင်သိသောအခါ သတ္တဝါအများကိုလည်း သိစေမည်’ ဆိုသည့် အဓိဋ္ဌာန်တော်ဖြင့် သတ္တဝါတို့အား တရားသိစေလိုသည့် ဆန္ဒတော်နှင့် ဒုက္ခမှ လွတ်မြောက်၍ အမြိုက်ချမ်းသာရစေလိုခြင်း မဟာမေတ္တာတော်ကို အခြေခံကာ သဒ္ဒါအနုအရင့်ဉာဏ်ပညာအနုအရင့်၊ ကိလေသာ အနုအရင့်ဖြင့် ချင့်ချိန်ကာ တရားပြတော်မူခဲ့သည်။

ကျွန်တော်ပြောလိုရင်းမှာ လောကတစ်ခုလုံးအား နိဗ္ဗာန်သို့ မဟာယာဉ်ကူးတို့ဖြင့် ပို့ဆောင်သည့် ဝါဒနှင့် ခြားနားနေခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မဟာယာနဂိုဏ်းက ဓမ္မကာယသည်ပင် နိဗ္ဗာန်ဖြစ်၍ ထေရဝါဒဂိုဏ်းကမူ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သောသုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပါဠိတော် ဒေသနာများအာ

www.burmeseclassic.com

www.burmeseclassic.com


သာ ဓမ္မကာယ (တရားတော်အပေါင်းအစု) ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်တို့မှာ သက်ဝင်ယုံကြည်မှု **(Faith)** သက်သက်ဖြင့် တစ်ဖက်ကမ်းက မီးရောင်လက်လက်ဆီကို ကူးဖို့ ကူးတို့ရှင်မရှိ။ လောကအလုံး နိဗ္ဗာန်ကို သောကောရောကောကူးဖို့ 'ဖောင်ကူးတို့' မရှိ။

**စာကိုး**

၁။ ဆိပ်ကမ်း၊ ဆရာသုခမိန်လှိုင်

၂။ အင်းလျားကန်သို့ အိုကူးတို့၊ ဆရာမင်းသုဝဏ်

၃။ ကူးတို့၊ ဆရာမြသန်းတင့် **(Crossing : Rabindranath Tagore)**

၄။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ခရီး၊ ဆရာမောင်အံ့

၅။ ဗုဒ္ဓ၊ လောကသားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင်၊ ဆရာကြီးဦးရွှေအောင်

■


www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာများ

"လန်ဒန်မြို့ကြီး၏ လမ်းတွေပေါ်က ဖွေးဖွေးလှုပ်နေသည့် လူတွေကြားမှာ မျက်နှာပေါင်းများစွာကို ကျွန်တော် တွေ့ခဲ့ရသည်။ တချို့ကတော့ မြူးမြူးရွှင်ရွှင်၊ တချို့ကတော့ စိတ်မချမ်းသာစရာ။ တချို့ကျတော့ ကြင်နာရိပ်တွေ၊ တချို့ကျတော့ ဝမ်းနည်းရိပ်တွေ။ တချို့မျက်နှာကတော့ မာနဖြင့် တင်းမာနေသည်။ မျက်နှာတစ်မျက်နှာစီပေါ်မှာတော့ နှလုံးသားကတစ်ဆင့် ထင်ဟပ်သောရောင်ပြန် ခံစားမှုတွေ ကျရောက်နေသည်။ ဓာတ်ဝင်ခန်းထဲက သရုပ်ဆောင်တွေရဲ့ မျက်နှာတွေကို ဖျတ်ခနဲ ပြလိုက်တာနှင့်ပင် တူသည်ဟု ကျွန်တော်ထင်ပါသည်။ မျက်နှာကို ဖတ်ရင်း၊ မျက်နှာတွေကို အကဲဖြတ်ရင်း ကျွန်တော် လျှောက်လာခဲ့သည်။ တစ်နေရာရောက် တော့ လမ်းဘေးက မှန်တပ်တံခါးတစ်ချပ်ကို ကျွန်တော် ကျော်ဖြတ်လာခဲ့သည်။ ထိုအခါ ကျွန်တော့်မျက်နှာကို ကျွန်တော်ကိုယ်တိုင် မြင်ခွင့်ရလိုက်သလို ဖြစ်သွားသည်။ အဲသည်နေ့က ကျွန်တော့် မျက်နှာမှာ ကြောင့်ကြမှုတွေ ရှိနေသည်။ ဗျာပါဒတွေ၊ သောကတွေ ရှိနေသည်။ ကျွန်တော် ဘယ်လောက်တုန်လှုပ်ချောက်ချားသွားခဲ့ပါသလဲ။ တွေးသာကြည့်ပါတော့။

ကျွန်တော်အတွေးတွေကို ပြောင်းလိုက်သည်။ ကျွန်တော်ကိုယ်တိုင်က လုပ်စရာရှိတာ လုပ်လိုက်သည်။ သည်အခါမှာတော့

www.burmeseclassic.com

*ကျွန်တော်တို့နှလုံးသားက ဘယ်လိုပဲ ခံစားရ၊ ခံစားရ ပြဿနာမရှိ တော့ပါ။ ကျွန်တော်တို့ မျက်နှာဖုံးတစ်ချပ်စွပ်ဖြစ်ဖို့ပဲ လိုသည်။ လောကကို ကျွန်တော်တို့ရဲ့ အပျော်ပြုံး၊ တစ်ချက်ပြသနိုင်ပြီ။ သည် လိုမလုပ်နိုင်ခဲ့လျှင်တော့ သတိသာထား။ သိပ်ကြာကြာမစောင့်လိုက် ရဘဲ သင့်မျက်နှာပေါ်မှာ သောကအရေးအကြောင်းတွေ အရာထင်လာ လိမ့်မည်။*

**[Parience Strong ၏ Faces]**

လန်ဒန်မြို့ပေါ်က လမ်းတွေကို သွားရန်မလိုပါ။ ကျွန်တော် ရောက်နေသည့် မန္တလေးမြို့စွန်ရပ်ကွက်တွေမှာလည်း မျက်နှာတွေ ရှိပါသည်။ ခပ်ကျဉ်းကျဉ်းစကြံသံတန်းကို ကိုင်ရင်း ကြည့်နေရုံဖြင့် မျက်နှာတွေ ကျွန်တော်ရှေ့က ရာပေါင်းများစွာ ဖြတ်သန်းနေသည်။ မျက်နှာသွား၊ မျက်နှာပြန်၊ အစုန်အဆန်။ အကောင်းစားကားကြီးတစ် စင်းပေါ်က မျက်နှာက ကျေကွဲနေသည်။ မြင်းလှည်းမောင်းသူက ရယ်မောနေသည်။ ခေါင်းပေါ်မှာ တောင်းကြီးတစ်လုံး ရွက်ထားသည့် ဈေးသည်မကတော့ လမ်းလျှောက်ရင်း ပိုက်ဆံတွေ ရေတွက်နေသည်။ ပိုက်ဆံတွေပေါ်မှာ အာရုံကျနေသည့် ဈေးသည်မ၏ မျက်နှာက အကုသိုလ်ကင်းနေသည်။ စက်ဘီးဟောင်းကလေးတစ်စီးကို တလှုပ် လှုပ်နင်းနေသည့် ကျောင်းသူကလေးကတော့ ကြည်လင်နေသည့် မျက်နှာကလေးကို ပိုင်ဆိုင်သည်။ လမ်းဘေးမြေကွက်လပ်မှာ မြေပဲ တောင့်တွေကို ထွန်ခြစ်တစ်ချောင်းဖြင့် ဖွကာဆွကာ နေလှမ်းနေ သူကတော့ ပိုက်ဆံတွေကို နေလှမ်းနေသည့် မျက်နှာမျိုး ဖြစ်သည်။ လမ်းဘေးမှာ ခုံထိုးရင်း ရောင်းတတ်သော ခေါင်းရည်သည်ကတော့ မျက်နှာတွေထဲက ခေါင်းရည်ကြိုက်လောက်သူကို ရှာနေသည့်မျက်နှာ။

www.burmeseclassic.com

မီးခိုးတစ်ထောင်းထောင်း၊ စက်သံတညံညံ ထော်လာဂျီတစ်စီးကို မောင်းသွားသူကတော့ သူ့ကိုယ်သူ ဒီစီ ၁၀ လေယာဉ်ပိုင်းလော့တစ်ယောက်၏ မျက်နှာထားမျိုးနှင့် ဖြစ်သည်။ ညနေခင်း တာရိုးပေါ်မှာ မြင်နေကျမျက်နှာတွေကတော့ တစ်နေ့တာလုပ်ခကို စောင့်ဆိုင်းနေတတ်သည့် မျက်နှာတွေ ဖြစ်သည်။ လမ်းဘေးမှာ စက်ဘီးတစ်စီးထိုးကာ ကယုကယင် ရှိနေကြသည့် ချစ်သူနှစ်ယောက်မှာတော့ သမုဒယဖြင့် လူးကျံနေသည့် မျက်နှာတွေ။ ထားပါတော့။ ရေးနေလျှင် မဆုံးနိုင်ပါ။ မျက်နှာတွေအကြောင်း ကျွန်တော် တွေးနေမိသည်။ မနေ့တစ်နေ့ကပဲ ကျွန်တော့်မိတ်ဆွေ ကာတွန်းဆရာ **(APK)** ၏ ကာတွန်းတစ်ကွက်ကို ကျွန်တော် သတိရနေသည်။ စီးပွားရေးလုပ်ချင်နေသည့် စီးပွားရေးသမားတစ်ယောက်က ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိရမည့် မျက်နှာမျိုးကို လိုချင်နေသည်။ သည်တော့ မျက်နှာဖုံးဆိုင်ကို သွားကာ ရွေးသည်။ နောက်ဆုံးတော့ မျက်နှာဟန်အမျိုးမျိုးထဲက ဘာမှမပါသည့် ပြောင်မျက်နှာဖုံးတစ်ချပ်ကို ရွေးလိုက်သည်။ စီးပွားရေးသမားဆိုတာ မျက်နှာတော့ ပြောင်နိုင်မှဆိုသည့်သဘော ဖြစ်လိမ့်မည်။

မန္တလေးအငြိမ့် လူရွှင်တော်တစ်ယောက်က ကျွန်တော့်ကို ပြောဖူးသည်။ တစ်ခါ လမ်းမွှာရုံဘုရားပွဲတစ်ခုမှာ ရပ်ကွက်က အငြိမ့်နှစ်ငြိမ့်ငှားသည်။ တစ်ရက်စီမဟုတ်ဘဲ တစ်ညတည်း နှစ်ငြိမ့်ကရမှာဆိုတော့ အပြိုင်အဆိုင်သဘောပါနေသည်။ လမ်း၏ထိပ် တစ်ဖက်စီမှာ အငြိမ့်စင်တစ်စင်စီ ထိုးထားတော့ ကိုယ့်အငြိမ့် လူကြည့်ဖို့ စဉ်းစားရတော့သည်။

"ကျွန်တော်တို့ အငြိမ့်က ညဦးပွဲမထွက်ခင်ကတည်းက ရှေ့ကန့်လန့်ကာကြီးဖွင့်ထားပြီး အငြိမ့်စင်ပေါ် တန်းတစ်တန်း ဆိုး

www.burmeseclassic.com

www.burmeseclassic.com


ထားလိုက်တယ်။ တန်းပေါ်မှာတော့ အရုပ်မျက်နှာခေါင်းတွေ စီချိတ်ထားလိုက်တယ်။ ဘီလူးခေါင်း၊ ရသေ့ခေါင်း၊ ဇော်ခေါင်း၊ ရာမခေါင်း၊ အစုံပဲ။ တန်းပြီး ချိတ်ထားတာ။ ပွဲကြည့်က သိပ် စိတ်ဝင်စားတာပေါ့။ သည်ည ကမယ့်အော်ပရာမှာ သုံးမှာလား၊ ပြဇာတ်ထဲ သုံးမယ့်ဟာတွေလား။ ခေါင်းတွေကတော့ မနည်းဘူး။ ဘာပါလိမ့်ပေါ့။ ကျွန်တော်တို့ အငြိမ့်မှာ ပွဲကြည့်ဆိုတာ ခဲနေတာပဲ။ ကျွန်တော်တို့ကလည်း ကရိုးကစဉ်ကတာပါပဲ။ သည်အရုပ်တွေအကြောင်း ဘာမှ ထည့်မပြောဘူး။ အငြိမ့်စင်ပေါ် ချိတ်လျက်ပဲ။ ည ၁၂ နာရီ အငြိမ့်သိမ်းတော့ လူတွေက ထပြန်တာပေါ့။ အမူးသမားတစ်ယောက်ကတော့ မပြန်ဘူး။ လာဆဲတာပဲ။ မင်းတို့ ဘာလူလည်လုပ်တာလဲ မသိမ်းနဲ့ဦးတဲ့။ အရုပ်တွေကို ချိတ်ပြပြီး ဒါတွေ မသုံးဘဲနဲ့ သိမ်းတာ မခံနိုင်ဘူးတဲ့။ သည်တော့ ပြောလိုက်ရတယ်။ ဟ … ခင်ဗျားတို့ကို ဒါတွေ ပါပါလိမ့်မယ်လို့ ဘယ်သူက ပြောလို့တုန်း၊ ကျုပ်တို့က ပွဲကြည့်ထဲက ဝယ်ချင်သူရှိရင် ရောင်းဖို့ ချိတ်ထားတာ’ဆိုတော့ အမူးသမားလည်း ထပြန်တယ်။ ရိုးရိုးပြန်တာတောင် မဟုတ်ဘူး။ မျောက်ခေါင်းတစ်ခေါင်း ဝယ်သွားသေးတာခင်ဗျ”

ကျွန်တော်ကတော့ လူ့စရိုက်ကို အသုံးချသွားသော အဖြစ်အပျက်တစ်ခုအဖြစ် သတိရနေသည်။ သည်ပွဲခင်းထဲမှာ အရုပ်ကလေးတွေကို စိတ်ဝင်စားလို့ တစ်ညလုံး ထိုင်နေခဲ့သည့် ပွဲကြည့်ပရိသတ် ဘယ်လောက်တောင်ရှိခဲ့သလဲ ကျွန်တော် တွေးနေမိပါသည်။ တကယ်တော့ မျက်နှာတွေကို ခံစားရတာ အပြစ်တော့မဟုတ်။ သဘင်စင်မြင့်တွေပေါ်က ဖလင်ကော်ပြားတွေပေါ်က မျက်နှာတွေကို ကျွန်တော်တို့ အာသာငမ်းငမ်း ကြည့်ခဲ့ကြပြီ။ ‘သဏ္ဍာန်လုပ်တော့ သရှိတူရတယ်’ ဆိုသည့် ခေါင်းစဉ်အောက်က မသေမသပ်မျက်နှာတွေကို

www.burmeseclassic.com

ကျွန်တော်တို့ သဲကြီးမဲကြီး ခံစားခဲ့ရဖူးပေါင်းများလှပြီ။ ရှုပ်နန်းနှိစ ခေါင်းပတ်ထားသည့် မမြစိမ်းကို ကျွန်တော်တို့ တကယ်နတ်စိမ်း မကလေးလို့ မြင်ခဲ့ဖူးပြီ။ 'မှန်နန်းကြီးပါဘုရား' လို့ ကုန်းချော့တတ် သည့် ရုပ်ရှင်ထဲက ဦးညွန့်မောင်ကြီးကို ကျွန်တော် မုန်းခဲ့ဖူးသည်။

ကျွန်တော် ငယ်စဉ်က ပွဲကြည့်ဖူးသည်။ 'မမင်းစိန်မမင်းသိန် သိုက်သမိုင်း ဇာတ်ထုပ်ကို ကြည့်ရင်း လူ့ဘဝကို ခဏလာခဲ့ကြသည် ဆိုသော ဥစ္စာစောင့်ညီအစ်မကို ကျွန်တော် စွဲလန်းနေသည်။ အချိန် တန်တော့ သိုက်ဆရာရန်ကြောင့် သိုက်နန်းကို ပြန်ဖို့ ဖြစ်လာသည့် အခါ ကျွန်တော် အင်မတန် ဝမ်းနည်းနေမိပါသည်။ မနက်ဘက် အမေက ဈေးကို လွှတ်သည်။ ထိုအခါ ဇာတ်မင်းသမီးနှစ်ယောက်က ဈေးထဲမှာ မုန့်စားနေတာ ကျွန်တော်တွေ့သည်။ ကျွန်တော်အိမ်ကို ဝမ်းသာအားရပြန်ပြေးကာ အမေ့ကို အရင်သတင်းပို့လိုက်သည်။

"အမေရေ၊ မမင်းစိန်တို့ သိုက်နန်းမပြန်ရဘူးဗျ။ ကျွန်တော် ဈေးထဲမှာ တွေ့ခဲ့တယ်' ဆိုတော့ အမေက အူတက်အောင် ရယ်ပါ သည်။ နောင်မှာတော့ စင်ပေါ်က မမင်းစိန်၊ ဈေးထဲမှာ မုန့်စားနေ သည့် မင်းသမီး၊ အူတက်အောင် ရယ်သော အမေ့မျက်နှာအားလုံး ကို ကျွန်တော် သတိရနေမိသော်လည်း ကျွန်တော် မရယ်ဖြစ်ပါ။ လူတွေကို ထားပါတော့ အရုပ်ကလေးတွေကိုတောင် ကျွန်တော်တို့ စွဲလန်းခဲ့ကြဖူးသည်။ 'စင်ခေါင်တိုင် သပြေကိုင်းနဲ့ နေမှိုင်းလို့၊ ရွှေ ဝိုင်းက ဘောထိဆော်၊ တိုးဟော့ ပျော်ပျော်။ အရှေ့ရွာမှာ စင်တော် ရုပ်သေး နောက်ညတွေ့၊ မမြင်ရရင် လွမ်းရလိမ့်လေး' ဆိုသည့် ရုပ် သေးတော‌ပွဲတွေကို ကျွန်တော် လွမ်းသည်။ ဘုတ်ဝါဒိအိနေညိုကျူ၊ ချောင်းရိုးစထန်းတောဆီ၊ လေးတွဲ့တွဲ့မြည်၊ လှည်းတန်းက တအိအိ၊ စည်ပါတဲ့ ရုပ်သေးပွဲတွေ ဖြစ်သည်။ ရုပ်သေးစင်က မသပ်မယပ်၊

www.burmeseclassic.com

အဆင်တန်ဆာက မှေးမှေးမှိန်မှိန်၊ အရုပ်ကလေးတွေက မတောက်မပ၊ ဒါကိုပဲ ကျွန်တော်ကို လွမ်းခဲ့ရသည်။ စင်နောက်က လူရွှင်တော်၊ စင်နောက်က ငိုချင်း။ အရုပ်ကလေးတွေကပဲဆို၊ ငို၊ ပြောသလိုလို။ သစ်သားရုပ်မျက်နှာသေတွေကပဲဆို၊ ငို၊ ပြောနေကြသလားမှတ်ရ။

"ဟ ...သူငယ်ချင်း တက္ကသိလာ၊ တက္ကသိုလ်ပြည်ကြီးက ကိုယ်တော်လေးနဲ့အတူ ပြန်ခဲ့ကြတာလား၊ နို့ ဘာများကော တတ်ခဲ့ကြတုန်း"

"နို့ဆီခွက်ကို မီးခွက်ဖြစ်အောင် လုပ်တတ်ပြီ မောင်ရ၊ နို့မင်းကကော"

"ရေတွင်းထဲ ခဲချတာတော့ ပထမတန်းထဲကပေါ့ကွယ်"

ဆိုတာမျိုးကျရင် အရုပ်လူပြက်ကများ ပြက်လိုက်လေသလားထင်ရသည်။ ရယ်ကြ။

"မေတ္တာသုတ်ဓမ္မခန်၊ အပြန်ပြန်အလှန်လှန် ရွတ်ပြီး ပတ္တမြားကွန်ယှက်သလွန်ထက်ဝယ်၊ ညှန်စက်တော်ခေါ်လိုက်ပါ့၊ မပျော်လေလား၊ ပျော်လေလား၊ မပျော်တစ်ချက်၊ ပျော်တစ်ချက်၊ အိပ်မက်တော်များ မက်ခဲ့၊ တန်ခိုးကြီးမြတ်စွာ ချိုးသြောင်ရေလောင်းတဲ့ပြီး မကောင်းတဲ့အမှုတွေ၊ ကျုပ် ယတြာချေလိုက်ပါ့" ဒါမျိုးဆိုရင်တော့ ရာဇပလ္လင်ထက်က ဘုရင်မင်းမြတ်ကို ဖူးမြော်ရသလို အရုပ်ကလေးတွေရဲ့ မျက်နှာကို ကျွန်တော် ငေးနေရသည်။ ထိုအခါ သစ်သားရုပ်မျက်နှာတွေက ပကတိလူ့မျက်နှာတွေ ဖြစ်နေတတ်သည်။

မျက်နှာတွေနှင့် ပတ်သက်လို့ တလောကဖတ်လိုက်ရသောဆောင်းပါးတစ်ပုဒ်မှာ အာရှတိုက်သားတွေ (အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံတွေ) ကို "မိကျောင်းတံဆိပ်နဲ့ မျက်နှာဆိုးသူများ" လို့ ရေးထားသည်။ မိကျောင်းတံဆိပ်ထိုးအင်္ကျီက လူလတ်တန်းစား

www.burmeseclassic.com

နှင့် အထက်တန်းအောက်လွှာ လူတန်းစား၏ နိမိတ်ပုံ ဖြစ်သည်။ ပွင့်လန်းခဲ့သည့် စီးပွားရေးဘဝထဲမှာ ပြေးပြေးလွှားလွှား ရှန်းကန် ရင်း မျက်နှာတွေ အောက်သိုးသိုးဖြစ်နေရတာကို ညွှန်းသည်။ ဒါ ကိုပဲ သူတို့က **(grumpy look)** လို့ သုံးသည်။ အထူးသဖြင့် မြို့ ပြမှာ သည်ပြဿနာရှိနေသည်။ မြို့ပြဘဝသည် ဒရောသောပါးဆန် သည်။ ဝရုန်းသုန်းကားဆန်သည်။ တော်တော်ကြီး ယက်ကန်နိုင်မှ ရေပေါ်ပေါ်နိုင်သည့်ဘဝကို ဆိုလိုပါသည်။ ကျေးလက်မှာတော့ သည်ပြဿနာ နည်းသေးသည်။ မြို့ပြလူသားကတော့ မြို့ပြလူ့အဖွဲ့ အစည်းကြားမှာ သူ့ကိုယ်သူ ထင်ပေါ်ဖို့ ပထမ ကြိုးစားနေရသူတွေ ဖြစ်သည်။ သည်စိတ်ခံစားမှုက မြို့ပြလူသားမှာ ပြင်းပြနေတတ်တာ ကိုပဲ လူကောင်အမှတ် အကျပ်အတည်း **(Identity crisis)** လို့ ခေါ်သည်။ ဖွံ့ဖြိုးလာသည့် မြို့ပြဘဝနှင့် အတူ လိုက်လျောညီထွေ ရှိဖို့ ဘဝဟန်ပန် **(Life style)**တွေကလည်း တစ်ဖက်ကပြောင်းနေ ရတာ ပါပါသည်။ ကျွန်တော့်မိတ်ဆွေ ဆရာဝန်ကတော့ မြို့ပြက လူတွေမှာ စိတ်ဖိစီးမှု ပိုများလာတာ တွေ့ရသည်ဟု ပြောဖူးသည်။ သူက သုတေသနသမားတော့ မဟုတ်။ စိတ်ဖိစီးမှုများရာက ဖြစ်ရသည့် ရောဂါဝေဒနာတွေ၊ ဆေးဝါးတွေ၊ ကုသမှုတွေ၊ ရောဂါလက္ခဏာ တွေ များပြားလာတာကို သတိထားမိရာက ပြောလိုက်သည့် မှတ် ချက်ဖြစ်သည်။

"မြို့ပြကလူငယ်တော်တော်များများကို ကြည့်ရင် မျက်နှာ တွေ ပြောင်းနေတာ တွေ့ရတယ်။ သူတို့ဟာ ရုပ်ဝတ္ထု၊ အတတ် ပညာနည်းပညာတွေနဲ့ ယဉ်ပါးခွင့်ရကြတဲ့အတွက် ဦးနှောက်တံခါး က အံ့သြစရာကောင်းလောက်အောင် ပွင့်နေကြသည်။ ဒါပေမယ့် နှလုံးသားတံခါးက အလိုက်သင့်မဖွင့်မိတော့ စာနာစရာကို မစာနာ တတ်ကြဘူး။ သနားစရာကို မသနားတတ်ကြတော့ဘူး"

www.burmeseclassic.com

မြန်မာစာပါမောက္ခတစ်ဦးက ကျွန်တော့်ကို ပြောဖူးသည့် စကားဖြစ်ပါသည်။ အထူးသဖြင့် ရာစုသစ်၏ စီးပွားရေးနယ်ပယ်တွေမှာ ကျုံးကျုံးရုန်းရုန်း အလုပ်လုပ်ကြရသည့် ဝန်ထမ်းတွေမှာ အထက်အောက် ဖိစီးမှုဒဏ်ကို ပိုမိုခံစားလာရကြောင်း သုတေသီတွေက တွေ့ရှိထားကြပြီ။ ဒါကိုပဲ အသားညှပ်ပေါင်မုန့်ရောဂါလက္ခဏာ **(Sandwich Syndrome)** လို့ ခေါ်နေကြသည်။ သည်လိုဝန်ထမ်းတွေကို တူညီဝတ်စုံဝတ်မျက်နှာသေများလို့ ခေါ်သည်။ တချို့မျက်နှာတွေကတော့ ထူးထူးဆန်းဆန်းမျက်နှာတွေ ဖြစ်သည်။ တကယ်တော့ ငါဟာ ဘာကောင်မှ မဟုတ်ပါလား ဆိုသည့် စိတ်အရိပ်တွေ ထင်နေသည့် မျက်နှာမျိုးတွေကို ဆိုလိုပါသည်။ သည်လိုစိတ်ခံစားမှု မျိုးရှိသူကို နီမို **(Nemo)** ဟု ခေါ်သည်။ တစ်နည်းအားဖြင့် **(No-bodiness)** ဖြစ်သည်။ စိတ်ပညာရှင် ဆစ်ဂမန်ဖရွိုက်က စိတ်ကို သုံးကန့်ကန့်သည်။ တစ်ကန့်က ရိုးရိုးအတ္တစိတ် **(Ego)** ဖြစ်သည်။ တစ်ကန့်က အစ်ဒ် **(Id)** ဖြစ်သည်။ မသိစိတ်တွင် အချင်းချင်း လှုပ်ရှားနေသည့် ရှုပ်ရှုပ်ထွေးထွေး အင်အားစုလို့ ဆိုလိုနိုင်ပါသည်။ သည်နှစ်ရပ်ကို ထိန်းကွပ်ပေးသည့် စိတ်အကန့်ကတော့ မဟာအတ္တ **(Super ego)** ဟု ဆိုသည်။ စိတ်ပညာရှင် ဂျွန်ဖောင်းလ် **(John Fowles)** ကတော့ နောက်ထပ် စိတ်အကန့်တစ်ခုဖြစ်သည့် နီမိုကို ထပ်ထည့်ခဲ့သည်။ သတ္တဝါတို့၏ ရာဂဆန္ဒနှင့် ဘဝလုံခြုံမှုကို တပ်မက်ခြင်းသည် လူအပါအဝင် သတ္တဝါအားလုံး၏ အခြေခံစိတ် ဖြစ်သည်။ သို့သော် နီမိုကိုတော့ လူမှာသာ တွေ့ရသည်။ စင်စစ်နီမိုသည် နိုင်ငံရစိတ်ခံစားမှုဟု ကျွန်တော် ထင်ပါသည်။ သူတစ်ပါးနှင့် မိမိယှဉ်ရာမှ ဖြစ်ရသော ခံစားမှု။ တကယ်တော့ ငါဟာ ဘာမှမဟုတ်ပါလားဆိုသည့်

www.burmeseclassic.com

အမြင်သည် အတ္တနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဘဝသည် အချည်းအနှီးသာ ဖြစ်သည်။ ဘဝသည် သေးနုပ်သော မရေရာလှသည့် ဖြစ်စဉ်ကြီးသာ ဖြစ်သည်။ ဘဝသည် တကယ်တော့ ကိုင်းဖျားကိုင်းနားကိစ္စသာဖြစ်သည်ဆိုတာမျိုးကို နှိုင်းယှဉ်သိအရ ခံစားခြင်းဖြစ်သည်။ သို့သော် တကယ့်ပကတိ ဆန္ဒကမူ၊ ဘာမှ မဟုတ်သော အခွံသက်သက်ဘဝကို မနှစ်မြို့နိုင်။ မသိစိတ်ထဲက ပလာကျင်းမှုကို သိစိတ်ထဲက မျက်နှာဖုံးပြန်စွပ်နေ သည့်သဘောဖြစ်သည်။ (အနုပညာတွင် ရိုမန်တစ်ဝါဒနှင့် ရိုမန်တစ်လွန်ဝါဒသည်၊ သည်လိုမျက်နှာဖုံးစွပ်လိုသည့် ဆန္ဒကပေါက်ဖွားလာသည်ဟု ဆိုပါသည်။) တစ်နည်းအားဖြင့် ကိုယ်ပိုင်ဟန်ဖန်တီးမှုမှ ထွက်ပြေးလွတ်မြောက်ချင်သည့် အယူအဆဟု ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ လူသည် သူကိုယ်တိုင် ဖန်ဆင်းထားမိခဲ့သော သိပ္ပံနှင့် နည်းပညာကျင်းချိုင့်ထဲမှာ တစ်ချိန်လုံးကျနေသူ ဖြစ်နေသည်။ သည်အခြေအနေကတော့ လူ၏စိတ်ပိုင်းဘဝကို ဆုတ်ယုတ်စေသလား။ ဒါကိုပဲ ပညာရှင်တွေက တွေးဆနေကြသည်။ လူသည် နည်းပညာအာသာငမ်းငမ်းရှိမှု **(Technomrania)** မှ နည်းပညာထိတ်လန့်တကြားရှိမှု **(Technophobia)** သို့ ကူးပြောင်းနေသည့်သဘော ဖြစ်သည်။ သို့သော် သည်ကူးပြောင်းမှုက လူသားတို့၏စိတ်ခံစားမှုကို မပြောင်းနိုင်။ ရုပ်ပိုင်းဘဝကို မသက်ရောက်နိုင်ဆိုသည့်အဖြေကိုလည်း ပညာရှင်တွေက တွေ့ရှိထားပါသည်။ ကျွန်တော်တို့မှာဘာသာရေးအဆုံးအမတွေ ရှိသည်။ လူ့အဖွဲ့အစည်းက တညီတညွတ်တည်း လက်ခံသော (ယဉ်ကျေးမှုသဘောပါသည့်) ကျင့်ဝတ်တွေ ရှိသည်။ ပြီးတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းက သိပ္ပံလွန် လူ့အဖွဲ့အစည်းမဟုတ်တာလည်း ပါပါသည်။ သို့သော် နည်းပညာနှင့်



www.burmeseclassic.com

www.burmeseclassic.com


ကျင့်ဝတ်ကြားတွင် ပဋိပက္ခတစ်စုံတရာကတော့ ရှိမြဲ ဖြစ်ပါသည်။ သည်ပဋိပက္ခက ကျွန်တော်တို့ နှလုံးသားကတစ်ဆင့် မျက်နှာတွေမှာ အရိပ်ထင်နိုင်တာလည်း ရှိသည်။

တစ်ဆက်တည်း စဉ်းစားနိုင်သည့် အချက်တစ်ချက် ရှိပါသေးသည်။ ကျွန်တော်တို့ ရာစုသစ်တစ်ခုကို ရောက်ကြပြီ။ သည်အကူးအပြောင်းကလည်း ကျွန်တော်တို့ကို နှာကျင့်မှုတစ်ခုခုကို ပေးနိုင်ပါသေးသည်။ ပညာရှင် အယ်လ်ဗင်တော့ဖလာ **(Alvin Toffler)** က သည်ရာစုပြောင်း မအီမသာဖြစ်မှုကို ကုစားဖို့ နည်းလမ်းတွေကို ပြောခဲ့သည်။ တစ်ချက်က အနာဂတ်ကို ကြိုတင် တွက်ဆတတ်ဖို့ ဖြစ်သည်။ ကုစားဖို့ နည်းလမ်းတွေကို ပြောခဲ့သည်။ တစ်ချက်က ပညာရေးသင်ရိုးစနစ်တွေကို ရာစုသစ်နှင့်အညီ ပြောင်းလဲနိုင်ဖို့ ဖြစ်သည်။ တစ်မျိုးက လူမှုရေးဆိုင်ရာ အနာဂတ်ဝါဒ တည်ဆောက်ရေး ဖြစ်သည်။ (သည်အထဲမှာ စိတ်ကူးစိတ်သန်းသစ် တည်ဆောက်ရေး ရိပ်မြုံများ **(imaginetic centres)**၊ သတင်းဘဏ်များ **(info-banks)** များပါဝင်ပါသည်။) နောက်တစ်ချက်ကတော့ နည်းပညာကို ဆက်ခံနိုင်သူ ဖြစ်သည်။ ကျွန်တော်တို့မှာကော ရာစုပြောင်းမအီမသာဖြစ်မှုက တစ်ဆင့် ကျွန်တော်တို့ မျက်နှာတွေမှာ အရိပ်ထင်နိုင်ပါသလား။ ကျွန်တော်တွေးခြင်းသာ ဖြစ်ပါသည်။

ကျယ်ပြန့်လာသော သိပ္ပံပညာက လူကို လေ့လာရာ၌ ပိုမိုအသေးစိတ်လာခဲ့ပါသည်။ ဆိုပါတော့ လူသားအပြုအမူ၊ လူ့ကိုယ်ရည်ကိုယ်သွေး၊ လူ့ဇာတိစိတ်၊ လူသားစိတ်ပညာ စသည်တို့ဖြစ်သည်။ လူ့ကိုယ်ရည်ကိုယ်သွေးနှင့် ပတ်သက်၍ အာရ်၊ ဘီ၊ ကက်တဲလ် **R.B. Cattell)**၏ ကိုယ်ရည်ကိုယ်သွေး စစ်ချက်မေးခွန်းလွှာ **(16 personality factor Questionnaire : 16PFQ)** ကို ကျွန်တော် ဖတ်ကြည့်သည်။

www.burmeseclassic.com

ဣန္ဒြေကြီးခြင်း၊ ဉာဏ်ရည်နိမ့်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ အလျော့ပေးခြင်း၊ လေးနက်ခြင်း၊ ပါးနပ်ခြင်း၊ ကြောက်တတ်ခြင်း၊ သည်းခံခြင်း၊ ယုံကြည်ခြင်း၊ လက်တွေ့ကျခြင်း၊ ပွင့်လင်းခြင်း၊ မိမိကိုယ်ကို ယုံကြည်မှု မြင့်မားခြင်း၊ ရှေးဆန်ခြင်း၊ အုပ်စုအပေါ် မှီခိုခြင်း၊ ထိန်းချုပ်မှုမဲ့ခြင်း၊ ဖြေလျော့ခြင်းတို့ ဖြစ်သည်။ ဤအချက်များနှင့် ပြောင်း ပြန်ကိုယ်ရည်ကိုယ်သွေးတွေလည်း ရှိသည်။ တစ်ခါ လူမှာ ဇာတိစိတ် **(instinct)**ဆိုတာလည်း ရှိသေးသည်။ ဇာတိစိတ်ပညာဂိုဏ်းကို ထူထောင်သူ ဝိလျံမ်မက်ဒေါဂဲလ် **(William Mcd-ougal)**ကတော့ အခြေခံဇာတိစိတ် ၁၂ မျိုးကို တင်ပြခဲ့သည်။ အစာရှာလိုဇာတိစိတ်၊ ငြင်းပယ်လို၊ စူးစမ်းလို၊ လွတ်မြောက်လို၊ ကာမဖြေဖျောက်လို၊ ကြင်နာယုယလို၊ ပေါင်းသင်းလို၊ စိုးမိုးလို၊ အညံ့ခံလို၊ တည်ဆောက်လို၊ စုဆောင်းသိမ်းဆည်းလို ဇာတိစိတ်တွေ ဖြစ်သည်။ ဇာတိစိတ်ပညာရှင်တစ်ဦးဖြစ်သူ ဘားနဒ် **(Bernard)**ကတော့ လူလူချင်း အပြုအမူချင်းတူတာ ဇာတိစိတ်ကြောင့် မဟုတ်၊ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းကြောင့် ဖြစ်သည်ဟု ငြင်းဆိုခဲ့သည်။ ဆစ်ဂမန်ဖရွိုက်ကတော့ သည်အယူအဆတွေကို တွေဝေသွားစေသည့် အယူအဆသစ်ကို တင်ပြပြန်သည်။ သေလိုဇာတိစိတ်နှင့် ရှင်လိုဇာတိစိတ်သာဖြစ်သည်ဆို၏။ ကျွန်တော်က လူ့အပြုအမူ အင်္ဂါရပ်များနှင့် လူဇာတိစိတ်ဆိုတာ စိတ်ဓာတ်အဟုန်ဆိုတာနှင့် ဆိုင်လေမလား တွေးမိပါသည်။ စိတ်ဓာတ်အဟုန်၏ တည်းသည်းတောက်လောင်မှုကတော့ စိတ်ခံစားမှုကတစ်ဆင့် မျက်နှာမှာ ထင်ဟပ်နေတာများလား တွေးမိလို့ ဖြစ်ပါသည်။

၁၉၇၂ ခုနှစ်လောက် ကမ္ဘာဦးလူသား လက်ကျန် တာဆာဒေးတွေကို ဖိလစ်ပိုင်နိုင်ငံကျွန်းတစ်ကျွန်းမှာ ထားကာ သူတို့လေ့လာနေစ

www.burmeseclassic.com

အတိုင်း နေစေသည်။ သူတို့ကို ပညာရှင် မင်နျူယယ်အယ်လီဇာဒီ ဆိုသူက အနီးကပ် လေ့လာခဲ့သည်။ (National Geographic) မဂ္ဂဇင်းကြီးက ဓာတ်ပုံမှတ်တမ်းတင်ခဲ့သည်။ သူတို့မှာ ခေါင်းဆောင် မရှိ၊ စိုက်ပျိုးရေးမရှိ၊ စားနိုင်သလောက်သာ သဘာဝထဲက ရှာသည်။ အစာကို ဝေစားကြသည်။ နည်းလျှင် ကလေးတွေကို ဦးစားပေးသည်။ ကိုယ်ပိုင်ပစ္စည်းမရှိ။ အဝတ်မရှိ။ ဆေးလိပ်မရှိ၊ အချင်းချင်း တိုက်ခိုက်မှုမရှိ။ ဒေါသမရှိ။ မယုံသင်္ကာစိတ်မရှိ။ ကြောက်စိတ်မရှိ။ မုန်းတီးခြင်းမရှိ။

"သူတို့ယဉ်ကျေးမှုနှင့် နှိုင်းယှဉ်လိုက်တော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုဆိုတာ ကျွန်တော် သံသယတောင် ရှိလာခဲ့ပါတယ်" ပညာရှင် မင်နျူယယ်ကပင် ဝန်ခံခဲ့ရသည်။ ကျွန်တော်က တာဆာဒေးတို့၏ မျက်နှာတွေကို ကြည့်ချင်နေသည်။ သူတို့မျက်နှာတွေက ခံစားမှုမဲ့နေသည့် အချပ်လိုက် ကပ်ထားသော သားရေမျက်နှာဖုံးနဲ့ တူများနေလေသလား။ (တကယ်တော့ တာဆာဒေးလူမျိုးများ တွေ့ရှိမှုမှာ လုပ်ကြံဖန်တီးမှု ဖြစ်ကြောင်း နောင်တွင် သိခဲ့ကြပါသည်။) လူသည် အချင်းချင်း ဆက်ဆံရေးသတ္တဝါဆိုတာ သေချာလျှင် မျက်နှာသည် တော်တော်အရေးပါပါသည်။ လူယဉ်ကျေးတို့၏ မျက်နှာတွေကတော့ အဓိပ္ပာယ်တွေ များလွန်းနေသည်။ 'မျက်နှာပင့်ကြီး' နဲ့ ဆိုတာက ဘဝင်စိတ်ကို တင်စားသည်။

"မျက်နှာထိ မျက်နှာထား' ဆိုတာက တင်းမာမှုကို တင်စားသည်။ 'မျက်နှာသေကြီး' နဲ့ဆိုရင်တော့ ခံစားမှုမဲ့နေတာကို ညွှန်းသည်။ 'မျက်နှာပိုးမသေ' ဆိုတာကတော့ တည်တည်ခန့်ခန့် မဟုတ်တာကို ဆိုသည်။ 'မျက်နှာမွဲပါအေ' ဆိုတာက ဆင်းရဲတာကို ပြောသည်။ 'မျက်နှာမရှိရှာပါဘူး' ဆိုတာက သနားစရာကို ညွှန်းသည်။ 'မျက်နှာ

www.burmeseclassic.com

ပူတယ်'ဆိုတာကတော့ အားနာသည့် အဓိပ္ပာယ်။ 'မျက်နှာကြီး' ဆိုတာက ချမ်းသာကြွယ်ဝမှုကို ဆိုသည်။ 'မျက်နှာကောင်းမရ' ကတော့ စေတနာအကျိုးမထင်သည့်ကိစ္စကို ပြောချင်တာ ဖြစ်သည်။ မျက်နှာသိ၊ မျက်နှာခံ၊ မျက်နှာပေး၊ မျက်နှာကြောတင်း၊ မျက်နှာပျက်၊ မျက်နှာတန်းမိ၊ မျက်နှာစုံညီ၊ မျက်နှာမြင်၊ မျက်နှာဖုံး၊ မျက်နှာပြောင်တိုက်၊ မျက်နှာပျက်၊ ရှေ့မျက်နှာနောက်ထား၊ မျက်နှာတော်ဖူး၊ မျက်နှာရို၊ မျက်နှာစိမ်း၊ မျက်နှာလိုအားရ၊ မျက်နှာချိုသွေး၊ မျက်နှာအို၊ မျက်နှာပွင့်၊ မျက်နှာပန်းလှ၊ မျက်နှာရိပ်မျက်နှာကဲ စတာတွေကိုတော့ ကျွန်တော် ရှင်းမပြလိုတော့ပါ။

"သူက မြို့မျက်နှာဖုံး မျက်နှာသိထဲကဆိုတော့ ပြောရတာ မျက်နှာတော့ ပူတာပေါ့အေ၊ ဒါပေမယ့် ရှေ့မျက်နှာ နောက်ထားပြီး မျက်နှာ နာနာနဲ့ မျက်နှာခံလေးထားပြီး ပြောရတော့တာပဲ။ အောင်မလေး ပြောလိုက်တော့ သူက မျက်နှာကြောတင်းကြီးနဲ့ မျက်နှာထိ မျက်နှာထားကို တင်းထားပေမယ့် မျက်နှာကပျက်နေသေးတာကော၊ ငါကတော့ စေတနာနဲ့ ပြောတာပါ၊ တော်ကြာ သူက မျက်နှာပြောင်တိုက်တယ် ထင်မှာလည်း စိုးရသေးတော့ မျက်နှာကောင်း မရကာမှ နေရော မျက်နှာလွှဲခဲပစ်တော့ မလုပ်သင့်ဘူးဆိုပြီး"

အမျိုးသမီးနှစ်ယောက် ကျွန်တော့်ရှေ့မှာ ပြောနေကျသည့် စကားတွေဖြစ်ပါသည်။ သူတို့မျက်နှာတွေအကြောင်း ပြောနေတာ မဟုတ်တာတော့ သေချာပါသည်။

ကျွန်တော်ကတော့ စကြိုန်သံတန်းကို ကိုင်ကာ လမ်းပေါ်က မျက်နှာတွေကို တော်တော်ကြာကြာ ကြည့်နေဆဲဖြစ်ပါသည်။ ဓိမ်ခံကားထဲကလူတွေကို သုတေသနပြုထားသော အက်ဆေးတစ်ပုဒ်ကို ကျွန်တော်ဖတ်ဖူးသည်။ 'တစ်ဝက်လူ သိဝရီ"ဟု ခေါ်သည်။ လူသည်



www.burmeseclassic.com

ဖိမ်ခံကားထဲရောက်သွားလျှင် 'မြင့်စိတ်'တစ်ဝက်တက်သွားတာကို သုတေသနပြုချက်တွေက ထောက်ခံထားသည်။ ကားထဲက အပြင်ကို ကြည့်သည့် မျက်နှာ၊ တံခါးဘောင်ပေါ် တင်ထားသည့် လက်တစ်ဖက်၊ လှုပ်ရှားနေသည့် စိတ်ခံစားမှုတွေကို ဆိုလိုပါသည်။ လူမှမဟုတ် ခွေးတွေကို သုတေသနလုပ်ကြည့်တော့လည်း သည်သဘောမျိုးကို တွေ့ရသည်ဆို၏။

သူတစ်ပါးမျက်နှာတွေကို စဉ်းစားနေမိသော ကျွန်တော့်မျက်နှာကကော ဘယ်လိုရှိနေသလဲ။ သောကနှင့် ဗျာပါဒတွေ၊ အာဃာတနှင့် မစ္ဆရိယတွေ ပေကျံနေလောက်ပါသည်။ လောကထဲမှာ မျက်နှာကို စင်စင်ကြယ်ကြယ်ထားနိုင်ဖို့ တကယ်တော့ မလွယ်ပါ။ ဟင်းခွက်သုံးရာ ပြည့်အောင် စီစဉ်ခိုင်းတတ်သည့် နရသီဟပတေ့၊ တစ်နှစ်ကို ရုပ်အင်္ကျီသစ် (၇၂၀) ဝတ်သော ရီမေးနီးယား အကြီးအကဲဟောင်း ချောင်ဆက်စကူး၊ ဖိနပ်အရံ (၂၇၀၀)ကို ပိုင်ဆိုင်သည့် အီမယ်လ်ဒါမားကို့စ်၊ ဝယ်ယူထားသမျှ သူပိုင်ကားတွေ သူကိုယ်တိုင်အကုန်မစီးခဲ့ရသော နိုင်ဇင်စော်ဘွားကြီး၊ ဖရန့် ၁၄ သန်းတန် စိန်စီအင်္ကျီကို ဝတ်ခဲ့သည့် ပြင်သစ်က လူဝီ ၁၄၊ ပင့်ကူအိမ်အလေးချိန်ပေါင်တစ်သောင်း ရှာခိုင်းသည့် ရောမဧကရာဇ်အီလာဂါဗာလု။ သူတို့ထက်စာလျှင်တော့ ကျွန်တော်က လောဘနည်းသော မျက်နှာကိုပိုင်ဆိုင်ပါသည်။ ပေးရှင့်စထရောင်းကတော့ နှလုံးသားကတစ်ဆင့်ထင်ဟပ်သော စိတ်ခံစားမှုက မျက်နှာတွင် ပေါ်တတ်သည်ဟု ဆိုသည်။ စင်စစ် စိတ်နှလုံးကို ကောင်းစွာထားခြင်းသည် 'ယောနိသောမနသိကာရ' ဖြစ်သည်။ အသင့်အတင့် နှလုံးသွင်းနိုင်မှု ဖြစ်သည်။ 'ကာမာဝစရ'ကုသိုလ်ဖြစ်ရန် အနီးဆုံးအကြောင်းတရားလည်း ဖြစ်သည်။ 'ယောနိသောမနသိကာရ'က မဖြစ်သေးသော ဇောစ္ဆင်တရား

www.burmeseclassic.com

ကို ဖြစ်ပေါ်စေတတ်သည်။ လောက၏အလုံးစုံဖြစ်မှုသည် နှလုံးသား လိမ္မာသူအတွက် ကုသိုလ်ဖြစ်ဖို့ချည်းသာ ဖြစ်သည်။ နှလုံး သားလိမ္မာလျှင် မျက်နှာပေါ်က ပုံရိပ်တွေကလည်း စင်ကြယ်စရာသာရှိသည်။

သို့သော် ကျွန်တော်တို့မှာ အတ္တတွေက မျက်နှာဖုံးအဖြစ် ရှေ့က ခံနေသေးသည်။ အတ္တသည် တဏှာဖြင့် စွဲသော အတ္တလည်း ရှိသည်။ မာနဖြင့် စွဲသော အတ္တလည်း ရှိသည်။ ဒိဋ္ဌိဖြင့် စွဲသော အတ္တလည်း ရှိသည်။ အတ္တအားလုံးသည်ပင် စစ်မှန်သော ချမ်းသာ၏ အန္တရာယ်ဖြစ်နေသည်။ သောကနှင့် ပရိဒေဝကို အတ္တကပဲ ဖန်ဆင်းသည်။ ဒုက္ခနှင့် ဒေါမနဿတို့၏ အုတ်မြစ်အခြေခံလည်း ဖြစ်နေသည်။ ကိုယ့်ကိုယ်ကို ချီးမြှောက်ခြင်းက အတ္တသင်္ဂဟဖြစ်၍ လောကကို ချီးမြှောက်ခြင်းကတော့ 'လောကသင်္ဂဟ' ဖြစ်ပါသည်။ ပေးရှင့်စထရောင်း ပြောသလို အပြုံးမျက်နှာစွပ်ရန်မလိုပဲ မမြင်ရသော အတ္တမျက်နှာဖုံးကို ခွာချနိုင်ရန်သာ လိုပါသည်။ ထိုအခါ နှလုံးသား လိမ္မာလာလိမ့်မည်။ နှလုံးသားလိမ္မာလျှင်၊ အတ္တသင်္ဂဟစိတ်မွေးမြူနိုင်လျှင်၊ မျက်နှာတွေ လှပနိုင်ဖို့ သေချာပါသည်။

**စာကိုး**

- အရှင်ကုမာရ၊ ကိုယ်ကျင့်မင်္ဂလာ
- ဆရာမောင်စူးစမ်း၊ နတ္ထိစိတ်
- ဆရာဒေါက်တာကျော်စိန်၊ ကိုယ်ရည်ကိုယ်သွေး အင်္ဂါရပ် သီအိုရီ
- ဆရာဦးခင်မောင်ဆွေ၊ ဗီဇစိတ်

■

www.burmeseclassic.com

www.burmeseclassic.com

# အိမ်

*ကျွန်တော့်အိမ်ကလေးကို အင်မတန်လှပသည့် နေရာထိုင် ခင်းတစ်ခုလို ရှုမြင်နိုင်ဖို့ ကျွန်တော် ကြိုးပမ်းနေမိပါသည်။ အခန်းတိုင်းမှာ မြတ်နိုးစရာပစ္စည်းပစ္စယတွေ ဖြည့်တင်းထားဖို့၊ ပစ္စည်းနှင့် အခန်း အဆီလျော်ဆုံး လိုက်လျောညီထွေဖြစ်ဖို့ ကြေးနီအိုးခွက်များ၊ လှပ သောငွေထည်များ၊ ကြေးဝါအသုံးအဆောင်များအားလုံးကို တဖျပ် ဖျပ် တောက်ပနေအောင် တိုက်ချွတ်အရောင်တင်ထားဖို့၊ သစ်ကြား သားစားပွဲကို ကျောက်သလင်းသားထအောင် ပွတ်တိုက်ထားဖို့။*

*တကယ်တော့ အိမ်သည် ပရိဘောဂကိစ္စသက်သက်သာ မဟုတ်ပါ။ ကျွန်တော်တို့တွေ့နေရသည့် ပစ္စည်းတွေက အံ့သြစရာ ကောင်းသော စိတ်ကူးစိတ်သန်းများက ဆင်းသက်လာသည့် မြင် နိုင်စွမ်းသောအရာများသာ ဖြစ်ပါသည်။ မေတ္တာဖြင့် တင်းရစ်ဖွဲ့ချည် ထားသော 'ခွန်အား'တစ်ရပ်ကတော့ ကျွန်တော်တို့ ခြေဦးတည့်ရာ သွားနေသ၍ ပါနေတတ်သည်။ စကြဝဠာ၏ ဗဟိုချက်မမှာ နှလုံး သား၏ အလယ်ဝတ်ဆံမှာတော့ အိမ်ကလေး"*

**[Patience ၏ Home]**

တစ်ခါက ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်က မေး ဖူးသည်။ **Mother's Home** ဆိုသည့် ဆိုင်းဘုတ်ကို ဖျတ်ခနဲ

ဖတ်ရင်းက မေးလိုက်ခြင်း ဖြစ်ပါသည်။ **"Mother's House"** လို့ ဘာဖြစ်လို့ မရေးတာလဲတဲ့။ ကျွန်တော်က **House**က အမိုး၊ အကာ၊ အချဉ်၊ ယက်မနဲ့ ဆောက်ထားတဲ့ အိမ်လုံးသက်သက်ကို ခေါ်တာ၊ **Home**ကတော့ မေတ္တာနဲ့ တည်ဆောက်တဲ့ ချစ်ခြင်းမေတ္တာသဘော ပါတာကို ရည်ညွှန်းတယ်လို့ ဖြေလိုက်သည်။ ကျွန်တော် တစ်နေရာမှာ ဖတ်ဖူးလိုက်တာကို သတိရလို့ ဖြေလိုက်ခြင်း ဖြစ်သည်။ သူငယ် ချင်းက ဘာမှ မပြောတော့ပေမယ့် ကျွန်တော်ကတော့ ဆက်တွေး နေမိပါသည်။ ပထမဆုံးတွေးမိတာက 'အိမ်'တွေကို ဖြစ်ပါသည်။

ကျွန်တော်နေသည့် တိုက်ခန်း၏ အောက်ဘက်မှာ အိမ် ကလေးတွေ ရှိသည်။ အားလုံး ဝါးကပ်ကာ သက်ကယ်မိုး၊ ဒါမှ မဟုတ် ဝါးကပ်မိုးထရံကာ အိမ်ကလေးတွေချည်းဖြစ်သည်။ အညာ နွေ အညာနေ၏ အောက်မှာ ခြောက်သယောင်းနေတာချင်းတူသည်။ အိမ်လုံးချင်းကလည်း များသောအားဖြင့် တူသည်။ ကျွန်တော့် ပြတင်း ပေါက်က ကြည့်လိုက်လျှင် အဝေးကောင်းကင်ပြာ၊ ရှမ်းရိုးမတောင် တန်းညိုညို့အောက်နားမှာတော့ မဟာမုနိဘုရားကြီး ၏ ဂန္ဓကုဋိတိုက်၊ သူ့ဘေးမှာတော့ ကောင်းကင်ကို ထိုးထွက်နေ သည့် အာနန္ဒာစေတီ တော်။ ခပ်နီးနီးမှာတော့ ရေကန်များနှင့် ကျွန်တော်ပြောခဲ့သည့် ဝါးအိမ်ကလေးတွေ။ တစ်လုံးနှစ်လုံး မဟုတ်။ ရာနှင့်ချီကာ ရှိနေခြင်း ဖြစ်သည်။ မြစ်ခြောက်ဝင်နေသည့် အရွက်မဲ့မန်ကျည်းပင်က **fore-ground** ခံထားသလို ဖြစ်နေသဖြင့် မြင်ကွင်းက ပန်းချီကားနှင့် တူသည်။ နေသာလျှင်လည်း လှ၊ နှင်းတွေကျလျှင်လည်း လှ၊ မိုး တွေရွာလျှင်လည်း လှပါသည်။

ရေကန်ဆိုတာက အုတ်ကျင်းအဖြစ် သုံးခဲ့စဉ်က တူးထားခဲ့ သည့် နေရာတွေမှာ ရေတွေ ဝင်နေခြင်း ဖြစ်သည်။ သည်ရေကန်တွေ

www.burmeseclassic.com

ကို ကိုယ့်နေရာနှင့်ကိုယ် ဝါးယင်းလိပ်ကာကာ ငါးမွေးသူတွေလည်း ရှိသည်။ သည်တော့ အိမ်ကလေးတွေ တချို့က ရေထဲမှာ။ တချို့က ရေထဲကို ပေါင်လယ်ဒူးလယ်ကူးဖြတ်ကြသည်။ တချို့ကတော့ လှေကလေးတစ်စင်းကို သုံးသည်။ တချို့ကတော့ ဘယ်တော့ခမ်းမယ်မသိသော ရေထဲက အိမ်ကလေးတွေမှာပဲ ရေလွတ်ရာကုန်းစောင်းမှာ တဲကလေးတွေ ထိုးနေသူတွေလည်း ရှိသည်။ အသက်မွေးဝမ်းကျောင်းတွေကတော့ အမျိုးမျိုး။ တချို့က ဈေးလည်ရောင်း၊ တချို့က ထင်းပေါက်ရောင်း၊ တချို့က ငါးကန်တွေမှာ ငါးစာကျွေး။

"သမီးတို့အိမ်က ဟိုးရေလယ်က အိမ်ကလေး၊ အခုက ကုန်းပေါ်မှာ ခနတဲထိုးနေတာ"

"ဒါဆို သမီးတို့က အိမ်နှစ်လုံးတောင် ပိုင်တာပေါ့"

ကျွန်တော့်ကို တောက်တိုမယ်ရ ဈေးဝယ်ပေးတတ်သော ဆယ်နှစ်ကျော်ကျော်ကလေးမက ကျွန်တော့်ကို ပြောနေခြင်း ဖြစ်သည်။ ထိုအခါ ကလေးမက ရှက်နေတတ်သည်။ ပြီးတော့ ချက်ချင်း တုံ့ပြန်တတ်သည်။

"အိမ်မှမဟုတ်တာ"

ကလေးမက သူတို့အိမ်ကလေးကို အိမ်လို့ ပြောရမှာ ရှက်ရွံ့နေပုံရပါသည်။ ထိုအခါမျိုးတွင် ကျွန်တော်ကိုယ်တိုင်က ရှက်ရွံ့နေတာကို ကလေးမလေး သိပုံမရ။ ကျွန်တော်နေသည့် တိုက်ခန်းကလည်း ကျွန်တော့်ကိုယ်ပိုင်မဟုတ်။ ကျွန်တော့်ဘဝမှာ သည်ဘဝသည် အရွယ်အထိ ကိုယ်ပိုင်အိမ်နှင့် မနေဖူးတာကလည်း ရယ်မောစရာလား။ ကြေကွဲစရာလား ကျွန်တော် မသိ။ ကျွန်တော် ငယ်ငယ် အညာကျေးလက်မှာတုန်းကတော့ အိမ်လို့ ပြောနိုင်လောက်သည့် ရိုင်ပတ်ကာ အိမ်ကလေးတစ်လုံးမှာ နေခဲ့ရဖူးသည်။ နောက်တော့

www.burmeseclassic.com

မြို့ပြကိုရောက်၊ အလုပ်သမားတန်းလျားကလေးမှာနေ၊ တော်တော်လေးကြာတော့မှ ဝန်ထမ်းတိုက်ခန်းတစ်ခန်းမှာ နေခွင့်ရ။ ကျွန်တော် အသက် ၄၀ ကျော်ခဲ့ပြီ။ အခုလည်း ငှားရမ်းနေထိုင်ရသည့်ဘဝက ကျွန်တော့်ကို ကုတ်တွယ်ထားဆဲ ဖြစ်သည်။ ပျော်တယ် မဟုတ်သော်လည်း ကျွန်တော် နေသားကျနေခဲ့ပြီ။ အလုပ်သမားတန်းလျားမှာ နေခဲ့လို့ ဘဝမျိုးစုံ၊ စရိုက်မျိုးစုံကြားမှာ နေခွင့်ရသလို ဖြစ်ခဲ့သော ကျွန်တော့်အတွက် အတွေ့အကြုံ တစ်စုံတစ်ရာရခဲ့တာတော့ သေချာပါသည်။ ကျွန်တော့်ဘဝ တစ်ဆစ်တစ်ကန့်တွင် အုတ်တွေကို ကားနဲ့ လိုက်ပို့ခဲ့ရဖူးသည်။ ဆရာကျော်အောင် အိမ်၊ ဆရာလင်းယုန်မောင်မောင်အိမ်၊ ဆရာမြသန်းတင့်အိမ်၊ ဆရာသုမောင်အိမ်၊ ဆရာမောင်ထင့်အိမ်၊ ဆရာမ မြနှောင်းညိုအိမ် စသဖြင့် ကျွန်တော် ပို့ခဲ့သည်။ အုတ်များနှင့် ဆောက်ခဲ့ကြသည့်အိမ်များ။ မနေ့တစ်နေ့ကပဲ ခွန်ဂျာမှိုင်းအိမ်နှင့် ဆရာချစ်စံဝင်းအိမ်ကို ပို့လိုက်ရသေးသည်။ သည်အိမ်တွေကို ကျွန်တော် ရောက်တိုင်း ဝမ်းသာသည်။

ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာတစ်ယောက်အိမ်ကိုလည်း ကျွန်တော် ရောက်တတ်သည်။ ပန်းချီကားတစ်ချပ်မှ မရှိ။ ကြမ်းတွေက ကျိုးကျိုးကျဲကျဲ။ အမိုးတွေက ကြယ်မြင်လမြင်။ ခင်ဗျားက မမြင်တော့ဘူးလားဆိုတော့ ရယ်သည်။ ယောက္ခမပိုင်တဲ့ အိမ်ဗျ။ အမွေဆိုင်လေတဲ့။ စာအုပ်ဟောင်းရောင်းသည့် မိတ်ဆွေတစ်ယောက်ရဲ့ အိမ်ကတော့ လေးပင်သုံးခန်းအိမ်ကြီး ဖြစ်သည်။ သူတို့က တစ်ခန်း၊ သူ့မရီးက တစ်ခန်း၊ ယောက္ခမ မိန်းမသူက တစ်ခန်း။ အိမ်ရှေ့မှာ မြက်ရိုင်းတွေက ရှည်လွန်းလှပြီ။ ထရံတွေက ကွာကျနေပြီ။ ဗွက်တွေကလည်း တင်းကြမ်း။ ကျွန်တော်က ရှင်းဖို့လင်းဖို့ ပြောတော့ သူက မြေပေါ်တွင် ရိုက်ထားသည့် 'ငုတ်'ကလေးတစ်ချောင်းကိုပဲ လှမ်းပြသည်။



www.burmeseclassic.com

တစ်ခါတစ်ခါ ကျွန်တော့်ကလောင်ခွဲတစ်ခုက အိုးအိမ်စီမံကိန်းကြီးတွေဆီကို ရောက်သွားတတ်သည်။ ခမ်းနားကြီးကျယ်သော အိုးအိမ်မြေယာ စီမံကိန်းမြို့တော်ကြီးအကြောင်းကို သေသေချာချာရေးနိုင်ဖို့ ဆောက်လက်စတိုက်တွေထဲကို ကျွန်တော် ရောက်သွားတတ်သည်။ ခေတ်သစ်လူနေအိမ်တစ်ခု၏ အမွှမ်းအမံတွေကို ကျွန်တော် ကြားနေရသည်။ ဆယ်ရာခိုင်နှုန်း လက်ငင်း ငွေချေရုံဖြင့်သည်တိုက်ကြီးတွေကို ပိုင်ဆိုင်နိုင်ကြောင်း ရှင်းပြကြသည်။ အလိုအလျောက် လျှပ်စစ်မီးစနစ်၊ ဓာတ်လှေကား၊ ပန်းခြံ၊ မြို့တော်ကျောင်း၊ မြို့တော်ဘတ်စကား၊ ကိုယ်ပိုင်ကားဂိုဒေါင်၊ လုံခြုံရေးစနစ်၊ ဂေါက်ကွင်း၊ ရေဆိုးထုတ်စနစ်၊ မိလ္လာစနစ်၊ သဘာဝပတ်ဝန်းကျင်ပသာဒ၊ ဆက်သွယ်ရေးစနစ်၊ ကျွန်တော်အားလုံးကို မှတ်သားလာရသည်။ ကိုယ်ပိုင်မဟုတ်သော တိုက်ခန်းကျဉ်းကျဉ်းထဲက ခြေမကဆယ်ဝပ်မီးသီးရောင်အောက်မှာ သည်စီမံကိန်းကြီးအကြောင်း ရေးခဲ့ရတာလည်းများလှပြီ။ ကျွန်တော် တစ်ခါမှ ဝမ်းမနည်းဘူးပါ။ တစ်ခါမှလည်း တပ်မက်စိတ်မရှိခဲ့တာလည်း သေချာသည်။ သည်အိုးအိမ်တွေက ကျွန်တော့်အတွက် မဟုတ်ကြောင်း ကျွန်တော် သိနေလို့ ဖြစ်သည်။

"အမှန်ပြောရလျှင်မူ ရှေးဗိသုကာအဆောက်အအုံများသည် လူတန်းစားတစ်ခု၏ ကိရိယာမျှသာ ဖြစ်ပါသည်။ မူးကြီးမတ်ကြီးများ၊ သာသနာပိုင်များ၊ မြေရှင်ကြီးများက ကိုယ့်လက်အောက်ခံများ၊ အများပြည်သူများ လေးစားအောင်၊ အဟန့်ကောင်းအောင် အပြောက်အမွှမ်းတွေ၊ အလှအပတွေ၊ အကွန့်အညွန့်တွေဖြင့် ဆောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ယခုအခါတွင်မူ ဗိသုကာအဆောက်အအုံများသည် လူတန်းစားတစ်ခု၏ သင်္ကေတမဟုတ်တော့ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်

www.burmeseclassic.com

> အသုံးတည့်သည့်ပစ္စည်းများသာ ဖြစ်သင့်ပါသည်။ ရှေးတုန်းကလို အဟန့်ကောင်းအောင် ဟန်ရေးပြဖို့ မလိုတော့ပါ။ ကျွန်တော်တို့သည် ဆယ့်လေးရာစု၊ ဆယ့်ငါးရာစုနှစ်များ ကထက် ပိုမိုလေးနက်သော၊ ပိုမိုသိမ်မွေ့သော ဗိသုကာအလှပုံစံ များကို ရှာဖွေတွေ့နေကြပါပြီ”

ကျွန်တော့်အိုးအိမ်ဆောင်းပါးကို အင်္ဂလိပ်လူမျိုး ဗိသုကာဝေဖန်ရေးဆရာ **(John Summerson)** ၏ အက်ဆေးထဲက စာသားတွေနဲ့ ဖွင့်လိုက်ပြီးလျှင် ကျွန်တော် ပေါ့ပါးနေတတ်ပါသည်။ တစ်ခါတလေတော့ ကိုယ်ပိုင်အိမ်ကလေးတွေနှင့် နေတတ်သော နကျယ်ကောင်ကလေးတွေ၊ ပင့်ကူကလေးတွေ၊ ပိုးကလေးတွေကို ကျွန်တော်အားကျတာမျိုး ရှိတတ်ပါသည်။ စာပုတီးတွေကတော့ အုန်းခက်မျှင်တွဲလောင်း အသိုက်အိမ်ကလေးတွေမှာ နေသည်။ ရိုးရာသဘာဝ ရေခဲအိမ်နှင့် နေသူတွေ၊ နွားချေးကျံထားသည့် မြေအိမ်နှင့်နေသူတွေ၊ သစ်ခေါက်အိမ်နှင့်နေသူတွေ၊ ထန်းလက်အိမ်နှင့် နေသူတွေ၊ လှေအိမ်ကလေးထဲမှာပဲ ချက်ပြုတ်စားသောက်ကာ နေကြသူတွေ၊ စသည်ဖြင့် အမျိုးမျိုးရှိသည်။ အနောက်နိုင်ငံတွေမှာတော့ **Mansion**လို့ ခေါ်ကြသည့် ဂေဟာကြီးတွေ ရှိသည်။ ကိုယ့်ဝင်းကိုယ့်ခြံ၊ ပန်းဥယျာဉ်၊ ခြသေ့်ကိုက်တံခါးကွင်းကြီးတွေနဲ့ ဂေဟာကြီးတွေ ဖြစ်သည်။ နေအိမ်၏ သဘောသဘာဝသည် နွေးနွေးထွေးထွေးရှိဖို့ ကျန်းမာရေးနှင့် ညီညွတ်ဖို့ ဥတုရာသီနှင့် သပ္ပါယဖြစ်ဖို့ လုံခြုံစိတ်ချရဖို့သာ ဖြစ်သည်။ သို့သော် ထန်းလက်တဲထက်စာလျှင် အိမ်ကြီးတွေ **Mansion** ကြီးတွေက ပိုကောင်းပါသည်။ ဒါကတော့ တကယ့်လိုအပ်မှုဖြစ်သည်။ တစ်ခါတစ်ခါ သဘောသဘာဝသည် ကျွန်တော်တို့အတွက် သိပ်အသုံးမတည့်လှပါ။ သဘောသဘာဝကို ကာကွယ်ရင်း နိမ့်ကျနေတာကို ကျွန်တော်တို့အားမကျသင့်ဟု ထင်ပါသည်။

www.burmeseclassic.com

ကျွန်တော်တို့ လူမျိုးက အိမ်နှင့် ပတ်သက်လျှင် ပေါ့ပေါ့တန်တန် သဘောမထားတာတော့ သေချာပါသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများတွင်ပင် သီးခြားဟန်ပန်ရှိသော ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ယှက်ကူးထားသော နေအိမ်သဘာဝတွေ ရှိတတ်ပါသည်။ ‘မွန်အိမ်ချိုးကလေးချိုးထားတာ လုလိုက်တာလို့ ပြောသည်။ အိမ်ကြီးရခိုင်နဲ့ နေတယ်လေလို့ပြောသည်။ မိသားစုဝင်တွေ အားလုံး စုစုစည်းစည်းနေတတ်ကြသည့် ကတူးကနန်းတို့၏ အိမ်တွေကလည်း သူ့ဟန်နှင့်သူဖြစ်သည်။ လူမျိုးစုတိုင်းမှာ အိမ်သစ်တက်မင်္ဂလာရှိနေတာကလည်း၊ နေမှုဘဝယဉ်ကျေးမှုဖြစ်သည်။ အိမ်တိုင်ထူတာက အစ တိုင်ချင်းမထိရ၊ စည်တီးသည်ဟု ခေါ်သည်။ ဉရုတိုင်ထူလျှင် မယိမ်း၊ မစောင်းရ၊ မလဲရ၊ လဲလျှင် အသစ်လဲရတော့သည်။ ထိုင်ထူလို့ကြိုးကူလျှင် ကြိုးမပြတ်စေရ။ ဉရုတိုင်ထူပြီးမှ ညောင်ရမ်းတိုင်၊ ကြငှန်းတိုင်၊ သပြေတိုင်တွေ ထူရသည်။ ကုဗ္ဗိုးတိုင်က နောက်ဆုံးမှ ထူ။ အိမ်တိုင်တွေ ထူပြီးတော့လည်း ထိးမဆောင်းရ၊ မှိုမပေါက်ရ၊ စို့မရိုက်ရ၊ လျှာမထွက်ရ၊ ရင်မခွဲရ၊ ထုပ်မစွပ်ခင် မယက်ရ။ တိုင်ပေါ်တွင် စွပ်သောထုပ်၊ ယောက်တွေက တိုင်ထက်ကြီးလျှင် ထီးဆောင်းသည်ဟု ခေါ်သည်။ အခင်းအောက်က ဆင့်ကို ပိုမိုခိုင်တောင့်စေရန် ထောက်ရသည်။ ဒေါက်ကကြမ်းပေါ်ကို မထွက်ရ။ မှိုပေါက်သည်ဟု ခေါ်သည်။ အခန်းဖွဲ့ရာတွင် ခန်းဆီးက ထုပ်ဆီးထက်မရှည်ရ။ လျှာထွက်သည်ဟု ခေါ်သည်။ ခေါင်လျှောက်အတိုင်း ခန်းဆီးမကာရ။ ရင်ခွဲသည်ဟု ခေါ်သည်။ အိမ်သစ်တက်မင်္ဂလာ မပြီးမချင်း သူတစ်ပါးက လာပြီး ကာယသံသဂ္ဂမပြုစေရ။ ဒါကို ကြိုးမနားစေနှင့်ဟု သုံးသည်။ ခေါင်တွေကတော့ မဒရပ်ခေါင်၊ အိမ်တော်ရာခေါင်၊ ငှက်ကြီးတောင် ခေါင်ရယ်လို့ ရှိတတ်သည်။ အိမ်

www.burmeseclassic.com

တစ်လုံးလို့ပြောလျှင် ခွေးကတက်လှေကား၊ လှေကားဆန်၊ ခါးပန်း၊ ယက်မ၊ ပေါင်းကွပ်၊ ဝဲတိုင်၊ အုန်းလက်တိုင်၊ မြင့်မိုရ်ပိတ်၊ အိမ်လျှာ၊ ဆီဘူးဆွဲ၊ အိမ်အူ၊ အခြင်၊ ထုပ်၊ လျှောက်၊ ကြောင်လျှောက်၊ ပန်းဆွဲ၊ သက်ကယ်၊ ကြက်နင်း၊ ဝမ်းဘဲတောင်၊ ခေါင်အုပ်၊ မျက်နှာကြက်၊ သဘော်ကြမ်း၊ ခိုမြီး၊ ကြပ်ခိုးစင်၊ လက်ရမ်းဝဲလင်း၊ ဝရံတာ၊ ဆောင်ပန်း၊ လက်တီး၊ ဆင်ဝင်၊ ဆင်ကပ်၊ သားချီ၊ မင်းတုပ်၊ ကျိုးရှင်၊ ကျိုးအက်၊ ကဲလား၊ ပြတင်း၊ တံခါးတွေပါမှ ပြည့်စုံသည်။ လှေကားထောင်ပြီးလျှင်တော့ ဘယ်သူမှ မဆင်းမတက်ရသေးဘဲ ဆုတောင်းတတ်ကြသည်။

"ချမ်းသာသုခ နေ့တိုင်ရ၍၊ သောကကွာလန်၊ မဆက်ဆံသား၊ ဘေးဒုက္ခရန်မက်၊ ပျက်ပြယ်စင်ကြယ်၊ ပြည်မလယ်၌ လနှယ်ပေါ်ထွန်း၊ နေ့တိုင်း သွန်းလျက်၊ ဘုန်းတန်းတေဇာ၊ လန်းလန်းဖြာ၍၊ ချမ်းသာရိပ်ငြိမ်၊ စည်းစိမ်မြင့်မြတ်စေ သတည်း" ပါးစပ်ကလည်း ရွတ်၊ လက်ကလည်း ပရိတ်ရေကိုဖျန်း။ နံ့သာရေဖျန်း။ သပြေခက်ချိ။ အိမ်တက်မင်္ဂလာမှာတော့ စပါးတောင်း၊ ငါးပိအိုး၊ ဝါတောင်း၊ မီးခွက် အသင့်ထားပြီး လင်စုံမယားဖက်လေး စုံတွဲကို ဖိတ်ရသည်။ ဧည့်သည်က–

"အိမ်ရောင်းဖို့ရှိလား"လို့ မေးလျှင်–

"ရှိပါတယ်၊ သရဏဂုံသုံးပါး၊ ငါးပါးသီလ၊ ရတနာ ခုနစ်ပါး၊ ဂုဏ်တော်ကိုးပါးကို ရည်ပြီး ၃၅၇၉ ကျပ်နဲ့ ရောင်း ပါ့မယ်"ဟု အိမ်ရှင်က ဖြေရသည်။

တကယ်တော့ မြန်မာ့အိမ်ဓလေ့သည် ကျယ်ဝန်းလှပါသည်။ အိမ်ဆောက်မည့်သစ်ကို ရွာက ကြိုဆိုသည့် သစ်ကြိုဓလေ့တွေ ရှိသည်။

www.burmeseclassic.com

အိမ်ဆောက်သစ်ကို အရွေးအပယ်စနစ်တွေ ရှိသည်။ အခေါင်းပါသစ်၊ အမျက်ပါသစ်၊ တံတားခင်း၊ ကျိုးအာ၊ နတ်သတ်၊ တော်လဲ၊ ပုခက်လွဲ၊ သိကြားတိုင်၊ လင်းတနား၊ ဖွဲ့ချ၊ သစ်တွဲလွဲ၊ သစ်ကြိုတ်တွေကို ပယ်ရသေးသည်။ ပြီးလျှင်တော့ နဂါးလှည့်ရွေး၊ မြေခံရက်ရွေး၊ ပန္နက်တင်၊ တိုင်သိပ်ပရိတ်ထူ၊ တိုင်ထူ၊ လှေကားထူမင်္ဂလာတွေ ရှိပါသေးသည်။ မအူသား၊ မိကျောင်းသား၊ သခွပ်သား၊ ညောင်သား၊ သျှစ်သျှားသား၊ ဆီးသား၊ သပြေသား၊ သစ်ဆိမ့်သား၊ ရေယက်သား၊ ကလောသားနှင့် လက်ပံသားတွေနှင့် အိမ်ဆောက်ဖို့များ မြန်မာတွေက ဘယ်တော့မှ ထည့်မစဉ်းစားပါ။ ရှေးကတော့ အိမ်ကို မင်္ဂလာရှိရှိ ဆောက်ခဲ့ကြသလို အိမ်ထောင်မှုဘဝသည်လည်း မင်္ဂလာရှိဖို့သာ ရည်ရွယ်သည်။ နူးနူးဝဲဝဲ ကျိုးကျိုးကန်းကန်း ရာသက်ပန်ဘဝမျိုးကို မြန်မာတို့ တပ်မက်သည်။ အိုအောင်မင်းအောင် ဘဝကို စုံမက်သည်။ သစ္စာတရားဖြင့် ထုံမွှမ်းသောအိမ်ထောင်၊ မေတ္တာတရားဖြင့် ရွှန်းပသော အိမ်ထောင်၊ လင့်ဝတ်၊ မယားဝတ်ဖြင့် လောက ကို တည်ဆောက်သော အိမ်ထောင်တွေကို မြန်မာတို့ မြတ်နိုးသည်။ မောင်တစ်ထမ်း မယ်တစ်ရွက်၊ အေးအတူပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ ချမ်းသာအတူ ဆင်းရဲအမျှဆိုသည့် စကားတွေက မြန်မာအိမ်တွေက လျှံကျလာသော မေတ္တာဖြင့် လူးကျံသည့်အသံတွေ ဖြစ်သည်။

ကျွန်တော်က မြန်မာတို့၏ အိမ်မှုဘဝကို တွေးရင်း မဒမ်ဆီမွန်၊ ဒီဗိုဗွားကို သတိရနေမိပါသည်။ မဒမ်ဆီမွန်ဒီဗိုးဗွားကို ၁၉၀၈ ခုနှစ်တွင် ပြင်သစ်မှာ မွေးသည်။ ဖခင်က အယူအစွဲကြီးသည့် ဘုရင်ကျိဘာသာဝင်ရှေ့နေဖြစ်သည်။ ပြင်သစ်နိုင်ငံက ဆော့ဗွန်းတက္ကသိုလ်က သင်္ချာနှင့် အနုပညာစာပေ အထူးပြုဘာသာတွေကို သင်ယူခဲ့သည်။ ၁၉၂၉ မှာတော့ ဒဿနိကဗေဒဖြင့် ဘွဲ့ရခဲ့သည်။

www.burmeseclassic.com

ဒုတိယကမ္ဘာစစ် ကြီးပြီးတော့ ဆာ့တ် **(Sarte)**၏ နှင့်အတူ ဖြစ်တည်မှု ပဓာနဝါဒ သဘောတရားများ ထူထောင်ခဲ့သည်။ မဒမ်ဒီဗိုဗွားက 'ယောကျ်ားသားတွေဟာ ပြင်ပလောကဆိုတာ ရှိတော့ အိမ်ကို စိတ်ဝင်စားမှုနည်းတယ်။ မိန်းမတွေကတော့ မီးဖိုချောင်နဲ့ အိုးအိမ်ကိုပဲ ကြည့်နေရတယ်လေလို့ ပြောခဲ့သည်။

"တော်ကအပြင်မှာ ပိုက်ဆံထွက်ရှာရတိုင်း အိမ်အလုပ်ကို ခြောက်ပဲတစ်ပြားကိစ္စ ထင်နေတာများအံ့ပါရဲ့"

အမေက အဖေ့ကို တစ်ခါတစ်ခါ ပြောတတ်သောစကားတွေ ဖြစ်သည်။ အမေနှင့် မဒမ်ဒီဗူးဗွား သိပ်မကွာလှပါ။ ပါရီနှင့် ရေနံချောင်းသာ ကွာသော်လည်း မိန်းမဆိုတာများသောအားဖြင့် တူတတ်ပါသည်။ မဒမ်ဒီဗူးဗွားက သူမ၏ **The Second Sex** မှာ 'မိန်းမနဲ့အိမ်'ကို ရေးခဲ့သည်။ 'မိန်းမတစ်ယောက်ဟာ မီးဖိုချောင်နဲ့ အိုးအိမ်ကို ဖန်တီးတတ်ရမယ်၊ သည်လိုပေးနိုင်ဖို့ ကိုယ့်အလုပ်တွေကို ကိုယ်ယုံကြည်ဖို့လည်း လိုသေးတယ်။ ငါ ဘာကြောင့် သည်အလုပ်တွေကို လုပ်ရတာလဲဆိုတာကိုလဲ သဘောပေါက်ဖို့ လိုတယ်"လို့ ရေးခဲ့သည်။

*"ယောကျ်ားသားတွေက အပြင်မှာ လုပ်စရာကိုင်စရာ စီမံကိန်းတွေ စိတ်ကူးတွေ ရှိနေတာကို၊ သည်တော့ မိန်းမသားက ကိုယ်နေတဲ့ ပတ်ဝန်းကျင်ကျဉ်းကျဉ်းကလေးကို ပျော်စရာကောင်းအောင် ဖန်တီးပေးဖို့ လိုလာတယ်၊ ကိုယ်နေရတဲ့ အကျဉ်းထောင်ကြီးကို ပျော်စရာ ဗိမာန်ကြီးတစ်ခု ဖြစ်အောင် ဖန်တီးဖို့လိုတယ်"*

*"အစဉ်အလာမို့လို့ လင်သားနောက်ကို လိုက်ခဲ့ရပေမယ့် အိမ်ထဲမှာ တံခါးပိတ်ပြီး အိမ်ရှင်မလုပ်ရတာ၊ မီးဖိုချောင်ထဲ*

www.burmeseclassic.com

www.burmeseclassic.com


မှာ တကုပ်ကုပ်နဲ့ ချက်ရပြုတ်ရတာ၊ အိမ်မှုကိစ္စတွေကို လုပ်ရတာတွေကိုတော့ ဝန်အလေးသား။ အပျိုဘဝတုန်းကတော့ လောကကြီးတစ်ခုလုံးဟာ ကိုယ့်နယ်မြေ၊ ကျေးလက်ကွင်းပြင်ကြီးတစ်ခုလုံးဟာ ကိုယ်ကျက်စားတဲ့နေရာ၊ တောအုပ်ကြီးတွေဟာ ကိုယ်လှည့်ပတ်သွားလာတဲ့ နေရာ။ အိမ်ထောင်ကျပြီဆိုရင်တော့ ကိုယ့်လောကဟာ ကျဉ်းမြောင်းသွားပြီလေ။ ကိုယ့်ဟင်းလင်းပြင်ဟာ အကန့်အသတ် ရှိလာပြီလေ။ သဘာဝအလှဆိုတာတွေဟာ အရင်ကလို တောရိုင်းပန်းပွင့်တွေမဟုတ်တော့ဘဲ ကိုယ့်အိမ်ရှေ့က စိုက်ထားတဲ့ ပန်းပွင့်လောက်ပဲ ရှိတော့တယ်။ မျှော်မဆုံးနိုင်အောင် ရှိနေတဲ့ မိုးကုပ်စက်ဝိုင်းတွေ အစားအစားအိမ်နံရံတွေပဲ ရှိတော့တယ်။ ဘာပဲဖြစ်ဖြစ်သည်ကန့်သတ်ချက်တွေ သည်ကျဉ်းမြောင်းမှုတွေကိုတော့ကျော်လွှန်ရလိမ့်မယ်။ ကိုယ့်အိမ်ကလေးအတွင်းမှာ ကိုယ့်အင်အားနဲ့ ချိန်ပြီး ကမ္ဘာလောကကလေးတစ်ခုဖြစ်အောင်ဖန်တီးရပေလိမ့်မယ်။ ကမ္ဘာသစ်တစ်ခု ဖန်တီးရလိမ့်မယ်၊ သည်ကမ္ဘာသစ်မှာ သူ့လင်သားဟာ လူ့အဖွဲ့အစည်း၊ သူ့သားငယ်သမီးငယ်တွေဟာ သယ်ယူသွားလို့ရတဲ့ ပုံသဏ္ဌာန်နဲ့ တကွ ရှိနေတဲ့ သူ့ရဲ့ အနာဂတ်ဖြစ်ရလိမ့်မယ်”

အဲသည့်အခါမှာ အိမ်ဟာ ကမ္ဘာလောကကြီးရဲ့ ဗဟိုချက်မဖြစ်ရလိမ့်မယ်။ ကမ္ဘာလောကကြီးရဲ့ တစ်ခုတည်းသော အစစ်အမှန်အရာဝတ္ထုဖြစ်ရလိမ့်မယ်။ ဒဿနိကဆရာခိလာဒ်က ‘အိမ်ဟာ တန်ပြန်စကြဝဠာကြီးတစ်ခု၊ ဒါမှမဟုတ်အပြိုင် စကြဝဠာကြီးတစ်ခု ဖြစ်ရလိမ့်မယ်လို့တောင် ပြောသွားခဲ့တယ်။ အိမ်ဟာ ခိုလှုံရာရိပ်မြုံ၊ ရိပ်သာစခန်း၊ သိုက်မြုံလှိုဏ်ဂူ၊ ဝမ်းကြာတိုက်ဖြစ်ရမယ်”

www.burmeseclassic.com

ပေးရှင့်စထရောင်းကတော့ အိမ်ဟာ ပရိဘောဂသက်သက်မဟုတ်ဘူးလို့ ရေးခဲ့သည်။ ပရိဘောဂဆိုတာ အဲ့ဖွယ်စိတ်ကူးစိတ်သန်းတို့ဖြင့် မြင်နိုင်စွမ်းသော အရာသက်သက်သာ ဖြစ်သည်ဟု ဆိုသည်။ သည်သဘောကို မဒမ်ဒီဗိုးဗွားကလည်း ရေးခဲ့ပါသည်။

*"သူ့အိမ်ထဲမှာ ရှိနေတဲ့ ဇာခန်းဆီး၊ ကြမ်းခင်း၊ ကော်ဇော၊ မီးအုပ်ဆောင်း၊ ကြွေပန်းအိုး၊ ကတ္တီပါအုံး စတဲ့ အရာများဟာ များသောအားဖြင့် သူ့ရဲ့ အာရုံခံစားမှုကိုတော့ နှစ်သိမ့်ဖျော်ဖြေပေးတာ အမှန်ပဲ။ ဧည့်ခန်းထဲမှာ၊ အိမ်ထဲမှာ ရှိတဲ့ အပြင်အဆင် အမွှမ်းအမံတွေဟာ သူ့ရဲ့ ဇာတိစိတ် သူ့ရဲ့ ပင်ကိုယ်စိတ်၊ သူ့ရဲ့ အရည်အသွေးကို ဖော်ပြနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သည်အရာတွေကို သူဝယ်ခဲ့၊ ရွေးခဲ့၊ ပြင်ခဲ့၊ ဖန်တီးခဲ့ပေတာကိုး။ သူ့ရဲ့ အနုပညာအမြင်၊ ရသခံစားမှုနဲ့ သူပြင်ဆင်ပေတာကိုး။ သည်အရာတွေဟာ တကယ်တော့ သူ့ရဲ့ အတ္တာတွေကို ကိုယ်စားပြုတဲ့အရာတွေသာ ဖြစ်တယ်။ သည်အရာတွေကို ကြည့်ပြီး ဧည့်သည်က သူဟာ ဘယ်လောက်အဆင့်အတန်းမြင့်သလဲ၊ မမြင့်ဘူး၊ ဘယ်လောက်အဆင့်ရှိသလဲ မရှိဘူးဆိုတာကို အကဲဖြတ်ကြတယ်။ ဒါကြောင့် သူ့အိမ်ဟာ သူ့ရဲ့ 'လူမှုပေါင်းသင်း ဆက်ဆံရေး' တန်ဖိုးတွေကို ဖော်ပြတဲ့နေရာ သူ့ရဲ့ အတ္တကို ဖော်ပြတဲ့နေရာမျိုး ဖြစ်သွားရတော့တယ်"*

ကျွန်တော်သည်ရက်ထဲမှာ ဆရာလင်းယုန်မောင်မောင်ရေးသည့် သူတော်စင်မာသာထရီဇာကို ဖတ်ရသည်။ အယ်လ်ဘေးနီးယားသူ မာသာထရီဇာက မေတ္တာရှင်၊ ကရုဏာရှင်၊ စေတနာရှင်မှန်း သိကြသူတွေချည်း ဖြစ်သည်။ မေတ္တာဖြင့် ထုံမွမ်းနေသည့် မာသာထရီဇာ၏

www.burmeseclassic.com

 www.burmeseclassic.com 

အိမ်တွေထဲမှာတော့ ဒုက္ခသည်တွေ ရှိသည်။ ခြေသလုံးအိမ်တိုင်တွေ ရှိသည်။ မိဘမဲ့ကလေးတွေ ရှိသည်။ ဆင်းရဲနွမ်းပါးသူတွေ ရှိသည်။ တစ်ခါက အမေရိကန်ပါမောက္ခ (၄) ဦး မာသာထရီဇာထံ ရောက်လာခဲ့ကြသည်။ အမှတ်တရစကားတောင်းခံတော့ မာသာထရီဇာက 'တစ်ယောက်နဲ့တစ်ယောက် ပြုံးပြီး ဆက်ဆံကြပါ။ သင်တို့ရဲ့ မိသားစုအတွင်းမှာပဲ အချိန်ယူပြီး ပြုံးနိုင်အောင် ကြိုးစားကြပါ။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ပြုံးနိုင်ကြပါစေ'ဟု ပြောခဲ့သည်။ မာသာထရီဇာ၏ ငြိမ်းချမ်းရေးဆုမိန့်ခွန်းထဲက စကားတွေကိုလည်း ကျွန်တော် တွေးနေမိပါသည်။

*"ကျွန်မဟာ အခွင့်အရေးတစ်ခုကို ဘယ်တော့မှ လက်လွှတ်မခံပါဘူး။ တစ်ခါက ကျွန်မအိမ်တစ်အိမ်ကို အလည်အပတ်ရောက်ရှိသွားခဲ့ပါတယ်။ အဲသည့်အိမ်မှာ သက်ကြီးရွယ်အိုမိဘများနဲ့ သားသမီးတွေ အစုံအညီ ရှိကြပါတယ်။ ဒါပေမယ့် သူတို့အားလုံးဟာ အမှုမဲ့ အမှတ်မဲ့သာ နေကြတယ်။ ကျွန်မရောက်သွားတော့ သူတို့အိမ်မှာ အစစအရာရာ ပြည့်စုံကြွယ်ဝနေတာ တွေ့ရပါတယ်။ အရာဝတ္ထုတွေဟာ အင်မတန်လှပါတယ်။ ဒါပေမယ့် သူတို့အားလုံးဟာ အိမ်တံခါးဝကိုပဲ စောင့်ကြည့်နေခဲ့ကြတယ်။ သူတို့အားလုံးဟာ ပြုံးမနေကြပါဘူး။ ကျွန်မက ကျွန်မရဲ့ သီလရှင်လေးကို ပြည့်စုံကြွယ်ဝကြရဲ့နဲ့ မပြုံးကြတာ ဘာဖြစ်လို့လဲလို့ မေးတော့ သူတို့ စိတ်ထဲမှာ သူတို့ရဲ့ သားသမီးတစ်ယောက်ဟာ အိမ်ကို အလည်ရောက်လာလိမ့်မယ်လို့ ထင်နေတယ်။ သူတို့ ဟာ သည်သားသမီးတွေကို မေ့လျော့နေကြတဲ့အတွက် သူ တို့တွေ လာရောက်လည်ပတ်ကြမယ်ဆိုတာကို စိတ်မချမ်း*



www.burmeseclassic.com

*မသာဖြစ်နေကြတယ်လို့ ဖြေတယ်။ စဉ်းစားကြည့်ပါ။ မေတ္တာတရားဆိုတာ စိတ်ထားပေါ်မှာ မူတည်ပါတယ်”*

ကျွန်တော်ကတော့ ပေးရှင့်စထရောင်း၏ ‘အိမ်’ကို ဖတ်ရင်း အမေ့ကို သတိရသည်။ မဒမ်ဒီဗူးဗွားကို သတိရသည်။ မာသာထရီဇာ ကို သတိရသည်။ ‘မေတ္တာတရားကို တိုင်ထူလို့ရယ်၊ ကရုဏာတရားကို လှေကားဆင်မယ်၊ အကာမှာတော့ မြတ်နိုးခြင်းပေါ့ကွယ်၊ နော်မောင်ရယ်’ ဆိုသည့် ရေဒီယိုထဲက တေးသံရှင်သက်သက်ကိုပင် သတိရပါသည်။ တကယ်တော့ ကျွန်တော်တို့မှာ ရုပ်ဝတ္ထုအိမ်ထက် စာလျှင် စိတ်ဝတ္ထုအိမ်ကလေးရှိဖို့ လိုအပ်ပါသည်။ စကြဝဠာ၏ ဗဟိုချက်မမှာ နှလုံးသား၏ အလယ်ဝတ်ဆံမှာ အိမ်ကလေး။

**စာကိုး**

– ဆရာမြသန်းတင့်၊ ဗိသုကာနှင့် အင်ဂျင်နီယာ (ရသစာ တမ်း)
– ဆရာမြသန်းတင့်၊ မိန်းမတို့အကြောင်း (မိန်းမနှင့်အိမ်)
– ဆရာဆင်ဖြူကျွန်းအောင်သိန်း၊ ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ
– ဆရာလင်းယုန်မောင်မောင်၊ သူတော်စင် မာသာထရီဇာ

■



www.burmeseclassic.com

www.burmeseclassic.com

# ဥသြနာရီ

"ကျွန်တော်တို့ အဘွားမှာ နံရံတွင် ချိတ်ထားသည့် ဥသြနာရီ ဟောင်းကြီးတစ်လုံးရှိသည်။ တိတ်ဆိတ်နေတတ်သည့် ရှေးအိမ်ကြီးထဲမှာ နာရီကြီးထဲက ဥသြအော်သံတွေ မြည်းဟည်းနေတတ်တာ သင်ကိုယ်တိုင် ကြားနိုင်ပါသည်။ ပြောကြသလောက် ဆိုလျှင် နာရီကြီးက အိုလှပြီ။ နှစ်ပေါင်းတစ်ရာ ဒါမှမဟုတ် သည့်ထက်တောင် ပိုနိုင်သည်။ ကျွန်တော် သိချင်တာတစ်ခုကတော့ နှစ်ကာလတွေထဲမှာ ဥသြငှက်ကလေးနာရီကြီးထဲက အကြိမ်ပေါင်း ဘယ်လောက်များများ လှစ်ခနဲ၊ လှစ်ခနဲ ထွက်လာခဲ့သလဲဆိုတာပဲ ဖြစ်သည်။ လှစ်ခနဲ ထွက်လာပြီး ပြန်ဝင်သွားသည့် အချိန်မှာကော ငှက်ကလေးက ဘာတွေတွေးနေမိတတ်ပါသလဲ။ နာရီအိမ်အပြင်ဘက်မှာလည်း သိပ်ကြာကြာမနေတတ်တော့ သူ့မျက်နှာကို ကြည့်ဖို့ ကျွန်တော့်ဘက်က အချိန်မရလိုက်တာတွေလည်း ရှိသည်။ ငှက်ကလေးကလည်း ကျွန်တော့်ကို ကြည့်လိုက်လျှင် မျက်မှောင်ကြုတ်နေတာမျိုး၊ ဇာချဲ့နေတာမျိုးနဲ့ ပြီးနေတာပဲလို့ ထင်နေပုံရပါသည်။ သေချာတာတစ်ခုကတော့ စဉ်းလဲသည့် ဥသြငှက်ကလေးက ကျွန်တော်တို့ကို အပြောင်အပြက် လုပ်စရာရှိနေပုံရတာပဲ ဖြစ်သည်။ ကမ္ဘာလောကထဲမှာ ကျွန်တော်တို့ မရှိတော့သည့် အချိန်ကာလတိုင်အောင် သူ

www.burmeseclassic.com

*ကိုယ်တိုင်ကတော့ ဝင်ချည်ထွက်ချည်လုပ်နေဦးမယ်ဆိုတာ သူ့ဟာသူလည်း သိပုံရသည်။ တကယ်လည်း ကျွန်တော်တို့ လူသားအားလုံးဘဝတစ်ပါး ပြောင်းသွားကွယ်လွန်ကြသည့်တိုင်အောင် ဥဩနာရီကတော့ သူ့အလုပ်ကို သူလုပ်နေပါလိမ့်မည်။ ကျွန်တော်၏ လျှို့ဝှက်အိပ်မက်တွေအားလုံး သူ့ကို ကျွန်တော် ပြောခဲ့ပါပြီ။ ကျွန်တော်လုပ်ချင်တာမှန်သမျှ အရာအားလုံးကို သူ့ကို ကျွန်တော် ပြောခဲ့ပါပြီ။ ကျွန်တော် လုပ်ချင်တာမှန်သမျှ အရာအားလုံးကို ဖြစ်ပါ၏။ ဒါပေမယ့် ဒါတွေအားလုံးကိုတော့ နှလုံးသားမဲ့ ငှက်ဆိုးက အကုန်အစင် ပြန်ပြောနိုင်လိမ့်မည် မထင်ပါ။ အလွန်ဆုံးပြောနိုင်လျှင် သူအော်နေကျ 'ဥဩ၊ ဥဩ'ဆိုတာလောက်သာ ဖြစ်လိမ့်မည်။*

***[Patience Strong* ၏ *Cuckoo Clock]***

ပေးရှင့်စထရောင်း၏ ဥဩနာရီဆိုတာကိုပဲ ကျွန်တော်ပုံဖော်ကြည့်နေမိပါသည်။ ခိုအိမ်ကလေးနှင့်တူသော၊ ကာတွန်းအိမ်ကလေးထဲက နာရီတွေထိုးကာနီးတိုင်း ထွက်ထွက်လာတတ်သော ငှက်ကလေးကို ကျွန်တော် ကာတွန်းစာအုပ်တွေမှာပဲ တွေ့ဖူးပါသည်။ ဝေါ့လ်ဒစ်စနေး၏ ကာတွန်းတွေမှာလည်း ပါတတ်သည်။ နာရီထူးထူးဆန်းဆန်းတွေကို ကျွန်တော် တော်တော်များများ တွေ့ခဲ့ဖူးသော်လည်း သည်လိုငှက်ကလေးက ထွက်ထွက်အော်တတ်သည့် နာရီမျိုးကိုတော့ ကျွန်တော် မမြင်ခဲ့ဘူးပါ။ သည်စာညွှန့်ထဲက ငှက်ကလေးကတော့ ဥဩငှက်ဟု ဆိုသည်။ ဥဩသည် အသံချိုသော ငှက်မျိုးဖြစ်ကာ ကျွန်တော်တို့ဆီမှာတော့ နွေဦးသင်္ကေတဂီတသံလို့ ဆိုနိုင်ပါသည်။ ဥဩငှက်၏ အော်သံကို တွန်သံဟု သုံးသလား၊ အော်သံလို့ သုံးသလား မသေချာပါ။ အနောက်နိုင်ငံတွေမှာကော နွေဦးမှာ အော်



www.burmeseclassic.com

www.burmeseclassic.com


လေသလား၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် သိချင်းမှာတော့ 'နွေတေးရှင် ငှက်မောင်တစ်ကိုယ်ရည် လွမ်းတေးကို သူပင် သီရော့မည် 'ရော်ရည် မှန်းဆကာ အိပ်မက်ဆန်တဲ့ နွေညပန်းချီ နှင်းမြူရိပ်ကိုမြင်လျှင် အမှတ်မထင် ဝေဝေဝါး၊ ဘဝပမာလေလား၊ ထင်စားမိသည်၊ ဆီးတား ကာဝှက် လရက်နာရီ'တဲ့လေ။ အနောက်နိုင်ငံတွေမှာကော ဥဩနှင့် နွေကို ရောရောထွေးထွေး ခံစားကြလေသလား။ ဘာပဲဖြစ်ဖြစ်။ နာရီအိမ်ကလေးထဲမှာ ဥဩတစ်ကောင် ထည့်ထားခဲ့သည့် နာရီဆရာကို ကျွန်တော် ကျေးဇူးတင်ပါသည်။ တစ်နာရီထိုးတော့ ဥဩ၊ နှစ်နာရီ ထိုးတော့ ဥဩ ...ဥဩ ...။ သုံးနာရီထိုးတော့ ဥဩ ဥဩ ဥဩ၊ ပေးရှင့်စထရောင်းက **"We human beings pass away, but cuckoo clocks go on** .....လို့ ရေးခဲ့သည်။ ဥဩ နာရီကလေးက လူသားတွေ သေလွန်သည့်တိုင် မရပ်မနားရှိနေနိုင် တာကကောဘာပါ လဲ။ ဘယ်တော့မှ မပျက်နိုင်သည့် နိစ္စထာဝရ နာရီကို ရည်ညွှန်းတာ မဟုတ်နိုင်။ 'အချိန်'ဆိုသည် မသေမျိုးကိုသာ ပြောချင်တာ ဖြစ်သည်။ အချိန်တွေဟာ မသေတော့ဘူးတဲ့လား။ အနိစ္စတရားထဲမှာ 'အချိန်'သည် ချွင်းချက်တရားလား။ သည်ပြဿနာသည် သေးသေးကွေးကွေး မဟုတ်ပါ။ မနေ့တစ်နေ့ကအထိအချိန်နှင့် ဘုရားသခင် ဘယ်သူက ပိုအရေးကြီးသလဲဆိုတာကို ငြင်းခုန်ကြတုန်းဖြစ်သည်။ ဂျာမန်ပညာ ရှင်နှစ်ရေးက ဘုရားသခင်သည်ပင်လျှင် အချိန်စက်ကွင်းထဲမှာ ရှိနေရ သည်ဟု ဆိုသည်။ အချိန်သည်သာ ထာဝရဖြစ်လျှင် ဘုရားသခင် **(God)** က ထာဝရမဟုတ်ဆိုတာမျိုး ပြောနေသည်။ ရှင်ယောဟန် **(St.John)**ကို ဘုရားသခင်က နောက်ဆုံးပေးတော်မူခဲ့သည် ဗျာဒိတ် တော်တွင် 'အချိန်၏အဆုံး' သဘောတရား ပါဝင်ခဲ့တာကို နှစ်ရေးက ဆိုလိုခြင်း ဖြစ်ပါသည်။ အချိန်တွင် မည်သည့် ဖိအားပေးမှုမရှိ။

www.burmeseclassic.com

မည်သည့် ဩဇာမှ မပြောင်း ဆိုသည့် နှစ်ရှေး၏ အယူအဆသည် ပေးရှင့်စထရောင်း၏ အယူအဆနှင့် တူသည်ဟု ဆိုနိုင်ပါသည်။

ခရစ်ယာန်ဘာသာတွင် ကမ္ဘာဦးဖြစ်တည်ဟန်ရှိသကဲ့သို့ ကမ္ဘာ ပျက်ပုံလည်း ရှိသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွင်လည်း ကမ္ဘာ ဦးဖွဲ့တည်ဟန်နှင့် ကမ္ဘာပျက်ပုံ ရှိပါသည်။ အာဒိကပ္ပကျမ်း၊ အဘိဓမ္မတ္ထဝိဘာဝနိဋီကာနှင့် ပဏ္ဍိတဝေဒနိယကျမ်းတို့တွင် တွေ့နိုင်သည်။ ကမ္ဘာပျက်ပုံကို ဖွဲ့ရာတွင် ‘သေကျွတောင်ဆရာတော် ဦးတိလောက၏ ပဏ္ဍိတဝေဒနိယလာ ‘သတ္တသူရိယ’သုတ်သည် အလွန်ပြက်ပြက်ထင်ထင်ရှိသည်။ ကမ္ဘာမြေတွင် နေခုနှစ်စင်းထွက်၍ လောကဓာတ်တစ်ရိုးတွင် တစ်သိန်းကုဋေ ဟိန်းဟိန်းပြာမျှ ကြေပုံကို ထိတ်လန့်စဖွယ် ရေးသားတော်မူခဲ့သည်။ မီးဖျက်သည့် ကမ္ဘာ၊ ရေဖျက်သည့်ကမ္ဘာ၊ လေဖျက်သည့်ကမ္ဘာ အပြန်အလှန် အကျော့ ၆၄ ကမ္ဘာတိုင်တိုင် ပျက်စီးနိုင်ပုံတွေကို ဖွဲ့သည်။ ကမ္ဘာပျက်ပုံကို မြန်မာတို့၏ ရုပ်သေးသဘင်အဖွင့်တွင် တွေ့နိုင်ပါသည်။ လင်းကွင်းခုနစ်ချက်၊ မောင်းတစ်ချက်၊ ခုနစ်ကြိမ်ခပ်စိပ်စိပ် တီးကာ တိခနဲရပ် ဆိုင်းတော်က ဗိန်းဗောင်းရိုက်ကာ မီး၊ မိုး လေ ကမ္ဘာပျက်တာကို ဂီတဖြင့် ဖော်ကျူးသည်။ ဗြဟ္မာ့ဘုံတိုင်အောင် လောင်ကျွမ်းနိုင်သော ကမ္ဘာဖျက်မီးက ‘အချိန်’တွေကိုပါ လောင်ကျွမ်းသွားခဲ့လေသလား။ ကမ္ဘာပျက်ခြင်းသည် ဗုဒ္ဓပိဋကတ်တော်လာ အကြောင်းအရာမဟုတ်သော်လည်း (အဘိညာဉ်ရသေ့တို့၏ ဉာဏ်ကွန့်မြူးချက်ဆိုစေဦးတော့) အချိန်ကို မီးလောင်မလောင်ဆိုတာကို ဖော်ပြခဲ့တာ မတွေ့ရပါ။ ခရစ်ယာန်ဘာသာမှာတော့ ကမ္ဘာ၏ အဆုံးသတ်ကို **Apocalyptism** ဟု ခေါ်သည်။ အချိန်တို့၏ ပျက်သုဉ်းခြင်းသည် သမိုင်းနှင့် မဆိုင်သော အနုမာနသာဖြစ်သည်။ သို့သော် ကမ္ဘာလေ...

www.burmeseclassic.com

 www.burmeseclassic.com 

ပျက်သုဉ်းလျှင် အချိန်ကာလဆိုတာလည်း ပျက်သုဉ်းသွားသည်ဆိုသည့် ကန့်သတ်မှုသဘောကို ဘာသာတရားက လက်ခံသည်။

လူသည် မိမိ၏ တစ်ကိုယ်ရေဘဝ အချိန်ပျက်သုဉ်းမှုရှိသည်။ မိမိနေထိုင်သော ကမ္ဘာလောက၏ အချိန်ပျက်သုဉ်းမှုလည်း ရှိသည်။ ဤသောကနှစ်မျိုးမှာ ဒွန္ဒာရီဆန်သော်လည်း လူတို့၏ မမြင်ရသော (ဖိစီးမှန်းမသိ ဖိစီးနေသော) သောကတွေလို့ ယုံကြည်ကြသည်။ ကနေ့ခေတ်သစ်တွင်တော့ သောကတစ်မျိုး ပိုလာပြန်သည်။ အဆုံးနိဂုံးမရှိသောအချိန်သဘောတရားသစ်ကြောင့် လူသည် အချိန်၏ အကျဉ်းအကျပ်ထဲမှာ အသက်ရှူကျပ်နေရသည့် သောကသစ်ဖြစ်သည်။

"အချိန်၏ စိုးမိုးမှု၌ ညို့ဓာတ်မြောက်မြားစွာရှိ၏။ ဘာသာရေး၏ သင်ကြားမှုကြောင့် ကပ်အမျိုးမျိုးကို စိုးထိတ်ကြ၏။ နောက်ဆုံးစခန်းမရှိသော အချိန်၏ လှိုင်းတံပိုးကြီးထဲတွင် လူက လူပ်ရှားရုန်းကန်ရသောအခါ လူသည် အချိန်အပေါ်တွင် ခံစားမှု လျော့နည်းသွားသည်။ အချိန်ကို ဂရုမပြုမိ။ အချိန်၏ ယန္တရားသည် ချောမွတ်စွာ လည်ပတ်ပေး၍သာ၊ ဤသို့ အချိန်ကို ဂရုမပြုနိုင်ခြင်း ဖြစ်သည်ဟု ယူဆဖွယ်ရာ ရှိသည်။ ဤအယူအဆမှန်လျှင် ဤသည်မှာ အချိန်က ဘုရားသခင်အပေါ် အနိုင်ရခြင်းသာ ဖြစ်သည်။ အချိန်က လူသားလောကအပေါ် အနိုင်ရခြင်းသာ ဖြစ်၏ဟု ဒဿနပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

"မြန်မာစကားတွင် အသက်ကြီးပြီး အချိန်မစီးဘူး' ဆိုသည့် အလင်္ကာသဘော တင်စားချက် ရှိသည်။ အသက်ကြီးပြီဆိုတာက 'အချိန်တော်တော်များများကို ပိုင်ဆိုင်ခဲ့ပြီးတာတောင်မှ' ဆိုသည့်သဘောဖြစ်သည်။ အချိန်မစီးတာကတော့ အသိဆင်ခြင်တုံတရားဖြင့် မလေးလံနိုင်သေးတာကို ပြောသည်။ တစ်နည်းအားဖြင့် အချိန်တွေ

www.burmeseclassic.com

တော်တော်များများ သုံးဖြုန်းခဲ့ပြီးတာတောင်မှ ဆင်ခြင်တုံတရား များများစားစား မရှိသေးဘူးဆိုသည့် အဓိပ္ပာယ် ဖြစ်ပါသည်။ သည် သဘောပါသည့် ဝတ္ထုတစ်ပုဒ်ကို ကျွန်တော် ဖျပ်ခနဲ မှတ်မိပါသည်။ ရုရှားလူမျိုး စာရေးဆရာ ချက်ဟော့ဗ်၏ 'တောကြီးကန်း အဘိဓမ္မာ ဆရာနှင့် တွေ့ဆုံခြင်း ဖြစ်သည်။ တစ်ခါက ပြောင်းခင်းတစ်ခင်းထဲမှာ အစာကောက်နေသည့် တောကြီးကန်းအုပ်ထဲက ကြီးတစ်ကောင်နှင့် လူတစ်ယောက်စကားပြော ဖြစ်သည်။ ဖြစ်ချင်တော့ ကြီးကန်းက ကြီးကန်းဒဿနဆရာ ဖြစ်နေသည်။ လူက ကြီးကန်းကို အသက်မေး တော့ ကြီးကန်းက ၃၇၆ နှစ် ရှိပြီဟု ဆိုသည်။ ဒါကို ကြားတော့ လူက အံ့သြသည်။ သည်လောက်များပြားသည့် အချိန်တွေကို ဘယ် လိုသုံးခဲ့သလဲလို့ မေးသည်။

"ဘာမှမလုပ်ခဲ့ပေါင်ဗျာ၊ ဘာတွေများ လုပ်ရဦးမှာလဲဗျ၊ အစာစားတယ်၊ ရေသောက်တယ်၊ မျိုးဆက်ပြန့်ပွားအောင် လုပ်တယ်၊ ဒါပဲပေါ့"

"ဖြစ်မှဖြစ်ရလေ တောကြီးကန်းရယ်၊ သည်အသက်အရွယ် အထိ ဒါတွေနဲ့ပဲ အချိန်ကုန်ခဲ့တယ် ဟုတ်လား၊ ကျုပ်ဖြင့် ခင်ဗျား အစား ရှက်လိုက်တာဗျာ၊ ခင်ဗျားဟာ လောကကြီးမှာ နှစ်ပေါင်း ၃၇၆ နှစ် ကုန်ခဲ့တာတောင် မိုက်မဲတုန်းပါလား၊ ခင်ဗျားမှာ ဖွံ့ဖြိုး မှုဆိုလို့ တစ်ပြားသားမှတောင် မရှိခဲ့ပါလား"

"သည်လိုလဲ ဘယ်ဟုတ်ပါ့မလဲဗျာ၊ အသိဉာဏ်ဆိုတာက အသက်ကြီးတိုင်း အလိုအလျောက်ရတာမျိုးမှ မဟုတ်ပဲနဲ့ သင်ကြားမှုနဲ့ လေ့လာမှုကရတဲ့ ပစ္စည်းမဟုတ်လား ကိုယ့်လူရဲ့"

*'တောကြီးကန်းနှယ်ဗျာ၊ နှစ်ပေါင်း ၃၇၆နှစ်ဆိုတာ*
*လောကအဖို့ ထာဝရကာလကြီးဗျ၊ ကျုပ်သာဆိုရင် တက္ကသိုလ်*

www.burmeseclassic.com

*တိုင်းက ပညာစုံနဲ့ ဘာသာရပ်စုံ ပညာတွေတတ်ပြီ၊ အခါ နှစ်ဆယ်လောက် အိမ်ထောင်တွေကျပြီ၊ အသက်မွေးဝမ်း ကျောင်းမှု မှန်သမျှစုံလောက်ပြီ၊ ရာထူးအမျိုးမျိုးလည်း ရ လောက်ပြီ၊ သူဌေးကြီးတောင် ဖြစ်လောက်ပြီ။ ခင်ဗျားဗျာ ငွေတစ်ကျပ်ကို နှစ်ထပ်တိုး ငါးရာခိုင်နှုန်းနဲ့ ဘဏ်မှာ အပ် ရင်တောင် တစ်ကျပ်က တစ်သန်းဖြစ်လောက်ပြီ၊ ခင်ဗျား သည်လောက်တောင် ညံ့ရသလား"*

*"အောင်မလေးဗျာ၊ ကျုပ်ကတော့ မရှက်သေးဘူး၊ ကျုပ် တို့ငှက်တွေရဲ့ အနှစ် ၄၀၀ ထဲမှာ ခင်ဗျားတို့ လူတွေရဲ့ အနှစ် ၄၀ အတွင်း လုပ်ခဲ့တဲ့ မိုက်မဲမှုမျိုး တစ်ခါမှ မရှိခဲ့ ဘူး။ ကျုပ်တို့ကျီးကန်းတွေ အချင်းချင်း စစ်မတိုက်ဘူး။ အချင်းချင်း မလုယက်ဘူး။ ဘဏ်ထိုက်မှာ ငွေမစုကြဘူး။ နိုင်ငံခြားဘာသာသင်ကျောင်းတွေ မဖွင့်ဖူးဘူး။ အချင်းချင်း ခြိမ်းခြောက် ငွေမညှစ်ဖူးဘူး။ အညံ့စားဝတ္ထုကဗျာတွေ မရေး ဖူးဘူး။ ကျီးကန်းမတွေက လင်သားကို သစ္စာမဲ့တာ မရှိ ဖူးဘူး။ ကပ်ပါးမရှိ၊ ချောက်တွန်းသူမရှိ၊ လူလိမ်မရှိ၊ ကြောင် သူတော်မရှိ၊ ကဲ ပြောပါဦး"*

ဝတ္ထုက ဒါပဲဖြစ်သည်။ လူတွေမှာတော့ အချိန်နှင့် ဆင်ခြင်တုံတရား သဟဇာတဖြစ်မှုသဘောရှိသည်။ ကျီးကန်းတွေကတော့ ချစ်ခြင်းနှင့် မိုက်မဲခြင်းသာ ရှိသည်။ တောကျီးကန်းပြောသလို အချိန်ကာလနှင့် အမျှ သင်ကြားမှုနှင့် ဆည်းပူးလေ့လာမှုမရှိလျှင် အချိန်သည် သိပ် အဓိပ္ပာယ်မရှိတော့တာတော့ သေချာသည်။

နာရီနှင့် ပတ်သက်သည့် မြန်မာဝတ္ထုတိုတစ်ပုဒ်ကိုလည်း ကျွန်တော် ပြောချင်ပါသည်။ ဆရာမဂျူး၏ 'နာရီပြင်ဆရာ၏ အိမ်

www.burmeseclassic.com

နိုးချင်း’ဝတ္ထုတို ဖြစ်သည်။ ဆရာမဂျူး၏ ဝတ္ထုများကို ကျွန်တော် အလွန်နှစ်သက်ပါသည်။ ဆရာမ၏ ကျွန်တော်သဘောအတွေ့အဆုံး ဝတ္ထုနှစ်ပုဒ်မှာ ‘သူရင်းငှား’နှင့် ‘နာရီပြင်ဆရာ၏ အိမ်နီးချင်း’ဖြစ်သည်။ နာရီပြင်ဆရာတစ်ဦးနှင့် အိမ်နီးချင်းဖြစ်ရသော ဒုက္ခကို ရေးဖွဲ့ရင်း အတွေးအမြင်တစ်ခုကို ပေးနိုင်သည့် ဝတ္ထုတိုလည်း ဖြစ်ပါသည်။ စရိုက်ဖွဲ့တွေကြားက ဝတ္ထု၏ နိမိတ်ပုံကို ကျွန်တော်တို့ ခံစားနိုင်ပါသည်။ မကြာခဏ ပျက်တတ်သော နာရီတစ်လုံးကြောင့် နာရီပြင်ဆရာ၏ အိမ်နီးချင်းဖြစ်ရတာကို သူ ကျေနပ်သည်။ နာရီပြင်ဆရာ၏ ဂုဏ်သိက္ခာကိုလည်း သူကျေနပ်သည်။ တရားစာအုပ်ဖတ်ခြင်းနှင့် နာရီပြင်ခြင်းသည်သာလျှင် နာရီပြင်ဆရာ၏ အလုပ်ဘဝဖြစ်နေခြင်းကို သူ သဘောကျသည်။ ထို့ကြောင့် ပြဿနာက နာရီပြင်ဆရာတွင် မရှိဘဲ သူ၏ နာရီများတွင် ရှိနေခြင်း ဖြစ်သည်။ ညစဉ်ညတိုင်း အချိန်ခြင်းမတူဘဲ မြည်ဟည်းနေသည့် နာရီထိုးသံတွေကြောင့် သူ မအိပ်နိုင်။ ထိုအခါ သူက နာရီပြင်ဆရာကို ပြောသည်။

*“ခင်ဗျား နာရီတွေက ပြင်လက်စမို့ ထင်တယ်၊ မိနစ်နည်းနည်း ခြားခြားပြီး ထိုးနေကြတယ်။ ဒါဟာ နာရီမမှန်တဲ့ သဘော မဟုတ်လား။ တကယ်လို့သာ စံတော်ချိန် ကိုက်ညီရင်”*

*“မဟုတ်သေးဘူးဗျ၊ ကျုပ်အနေနဲ့ ဘယ်နာရီက ဘယ်လောက် အလုပ်လုပ်တယ်ဆိုတာ သိဖို့လိုတယ်၊ ကျုပ်က နာရီတွေရဲ့ ထိုးသံကို ခွဲခြားပြီး သိတယ်။ အသံအနေးအမြန် အတိုးအကျယ်ရော နာရီအချိန်မှန်၊ မမှန်ကိုရော အမြဲစောင့်ကြည့်တာကိုး။ ဒီတော့ နာရီတွေကို တမင်အချိန်ခြားပြီး*

www.burmeseclassic.com

*တိုက်ထားတယ်လေ။ ဒါမှ ကျုပ်ထိုင်ရာက ထမကြည့်ဘဲ ဘယ်နာရီက သံပတ်နည်းနေပြီလဲ၊ ဘယ်နာရီက ဆံချည် မကောင်းဘူးလဲ၊ ဘယ်နာရီက ထိုးစက်မကောင်းဘူးလည်း ခွဲခြားပြီး သိရမှာပေါ့"*

နောက်တော့လည်း သူနာရီတွေနဲ့ နေသားတကျ ဖြစ်သွားခဲ့သည်။ နာရီသံတွေကပဲ ဂီတသံလို ခံစားနေရပြီ။ နောက်ထပ်ကြုံလာရသည့် ပြဿနာတစ်ခုကတော့ နာရီပျက်တွေကို လူကြုံပါးခြင်း ဖြစ်သည်။ တစ်ခါတော့ တိုင်ကပ်နာရီကြီးတစ်လုံးကို အားနာပါးနာ ယူလာခဲ့ရင်း လမ်းမှာ (ရပ်ရှင်ရုံရှေ့မှာ) နာရီထိုးတာကြားလိုက်ရသည်။ ဂုန်လျှော်အိတ်ဖြူဖြင့် ထည့်ယူလာခဲ့သည့်နာရီက သူခြေလှမ်းတိုင်းမှာ ထိုးသံတွေ ထွက်ပေါ်နေသည်။ အသံမမြည်သင့်သည့်အချိန် နာရီ (ညနေငါးနာရီခွဲရန် ဆယ်မိနစ်အလို) ထိုးလိုက်သံကြောင့် သူ ပထမ တော့ ရှက်ရွံ့သွားခဲ့သေးသည်။ နောက်တော့ သူမရှက်တော့ပါ။

*"နာရီတစ်လုံးဟာ သူမြည်ချင်တဲ့အချိန်မှာ အသံမြည်ခွင့် ရှိတာပဲ။ ညနေ ငါးနာရီမှာပေမယ့် ခုနစ်ချက်ထိုးတော့ ဘာ ဖြစ်သေးလဲ၊ ရှစ်ချက်ထိုးတော့ရော ဘာဖြစ်သေးလဲ"*

သူ တကယ်အားတင်းပြီး လျှောက်ခဲ့တော့ နာရီထိုးသံထွက်လာ ပြန်သည်။ သည်တော့ နာရီကို ဖောက်ထိုးထားကြည့်သည်။ လေးငါး လှမ်း လှမ်းမိတော့ ဒုံခနဲ နာရီမြည်သံထွက်လာခဲ့သည်။ သည်တစ်ခါ တော့ ရှက်ရယ်ရယ်မိသွားသည်။ နာရီကြီးရောက်လာကတည်းက ဒုက္ခအကြီးအကျယ်ပေးတော့သည်။ နာရီပြင်ဆရာ၏ အိမ်နိုးချင်း အဖြစ် နာရီတော်တော်များများ၏ ထိုးသံကို နားယဉ်ခဲ့ပြီး ဂီတသံ အဖြစ် ခံစားခဲ့သူက သည်နာရီကျတော့ ဒုက္ခလှလှကြီး ရောက်ခဲ့ရ သည်။ 'ဒုံဂျရစ် ဂျရစ်' ဆိုသည့် မြည်သံက သွားကျိန်းစာကောင်း

www.burmeseclassic.com

သည်။ ဘယ်နိုင်ငံများ သည်နာရီကို တီထွင်ပါလိမ့်။ အသံကတော့ တော်တော်မာန်ထန်ပြီး ကျယ်လောင်သည်။

*"စက်သောမ (Seth Thomas) အမျိုးအစားဗျ၊ သိပ်ကောင်းတယ်။ ခိုင်တယ်၊ ဟိုတုန်းကတော့ နာမည်ကြီးပေါ့ဗျာ၊ ရွှေဈေးအစိတ်တုန်းက ငါးဆယ်ပေးရတဲ့ နာရီအမျိုးအစားဗျ"*

တစ်ခါတော့ နာရီပြင်ဆရာ၏ အိမ်ဘက်ကို သွားလည်ရင်း နာရီကြောင်းတွေ မေးတော့သည်။ နာရီကြီးကို ပြင်သူဆီက အပြီးအပိုင်ဝယ်လိုက်သည့် သတင်းကို ကြားခဲ့ရသည်။ လက်စသပ်တော့ သည်နာရီရဲ့ ဒုက္ခကို သူတစ်သက်လုံး ခံရတော့မှာပါလားလို့ တွေးရင်းစိတ်ဆင်းရဲနေခဲ့ရသည်။ တစ်ရက်တော့ သူစိတ်ကူးရသွားသည်။ သည်နာရီကြီးကို ဝယ်လိုက်ဖို့ ဖြစ်သည်။ ဤသို့ဖြင့် နာရီကြီးကို ဝယ်လိုက်သည်။ နာရီပြင်ဆရာက အိမ်မှာ လိုက်ချိန်ပေးဖို့ ပြောနေသေးသည်။

*"ထိုးစက်သံပတ်က ဘယ်ဟာလဲဗျ"*

*"ဟောဒီဟာပေါ့၊ ခင်ဗျား တစ်ခါသံပတ်ပေးပြီးရင် တစ်ပတ်လောက် အနည်းဆုံးမေ့ထားလို့ရတယ်။ သူ့သံပတ်က အော်ရီဂျင်နယ်တွေ၊ အက်ရာဆက်ရာ ဘာမှမရှိဘူး၊ သန်သလား မမေးနဲ့"*

သူ့အိမ်ရောက်တော့ သွားစက်သံပတ်ကိုသာ ပေးသည်။ ထိုးစက်သံပတ်ကို မပေး။ သည်တော့မှ သက်တောင့်သက်သာ အိပ်ပျော်ကျင့်ကို သူပြန်ရသွားခဲ့သည်။ 'သူ့ဘဝတွင် သူမုန်းတီးသော အရာဝတ္ထုတစ်ခုကို အပိုင်ဝယ်ယူပစ်လိုက်ခြင်းမှာ ဤတစ်ကြိမ်သာရှိသေးသည်' 'ဝတ္ထုတို၏ အဆုံးစာကြောင်းများကို ကျွန်တော် အလွတ်ရနေသည်။ သည်ဝတ္ထုတိုကို သတိရတိုင်း ကျွန်တော့်မှာ ခံစားမှုတစ်ခု ရနေတော့



www.burmeseclassic.com

 www.burmeseclassic.com 

ပါသည်။ အချိန်နာရီ တော်တော်များများကို အာသာငမ်းငမ်း ဝယ်ယူနေရတာကလည်း တကယ်တော့ ကြေကွဲစရာကောင်းလှပါသည်။ ကျွန်တော့်အဖို့တော့ မလိုချင်ဘဲ ဝယ်ယူခဲ့ရသည့်အရာဝတ္ထုတွေထဲမှာ အချိန်တချို့ ပါနေတတ်ခြင်းကြောင့် ဖြစ်သည်။

ကျွန်တော် စွဲလမ်းသည့် နာရီဝတ္ထုတစ်ပုဒ် ရှိပါသေးသည်။ တရုတ်ဝတ္ထုတို ဆရာယေယုံလီ **(Ye Yonglie)** ၏ **'**နာရီဆိုင်ထဲမှာ စကားပြောခြင်း**' (Talk in a clock shop)** ဖြစ်သည်။ တစ်ခါက နာရီဆိုင်တစ်ဆိုင်မှာ ချက်ချောက်၊ ချက်ချောက်နာရီစက်သံများဖြင့် ဆူညံနေသည်။ နာရီတိုင်းလိုလိုက အသံတွေ ထွက်နေခြင်းဖြစ်သည်။ ဖျားနာနေသည့်နာရီ၊ ဒဏ်ရာရသည့်နာရီ၊ ဆာလောင်နေသည့် နာရီတွေချည်း ဖြစ်သည်။ တစ်နေ့တော့ သည်ဆိုင်ကလေးထဲကို နာရီစိမ်းတစ်လုံး ရောက်လာခဲ့သည်။ **'**နောက်ဆုံးပေါ်နာရီဆိုတာ ငါပဲ**'**လို့ အော်ရင်း ဝင်လာသည့် ခပ်ဆန်းဆန်းနာရီတစ်လုံးဖြစ်၏။ တကယ်လည်း သည်နာရီက အသံမမြည်ပါ။ ပကတိငြိမ်။ ပြီးတော့ လက်တံတွေမပါတာက ပိုပြီး ထူးဆန်းနေသည်။ အထူးဆန်းဆုံးကတော့ အချိန်နာရီပြခြင်းကို လက်တံတွေ မသုံးဘဲ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသွားသည့် ဂဏန်းတွေ ထွက်ပေါ်စေခြင်း ဖြစ်သည်။ သံပတ်ပေးဖို့ မလိုပါ။ လက်သည်းလောက်ရှိသော ဓာတ်ခဲကလေးတစ်ပြားထည့်ထားရုံဖြင့် နှစ်နှစ်လောက် တောက်လျှောက်အချိန်ပြနိုင်သည် ဆိုတာကပါသေးသည်။

"အချိန်ကတော့ မှန်သလားမပြောနဲ့၊ တစ်နှစ်လောက်မှာမှ လွဲရင် တစ်စက္ကန့်ပဲ"

သည်နာရီစိမ်း၏အသံကို နာရီဟောင်းတွေက နားကြားပြင်းကပ်လာသည်။ မယုံကြည်တာလည်း ပါပါသည်။ တိုင်ကပ်နာရီကြီး

www.burmeseclassic.com

က ရှည်လျားသောသူ၏ ချိန်သီးကြီးကို ဆန့်ထုတ်ရင်းက ပြောသည်။ 'ချောက်ချက်တောင်မှ မမြည်တတ်ဘဲနဲ့ ဘယ့်နှယ်လုပ်နာရီဖြစ်ရမှာတဲ့တုန်း။

'လက်ပတ်နာရီက ပြောသည်။ လက်တံမပါတဲ့ ကောင်က သူ့ကိုယ်သူ နာရီတဲ့လေ'။ နိုးစက်နာရီကတော့ ဒေါသတကြီး အော်ဟစ်လိုက်သည်။ 'သံပတ်မပေးဘဲ နာရီလုပ်နေတဲ့ ကောင်ဟာ ဘာကောင်လဲကွ'။ နာရီဆိုင်ထဲမှာ စကားသံတွေ ညံ နေခဲ့ပြီ။ 'အလကားလာလိမ်နေတဲ့ကောင်၊ နာရီမပီသတဲ့ကောင်၊ ဆိုင်ထဲက မြန်မြန်မောင်းထုတ်လိုက်စမ်းကွာ'ဆိုသည့်အသံတွေ ဖြစ်သည်။ သည်အချိန်မှာ လူငယ်တစ်ယောက်က နာရီလာဝယ်သည်။ အရောင်းစာရေးက နာရီတွေ ထုတ်ပြတော့ နာရီစိမ်းကို သဘောကျသွားသည်။

"ကျွန်တော် နောက်ဆုံးပေါ် ဟော့သည့် ဒစ်ဂျစ်တယ်လ်နာရီလေးကိုပဲ ကြိုက်တယ်"။

ဒါကို ဆိုင်ထဲက နာရီတွေ အားလုံးက ကြားပါသည်။ လူငယ်က နာရီကို ဝယ်လည်းသွားရော တစ်ယောက် တစ်ပေါက်ပြောကြဆိုကြတာတွေ ကျယ်လောင်လာပြန်သည်။ ချက်ချောက်၊ ချက်ချောက်၊ ချက်ချောက်။ တိုင်ကပ်နာရီ၊ လက်ပတ်နာရီနှင့် နိုးစက်နာရီတွေက ပြိုင်တူထအော်လိုက်ကြသည်။ 'ဒါဟာ နာရီ မဟုတ်ဘူး"။ တကယ်တော့ သည်ဝတ္ထုတိုကလေးကလည်း နာရီဟောင်း နာရီသစ် ပဋိပက္ခမဖြစ်နိုင်ပါ။ အတိတ်နှင့်ပစ္စုပ္ပန်၏ ပဋိပက္ခသာ ဖြစ်နိုင်ပါသည်။

ဝတ္ထုတိုတစ်ပုဒ်ကို ကျွန်တော် ပြောချင်ပါသေးသည်။ ဂျပန် စာရေးဆရာ ရှင်နိချိဟိုရှိ **(Shinichi Hoshi)**၏ 'ပစ္စုပ္ပန်ကာလ' **(The present age)**ဖြစ်ပါသည်။ ဆရာမင်းကျော်က မျက်မှောက်



www.burmeseclassic.com

www.burmeseclassic.com


ခေတ်အမည်နှင့် ဘာသာပြန်ခဲ့ပါသည်။ နောင်လူသားမျိုးနွယ်ဆက်များက မျက်မှောက်ခေတ် ယဉ်ကျေးမှုနှင့် လူမှုဘဝအထွေထွေကို လေ့လာနိုင်ရန် တစ်နည်းနည်းဖြင့် ထိန်းသိမ်းထားရန် စဉ်းစားကြသည့် အခါ အချိန်ဘူးတောင့်ကလေးထဲမှာ ထည့်သွင်းသိမ်းဆည်းကြဖို့ သဘောတူခဲ့ကြသည်။ အချိန်ဘူးတောင့်ကလေးကို သံချေး မတက်နိုင်သည့် သတ္တုဘူးထဲထည့်ကာ မြေကြီးထဲ ခပ်နက်နက်မြှုပ်ထားဖို့ ဖြစ်သည်။ သို့သော် ဒါကလည်း မသေချာပါ။ စစ်ကြီးတွေ ဖြစ်ခဲ့လျှင် ငလျင်တော်လဲမှုကြီးတွေ ဖြစ်ပွားခဲ့လျှင် ဓာတ်ပေါင်းဖိုကြီးတွေ ပေါက်ကွဲလျှင် မီးတောင်တွေ ပေါက်ခဲ့လျှင် နေရာရွှေ့သွားနိုင်လို့ ဖြစ်သည်။ သည်တော့ သတ္တုဘူးကို အာကာသ ခပ်ဝေးဝေးတစ်နေရာမှာ ပစ်လွှတ်လွှင့်တင်ထားဖို့ နောက်ဆုံးသဘောတူခဲ့ကြသည်။ သည်မှာလည်း နေစကြဝဠာတွင်းရှိ အခြားသက်ရောက်မှုများမှ ကင်းလွတ်နိုင်သည့် နေရာမှာထားဖို့ အထူးအရေးကြီးသည်။ ဒါကိုတော့ ပညာရှင်များက ကွန်ပျူတာစနစ်သုံးကာ ထိန်းချုပ်နိုင်ခဲ့သည်။ အချိန်ဘူးတောင့်ကလေးပါသော သတ္တုဘူးက နှစ်ပေါင်းထောင်ချီပြီး ကြာသည့်အခါ၊ မြေကမ္ဘာသို့ အလိုအလျောက် ဆင်းသက်လာနိုင်ဖို့လည်း တွက်ချက်ထားခဲ့ကြသည်။ ဤသို့ဖြင့် အချိန် ဘူးထဲမှာ မျက်မှောက်ခေတ်စစ်ပွဲများ၊ အရုပ်အထွေးများ၊ လူဦးရေ ပြဿနာများ၊ မြို့ပြလူနေမှုဘဝများ၊ သယ်ယူပို့ဆောင်ရေးစနစ်များ အားလုံး လိုအပ်သမျှ ထည့်သွင်းကာ အာကာသကမ္ဘာပတ်လမ်းကြောင်းထဲ ပစ်လွှတ်နိုင်ခဲ့ကြသည်။

လူ့ကမ္ဘာမှာတော့ ပြောင်းလဲမှုတွေက မြန်ဆန်လာသည်။ တစ်ခုပြီးတစ်ခု အဟုန်နှင့် ပြောင်းလဲနေသည်။ ကွန်ပျူတာတွေက ပိုမိုအဆင့်မြင့်လာခဲ့ပြီ။ ထိုအခါ ကွန်ပျူတာထိန်းချုပ်မှု ကြီးမားလာသော လူ့ကမ္ဘာတွင် လူ့အခန်းကဏ္ဍတွေ မှေးမှိန်လာခဲ့သည်။

www.burmeseclassic.com

ကမ္ဘာကြီးတစ်ခုလုံး ကွန်ပျူတာတွေက ကြီးစိုးလာလေလေ၊ လူ့ရည်မှန်းချက်တွေ၊ ရည်စူးချက်တွေက ပျောက်ကွယ်ကုန်သည်။ ကွန်ပျူတာတွေကပဲ စီမံပေးလာတော့ လူထိုးထွင်းဉာဏ်နှင့် သုတေသနပြုချက်တွေက မလိုတော့သလို ဖြစ်လာခဲ့သည်။ နှစ်ကာလများစွာကြာလာတော့ ကွန်ပျူတာတွေကလည်း အမှားမှား အယွင်းယွင်းတွေ ပြလာတော့သည်။ ထိုအခါ ကွန်ပျူတာကို ကောင်းကောင်းကိုင်တတ်သူတွေ မရှိတော့ပါ။ ပျင်းရိခြင်းနှင့်အတူ ရေသာခိုမှုနှင့်အတူ လူသားတို့၏ ကြံဆမှုစွမ်းရည်၊ ကျွမ်းကျင်မှု စွမ်းရည်တွေ ပြိုကျလာခဲ့သည်။ ထိုအခါ ကမ္ဘာလောက၏ ငြိမ်းချမ်းမှုတွေ ပြိုကွဲကုန်သည်။ လူမှုဘဝအားလုံး ဦးစောက်ကျွမ်းပြန် ဖြစ်ကုန်သည်။ မြို့တော်ကြီးတွေ ခမ်းခြောက်သွားသည်။ လူတွေက ယင်ကောင်တွေလို သေကုန်ကြသည်။ တိုက်တာအိုးအိမ်တွေက မြေမှုန့်တွေ၊ ဖုန်မှုန့်တွေ ဖြစ်ကုန်သည်။ အသက်ရှင်ကျန်ရစ်သူ အနည်းအကျဉ်းက ကမ္ဘာဦးလူတွေလို မွေးမြူရေးနှင့် ထွန်ယက်စိုက်ပျိုးရေးဘဝကို ပြန်လည်ထူထောင်ကြရတော့သည်။ အသိပညာကို တဖြည်းဖြည်း ဆည်းပူးယူနေကြရသည်။ အလွန်နှေးကွေးသော တိုးတက်မှုဖြင့် အမှောင်ခေတ်ကို ဖြတ်သန်းခဲ့ကြရသည်။ အသိဉာဏ်ကသာ နှေးကွေးသော်လည်း ယဉ်ကျေးမှုကတော့ မြန်ဆန်လာခဲ့တာတော့ ရှိသည်။ သိပ္ပံပညာသည် အသစ်တစ်ဖန်ပေါ်ထွန်းလာခဲ့ပြန်ပြီ။ တစ်နေ့မှာတော့ လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာက အာကာသထဲသို့ လွှတ်တင်ထားခဲ့သော အချိန်ဘူးတောင့်ကို သယ်ဆောင်ထားသည့် ယာဉ်က ပြန်လည်ဆင်းသက်လာခဲ့သည်။

"ထိုယာဉ်သည် ကမ္ဘာမြေလေထုအတွင်း ရောက်လာခဲ့ပြီး လေထီးပွင့်ကာ မြေသို့ ဆင်းလာ၏။ လူတို့သည် မျှော်လင့်စိတ်၊

www.burmeseclassic.com

စူးစမ်းလိုစိတ်ဖြင့် ယာဉ်တွင်းက အရာကို ဖွင့်ကြည့်ကြကုန်၏။

"ဟာ ... ဘယ်လိုပါလိမ့်၊ အားလုံးဟာ မျက်မှောက်ခေတ် အကြောင်းတွေချည်းပါကလား"

ဝတ္တုက ဒါပဲ ပြောသည်။ အချိန်ကို ကျွန်တော်တို့ ခေတ်မှာ မှမဟုတ်။ ရှေးဟောင်းအီဂျစ်ခေတ်၊ ဘေဘီလုံခေတ်၊ မြစ်ဝါယဉ်ကျေးမှုခေတ်ကလည်း နားလည်အောင် ကြိုးစားခဲ့ဖူးသည်။ အဖေကတော့ ကျွန်တော့်ကို ဆုံးမချင်လျှင် 'အချိန်နှင့် ဒီရေက လူကို မစောင့်ဘူး ကွ' ဆိုတာလောက်ပဲ ပြောပြီး ဘယ်လိုမစောင့်တာလည်း မေးရင်တော့ သိပ်မကြိုက်ပါ။ ကျွန်တော်တို့က အချိန်ကို နှမြောရကောင်းမှန်းသာ၊ သိသော်လည်း အချိန်၏ သဘောကို မသိသေးပါဆိုလျှင် နာစရာမရှိ။ အချိန်ကို လေ့လာမှုသည် မဆုံးနိုင်သေး။ နှစ်ဆယ်ရာစု အစမှာ ပေါ်ထွန်းခဲ့သည့် ရီလေတီဗီတီသီအိုရီက နယူတန်၏ ၁၉၄၀ တစ်ဝိုက်အထိ ခေတ်စားခဲ့သော သီအိုရီဟောင်းကို ဆောင့်ခါပစ်လိုက်သည်။ အဲလ်ဘတ်အိုင်းစတိုင်းနှင့် နယူတန်တို့၏ အချိန်အပေါ်ထားရှိသည့် သဘောထားများကို ပြောနေလျှင် ဆုံးနိုင်မည်မဟုတ်။ ကျွန်တော်တို့လက်တွင် ပတ်ထားသည့် နာရီပေါ်က သမားရိုးကျအချိန် **(Conventional Time)** ကိုပဲ၊ ကျွန်တော်တို့ လက်ခံနိုင်လျှင် လုံလောက်ပါသည်။ တစ်ခုက ရုပ်နယ်လွန်ပြဿနာ ဖြစ်၍၊ တစ်ခုက ရုပ်ဒြပ်ဆိုင်ရာ ပြဿနာဖြစ်သည်။ အနောက်ဘက်က ကျွန်တော်တို့ ကြားနေရတာတော့ ရှိသည်။ အချိန်တွေ မြန်လွန်းသတဲ့၊ အချိန်တွေက နှေးချင်ရင်လည်း ရသတဲ့။ အချိန်တွေကို နောက်ဆုတ်လို့ ရသတဲ့။ အချိန်ကွင်းတွေတောင် ရှိသတဲ့။ အချိန်ခက်ရင်းခွတွေလည်း ရှိသတဲ့။ အချိန်ယန္တရားဆိုတာကကော။ ပေးရှင့်စထရောင်းကတော့ ကျွန်တော်တို့ ကွယ်လွန်သွားသည့်တိုင်အချိန် ငှက်ကလေးကတော့

www.burmeseclassic.com

ရှင်သန်နေလိမ့်မယ်ဟု ယုံကြည်ပုံရပါသည်။ တကယ်တော့ အချိန်သည် မရပ်မနား ပြေးလွှားနေသော စက်လှေကားပေါ်က ပစ္စုပ္ပန်ခြေနင်းခုံပေါ်မှာ ရပ်နေသူနှင့် တူသည်။ ပစ္စုပ္ပန်အသစ်တွေက ဆက်တိုက်ဖြစ်ပေါ်နေသည်။ ကျွန်တော်တို့က ပစ္စုပ္ပန်ကို မရွေ့မလျားတည့်တည့် ရှုမြင်နိုင်ဖို့သာ လိုပါသည်။

စာကိုး

- ဆရာမောင်စူးစမ်း၊ အချိန်၏ညို့ဓာတ်နှင့် ...
- ဆရာမြသန်းတင့်၊ တောကြီးကန်းအဘိဓမ္မာဆရာနှင့် တွေ့ဆုံခြင်း
- ဆရာမဂျူး နာရီပြင်ဆရာ၏ အိမ်မှီးချင်း
- ဆရာကျော်လှိုင်ဦး၊ မျက်မှောက်ခေတ်
- **(The present age by Shinichi Hoshi)**
  **Ye Yonglie; Talk in a clock shop.**

■



www.burmeseclassic.com

www.burmeseclassic.com

# ဖိနပ်များ

*"မီးလင်းဖိုရှေ့ ဖျာကလေးပေါ်က လွှာဖိနပ်ကလေးတစ်ရံကို မြင်ရတာ ကျွန်တော် ကြည်နူးသည်။ ကြည့်ရတာ ဖွာစုတ် စုတ်တော့ နိုင်လှပါသည်။ သည်နေရာမှာထားဖို့ ကျွန်တော် ခွင့်ပြုထားသည်။ ဒါပေမယ့် ဘယ်သူကကော အလေးတမူ ရှိမှာတဲ့လဲ။ သည်ဖိနပ်ကလေးတွေက တကယ့်ကို အရင်းနှီး ဆုံးဖြစ်သည်။ အထူးသဖြင့် အခုလို အိုဟောင်း စုတ်ဖွာနေချိန် မှာ ပိုလို့တောင် ကောင်းလွန်းလှသည်။ အိမ်သားဆန်လှသည်။ သူတို့ အသစ်ဘဝတုန်းကတော့ ကျွန်တော် မုန်းခဲ့ပါသေးသည်။ အခုတော့ သည်လွှာဖိနပ်ကလေး တွေက မောကြီးပန်းကြီး ညီးစော်နံနံခြေထောက်တွေ ပြန်အလာကို စောင့်ကြိုနေတတ်ကြ လေသလားလို့တောင် ကျွန်တော် ထင်နေမိတတ်ပါသည်။ သခင်တို့၏ အိမ်အပြန်ကို သူတို့ ကြားရပုံလည်း ပေါ်ပါသည်။*

*ကျွန်တော်တို့၏ ရှူးဖိနပ်တွေကတော့ ကျွန်တော်တို့ သွားလေရာ ခရီးတိုင်းမှာ သပ်သပ်ယပ်ယပ် လှလှပပရှိလွန်း လှသည်။ ဒါပေမယ့် တစ်နေ့တာ ကုန်ဆုံးချိန် မီးလင်းဖို ကလေးရှေ့ ကျွန်တော် ထိုင်မိချိန်မှာတော့ စီးထားသည့် ရှူး ဖိနပ်ကို ချွတ်၊ လွှာဖိနပ်ဟောင်းကလေးကို ပြန်စွပ်။ အပေါ် ထပ်ကို တိတ်တိတ်ကလေး တက်ကြစို့။ အိပ်ရာဝင်ဖို့"*

***[Patience Strong ၏ Slipper]***



www.burmeseclassic.com

တကယ်တော့ **(Slipper)**သည် လျှာဖိနပ်တော့ မဟုတ်။ ကျွန်တော်က ကျွန်တော်တို့အမြင်နှင့် နီးအောင် ရေးလိုက်ခြင်း ဖြစ်သည်။ အဘိဓာန်မှာတော့ ပွချောင်ချောင်အိမ်တွင်းစီးဖိနပ်လို့ ပေးသည်။ တစ်မျိုးကတော့ ခြေနင်းကဲ့သို့ စွပ်ရသော နောက်ပိတ်ဖိနပ်လို့ ပေးသည်။ သူတို့ဆီမှာတော့ အိမ်ပြင်ထွက်တော့ ရှူးဖိနပ်ကောင်းကောင်း ဖိတ်ဖိတ်လက်လက်ကိုစီး၊ အိမ်ထဲမှာတော့ ပွချောင်ချောင် နောက်ပိတ်ဖိနပ်ကို စီးကြပုံပေါ်ပါသည်။ ပေးရှင့်စထရောင်းက ဖိနပ်တွေဆိုတာ ကိုယ်နဲ့ အရင်းနှီးဆုံး၊ အိမ်သားအဆန်ဆုံးလို့ ဆိုသည်။ ကျွန်တော်တို့ဆီမှာလည်း အသွားဖိနပ်၊ အပြန်ဖိနပ်၊ ရေချိုးခန်းဖိနပ်၊ ရေအိမ်ဖိနပ်တွေ ထားကြသူက ထားပါသည်။ ကျွန်တော်ကတော့ ဖိနပ်တွေကို သိပ်ဂရုစိုက်လေ့မရှိ။ အားလုံးမှ တစ်ရံတည်း ထားစီးလေ့ရှိသည်။ အပြင်ထွက်တော့လည်း ဒါ၊ အိမ်မှာ နေတော့လည်း ဒါ၊ ရေအိမ်ဝင်တော့လည်း ဒါပါပဲ။ သည်အတွက် အထင်သေးလျှင်လဲ မတတ်နိုင်တော့။ တကယ့်ကို တစ်ရံတည်းရှိသည်။ ပြီးတော့ ဖိနပ်ကောင်းကောင်းမဟုတ်။ နာမည်တံဆိပ်သိပ်မရှိလှသော ကတ္တီပါဖိနပ်တစ်ရံသာ ဖြစ်သည်။ ကတ္တီပါဆိုတာကလည်း သဲကြိုးပေါ်မှာ ခဏလေးပါလာ၊ ခဏကလေး ပျောက်ကွယ်သွားတတ်သည့် ပေါပေါလောလောကတ္တီပါကို ဆိုလိုပါသည်။ ပြီးတော့ ဖိနပ်တိုက်ဝက်မှင်ဘီး ကျွန်တော့်မှာ မရှိ။ သည်တော့ ဝယ်ကတည်းက မတိုက်မချွတ်၊ မပွတ်မသပ်ဆိုတော့ အရောင်က ဖုန်ခိုးတွေနဲ့ ညစ်ထေးနေတတ်ပါသည်။ သို့သော် သည်လို ဖိနပ်ဝယ်တိုင်း အရောင်ကိုတော့ ကျွန်တော် ကြေးများလေ့ရှိသည်။ လေးညှင်းရောင်၊ ဆိုက်ကြီးနံပါတ် ၁၂။ နောက်တစ်ချက်က ကျွန်တော့်ခြေထောက်တွေက တော်တော့်ကို အကျည်းတည်ပါသည်။ ဖိနပ်ကို ဝက်မှင်ဘီးမတိုက်သလိုပဲ ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com


တွေကိုလည်း ကြေးညှော်စင်အောင် ကျွန်တော် ယုယနေတာမျိုးမရှိ။ ဒါကြောင့်လည်း ခြေထောက်ကဖိနပ်ကို အားနာစရာမရှိ။ ဖိနပ်က ခြေထောက်ကို စကားတင်းဆိုစရာမလို။ ဟန်တော့ကျသား။ မျက်နှာကို တသသမလုပ်ဘဲ ဖိနပ်ကို တသသရှိတတ်သော ကျွန်တော့် မိတ်ဆွေတွေ ရှိသည်။ ဖနောင့်က ဖိနပ်ထက် ရှည်နေလို့ ဖနောင့်ကို လှီးဖြတ်ထားသူတွေနဲ့လည်း ကျွန်တော် ခင်မင်ခဲ့ဖူးပါသည်။

ကျွန်တော်ငယ်ငယ်က ကျွန်တော် ပိုင်ဆိုင်ခဲ့ဖူးသော ဖိနပ်တွေထဲမှာ၊ တင်းနစ်ဖိနပ်လို ပတ္တုဖိနပ်ပါသည်။ ခုံဖိနပ်ကွင်းထိုးပါသည်။ ခုံဖိနပ်သဲကြိုးတပ်ပါသည်။ ကားတာရာဖိနပ် (ကားဖိနပ် ခေါ်ပါသည်။) ပါသည်။ မဟတ္တမဂန္ဒီကြီး စီးလေ့ရှိသော ခြေမစွပ် သားရေဖိနပ်မျိုးတောင် ပါလိုက်သေးသည်။ တစ်ခါက အိမ်ကို ဟိန္ဒူရဟန်းတော်တစ်ပါး ကြွလာခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်ကြီး၏ ဖိနပ်က ကျွန်တော့်အတွက် ထူးဆန်းနေသည်။ သစ်သားဖိနပ်မှာ၊ ခြေမညှပ်သည့် နေရာက သစ်သားငုတ်ကလေးသာပါသည့် အိန္ဒိယလူမျိုး ဖကီးများစီးသည့် ဖိနပ်မျိုးဖြစ်သည်။ ကျွန်တော်က အတင်းတောင်းတော့ ရဟန်းတော်က ရယ်သည်။ ပေးတော့ မပေးခဲ့။ ကြီးလာတော့ ဆင်ကြယ်၊ မြင်းကြယ်၊ မိကျောင်းကြယ် စသည့် ကြယ်စီးရီးဖိနပ်တွေ ခေတ်စားချိန်နှင့် တိုးနေသည်။ သို့သော် သူတကာက ဆင်ကြယ်ဖိနပ်ကို ပြောင်လက်နေအောင် တိုက်ချွတ်စီးနေကြချိန်မှာကျွန်တော့်ဆင်ကြယ် ဖိနပ်က ယင်ချေးဥတွေ စွန်းထင်းနေသည်။ ကျွန်တော်ကသာ ဖိနပ်ကို ဂရုမစိုက်သော်လည်း ဖိနပ်တွေက ကျွန်တော့်ကို သပ္ပာယမျှအောင် ဖြည့်ဆီးပေးနေမှန်းတော့ ကျွန်တော် သိသည်။ ဒါကြောင့် ဘယ်တော့မှ ဖိနပ်မစီးသော ရေထမ်းသည့် ဦးလှစံကို ကျွန်တော် အမြဲတမ်း ဖိနပ်စီးခိုင်းတတ်သည်။

www.burmeseclassic.com

"ရေထမ်းစားတဲ့ လူနဲ့ မကိုက်ပါဘူး ငါ့ကောင်ရာ။ သည်လိုနဲ့ ရေထမ်းသက်ရလာတော့ ဖိနပ်စွပ်ရတာတောင် ငါတော့ ယားတယ်မှတ်တာပဲ"

ဦးလုစံ၏အဖြေဖြစ်သည်။ တကယ်လည်း နှစ်ပေါင်းများစွာ ဖိနပ်စီး မသွားခဲ့။ သာမူနာမူတွေကို ခြေထောက်ပလာနဲ့ပဲ သွားလာခဲ့သည်။ ဘယ်လောက်ပူပူ၊ ဖိနပ်မစီး။ ခြေထောက်တွေက အက်ကွဲနေကာ သနံရည်တွေ ကျနေတတ်သော်လည်း ဖိနပ်ကို ယောင်လို့တောင် မတောင့်တခဲ့။

ကျွန်တော်တို့ရွာက ဦးကုလားကတော့ တစ်မျိုး။ ဘယ်တော့မှ အင်္ကျီမဝတ်၊ ကျောပြောင်ကြီးနဲ့ပဲ နေသည်။ ပုဆိုးတိုတို၊ အသားမည်းမည်း။ ဒါပေမယ့် ဖိနပ်ကျတော့ မကွေးဘက်က မှာစီးသည်။ အလှူအတန်းသွားလျှင် မလွဲသာမှ အင်္ကျီကို ပုခုံးပေါ်တင်သွားရုံတင်သည်။ အင်္ကျီမပါ ဖိနပ်အကောင်းစားနှင့် ဦးကုလားသည်လည်း ထူးဆန်းလှသည်။ နောက်ထပ် ထူးဆန်းသူတစ်ဦးကတော့ ရွာက ကြေးရတတ် ယာတွေကိုင်းတွေ ပိုင်သည့် ဘကြီးစိုဖြစ်သည်။ ဘကြီးစိုက သွားလေရာ ရောက်လေရာအရပ်က ဖိနပ်တွေကို ကောက်ယူလာတတ်သူ။ ချမ်းသာသော်လည်း ဖိနပ်နှင့် ပတ်သက်လျှင် ကောက်လာရမှာ ဘယ်တော့မှ မရှက်ပါ။ ဤသို့ဖြင့် ဘကြီးစိုအိမ်အောက်က တောင်းထဲမှာ ဖိနပ်မျိုးစုံ၊ ဖိနပ်ရောင်စုံ၊ အဟောင်းအသစ်၊ ၅၀ လောက် အမြဲရှိတတ်သည်။ သည်တော့မှ တူရာတူရာ၊ နီးရာနီးရာ ရွေးချယ်ကာ တွဲထားလိုက်သည်။ ဖိနပ်မရှိသူ လာယူနိုင်သည်။ သူကိုယ်တိုင်က စီးခိုင်းကြည့်ကာ တွဲစပ်ပေးသည်။ သို့သော် ဖိနပ်က အရံလိုက် ကောက်လာတာမဟုတ်၊ တစ်ဖက်ချင်း ကောက်လာတာဆိုတော့ ဖိနပ်နှစ်ဖက်တူဖို့ကတော့ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကျွဲတစ်ဖက် နွားတစ်ဖက်တော့ကော ဘာဖြစ်သလဲကွ၊ ဖိနပ်က ဖိနပ်အလုပ်လုပ်ဖို့သာဟာကော၊ စီးပါဟ၊ လုပ်ပါဟ ရော်မင်းနှယ်"

သူကိုယ်တိုင်ကလည်း စီးသည်။ သမီးတွေက ရှက်တော့ ငိုကြသည်။ ငိုငိုလေ။ ဤသို့ဖြင့် ဘကြီးစိုကို ရွာက ကျွဲတစ်ဖက် နွားတစ်ဖက် ဘကြီးစိုလို့ ခေါ်ကြတော့သည်။

မြန်မာ့သမိုင်းမှာလည်း 'ဖိနပ်သိန်းမောင်' ဆိုသည့် အမည်တွင် သူတစ်ဦးရှိခဲ့ဖူးတာ ကျွန်တော် သတိရနေမိပါသည်။ ၁၉၁၆ ခုနှစ်က အင်္ဂလန်မှ ပြန်လည်ရောက်ရှိလာခဲ့သည့် ဝတ်လုံတော်ရဦးသိန်းမောင်က ပြည်ရွှေဆံတော်ဘုရားကို သွားဖူးသည်။ ဘုရားမှာ ရေးထားသည့် ဆိုင်းဘုတ်ကို တွေ့တော့ တော်တော်ခံပြင်းသွားခဲ့သည်။ 'ဗြိတိသျှ လူမျိုးများနှင့် ဥရောပလူမျိုးများမှအပ ဘုရားပေါ် မည်သူမှ ဖိနပ် မစီးရ' ဆိုသည့် ဆိုင်းဘုတ်ကို အခြားဆိုင်းဘုတ်နှင့် ပြောင်းချိတ်သည်။ 'မည်သူမျှ ဖိနပ်မစီးရ' ဆိုသည့် ဆိုင်းဘုတ်ဖြစ်သည်။ ဦးသိန်းမောင်က ဘုရားဂေါပကကို အကျိုးအကြောင်း ရှင်းပြကာ ဆိုင်းဘုတ်ကို ပြောင်းချိတ်သည်။ ထိုစဉ် အင်္ဂလိပ်ဘုရင်ခံက ပြည်မြို့ကို ခရီးထွက်ဖို့ ဖြစ်လာတော့ ပြည်အရေးပိုင်က အစစအရာရာ ချောမွေ့အောင် စီစဉ်သည်။ 'မည်သူ့မှ ဖိနပ်မစီးရ' ဆိုင်းဘုတ်ကို တွေ့တော့ ဖြုတ်ခိုင်းခဲ့သည်။ ပြည်ရွှေဆံတော် ဘုရားဂေါပကက ဝတ်လုံတော်ရ ဦးသိန်းမောင်အားကိုးနှင့် မဖြုတ်။ သည်တော့ ပြည်အရေးပိုင်က မည်သည့်အတွက် ဘုရားပေါ်မှာ ဖိနပ်မစီးသင့်ကြောင်း အစီရင်ခံစာ ရေးခိုင်းသည်။ ဦးသိန်းမောင်က ၁၉၁၇ ခုနှစ် ပျဉ်းမနားမြို့တွင် ကျင်းပသည့် ပဉ္စမအကြိမ် ဝိုင်အမ်ဘီအေ သင်းလုံးကျွတ် ညီလာခံမှာ သည်ပြဿနာ တင်ပြလိုက်သည်။ ညီလာခံက ပြင်းပြင်းထန်ထန်


www.burmeseclassic.com

ကန့်ကွက်ခဲ့သည်။ ရန်ကုန်မှာလည်း ကာတွန်း ဦးဘကလေးက ကာတွန်းဖြင့် ကောင်းကောင်းကြီး သရော်ခဲ့သည်။ သည်ကာတွန်းကြောင့် ရန်ကုန် ပုလိပ်မင်းကြီးက သူရိယတိုက်က ဦးဘအေးနှင့် ဦးလှဖေတို့ကို ဆူပူကြိမ်းမောင်းခဲ့သည်။ ဒါကို လူထုကကြားတော့ နိုင်ငံရေး တိုက်ပွဲအသွင်သဏ္ဌာန် ပြောင်းသွားခဲ့သည်။ ရန်ကုန်ဂျူဗလီဟော ဖိနပ်စီး ကန့်ကွက်ပွဲကြီးအပြီးမှာတော့ ဝတ်လုံတော်ရ ဦးသိန်းမောင်ကို လူထုက 'ဖိနပ်သိန်းမောင်'လို့ ချစ်စနိုးခေါ်ခဲ့ကြသည်။ ဝတ်လုံတော်ရ ဦးသိန်းမောင်နှင့် ဘကြီးစိုတို့ကို လူထုက နာမည်ပေးခဲ့ကြသလို၊ ခပ်ဆင်ဆင်တူသောဖိနပ် အဖြစ်အပျက်တစ်ခုကိုလည်း ကျွန်တော်တွေးနေမိပါသည်။

တစ်ဦးမှာ အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီဖြစ်သည်။ တစ်ခါက မဟတ္တမဂန္ဒီက ရထားဘူတာတစ်ခုသို့ အသွား ဖိနပ်တစ်ဖက် ကျွတ်ကျကျန်ရစ်ခဲ့သည်။ သည်တော့ ခေါင်းဆောင်ကြီးက ကျန်ဖိနပ်တစ်ဖက်ကိုပါ ကောက်ရသူ စီးပါစေတော့ဆိုသည့် စေတနာဖြင့် ရထားပေါ်က ပစ်ချပေးခဲ့သည်။ တစ်ဖက်တည်း ကျန်ရစ်လို့ အသုံးမတဲ့တာထက်စာလျှင် တစ်ဖက်ပစ်ချပေးလိုက်တော့ ကျန်တစ်ယောက်မှာ အဆင်ပြေသွားစေသည့် ကြည်နူးစရာ စွန့်လွှတ်မှုကို သည်အဖြစ်အပျက်က ပြနေသည်။ မန္တလေးသား ကိုကျော်ဆန်းအဖြစ်ကတော့တစ်မျိုး။ ထိုအချိန်က ဧရာဝတီမြစ်တစ်ဖက်ကမ်းက ဘုန်းကြီးပျံပွဲကို လူတွေ ကျိတ်ကျိတ်တိုးသွားနေကြချိန် ဖြစ်သည်။ လှေတွေ၊ မော်တော်တွေ၊ ပွဲထောင်တွေ၊ သင်္ဘောတွေ အားလုံး ကုသိုလ်ဖြစ် အခမဲ့ ပို့ဆောင်နေတော့ ကိုကျော်ဆန်းကလည်း ဆရာတော်ကြီး၏ အဂ္ဂိစျာပနတော်ကို ဖူးမြင်ချင်နေသည်။ သည်တော့ နိုးစပ်ရာသင်္ဘောတစ်စီးပေါ်ကို ပြေး



www.burmeseclassic.com

ပြေး လွှားလွှားတက်လိုက်သည်။ လူတွေက မတန်တဆများနေတော့ ဖိနပ်တစ်ဖက်က ကုန်းပေါင်ပေါ် ကျွတ်ကျခဲ့သည်။ လှည့်ကောက်လို့လည်းမရ၊ နောက်ကလူတွေက ဖိတွန်းနေသည်။ ပြီးတော့ ကျွတ်ကျခဲ့သည့် နေရာက ကုန်းပေါင်ပေါ်မှာ။ တစ်ပေလောက်သာ ကျယ်သည့် ကုန်းပေါင်ကျဉ်းကျဉ်းကလေးပေါ်က ဖိနပ်တစ်ဖက်၏ ဖြစ်တည်မှုသည် ဘယ်လိုမှ မသေချာ။ သဘော်ပေါ်က ကုန်းပတ်တစ်နေရာမှာ ကုတ်ကုတ်ကပ်ကပ်နေရာကလေး တစ်နေရာရတော့မှ ဟင်းချနိုင်တော့သည်။ ကိုယ့်ကိုယ်ကို ငုံ့ကြည့်တော့ ဖိနပ်က တစ်ဖက်တည်း။ သွားရမှာက လူတွေ ညှတ်နေသည့် ဘုန်းကြီးပျံ။ ဖိနပ်တစ်ဖက်တည်းကို ယောင်နနကြောင်တောင်တောင် စီးထားတာထက်စာလျှင် လုံးဝမပါတာကမှ လူမြင်လို့ကောင်းသေးသည်လို့ ကိုကျော်ဆန်းတွေးသည်။ သည်တော့ စီးထားသည့် ဖိနပ်တစ်ဖက်ကို ချွတ်၊ မြစ်ရေထဲဗွမ်းခနဲ လှမ်းပစ်လိုက်ရတော့သည်။ စိတ်လက်ပေါ့ပါးစွာဖြင့် ထိုင်ချလိုက်တော့မှ သူ့ညီဖြစ်သူကိုကျော်လှက အနားကို ရောက်လာသည်။ လက်ထဲမှာ ဖိနပ်တစ်ဖက်။ ကုန်းပေါင်ပေါ်မှာ ကျွတ်ကျန်ရစ်ခဲ့သည့် သူ့ဖိနပ်တစ်ဖက်။

"မင်းကွာ၊ ဖိနပ်ကျွတ်ကျတာတောင် လှည့်မကောက်ခဲ့ဘူး၊ တော်သေးတာပေါ့ ငါတွေ့ခဲ့လို့ ရော့"

ကိုကျော်ဆန်းကတော့ ဘာမှ ရှင်းပြမနေတော့ပါ။ အဲသည်ဖိနပ်ကိုပါ ရေထဲလှမ်းပစ်လိုက်သည်။ သူ့အဖြစ်ကလည်း ရယ်စရာလိုလို မဲ့စရာလိုလို။

ဖိနပ်ဇာတ်လမ်းတွေထဲမှာ စင်ဒရဲလား၏ ရွှေဖိနပ်ကလည်း သူသိများပါသည်။ ထုံးစံအတိုင်း ဇာတ်နာနာနှင့် စသည်။ စင်ဒရဲလားက မိထွေးနှင့် နေရသည်။ မိထွေးမှာ ရုပ်ဆိုးဆိုးသမီးနှစ်ယောက်

www.burmeseclassic.com

ရှိသည်။ စင်ဒရဲလားကတော့ ချောမောသော်လည်း ပေပေတေတေ ဆင်းဆင်းရဲရဲ။ တစ်နိုင်ငံလုံးက အပျိုတွေက ပွဲသွားချိန်မှာ စင်ဒရဲလားက အိမ်မှာ ငိုရင်း ကျန်ရစ်ခဲ့ရသည်။ အဘွားအိုလေး တစ်ဦးပေါ် လာကာ ကြယ်လှံတံနှင့် စင်ဒရဲလားရဲ့ ကိုယ်ကိုတို့ လိုက်တော့ လှပသောဂါဝန်ကလေး ဖြစ်သွားသည်။ ခြေထောက်ကို တို့လိုက်တော့ ဖန်ဖိနပ်ကလေးစီးပြီးသား။ ကြွက်ထောင်ချောက်ထဲက ကြွက်တွေက မြင်းကြီးတွေဖြစ်။ ရွှေဖရုံသီးက မြင်းရထားဖြစ်။ တန်ခိုးရှင်က သန်းကောင်မတိုင်ခင် ပြန်ခဲ့လို့ မှာလိုက်သေးသည်။ ကျန်တာတွေ ထားလိုက်ပါတော့။ ကျွန်တော် ပြောချင်တာက ကျွန်တော်နေသော နေရာနှင့် မနီးမဝေးက မထွေးအကြောင်း ဖြစ်သည်။ မထွေးက အသားညိုညိုချောချောကလေး ဖြစ်သည်။ စင်ဒရဲလားလို မိထွေးနှင့် နေရတာမဟုတ်သော်လည်း ပထွေးနှင့် နေရသူ။ မိသားစုတွေ တပြုံကြီး ခွေးတိုးဝက်ဝင်နေကြရသည်။ မထွေး၏ အကောင်းဆုံးဖိနပ်မှာ သစ်သားကွင်းထိုး ဖိနပ်ကြီးဖြစ်သည်။ အကောင်းဆုံး အဝတ်အစားက လေဘောထည် ရွေးကျကလေးတွေ၊ မထွေး၏ အကောင်းဆုံးမိတ်ကပ်မှာ တီဗွီကကြော်ငြာသည့် ပေါပေါလောလောသနပ်ခါး ဖြစ်သည်။ တစ်ရက်တော့ မထွေးတို့ တဲကလေးထဲကို မိန်းမကြီးတစ်ယောက် ရောက်လာခဲ့သည်။ မထွေးကို ကြယ်လှံတံမပါဘဲ အဝေးကို အပါ ခေါ်သွားခဲ့သည်။ ဇာတ်လမ်းကတော့ ဒါပါပဲ။ မနေ့တစ်နေ့က မထွေး သူ့တဲကလေးထဲကို ခဏပြန်ရောက်လာခဲ့သည်။ မထွေးခြေထောက်ကလေးတွေက ခြေသည်းနီဖြင့် တောက်ပနေသည်။ ခုံထူ ဖိနပ်မည်းမည်းကြီးက မထွေးကို တော်တော်များများ မြင့်သွားအောင် မြှောက်တင်ထားသည်။ အဝတ်အစားတွေကတော့ ခေါင်ထည်သန့်သန့်တွေ။ ဖောင်းဖောင်းကားကား။ မျက်နှာကလေးကတော့ ပြာနှမ်းနှမ်း ကြွေရောင်ပြောင်လက်နေသည်ကော။ ကျွန်တော်က မထွေးကို



www.burmeseclassic.com

မြင်ရသည့်အခါ သူကလေးလည်း သန်းခေါင်ကျော်သွားခဲ့ပြီ ထင်ပါရဲ့လို့ တွေးမိနေသည်။

"အံမယ် မထွေးက ညပ်ခုံဖိနပ်ကြီး မဟုတ်တော့ပါလား၊ ညည်းဖိနပ်က ကောင်းလှချည့်လား"

"လေးထောင်ကျော်တယ် ဆရာရဲ့"

"နေပါဦး၊ အခုတလော ဘယ်ပျောက်နေတာလဲ"

"မော်ထဲမှာလေ"

'မော်'ဆိုတာ ကျောက်စိမ်းထွက်ရာနေရာဒေသတစ်ခုကို ရည် ညွှန်းလိုက်မှန်း သိသော်လည်း ကျွန်တော့်မျက်စိထဲမှာ မော် **(Magic)** ကိုပဲ မြင်နေမိသည်။ တကယ်တော့ မော်ထဲက မထွေး ဖိနပ်ချင်း လဲလိုက်တာ အပြစ်တော့မဟုတ်ပါ။ အီမယ်လ်ဒါးမားကို့စ်နှင့် စာ လျှင် မထွေးက ဘာမှမဟုတ်။ ဖိလစ်ပိုင်သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ ပိုင်ဆိုင်မှုတွေက များလှပါသည်။ ဘဏ်တစ်ခုမှာ သန်း ၈၀၀၀၊ နောက်ဘဏ်ကြီးတစ်ခုမှာ သန်း ၈၀၀၊ မင်ဟာတ်တန် တွင် မျှော်စင်ပါရုံးအဆောက်အအုံကြီးတစ်လုံး၊ လောင်းအိုင်းလင်းမှာ မြစ်ဆိပ်အပိုင်စား အိုးအိမ်နယ်ပယ်ကျယ်ကြီးတစ်ခု၊ ဖိလစ်ပိုင် တွင် ကျေးလက်အိမ်တော်များစွာ၊ မားကို့စ်၏ မွေးဖွားရာဇာတိမှာ ကြီးမားလှသော နန်းတော်ကြီးတစ်ဆောင်။ နောက်ထပ် ရှိသေးသည်။ သို့သော် ဒါတွေက မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုတွေ ဖြစ်သည်။ စာရွက်စာတမ်း ရင်းနှီးမြှုပ်နှံမှု **(Portfolio investment)** တွေသာ ဖြစ်သည်။ အီမယ်ဒါမားကို့စ်၏အိမ်ထဲမှာတော့ ဖိနပ်ပေါင်းများစွာ တင်ထားသော စင်တွေ ရှိသည်။ အီမယ်လ်ဒါ၏ လေဒီရှူးအရန် ၂၇၀၀ သို့မဟုတ် ဖိနပ်ပေါင်း ၅၄၀၀။

"အီမယ်လ်ဒါမားကို့စ်သည် သူမ မစီးနိုင်သော လေဒီရှူးများကို ဘာကြောင့် စုဆောင်းနေရသနည်း။ တစ်နေ့ကို ဖိနပ်သုံးရံ

www.burmeseclassic.com

လဲစီးသည်ဆိုလျှင်ပင် သူမ ဖိနပ်တွေ ကုန်စင်အောင် နှစ်နှစ်ခွဲနီးပါး စီးရလိမ့်မည်။ ထိုအထဲတွင် အီမယ်လ်ဒါသည် လေဒီရှူးများကို နောက်ထပ် ဝယ်နေဦးမည်ဖြစ်ရာ ထိုအတိုင်းဆိုလျှင် သူ့တစ်သက်တွင် ဖိနပ်များ ကုန်အောင် စီးသွားနိုင်မည်မဟုတ်”

အီမယ်လ်ဒါမားကို့စ်အကြောင်း တွေးရင်းက မင်းသမီးဥက္ကလာအေးကြည်ကိုလည်း ကျွန်တော် သတိရပါသည်။ တစ်ဆက်တည်းမှာ နန်းတော်ရှေ့ဆရာတင်ကိုပါ သတိရမိပါသည်။ နန်းတော်ရှေ့ဆရာတင်ရေးခဲ့သည့် သီချင်းတွေထဲမှာ ‘ကတ္တီပါဖိနပ်’ကို ကျွန်တော် စွဲလမ်းသည်။ ‘မအေးကြည်လေး ခိုးသွားလိုက်ပုံက မော်တော်ကားပေါ်က လေချွန်သံ’ကို ဖွဲ့သည်။ နန်းတော်ရှေ့ ၁၃ မိုင်ဝေးသောအရပ်က အိမ်ကလေးတစ်လုံးမှာ ချစ်သူနှစ်ဦး နေရပုံတွေကို ဖွဲ့သည်။ နှာခေါင်းလေးလဲကိုင်၊ မျက်လုံးလေးလဲကိုင်တာတွေကို ဖွဲ့သည်။ ကတ္တီပါဖိနပ်ကလေးတောင် မနိုင်ရတော့သည့်အဖြစ်၊ ကိုယ်စောင့် နတ်ကတောင် ရယ်စရာစတိုင် ဖြစ်နေရသည့်အဖြစ်တွေကို ဖွဲ့သည်။ ချစ်သူနှစ်ဦး၏ **(Love Scene)** ကို လှလှပပရေးဖွဲ့နိုင်ခဲ့သည့် ဆရာတင်၏ **(Dramatic Song)** ဖြစ်သည်။ သည်သီချင်းခံစားမှုကြောင့် ကျွန်တော့်မှာ ပြဿနာဖြစ်ခဲ့ရဖူးပါသည်။

လွန်ခဲ့သည့် ဆယ်နှစ်လောက်က သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်သည်။ သတို့သမီးဘက်က ဂုဏ်သရေရှိသူ၊ ချမ်းသာသူ၊ အစစအရာရာ ပြည့်စုံကြွယ်ဝသူတွေ များသည်။ ကျွန်တော့် သူငယ်ချင်းက ဆင်းဆင်းရဲရဲ။ သည်မင်္ဂလာဆောင်ကို လက်ဖွဲ့ဖို့ စဉ်းစားတော့ စိတ်ကူးတစ်ခုရသည်။ နန်းတော်ရှေ့ဆရာတင်၏ ကတ္တီပါဖိနပ်သီချင်းလေးကို လက်ရေးနဲ့ကူး၊ ကတ္တီပါဖိနပ်တစ်ရံဝယ်။

www.burmeseclassic.com

www.burmeseclassic.com


အမှန်ကတော့ **(Wrapping)** စက္ကူနှင့် ပတ်ပြီး လက်ဖွဲ့လိုက်ရုံ။ ကျွန်တော်က ထွင်လိုက်သည်။ ဖိနပ်တစ်ဖက်စီကို ဘူးတစ်ဘူးစီနှင့် ခွဲထည့်ကာ အရောင်စက္ကူပတ်၊ ပြီးတော့မှ ဘူးနှစ်ဘူးကို ပစ္စည်းနှစ်မျိုး လိုလို ဘာလိုလို လက်ဖွဲ့လိုက်သည်။ မြောက်များလှစွာသော လက်ဖွဲ့ ပစ္စည်းတွေကို ဇနီးမောင်နှံ ဆွေမျိုးသားချင်းတွေက တစ်ထုတ်ချင်း ဖြည်ကြတော့မှ ဖိနပ်ဘူးတစ်ဘူးစီက ဖိနပ်တစ်ဖက်စီ ထွက်လာမည်။ ရယ်မောကြ။ ဒါက ကျွန်တော့်အထင်။ ကျွန်တော့်စိတ်ကူး။ တကယ့် လက်တွေ့မှာတော့ အဲသလိုမဖြစ်ခဲ့။

*"မင်းလုပ်လိုက်တာက အမြဲတတွဲတွဲရှိရတဲ့ ဖိနပ်ကို တစ်ဖက်စီခွဲပြီး လက်ဖွဲ့တော့ ကွဲကွာတဲ့သဘော၊ ဝေးကွာတဲ့သဘောဖြစ်လို့ မင်္ဂလာမရှိတာကို လုပ်တာလို့ ငါ့ယောက္ခမတွေက ထင်တော့တာကွ၊ ပြီးတော့ သီချင်းစာသားကို ဖတ်ပြီး ကတ္တီပါဖိနပ်ကလေးတောင်မှ မနိုင်၊ ကိုယ်စောင့်နတ် ရယ်စရာစတိုင်ဆိုတာလည်း နတ်ကို မရိုမသေလုပ်တာတဲ့"*

ဖိနပ်အကြောင်းတွေကို တွေးရင်းက ရောက်တတ်ရာရာ ကျွန်တော် သတိရနေမိတာတွေ ဖြစ်သည်။ ရာဘာဖိနပ်ကို သံကြိုးပြတ်လျှင် မလဲဘဲ သံကြိုးနှင့် ခက်ကာ စီးတတ်သောအဖေ့ကို လည်းကောင်း၊ ခြေချောင်းကလေးတွေ အတွင်းကို စုကာပူးကပ်နေတတ်သည့် အမေ့ ခြေထောက်တွေကိုလည်းကောင်း၊ ကျွန်တော် သတိရနေသည်။ အမေ့ ခြေထောက်တွေက ခုံဖိနပ်ကွင်းထဲကို ထည့်ထားရဖန်များတော့ ပူးပူး စုစုဖြစ်နေပုံရပါသည်။ ကျွန်တော်က အမေ့ခြေထောက်ကလေးတွေ ကို ကိုင်ကြည့်လျှင် အမေက "မင်းအဘိုးတွေ ရှိတုန်းကတော့ အမေ က ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းပေါ့ကွယ်။ ရွှေဖိနပ်ကြီး ရုပ်တိုက် စီးခဲ့တဲ့ဘဝပေါ့။ မင်းအဖေနဲ့ရကာမှ ခုံဖိနပ်ကြီး ရုပ်တိုက်စီးရတော့ တာ"ဟု အဖေ့ကို စတတ်သည်။ ထိုအခါက အဖေကလည်း...


www.burmeseclassic.com

"ကျုပ်ကလည်း ပန့်ရှုးသားရေပြောင်နဲ့ ကော့စမက်တစ်နဲ့ ကောင်ပါဗျာ၊ ခင်ဗျားနဲ့ ညားမှ ရာဘာဖိနပ်သံကြိုးခက်ရတာပါ"ဟု ဆိုလေ၏။

မနေ့တစ်နေ့ကတော့ တရုတ်ပုံပြင်ဆရာ၏ "ဖိနပ်တစ်ရံရဲ့ ဇာတ်လမ်း"ကို ဖတ်ဖြစ်ပါသည်။ ဇာတ်လမ်းကို ဖိနပ်တစ်ရံက ဇာတ်ကြောင်းပြန်ပြောသည့် သဘောရေးထားခြင်း ဖြစ်သည်။ ဖိနပ်တွေက သူတို့ကိုယ်တိုင် အသစ်ကျပ်ချွတ်ဘဝတုံးကတော့ သခင်ဖြစ်သူ သူဌေးကလေး၏ အချစ်တော်တွေ ဖြစ်ခဲ့ကြသည်။ မြေမာမာပေါ် မှာတောင် မနင်းစေရဘဲ ရွရွကလေး နေခဲ့ကြရသူတွေ။ ကားနဲ့သွား ကားနဲ့ပြန်။ ကောင်းပေ့ဆိုသည့် ဟိုတယ်တွေကိုသွား။ နန်းတော်ကြီး လို အိမ်တော်ကြီးမှာ ခဏနား။ သွားလေသမျှ ကောဇောနူးနူးညံ့ညံ့ ပေါ်မှာချည်း။ သူ့သခင်လေးက သမီးလောက်ရှိသူကလေးနဲ့ အတူတူ မတ်တပ်ရပ်စကားပြောလျှင် မိန်းကလေးဖိနပ်နဲ့ သူတို့ချင်းကလည်း ပူးပူးကပ်ကပ်။ မိန်းကလေးဖိနပ်က ဖြူဖြူစင်စင် ဖွေးဖွေးသင်းသင်း သူတို့ကလည်း သခင်လေး၏ ကြွကြွရွရွလှလှပပ ဖိနပ်တွေ။ တစ်ရက် မှာတော့ သခင်လေးခြေထောက်ပေါ် စွပ်ပြုတ်ရည်ပူပူတွေ ကျသွား ခဲ့သည်။ သည်မှာတင် သခင်လေးက မော်ရိုကို ဖိနပ်တစ်ရံကို ဝယ် လိုက်ကာ သူတို့ကိုတော့ အခန်းထောင့်မှာ စွန့်ပစ်လိုက်သည်။ အခန်း ထောင့်မှာ စိတ်မချမ်းမသာနေရင်းက သခင်လေးကို မြင်နေရသည်။ သခင်လေးက သူ့စက်ရုံက အလုပ်သမားအိုကြီးနှစ်ယောက်ကို အလုပ် က ထုတ်ပယ်ပစ်လိုက်သည်။

*"ကျွန်တော်တို့ဟာ ယယ်ယယ်လေးကတည်းက သခင်လေးကို အလုပ်အကျွေးပြုခဲ့ကြသူတွေပါ။ အခုတော့မှ အိုတယ်လို့ အကြောင်းပြတာကို ပြန်စဉ်းစားပေးသင့်ပါတယ်"*

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားတစ်ယောက်က စာဒကတက်တာကိုလည်း သူတို့ ကြားနေရသည်။ သခင်လေးကတော့ လက်မခံ။ ဖိနပ်တွေကတော့ သြော် ... ငါတို့လိုပါပဲကလားလို့ တွေးရင်း သခင်လေးကို မကျေမနပ်ဖြစ်နေကြသည်။ တစ်ရက်မှာတော့ သခင်လေးက အိမ်ဖော်တစ်ယောက်ကို ဖိနပ်ဟောင်းတွေ စွန့်ပစ်လိုက်ဖို့ အမိန့်ပေးလိုက်သည်။ အိမ်ဖော်မကလေးက လွှင့်မပစ်ဘဲ တစ်နေရာမှာ ဆင်းဆင်းရဲရဲ လံခြားဆွဲနေသည့် အဘိုးအိုကို ဖိနပ်တွေ ပေးလိုက်သည်။ သည်တော့ ဖိနပ်တွေက အခန်းကျဉ်းကျဉ်း၊ ပုပ်သိုးသိုး၊ နံနံစော်စော် မြေးအဘိုးတွေကြားထဲ ရောက်လာခဲ့ရပြန်သည်။ အမေမရှိတော့သော မြေးကလေးနှင့် မြေးမကလေးကို အဘိုးဖြစ်သူက လံခြားဆွဲကာ ကျွေးမွေးထားသည်။ တကယ်တော့ လံခြားငှားသူတွေက သန်မာသူတွေကိုသာ ငှားသည်။ မလှဲမရှောင်သာ ငှားရမ်းမိသူတွေကလည်း အဘိုးအိုကို နှေးလှချည့်ဆိုကာ တအားသွန် ပြေးခိုင်းတတ်သည်။ သည်တော့လည်း ဖိနပ်တွေက အဘိုးအိုကို သနားလာကာ သူတို့ကပါ အားထည့်ပြေးပေးကြသည်။ အဘိုးအို၏ ဘဝကို စာနာလာခဲ့ကြသည်။ မြေးအဘိုးတွေကို ကြည့်ကာ သနားခဲ့ကြသည်။ တစ်ရက်မှာတော့ မြေးယောကျ်ားကလေးက အမှိုက်ပုံမှာ အတိုအစကလေးတွေ ကောက်ရောင်းဖို့ ရှာဖွေရင်း မုန့်လိုလို အရာတစ်မျိုးကို တွေ့သည်။ သည်တော့ ကလေးပီပီ စားမိ၊ စားမိတော့ ဝမ်းဗိုက်က ပြောင်းဆန်အောင် အောင့်တက်လာတော့သည်။ ဆရာဝန်ပင့်ဖို့ ပိုက်ဆံက မရှိတော့၊ အရပ်ဆေးရုံကို ချစ်ချစ်ခြုတ်ခြုတ်တင်ခဲ့ရသည်။ လူနာကတစ်ဖက်၊ လံခြားက တစ်ဖက်၊ မြေးမိန်းကလေးက တစ်ဖက်။ အဘိုးအို၏ ဒုက္ခကို ဖိနပ်တွေက တွေ့မြင်ထိတွေ့နေရသော်လည်း ဘာမှမကူညီနိုင်။ တစ်ရက်မှာတော့ လူတစ်ယောက်က အဘိုးအို၏ လံခြားကို ငှားစီးသည်။ တအားပြေးခိုင်း


www.burmeseclassic.com

သည်။ ခရီး သည်ပို့အပြီးမှာတော့ အဘိုးအိုက အသက်ထွက်မတတ် မောဟိုက်နေခဲ့ပြီ။ သည်လိုနဲ့ အိမ်အပြန်ခရီးမှာကား တိုက်ခံလိုက်ရတော့ သည်။ တိုက်သွားသည့် ကားကို ဖိနပ်တွေကမှ မှတ်မိနေသည်။ ကား ထဲက မိန်းကလေးကိုလည်း မှတ်မိကြသည်။ သခင်လေးနဲ့ သခင်မ ကလေး။ အဘိုးအိုကလည်း ဆုံးပြီ။ မြေးထီးကလေးက ဆေးရုံမှာ၊ မြေးမိန်းကလေးက အဘိုးအလာကို မျှော်။ အဘိုးအို၏ ညီးစော်နံ၊ ပင်ပင်ပန်းပန်း ခြေဒရွတ်ဆွဲခြေထောက်တွေမှာတော့ ဇာတ်ကြောင်းပြော ဖိနပ်ဟောင်းတစ်ရံ။ ပုံပြင်ဆိုသော်လည်း ဝတ္ထုဆန်နေသည်။ ရှေးခေတ် လူမှုဘဝသရုပ်ဖော်ချက်လို့လည်း ပြောနိုင်မည် ထင်ပါသည်။

ပေးရှင့်စထရောင်းကတော့ ဖိနပ်နှစ်ရံရှိပုံရသည်။ တစ်ရံက ထသွားလာသွားစီးသည့် ရှူးဖိနပ်ကောင်းကောင်း။ တစ်ရံက အိမ်စီး ဖိနပ်ဟောင်း။ အိမ်စီးဖိနပ်ကလေးကတော့ သူ့အိပ်ရာဝင်ချိန်အထိ အသုံးတော်ခံဆဲ။ အိမ်သားဆန်လှသည့် မိတ်ဆွေကောင်းလို့ ပြောနေ သည်။ ကျွန်တော်တို့စီးနေသည့် ဖိနပ်တွေကိုကော ကျွန်တော်တို့ ဘယ်လိုထားပါသလဲ။ သည်တော့မှ ကျွန်တော့်ဖိနပ်ကလေးအကြောင်း ကျွန်တော် တွေးကြည့်သည်။ ကျွန်တော် သွားလေရာ သူပါသည်။ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ မညည်းညူလိုက်ပါနေတတ် သူ။ ပူပြင်းမှုကို ကာကွယ်ပေးသည်။ အချွန်အတက်တွေကို သူက အရင်နင်းချေပစ်သည်။ အပေအကျန်တွေကို သူကပဲ အပေခံလိုက် တာများသည်။ ဒါပေမဲ့ ကျွန်တော် ဖိနပ်အသစ်တစ်ရံသည်ရက်ထဲ ဝယ်ရတော့မည်။

ထိုညက ကျွန်တော် အိပ်မက်မက်သည်။ အိပ်မက်ထဲမှာ ဘကြီးကုလားက သခင်လေး၏ ဖိနပ်ကို စီးနေသည်။ ဘကြီးစိုက စင်ဒရဲလား၏ ဖန်ဖိနပ်ကို စီးနေသည်။ စင်ဒရဲလားက လံခြားသမား၏

www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်ကို စီးထားသည်။ မထွေးက အိမ်ယ်လ်ဒါမားတို့စ်၏ ဖိနပ်ကို တစ်ရံပြီးတစ်ရံ လဲနေကာ အိမ်ယ်လ်ဒါကတော့ ရာဘာဖိနပ်သံကြိုး တုပ်နဲ့ဖြစ်သည်။ ကွဲတစ်ဖက် နွားတစ်ဖက် ဖိနပ်ရောင်စုံကို အမေက စီးသည်။ အဖေကတော့ ကတ္တီပါဖိနပ်နှင့် ဖြစ်နေပြီး ကျွန်တော်က ပန့်ရှူးနှင့် ဖြစ်လေ၏။ ကျွန်တော် ဖိနပ်တွေကို ချစ်တတ်သွားခဲ့ပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

# ည၏သူစိမ်း

'ချစ်လှစွာသော ပန်းပွင့်မျက်နှာနှင့် ချစ်သူစိမ်း၊ နာရီတစ်မောင်းစာ အချိန်အကန့်ကလေးထဲမှာပင် သင်ကားဝင်လာခဲ့၊ သင်ကားထွက်သွားခဲ့။ ဤဆန်းကြယ်သော တွေ့ဆုံကြုံကြိုက်မှုကို မီးရထားတွဲထဲမှ ကျွန်တော်မြင်နေရခြင်း ဖြစ်သည်။ သေချာပါသည်။ တစ်နေ့နေ့မှာတော့ ကျွန်တော်တို့နောက်ထပ်တစ်ဖန် တွေ့ဆုံကြုံကြိုက်နိုင်ပါသေးသည်။ ကျွန်တော်က ငယ်ရွယ်လွန်းသူ။ သင်ကတော့ ကြင်နာတတ်ခြင်းနှင့် ဉာဏ်ဆင်ခြင်တုံတရားကြီးမြင့်သူ။ သင်၏ လောင်မီးကျမျက်လုံးများဖြင့် ကျွန်တော့်စိတ်နှလုံးကို ဆွဲငင်သိမ်းရစ်နိုင်သူ။ ကျွန်တော့်နှလုံးသားတွေကတော့ နုမြစ်သူတို့၏နှလုံးသား အနာတရတို့ဖြင့် စပ်ဖျဉ်းဖျဉ်းနာကျင်လျက် ရှိ၏။ သစ္စာတရား၏ ကြိမ်ချက်တို့ဖြင့် ကွဲကြေကျိုးပဲ့၊ သွေးတပွက်ပွက်ထလျက် ရှိ၏။ သင်ကား တိတ်ဆိတ်လှသူ၊ တည်ငြိမ်အေးချမ်းလှသူ၊ မှုမှန်စိတ်ဖြင့် ထိန်းချုပ်နိုင်သူ။ ကျွန်တော်၏ ရူးကျင်သော နာကျင်မှုများအတွက် အသိဆင်ခြင်တုံတရားကိုသင်ပေးအပ်ခဲ့သည်။ သစ်ပင်တွေအကြောင်း၊ ပန်းပွင့်တွေအကြောင်း၊ ကြယ်ပွင့်တွေအကြောင်း၊ အတောင်ပံတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com

*အကြောင်း သင်ပြောခဲ့ပြီ။ ဘုရားသခင်နှင့် စွမ်းပကားကြီးလှသည့် အရာခပ်သိမ်းတို့အကြောင်း သင်ပြောခဲ့ပြီ။ ပြီးတော့လည်း သင်ထွက်ခွာသွားခဲ့သည်။ ကျွန်တော့်မြင်ကွင်းထဲက သင် ပျောက်ချင်းမလှပျောက်သွားခဲ့ပြန်သည်။ သင်ကား ဘယ်သူ၊ သင်ကား ဘယ်ဝါ။ ညဉ့်၏သူစိမ်း။*

***[Patience Strong ၏ Strange Meeting]***

ညဉ့်၏သူစိမ်း။ ပေးရှင့်စထရောင်း၏ ညဉ့်၏ သူစိမ်းကို ဖတ်ပြီးသည့် အခါ ကျွန်တော် ပထမဆုံး သတိရတာ လရောင်ဆမ်းရွာလမ်းမကြီးကို ဖြစ်သည်။ လရောင်ရွှန်းပသည့် အညာကျေးလက်၏ ရွာလယ်လမ်းမကို ကျွန်တော် နှစ်ပေါင်းများစွာ သတိရနေမိပါသည်။ လမိုက်ညတွေမှာ မှောင်ကြီးမည်းမည်း ပျစ်ခဲနေတတ်သော အညာကျေးလက်မှာ လရောင်ကို မသာလည်းတ သာလလည်းတ ဖြစ်သည်။ လသာရက်တွေဆိုလျှင် ကျွန်တော်တို့ ကလေးတွေ လမ်းမပေါ်ရောက်ပြီ။ လူကြီးတွေကတော့ ဝါးကွပ်ပျစ်ပေါ်က စကားဝိုင်းကို ပြောင်းဖူးဖက်ဆေးလိပ် တဖွာဖွာဖြင့် စသည်။ ခြေကျင်းဝတ်မြုပ်လောက်သည့် ဖုန်နွေးနွေးတွေက လှည်းလမ်းမပေါ်မှာ ထူထူထဲထဲ။ ရွာလယ်လမ်းမကြီးက ကျွန်တော်တို့အိမ်ရှေ့အထိ ဖြောင့်နေသေးသော်လည်း သည်နေရာက ကျော်လျှင်တော့ ကွေ့ကောက်သွားသည်။ ရွာလမ်းက အနောက်ဘက်ရွာတွေအထိ ခရီးဆက်သွားသော်လည်း ရွာလမ်းအကွေ့ကလေးအဆုံးနားမှာ သင်္ချိုင်းကုန်းရှိတာကို ကျွန်တော်တို့အားလုံး သိနေသည်။ သည်တော့လည်း လမ်းကွေ့သင်္ချိုင်းနားအထိ ကျွန်တော်တို့ မသွားရဲ။ လရောင်ထဲမှာ တွတ်ထိုးတမ်းကစားတာများသည်။ စည်းတစ်ကြောင်း မြေပေါ်မှာ ထင်ထင်ခြစ်၊ ဟိုဘက်သည်ဘက် လူ

www.burmeseclassic.com

အညီအမျှ၊ အလုံးအဖန် အညီအမျှခွဲ။ ပါးစပ်က တွတ်တွတ် တွတ် တွတ်မရပ်မနား အော်ရင်း စည်းတစ်ဖက်ကလူကို မိအောင် လိုက်တို့ရသည်။ အတို့ခံရသူက မသေအောင် ပြေးလွှားတိမ်းရှောင်ရသည်။ အသက်အောင့်ရင်း ပါးစပ်က မြည်နေရသော တွတ်ထိုးသံက အသက်ရှူဖို့ တုံ့သွားလို့ (အသံပြတ်သွားလို့) တွတ်ထိုးတာ ရပ်သွားလျှင် ကိုယ့်စည်းဘက်ကို ပြန်ပြေးလာရသည်။ တွတ်ထိုးသံပါးစပ်က အဆက်မပြတ် ထိုးနိုင်လို့ ကိုယ်ကလိုက်ပုတ်နိုင်သော်လည်း တွတ်ထိုးနေသူကို တစ်ဖက်က အမိအရ၊ ဝိုင်းဆွဲနိုင် ခွင့်ရှိသည်။ ထိုအခါ ပါးစပ်က တွတ်ထိုးသံမရပ်ဘဲ ရုန်းကန်နိုင်သည်။ ရုန်းနိုင်လျှင် ကိုယ့်ဘက်ကို ပြန်ပြေး။ မရုန်းနိုင်လျှင် ကိုယ်သေ။ ဤသို့ဖြင့် သူတစ်ကျော့ ကိုယ်တစ်ကျော့။ တစ်ဖက်တစ်လှည့်စီ။ တစ်လှည့်တစ်ဦးစီ၊ နည်းနည်း အသက်ကြီးသူတွေက ငယ်သူတွေကို တွတ်သံဆုံးမည်ထင်လျှင်၊ မောနေလျှင်၊ အသက်အောင့် လာလျှင် တွတ်သံမဆုံးခင် ဝင်လုံးတတ်သည်။ မရုန်းနိုင်လျှင် ကိုယ်သေ။ ကိုယ့်ဖက်ကလည်း အသက်အောင့်လာလျှင် တွက်သံ မဆုံးခင် ပြန်ပြေးခဲ့ဟု မှာလိုက်တတ်သည်။ လရောင်ထဲမှာ တွတ်ထိုးသံတွေ စီညံနေသည်။ ငြင်းခုန်သံတွေ ပွက်စီထနေသည်။ ရုန်းကန် အော်ဟစ်ရယ်မောသံတွေ လျှံထွက်နေသည်။ တစ်ခါတစ်ခါ ညသန်းခေါင်ကျော်လူကြီးတွေက ကလေးတွေကို စောင့်ရင်း ရပ်မှုရွာမှုတွေပြော၊ ကလေးတွေက လူကြီးတွေမှ မအိပ်သေးဘဲ၊ မခေါ်သေးဘဲ ဆိုပြီး ဆက်ကစား။ တစ်ခါတော့ တွတ်ထိုးပွဲကြီးပြီးတာတောင် ကျွန်တော့် အိမ်ပြန်မရောက်။ ညကြီးသန်းခေါင်ကျော်ပြီ။ ကလေးတွေ တစ်ယောက်မှ မရှိတော့။ လရောင်၊ ရွာလမ်းနှင့် ကျွန်တော်ပဲ ရှိနေသည်။ ကျွန်တော့်စိတ်ထဲ အိမ်ပြန်လာနေပေမယ့် အိမ်ကို မရောက်နိုင်။ ကျွန်တော် အရာအားလုံးကို သိနေသည်။

www.burmeseclassic.com

www.burmeseclassic.com


ငိုချင်နေသည်။ ကျွန်တော့်ကို ရှာနေသည့် အသံတွေကို ကျွန်တော် ကြားနေရသော်လည်း ပြန်မထူးနိုင်ခဲ့။ အမေ့ငိုသံကို ကျွန်တော် ကြားနေရသည်။ ကျွန်တော်က လေထဲမှာ လွင့်နေသလို ဖြစ်နေသည်။ ထမင်းလုံးတစ္ဆေခြောက်သလိုဖြစ်နေသည်။ ကမ္ဘာလောကနှင့် ကျွန်တော် နီးလျက်နှင့် ဝေးလံနေသည်။ ကျွန်တော် ရွာလမ်းအတိုင်း ရွာသင်္ချိုင်း ဆီသို့ လျှောက်သွားနေမှန်း သိသော်လည်း ကျွန်တော်ကိုယ်တိုင်က ရုန်းကန်မရသလို ဖြစ်နေသည်။

"အဲသည်ညက သားကို ပစ်ရပြီထင်တာ၊ သင်္ချိုင်းဝကကို မှ ပြန်လာပို့တယ်၊ သားကို လူတွေ ရှာတာများ မည်းမည်း လှုပ်နေတာပဲ၊ အော်လိုက်၊ ခေါ်လိုက်ကြတာလည်း ညံနေ တာပဲ၊ သားက သင်္ချိုင်းဝထဲကိုတောင် ရောက်နေပြီ၊ ကံကြီး လိုက်တာကွယ်"

နောင်မှာ အမေက ကျွန်တော့်ကို ပြောပြခြင်း ဖြစ်သည်။ ကနေ့အထိ ဘာမှန်းမသိရသေးသော အဖြစ်အပျက်ဖြစ်သည်။ ကျွန် တော် မှတ်မိနေတာတစ်ခုပဲ ရှိသည်။ လရောင်ကဝါပြီး တစ်စက်စက် ပေါက်ကျနေသည့် လရောင်။ နောက်တစ်ရက်ကစပြီး ကျွန်တော့် လည်ပင်းမှာ လက်ဖွဲ့ချုပ်ကြိုးတစ်ချောင်း ရောက်လာခဲ့သည်။ ဝင်း အပြင်ထွက်မကစားရ။ အဝေးတွတ်ထိုးသံတွေ ကြားနေရသော်လည်း အမေတို့အနားက ကွပ်ပျစ်စောင်းမှာပဲ ဟိုအကြောင်းသည်အကြောင်း လရောင်ထဲမှာ နားထောင်နေခဲ့ရသည်။ ထိုဂမ္ဘီရညက လရောင်ကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါသည်။ ပေါက်ကျနေသည့် လရောင်။

နည်းနည်းလေး ကြီးလာတော့ အိမ်ဘေးသဘော် မကျည်းကွေး ပင်ပေါ်က လရောင်၊ သက်ကယ်တဲပေါ်က လရောင်၊ သောင်ပြင်

www.burmeseclassic.com

ထဲက လရောင်၊ တမာပင်တွေ ကြားက လရောင်တွေကို ခံစားကြည့်ဖြင့် ကြည့်နေမိတတ်သော်လည်း ခံစားသိကတော့ ကောင်းကောင်း မသိသေး။ မြို့ပြကို ရောက်တော့ မြို့ပြလရောင်တွေကို မခံစားဖြစ်တော့။ လရောင်ကွက်ကွက်ပေါ်ကို လျှပ်စစ်မီးရောင်တွေ ဖိတ်အံကျနေတာက နို့နှင့် ထမင်းရည်ရောနေတာနှင့် တူသည်။ ကဗျာဆရာကတော့ ငါးရိုးနင်တဲ့ ငွေလမင်းကို ဖွဲ့သည်။ တီဗီအင်တာနာတွေ စီကာရီကာ ရှိနေသည့် မြို့ပြကောင်းကင်၏ ငါးရိုးများက မြို့ပြကောင်းပင် ပင်လယ်ထဲမှာ ပေါလောမျောနေကြသည်။ လရောင်ထဲမှာ သစ်ပင်ဖြစ်ချင်စိတ် ကျိတ်ဖြစ်ခဲ့ရသေးတယ်ဆိုတာကို ကျွန်တော် ခံစားလို့ ရနေသည်။

"တစ်ကမ္ဘာပတ်လုံး တည်မြဲတဲ့အရာလေးပါး ရှိတယ်။ ဒါကို ကပ္ပဋ္ဌိတရားလေးပါး ခေါ်တာပဲဗျ။ ထုံးမတိမ် ငုံးအိမ်ကျူ လနှင့် တူမျှစံနိုင်း။ နတ်တညီ ကပ္ပဋ္ဌိတင်ထိုက်ကယ့်၊ ယဉ်သိုက်ဝင်သည်မေနှင့်၊ ငါးဆင့်သမိုင်းဆိုသကိုး"

"ရှင်းပါဦး ကိုသာဇံရဲ့"

"ကပ္ပဆိုတာက ကမ္ဘာကို ပြတယ်၊ ဌိတိဆိုတာက တည်မြဲခြင်းကို ပြတယ်။ လဗိမာန်က ယုန်ရုပ်၊ ဝဋ္ဋငုံးမင်း ဇာတ်က မီးငြိမ်းရာအရပ်၊ ဃဋိကာရ အိုးထိန်းသည်ရဲ့ အိမ် နေရာ၊ နဠပါနကန်အနီးက ကျူပင်ဝါးပင်တွေ အဆစ်မရှိဘဲ တည်ခြင်းဆိုတဲ့ တည်ခြင်းလေးပါးကို ဆိုလိုတာပဲ၊ အောင်မာဒါ တောင် အင်္ဂုလိမာလထေရ်ကြီး သစ္စာပြုရာ အင်းပျဉ်ကိုစွဲပြီး ကပ္ပဋ္ဌိငါးပါးလို့ ဆိုစကားများလည်း ကြားဖူးရဲ့"

အဖေက သည်စကားကို ပြောင်းဖူးဖက်ဖွာရင်း လက်ဖက်တစ်ရိုးကို နှိုက်ရင်း၊ ပျင်းပျင်းတွဲတွဲကြီး ပြောတတ်သည်။ ထိုအခါ ရွာက မယ်ဒလင်ဆရာ ကိုသန်းက ဝင်ထောက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့် အနောက်နန်းမတော်ကြီးရဲ့ ချစ်သမျှကို ပတ်ပျိုးသဖြန့်ပိုဒ်မှာ ချစ်ခြင်းငယ်ပြိုင်၊ မြစ်မင်းပိုင်အဏ္ဏဝါက ပြန်တစ်ရာကဲ၊ ယွင်းစေ့ဝသုန်၊ လဝန်းသော်တာယုန်သို့ ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ ဘယ်မေ့လိမ့်လဲလို့ ဖွဲ့တာကိုးဗျ။ 'လဝန်းသော်တာယုန်'ဆိုတာ ကျုပ်က ပထမတော့ မသိဘူးရယ်၊ လက်စသတ်တော့ လမင်းကြီးထဲက ယုန်ရုပ်များ ကမ္ဘာကုန်ကျယ်သရွေ့ မပျက်ပြယ်သလိုပဲ သူ့မေတ္တာက ခိုင်မြဲတယ်လို့ တင်စားတာဟာ သည်ကပ္ပဋိတိတရားထဲက တစ်ပါးကို ထိုတာကိုးခင်ဗျာတို့ရဲ့"

ထိုအခါ သံဖြူဆရာ ကိုလှမောင်က 'ဒါကြောင့် လတံဆိပ်ကို ကမ္ဘာတံဆိပ်လို့ သုံးပေတာ ထင်ပါရဲ့'လို့ ဖြည့်သည်။ စကားစပြတ်သွားလျှင် ကိုသန်းက သူ့မယ်ဒလင်အသံကြောင်ကို ဘုသီးကလေးလှည့်ကာလှည့်ကာ ကီးညှိသည်။ ပြီးတော့မှ စူးခြစ်ခြစ်ပြာနောက်နောက်အသံဖြင့် လမင်းဝင်းဝင်းပပသာသောအခါ ညချမ်းမှာ မိုးထက်သို့ မျှော်ကာမျှော်ကာ ခင်ခင်မင်မင် ပြုံးကြည့်ကာ၊ လမင်းလည်း ကိုယ့်ကို ပြုံးချိုသော သူ့မျက်နှာ'ဟု ဆိုလေသည်။ ကျွန်တော်ကတော့ အညာငယ်ဘဝထဲက တွတ်ထိုးသံညများနှင့် အဖေ့ မယ်ဒလင်ညများကို လရောင်မြင်တိုင်း သတိရနေမိတတ်သည်။

ကျွန်တော် စွဲလမ်းခဲ့သော ရုပ်ရှင်ကားတွေထဲက ဒေါက်တာဇီဗာဂိုး၏ လရောင်ညကိုလည်း ကျွန်တော် စွဲလမ်းပါသည်။ ကမ္ဘာကျော် ဒါရိုက်တာကြီး ဒေးဗစ်လင်း **(David Lean)** ၏ လရောင်ရိုက်ချက်တွေက လွမ်းမောစရာ။ ဘူတာရုံကြီးထဲမှာ လူတွေ အိပ်ပျော်ကျနေကြသည်။ နေရာလပ်မရှိ။ ကြပ်ကြပ်တည်းတည်း။ မိသားစုက ဒေါက်တာဇီဗားဂိုကို မှီရင်း အိပ်နေသည်။ ဒေါက်တာဇီဗားဂိုးကတော့

မအိပ်နိုင်သေး။ အဝေးမှ 'ဘယ်လာလိုက်ကာ' ဗျပ်စောင်းတီးခတ်သံသဲ့သဲ့ကို နားထောင်ရင်း သူ့မိခင်ပေးခဲ့သည့် 'ဘယ်လာလိုက်ကာ'ကလေးကို သတိရနေသည်။ မကြာခင်မှာပဲ ဘူတာတွင်းကို ရထားကြီး ဝင်လာတော့ လူတွေ လှုပ်ရှားသွားသည်။

"မတွန်းကြပါနဲ့၊ မတွန်းကြပါနဲ့"

"လူငါးဆယ်ပဲ ခွင့်ပြုတယ်။ လူငါးဆယ်ပဲ၊ လူငါးဆယ်ပဲ"

တွဲစောင့်၏ အော်သံက ခရီးသည်တွေရဲ့ အသံကို မထိုးနိုင်။ ဒေါက်တာဇီဗာဂိုးတို့ မိသားစုတွဲတစ်တွဲမှာ နေရာရသည်။ တွဲထဲမှာ လူတွေ ပြည့်ကျပ်နေသည်။ အလယ်မှာ မီးဖိုကြီးတစ်ဖိုရှိကာ ရေနွေးတွေ ပွက်ပွက်ဆူနေသည်။ တွဲထဲမှာတော့ အလုပ်ကြမ်းသမား တစ်ယောက်ရှိနှင့်နေသည်။ တွဲတာဝန်ကျတစ်ယောက်ရှိသည်။ ကျန်တာက ခရီးသည်တွေ။ ဒေါက်တာဇီဗာဂိုးမိသားစုက ယူရိယာတင်ဒေသဆီကို လိုက်မည့်ခရီးသည်တွေ ဖြစ်သည်။ အဲသည်ကမှ ဗယ်ရီကီနိုကျေးရွာကို ခရီးဆက်ကြမည်။ ထိုအချိန်မှာတော့ **(white guards)**တွေ **(Red guards)**တွေ အားပြိုင်နေကြချိန် ဖြစ်သဖြင့် ကိုယ့်ရွာကိုယ့်ဒေသပြန်ကြသူတွေက ဆင်းဆင်းရဲရဲ ပြန်ကြရသည်။ ဆယ့်ရှစ်ရက်တစ်ခါ လဲလှယ်ပေးသော ကောက်ရိုးတွေပေါ်မှာ အညစ်အကြေးစွန့်ရင်း မရပ်မနား ဒုက္ခဆင်းရဲကြီးစွာ ရွေ့ပြောင်းနေကြရသည်။ ဆယ့်တစ်ရက်မြောက်လျှင် ယူရယ်လ်တောင်တန်းဒေသဆီကို ရောက်မည်။ ရထားကြီးထွက်တော့ တွဲထဲမှာ ခရီးသည်တွေ ပြန်လည် အိပ်မောကျနေကြပြီ။ ဒေါက်တာဇီဗာဂိုးကတော့ မအိပ်နိုင်။ သူသည် ဆရာဝန်ကဗျာဆရာဖြစ်သည်။ မွန်းကျပ်သောအလုံပိတ်တွဲထဲမှာ ရှိနေရသော်လည်း အပြင်က လရောင်ကို သူ ခံစားချင်နေသည်။ နှင်းဆွတ်ဖွေးဖွေး ကွင်းပြင်ကြီးက ရရှားလရောင်အောက်မှာ ထင်းကြနေ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မည်။ သည်မြင်ကွင်းကို သူခံစားချင်နေသည်။ သည်တော့လည်း ရထားတွဲထဲက လျှောထိုးပြတင်းသေးသေးကလေးကို ဖွင့်လိုက်မိသည်။ လရောင်က ပြတင်းသေးသေးကလေးမှ တစ်ဆင့် သူ့မျက်နှာပေါ်ကို ဖိတ်ကျလာသည်။ အဝေးမှာ နှင်းဖတ်တွေ ဖွေးတောက်နေသည်။ လရောင်က ပြာလဲ့နေသည်။ မိုးသားတွေက ခဲရောင်။ မီးရထားစက်ခေါင်းက မီးခိုးမွဲမွဲဆုပ်ဆုပ် ထွေးထွေးက ကောင်းကင်က လမင်းကို ဖုံးချည်လှပ်ချည်။ နှင်းပြင်၊ မိုးသား၊ မီးခိုးတွေကို ဒါရိုက်တာက သေသေချာချာ ရိုက်ပြသည်။ ရထားက တံတားတစ်စင်းကို အဖြတ်မှာတော့ တံတားတိုင်တွေ ရိပ်ခနဲ ရိပ်ခနဲ။ ဝိုင်းစက် သော လမင်းက ကဗျာဆရာ၏လိပ်ပြာကို ပုတ်နိုးနေသည်။ ရိုက်ချက်တွေက အဝေးရိုက်ချက်ဖြစ်သွားပြန်သည်။ နှင်းပြင်ကျယ်ကြီးထဲမှာ ရထားတစ်စင်းလုံးကန့်လန့်ဖြတ်ပြေးနေတာကို ပြသည်။ ရထားမီးခိုးတွေက တမျှော်တစ်ခေါ်၊ ရထားနှင့် ဆန့်ကျင်ဘက်အရပ်ကို ပြေးလွှားနေသည်။ နှင်းဖြူဖြူ၊ လရောင်ဖြူဖြူ၊ မီးခိုးဖြူဖြူ၊ တိမ်ဖြူဖြူ၊ ရထားကြီးကတော့ ကန့်လန့်ကြီးမည်းမှောင်နေသည်။ ရိုက်ချက်က ရထားတွဲထဲ ပြန်ရောက်လာသည်။ လရောင်က ကဗျာဆရာ၏ မျက်နှာပေါ်ကို ထိုးကျနေတာ ပြပြန်သည်။ ထိုစဉ်မှာပဲ လျှောထိုးပြတင်းကလေးကို ခြေထောက်နှင့် ကန်ကာပိတ်ပစ်ခြင်းခံရလိုက်သည်။ ကဗျာဆရာ၏ လရောင်ခံစားမှုလိပ်ပြာက လွင့်စင်သွားခဲ့သည်။ ဒါတွေအားလုံးက ပြချိန်တစ်မိနစ်လောက်ပဲ ရှိလိမ့်မည်။ ဒါရိုက်တာက လရောင်ထဲကရထား၊ ရထားထဲက ကဗျာဆရာ၊ ကဗျာဆရာ့ရင်ထဲက ကဗျာ၊ ဒါတွေအားလုံးကို အရပ်တွေနဲ့ ပြန်သွားသည်။ ဂီတသံမပါ။ ရထားခုတ်သံကျယ်ကျယ်ကိုသာ ပေးထားခဲ့သည်။ အမှောင်ထုထဲက အလင်းကွက်ကွက်ကလေးကို ခြေဖြင့် ဆောင့်ပိတ်ခြင်းခံလိုက်ရသော ကဗျာဆရာ၏ ဖိကျင်မှုကို

www.burmeseclassic.com

မင်းသားကြီး အိုမာရှရစ်ဖ်က ကောင်းကောင်းကြီး သရုပ်ဆောင်ပြသွားနိုင်သည်။ သည်အခန်းကို ကျွန်တော် အင်မတန် စွဲလမ်းသည်။ ဗီဒီယိုအခွေကို ကြည့်နေရင်းက သုံးလေးကြိမ်ထက်မနည်း ကျွန်တော် နောက်ပြန်ရစ်တတ်သည်။

တစ်ခါတစ်ခါ ရန်ကုန်က မန္တလေး၊ မန္တလေးက ရန်ကုန် မီးရထားစီးဖြစ်သည့်အခါ ညကြီးသန်းခေါင်ထဲမှာ ပြတင်းတံခါးကို ဖွင့်ရင်း လမင်းကို ကျွန်တော် ရှာဖွေနေတတ်သည်။ လဆန်းရင့်ရင့် ရက်တွေဆိုလျှင် လရောင်အောက်မှာ မြင်ကွင်းတွေက လရောင်နှင့် ရွှဲနစ်နေတတ်သည်။ တစ်ခါတစ်ခါ လမင်းက ရထားခေါင်မိုးပေါ်မှာ။ လရောင်ကိုပဲ တွေ့နေရတာတွေလည်း ရှိသည်။ အဝေးရိုးမ ညို့ညို့ပေါ်က ဆန်းစသော်တာကို တွေ့ခဲ့ရတာတွေလည်း ရှိသည်။ ကျွန်တော် ညစဉ် မြင်နေရသည့် စစ်ကိုင်းတောင်ပေါ်မှာလည်း လဆန်းရက်ဆိုလျှင် ဆန်းစသော်တာ ကွေးကွေးကလေး ရှိတတ်သည်။ ပြည့်ဝန်းသွားလျှင်တော့ လက အရှေ့မိုးကောင်းကင်ဘက်ကို ရွှေ့သွားတတ်သည်။ မည်သို့ပင်ဖြစ်စေ လရောင်မြစ်ပြင်ပေါ်ကျနေသည့်အခါ အင်မတန် ကြည်နူးစရာကောင်းသောအလှကို ခံစားနိုင်သည်။ ကဗျာဆရာ **Carl Sandburg** ကတော့ **"River moons"** "ကဗျာတစ်ပုဒ် စပ်ခဲ့ဖူးသည်။ မြစ်လဝန်းများ။

'လဝန်းနှစ်ယှက်
တစ်ယှက်က အနောက်ဘက်ကောင်းကင်
ကျောကုန်းမြင့်မြင့်ပေါ်မှာ
တစ်ယှက်က မြစ်မျက်နှာရဲ့
ကောက်ကြောင်းကွေးပေါ်မှာ
ကောင်းကင်လဝန်းကမီး

www.burmeseclassic.com

မြစ်လဝန်းကရေ
လဝန်းနှစ်ယှက်ကိုခြင်းတောင်းကလေးထဲထည့်ပြီး
တံတောင်ဆစ်မှာ ချိတ်ယူခဲ့တယ်
ခေါင်းထဲမှာ ထည့်ယူခဲ့တယ်'

ကဗျာဆရာက ဆန်းဦးစသော်တာကို ဖွဲ့သည်။ လချိုထောင်ကလေး၊ လပုခက်ကလေး၊ လသူငယ်ကလေးတဲ့။ မြစ်ကတော့ ကောက်ကွေးနေလိုက်တာ မေးခွန်းလက္ခဏာ **(Question mark ?)** နှင့်တူသတဲ့။ မေးခွန်းမေးနေသည့် မြစ်က ပြည့်ဝန်းဖို့အားယူနေသည့် လဝန်း၏ အဖြေကို သိချင်နေသည်။ အလားအလာကို သိချင်နေသည်။ မြစ်ကမ်းနားသား ကဗျာဆရာ၊ ဆရာအောင်ဝေးကတော့ လရောင်မှုန်မှုန်ထဲက အလွမ်းကို ဖွဲ့သည်။

"တစ်ရံရောအခါက
မင်းနဲ့ငါ
ကိုယ်ပိုင်ကဗျာရွတ်ဆိုပွဲလေး
ပူနွေးရင်ခုန်ကြ
လရောင်မှုန်ပျပျနဲ့
ညထဲကအလွမ်း
ဒဂုန်တာရာရဲ့
'ငွေလှေပေါ်ကအနမ်း'
ငြိမ်းချမ်းခဲ့ကြရာ
ရွှေးမြစ်ပြာကြီးလည်း
မစီးဆင်းပဲနေတော့မယ်"

ကဗျာဆရာမ ကြည်အေးကတော့ 'လရိပ်ပြိုးမြ'တွင် 'လမှုန်မှိုင်း၍၊ ရိပ်မှိုင်းသန်းရီ၊ မပီပြင်လဲ၊ ထင်သောမျက်နှာ၊ ချစ်သူပါပဲ'ဟု ဖွဲ့

www.burmeseclassic.com

သည်။ 'လယ်တောဓ၏ အချစ်တေး'မှာတော့ 'လရိပ်သိပ်၍၊ ကွေး အိပ်စုံ၊ နွဲ့ခိုလှုံသော၊ ဝတ်မှုန်သိမ်းဆည်း၊ လျော့ရည်းဝါလွှာ၊ နေကြာ မောဖြေ'လို့ ဖွဲ့သည်။ 'မြစ်လယ်မှာ ချစ်လှယ်တုန်းက' ကဗျာမှာတော့ 'လမင်းကလျောင်၊ ကြယ်ပြောင်ကပြုံး၊ ညဥ့်ဦးကဗျာတည်တဲ့၊ ငှက် ပလီချုံနွယ်ရိပ်မှာ၊ တိတ်တိတ်ပုန်း'လို့ ဖွဲ့သည်။ 'ခရီးဝေယံ'မှာတော့ 'မပုန်းနိုင် အမိဖမ်းတော့၊ လချမ်းသူငါအရင်၊ ပြေးခဲ့ပြန်လျှင် လ ငွေ့မြင်၊ ဒါန်းဆက်ကာလွဲ၊ လရောင်ငွေရည်စို့မှာ၊ ထိုင်လို့တူတွဲ'လို့ ဖွဲ့သည်။ အာဖရိကန်ကဗျာဆရာ၊ အိုကော့၊ ပီ၊ ဘာတက် **(Ocot Batek)** ကတော့ **"Song of Lawino"** ကဗျာကို ရေးခဲ့သည်။ ဆရာမြသန်းတင့်က 'လင်ပစ်မသည်းချင်း' လို့ ဘာသာပြန်ခဲ့ဖူးပါ သည်။ သည်ကဗျာထဲမှာ ကဗျာဆရာက လူဖြူဇာတ်သွင်းရေးပေါ်လစီ **(Policy of assimilation)** ဆိုတာကို ဆန့်ကျင်ထားသည်။ ခေတ် ပညာတတ်လူမည်းတွေကို လူဖြူတွေက အရောတဝင် ရောနှော ပေါင်းသင်းမှုဖြင့် လူဖြူစိတ်ဝင်ဝါဒကို ဖြစ်ထွန်းစေသည်။ ဒါကိုပဲ အသွေးအသားဖြစ်စေခြင်း **(Assimilation)** ဟု ခေါ်သည်။ လူမည်း တစ်ဦးချင်းပေါ်မှာ သည်ဝါဒအားကောင်းလာတာ၊ လူ့အဖွဲ့အစည်းမှာ သည်ဝါဒအားကောင်းလာတာကို ကဗျာဆရာက ထိုးနှက်လိုက်သည့် ကဗျာလည်း ဖြစ်သည်။ ကဗျာထဲမှာ လူဖြူယဉ်ကျေးမှုကို သာယာသည့် လူမည်းခင်ပွန်းကို ဇနီးသည်က အပြစ်တင်ဟန်ရေးဖွဲ့ထားသည်။ အာကိုလီလူမျိုး မိန်းမတစ်ယောက် ၏ ခံစားမှုကို ဖော်ပြထားသည်။ သည်ကဗျာထဲမှာတော့ ကဗျာဆရာက လူဖြူတွေက လကို အလွမ်း အမော ခံစားနေချိန်မှာ လူမည်းမကလည်း သူနားလည်သလို ခံစား တတ်ကြောင်း ဖွဲ့ခဲ့သည်။

"လကို ကျွန်မ သိတာပေါ့ရှင်



www.burmeseclassic.com

လဟာထွက်ပြေးပြီး
တောင်ရိုးပေါ်တက်သွားတယ်
ပြီးတော့ လိမ့်ကျသွားတယ်လေ
ညကိုအလင်းရောင်ပေးတယ်လေ
လကို လူပျိုကလေးတွေက ကြိုက်ပြီး
စုန်းကဝေတွေက မုန်းကြတယ်လေ
သူတို့မျက်စိထဲမှာ လရောင်ဖြာကျလာရင်
ခွေးအတွေက အူကြတယ်လေ...
ပြီးတော့ မိန်းမတိုင်းကလဲ
လကို မြင်ကြတာပါပဲရှင့်။
မိန်းမပျိုကလေးတစ်ယောက်
လကို ပထမဆုံးမြင်ပြီဆိုရင်
ဥယျာဉ်ဟာ စိုက်ပျိုးဖို့ အသင့်ဖြစ်ပြီဆိုတဲ့
အမှတ်အသားပဲ မဟုတ်လား။"

တရုတ်ကဗျာဆရာလီယင် **(Li Ying)** ၏ကဗျာတစ်ပုဒ်ကိုလည်း ကျွန်တော် သတိရပါသည်။ ကဗျာဆရာက ၁၉၈၂ ခုနှစ်မှာ ဝါရှင်တန်ကို ရောက်ခဲ့သည်။ ဝါရှင်တန်အာကာသပြတိုက် **(Washington Space museum)** ကို ရောက်ခဲ့သည်။ ထိုပြတိုက်မှာ လပေါ်က အမေရိကန် အာကာသယာဉ် ဆောင်ကျဉ်းလာခဲ့သည့် လကျောက်ခဲနမူနာတုံးကလေးတစ်တုံးကို တွေ့ခဲ့ရသည်။ ဝါရှင်တန်မှာပဲ လီယင် ကဗျာတစ်ပုဒ်ရေးခဲ့ပါသည်။ ကဗျာက 'လကျောက်ခဲ၌ အတွေးမွှမ်းနစ်ခြင်း' **(Reverie on a moon rock)** ဖြစ်သည်။

(၁) "ပြောပါဦး၊ မင်းတို့ လပေါ်မှာ ငါးတွေနဲ့ ငှက်တွေရှိရဲ့လား
ဒေါ်ရင်ကောက်ပင်ကလေးတွေနဲ့ ပေါ်ပလာပင် ဖြူဖြူတွေကော


www.burmeseclassic.com

ကြေကွဲမျက်ရည်နဲ့ အပျော်သီချင်းတွေကော၊ ပြောပါဦး၊ မင်းတို့ လပေါ်မှာ စာအုပ်တွေနဲ့ တူရိယာပစ္စည်းတွေ ရှိရဲ့လား။ ချွန်ထက်နေတဲ့သွားတွေနဲ့ နှစ်ဖက်သွားဓားတွေကော၊ ခေါင်းပုံဖြတ်မှု၊ လှည့်ဖျားမှုနဲ့ လောဘတကြီးရှိမှုတွေကော၊ ပြောပါဦး၊ မင်းတို့လပေါ်မှာ ရာဟုလေနဲ့ မုတ်သုန်မိုးတွေကော ရှိရဲ့လား၊ မနက်ခင်းရဲ့အလင်း၊ ညနေခင်းရဲ့ မြူဆည်းဆာ၊ မိုးတိမ်နဲ့ တောက်ပကောင်းကင်တွေကော၊ ရိုးရှင်းတဲ့ မွေးဖွားခြင်းနဲ့ လေးနက်တဲ့ သေခြင်းတရားတွေကော

(၂) "ဒါဟာ ရှက်ရွံ့ခြင်းလား၊ ဒါဟာ ဂုဏ်သိက္ခာလား၊ လေး ပြီး ညိုနေတဲ့ ကျောက်ခဲကလေးရေ၊ အဲသလို စဉ်းစားရင်း တိတ်တိတ်ကလေး ငါ့ကို ငေးနေတာ မဟုတ်လား၊ မင်းကကော မရေမတွက်နိုင် ပုစ္ဆာစကားထာတွေကို ငွေ့ရည်ဖွဲ့နိုင်ရဲ့လား၊ မင်းမှာကော သတိရစရာတွေ ဘယ်လောက်တောင်များ၊ လိုချင်တဲ့ဆန္ဒတွေ ဘယ်လောက်တောင်များ၊ မင်းနှလုံးသားမှာကော လှပတဲ့ ရှုပ်ထွေးမှုတွေ ဘယ်လောက်တောင် ဖုံးကွယ်ထား...

တစ်နေ့တော့ မင်းပွင့်လန်းသင့်ပြီ
အားကောင်းစမ်းချောင်းတွေ သွန်ကျသင့်ပြီ
နွေဦးလိုနိုးထ၊ ငါတို့ကို သီချင်းတွေဆိုပြ"

ကဗျာက ကဗျာရှည်ကြီး ဖြစ်သည်။ လကျောက်ခဲကလေးကိုကြည့်ရင်း ကောင်းကင်ပေါ် ပျံသန်း၊ ငွေလှေကလေးပေါ် တက်လှမ်းချင်ကြောင်း ဖွဲ့သည်။ လ၏ မြင့်မားတောင်တန်းများ၊ လ၏ ကျောက်စက်ရေများကို ကြည့်ချင်ကြောင်း ဖွဲ့သည်။ လ၏ သွေးခုန်နှုန်းနှင့် နှလုံးခုန်နှုန်းကို တိုင်းချင်ကြောင်း ဖွဲ့သည်။ လကျောက်ခဲကလေး

www.burmeseclassic.com

www.burmeseclassic.com


အတွက် သစ္စာဖြင့်တည်ခြင်း၊ ကောင်းမြတ်ခြင်းနှင့် လှပခြင်းတွေ စရနယ်ထားသည့် လက်စွပ်တစ်ကွင်း သွန်းခတ်ချင်ကြောင်း ဖွဲ့သည်။ သည်လက်စွပ်ကလေးကို ကြည်ကြင်နာနာ စွပ်ပေးချင်ကြောင်း ဖွဲ့ သည်။

တန်ဆောင်မုန်းလပြည့်နေ့က ဝိုင်းစက်ပြည့်ဖြိုးနေသော လမင်း ကို ကျွန်တော် အမှတ်တရကြည့်ဖြစ်သည်။ မဟာမုနိဘုရားကြီး ဂန္ဓကုဋိတိုက်တော်ကြီးက ညရိပ်ထဲမှာ ဝင်းပနေသည်။ သူ့နောက် မှာ ရှမ်းရိုးမတောင်တန်းမြင့်မြင့်မည်းမည်းကြောင့် ပို့လို့တောင် အလှ တော်တရဲရဲ တောက်ပနေသည်ဟု ထင်ရသည်။ ကောင်းကင်မှာတော့ တန်ဆောင်မုန်းလပြည့်ည။ သည်ညက ဆေးပေါင်းခသည့်ည ဖြစ် သည်။ စကောတစ်ချပ်လောက် ကြီးမားနေသည့် လမင်းက ကနေ့ တော့ ဗို့အားတွေ ပြည့်နေသည်။ လထဲမှာတော့ ဆန်ဖွပ်သည့် အဘိုးအိုနှင့် ယုန်ကလေးကို ကျွန်တော် တွေ့နေရသည်။ ကျွန်တော် သာ ရုရှားလူမျိုးတစ်ယောက်ဆိုလျှင်တော့ အဘိုးအိုနှင့် ယုန်ကလေး လို ထင်မြင်လိမ့်မည်မဟုတ်။ သနားစဖွယ် မိဘမဲ့ မိန်းကလေးတစ် ယောက် ရေထမ်း ထမ်းပိုးထမ်းနေတာများလားလို့ ထင်မိလိမ့်မည်။ တစ်ခါက မိဘနှစ်ပါးစလုံး ဆုံးသွားသော မိန်းမပျိုကလေးတစ် ယောက်ရှိသည်။ မိဘတွေ ဆုံးတော့ နွားမတမ်းကလေးတစ်ကောင် နှင့် ကုလားအုတ်တစ်ကောင်သာ ကျန်ရစ်ခဲ့သည်။ သည်နှစ်ကောင် ကို ထုခွဲစားသောက်လိုက်တော့ နောက်ထပ်စားရမဲ့မဲ့ဘဝရောက်ခဲ့ရ သည်။ ထိုအခါ ခပ်ဝေးဝေး ဆွေမျိုးနီးစပ်တော်သော ဦးလေးနှင့် အဒေါ်ဖြစ်သူထံ ရောက်လာကာ ကျွန်သာသာဘဝဖြင့် နေထိုင်ခဲ့ရ သည်။ ရေခပ်၊ ထင်းခွဲ အိမ်မှုကိစ္စတွေလုပ် နေ့မအား၊ ညမအား။ မဝရေစာစားရသည့်ကြားက အနှိပ်စက် အညှင်းပန်းခံရသေးသည်။


www.burmeseclassic.com

တစ်နေ့တော့ ပြင်းထန်သော ဆောင်းရာသီကို ရောက်လာခဲ့သည်။ ဆောင်းညက အေးစက်လွန်းလို့ မီးဖိုနားက ဘယ်သူမှ မခွာနိုင်။ ထိုအချိန်မှာပဲ မိန်းကလေးကို အိမ်ရှင်လင်မယားက ရေထမ်းခိုင်းသည်။ ပုဆိန်တစ်လက်ပေးကာ ရေခဲနေသော မြစ်ဆီကို မညှာမတာ လွှတ်လိုက်သည်။ ပုဆိန်က ရေခဲချပ်လွှာတွေကို ခွဲချေဖို့ ဖြစ်သည်။ ရေထမ်း ထမ်းပိုးကို ထမ်းရင်း မြစ်ကို ထွက်လာခဲ့ရသော်လည်း တစ်ကိုယ်လုံး ရေခဲမတတ် အေးစက်နေသည်။ လက်တွေက ထုံကျဉ်ကိုက်ခဲနေတော့ ရေထမ်းရင်းက နှင်းတောထဲ လဲကျသွားတော့သည်။ ထိုအခါ မိန်းကလေးက ကြောက်လန့်တကြား ငိုကြွေးကာ အားကိုးရာ အားကိုးကြောင်း ရှာတော့ ပတ်ဝန်းကျင်မှာ ဘယ်သူတစ်ဦးတစ်ယောက်မှမရှိ။ စီးကျလာသော မျက်ရည်တွေကလည်း ရေခဲချောင်းတွေလို ပါးပြင်ပေါ်မှာပဲ အေးခဲသွားကြသည်။ ထိုအခါ နှင်းပြင်ထဲမှာ ထိုင်ငိုရင်း အားကိုးရှာသည်။ သူ့ဘဝကို သူဝမ်းပမ်းတနည်းပြောဖို့ အဖော်ရှာတော့ ကောင်းကင်က လမင်းခရီးသည်ကို တွေ့သွားခဲ့သည်။ လမင်းကြီးက သူမကို ကြင်ကြင်နာနာ ငုံ့ကြည့်သည်။

"လမင်းကြီးရယ်၊ ကျွန်မရဲ့ မိဘနှစ်ပါးမရှိကတည်းက ကြင်နာယုယတဲ့ ကရုဏာသံကို မကြားခဲ့ရပါဘူး၊ ကျွန်မဟာ အမြဲ တမ်း အရိုက်အနှက်ခံနေရတယ်၊ အကြိမ်းအမောင်းခံနေရ တယ်၊ လမင်းကြီးကပဲ သနားဖို့ ရှိပါတော့တယ်"

သည်တိုင်တည်မှုကို လမင်းက ကြားသည်။ နေမင်းကလည်း ကြားသည်။ သည်တော့ နှစ်ယောက်စလုံး မြေပြင်ကို ဆင်းလာကာ မိန်းကလေးကို လုကြသည်။ လမင်းက ရှုံးကာ နီးတော့ နေမင်းကို တောင်းပန်သည်။ သည်တော့မှ နေမင်းကြီးက မိန်းကလေးကို ဆောင်ကျဉ်းသွားဖို့ လမင်းကို ခွင့်ပြုလိုက်သည်။ လမင်းက မိန်းကလေး



www.burmeseclassic.com

ကို နမ်းကာ ကြင်ကြင်နာနာ ပွေ့ဖက်ရင်း ကောင်းကင်ကို ခေါ်ယူသွားခဲ့သည်။ လမင်း၏ မွေးစားသမီးအဖြစ် ရေထမ်းထမ်းပိုး၊ ရေပုံးများနှင့် အတူလိုက်သွားခွင့်ရတော့မှ ဒုက္ခအပေါင်းမှ ကင်းဝေးခွင့်ရတော့သည်။ တစ်ခါတစ်ခါ သမီးကလေး ပျောက်လျှင် လမင်းကြီးက မျက်နှာကြီးမည်းပုတ်ကာ သမီးပျောက်ကို ရှာတတ်သည်။ ဒါကို လူတွေက လငပုတ်ဖမ်းသည်ဟု ပြောတတ်ကြသည်။ သမီးလေးကို ပြန်တွေ့လျှင်တော့ လမင်းကြီးက ပြန်လည် ရွှန်းပ၊ ပြုံးတစ်မြမြ။ ကျွန်တော်ကတော့ လထဲက ဆန်ဖွပ်သည့် အဘိုးအိုနှင့် ယုန်ကလေးပဲဖြစ်ဖြစ်၊ မိန်းမပျိုနှင့် ရေဆိုင်းထမ်းဖြစ်ဖြစ် အေးမြသော သင်္ကေတအဖြစ် ချစ်ခင်နေမိသည်သာ။ ကျွန်တော်တို့တွင် လမင်းနှင့် ပတ်သက်လျှင် ခံစားသိလည်း ရှိသည်။ သိပ္ပံသိလည်း ရှိသည်။

လသည် ကမ္ဘာ၏အရံဂြိုဟ် **(Satellite)** ဆိုတာကို ကျွန်တော်သိပါသည်။ အချင်းမိုင်ပေါင်း ၂၁၆၀ နှင့် ကမ္ဘာက အကွာအဝေးမိုင်ပေါင်း ၂၄၀၀၀၀ ရှိတာကိုလည်း သိပါသည်။ ဆွဲငင်အားက ကမ္ဘာ၏ ခြောက်ပုံတစ်ပုံသာ ရှိသည်။ သိပ်သည်းဆက ရေထက် ၃,၃၉ ဆ လေးသည်။ မိမိဝန်ရိုးပေါ်တွင် ၂၈ ရက်တစ်ကြိမ် တစ်ပတ်ပတ်မိသည်။ ကမ္ဘာကြီးကို လှည့်လည်နှုန်းမှာ တစ်စက္ကန့်လျှင် ၀,၆၄ မိုင် ဖြစ်သည်။ အပူချိန်က ပူသည့်ဘက်တွင် ရေဆူမှတ် ၁၀၀ ဒီဂရီစင်တီဂရိတ်ကျော်ကျော်အထိ ပူကာ အေးတော့လည်း ပကတိ သုည **(Absolute Zero)** အောက် ၂၇၃ ဒီဂရီထိ အေးသည်။ လေမရှိ။ တိမ်တောင်တိမ်လိပ်မရှိ၊ ရာသီဥတုမရှိ၊ မိုးမရှိ၊ မြစ်ချောင်းအင်းအိုင်မရှိ။ အရံဂြိုဟ်တွေကို လဟု ခေါ်လျှင် မားကျူရီဂြိုဟ်တွင် လမရှိ။ ဗီးနပ်စ်ဂြိုဟ်တွင် လမရှိ။ ကမ္ဘာဂြိုဟ်တွင်

www.burmeseclassic.com

လတစ်စင်းရှိသည်။ အင်္ဂါဂြိုဟ်တွင် လနှစ်စင်း၊ ဂျူပီတာ
ဂြိုဟ်တွင် လဆယ့်နှစ်စင်း၊ စနေဂြိုဟ်တွင် လကိုးစင်း။

ယူရေးနပ်ဂြိုဟ်တွင် လငါးစင်း၊ နက်ပ်ကျွန်းဂြိုဟ်တွင် လနှစ်စင်းရှိသည်။ သဘာဝသိပ္ပံသည်ကျောင်းစာသင်ခန်းထဲမှာ ကျန်ရစ်ခဲ့သည်။ ကျွန်တော်တို့ အားလုံး အချိန်တော်တော်များများ သဘာဝသိပ္ပံနှင့် ကွာဝေးနေတတ်သည်။ ပကတိခံစားမှုကတော့ မြင်ကာမတ္တ၊ ကြားကာမတ္တ ကျွန်တော်တို့ ဖျတ်ခနဲ ခံစားနိုင်သည်။ ကျွန်တော်တို့ ကံကောင်းတာက ကမ္ဘာဂြိုဟ်တွင် လတစ်စင်းတည်း ရှိခြင်း ဖြစ်သည်။ လတွေများနေရင်လည်း ခံစားမှုတွေ ကသောင်းကနင်း ဖြစ်နေနိုင်သည်။ ဒီရေတွေ အချိန်ပြည့်တက်နေလိမ့်မည်။ ပေးရှင့်စထရောင်းကတော့ နှမျစ်သူတို့၏ နှလုံးသားအနာတရတို့ဖြင့် စပ်ဖျဉ်းဖျဉ်းနာကျင်မှု၊ သစ္စာတရား၏ ကြိမ်ချက်ဖြင့် ကွဲကျေကျူးပဲ့သွေးချင်းချင်း နီမြန်းမှုတွေကို ဖွဲ့သည်။ လမင်း၏ လောင်မီးကျ မျက်လုံးတွေက စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်ရှိနိုင်စွမ်းကို ဖွဲ့သည်။ စင်စစ်ခံစားမှုသည် အရွယ်၊ ဘဝဖြတ်သန်းမှု၊ အခြေအနေအကြောင်းအရာများနှင့် ဆိုင်ပါလိမ့်မည်။ ကျွန်တော့်မှာတော့ နှမျစ်ခြင်းမရှိ။ နှလုံးသား အနာတရမရှိ။ မာကျောကျော ကျွတ်ဆတ်ဆတ် ခံစားမှုတွေသာ ကျန်ရစ်နေသည်။ စိမ်းရွက်ညိုကြိုအကြားပြောက်တောက်ကြားတား ရောင်ခြည်ဝင်တယ်၊ နေမဝင်ရေပြင်ခဲသည့်နှယ် လရောင်ကို မကြောင်ဝံ့လို့ သစ်ပင်အောက်ကို မှောင်ခိုစရာမရှိ။ နေရောင်ချည်းဆိုတော့ ရှက်ကြောင်ရှက်ကြောင်ပင်။ လမင်းရီဝေတော့မှ ချစ်တို့ခွန်း မိန့်ချင်တာတွေမရှိ။ ဆရာမောင်ချောနွယ်ရဲ့ ကဗျာတစ်ပုဒ်ထဲကလို 'အချစ်အကြောင်း ပြောတဲ့ညဟာ တစ်ယောက်က လမင်းကို မျိုမျိုချပြီး၊ တစ်ယောက်က အလင်းပူမှုကို



www.burmeseclassic.com

www.burmeseclassic.com

သောက်သောက်နေရတာမျိုး မရှိ။ သို့သော် လရောင်ကို ကျွန်တော် ချစ်သည်။ လရောင်ကို လရောင်အတွက်ပဲ ကျွန်တော် ချစ်တတ်နေခဲ့ပြီ။ ကဗျာဆရာလီယင်ပြောသလို လရောင်ကို ခံစားသည့်အခါ သစ္စာတရား၊ ကောင်းမြတ်ခြင်းနှင့် အလှအပ **(Truth, Goodness and Beauty)** ကို ကမ္ဘာမြေ၏ လက်ဆောင်အဖြစ် ပေးချင်စိတ်က ပိုများနေသည်။ လရောင်တွေဆီကလည်း သည်သုံးမျိုးကိုပဲ လိုချင်သည်။

**စာကိုး**

- ဆရာမောင်သစ်တည်၊ နိုင်ငံတကာ ကဗျာရှည်သုံးပုဒ်၊ ၂၀ ရာစု နိုင်ငံရပ်ခြား ကဗျာ (လင်ပစ်မညည်းချင်း)(မြစ်လဝန်းများ)
- ဆရာအောင်ဝေး၊ ယာမာဂူချီခင်ဆွေရှိသို့
- ဆရာမကြည်အေး၊ ကဗျာများ
- **Li Ying ; Reverie on a moon rock.**
- ဆရာမောင်ချောနွယ်၊ အချစ်အကြောင်းပြောတဲ့ည။

■


www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းမေတ္တာ (သို့မဟုတ်) ဩဝိဿမာလာ

"ကမ္ဘာလောက၏ မိုးကြိုးထစ်ကျည်းသံများကို လွှမ်းပတ်၍နတ်ဒေဝတာတို့၏ နတ်စောင်းညင်းသံသည်၊ ရာစုနှစ်ကာလများကို ကျော်လွန်ကာ ရောက်ရှိလာခဲ့ပြီ။ ကမ္ဘာမြေပြင်မှာတော့ မိုးကြိုးမုန်တိုင်း၏ ထစ်ထစ်ချုန်းချုန်းအသံများ၊ အုတ်အော်သောင်းသဲဝရုန်းသုန်းကားအသံဗလံများ၊ ဂျိုးဂျိုးဂျိမ့်ဂျိမ့် နတ်စည်အလမ္ဗရာ တီးခတ်မှုများဖြင့် ရိုက်ချုန်းလေ ကြွက်ကြွက်ညံလျက် ရှိနေပေသည်။ ဝေးလံသောအရပ်မှ ရွှေရောင်နှစ်ကာလများ၏ချမ်းမြေ့ကြည်နူးဖွယ် သီကျူးလိုက်သော ခမ္ဘတေးသံသည် သာယာစွာ မြည်ဟည်းလျက်ရှိပါသည်။ လူသားတို့၏ မြူဆိုင်းဆိုင်းဝေသီသီ မျက်ရည်များကိုလွှန်၍ ရူပါရုံသဘောကို မြင်တွေ့ကြရသည့်အခါ၊ ကမ္ဘာလောက၌ငြိမ်းချမ်းမှုသည် စိုးမိုးနိုင်သည့်အခါ ချစ်ခြင်းမေတ္တာကို သိနားလည်လာကြဖို့သာ ရှိပါသည်။

နိုင်ငံပြည်ထောင်အချင်းချင်းသည်လည်းညီညွတ်ပေါင်းစည်းကြရုံမက၊ ညီနောင်ရင်းတမျှ ချစ်မက်မြတ်နိုးလာကြလိမ့်မည်။ ဘုရားသခင်သည်လည်း ကမ္ဘာလောကသို့ ကြွလာတော်မူ၍ ကြီးမြတ်သောဂုဏ်တော်အပေါင်းနှင့် ပြည့်လျှမ်းသော မုခပဋ္ဌတော်ကို မြွက်ကြား

www.burmeseclassic.com

*တော်မူမည်။ 'တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားကြလော့'' ဘုရားသခင်၏ မိန့်တော်မူချက်သည် ရိုးရှင်းလှသော်လည်း ကျွန်တော်တို့ သိနားလည်နိုင်ကြပါရဲ့လား။*

*ကမ္ဘာလောကသည် အမိုက်တိုက်တရားတို့ဖြင့်လည်းကောင်း၊ အကုသိုလ်တရားတို့ဖြင့် လည်းကောင်း ထုံမွမ်းလျက်၊ လောကသားတို့သည်လည်း သံသယများ၊ အမုန်းတရားများ၊ အကုသိုလ်အပြစ်များဖြင့် ရစ်သိုင်းလျက် ရှိကြသည်ဟု ထင်မြင်ဖွယ် ရှိပါသည်။ 'ဗက်လင်မြို့'၏ ကျက်သရေတော်ကို ကျွန်တော်တို့၏ ပုထုဇဉ်မျက်လုံးများဖြင့် မြင်နိုင်ပါသည်။ အချိန်တိုင်းတွင် တစ်ကိုယ်ကောင်းဆန်သော အတ္တရားများကို ပယ်သတ်နိုင်ဖို့၊ အမုန်းတရားကို ချစ်ခြင်းမေတ္တာဖြင့် အောင်နိုင်ဖို့ ကျွန်တော်တို့ မြှင့်တင်ဖို့ လိုပါသည်။ ထိုအခါ ဘုရားသခင်သည်လည်း တစ်ဖန် ထမြောက်တော်မူလိမ့်မည်''*

***[Patience Strong ၏ Love]***

သည်ကဗျာကလေးကို ကျွန်တော် ဖတ်မိချိန်မှာ မနက်ခင်း မိုးသောက်အမှောင်မပျောက် မီကလေးမှာ ဖြစ်ပါသည်။ ကျွန်တော် အိပ်ရာကနိုးစ၊ ကျေးငှက်တို့သည်လည်း နိုးစ၊ ကမ္ဘာလောကသည်လည်း နိုးစ။ ပေးရှင်စထရောင်း၏ ကဗျာထဲမှာပါသည့် **Bethlehem** ဆိုသည့် အသံထွက်ကို ကျွန်တော် 'ဗက်လင်'လို့ပဲ ဆိုလိုက်ပါသည်။ ကျမ်းစာကလာသော အရေးဖြစ်ပါသည်။ ဗက်လင်သည်မြို့ ဖြစ်သည်။ ယုဒပြည် ယေရုရှလင်မြို့တောင်ဘက် ငါးမိုင်ခန့်တွင် တည်ရှိ၍ ဧဖရတ်သို့မဟုတ် ဧဖရက်သဟူ၍ အမည်တွင်သော မြို့ဖြစ်သည်။ ဒါဝိပ်သည် တောပုန်းအဖြစ် နေထိုင်ရစဉ်က ဖိလိတ္တိလူတို့၏ အရပ်၌ စစ်တပ်စခန်းချခဲ့သည်ဟု သမ္မာကျမ်းစာအဘိဓာန် **(A dictionary of the**

www.burmeseclassic.com

**Myanmar Bible)** က ဆိုသည်။ ခရစ်တော်ဖွား မြင်ရာမြို့ ဖြစ်သည်။ ဟေရုဒ်မင်းသည် ထိုမြို့၌ ခရစ်တော်ကို ရှာဖွေ ရာမတွေ့သဖြင့် မြို့တွင်းမှ လူငယ်အားလုံးကို သတ်စေသည့် မြို့လည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ခရစ်ယာန်သာသနာ၌ ဖွားတော်မူရာဒေသဟု ဆိုနိုင်ပါသည်။

အမေကတော့ ကျွန်တော့်ထက် စောစောနိုးနေပုံရပါသည်။ အမေ့မေတ္တာဝေမျှသံကို အိပ်ရာထဲက ကျွန်တော် ကြည်နူးဖွယ် ကြားနေရသည်။ အမေ့အသံက အေးအေးစူးစူးကလေး ဖြစ်သည်။ နူးညံ့သည်။ ချိုသည်။ အမေဘုရားရှိခိုးလျှင် ရိုက်ခတ်သော ကြေးစည်သံမှာ သံမှန်လုံး (သံမှန်)ဖြစ်သည်။ သံမှန်ကို တည်သံထား၍ အမေ့မေတ္တာပို့သံသည် အရပ်ဆယ်မျက်နှာသို့ ပျံ့လွင့်သွားလေသည်။ ဘုရားရှိခိုးပြီးလျှင် ဝင်းပသောအပြုံးဖြင့် ကျွန်တော့်ဘေးနားမှာ အမေလာထိုင်တတ်သည်။

"မေတ္တာဆိုတာ ချစ်ခြင်းကို ပြောတာ၊ မေတ္တာပို့တယ်ဆိုတာ လောကကို ချစ်ခင်ခြင်းတွေ ဝေမျှပေးတာပေါ့၊ ချစ်ခင်ခြင်းဟာ ဝေမျှကောင်းတဲ့အရာ၊ ဝေမျှအပ်တဲ့အရာလို့ ပြောရင် ဘယ်သူက သဘောမတူဘဲ နေပါ့မလဲ"

မေတ္တာပို့ရာမှာ သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ ဆိုတဲ့ မရည်ညွှန်းတဲ့ အနောဓိသ ပုဂ္ဂိုလ်ငါးပါးဆိုတာ ရှိတယ်။ သဗ္ဗာ ဣတ္ထိယာ၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာဆိုတဲ့ ရည်ညွှန်းအပ်တဲ့ ဩဓိသပုဂ္ဂိုလ်ခုနစ်ပါးဆိုတာလည်း ရှိတယ်။ ပုဂ္ဂိုလ်နှစ်မျိုးကို ပေါင်းတော့ ပုဂ္ဂိုလ် ၁၂ ပါးရတယ်။ ဒါကို အဝေယာဟောန္တု၊

www.burmeseclassic.com

www.burmeseclassic.com


အဗျာပဇ္ဈာဟောန္တု၊ အနိဃာဟောန္တု၊ သုခီ အတ္တာနံပရိဟာရန္တု
ဆိုတဲ့ မေတ္တာပို့စကားလေးပါးနဲ့ မြှောက်တော့ ၄၈၀ ဖြစ်တယ်။
သည်လိုအရပ်ကို မှတ်ပြီးပို့တဲ့ မေတ္တာ ၄၈၀ အရပ်ကို မှတ်
ပြီးပို့တဲ့ ၄၈ နဲ့ ပေါင်းတော့ ၅၂၈ ဖြစ်တယ်။ ဒါက ဝိသုဒ္ဓိ
မဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသမှာလာတာ”

ကျွန်တော်က ခရစ်သာသနာဝင်လာဇက်လင်မြို့အကြောင်းကို တွေး
နေချိန်မှာ အမေက ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာအကြောင်း
ကို ပြောနေသည်။ ထိုအခါ ကမ္ဘာလောကရှိ ဘာသာအယူဝါဒများ၊
ဘုရားရှင်များ၊ ဘုရားရှင်တို့၏ တရားတော်များကို တွေးနေမိပါ
သည်။ တူညီသော အချက်တစ်ချက်က ‘မေတ္တာ’ကို ဝေမျှဖို့ မေတ္တာ
ကို ပြသဖို့၊ မေတ္တာကို ပေးကမ်းဖို့တွေချည်း ဖြစ်သည်။ ဒါကြောင့်
ပဲ ချစ်ခြင်းမေတ္တာသည် အမိုက်တိုက်တွေကြားမှာ ပွင့်လန်းနေခြင်း
ဖြစ်သည်။

“ခေတ်အဆိုတော်ကလေးတွေက မေတ္တာသီချင်းမှာ “မေတ္တာ
သတ္တော အနန္တောမြတ်ရှင်စော ဟောကြားတာတွေလို့ချည်းဆိုနေ
ကြတယ်။ သတ္တော (သတ်ထော) မဟုတ်ပါဘူး၊ ‘သဒ္ဒေါ’ပါ၊ မေတ္တာ
ရဲ့ ‘သဒ္ဒ’ အသံဟာ အနန္တစကြဝဠာ အထိကြားရတယ်လို့ဆိုတာ၊
ဒါကို ပြင်ပေးမယ့်လူလည်း မရှိဘူး”

အမေ မကြာခဏပြောနေကျစကားဖြစ်ပါသည်။ သီချင်းဂီတ
တွေထဲက ပါဠိအသုံးတွေမှားလျှင် အမေပြင်ပေးတတ်ပါသည်။ အမေ
က ပါဠိဘာသာတတ်ကျွမ်းသူတော့ မဟုတ်။ အဘိုးတွေ၊ အဖေ
တွေ ပြောသမျှ နားရည်ဝနေသူသာ ဖြစ်သည်။ အမေက မေတ္တာ၏
အသံသည် အနန္တစကြာဝဠာတိုင်အောင် ကြားရသည်ဆိုလိုက်တော့
ကျွန်တော် အတွေးများသည်လည်း ဝေးလံသောအရပ်များဆီသို့

www.burmeseclassic.com

ရောက်ရှိသွားပါသည်။ မေတ္တာ၏မွှေးရနံ့ကကော။ ဦးပုည 'မောင်ပေလိပ်ရှင်ပြုမေတ္တာစာ'ကို ကျွန်တော် စိတ်ရောက်သွားသည်။

"မဂ်သခင်ဖိုလ်သခင်၊ ပစ္စေကအရှင်ဗုဒ္ဓကို အလောင်းတော်ကိန်းအောင်းရာရပ်ဌာန်၊ ဖန်ဂူလိုဏ်ငွေဂူလိုဏ်၊ တစ်ခဲစိုင်ပတ္တမြား၊ လိုင်ဂူဝမုခ်ပါး၌ သိကြားနတ်ခင်းကျင်းသည့်၊ မြေတလင်းသဲယံဝယ်၊ ဝတ်ဆံရော ဝတ်မှုန်ရော၊ သက်လျော၍ ကြွေလာလျှင်၊ ပန်းမွှေ့ရာသဏ္ဌာန်၊ ပင်ထက်ကလှဟန်မှာ၊ မြညာတံရိုးဆင့်နှင့်၊ ဆယ့်ကိုးပွင့် ပန်းစုံကို လှမ်းခုန်၍ဆွတ်ပြီးလျှင် နှုတ်ပေါက်လွတ်တစာစာ၊ သာရကာကျေးငှက်တို့၊ ငေးမေ့လျက် မူးနောက်၍ ကူးလျှောက်ကာ တစီတစီ၊ ဇမ္ဗူဒီတောင်ခန်းတွင်၊ ကုန်းပန်းနှင့် ရေပန်း၊ မြေတင်းကြမ်းအနံ့၊ ကြိုင်ရနံ့ပန်းစုံတို့၊ ဤတွင်ချည်းဆုံးရသည်၊ ဂုဏ်တသီးဂုဏ်တဝ၊ ပန်းမျိုးစုံ ဦးချ၍၊ ဩကာသကာယကံ အပူဇော်ခံထိုက်သော၊ အောင်လံစိုက်တံခွန်ထူ၊ ပန်းသကမဋ္ဌူနှင့်၊ အလေးတူ ချိန်စက်လျှင်၊ ဘဝင်နှင့် အဝိစိ၊ အမွှေးချင်းကွာဘိ၍၊ ဝသတိဗြဟ္မာထုတ်ချင်းခတ် ကြေငြာလျက်၊ လွန်တရာမွှေးလှသော ဩဓိဿမာလာပန်းရနံ့မေတ္တာဖြင့် အခါခါမွှေးစေလျက်"

ဩဓိဿမာလာ။ လှလိုက်သည့်အသုံး။ မေတ္တာသည် ပန်းတကာတို့ထက်မွှေးပျံ့ပုံကို၊ ဂုဏ်တသီး၊ ဂုဏ်တဝပန်းမျိုးစုံဦးချ၍တဲ့။ ဦးပုညကပဲ ရှင်ဖူးမေတ္တာစာတွင် မေတ္တာ၏ အေးမြပုံကိုလည်း လမင်းနှင့်ခိုင်းနှိုင်းခဲ့သေးသည်။

"တရုတ်ကပ်ဇာခြုံးလိမ်၊ သက္ကလတ်ပဆစ်အိမ်၊ ဝေဟာသမြူတိမ်ကို၊ အာဏာရှိန်ဟန့်တားလျက်၊ ပတ္တမြားငွေကျူ၊ ယုန်တံ



www.burmeseclassic.com

www.burmeseclassic.com


ဆိပ်သိတဂူ၊ မြကျောက်ရိပ်လျှံလူ။ မဏ္ဍာလိပ်တောင်ဇမ္ဗူကြာ၊
ရှုသူတို့စက္ခုမနောခာတ်ဝတ္ထု၊ နုလှသည့် နှလုံးသားကို၊ ယန္တရား
စက်ဆင်၍၊ ကောင်းကင်ကလှုပ်သကဲ့သို့၊ ဘူတရုပ်ဥပါဒိန်၊
ဣန္ဒြေဓာတ်အလုံးကို၊ ပြုံးလျက်နေကုန်အောင်၊ အာရုံကို
ဖြေဖျော်သည့် ငွေသော်တာနိမိတ်ကဲ့သို့၊ အနိဋ္ဌဘေးရန် တစ်ဆံ
မျှမငြိ၊ စိတ်သုခပီတိနှင့် လိုရှိတိုင်း ပြည့်စုံစေ၊ ဘိသေကမင်္ဂလေ၊
ငွေခရုရစ်ခွေ၊ ဓေယတုမေတ္တာဖြင့်...”

တောပုရှင်ဥက္ကံသမာလာဆရာတော်က မင်းကြီးမဟာဗန္ဓုလဖြစ်လာ
မည့် မောင်ရွှေရစ်ထံ ပေးပို့သည့် မေတ္တာစာတွင်လည်း မေတ္တာ၏
အေးမြပုံကို သည်လိုဖွဲ့သည်။

“အေးမြငြိမ့်လေ၊ နှောတတ်ရေလည်း၊ ဆယ်ထွေသောင်း သောင်း၊
မမိကောင်းအောင်၊ မွှေးပေါင်းကြိုင်ကြိုင်၊ အေးမြ
ခြင်းလှိုင်လှသည့်၊ လေးခိုင်ဗြဟ္မစိုရ်၊ ရွှေမေတ္တာပိုသားနှင့်
ခွန်းချိုမြွက်ကာ၊ သနစ်ကိုမှာအပ်သည်”

ကျွန်တော် အတွေးဆုံးတော့ အနားမှာ အမေမရှိတော့။ အမေ့မေတ္တာ
ပို့သံကိုသာ ကြားနေရသည်။ နံနက်ခင်း လေပြည်က အေးမြလျက်။
ပန်းစိုက်ခင်းကလေးဆီက ခွန်းပန်းရနံ့သည် မွှေးလျက်။ ဇောတဒသ
အင်္ဂုတ္တုရ်ပါဠိတော်မှာတော့ မေတ္တာ၏ အကျိုးဆယ့်တစ်ပါးကို တွေ့
ရသည်။ ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း၊ အိပ်မက်ဆိုး
များမှ ကင်းဝေးခြင်း၊ လူတို့ ချင်ခင်အပ်ခြင်း၊ နတ်ဘီလူးတို့ ချစ်
အပ်ခြင်း၊ နတ်ဒေဝတာတို့၏ စောင့်ရှောက်မှုကို ခံရခြင်း၊ မီးဘေး
လေဘေး လက်နက်အဆိပ်ဘေးက ဝေးရခြင်း၊ စိတ်သည် လျင်မြန်
ကောင်းမွန်စွာတည်ခြင်း၊ မျက်နှာအဆင်းကြည်ညိုဖွယ်ရှိခြင်း၊ မတွေ
ဝေသည်ဖြစ်၍ စုတေရခြင်း၊ လောကုတ္တရာတရားကို ဆိုးထွင်းသိ

www.burmeseclassic.com

မြင်ခြင်း မရှိနိုင်သော်လည်း မေတ္တာစျာန်နှင့် ပြည့်စုံသဖြင့် စုတေလျှင် ဗြဟ္မာပြည်သို့ လားရခြင်း စသည်တို့ ဖြစ်သည်။

မေတ္တာသည် ဖွဲ့စည်းခြင်းသဘောကို ဆောင်သည်။ တစ်လုံးတစ်ခဲတည်း ဥဿုံသဘောကို ဆောင်သည်။ ၅၂၈ သွယ်သော မေတ္တာကို မြန်မာတို့က အေးမြသော မေတ္တာ၊ တပ်မက်မှုကင်းသော မေတ္တာ၊ တဏှာရာဂကင်းသော မေတ္တာအဖြစ် ရှုမြင်သည်။ သောဘနခေါ်သည့် အကောင်းစေတသိက် ၂၅ ပါးတွင်၊ သောဘနစိတ်အားလုံးနှင့် ဆက်ဆံသော သောဘနသာဓါရဏ စေတသိက် ၁၉ ပါးတွင် အဒေါသစိတ်သည် မေတ္တာဟု ဆိုသည်။ အမျက်ဒေါသကင်းသော စိတ်၊ တစ်နည်းအားဖြင့် သူတစ်ပါးအား နှိပ်စက်ညှင်းပန်းလိုခြင်း ကင်းသော စိတ်ဟု ဆိုနိုင်ပါသည်။ စေတသိက်တရားတို့တွင် မေတ္တာဟူသည် အမည်နာမ မပါသော်လည်း 'အဒေါသ' သည် မေတ္တာဟု ဆိုသည်။ တစ်ဦးတစ်ယောက်သည် တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကို နှစ်လိုသောအားဖြင့် ချစ်ခင်သည်ဆိုအံ့။ ထိုခံစားမှုသည်ပင် မေတ္တာဖြစ်သည်။

"အနောဓိသမေတ္တာငါးပါးဖြစ်သော သဗ္ဗေသတ္တာ၊ ဆန္ဒ၊ ရာဂအားဖြင့် ကပ်ငြိတတ်သော သတ္တဝါခပ်သိမ်းသည် လည်းကောင်း သဗ္ဗေပါဏာ၊ ထွက်သက်ဝင်သက်ရှိသော ပဥ္စဝေါကာရ သတ္တဝါခပ်သိမ်းသည် လည်းကောင်း၊ သဗ္ဗေဘူတာ၊ ထင်ရှားဖြစ်ပေါ်သော ရုပ်ခန္ဓာတစ်ပါးသာရှိသည့် ဧကဝေါကာရသတ္တဝါ၊ နာမ်ခန္ဓာလေးပါးသာရှိသည့် စတုဝေါကာရ သတ္တဝါခပ်သိမ်းသည် လည်းကောင်း၊ သဗ္ဗေပုဂ္ဂလာ၊ ငရဲသို့ လားခြင်းမှ မကင်းလွတ်သေးသည့် သတ္တဝါခပ်သိမ်းသည် လည်းကောင်း၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ ခန္ဓာပဥ္စကပ

www.burmeseclassic.com

ဆိုအပ်သော ကိုယ်ရှိသော သတ္တဝါခပ်သိမ်းသည် လည်းကောင်း ဩဓိသမေတ္တာခုနစ်ပါးဖြစ်သော၊ သတ္တဣတ္ထိယော၊ မိန်းမတို့သည် လည်းကောင်း၊ သဗ္ဗေပုရိသာ၊ ယောကျ်ားတို့သည် လည်းကောင်း သဗ္ဗေအနရိယာ၊ စိတ်မဖြူစင်သေးသော ပုထုဇဉ်ခပ်သိမ်းသည် လည်းကောင်း၊ သဗ္ဗေဒေဝါ၊ နတ်တို့သည် လည်းကောင်း၊ သဗ္ဗေမနုဿာ၊ လူခပ်သိမ်းသည် လည်းကောင်း၊ သဗ္ဗေဝိနိပါတိကာ၊ ဝိနိပါတိက အသုရာခပ်သိမ်းသည် လည်းကောင်း...

အဝေယာဟောန္တု၊ ဘေးရန်ကင်းကြပါစေသတည်း။ အဗျာပဇ္ဈာဟောန္တု၊ ကြောင့်ကြကင်းကြပါစေသတည်း။ အနီဃာဟောန္တု၊ ဆင်းရဲကင်းကြပါစေသတည်း၊ သုခီအတ္တာနံပရိယာရန္တု၊ ချမ်း သာစွာကိုယ်ကို ဆောင်နိုင်ပါစေသတည်း"

အမေ့အသံကို နားထောင်ရင်း အမေ့မေတ္တာတွေကို ကျွန်တော် ရနေသည်။ တစ်ဆက်တည်းမှာပင် မိဘတို့၏ မေတ္တာဆိုသည်ကို ကျွန်တော် တွေးနေမိပါသည်။ မိဘတို့၏ မေတ္တာသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းမှ စီးဆင်းလာသည့် စေ့ဆော်မှုလား၊ ခန္ဓာကိုယ်တွင်းက ဖြစ်ပေါ်လာသော ကိုယ်တွင်းစေ့ဆော်မှုလား။ သည်ပြဿနာသည် စိတ်ပညာဆိုင်ရာ သဘောတရားဥ္စ ရှင်းလင်းပြီးသား ဖြစ်ပါသည်။ မိခင်ဖခင်တို့၏ မေတ္တာသည် လူတွင်သာမက တိရစ္ဆာန်များဥ္စပါ တွေ့ရသည်။ ရင်သွေးအား စောင့်ရှောက်လိုခြင်း၊ မေတ္တာပြသလိုခြင်းသည် ကိုယ်တွင်း စေ့ဆော်မှုက လာကြောင်း၊ ဝါဒင် **(Warden)** နှင့် အပေါင်းပါတို့က လေ့လာခဲ့သည်။ သားသမီးများနှင့် တစ်ခန်းစီခွဲထားသော ကြွက်ဖြူမကလေးတစ်ကောင်၏ ခံစားမှုကို လေ့လာခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဓာတ်အားလွှတ်ထားသော အခန်းကိုကျော်ကာ

www.burmeseclassic.com

ရင်သွေးများဆီသို့ ကူးသွားတတ်သော ကြွက်ဖြူမကလေးက မိခင်မေတ္တာကို ပြသနေသည်။

ဝါဒင် **(Warden)**က ကြွက်ဖြူမကလေး၏ ဖြတ်ကူးကြိမ်တွေကို လေ့လာသည့်အခါ မိခင်စိတ်ကြောင့် ၂၂၄ ကြိမ်၊ ရေသောက်လိုစိတ်ကြောင့် ၂၀.၄ ကြိမ်၊ အစာစားလိုစိတ်ကြောင်း ၁၈.၂ ကြိမ်၊ လိင်စိတ်ကြောင်း ၁၃.၈ ကြိမ် စူးစမ်းရှာဖွေလိုစိတ်ကြောင့် ၆ ကြိမ်၊ မက်လုံးမဲ့ အခြေအနေ (ပြင်းထန်သော စိတ်မဲ့အခြေအနေ)ကြောင့် ၃.၅ ကြိမ် ရှိခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ကြွက်မလေး၏ နို့ရည်ဂလင်း **(Mammary glands)**တင်းမာလာမှုကြောင့် နာကျင်မှုသက်သာစေရန် ရင်သွေးများဆီသို့ သွားရခြင်း ဖြစ်ကြောင်း၊ ယန်း **(Young)** က တင်ပြခဲ့သည်။ ရင်သွေးငယ်ကို ဖခင်ကလည်း စိတ်ဝင်စားသည်ဟု ဆို၏။ မနုဿဗေဒပညာရှင်မာလင်နော့စကီး **(Malinowski)** ကတော့ ဖခင်မေတ္တာသည် ယဉ်ကျေးမှုတွန်းအားက စေ့ဆော်ခြင်းမှ လာသည်ဟု ဆိုသည်။ ပညာရှင်များ၏ အဆိုကို ကျွန်တော် မကန့်ကွက်ဝံ့ပါ။ သို့သော် အမေသည် ဝါဒင်ကို မသိ။ မာလင်နော့စကီးကို မသိ။ ကြွက်ဖြူမကလေးလည်းမဟုတ်။ မိခင်၏ မေတ္တာသည် ပြင်ပစေ့ဆော်ချက်၊ ကိုယ်တွင်းစေ့ဆော်ချက်များထက်စာလျှင် နှလုံးသားက စီးဆင်းလာသည့် ချစ်ခြင်းမေတ္တာ ဝေမျှတတ်သောမိခင်စိတ်ကလာသည်။ မေတ္တာပို့သတတ်သောနှလုံးသားရှိသူများ ဖြစ်သည်။ မေတ္တာကို ခံယူတတ်သူတွေလည်း ဖြစ်သည်။ စာရေးဆရာ ဒတ်စမွန်ဒေါယစ် **(Desmond Doig)**က **(Mother Teresa : Her people her work)** ဆိုသည့် စာအုပ်တစ်အုပ် (၁၉၇၆ ထုတ်ဝေ) ရေးခဲ့ဖူးသည်။ သည်စာအုပ်အမှာကို အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း မစ္စက်အင်ဒိရာဂန္ဒီက အမှာရေးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကဗျာစာဆိုတဂိုးက သူ၏ကဗျာတစ်ပုဒ်တွင် အဆင်းရဲဆုံးသောသူ၊ အနိမ့်ကျဆုံးသောသူနှင့် အဆုံးရှုံးရသူတို့ရှိသောဒေသ၌ အရှင်၏ ခြေအစုံသည် ရပ်တည်လျက် ရှိပါပေ၏။ သည်အတိုင်း မာသာထရီဇာကို ကျွန်မ တွေ့နေရပါသည်။ နူးညံ့ခြင်း၏ တန်ခိုးရှိန်စော်နှင့် ချစ်ခြင်း မေတ္တာ၏ ခွန်အားကို ခံစားနေရသကဲ့သို့ ဖြစ်နေရပါသည်"

သည်စာအုပ်မှာ မာသာထရီဇာ၏ ဆုတောင်းများကို ဖော်ပြထားသည်။

"ကျွန်ုပ်တို့သည် အလုပ်မည်မျှ လုပ်သည်မှာ အရေးမကြီးလှပါ။ လုပ်မိသော အလုပ်၌ ချစ်ခြင်းမေတ္တာ မည်မျှပါသည်ဆိုခြင်းသာ အရေးကြီးပါသည်။ ယုံကြည်မှုနှင့် ရိုးသားခြင်းသာ အရေးကြီးပါသည်။ သူဆင်းရဲတို့သည် သူတို့အားကျွန်ုပ်တို့က ချစ်ခင်ကြောင်း လိုလားကြောင်း သိသင့်ပါသည်။ သူဆင်းရဲတို့၌ ကျွန်ုပ်တို့အား ပြန်လည်ပေးအပ်ရန်မေတ္တာမှတပါး အခြားမရှိ"

"ကမ္ဘာလောကသားတို့သည် မေတ္တာတရား ငတ်မွတ်ခေါင်းပါးလျက် ရှိကြပါသည်။ ထိုမေတ္တာသည် နားလည်မှုရှိသောမေတ္တာမျိုး ဖြစ်ရပါမည်။ မေတ္တာတရားသည် ဆင်းရဲခြင်း နှင့်အထီးကျန်ဆန်ခြင်း ဒုက္ခတို့အတွက် တစ်ခုတည်းသောအဖြေဖြစ်သည်။"

"မေတ္တာစစ်ဆိုသည်မှာ ခံစားရမြဲ ဖြစ်ပါသည်။ လူတို့ကိုမေတ္တာထားရသည်မှာလည်း ထိခိုက်နာကြင်ကြရပါသည်။ သူတို့ကို ထားရစ်ခဲ့ရမှာလည်း ထိခိုက်နာကြင်ရပါသည်။ နောက်ဆုံးတော့ ထိုသူအတွက် အသက်ကိုပင် ပေးရသည်အထိမေတ္တာထားဖို့သာ ရှိပါသည်"

www.burmeseclassic.com

ဗုဒ္ဓကတော့ လောက၌ မိမိကိုယ်သာ မိမိအချစ်ခင်ဆုံးဟု ဟောတော်မူခဲ့သည်။ ပသေနဒီကောသလမင်းကြီးနှင့် ဖလ္လိကာဒေဝီတို့၏ မေးခွန်းကို ဘုရားရှင် ဖြေတော်မူရာ၌ သည်သဘောကို တွေ့ရသည်။ 'အရပ်ဆယ်မျက်နှာနံ့အောင် စိတ်ဖြင့် ရှာဖွေစုံစမ်းသော်လည်း မိမိကိုယ်ထက် ပို၍ ချစ်သောသူကို မည်သည့်အရပ်တွင်မှ မရနိုင်။ သတ္တဝါဟူသမျှသည် အသီးသီး ကိုယ်စီကိုယ်ငှ အခြားသူများထက် မိမိကိုယ်ကို ချစ်ကြသူတွေချည်း ဖြစ်သည်။ သို့ဖြစ်၍ မိမိ၏ စီးပွားချမ်းသာကို အလိုရှိသောသူသည် သူတစ်ပါးကို မညှင်းဆဲရာ...'ဟု ဥဒါန်းပါဠိတော်၊ သောဏတ္ထေရဝဂ်၌ ဆိုသည်။ မူလပဏ္ဏာသ၊ ဩပမ္မဝဂ်မှာတော့ မေတ္တာဖြင့် သည်းခံတတ်ရန် ဟောတော်မူခဲ့သည်။ တစ်ဦးနှင့်တစ်ဦး စကားဆက်ဆံရာ၌ အခါဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပြောတတ်ကြသည်။ ဟုတ်မှန်သောအားဖြင့် ဖြစ်စေ၊ မဟုတ်မှန်သောအားဖြင့် ဖြစ်စေ ပြောတတ်ကြသည်။ သိမ်သိမ်မွေ့မွေ့ ဖြစ်စေ၊ ကြမ်းကြမ်းတမ်းတမ်း ဖြစ်စေ ပြောတတ်ကြသည်။ မေတ္တာစိတ်ဖြင့် ဖြစ်စေ၊ ဒေါသစိတ်ဖြင့် ဖြစ်စေ ပြောတတ်ကြသည်။

"ရဟန်းတို့၊ သင်တို့ကို ပြောဆိုသောသူတို့သည် ဤငါးမျိုးဖြင့် ပြောတတ်ကြသည်။ ထိုသို့ပြောခြင်းကြောင့် ငါတို့သည် စိတ်တစ်မျိုးမဖြစ်ကုန်အံ့။ ယုတ်ညံ့သော စကားလည်း မပြောမိစေအံ့။ သူ့အကျိုးစီးပွားကို ငဲ့ညှာလျက် မေတ္တာစိတ်ထား ကာစိတ်မဆိုးဘဲ နေကြကုန်အံ့။ မေတ္တာစိတ် ပို့လွှတ်၍ နေကုန်အံ့။ ထိုပုဂ္ဂိုလ်ကိုမူထားလျက် တလောကလုံးရှိ သတ္တဝါ အားလုံးကို မေတ္တာစိတ်၏ အာရုံအဖြစ် ထားလျက် အပိုင်း အခြားမရှိ ကျယ်ပြန့်သော၊ ရန်ပြုလိုမှု၊ ဒုက္ခဖြစ်လိုမှုကင်းသော မေတ္တာစိတ်ဖြင့် ဖြန့်၍နေကြကုန်အံ့"ဟု မိန့်တော်မူသည်။

www.burmeseclassic.com

ဣတိဝုတ် မေတ္တာဘာဝနာသုတ်တော်မှာတော့ 'သတ္တဝါအားလုံးအပေါ် မေတ္တာစိတ်ထားသောသူသည် သူတစ်ပါးကို မညှင်းဆဲ၊ မသတ်ဖြတ်၊ ညှင်းဆဲသတ်ဖြတ်ရန်လည်း မတိုက်တွန်း၊ သူတစ်ပါးကိုလည်း အနိုင်မကျင့်၊ သူတစ်ပါးကို မရှုံးစေ၊ ထိုပုဂ္ဂိုလ်မျိုး၌ ဘေးသည်မရှိ"ဟု ဟောတော်မူသည်။

မာသာထရီဇာက ခံစားမှုသည် နာကြင်မှုကို ပေးသည်ဟု ဆို ခဲ့သည်။ သည်သဘောမျိုးကို ဗုဒ္ဓကလည်း နှစ်ပေါင်း ၂၅၀၀ စော စောကတည်းက မိန့်ခဲ့ဖူးသည်။ သုတ်မဟာဝါ၊ မဟာနိဒါနသုတ်၌ အာနန္ဒာမထေရ်ကို ဟောတော်မူရာတွင်

"ချစ်သားအာနန္ဒာ၊ ခံစားမှုသာလျှင် တပ်မက်ခြင်း၏ အကြောင်းရင်း ဖြစ်သည်။ ခံစားမှု ဘယ်အခါမှ ဖြစ်ပေါ်မလာခဲ့လျှင်၊ ယင်းသို့ ခံစားမှု ချုပ်ငြိမ်းခြင်းကြောင့် တပ်မက်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ တပ်မက်ခြင်းကို စွဲ၍ ရှာမှီးခြင်းသည် ဖြစ်၏။ ရှာမှီးခြင်းကို စွဲ၍ ရရှိခြင်းသည် ဖြစ်၏။ ရရှိခြင်းကို စွဲ၍ အသုံးချရန် ပိုင်းဖြတ်ခြင်းသည် ဖြစ်၏။ စိတ်ပိုင်း ဖြတ်ခြင်းကို စွဲ၍ နှစ်သက်တပ်စွဲခြင်းသည် ဖြစ်၏။ နှစ်သက်တပ်စွဲခြင်းကို စွဲ၍ သိမ်းပိုက်ခြင်းသည် ဖြစ်၏။ သိမ်းပိုက် ခြင်းကို စွဲ၍ သိမ်းဆည်းခြင်းသည် ဖြစ်၏။ သိမ်းဆည်းခြင်းကို စွဲ၍ဝန်တိုခြင်းသည် ဖြစ်၏။ ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ခြင်းသည်ဖြစ်၏။ စောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့် ယုတ်မာသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏"

ဟု ဟောတော်မူခဲ့သည်။

www.burmeseclassic.com

တစ်ခါက မန္တလေးတက္ကသိုလ်ခရစ်ယာန်လူငယ်များ စာပေဟောပြောပွဲတွင် ကျွန်တော့်ကို လူငယ်တစ်ယောက်က မေးခွန်းတစ်ခွန်းမေးသည်။ သူကိုယ်တိုင်က သူတစ်ပါးကို မေတ္တာထားပါလျက် တစ်ဖက်က မေတ္တာကို အသိအမှတ်မပြု၊ တုံ့ပြန်မှုမဲ့တာကို သူကြုံခဲ့ရကြောင်း၊ ဒါကို ဘယ်လိုနားလည်နိုင်ပါသလဲလို့ မေးခြင်း ဖြစ်သည်။ ကျွန်တော်က မေတ္တာဆိုတာ အလားအလာ တွက်ချက်ပြီးမှ ထပြီး စွန့်စားရတဲ့ ရင်းနှီးမြှုပ်နှံမှု စီးပွားရေးမဟုတ်ကြောင်း၊ တစ်ဆယ်သားရင်းလို့ အဝက်သားတော့ လာချေရဲ့လို့ ဈေးတွက် တွက်ရမယ့်ကိစ္စမဟုတ်ကြောင်း၊ မေတ္တာဆိုတာ ပေးဝေကတည်းက မိမိဘက်က စွန့်လွှတ်ပြီးသား ဖြစ်ရကြောင်း၊ တစ်ဖက်က တုံ့ပြန်မှုမဲ့သည့်တိုင် မေတ္တာ၏ အာနုဘော်ကြောင့် တုသောအကျိုး မလွဲမသွေ ရနိုင်ကြောင်း ရှင်းပြလိုက်သည်။

"မေတ္တာတရားဆိုတာ ဝယ်လို့ရတဲ့ အရာမဟုတ်ဘူး၊ မေတ္တာတရားမှ မရှိဘူးဆိုရင် လူလူချင်း ခေါင်းပုံဖြတ်ချင်းကင်းတဲ့၊ အဓမ္မတရားတွေ ကင်းတဲ့လူ့ဘောင်တစ်ရပ် တည်ဆောက်ရေး စီမံကိန်းမှန်သမျှဟာ ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး"

"... ကိုယ်လုပ်နေတဲ့ အလုပ်ထဲမှာ ပေါ်လွင်ထင်ရှားနေမယ့် မေတ္တာတရားနဲ့အတူ ရင်သန်ကြီးပြင်းလာနိုင်အောင်အထိ ဆရာစစ်၊ ဆရာမှန်တွေ၊ ပတ်ဝန်းကျင်ကောင်းတွေ ရရှိဖို့ အလွန်အရေးကြီးတာ ဖြစ်ပါတယ်။ သည်လိုမေတ္တာတရားမျိုးသာမရှိဘူးဆိုရင် ခင်ဗျားတို့ရဲ့ စာမေးပွဲတွေ၊ ခင်ဗျားတို့ရဲ့ စွမ်းရည်တွေ၊ ခင်ဗျားတို့ရဲ့ ပညာဗဟုသုတတွေ၊ ခင်ဗျားတို့ရဲ့ ရာထူးတွေ၊ ခင်ဗျားတို့ရဲ့ ဥစ္စာဓနတွေဟာ ပြာမှုန့်တွေပဲ ဖြစ်နေပါလိမ့်မယ်။ အဓိပ္ပာယ်ကင်းမဲ့နေပါလိမ့်မယ်။

www.burmeseclassic.com

သည်လိုမေတ္တာတရားမျိုးသာမရှိဘူး ဆိုရင် ခင်ဗျားကို လုပ်ကိုင်သမျှဟာလည်း နောက်ထပ် စစ်ပွဲတွေကိုပဲ ပေါ်ပေါက်လာစေမှာ ဖြစ်တယ်။ နောက်ထပ် မုန်းတီးမှုတွေ၊ နောက်ထပ် ဘေးဒုက္ခတွေ၊ နောက်ထပ် ပျက်စီးမှုတွေကိုပဲ ပေါ်ပေါက်လာစေမှာ ဖြစ်တယ်”

ကျွန်တော်က ဆရာမောင်သာမညု (ဘာသာပြန်) ခရစ်သျှနားမူရတီး၏ ‘လူငယ်များသို့ ဟောပြောချက်’ ပါ စကားတွေကို ကိုးကားကာ ရှင်းပြလိုက်သည်။ ကမ္ဘာကြီးမှာတော့ စစ်မက်တို့အရှိန်မသေသေး။ လောင်မီးကျနေသည့် စစ်ပွဲများတွင် မေတ္တာတရားသည်လည်း ဖယောင်းရည်လို အရည်ပျော်ကျနေသည်။ ဥရောပတွင် နှစ်ပေါင်း ၄၀ အတွင်း ဖြစ်ခဲ့သော ဆာရာယေဗိုတိုက်ပွဲများကို ကျွန်တော်သတိရနေသည်။ ကုလသမဂ္ဂက ငြိမ်းချမ်းရေးစကားပြောလို့ မရသည့် နေရာတွေဆီက ငြိမ်းချမ်းရေးတပ်တွေကို ဆုတ်ခွာခိုင်းခဲ့သည်။ မေတ္တာမဲ့သည့် နေရာတွင် ရွှေပြည်အေးတရားသည် အရာမထင်သည့် သဘောပေလား။

“ဆာရာယေဗိုမြို့ကြီး တဟုန်းဟုန်းလောင်ကျွမ်းလျက်ရှိစဉ် ကမ္ဘာကြီးသည် စောင့်ကြည့်နေသည်။ ဆာရာယေဗိုမှ စစ်ပွဲသည် အနှစ် ၄၀ အတွင်း ဥရောပတွင် ပထမဆုံးဖြစ်သော စစ်ပွဲဖြစ်သဖြင့် ကန့်ကွက်သံများ၊ အပြစ်တင်သံများကို ပေါ်ပေါက်စေခဲ့သည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကုန်သွယ်ရေးပိတ်ပင်မှုများကို ပေါ်ပေါက်စေခဲ့သည်။ သို့ရာတွင် ထိုအရာများသည် လူသတ်ပွဲကြီးကို ရပ်တန့်စေခြင်းမှာ မတတ်နိုင်ပါ”

www.burmeseclassic.com

လောက၌ ချစ်ခြင်းမေတ္တာသုံးမျိုးရှိသည်။ ချစ်သူအချင်းချင်းချစ်သော ချစ်ခြင်း၊ မိသားစုအတွင်း ချစ်သော ချစ်ခြင်းနှင့် မြင့်မြတ်သော ပုဂ္ဂိုလ်များက ကမ္ဘာလောကကို ချစ်သောချစ်ခြင်းတွေ ဖြစ်သည်။ ချစ်သူအချင်းချင်း အချစ်က 'တဏှာပေမ'အချစ် ဖြစ်သည်။ မိသားစုတွင်း ချစ်ခြင်းကတော့ 'ဂေဟာသိတပေမ'ဖြစ်သည်။ တစ်နည်းအားဖြင့် တဏှာအရင်းခံအချစ်များ၊ လောဘအရင်းခံအချစ်များ ဖြစ်သည်ဟု ဆိုသည်။ မြင့်မြတ်သူများက လောကကို ချစ်သော ချစ်ခြင်းမေတ္တာကမူ 'ပါရမီမေတ္တာ'ဟု ဆိုသည်။ တစ်နည်းအားဖြင့် အတ္တအပွားဆုံးချစ်ခြင်းနှင့် အတ္တအပါးဆုံးချစ်ခြင်းဟု ဆိုနိုင်ပါသည်။ လောက၌ မမျှော်ကိုးခြင်းသည်သာလျှင် တကယ့်ချစ်ခြင်း မေတ္တာကို ဖြစ်ပေါ်စေသည်။ ဤသို့ဖြင့် ချစ်ခြင်းမေတ္တာသည် ပါရမီမြောက်လေစွမ်းအားကြီးမားလေ ဖြစ်လာရသည်။ ပါရမီဖြည့်ခြင်းဆိုသည်မှာ မြင့်မြတ်သော လူကျင့်ဝတ်ကို ဖြည့်ဆည်းခြင်းသာ ဖြစ်သည်။

ကဗျာဆရာ ပေးရှင့်စထရောင်းကတော့ ခရစ်တော်၏ မုခပါဌ်တော်ဖြစ်သော တစ်ဦးကိုတစ်ဦး ချစ်ခင်ကြလော့ဆိုသည့်ကို သံသယရှိပုံရသည်။ 'ဘုရားသခင်၏ မိန့်တော်မူချက်သည် ရိုးရှင်းလှသော်လည်း ကျွန်တော်တို့ သိနားလည်နိုင်ကြပါရဲ့လား'ဟု ဆိုသည်။ ဆာရာယေဗိုစစ်ပွဲက 'အမုန်းတရားကို ချစ်ခြင်းမေတ္တာက အောင်နိုင်သည်'ဆိုသည့် သဘောတရားကို ပူပူနွေးနွေး ချေဖျက်ပစ်လိုက်သည်။ သို့ရာတွင် လောက၌ ချစ်ခြင်းမေတ္တာကသာ 'အောင်မြဲ' ဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင် အမုန်းအာဃာတမီးလျှံများ တညီးညီးတောက်လောင်ခဲ့သည်။ တောက်လောင်နေဆဲ ဖြစ်သည်။ တစ်ဖက်ကလည်း ချစ်ခြင်းမေတ္တာသည် အေးမြသော ရေစင်ဖြင့် ငြိမ်းသတ်လျက် ရှိသည်။ ဤသို့ဖြင့် ကမ္ဘာလောကသည် ရှေ့ကို တရွေ့ရွေ့ တိုးနေရ

www.burmeseclassic.com

www.burmeseclassic.com


သည်။ **(Time)**မဂ္ဂဇင်းတွင် **(Charles Krauthammer**က**(Sarajevo Burns : Will we learn?)** ဆိုသည့် အက်ဆေးတစ်ပုဒ် ရေးခဲ့သည်။

"ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘူးထရို့စ်၊ ဘူးထရို့စ်ဂါလီက ကျွန်တော်တို့ကို ထီးရိပ်မိုးပေးနိုင်ပါ့မလား၊ ကျွန်တော်တို့ အတွက်ရော တခြားလူတွေအတွက်ပါ လုံခြုံရေးစနစ်ဆိုတာ တကယ်တော့ မရှိတော့ပါဘူး။ ဒါကို မယုံရင် ဆာရာယေဗိုက မုဆိုးမတွေကို မေးကြည့်စမ်းပါ။ ကောင်းကင်ကို မျှော်ကြည့်ကြရင်း တကယ့် ငြိမ်းချမ်းရေးကို ကာကွယ်ပေးနိုင်မယ့်လူ သူတွေကို မျှော်နေကြတဲ့ စစ်ဘေးဒုက္ခသည်တွေကို မေးကြည့်စမ်းပါ"

အချိန်တန်တော့လည်း ချစ်ခြင်းမေတ္တာလေပြည်သည် ကောင်းကင်က ကျလာခဲ့သည်။ ဩဓိသမာလာသည်လည်း မွေးရနံ့တွေကို ဆောင်ကျဉ်းလာခဲ့သည်သာ။ ချစ်ခြင်းမေတ္တာသည် ကမ္ဘာလောက၌ ရှင်သန်ပါစေသတည်း။ မေတ္တာ၏ အသံတော်သည် အနန္တစကြဝဠာသို့တိုင် ပါစေသတည်း။

**စာကိုး**

- ဆရာမြသန်းတင်၊ ဆာရာယေဗိုမီးပုံထဲက သင်ခန်းစာ။
- ဆရာဒဂုန်ဦးထွန်းမြင့်၊ ဗုဒ္ဓ၏ ဩဝါဒအမြုတေ။
- ဆရာဦးရွှေအောင်၊ ဗုဒ္ဓ၊ လောကသားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင်။
- ဆရာမြန်မာဂုဏ်ကျော်မြင့်၊ မေတ္တာစာလေ့လာချက်
- ဆရာမောင်သာမည၊ မေတ္တာတရားနှင့် လူ့အဖွဲ့အစည်း

■


www.burmeseclassic.com

# ပန်းခြောက်ဗန်းကလေးထဲက သင်းရနံ့များ

“ပန်းပွင့်သရုပ်ဖော်ပုံကလေးတွေ ခပ်နှိပ်ထားသည့် တရုတ်ပန်းအိုးကလေးပြတင်းပေါက် ပန်းခုံကလေးပေါ်တွင် ရှိသည်။ ကိုယ်တိုင် သန့်စင်ပေါင်းခံထားသော အဖမ်းရခက်သည့် မွှေးရနံ့တွေကို ဖမ်းယူခံစားရတာမျိုး ကျွန်တော် ချစ်သည်။ မိုးချုပ်နေဝင်ချိန် မီးခိုးခြောက်ရောင် ညနေခင်းများတွင် မွှေးရနံ့က ကျွန်တော့်ကို ပိုမိုစိုးမိုးနေလေ့ရှိ၏။ ချစ်ဖွယ်နွေရာသီပွင့်ပန်းများ၏ တစ်ဝက်တစ်ပျက် အမွှေခံ (အငွေ့ပျံ) သင်းပျံ့သော မွှေးရနံ့များ၊ ကျွန်တော့်မျက်လုံးတွေကို ကျွန်တော် ပိတ်ထားလိုက်သည်။ ချိုအီကြိုင်လှောက်သော သင်းပျံ့မှုများလေထဲမှာ ဝေ့ဝေ့ဝဲဝဲ လူးလွန့်နေချိန်များတွင် ဖြစ်သည်။ သည်အချိန်မှာတော့ ဆောင်းရှူခင်းတွေက ပုန်းလျှိုးနေတတ်သည်။ ကျွန်တော့်စိတ်မျက်လုံးထဲမှာ ပန်းဥယျာဉ်၏ ပသာဒကိုသာ မြင်နေရသည်။ နှင်းဆီပန်းတွေ၊ ပန်းရောင်ပွင့်ပန်းတွေ၊ လာဗင်ဒါရေမွှေးပန်းတွေ၊ စိမ်းဖျော့ဖျော့အရောင်ဖြင့် ရနံ့ရှူးသော‘မစ်နိုးနေး’ခေါ်သည့် ပန်းကလေးတွေ။ ပြီးတော့ မျက်နှာဖုံးနှင်းဆီပွင့်များ။ မြူထနွေရာသီထဲက ပန်းဥယျာဉ်တစ်ခု၏ အလှတရားအားလုံးလိုလိုဆီက သင်းရနံ့များ။ သည်ပန်း



www.burmeseclassic.com

www.burmeseclassic.com


*အိုးကလေးထဲက ပန်းခြောက်တွေလိုပဲ ကျွန်တော့်ဘဝမှာ အမှတ်တရ စွဲစွဲထင်ထင် ကြည်နူးစရာတွေကို ကြာရှည်ခံနိုင်အောင် သိမ်းထုပ်ထားချင်သည့် ဆန္ဒတွေ ကျွန်တော့်မှာ ရှိသည်။ လူငယ်ဘဝ အိပ်မက်များ။ ရွှေရောင်မျှော်လင့်ချက်များ။ ပြည့်ဝသောချမ်းသာသုခ၏ အချိန်နာရီတချို့။ ဒါတွေအားလုံးကို ပန်းခြောက်များလို စုစုစည်းစည်း ထုပ်ထုပ်ပိုက်ပိုက် ကျွန်တော် ထားချင်သည်။ သီးသီးသန့်သန့် သိုသိုလှောင်လှောင် ကျွန်တော် စုစည်းထားချင်သည်။ တိတ်ဆိတ်သော စိတ်နှလုံးထဲက လျှို့ဝှက်သော နေရာတော်တော်များများထဲမှာ ကျွန်တော် ကဲ့ဝှက်ထားချင်သည်”*

***[Patience Strong** ၏ **Potpouri]***

သည် ကဗျာကလေးကို မနက်ခင်းတစ်ခင်းမှာ ကျွန်တော် ဖတ်မိခြင်းဖြစ်သည်။ ကျွန်တော် အိမ်ရှေ့က စင်္ကြံကျဉ်းကလေးထဲမှာ ပန်းအိုးကလေးတွေ များလှသည်။ မနက်ခင်း အိပ်ရာက နိုးလျှင် နိုးချင်း ပန်းပင်ကလေးတွေကို ကျွန်တော် ထွက်ကြည့်တတ်သည်။ **(Kiss me quick)**ပန်းပင်ကလေးတွေက အပွင့်အမျိုးမျိုး၊ ပွင့်ပုံအမျိုးမျိုး၊ အပွင့်တည်ဟန်အမျိုးမျိုး။ တချို့အပွင့်တွေက ဒင်္ဂါးပြားလောက် ရှိသည်။ တချို့အပွင့်တွေက ကြယ်သီးကလေးတွေလောက်။ စွေးစွေးနီနီ၊ သင်္ကန်းရောင်ဖျော့ဖျော့။ ဆင်စွယ်နှစ်ရောင်။ ဖြူနီကျားကျားကလေးတွေကလည်း လှသည်။ ဒါပေမယ့် သင်းပျံ့သောရနံ့တွေတော့ မရတတ်ပါ။ အနံ့ရှိသည့် ပန်းတွေကတော့ နှင်းဆီပင်ကလေးတွေမှာ ရှိတတ်သည်။ တစ်အိုးလုံးဆန်ကွဲကျဲသလို ပွင့်တတ်သော မြိုင်မှာ ကျောက်နှင်းဆီတွေက အနံ့ဆင်းရဲသည်။ နိုင်ငံခြားမျိုး နှင်းဆီရောင်စုံ

www.burmeseclassic.com

တွေကတော့ မနက်ခင်းလေပြည်ထဲမှာ သင်းပျံ့နေတတ်သည်။ ဇရာဝတီ မြစ်နှင့် နီးသော ပန်းပင်ကလေးတွေက မြစ်ငွေ့ကောင်းကောင်းရနေတော့ ပန်းပွင့်တွေကို လုကာယက်ကာ ပွင့်ပြတတ်ကြသည်။

ပေးရှင့်စထရောင်း၏ ကဗျာထဲမှာမစ်နိုးနေး **(mignonette)** ဆိုသည့် ပန်းများ၏ရနံ့ကို ရေးဖွဲ့ထားသည်။ သည်ပန်းမျိုးက ဥရောပ ပန်းများ ဖြစ်ပုံရသည်။ နောက်တစ်မျိုးက မျက်နှာဖုံးနှင်းဆီ။ **(musk-rose)** ကို ကျွန်တော် ဖလှယ်ယူလိုက်သည့် ပန်းဖြစ်သည်။ မျက်နှာဆုံးနှင်းဆီကိုလည်း ကျွန်တော်မမြင်ဘူးပါ။ သို့သော် ထူးထူးခြားခြား မွေးပျံ့သောပန်းစာရင်းမှာ သည်နှင်းဆီမျိုးပါတာကိုတော့ ကျွန်တော် သိပါသည်။ သည်ပန်းတွေက ခြောက်သွေ့သွားသော်လည်း ရနံ့ဂုဏ်ရည် စွဲစွဲစူးစူး ရှိကြပုံရသည်။ မူရင်းအစိုပွင့်အစိမ်း ပွင့်တုံးက ရနံ့မျိုး ဟုတ်ချင်မှ ဟုတ်တော့မည်။ ပန်းခြောက်ဘဝမှာ ရနံ့တွေ တစ်ဝက်တစ်ပျက် အငွေ့ပျံသွားနိုင်သည်။ ဒါကြောင့် ကဗျာဆရာက **Half forgotten fragrance** ဟု သုံးပုံရသည်။ သည်ကဗျာကလေးကို ကဗျာဆရာက **Potpourri** ဟု အမည်ပေးသည်။ **Potpourri** ၏ သဘောကပန်းခြောက်အိုးကလေးဟု ဆိုရမည် ဖြစ်သည်။ သည်ကဗျာ ထဲမှာ **China bowl** တရုတ်ကြွေအိုး ကလေးလို့ဆိုသော်လည်း ပြင်သစ်နိုင်ငံမှာ ကျွန်တော် တွေ့ခဲ့ရသလောက် ကြွေအိုးမဟုတ်။ ပြီတောင်းဝလောက် ကျယ်သော မြန်မာကြိမ်ပုခက်ပုံစံ နီးဇန်းကလေး တွေ ဖြစ်သည်။ သည်ဇန်းကလေး တွေထဲမှာ ပန်းခြောက်မျိုးစုံ၊ ပန်း ဝတ်ဆံဝတ်မှုန်ခြောက်မျိုးစုံ၊ ပန်း ရိုးပန်းခက်မျိုး စုံပါတတ်သည်။ ရုံးခန်း၊ အိမ်ခန်း၊ ဟိုတယ်ဧည့်ကြို ခန်းများတွင် တွေ့ရတတ်သည်။ တစ်ခါတလေ အိမ်ရှင်က ဧည့်ကြိုက ကမ်းလှမ်းပေးတတ်သည်။ တစ်ခါတစ်ရံ ဧည့်သည်က မက်ရေစက်ရေကောက်ယူကာ ရှူတတ်ကြသည်။

www.burmeseclassic.com

ကဗျာထဲမှာတော့ အမျိုးအစားမတူသော ပန်းမျိုးစုံ (ပန်းခြောက်မျိုးစုံ)၏ ရနံ့တွေ ပန်းခြောက်ဗန်းကလေးထဲမှာ စုစည်းထားသလို စိတ်နှလုံးထဲမှာလည်း ကောင်းမြတ်သော ဒါမှမဟုတ် မင်္ဂလာရှိသော ဘဝ၏ စွဲစွဲထင်ထင် ရှိမှုတွေကို တသီးတသန့်သို့ ဝှက်ထားချင်သည်ဟု ကဗျာဆရာက သူ့ဆန္ဒကို ဖော်ကျူးသည်။ တစ်နည်းအားဖြင့် ဘဝ၏ မင်္ဂလာရှိမှုများကို သိုလှောင်ထားချင်သည့် သဘောကို တွေ့ရသည်။ လူငယ်ဘဝ၏ အိပ်မက်များ။ ရွှေရောင်မျှော်လင့်ချက်များ။ ပြည့်ဝသော ချမ်းသာသုခ၏ အချိန်နာရီများ။ တကယ်တော့ ငယ်ဘဝသည် နောက်မှာ ဝေးလံစွာ ကျန်ရစ်ခဲ့ပြီ။ ငယ်ဘဝ၏ အိပ်မက်များကကော။ ငယ်ဘဝသည်ပင်လျှင် ဝေးလံစွာ ကျန်ရစ်ခဲ့လျှင် အိပ်မက်တွေကတော့ ဆိုစရာမရှိ။ ကျွန်တော့်အဖို့ ငယ်ဘဝ၏ အိပ်မက်ရည်မှန်းချက်ဆိုတာ ရှိခဲ့ဖူးသည်ဟုပင်မထင်။ လူငယ်ဘဝများတွင် မိရိုးဘရိုးတွင် နေထိုင်ခဲ့ရသည့် မိခိုအိမ်ထောင်မှု ဘဝနှင့် ချစ်သူနှင့် ခရီးဖော်ပြုရသော (မိမိက ဦးဆောင်ရသော) ဦးဆောင် အိမ်ထောင်မှုဘဝဟူ၍ နှစ်မျိုးရှိသည်ဟု ဆိုချင်သည်။ ကျွန်တော့်အဖို့တော့ ဘဝနှစ်မျိုးစလုံးမှာ အိပ်မက်ရည် မှန်းချက်များ မယ်မယ်ရရမရှိခဲ့။ သို့သော် ငယ်ဘဝဖြတ်သန်းမှုကို တော့ တစ်ခါတစ်ရံ အောက်မေ့လွမ်းမောစရာအဖြစ် သတိရတတ်ပါသည်။ အထူးသဖြင့် မိရိုးဘရိုးဘဝတွေကိုသာ စူးစူးနစ်နစ် ကျွန်တော် သတိရတတ်သည်။ မုန်းချောင်းထဲမှာ ထင်းဆယ်တတ်သောအမေ၊ မုန့်လုပ်ဆောင်းရောင်းတတ်သောအမေ၊ ကြံစိုက်တတ်သောအမေ၊ သူကိုယ်တိုင် စာမတတ်သော်လည်း ကျောင်းမသွားလျှင် စိတ်မကောင်းဖြစ်တတ်သောအမေ၊ ကောက်သင်းထုပ်ကြီးရွက်ကာ နေဝင်ရီတရော ပြန်လာတတ်သော အမေ၊ ရေချိုတွင်းမှာ နီးပွက်လျက် ပုံးကလေးဖြင့် ရေငင်ရေချိုးပေး

www.burmeseclassic.com

တတ်သောအမေ၊ သွားလေရာ တစ်ကောက်ကောက်ခေါ်တတ်သော အမေ။ အမေ့အရိပ်တွေကိုသာ ငယ်ဘဝ၏ အမှတ်အသားအဖြစ် ကျွန်တော် အောက်မေ့နေတတ်သည်။ အောက်မေ့မှုကတော့ အိပ်မက်များ မဟုတ်။ အရိပကတိဖြစ်၏။

ရွှေရောင်မျှော်လင့်ချက်များ။ ကျွန်တော့်တွင် ရွှေရောင်တောက်ပသော မျှော်လင့်ချက်များဟု ဆိုလောက်သည့် မျှော်လင့်ချက်များ မရှိတာကလည်း အမှန်ပဲ ဖြစ်သည်။ စာရေး နေရေး ဝတ်ရေးဘဝထဲမှာ တောင့်တကြောင့်ကြတတ်သော သာမန်သူလိုငါလို မျှော်လင့်ချက်တွေသာ ရှိသည်။ သည်မျှော်လင့်ချက်များသည်ပင် အမှန်တကယ်ဖြစ်လာတတ်တာနည်းသည်။ ကျွန်တော့် ဇာတာက ချိုချိုချောင်ချောင် ပွပေါက်တိုးတတ်သော ဇာတာမဟုတ်။ လက်လှုပ်မှ ပါးစပ်လှုပ်ရသော ခပ်ညံ့ညံ့ဇာတာသာ ဖြစ်သည်။

ပြည့်ဝသော ချမ်းသာသုခ၏ အချိန်နာရီတချို့။ ပြည့်ဝသော ချမ်းသာသုခ **(Perfect Bliss)**ကတော့ ကျွန်တော့်အတွက် ရှားရှားပါးပါးကိစ္စဖြစ်သည်။ လူသားပီပီ ကောင်းခြင်းဆိုးခြင်း လောကဓံများ ရှိခဲ့သော်လည်း စားပိုးနင့်လောက်သည့် ပီတိသုခကတော့ အမှတ်ရလောက်စရာ မရှိခဲ့ဟု ထင်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော် အပါအဝင် လူတွေအားလုံး မင်္ဂလာရှိခြင်းကို တပ်မက်ကာ မင်္ဂလာရှိသောဘဝကို တည်ဆောက်ချင်တာ၊ မင်္ဂလာရှိသောဘဝကို ဖြတ်သန်းချင်တာ သဘာဝကျပါသည်။ စိတ်နှလုံး၏အကန့်တွေထဲမှာ 'မင်္ဂလာရှိခြင်း'တွေကိုသာ သိုလှောင်သိမ်းဆည်းထားချင်တာကလည်း လူသားဆန်ပါသည်။ မင်္ဂလာဆိုသည့် ပါဠိသက်ဝေါဟာရက ကျယ်ပြောသော အဓိပ္ပာယ်တွေကို ပေးသည်။ အလိုပြည့်ခြင်း၊ အောင်မြင်ခြင်း၊ ကြီးပွားခြင်း၊ ပြည့်စုံခြင်းကို ဆိုသည်။ ကြီးပွားချမ်းသာကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တရားကို ဆိုသည်။ ကံကောင်းခြင်း၊ နိမိတ်ကောင်းခြင်း၊ နှစ်သက်ခြင်း၊ ချမ်းသာပျော်ရွှင်ခြင်းကို ဆိုသည်။ မကောင်းသောအရာကို ပယ်ရှားခြင်း၊ ကောင်းသောအလိုရှိအပ်သော နှစ်သက်အပ်သော အရာကို ဆိုသည်။ ကောင်းသော အခွင့်အခါ၊ ကောင်းသော အခြေအနေ၊ ကောင်းသော အခြင်းအရာကို ဆိုသည်။ အစဉ်အလာပြုရိုးဖြစ်သော ဓလေ့ထုံးတမ်း အခမ်းအနား၊ အခင်းအကျင်းကို ဆိုသည်။ သတ္တဝါတို့၏ စင်ကြယ်ကြောင်းကို ဆိုသည်။ မကောင်းမှုကို ဖြတ်တောက်ကင်းဝေးစေခြင်းကို ဆိုသည်။ မြန်မာတို့၏ မင်္ဂလာယူယဉ်ကျေးမှုတွင် လောကီမင်္ဂလာ (၁၃) ပါး ရှိသည်။ အာဝါဟမင်္ဂလာက သတို့သမီးကို သတို့သားထံ ပို့ဆောင်သည့် မင်္ဂလာဖြစ်သည်။ ဝိဝါဟမင်္ဂလာက သတို့သမီးထံ သတို့သားက သွားရောက်တောင်းရမ်းကြောင်းမြန်းသည့် မင်္ဂလာဖြစ်သည်။ ဝိဇာယနမင်္ဂလာကတော့ သားသမီးဖွားမြင်ကြောင်း လူအများသိစေခြင်း မင်္ဂလာဖြစ်သည်။ ဖွားမြင်ပြီး (၃) ရက်မြောက်လျှင် နန္ဒိမုခဒဿန မင်္ဂလာကို ပြုသည်။ မြန်မာလိုတော့ အဘိုးအဘွားပြမင်္ဂလာဖြစ်သည်။ ဖွားမြင်ပြီး (၇) ရက်မြောက်လျှင်တော့ ကေသစ္ဆေဒနမင်္ဂလာကို ပြုသည်။ ဆံရိတ်မင်္ဂလာဆိုလေ၏။ ဖွားမြင်ပြီး (၂) လအတွင်းမှာတော့ ဒေါဠာကရဏမင်္ဂလာကျင်းပတတ်ကြသည်။ ပုခက်တင်ရသော မင်္ဂလာဖြစ်သည်။ ၇၅ ရက်မြောက်လျှင် ကလေးငယ်အား တမ္ဗူလာအာဟာရခေါ်သည့် ပထမဆုံးကွမ်းခွံ့မင်္ဂလာပြုသည်။ ကလေး (၃) လသား အရွယ်မှာတော့ ရဝိန္ဒုဒဿနမင်္ဂလာ ခေါ်ကြသည့် နေနှင့်လကို ပြသည့် မင်္ဂလာပြုသည်။ ရက် ၁၀၀ သားကလေးအတွက် အမည်ပေးမင်္ဂလာဖြစ်သည့် နာမကရဏမင်္ဂလာဆိုတာ ရှိသေးသည်။ (၆) လသားအရွယ်မှာတော့ ပထမဘတ္တာအာဟာရမင်္ဂလာဖြစ်သည့် ပထမဆုံးထမင်းခွံ့မင်္ဂလာ သင့်လျော်

www.burmeseclassic.com

သည့်အချိန်မှာတော့ တေသဗန္ဓနမင်္ဂလာ။ ဆံထုံးကြရသောမင်္ဂလာ။ အရွယ်ရောက်လာကြတော့ ယောကျ်ားလေးက ပဗ္ဗဇ္ဇမင်္ဂလာခေါ်သည့် ရှင်ပြုမင်္ဂလာပြုကြ၍ မိန်းကလေးများက ကဏ္ဏဝေဓနမင်္ဂလာခေါ်သည့် နားထွင်းမင်္ဂလာပြုရိုး ရှိခဲ့ကြသည်။

မြန်မာများအတွက်တော့ လောကီမင်္ဂလာ(၁၃)ပါးတွင်မက လောကနေနည်း၊ ဘဝနေနည်းဟု ဆိုနိုင်သော (၃၈)ဖြာ မင်္ဂလာတရားတော်များရှိနေသေးသည်။ ဒါကတော့ မင်္ဂလာရှိသောဘဝ၊ မင်္ဂလာရှိသောပတ်ဝန်းကျင်ကို မျှော်လင့်တပ်မက်မှုကြီးသော လူတို့အတွက် ပြဌာန်းပေးထားသည့် ကျင့်ဝတ်ကောင်းများသာ ဖြစ်သည်။ သို့သော် လူသည် အခါခပ်သိမ်း မင်္ဂလာနှင့် ပြည့်စုံနေကြသည်မဟုတ်။ မင်္ဂလာနှင့် လူးကျံနေကြသည်။ မင်္ဂလာဖြင့် ကြည်စင်နေကြသည် မဟုတ်။ မိမိနှင့် သူတစ်ပါးအချင်းချင်း ဆက်ဆံရေးတွင် မင်္ဂလာရှိရှိ ဆက်ဆံရေးဆိုတာကို များများမျှော်လင့်လို့မရနိုင်။ ကျွန်တော်တို့ တစ်ဦးချင်းစီမှာ မောဟ (တွေဝေတတ်သောအာရုံ)တွေ ရှိသည်။ အဟိရိက (မကောင်းမှုပြုရမှာကို မရှက်ခြင်း) ရှိသည်။ ဥဒ္ဓစ္စ (စိတ်၏ပျံ့လွင့်ခြင်း ရှိသည်။ လောဘ (လိုချင်တပ်မက်ခြင်း) ရှိသည်။ ဒိဋ္ဌိ (မှားယွင်းသော သိမြင်ခြင်း) တွေ ရှိသည်။ မာန (ထောင်လွှားခြင်း)တွေ ရှိသည်။ ဒေါသ (ကိုယ်စိတ် ကြမ်းတမ်းခက်ထန်ခြင်း) ရှိသည်။ ဣဿာ (ငြူစူခြင်း၊ မနာလိုခြင်း) ရှိသည်။ မစ္ဆရိယ (ဝန်တိုခြင်း) ရှိသည်။ ကုက္ကုစ္စ (နောက်တတစ်ဖန် ပူပန်ခြင်း) ရှိသည်။ ထိန (စိတ်ထိုင်းမှိုင်းခြင်း) ရှိသည်။ မိဒ္ဓ (ကိုယ်ထိုင်းမှိုင်းခြင်း) ရှိသည်။ ဝိစိကိစ္ဆာ (ယုံမှားသံသယရှိခြင်း) တွေ ရှိသည်။ သည်တရားတွေက စိတ်နှလုံး၏ သန့်စင်ခြင်းကို မွေလှုပ်ဖျက်ဆီးတတ်သော 'အမွေခံတတ်' ဖြစ်သည်။

www.burmeseclassic.com

မင်္ဂလာဆိုသည့် စကားက 'မင်္ဂလ'မှလာသည်။ မကောင်းမှုကို ဖြတ်တောက်နိုင်ခြင်းသည်ပင် ကောင်းမှုကို တည်ဆောက်ပြီးသား ဖြစ်သည်။ ကောင်းသည့်အလုပ်၊ ကောင်းသည့်အလုပ်ကို ဖြစ်စေသည့် အကြောင်းခံ၊ ထိုအကြောင်းခံကြောင့် ရရှိလာသည့် အကျိုး စသဖြင့် မင်္ဂလာကို ဆစ်ပိုင်းနိုင်သည်။ အခြေခံအားဖြင့် (၂)မျိုးသာရှိသည်။ တစ်ချက်က မကောင်းမှုကို ကင်းပစေခြင်းနှင့် ကောင်းမှုကို ပွားတိုးစေခြင်းဖြစ်သည်။ တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိဒ္ဓိရိန္ဒာဘိဝံသ (ယော) ဆရာတော်ဘုရားက –

"အကုသိုလ်တရားဆိုတာက ဖြစ်ဖို့မခက်ခဲပါဘူး။ စိတ်ကို လွှတ်ထားလိုက်ရင် သူ့ဟာသူ စိမ့်ဝင်လာတာပဲ။ အကုသိုလ်ဟာ ဖြစ်တာလွယ်သလောက် အဖြစ်လွယ်သလောက် အာမခံတာဝန်ယူရတဲ့အပိုင်းဟာ အင်မတန် ကြီးလေးပါတယ်။ အကုသိုလ်ရဲ့ တာဝန်ဟာ အင်မတန်ကြီးလေးတယ်။ ကိုယ်က သူ့ကို အကုန်တာဝန်ယူရတယ်။ ကုသိုလ်ကျတော့ စိတ်လွှတ်ထားရုံနဲ့ မရဘူး အစီအစဉ်လေးချပြီးတော့ လမ်းကြောင်းလေးဖော်ပြီးတော့ စည်းကမ်း၊ မူဘောင်သပ်သပ်ရပ်ရပ် သတ်မှတ်ပြီးတော့မှ ဖော်ထုတ်ပေးနိုင်မှ၊ ကြိုးကြိုးစားစား ဖော်ထုတ်ပေးနိုင်မှ ကောင်းမှုကုသိုလ်ဆိုတာ ပေါ်ပေါက်လာတယ်။ ကောင်းမှုကုသိုလ်ဟာဖြစ်အောင် ခက်ခက်ခဲခဲ ကြိုးစားရတာမှန်ပေမယ့် ပေါ်လာတဲ့အခါကျတော့ တကယ့်ကို စိတ်အေးရတယ်"

ဟု မိန့်တော်မူသည်။ အပ္ပမာဒသတိသည် စိတ်ကို ကိုင်တွယ်သည့် ကိရိယာဟု ခိုင်းနှိုင်းသည်။ အပ္ပမာဒသတိ လက်လွှတ်သဖြင့် ကျရှုံးရသောစိတ်တွေ များလှပြီ။ ကျကွဲသမျှ နာကျင်ကြရသည်။ ဒီခြိုပ္ပန်တွင် နာကျင်မှုမဆုံးဘဲ ကမ္ဘာသတ္တိကင်မရာက ဖျတ်ခနဲ ရိုက်ထား

www.burmeseclassic.com

သဖြင့် အနာဂတ်တွင်လည်း ဒဏ်ပေးဖို့ သေချာနေပြီဟု ဆိုသည်။ အပ္ပမာ ဒသတိမပြတ်ရှိနေလျှင် ဒုက္ခတွေ အနုတ်လက္ခဏာပြနိုင်သည်။

လူသည် သက်ရှိသက်မဲ့တန်ခိုးရှိ၊ တန်ခိုးမဲ့များနှင့် ဆက်ဆံနေရသူဖြစ်သည်။ တစ်နည်းအားဖြင့် ပတ်ဝန်းကျင်နှင့် ဆက်ဆံနေရသည်။ ဆက်ဆံရာ၌ နှုတ်ဖြင့် ဆက်ဆံရခြင်း (ဝစီကံ)၊ ကိုယ်ဖြင့် ဆက်ဆံရခြင်း (ကာယကံ)၊ စိတ်ဖြင့် ဆက်ဆံရခြင်း (မနောကံ) စသည့်ကံသုံးပါးဖြင့် ဆက်ဆံနေကြရသည်။ ဤဆက်ဆံရေးများတွင် မကောင်းသော ဆက်ဆံရေးကို (ဒုစရိုက်ကံ) ဟု ခေါ်သည်။ ကောင်းသောဆက်ဆံရေးကို (သုစရိုက်ကံ) ဟု ခေါ်သည်။ တစ်နည်းအားဖြင့် စေတနာကောင်း၊ စေတနာဆိုးဟု ဆိုနိုင်မည် ထင်ပါသည်။ တစ်ဖက်ကလည်း လူသည် မိမိကိုယ်မိမိ အလေးထားမှု (အတ္တာဓိပတိ)၊ တရားဓမ္မ၌ အလေးထားမှု (ဓမ္မာဓိပတိ) နှင့် ပတ်ဝန်းကျင်ကို အလေးထားမှု (လောကာဓိပတိ) တွေ ရှိနေရသည်။ မြောင်းမြတိုက်သစ်၊ ပဋ္ဌာနတာရုံနှင့် မော်ဘီသာသနာ့ဝန်ဆောင်ဆရာတော်အရှင်ကုမာရ၏ 'ကိုယ်ကျင့်မင်္ဂလာ'တွင် ဦးထိန်ဝင်းက–

"မိမိကိုယ်ကို အလေးထားတတ်သူဖြစ်ရလေအောင် ရှေးဦးစွာ မိမိကိုယ်ကို ယဉ်ကျေးသိမ်မွေ့သူဖြစ်ဖို့ လိုသည်။ ယဉ်ကျေးသိမ်မွေ့သူဖြစ်လာစေရန် မိမိစိတ်ကို နိုင်နင်းစွာ ဆုံးမနိုင်စွမ်းသူဖြစ်ရ၏။ ယဉ်ကျေးသိမ်မွေ့သောစိတ်သည် ချမ်းသာကို ဆောင်တတ်၏"

ဟု ကျမ်းဦးနှုတ်ဆက်ရေးထားတာ ဖတ်ရသည်။ စိတ်ဆိုသည်မှာ အာရုံကို သိတတ်သော သဘောဖြစ်သည်။ တစ်နည်းအားဖြင့် အာရုံကို ရအောင် ယူနိုင်သောသဘောကို ဆိုသည်။ သတ္တဝါအားလုံး စိတ်၏ ဆောင်ကျဉ်းမှု စိတ်၏ဆွဲငင်မှုကို လိုက်နေကြရသည်။ စိတ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုသော တရားတစ်ပါး၏ အလိုကို လိုက်နေကြရသည်။ စိတ်မှာ ယှဉ်မှီပြီး အမျိုးမျိုး အထွေထွေဖြစ်အောင် စိတ်ကို ခြယ်လှယ်တတ်သော ၅၂ပါးသော သဘောတရားကို စေတသိက်ဟု ခေါ်သည်။ သည်သဘောတရားက စိတ်နှင့်အညီအမျှ အဖြစ်တူ၊ အပျက်တူ၊ အာရုံတူ (မှီရာတူ) အနေဖြင့် ယှဉ်တွဲဖြစ်ပေါ်တတ်သော သဘောတရား ဖြစ်သည်။ စိတ်တစ်ခုမှာ အနည်းဆုံး စေတသိက် (၇)ခုမှ (၃၈)ခု အထိ ထိုက်သည့်အားလျော်စွာ ပါဝင်နေတတ်သည်ဟု ဆိုသည်။ သည်စေတသိက်တွေက စိတ်နှင့်အတူဖြစ်သည်။ စိတ်နှင့်အတူ ချုပ်သည်။ စိတ်နှင့်အာရုံတူသည်။ စိတ်နှင့်မှီရာတူသည်။ စိတ်ကလည်း သည်လေးပါးနှင့်အညီ အတူယှဉ်တွဲဖြစ်ပေါ်နေရသည်။ စိတ်တွေက တဒင်္ဂမှာ စိတ်ကုဋေသိန်းပေါင်း ဖြစ်နိုင်သော စေတသိက်တွေကလည်း ပမာဏတူလိုက် ဖြစ်နေရသည်။ စိတ်တစ်ခု ဖြစ်ပေါ်သည့်အခါ ယှဉ်ဖက်စေတသိက်တွေကလည်း တစ်ပြိုင်နက်ဖြစ်ကြရသည်ဆိုစေကာမူ တကယ်တော့ စိတ်က ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ စိတ်ဖြစ်လျှင် စေတသိက်တို့ ဖြစ်နိုင်သည်။ စေတသိက်ချည်း သက်သက်မဖြစ်နိုင်။ စိတ်ကတော့ တချို့သော စိတ်တသိက်တွေ မပါဘဲ ဖြစ်နိုင်တာမျိုးတော့ ရှိသည်။

"ဂင်္ဂါ၊ ယမုံနာ၊ အစိရဝတီ၊ မဟီ၊ သရဘူဆိုတဲ့ မြစ်ကြီးငါးသွယ်တို့ရဲ့ စီးဝင်ရာ မဟာသမုဒ္ဒရာရေကို လျှာနဲ့လျက်ကြည့်လို့၊ သည်ရေကား ဂင်္ဂါမြစ်ရေ၊ သည်ရေကား ယမုံနာမြစ်ရေ၊ သည်ရေကား အစိရဝတီမြစ်ရေ၊ သည်ရေကား မဟီမြစ်ရေ၊ သည်ရေကား သရဘူမြစ်ရေလို့ ပိုင်းခြားသိနိုင်ရန် ခဲယဉ်းသလို အာရုံတစ်ခုတည်းကို အာရုံပြုလို့ အတူတူဖြစ်နေကြတဲ့ စိတ်၊ စေတသိက်တရားတွေကို ဒါက ထိတွေ့မှု ဖဿ၊ ဒါက ခံစား

www.burmeseclassic.com

မှု ဝေဒနာ၊ ဒါက မှတ်သားမှုသညာ၊ ဒါက စေ့ဆော်မှုစေတနာ၊ ဒါက အာရုံကိုသိမှုစိတ် ဖြစ်တယ်လို့ ပိုင်းခြားသိမြင်နိုင်မှုဟာ အတိုင်းထက် အရာခဲယဉ်းတဲ့အရာ ဖြစ်ပါတယ်။ အဲသည် ခဲယဉ်းတဲ့အရာကို ဗုဒ္ဓမြတ်စွာက ပိုင်းခြားဝေဖန်ပြတော်မူခဲ့တယ်"

အရှင်ကုမာရ၏ ကိုယ်ကျင့်မင်္ဂလာကို ဖတ်ရင်း စိတ်တွေအကြောင်း ကျွန်တော် တွေးကြည့်နေမိပါသည်။ တရားတော် ကစိတ်ကို မြားတံလို ဖြောင့်အောင်ကျင့်ဖို့ လမ်းညွှန်သည်။ "အတ္တသမ္မာမဏိဓိ"ဆိုသည့် စကားကစိတ်နှင့် ကိုယ်ကို ကောင်းစွာ ထားနိုင်ခြင်းကို ဆိုသည်။ ကာမာဝါစရကုသိုလ်ဖြစ်ရန် အနီးဆုံးအကြောင်းက ယောနိသော မနသိကာရဖြစ်သည်။ အသင့်အတင့် နှလုံးသွင်းခြင်းက ကုသိုလ် ဖြစ်စေသည်။ စိတ်၏ အနာရောဂါမှာ 'ကိလေသ'ဖြစ်သည်။ သည် ကိလေသကို ယောနိသော မနသိကာရအားဖြင့် ချမ်းသာစေသည်။ စိတ်ကို လုံခြုံစေခြင်း၊ စိတ်ကို ယဉ်ကျေးစေခြင်း၊ စိတ်ကို ဖြောင့် စင်းစေခြင်းဖြင့် အကျိုးမဲ့ပျက်စီးမှုတွေကို တားဆီးနိုင်သည်။ မင်္ဂလာ တရားတော်မှာ အာရတိ ဝိရတိပါပါ မကောင်းမှုမှ ကိုယ်နှုတ်စိတ် ဖြင့် ရှောင်ကြဉ်ခြင်းဆိုတာပါသည်။ ဗြဟ္မာစရိယအဗြဟ္မစရိယအကျင့် ကို ကျင့်ခြင်းဆိုတာ ပါသည်။ ဖုဋ္ဌဿလောကဓမ္မေဟိ၊ လောကဓံ တရားနှင့် ကြုံတွေ့သူပုဂ္ဂိုလ်၏ စိတ္တံယဿနကမ္ပတိ စိတ်မတုန်လှုပ် ခြင်း၊ အသောကံစိုးရိမ်ပူဆွေးမှုကင်းခြင်း၊ ဝိရဇံရာဂ စသည့် မြူမရှိ ခြင်း၊ ခေမံ၊ ဘေးရန်ကင်းခြင်းဆိုတာပါသည်။ စိတ်ဝတ္ထုဥ္စ တရားမျှတ ခြင်းသုံးပါးရှိရသည်။ သူတစ်ပါး၏ ဥစ္စာကို မိမိဥစ္စာအဖြစ် မကြံ စည်ရခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုသောစိတ်မရှိရခြင်း၊ မှန်သော အယူရှိရခြင်းတွေ ဖြစ်သည်။

www.burmeseclassic.com

အတ္တဝါဒက ကမ္ဘာလောကကို အတ္တကသာ လွှမ်းခြုံကြီးစိုးသည်ဟု ခံယူသည်။ သည်အတ္တကို ပရမတ္တခေါ်သည်။ သည်ပရမတ္တက ဖန်ဆင်းသမျှ သတ္တဝါတိုင်းမှာလိပ်ပြာဝိဉာဉ် **(Soul)**ရှိသည်။ သည်လိပ်ပြာဝိဉာဉ်က ခန္ဓာကိုယ်ကိုကြီးစိုးသည်။ ခန္ဓာဟောင်း ပျက်စီးလျှင် ခန္ဓာသစ်မှာ ကူးပြောင်းတည်နိုင်သော မသေမျိုးဖြစ်သည်ဟု ယုံကြည်ကြသည်။ အနတ္တဝါဒကတော့ လူဆိုသည်မှာ ခန္ဓာငါးပါးရုပ်နာမ်တရား၏ အစုအဝေးသာ ဖြစ်သည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် ကံကြောင့် ဖြစ်လာရသော အစုအဝေးသာ ဖြစ်သည်။ တရားအားလုံးကို စိတ်ဆိုသည့် တရားတစ်ပါးက ရှေ့ဆောင်နေသည်။

ပေးရှင်စထရောင်းကတော့ မွှေးပျံ့သောသင်းရနံ့ကြိုင် ပန်းပွင့်ပန်းလွှာ၊ ပန်းဝတ်ဆံတွေ ပန်းခြောက်ဗန်းကလေးထဲမှာ သိမ်းသိမ်းပိုက်ပိုက်ထည့်ထားသလို စိတ်နှလုံးထဲမှာ ဘဝ၏ရွှန်းပသော နှစ်လိုဖွယ်အရသာတွေကို ကဲ့ဂုက်ထားချင်သည်ဟု ဆိုသည်။ ရွှေရောင်မျှော်လင့်ချက်တွေ၊ ပြီးတော့ ပြည့်ဝသော ချမ်းသာသုခ၏ အချိန်နာရီတွေ။ ဒါကလည်း ဆန္ဒတွေသာ ဖြစ်သည်။ တကယ်တော့ ခန္ဓာကိုယ်သည်ပင်လျှင် အမှိုက်ပုံကြီးနှင့် အခိုင်းနှိုင်း ခံနေရသည်။ စိတ်သည်လည်း လမ်းဘေးမှာ ထားသည့် အမှိုက်ပုံး ကြီးတစ်ပုံးပါပဲ။

"နှလုံးသားဘုရားတည်ပြီလို့ဆိုရင် မိမိတို့ဟာ ဘယ်လိုဖြစ်နေသလဲဆိုတာ လမ်းဘေးမှာထားတဲ့ အမှိုက်ပုံးကြီးလို ဖြစ်နေတယ်။ လမ်းဘေးမှာ ထားတဲ့ အမှိုက်ပုံးတို့၊ အမှိုက်ပုံတို့ ဆိုတာဟာ ထားတာကလည်း လမ်းဘေး၊ ရည်ရွယ်ချက်ကလည်း အမှိုက်ထည့်ဖို့။ တွေ့တဲ့လူတွေက အမှိုက်ထည့်သွား၊ ပုံသွားတာပေါ့။ ကောင်းတာတစ်ခုမှ မထည့်ပါဘူး။ အဲဒါမျိုးလိုပဲ။ မိမိတို့စိတ်နှလုံး ခန္ဓာအစဉ်ကလည်းပဲ နှလုံးသားထဲ

www.burmeseclassic.com

တရားထည့်မပေးရင်၊ ရတနာသုံးပါးထည့်မပေးရင် တရားအလုပ်ထည့်မပေးရင်၊ တကယ့်လမ်းဘေးက အမှိုက်ပုံးကြီးလို အမှိုက်ပုံကြီးလို ဖြစ်နေတယ်။ အမှိုက်က ဘေးက လာမထည့်ဘူး။ ကိုယ့်ဟာကိုယ်လျှောက်ထည့်နေတာ။ လောဘအမှိုက်တွေလာထည့်။ ဒေါသက အမှိုက်တွေလာထည့်၊ ဣဿာမစ္ဆယစတဲ့ ကိလေသာတွေက အမှိုက်တွေ လာထည့်။ သည်တော့ တရားအလုပ်မလုပ်ရင် တရားထည့် မပေးရင် ကိလေသာအမှိုက်တွေ နှလုံးသားထဲ ပြည့်ကျပ်နေပြီးတော့၊ အမှိုက်တွေ ရှုပ်နေပြီးတော့ ရုပ်ပစ္စည်းတွေ ဘယ်လောက်ပဲပေါပေါ၊ ဘယ်လောက်ပဲရှိရှိ ချမ်းလည်းမချမ်းသာ၊ ငြိမ်းလည်းမငြိမ်းအေး၊ အကြောက်လည်း မပြယ် ပြဿနာအမျိုးမျိုးတွေတက်။

နှလုံးသားက အမှိုက်ပုံကြီး၊ အမှိုက်ပုံးကြီး ဖြစ်နေလို့ကတော့ ဘာတွေပဲရှိရှိ၊ မငြိမ်းအေး မချမ်းသာဘူးတဲ့။ ဒါကြောင့် မို့လို့ အဖိုးတန်လှတဲ့ မိမိဘဝစိတ်နှလုံးကိုတော့ ဘယ်နည်းနဲ့ မှ အမှိုက်ပုံးအဖြစ် မခံနိုင်ဘူး။ ရတနာပုံး၊ ရတနာနှလုံးသား၊ ရတနာစိတ်၊ ရတနာခန္ဓာဖြစ်အောင် မြှင့်တင်မယ်ဆိုတဲ့ ရည် ရွယ်ချက်နဲ့ နှလုံးသားမှာ ဘုရားတည်ပေးပါ”

ကျေးဇူးတော်ရှင် ယောဆရာတော်ဘုရား၏ ဩဝါဒဖြစ်သည်။

အိမ်ရှေ့စကြံကျဉ်းကျဉ်းကလေးရှေ့မှာ ပေးရှင့်စထရောင်း၏ ကဗျာကလေးကိုဖတ်ရင်း ကျွန်တော် စဉ်းစားမိတာတွေ ဖြစ်သည်။ တကယ်တော့ စိတ်နှလုံးသည် ပန်းခြောက်ဗန်းကလေးမဟုတ်။ ဖြစ်ချင်ဖြစ်လျှင် အပုပ်နံ့တွေ တထောင်းထောင်းထနေသည့် ကိလေသာအမှိုက်ပုံးတစ်ပုံးသာ ဖြစ်လိမ့်မည်။ နှင်းဆီပင်ကလေးတွေဆီက နှင်းဆီပွင့်တွေ ယိမ်းလှုပ်နေသည်။ လေညှင်းက ပန်းရနံ့တွေကို ဆော်

www.burmeseclassic.com

ကြဲပစ်လိုက်သည်။ သေချာတာတစ်ခုကတော့ ကျွန်တော့်နှလုံးသား ထဲမှာ ဘုရားတည်နိုင်ဖို့ တော်တော်ကြိုးစားရဦးမည်။ နှင်းဆီရနံ့တွေ ကို နှလုံးအိမ်ထဲမှာကဲ့ ဝှက်ထားချင်စိတ် ကျွန်တော့်မှာ ရှိနေသေးလို့ ဖြစ်သည်။

**စာကိုး**

- နှလုံးသားဝယ်ဘုရားတည် (တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီရိန္ဒာဘိဝံသ–ယော–ဆရာတော်)
- ဗုဒ္ဓအလိုတော်ကျကြီးပွားချမ်းသာရေး ကိုယ်ကျင့်မင်္ဂလာ အရှင်ကုမာရ

■



www.burmeseclassic.com

www.burmeseclassic.com

# ရောင်းရန်

"လမ်းသွယ်ကလေးထဲက အိမ်တစ်အိမ်မှာ ဆိုင်းဘုတ်တစ်ချပ်ထောင်ထားတာ ဖတ်လိုက်ရသည်။ 'ရောင်းရန်'ဟူ၏။ သည်စာတန်းကလေးက ကျွန်တော့်ကို ဝမ်းနည်းဖွယ်ခံစားမှုတစ်မျိုးကို ပေးနေခဲ့သည်။ 'ရောင်းရန်'ဆိုသည့် မနှစ်မြို့စရာသည်စာစုကလေး၏ နောက်ကွယ်မှာ ရင်ကွဲနာကျလောက်စရာအဖြစ်အပျက်တစ်ခုခု၊ ကြေကွဲစရာဖြစ်ရပ်တစ်ခုခု ရှိနေလိမ်မည်ဟု ကျွန်တော် သေသေချာချာ သိနေသလို ခံစားနေရသည်။ ခွန်းကြီးခွန်းငယ်၊ ရန်စွယ်ငေါငေါ စိတ်သဘောမသင့်ဖြစ်ကြလေသလား။ သေခြင်းတရားဆိုတာများ ဆိုင်းမပါဗုံမဆင့် ဆိုက်ရောက်လာခဲ့လေသလား။ လမ်းခွဲနှုတ်ဆက်အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ကြလေသလား။

လှပသောသစ်ပင်၏ စိမ်းမြသော သစ်ရိပ်အားဖြင့် ထွေးပွေ့ခြင်းခံထားရသည့် နွေးထွေး သပ်ရပ်သော သည်လိုအိမ်ကလေးကို ဘယ်လိုလူကမှ ထားရစ်နေခဲ့လုပ်ချင်ကြလိမ့်မည်မထင်။ တလှုပ်လှုပ် အတောင်ပံများ၊ တရှဲရှဲလေတိုးသံများဖြင့် တလွှားလွှား တွယ်ကပ်နေတတ်သည့် တိုက်ကပ်ပန်းနွယ်တွေက ဆေးဖြူသုတ်ပြတင်းပေါက်သေးသေးကလေးတွေပေါ်မှာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com


*သန္တ ရသအိမ်ကလေး။ တိတ်ဆိတ်အိမ်ကလေး။ အပြင်က မြင်ရသလောက်တော့ ဘဝတွေက အေးချမ်းသာယာရှိလောက်ပုံရသည်။ ကောင်းမြတ်ခြင်းတရားတွေကိုသာ သစ္စာစောင့်သိခဲ့သော သဘောရှိပုံရသည်။ ချစ်ခြင်းမေတ္တာကို ရနံ့ကြွယ်ပန်းပွင့်ပန်းပင်တွေလို စိုက်ခဲ့ပျိုးခဲ့ပုံရသည်။ အချိန်ကာလနှင့်အမျှ ချမ်းသာမှုနှင့် နက်ရှိုင်းသော ကျေနပ်ရောင့်ရဲခြင်းတို့က လွှန့်လွှန့်တိုးဝင်တွားသွားရှိခဲ့ပုံရသည်။*

*အခုတော့လည်း သင်္ချိုင်းဟောင်းတစ်ခုလို အေးစက်ခြောက်သွေ့နေခဲ့ပြီ။ အရာရာတိုင်းမှာ လစ်ဟာမှုနှင့် အေးစက်မှုတွေသာ ကြီးစိုးနေတော့သည်။ ဇာတ်လမ်းတစ်ပုဒ်ပြီး ဆုံးသွားခဲ့တာများလား။ တစ်ပါးလက်ရောက်ရောင်းချတော့မည် ဆိုနေပါပကော။*

**[Patience Strong** ၏ **For Sale]**

ကဗျာဆရာ ပေးရှင့်စထရောင်းကတော့ ရောင်းရန် ဆိုင်းဘုတ်ချိတ်ထားသော အိမ်ကလေးကို ကြည့်ကာ ကြေကွဲဝမ်းနည်းခြင်း ရှိခဲ့ပုံရသည်။ ရောင်းရန်ဆိုသည့် စာတန်းကလေး၏ နောက်မှာ ဘာတွေများ ဖြစ်ခဲ့ပါလိမ့်လို့ စာသမား၊ ကဗျာသမားပီပီ ခံစားစိတ်ဖြင့်ရှုမြင်ခဲ့ပုံလည်း ရသည်။ 'ရောင်းရန်'ဆိုသည့် ဆိုင်းဘုတ် မြင်တိုင်းခံစားရကြေးဆိုလျှင် ကျွန်တော့်အဖို့ မျက်ရည်နှင့် မျက်ခွက်လိုလိုချည်းဖြစ်ဖို့သာရှိသည်။

ကျွန်တော့်ပတ်ဝန်းကျင်မှာ 'ရောင်းရန်'တွေများလှပါသည်။ ရပ်ကွက်ထဲက လက်သမားဆရာကိုဘကွန်းက သူ့အိမ်ကလေးရှေ့မှာ'ရောင်းရန်'လို့ ရေးထားသည်။ ဘိလစ်စာရေးကြီးဟောင်း ဦးစော


www.burmeseclassic.com

က သူ့အိမ်နှင့် ကပ်လျက်က မြေကွက်လေးရှေ့မှာ 'ရောင်းရန်'ဆို သည့် စာတန်းကလေး ရေးကပ်ထားသည်။ ကုန်သေးသည် ဒေါ်ကြီး ကြာက သူ့အိမ်ဘေးက သစ်ပင်တိုင်းမှာ 'ရောင်းရန်'ဆိုတာတွေ ရေး ထားသည်။ ဆံပင်ညှပ်ဆရာကိုယ်တိုင်ကတော့ ဆံပင်ညှပ်စားရတာ ငြီးငွေ့နေပုံရသည်။ သူ့ဆိုင်ရှေ့မှာ 'ရောင်းရန်'ဆိုသည့် ထင်းရှူး ပျဉ်ပြားကလေး မနေ့တစ်နေ့ကပဲ ရိုက်ကပ်ထားတာ သတိထားမိ လိုက်သည်။ ညွန့်ကြားရေးမှူးဟောင်း ဦးဘခင်ကတော့ကော။ သူ့ဖယ် မလီယာကားဟောင်းလေးရှေ့မှာ စာတန်းတစ်တန်း ချိတ်ထားသည်။ ရောင်းရန်။

လွန်ခဲ့သည့်အနှစ် ၂၀ က ကျွန်တော်မဟာဂီတ သီချင်းတွေ တက်ခဲ့ဖူးသည်။ အုတ်ကျင်းရပ်ကွက်ထဲက အိမ်ကလေးတစ်လုံးမှာ ကျွန်တော်၏သီချင်းကြီးဆရာနေသည်။ ကျွန်တော်သီချင်းသွားတက် တိုင်း ဆရာက မြန်မာဂီတာကြီးကို ကြေးပြားဘိကလေးဖြင့် ဖိကာ ဖိကာ တန္တဲ့န္တဲ့ တချွဲချွဲတီးနေတတ်သည်။ သမီးလေးက စည်းဝါး၊ ဆရာကတော်က ချက်ပြုတ်ကျွေးခံ။ ဆရာ့ဂီတအိမ်ကလေးကို ကျွန်တော် စွဲလမ်းနေသည်။ မဟာဂီတသီချင်းကြီး တော်တော်များများသည် အိမ်ကလေးထဲမှာ ကျွန်တော် တက်ခဲ့ရသည်။ တစ်ရက်မှာတော့ ဆရာ့အိမ်ကို ကျွန်တော် ခပ်စောစောရောက်သွားခဲ့သည်။ အိမ်ရှေ့ ခြံဝမှာ ရေးတပ်ထားသည့် စာတန်းကလေးကို ကြည့်ရင်း ကျွန်တော် နားမလည်နိုင်အောင် ဖြစ်သွားရသည်။ ရောင်းရန်။

"တို့အိမ်ကလေးကို ရောင်းတော့မလို့။ ရောင်းလို့ရရင် တခြားပြောင်းတော့မယ်။ ကိုင်း လာလာ။ မနေ့က ဘယ်အပိုဒ်ရောက် ပြီလဲ"

ဆရာက သူ့အိမ်ကလေး၏ 'ရောင်းရန်'ကိစ္စကို သိပ်များများ

www.burmeseclassic.com

မပြော။ ကျွန်တော်ကတော့ နားမလည်နိုင်သော်လည်း သည်အကြောင်းတွေကိုသာ တွေးနေမိလေသည်။ လူတွေဟာ ကိုယ်စိတ်ချမ်းသာ နေထိုင်ခွင့်ရနေတာကို၊ ဘာဖြစ်လို့ ဖျက်ဆီးပစ်ချင်ရတာလည်းလို့ တွေးနေမိသည်။ ကိုယ်နေထိုင်တဲ့ အိမ်ကလေးကို ဘာကြောင့် ရောင်းချချင်နေကြတာလဲ။ ဆရာ့အိမ်ကလေးရဲ့ ဘုရားစင်အောက်နားမှာ အုန်းသီး၊ ငှက်ပျောသီးထိုးကန်တော့ပွဲကြီးတစ်လုံး ရှိနေသည်။ အိမ်မြန်မြန်ရောင်းထွက်ဖို့ ထိုးထားတာလို့ ဆရာကတော်က ရှင်းပြသည်။ ကိုယ့်အိမ်ကလေး မြန်မြန်ရောင်းရဖို့တောင် ကန်တော့ပွဲထိုးနေကြရသတဲ့လား။ အိမ်ကလေးကို ဘာဖြစ်လို့ သည်လောက်တောင် နာကြည်းနေရတာလဲ။ လွန်ခဲ့သည့်အနှစ် ၂၀ က ခံစားမှုကို ကျွန်တော်မှတ်မိနေသည်။ ဆရာ့အိမ်ကလေး ရောင်းလိုက်တော့ ကျွန်တော်မဟာဂီတသင်ခန်းစာတွေလည်း ရောင်းလိုက်ရသလို ဖြစ်သွားခဲ့ရသည်။

မနေ့တစ်နေ့က ဖတ်ဖြစ်သော ဆရာမြသန်းတင့်၏ 'သုခမြို့တော်'မှာတော့ အိန္ဒိယနိုင်ငံ ဆင်းရဲသားရပ်ကွက်တစ်ခုက အဖြစ်အပျက်တွေကို ကြက်သီးထဖွယ် ဖတ်ရသည်။ သုခမြို့တော်ထဲက ဇာတ်ကောင်ဟာစရီးပါးအလုပ်ရှာထွက်နေချိန်မှာ သားသမီးတွေကဈေးထဲက သစ်သီးသစ်နှံတွေကို လိုက်ကောက်စားရသည်။ မီးဖိုရန်နွားချေးပြားလေး ဝယ်လိုက်တော့ ပိုက်ဆံကုန်သွားခဲ့ပြီ။ ဖခင်ဟာစရီးပါးက ဆုံးဖြတ်ချက်တစ်ရပ် ချလိုက်ရတော့သည်။ သူ့တွင်ရောင်းရန်ပစ္စည်းတစ်မျိုး ရှိနေသည် မဟုတ်လား။

"ဆေးပညာအမြင်ဖြင့် ကြည့်လျှင် ကိုယ့်သွေးကို ရောင်းစားရသည့်ကိစ္စသည် ရူးသွပ်မှုတစ်ခု ဖြစ်သည် မဟုတ်ပါလော။ များစွာသော မြို့နေဆင်းရဲသားများသည် ကြံရာမရသည့်အဆုံးတွင် သွေးဘဏ်သို့ လာ၍ နေ့စဉ်နှင့်အမျှ သွေးရောင်းလျက် ရှိကြောင်းဖြင့်

www.burmeseclassic.com

ဆေးဘဏ်အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ ထိုသူများသည် အသက်ရှည်ရှည်မနေကြရတော့။ သွေးအားနည်းရောဂါကြောင့် လမ်းမပေါ်တွင် လဲကျသေဆုံးသူတို့ သေဆုံးကြသည်။ တချို့မှာလည်း သီလရှင်ထရီဇာ၏ ဂေဟာသို့လာရောက်ပြီး သေကြသည်။

ထိုနေ့က စီအာစီသွေးဘဏ်က ပေးသော သွေးဈေးနှုန်းမှာ မက်လောက်စရာဖြစ်နေသည်။ သွေးဘဏ်ရှေ့မှာ သွေးရောင်းချင်သူတွေ ကျိတ်ကျိတ်တိုးနေသည်။ သွေးပွဲစားတွေက မြူဆွယ်နေကြသည်။ ပြည့်တန်ဆာကို ဈေးပေးသည့်လေသံဖြင့် လေးဆယ်၊ လေးဆယ်ဟု တွင်တွင်အော်နေကြသူများ။ သုံးဆယ်က ရောင်းသူအတွက်၊ တစ်ဆယ်က သူတို့ဖို့။ သွေးရောင်းရန်ရှိသူတွေ အတွက် ထိုငွေ ၃၀ ကပင်များလှပြီ။ ကာလကတ္တားတွင် သွေးဈေးနှုန်းက ဂုန်လျှော်ဈေးနှုန်းလို နေ့တိုင်းပြောင်းနေသည်။ ဟာစရီပါး၏ လက်မောင်းက အပ်ရာကို မြင်တော့ ပွဲစားက သွေးရောင်းသူမှန်း သိသွားခဲ့သည်။ သို့သော် ဟာစရီပါးသွေးရောင်းလို့မရ။ ကာလကတ္တားမှ လူဆင်းရဲတို့ ထုံးစံ သွေးထဲမှာ ဟီမိုဂလိုဗင်ဓာတ် မပြည့်ဝခြင်းကြောင့်ဟု ဆိုသည်။

"သွေးဝယ်တဲ့ တခြားနေရာများ ရှိသေးသလား နောင်ကြီးရာ"

"တွေကရာဆိုင်တွေကို လိုက်မရောင်းနဲ့လေကွာ။ ခုလိုဆိုင်ကြီးတွေကို ရောင်းမှ ပိုက်ဆံရတာ။ ခု မင်းသွေးကြောထဲမှာ သွေးကောင်းကောင်းမရှိဘဲ ရေတွေချည်းဖြစ်နေလို့ မဝယ်တာ။ မင်းလည်း သည်အတိုင်းသာ ကြာကြာနေရင် မကြာခင်ကိစ္စချောပြီး ပြာကို ဟူဂလီမြစ်ထဲ မျှောချရတော့မှာ"

'သုခမြို့တော်'ဝတ္ထုထဲမှာ နောက်ထပ်ရောင်းရန် ပစ္စည်းတစ်မျိုးကတော့ ကိုယ်ရေရောဂါ စွဲကပ်နေသည့် ဇနီးကို လင်သားက

www.burmeseclassic.com

www.burmeseclassic.com


အခြားကိုယ်ရေရောဂါသည် ယောကျ်ားတစ်ယောက်ကို ရောင်းချလိုက်ခြင်း ဖြစ်သည်။ လင်သား၏ ရောင်းချခြင်းခံခဲ့ရသော သတို့သမီး၏ မျက်ရည်တွေကို ဝတ္ထုဆရာက တခမ်းတနား ရေးဖွဲ့ခဲ့သည်။

"မင်္ဂလာပွဲသည် တဖြည်းဖြည်းသောက်ပွဲကြီးအသွင်သို့ ပြောင်းလာလေပြီ။ စောစောက သူတို့တဲများ နောက်ကွယ်ဝှက်ထားသည့် အရက်အိုးများသည်လည်း၊ ပရိသတ်များကြားသို့ ရောက်လာကြလေပြီ။ အရက်၏တန်ခိုးမှာလည်း အံ့သြဖွယ်ကောင်းလေစွ။ ကိုယ်ခန္ဓာပျက်စီးယိုယွင်းပြီး အာဟာရချို့တဲ့သော ဤကိုယ်ရေရောဂါသည်သည် အများအတွက် အရက်သည် စိတ်ပျက်ညှိုးငယ်စေမည့်အစားသွေးကြွစရာဖြစ်နေသည်။ လက်ချောင်းကလေးများလောက်တွင်သာ ရောဂါဖြစ်နေသည့် ကိုယ်ရေရောဂါသည်များသည် အရက်အနည်းငယ် ဝင်သွားသည်နှင့် ထ၍ ကခုန်ကြလေပြီ။ ဤသို့ဖြင့် လက်ချောင်းတိုကလေးတွေ တစ်ခုပြီးတစ်ခု ထကနေကြလေရာ ခဏကြာလျှင် ဝင်းကြီးတစ်ခုလုံး ဆူညံလျက် ရှိနေပြီ"

သည်ဝတ္ထုကြီးထဲမှာ နောက်ထပ် 'ရောင်းရန်' ပစ္စည်းတစ်မျိုးပါပါသေးသည်။ လူ၏ အရိုးများကို ရောင်းရန်ရှိသူများနှင့် အရိုးဝယ်သူများ၏ ဈေးကွက်ဖြစ်သည်။ အရိုးပွဲရုံများတွင် အပုပ်နံ့တွေ လှိုင်နေသည်။ ရာပေါင်းများစွာသော ဦးခေါင်းခွံများ၊ ကျောရိုးများ၊ လည်ပင်းများ၊ လက်ဖျံရိုးများနှင့် ခြေထောက်ရိုးများ၊ တင်ပဆုံရိုးများနှင့် ဒူးခေါင်းရိုးများ၊ လည်ပင်းနားမှ ယုပုံသဏ္ဍာန်အရိုးများကို အရိုးရောင်းချင်သူတွေ မြင်နေကြရသည်။ အရိုးတိုင်းကို ဒေါ်လာဈေးနှုန်းကတ်ပြားကလေးတွေ ကပ်ထားသည်။ အရိုးစုတစ်ခုသည် ဒေါ်လာ ၂၃၀ မှ ၂၅၀ ဈေး ရှိနေသည်။ ကလေးအရိုးစုမှာ ဒေါ်လာ ၁၀၀ မှ ဒေါ်လာ ၁၂၀။ လည်ပင်းရိုးတစ်စုမှာ ဒေါ်လာ ၄၀၊ ခေါင်းခွံတစ်လုံးက ၆ ဒေါ်လာ။

www.burmeseclassic.com

မစ်တရာနှင့် ကုမ္ပဏီက ကျွမ်းကျင်သူပါရဂူတွေက အရိုးတွေကို ကျွမ်းကျင်စွာ ခုတ်ထစ်လှီးချွတ်နေကြသည်။ သမိုင်းမပေါ်မီခေတ်က ကမ္ဘာကြီးတစ်ခု ပျက်စီးသွားပြီး ကျန်ရစ်ခဲ့သူတွေနှင့်ပင်တူနေသည်။ အရိုးခွာသူ။ အရိုးဆက်သူ။ အရိုးဆေးခြယ်သူက အရိုးများနှင့် အလုပ်ရှုပ်နေကြသည်။ အမေရိကန်အနောက်အလယ်ပိုင်းရှိ သွားကောလိပ်တစ်ခုက အထူးမှာယူထားသည့် ပစ္စည်းမဟုတ်လား။

လူသေအရိုးတွေကိုချည်း ဝယ်နေသည် မဟုတ်ပါ။ သက်ရှိအရိုးတွေကိုလည်း 'ရောင်းရန်'ရှိသူတွေ ဆန္ဒရှိလျှင် ကြိုတင်ရောင်းချနိုင်သည်။ သက်ရှိလူ၏ အရိုးကိုဝယ်သည့် အဝယ်ဒိုင်အုပ်ကို ဟာစရီပါး သူ့အရိုးတွေကို ပြသည်။ ဟာစရီပါး၏ ငေါထွက်နေသည့် ရင်ဒူးရိုး၊ ပခုံးရိုးနှင့် ငါးတစ်ကောင်၏ အရိုးလို ထင်းထင်းကြီး ဖြစ်နေသည့် နောက်ကျောရိုးကို မြင်သည့်အခါ ပွဲစားက ကျေနပ်သွားသည်။ ဝယ်ယူမည့် ကုန်ကြမ်းပစ္စည်းသည် အတုမဟုတ်ကြောင်း စစ်ဆေးတာနှင့်ပင် တူနေသည်။ လူအရှင်လတ်လတ်ကို အရိုးတွေခွာထုတ်ယူတာတော့ မဟုတ်။ ပွဲစားက ကျေနပ်လျှင် အနိုးဆုံးသဘာရာဇာထံ အကြောင်းကြားရန်နှင့် ဟာစရီပါး သေလျှင် ယူဆောင်ခွင့်ပြုကြောင်း ကြိုတင် စာချုပ် ချုပ်ထားရန်သာ လိုသည်။

"သည်အတွက် ဟာစရီပါး ပထမအရစ်အဖြစ် ငွေ ၁၅၀ ရသည်။ အခြားသော ကုမ္ပဏီများကဲ့သို့ပင် မစ်ထရာနှင့် ကုမ္ပဏီသည်လည်း ရင်းနှီးမြှုပ်နှံငွေများကို ကြာကြာအောင်းမထားနိုင်။ နောက်ထပ်ကျန်ငွေများကို ဟာစရီပါး၏ ကျန်းမာရေး အခြေအနေ အကြီးအကျယ် ပျက်စီးလာကြောင်း ခိုင်မာသော အထောက်အထား ရရှိသည်နှင့် ချက်ချင်းပေးချေမည် ဖြစ်ကြောင်းဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သုခမြို့တော်မှုရင်း ဝတ္ထုကို ပြင်သစ်စာရေးဆရာ ဒေါမနစ်လာပီယေး **(Dominique Lapierre)** ရေးခဲ့သည်။ အိမ်ကလေးတစ်လုံးရှေ့တွင် 'ရောင်းရန်'ဆိုသည့် ဆိုင်းဘုတ်ကို ဖတ်မိသော ပေးရှင့်စထရောင်းက ကြေကွဲလှချည့်ဟု ဆိုနေသည်။ လာပီယေးကတော့ 'ရောင်းရန်' ဆိုင်းဘုတ်မပါဘဲ လူအရှင်လတ်လတ် သွေးပွဲရုံတွေကို သွားရောက်တန်းစီနေကြသူတွေကို ရေးဖွဲ့သည်။ ကျွန်တော်က သုခမြို့တော်ကို ဖတ်ရင်း တွေးမိနေတာ ရှိသည်။ ကိုယ့်အသွေးကိုယ့်အရိုးကို ကိုယ့်ဆန္ဒအရ လိုလိုလားလား ရောင်းချနေကြသူတွေကို ကျွန်တော် နားလည်လာခြင်း ဖြစ်သည်။ ကိုယ့်အိမ်ကလေးကို ကိုယ်ရောင်းထွက်ဖို့ ခါတ်ရိုက်ခါတ်ဆင်လုပ်နေရသော ကျွန်တော့်ဂီတဆရာ၏ ကန်တော့ပွဲကို အခုမှ ကျွန်တော် သဘောပေါက်ရသည်။ လက်သမားဆရာလုပ်နေသူကိုယ်တိုင်က သူ့အိမ်ကလေးသူထုခွဲရောင်းချဖို့ စဉ်းစားခြင်းသည် လူဖြစ်ပြီး ကိုယ့်အရိုးကိုယ်သွေးထုတ်ရောင်းဖို့ စဉ်းစားတာနှင့်တော့ သိပ်တော့ ကွာခြားလှတာမဟုတ်ပါ။ ကမ္ဘာလောက၏ ရောင်းရန်တွေထဲမှာ သဘာဝတောရိုင်းတိရစ္ဆာန်တွေကိုလည်း တွေ့နေရသည်။

မက္ကစီကိုစီးတီး၊ ဘုံဘေ စသည့် မြို့ကြီးတွေမှာ ငှက်မျိုးစုံ၊ ကျားပေါက်စ၊ မြွေဟောက်နှင့် အခြားရှားပါးသတ္တဝါတွေကို ပေါ်ပေါ်ထင်ထင် ရောင်းချနေကြသည်။ တန်ဇနီးယားကြိုးကြာနီတစ်စုံက ဒေါ်လာ ၅၅ဝ၊ သမင်ပေါက်ကလေးတွေက တစ်ကောင်လျှင် ဒေါ်လာ ၅၅ဝ၊ မျောက်ခေါင်းစိမ်းတွေက တစ်ကောင်ကို ဒေါ်လာ ၁၄ဝဝ၊ မြောက်ပိုင်း အာဖရိက ဒရယ်တစ်ကောင်က ဒေါ်လာ ၁၃ဝဝ၊ ကျားသစ်ပေါက်တစ်ကောင်က ဒေါ်လာ ၄၆ဝဝ၊ တိရစ္ဆာန်ဖမ်းဆီးသူများ၏ 'ရောင်းရန်'က သဘာဝပတ်ဝန်းကျင်ကို အကျည်းတန်စေပြီ။ ကမ္ဘာ့


www.burmeseclassic.com

ကုသမဂ္ဂ ရှားပါးမျိုးစိတ်များဆိုင်ရာ နိုင်ငံတကာ သဘောတူချက်ကို နိုင်ငံ ၁၂၀က လက်မှတ်ရေးထိုးထားသော်လည်း တကယ်တော့ ထိရောက်မှုမရှိ။ တရုတ်၊ အိန္ဒိယဘက်က ကျားများ၊ ရုရှားဘက်က ကျားများ ထိုင်ဝမ်ကို ရောက်နေကြသည်။ အာဖရိကမှာ လူဝံပေါက်ကလေးကို 'ရောင်းရန်' လူဝံမကြီးကို သတ်ဖြတ်နေကြရသည်။ အပူပိုင်းဒေသက ငှက်ဖမ်းပိုက်ကွန်တွေထဲက ရှားပါးငှက်တွေကိုသာ လူတွေ တပ်မက်သည်။ ကျန်ငှက်တွေကတော့ သေချင်သေ။ ရှင်ချင်ရှင်။ ၁၀ ဒေါ်လာနှင့် ရနေသည့် ဘိုဂိုတာငှက်တစ်ကောင်က အမေရိကန်မှာ ဒေါ်လာ ၁၅၀၀ ဖြစ်သွားကာ ဥရောပမှာတော့ ဒေါ်လာ ၃၀၀၀ ဖြစ်သွားရသည်။ ဘရာဇီးမျောက်တစ်ကောင်က ဂျပန်မှာ ဒေါ်လာ တစ်သိန်းရချင်ရင်လည်း ရနိုင်ပါသည်။

လူသတ်လက်နက်တွေကို 'ရောင်းရန်'လို့ ဆိုင်းဘုတ်ချိတ်ထားသူတွေလည်း ရှိနေသည်။ အမေရိကန်၏ လက်နက်တင်ပို့ရောင်းချမှုသည် တစ်ကမ္ဘာလုံး လက်နက်ရောင်းချမှု၏ ၇၀ ရာခိုင်နှုန်း ရှိသည်ဟု ကျွန်တော် ဖတ်ဖူးသည်။ လက်နက်အသစ်အဆန်းတွေ မဝယ်နိုင်သော နိုင်ငံတွေကို အမေရိကန်က လက်နက်ဟောင်းတွေ မေတ္တာလက်ဆောင်ပေးနေသေးသည်။ စင်စစ် လက်နက်တွေကို ဖျက်သိမ်းပစ်ရမည့် စရိတ်စကကြီးတော့ ယာဂုထမနဲအိုးကြီးကွဲခါမှ ရွှေစည်းခံကို လှူခြင်း ဖြစ်သည်။ အမေရိကန်၏ လက်နက်တင်ပို့ရောင်းချမှုက မြင့်လာသည့်အခါ တရုတ်၊ ရုရှား၊ ဗြိတိန်နိုင်ငံတွေက သိပ်မရောင်းရတော့ ကမ်းနားဈေးထိပ်က ထမင်းဆိုင်တွေလို လုယက်လုငင် ဝယ်ယူပါတွေ ဖြစ်နေကြသည်။ မက်ဒေါနယ် ဒေါက်ဂလတ်စ်ကုမ္ပဏီက ကူဝိတ်နိုင်ငံကို လက်နက်တွေ 'ရောင်းရန်' ဆိုင်းဘုတ်ပြနေသည်။ နော့သ်ရောကုမ္ပဏီက ဖင်လန်နိုင်ငံကို လက်နက်

www.burmeseclassic.com

www.burmeseclassic.com


သုံးသိန်းဖိုးဝယ်လျှင် ကုန်ပစ္စည်းတွေ ဒေါ်လာ ၂ သန်းဖိုး ပြန်ဝယ်မည်ဟု ကတိပေးကာ 'ရောင်းရန်' ဆိုင်းဘုတ်ချိတ်နေသည်။ ဖို့ဝါသ်ကုမ္ပဏီက သူရောင်းမည့် လက်နက်တွေကို သက်ဆိုင်ရာ နိုင်ငံတွေမှာ ထုတ်လုပ်ဖို့ စီစဉ်ထားသည်။ အမေရိကန်၏ လက်နက်ဈေးကွက်က တတိယကမ္ဘာ့နိုင်ငံများကို ပစ်မှတ်ထားနေသည်။ စုစုပေါင်း ၆၆% လောက်က၊ တတိယကမ္ဘာ့နိုင်ငံတွေကို ရောက်နေသည်ဟု ဆို၏။

ခုတလော အာရှပစိဖိတ်ဒေသ စီးပွားရေးကောင်းမွန်လာမှုကို အကြောင်းပြုကာ ရေငုပ်သင်္ဘော စုဆောင်းလာမှုတွေ ရှိလာခဲ့သည်။ အထူးသဖြင့် အာရှနိုင်ငံတွေမှာ ရေတပ်အင်အား တိုးချဲ့ပြင်ဆင်နေကြတာကို အခွင့်ကောင်းယူကာ ရေငုပ်သင်္ဘောရောင်းရန်ဆိုတာတွေ ခေတ်စားလာခဲ့သည်။ မလေးရှား၊ ယိုးဒယား၊ စင်ကာပူလို အရှေ့တောင်အာရှနိုင်ငံတွေကလည်း ရောင်းရန် ဆိုင်းဘုတ်တွေ လိုက်ဖတ်နေကြသည်။ ကမ်းရိုးတန်း စောင့်တပ်ဖွဲ့ကို အလွန်အမင်း ခေတ်မီအောင် တိုးချဲ့နေကြသည်။ တစ်နိုင်ငံက ရေငုပ်သင်္ဘောဝယ်တာကြားလျှင် အိမ်နီးချင်းနိုင်ငံက သူ့ထက်ကောင်းတာဝယ်ဖို့ စိုင်းပြင်းနေကြသည်။ အထူးသဖြင့် ပထဝီနိုင်ငံရေးအရ အာရှနိုင်ငံအချင်းချင်း ဆက်ဆံရေးတွေ ရှုပ်ထွေးလာနေသည်။

'ရောင်းရန်' ဆိုင်းဘုတ်တွေထဲမှာ ကြောက်စရာအကောင်းဆုံးကတော့ ဇီဝစစ် **(Bio War)** သုံး ဓာတုလက်နက်များ ဖြစ်သည်။ ဒါတွေလည်း နိုင်ငံကြီးတွေမှာက တိတ်တဆိတ်ထုတ်လုပ်၊ တိတ်တဆိတ်ရောင်းချဖို့ လက်မရွံ့ကြ။ ရောဂါပိုးမွှားတွေကို ခေတ်မီလက်နက်များတွင် ထည့်သွင်းပစ်ခတ်လို့ ရနေခဲ့ပြီ။ နျူကလီးယားလက်နက်ပိတ်ပင်နေချိန်မှာ ဇီဝနှင့် အဆိပ်လက်နက်တွေက မျက်စိကျလောက်စရာ ဖြစ်နေသည်။

www.burmeseclassic.com

'ရောင်းရန်'တွေထဲမှာ ရုပ်ဝတ္ထုတွေချည်း မဟုတ်ပါ။ ဝန်ဆောင်မှုတွေကလည်း 'ရောင်းရန်'တွေထဲမှာ ပါပါသည်။ သိပ်မကြာသေးခင်က ဂိုးလ်ဒင်းဗင်းချာသင်္ဘောကြီးတစ်စင်း အမေရိကန်နိုင်ငံ ကမ်းခြေကို ဝင်ရောက်လာခဲ့သည်။ သင်္ဘောပေါ်မှာ ကုန်တွေမပါပါ။ လူတွေသာပါသည်။ အမေရိကန်နိုင်ငံတွင်း ခိုးဝင်မည့် တရုတ်လူမျိုး ၃၀၀ ကို ဆိုလိုပါသည်။ လူတစ်ယောက် ဒေါ်လာ ၂၀၀၀၀ တောင်းကာ ဂိုဏ်းတစ်ဂိုဏ်းက သယ်ယူပို့ဆောင်ပေးနေခြင်း ဖြစ်သည်။ သို့သော် အမေရိကန် ကမ်းခြေဝင်ခါနီးမှ သင်္ဘောက သောင်တင်သွားသည်။ လူမှောင်ခိုဂိုဏ်းခေါင်းဆောင် အာကေး၏ ဝန်ဆောင်မှု ကလည်း အမေရိကန်ရောက်လိုသူ တရုတ်တို့အတွက် 'ရောင်းရန်'ပင် ဖြစ်သည်။

စစ်ဆေးလွန်ကာလ၏ 'ရောင်းရန်'တွေထဲမှာ ဈူးကလီးယား လောင်စာချောင်းတွေကလည်း အန္တရာယ်မသေးလှ။ ဈူးကလီးယား မပြန့်ပွားရေးသည် စစ်အေးလွန်ကာလ၏ အဆုံးစွန် လိုအပ်မှုဆိုသော်လည်း လောင်စာချောင်းတွေက ကမ္ဘာအနှံ့အပြား ပြန့်နေခဲ့သည်။ မြောက်ကိုရီးယားအဏုမြူဓာတ်ပေါင်းဖိုတွေက တစ်ဆင့်လက်နက်အဆင့် ပလူတိုနီယမ်တွေ ပလူပုံအောင် ထွက်နေသည်ဟု သံသယတွေ ရှိခဲ့ကြသည်။ ပလူတိုနီယမ်နှင့် ယူရေနီယမ်ဒြပ်စင်တွေကို နောက်ပိုင်းမှာ တကယ်ပဲ မှောင်ခိုရောင်းဝယ်မှုတွေ ရှိလာခဲ့သည်။ ရုရှားတွေက သူတို့ဆီက ယူရေနီယမ်တွေ ပလူတိုနီယမ်တွေ မထွက်ပါဘူးလို့ ငြင်းခဲ့ကြသော်လည်း နောက်ပိုင်းမှာတော့ ပျောက်ဆုံးကြောင်း ကြေညာခဲ့ရသည်။ ယူရေနီယမ် ၁၃၆ အမျိုးအစားက စက်မှုလုပ်ငန်းတွေမှာ သုံးနိုင်သည်။ တစ်ကီလိုပေါက်ဈေးက ဒေါ်လာ ၁၀၀ က ၂၀၀ ဈေးရနေသည်။ 'ရောင်းရန်' လို့ ဆိုင်းဘုတ်မကပ်သော်လည်း


www.burmeseclassic.com

သူ့လမ်းကြောင်းနှင့်သူ အရောင်းအဝယ် ဖြစ်နေသည် ဟု ဆို၏။

ကျွန်တော်က ဓိဝစစ်၊ ဓိဝလက်နက်၊ ချူးကလီးယား၊ ပလူတို နိယမ်၊ ယူရေနီယမ်တွေအကြောင်း စဉ်းစားရင်းက မဒရပ်ပြည်နယ် 'ဗိလိဗက်ကမ်'ဆင်ခြေဖုံးဒေသက လူတွေအကြောင်း စိတ်ရောက်သွား ပြန်သည်။ ဗိလိဗက်ကမ်မှာ နေကြသူတွေအားလုံး ကျောက်ကပ်တစ် လုံးတော့ ရောင်းခဲ့ကြသူတွေချည်း ဖြစ်သည်။ ထိုဒေသက မိန်းမတစ် ယောက်ကတော့ ကျောက်ကပ်နှလုံးစလုံး ရောင်းချင်နေသူဖြစ်သည်။ သူတို့အားလုံး ကိုယ့်သွေးအမျိုးအစားကို ကိုယ်သိနေကြသူတွေ ဖြစ် သည်။

"ကျောက်ကပ်ရောင်းနေကြသူတွေဟာ ကောင်းတဲ့ ကိုယ် ကျင့်တရားရှိကြတယ်။ ကျောက်ကပ်ရောင်းလို့ရတဲ့ ကိုယ့်ပိုက်ဆံနဲ့ ကြေးဟောင်းဆပ်ဖို့ပဲ သူတို့မှာ အာရုံရှိကြတာပါ။ ကြွေးကျေရင် စိတ်ဖြောင့်လက်ဖြောင့် နေမယ်ပေါ့လေ။ ချမ်းသာသူတွေက အကြွေး ရှိတဲ့လူတွေကို တန်းစီစောင့်နေကြရတဲ့သဘောပဲ"

ကျောက်ကပ်ဆရာဝန်တစ်ဦး၏ မှတ်ချက်ဖြစ်သည်။ အထူး သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျောက်ကပ်ရောင်းစားသူတွေ များသည် ဟု ဆိုသည်။ ကျောက်ကပ်တစ်လုံး၏ တန်ဖိုးမှာ ဒေါ်လာ ၁၅၀၀၀ မှ ၇၅၀၀၀ အတွင်း ဈေးရနေကြသည်။ ချစ်တကောင်းမြို့ ရဲတပ်ဖွဲ့ ကတော့ ကလေးတွေ ပျောက်ချက်သားကောင်းနေတာကို ထောက်ပြ ခဲ့သည်။ ကိုယ်ခန္ဓာအစိတ်အပိုင်း ရောင်းဝယ်မှုသည် ရာဇဝတ်မှု များနှင့် ဆက်စပ်နေသည်ဟု ဆိုသည်။

"ခက်တာက သူတို့ကိုယ်တိုင်ရောင်းချင်နေကြတော့ လုပ်ရ ကိုင်ရတာ မလွယ်ဘူး။ ကျောက်ကပ်ရောင်းသူထက် ပွဲစားတွေက ပို ရနေကြတယ်။ တချို့ကတော့ ဈေးရတာပဲ သိတယ်။ ပေါက်ဈေးမသိ ဘူး။ ဒေါ်လာ ၁၀၀ နဲ့ ရောင်းခဲ့ကြသူတွေတောင် ရှိတယ်"

www.burmeseclassic.com

ကျွန်တော် 'ရောင်းရန်'တွေ အကြောင်း လျှောက်တွေးနေခြင်းဖြစ်သည်။ မနေ့တစ်နေ့က ပန်းချီပြပွဲတစ်ခုကို ကျွန်တော် ရောက်သွားသည်။ စားပွဲပေါ်မှာ အပေါက်ကလေးတွေပါသည့် စတစ်ကာအနီပြားလေးတစ်ပြားတွေ့နေရသည်။ အပေါက်ကလေးက လွတ်နေတာလေးပေါက်ရှိသည်။ သည်စတစ်ကာအဝိုင်းလေးကို ခွာကာ ဝယ်ယူပြီးသား ပန်းချီကားတွေမှာ တပ်ထားလိုက်ရသောကြောင့် ဖြစ်သည်။

"ကျွန်တော် ပန်းချီကား ၃၀ ပြထားတယ်။ ရောင်းမယ်ပေါ့ဗျာ။ ပြထားတယ်ဆိုကတည်းက ပန်းချီကားဝယ်မဲ့သူတွေကို 'ရောင်းရန်'လို့ ပြောစရာမလိုပါဘူး။ ပြထားတာ ရောင်းဖို့ပေါ့။ ဝယ်ပြီးရင်တော့ သည်စတစ်ကာအနီဝိုင်းလေး တပ်လိုက်ရုံပဲ။ **(Not For Sale)** ပေါ့။ တစ်ခြားလူကိုရောင်းရန်မဟုတ် ဖြစ်သွားပြီ"

**(Not For Sale)**အမှတ်အသားကပ်ထားပြီးသားဆိုသော ပြား ပန်းချီကားက ရောင်းပြီးသားဆိုသည့်သဘောဖြစ်သည်။ မရောင်းပါဆိုသည့် ရောင်းပြီးသား အမှတ်အသားဖြစ်သည်။ ကျွန်တော် တွေးမိတာတစ်ခုရှိသည်။ 'ရောင်းရန်'ဆိုသည့် အဓိပ္ပာယ်နောက်မှာ အကျိုးစီးပွားကိစ္စတွေ ပါသည်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ ထိုအကျိုးတရားက အကြောင်းတစ်ရားသစ် ဖြစ်ရသော ကမ္ဘာလောကကြီးတစ်ခုလုံးကို **"Not For Slae"** စတစ်ကာအနီဝိုင်းကလေး ကပ်လို့ မရနိုင်ပါ။ ကမ္ဘာလောကကြီးကိုယ်တိုင်က မရောင်းရဆိုသည့် ရောင်းပြီးသားဖြစ်နေသောကြောင့် ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# ပျက်ကွက်သူ

"အမေလှမ်းပို့လိုက်သော စာတစ်စောင်အတွက် ကျွန်တော်၏ ပြန်ကြားလွှာလို့ ဆိုရပါမည်။ စိတ်ကြမ်း မာန်လျော့ ကျွန်တော် ကန်တော့ဖို့သည်ကဗျာတို စာတိုကို ကျွန်တော် ရေးဖွဲ့ပါသည်။ အမေ့အချစ်ဆုံးသားဆီက ပို့သအပ်သောသတင်းစကား ကောင်း ဖြစ်ပါစေလို့ ကျွန်တော် မျှော်လင့်သည်။ တစ်နည်း အားဖြင့် မိခင်အပေါ် ပျက်ကွက်နေကျသားတစ်ယောက်၏ မေတ္တာသဝဏ်လို့လည်း ဆိုနိုင်ပါသည်။

'အမေတို့အိမ်ကလေးကနေ အမေ့သားဆီကို မေတ္တာ တွေ ပို့သလျက်ပါကွယ်။ ဘုရားသခင်က အမေနဲ့သား မိုင် ပေါင်းထောင်ချီဝေးနေသင့်တယ် ယူဆတော်မူလို့ ခွဲခွာထား တယ်ဆိုဦးတော့ အမေ့နှလုံးသားက တစ်ဆင့်ပို့သတဲ့ 'မှာရွေ စကား'ပေါ့လေ။ မေတ္တာရဲ့ အတောင်ပံများအားဖြင့် အမေ့ အတွေးအာရုံတွေကိုလည်း ပို့လွှတ်မိပါရဲ့။ တစ်နေ့တစ်နေ့ အမေ့မှာ သားအကြောင်းကိုပဲ တွေးနေမိတယ်။ ဘုရားသခင်က စောင့်ရှောက်တော်မူပါစေလို့လည်း ဆုတောင်းနေမိတယ်။ ဘုရားသခင် စီမံတော်မူရာအတိုင်းပေါ့ကွယ်"

ကမ္ဘာလောကရဲ့ မှောင်ကြီးမည်းမည်း မိုက်မလင်းမှုတွေ၊ အဝိဇ္ဇာတွေက ကင်းပအောင် မေတ္တာရဲ့ အလင်းများအားဖြင့်

www.burmeseclassic.com

*ထွန်းလင်းဝင်းပနိုင်ပါစေ။ မမြင်စမ်းစမ်း ဝိညာဉ်တွေကို မြင်စွမ်းဖို့သင်ကြားနိုင်ပါစေ။ အလင်းဝိညာဉ်မျက်လုံးတွေကို ပင့်မနိုင်ပါစေ။ ရဲရင့်ပြီး တောက်ပခမ်းနားတဲ့ လုပ်ဆောင်မှုတွေကို ကြိုးကုတ်နိုင်ပါစေ။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို သတ္တဝါအများ ကြားနာနိုင်အောင် ဟောကြားပြသနိုင်ပါစေ။ သားရဲ့ ကြိုးပမ်းအားထုတ်မှု နှစ်ကာလတွေကပဲ စွမ်းဆောင်ရည်တွေကို သရဖူဆောင်းပေးပါလိမ့်မယ်။ အမေ့သားလေး။ ဘုရားသခင်ကိုယ်တော်တိုင် ကောင်းချီးပေးတော်မူပါစေကွယ်"*

***[Patience Strong ၏ Absent Son]***

သည်မနက် ကျွန်တော် စာရေးစားပွဲထိုင်တော့ ကောင်းကင်မှာ နေမရှိ။ ကောင်းကင်အလင်းရောင်က ညစာရေးစားပွဲပေါ်မှာ လင်းလင်းဖိတ်ဖိတ်ကျနေသည်။ ပြတင်းက မြင်ရသော ရေကန်ကျယ်ကြီးထဲမှာ လှေကလေးတစ်စီးက ငါးစာတွေ လိုက်ကျွေးနေတာ မြင်နေရသည်။ မိုးသားတွေက အပြည့်အသိပ်ဆိုသော်လည်း သည်ရက်တွေထဲ မန္တလေးမှာ မိုးမရှိ။ လေကတော့ ထန်လှသည်။ ကဆုန်၊ နယုန်တောင်လေအဖြူးမှာ ရာသီဥတုက အေးမြနေသည်။ စာရေးမှာလား၊ စာဖတ်မှာလား။ မနေ့ကပဲ ထွန်းဦးစာပေက စာအုပ်တော်တော်များများ ဝယ်လာဖြစ်တော့ ဖတ်စရာတွေက များနေသည်။ စာကလည်း ရေးချင်နေသေးသည်။ သည်အကြောင်းတွေကို တွေးရင်း ကျွန်တော့်ဘဝကို ကျွန်တော် မြင်နေရသည်။ စာရေးသားခြင်းဖြင့် ဖြစ်တည်မှုဘဝတစ်ခုကို တည်ဆောက်မိပြီးသား ဖြစ်နေပါကကော။

ညက တစ်ဝက်တစ်ပျက် ရေးထားခဲ့သော ပေးရှင့်စထရောင်း၏ **Absent son** ကို ကျွန်တော့် **Clipboard** မှာ ညှပ်လျက်သား



www.burmeseclassic.com

တွေ့နေရသည်။ အမေတို့အိမ်ကလေးကနေ အမေ့သားဆီကို မေတ္တာတွေ ပို့သလျက်ပါကွယ်တဲ့။ မိခင်တစ်ယောက်က သားထံ ရေးလိုက်သည့် ပဲတီပင်ကွေးလက်ရေးကလေးတွေအကြောင်းကို ကဗျာဆရာက အမှတ်တရ ရေးခြစ်ထားပါသည်။ ပျက်ကွက်သူသားတစ်ယောက်ဆီကို သတိတရ မေတ္တာတွေ ပို့လွှက်ပေးနေသည့် မိခင်၏ ချစ်ခြင်းမေတ္တာကို၊ ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ကမ္ဘာလောက၌ မိခင်နှင့် ပတ်သက်လျှင် သားသမီးတွေက ပျက်ကွက်သူတွေချည်း ဖြစ်လိမ့်မည်။ ကျွန်တော် စာတွေရေးဖို့ နူးညံ့သော စိတ်နှလုံးကို အမေပေးခဲ့သည်။ လူနှင့် လောကသမူဟဖြစ်ဖို့ ဒါမှမဟုတ် အညမည ဖြစ်ဖို့၊ ဒါမှမဟုတ် ပဋိပက္ခသဘော၊ ဒါမှမဟုတ် ဝိရောဓိအစုံတို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အမေကပဲ သင်ကြားပေးခဲ့သည်။ အမေက အတွေးအခေါ် ပညာရှင် မဟုတ်ပါ။ သို့သော် အမေ့နှုတ်ထွက်စကားတွေက လောကကို ဆင်ခြင်ပြီးသား၊ ဘဝကို ဆင်ခြင်ပြီးသားတွေချည်း ဖြစ်နေသည်။

အမေ့စကားကလေး ရိုးရိုးပြောတာကပဲ ကျွန်တော့်အတွက် စရိုက်ဖွဲ့ ဝတ္ထုတွေ ဖြစ်နေတတ်သည်။ ဆင်းရဲသော်လည်း အမေက ပဲ ပညာတွေ သင်ပေးခဲ့သည်။ အဖေက အဝေးမှာ၊ အမေက အနီးမှာ။ အဲသလို အခြေအနေမျိုးမှာ ကျွန်တော်ကြီးပြင်းခဲ့ရသည်။ အမေ့မှာ 'မပြည့်စုံ'ခြင်းတွေသာ ကြွယ်ဝနေသည်။ ကြောင့်ကြမှုတွေသာ များပြားနေသည်။ လိုအပ်မှုတွေသာ ဖိတ်ကျနေသည်။ အမေ့မှာ တစ်ခါမှ ပိုက်ဆံများများစားစားမရှိ။ ရော်ဘင်မဲနယ်ခဲသံဘူးက လေးက အမေ့ပိုက်ဆံတွေထားရာ မီးခံသေတ္တာဖြစ်သည်။ အမေ့ ချွေးစော်နံ့အတွင်းခံအင်္ကျီက အမေ့ဘဏ်တိုက်ဖြစ်သည်။ သည်နှစ် နေရာမှာ ပိုက်ဆံမရှိလျှင် ဘယ်နေရာမှ မရှိတာ သေချာသည်။ အဖေ အဝေးက လှမ်းပို့တတ်သော ငွေစကြေးစေ နည်းနည်းကလေး



www.burmeseclassic.com

ရောက်လာလျှင်တော့ အမေ့ဘဏ်တိုက်နှင့် မီးခံသေတ္တာမှာ ပိုက်ဆံရှိနေတတ်၏။

ကျွန်တော်နှင့် ရွယ်တူသူငယ်ချင်းတွေက ယာထဲကိုင်းထဲ ပေါင်းသင်၊ ပဲရိတ်လိုက်နေရသည်။ ဆိတ်ကျောင်း၊ သိုးကျောင်း ထွက်နေရသည်။ အမေက ကျွန်တော့်ကို ယာခင်းကိုင်းခင်း၊ စားကျက်ကွင်းထဲကို အရောက်မခံ။ 'တန်းကျောင်း'လို့ ခေါ်ကြသည့် စာသင်ကျောင်းကိုပဲ ပို့ထားသည်။ မှတ်ပုံတင်ကတ်ပြားပေါ်မှာ သူကိုယ်တိုင် ကြက်ခြေခတ် လက်မှတ်ကို ထိုးပေးလိုက်ရတုန်းက အမေ ဝမ်းနည်းသွားခဲ့ဖူးသည်။

"အမေ့ကို မသိန်းဆိုတာလေး ရေးတတ်အောင် သင်ပေးစမ်း။ ကြက်ခြေခတ်ရတာ အမေ့ဖြင့် ရှက်လိုက်တာ"လို့ အမေ ပြောဖူးသည်။ အမေက **Knowledge Explosion** ဆိုတာကို မသိ။ **Human Resource** ကိုမသိ။ ပညာလူ့အဖွဲ့အစည်းဆိုတာကိုမသိ။ **Info-tech** ဆိုတာကို မသိ။

အမေသိတာ ကြက်ခြေခတ်ရတာ ရှက်ခြင်းသာ ဖြစ်သည်။ သားဖြစ်သူကိုသည် 'ရှက်ခြင်း' လက်ဆင့်မကမ်းလိုခြင်းသာ ဖြစ်သည်။ အမေက ကျွန်တော့်ကျောင်းလွယ်အိတ်ကို ညနေတိုင်း စစ်ဆေးတတ်သည်။ ကျွန်တော်တို့ အိမ်ကလေး၏ အိမ်လည်တိုင်သည် မမသား ကောက်ကောက်တစ်ချောင်းဖြစ်သည်။ သည်တိုင်မှာ 'တိုင်' သက်သက် တာဝန်သာမက အခြားပစ္စည်းပစ္စများ ချိတ်တွယ်ရာ လက်ခံတိုင်လည်း ဖြစ်သည်။ သည်တိုင်မှာ ကျွန်တော့်ကျောင်းလွယ်အိတ်ရှိသည်။ မီးတိုင်ခွက်တင်ရာ ငါးသေတ္တာဘူးခွံရှိသည်။ စိပ်ပုတီးချိတ်ထားသည်။ အဖေ့အလွမ်းပြေ 'ရှော'စောင်ကလေးရှိသည်။ အမေ့ငယ်ဓာတ်ပုံလေးတစ်ပုံနှစ်ပုံ ရှိသည်။ အမေက ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


လွယ်အိတ်ကို ဖြုတ်၊ စာအုပ်တွေကို နေ့စဉ် လှန်ကြည့်တတ်သည်။ မင်နီကြက်ခြေခတ်တွေက အမှား၊ မင်နီအမှန်ခြစ်က အမှန်ဆိုတာ အမေသိသည်။ ကြက်ခြေခတ်တွေ တွေ့လျှင် အမေ့မျက်နှာမကောင်း။ ကျွန်တော့်ကိုတော့မဆူပါ။ ကြက်ခြေခတ်တွေကို တွေ့တိုင်း ကျွန်တော့် အမေကို ဖျတ်ခနဲ သတိရနေတတ်ပါသည်။ အခုတော့ ကျွန်တော် စာရေးခြင်းဖြင့် အသက်မွေးနေရသည်။ စာရေးဆရာတစ်ယောက်ဖြစ်ဖို့ အကြောင်းခြင်းရာများစွာက ပံ့ပိုးခဲ့သည်မှန်သော်လည်း အမေ့ ပယောဂများများပါတာကို ကျွန်တော် မမေ့နိုင်။ အမေက လူတွေ အကြောင်း စီကာပတ်ကုံး ပြောတတ်သည်။ စာမတတ်သော်လည်း စကားတွေကို ခင်းခင်းကျင်းကျင်း ပြောတတ်သည်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်သည်။ ရွာမှာ လူတစ်ယောက် ကွယ်လွန်လျှင် ကွယ်လွန်သူ၏ ကိုယ်ရေးအကျဉ်းကို အခြေခံကာ ကောင်းကွက်တွေချည်း ရှာရှာဖွေဖွေ ပြောပြတတ်သည်။ သေတာချင်းတူဦးတော့ သူကြီးကတော် ဒေါ်အေး သေတာက အကောင်း။ ရေထမ်းသမားကိုမွှားသေတာက အဆိုး ဆိုတာမျိုးမဟုတ်။ သေသူတို့၏ အကောင်းဆုံး ဂုဏ်သိက္ခာပုဒ်တွေကို ရွေးထုတ်ကာ မျက်ရည် စမ်းစမ်းနှင့် အောက်မေ့စကားဆိုတတ်ခြင်း ဖြစ်သည်။ ရွာကျိုးရပ်ကျိုး သယ်ပိုးခဲ့တာကို ရွေးရွေးချယ်ချယ် ချီးကျူးတတ်ခြင်း ဖြစ်သည်။ ရှင်သူတွေကိုတော့ အမေက သူမြင်သလို အကဲဖြတ်တတ်သည်။ ထိုသူ၏ ဆိုးခြင်း ကောင်းခြင်းတွေကိုရော မွှေကာ စရိုက်ဖွဲ့ဝတ္ထုတစ်ပုဒ်လို ပြောပြတတ်သည်။ ကမ္ဘာ့စာပေတွင် မိုပါဆွန်းဝတ္ထုကျောင်း (ဝတ္ထုဂိုဏ်း)နှင့် ချက်ကော့ ဝတ္ထုကျောင်း နှစ်ကျောင်း ရှိသည်ဟု ဆိုကြသည်။ ကျွန်တော်ကတော့ အမေ့ဝတ္ထု ကျောင်း (ဝတ္ထုဂိုဏ်း)က ဆင်းခဲ့သူသာ ဖြစ်သည်။

"မင်းဘူးတရားရုံးမှာ ကိုစံသင်နဲ့ မကောင်းလှကွာရှင်းကြရော၊ မကောင်းလှက နောက်လင်လိုချင်တော့ ကိုစံသင် မကောင်းကြောင်း

www.burmeseclassic.com

တွေ ပြောတာပဲ။ အမယ်လေး မကောင်းလှက တရားရုံးမှာ ဒေါင်းတီမောင်းတီနဲ့တော့။ ဟော အင်္ကျီက ဇလတ်ညွှန့်စိမ်းကလေးနဲ့ ရင်ဖုံးခောက်ထိုးကလေးဝတ်လို့။ ထဘီက စူရတီဒူးနှားကို ရင်ခေါင်းတက်ဝတ်ပြီး ခေါင်းက ဘီးကျော့ကလေး ခပ်လျော့လျော့ ပတ်ထားတာများလှချက်တော့။ ခါတိုင်း မစားတဲ့ ကွမ်းကလေး အာခေါင်ရဲနေအောင် စားထားလိုက်သေး။ ပိုက်ဆံအိတ်ကြီးကို ဘိုကတော် မလှညွှန့်တို့ လုပ်သလို ချိုင်းကြားညှပ်တာကလည်း မာန်ပါလိုက်တာ။ ကုန်ချင်သလောက်ကုန်စမ်းဆိုတဲ့ သဘောပေါ့လေ"

ဇာတ်ရုပ်ကို မျက်စိထဲမြင်အောင် ပြောတတ်သော အမေ့စရိုက်ပဲဖြစ်သည်။ အခုတော့ အမေမရှိတော့။ လောကထဲက ဇာတ်ရုပ်တွေကို အတွေ့တစ်မျိုး၊ အတွေးတစ်မျိုးဖြင့် ကျွန်တော် ဝတ္ထုလုပ်နေရသည်။ အမေရှိစဉ်က အမေနှင့် ကျွန်တော် ဝေးနေရဖူးသည်။ တစ်ခါတစ်ခါ ရောက်သော်လည်း လူမရောက်။ တစ်ခါတစ်ခါ လူရောစိတ်ပါ မရောက် ဖြစ်တာတွေလည်း ရှိသည်။ တဂိုး၏ ကဗျာတစ်ပုဒ်ထဲကလို မိုး၏ သားသမီးချင်းအတူတူ မိုးလျှံက ကောင်းကင်ကိုတက်၍ ပြာကတော့ မြေပေါ်ကို ခုန်ဆင်းနေခြင်းများလား။ အမေ့မေတ္တာတွေက အလျှံတညီးညီး ရှိသော်လည်း ကျွန်တော်ကတော့ ပြာတွေလို မြေပေါ် ခုန်ဆင်းနေရသည်။ အမေနှင့် ပတ်သက်လျှင် ကျွန်တော်ကိုယ်တိုင် ပျက်ကွက်သူ ဖြစ်နေရသည်။ အမေ့ဆီက စာတစ်ကြောင်း၊ ပေတစ်ဖွဲ့ရောက်မလာသော်လည်း အမှာစကားတွေ ရောက်လာတတ်သည်။ ပဲတစ်ပြည်၊ ဆီတစ်ပုလင်း ရောက်လာတတ်သည်။ လူကြုံကောင်းလို့ ကျွန်တော် တစ်ခါက အမေ့ထံ မုန့်ပို့ဖူးသည်။ ဂျေဒိုးနတ်မုန့်တွေ ဖြစ်သည်။ လူကြုံပြန်လာတော့ အမေက အမှာစကားပါးလိုက်သည်။ 'မြို့က အင်္ဂလိပ်မုန့်လက်ကောက်တွေဟာ

www.burmeseclassic.com

ဈေးကြီးဆို၊ မပို့ပါနဲ့ တို့ဆီက မစောရင်မုန့်လက်ကောက်တွေ ရှိပါတယ်။ ငါးသားသာ ကျန်းမာအောင်နေပါ။ အသုံးအဖြုန်းလျှော့ပါ။ ရတနာသုံးပါး ဆည်းကပ်ပါ”တဲ့လေ။

ကျွန်တော့်ဘဝ၏ တချို့သော အကန့်တွေမှာတော့ အမေနှင့် ကျွန်တော် ဝေးနေရလို့ ဝေးနေရခြင်း မဟုတ်ဘဲ နီးနေရလို့ ဝေးနေရခြင်းတွေလည်း ရှိခဲ့သည်။ မျက်ခွံနှင့် မျက်လုံးလို နီးလျက်က မမြင်ရခြင်းမျိုး၊ နီးလျက်က ဝေးနေရခြင်းမျိုးဖြစ်သည်။ အနေနီးသော်လည်း ခရီးဝေးနေရခြင်းမှာ ငယ်စဉ်က ပစ်ထားပြီး ကြီးခါမှ လွမ်းပြနေတာမျိုး မဟုတ်ပါ။ ကျွန်တော်တို့အားလုံး မိဘနှင့် ပတ်သက်လျှင် ပျက်ကွက်သူတွေချည်းသာ ဖြစ်ကြောင်း ပြောလိုရင်း ဖြစ်ပါသည်။ သည်သဘောမျိုး ရေးသားထားသည့်စာ၊ ကဗျာတွေကို ကျွန်တော် တွေးနေမိသည်။ ကျွန်တော့် ခေါင်းထဲရောက်လာသည့် စာတွေက ဆရာသိန်းဖေမြင့်၏နှင့် ဆရာပိုင်စိုးဝေ၏ သိန်းစွန်ငှက် အပြန်လှမ်းတို့ ဖြစ်သည်။ ဆရာညိုထွန်းလူ၏ မြင့်မိုရ်၏ တောင်စဉ်တောင်တန်းများလည်း ပါပါသည်။

“ကျွန်တော်အမေ့ကို သတိရတာတစ်ခု ရှိသေးသည်။ မကျန်းမမာဖြစ်တိုင်း အမေ့ကို သတိရ၏။ ကျွန်တော့်အသက် ၂၀ ကျော်လောက်တွင် အသည်းအသန်မမာမကျန်း ဖြစ်လေရာ အမေပြုစုပါသည်။ အဖျားတက်၍ အလူးအလဲ ခံရစဉ် အမေလာ၍ ပွေ့သောအငွေ့ကို အခုပင် ခံရသလို ကောင်းစွာ မှတ်မိသည်။ မိခင်၏ ရင်ငွေ့ကား သက်သာရေးပေးစွမ်းနိုင်လှ၏။ အမေသည် ညလည်း တစ်ညလုံးလိုလို ထိုင်စောင့်နေ၏။ နာလန်ထူ၍ လမ်းလျှောက်သော အခါမှာလည်း အမေကပဲတွဲ၍ ခေါ်ပါသည်။ အမေ၏ မေတ္တာသည်

www.burmeseclassic.com

ကျွန်တော့်အား ကြီးမားသောအားကို ဖြစ်စေပါ၏။

သို့သော် အမေမမာမကျန်းဖြစ်သောအခါများ၌ ကျွန်တော်တို့အနားမှာ မရှိကြသည်ကများ၏။ နောက်ဆုံး အမေမမာမကျန်းဖြစ်သောအခါ၌ အမေက ဆားလင်းကြီးမှာ၊ ကျွန်တော်က ရန်ကုန်မှာ အလောင်းကို မိလိုက်ရုံသာ ပြေးသွားနိုင်၏။ အမေ့အား အတုံ့အပြန် မပြုစုလိုက်ရပါ။ ဘုတလင်၊ ဆားလင်းကြီးတို့ကိုလည်း အမေဆုံးပြီးကတည်းက မရောက်လေပါ။ ရှစ်နှစ်တိုင် ကြာလေပြီ။ အမေကွယ်လွန်ခြင်းကြောင့် ကျွန်တော့်ဘဝတွင် ကြီးမားသော ဟာလာဟင်းလင်းကြီးတစ်ခု ဖြစ်ပါသည်။ ကျွန်တော့်အဖို့ အမေ ကွယ်လွန်ခြင်းမှာ ဤကမ္ဘာတွင် ကြီးမြတ်သော မိန်းမသားတစ်ဦးဆုံးရှုံးသည်ဟု ယူဆပါသည်’

‘ဆရာသိန်းဖေမြင့်၏ ‘အမေ’ထဲက ဖြစ်သည်။ ကျွန်တော်က ဆရာသိန်းဖေမြင့်၏ အမေကို ဖတ်တိုင်း ထိထိခိုက်ခိုက်ဖြစ်ရသော နေရာတစ်ခုရှိသည်။ သားနှင့် ခွဲရတိုင်း အမေ၏ “လွမ်းကျန်ခြင်းဝေဒနာ’ကို ဖြစ်သည်။ ‘ရန်ကုန်ကျောင်းသွားတော့ အမေမီးရထားဘူတာလိုက်ပို့သည်ဟု အမှတ်ရသေးသည်။ အမေမှာ တမာပင်ကလေးကို မှီလျက် ညှိုးငယ်သော မျက်နှာငယ်နှင့် ကျွန်တော့်ကို ကြည့်နေပါသည်။ ရထားလူကျပ်သဖြင့် ကျွန်တော့်မှာ ပြတင်းပေါက်တည့်တည့်တွင် နေရာမရဖြစ်လေရာ အမေ့အား၊ မျက်နှာကို ပြည့်ဝစွာ မပြနိုင်လေပါ။ အမေကား အားမလို အားမရ ဖြစ်နေ၏”

ဒါကရွာမှ ရန်ကုန်ကျောင်းအသွား မိခင်၏ခံစားမှုကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ တစ်ခါတော့ ကာလကတ္တားသို့ ကျောင်းအဖွင့်အပြန် ဆားလင်းကြီးမှအထွက် မြင်ကွင်းကို ရေးပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


"ကာလကတ္တားပြန်ရန် ဆားလင်းကြီးမှ ထွက်သောအခါ ဘတ်စကားဂိတ်သို့ အမေလိုက်ပို့သည်။ ကားပေါ်က ကျွန်တော့်အား ကားအောက်က အမေက မျက်ရည်တွေနှင့် စိုက်ကြည့်နေစဉ် ကားစက်နိုး၍ ထွက်ပါသည်။ ထိုအခါ အမေမှာ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ကားနောက်က အပြေးကလေး လိုက်၍ ကျွန်တော့်မျက်နှာကိုပင် စိုက်ကြည့်လျက် ကြည့်မြဲကြည့်နေပါသေးသည်။ သို့သော် ဘတ်စကားသည် အမေမမီအောင် ပြေးလေပြီ"

ကျွန်တော်က သည်အဖွဲ့ကို သတိရရင်းက အမေ့ကိုပါ မြင်ယောင်နေမိသည်။ ဝေသီသီမျက်လုံးများဖြင့် ကျွန်တော့်ကို အမေ ဖက်ထားတတ်သည်။ မျက်နှာတွေ၊ ပခုံးတွေ၊ ရင်ဘတ်တွေကို အမေ့လက်နှင့် လိုက်စမ်းကာ သားဖြစ်သူကို ဆင်တစ်ကောင်၊ ကျားတစ်ကောင်လို ခံစားနေရပုံမျိုး ဖြစ်သည်။ ထိုအခါမျိုးတွင် ကျော့ရှင်းလှပသော လည်တိုင်ကို ပင့်ထောင်ကာ တောသုံးထောင်ကို မျက်ဝန်းတစ်ဆုံး လှမ်းမျှော်ကြည့်နေသည့် ခြင်္သေ့တစ်ကောင်လို အမေ ထင်မြင်နေပုံရသည်။ ဆရာသိန်းဖေမြင့်ကတော့ သည်လို ဆက်ရေးပါသည်။

"သည်လိုအမေကား နောက်က အပြေးကလေး လိုက်ကြည့်ပုံကို ကာလကတ္တားတက္ကသိုလ်မှ ကျွန်တော့်ဆရာဒေါက်တာဘရူးဝါးအား ပြောပြလေရာ 'မင်းကရော မျက်ရည်ကျသေးသလား' ဟု မေး၏။ ကျွန်တော်ကတော့ မကျဘူးဟု ဆိုရာ၊ ဟက်ဟက်ပက်ပက် ရယ်ပြီး 'မင်းလိုကောင်မျိုး သည်လိုချစ်မြတ်နိုးတဲ့ အမေနဲ့ မထိုက်တန်ဘူး' ဟု မှတ်ချက်ချပါသည်"

တစ်ဆက်တည်းမှာ ဆရာပိုင်စိုးဝေ၏ 'သိန်းစွန်နှုက်အပြန်


www.burmeseclassic.com

လမ်း’ကဗျာကိုလည်း ကျွန်တော် သတိရပါသည်။ မြို့ပြရောက်သားတစ်ယောက်၏ ရွာပြန်စိတ် ခံစားမှုကို ဖွဲ့သည်။ သည်ကဗျာမှာလည်း အညာကျေးလက်က အမေ့အတွက် အဝေးရောက်သား၏ ‘ပျက်ကွက်မှု’တွေကို တွေ့ရသည်ဟု ထင်ပါသည်။ ကဗျာဆရာက သူတို့ ရွာကလေးကို ဖွဲ့သည်။

“ရွာဆိုတာ
တမာထနောင်း
ရှားစောင်းပြဿဒ်
သန်းဒဟတ်ပင်တွေနဲ့
မိုးနှံ့ချုံပုတ်၊ ရှားပင်ငုတ်တို
နီညိုညိုကျောက်ခဲလုံးတွေနဲ့
ထန်းပင်မြင့်မြင့်ကြီးတွေကြားက
တဲကလေးတစ်လုံးပါ”

သည်ရွာကလေးမှာ အမေနေသည်။ ကဗျာဆရာသားဖြစ်သူက မြို့ပြမှာ နေသည်။ နွေဦးရက်တွေအကြောင်း သီချင်းမဆိုနိုင်တဲ့ ဥသြငှက်တစ်ကောင်ရဲ့ ကြေကွဲမှုလို၊ ယာခင်းထဲက ဘဝကို အဝေးကပဲ တမ်းတနေရသူ။ အမေ့အား ထာဝရလုပ်ကျွေးပြုစုနိုင်သည့် ကိုယ်ဖြစ်ရပါလို၏ ဆုတောင်းခဲ့ဖူးသူ။

“ကြေးစည်ကို ရိုက်နှက်ကြပေါ့
လှည်းဘီးကို သူတို့တွန်းကြပေါ့
ဟော…
နီညိုညိုကျောက်တုံးတွေကြားက
ရထားတစ်စင်းဟာ



www.burmeseclassic.com

 www.burmeseclassic.com 

အဝေးကို ထွက်ခွာသွားပြီ”

ကဗျာဆရာရွာကို ရောက်တော့ အမေ့အလောင်းကိုပဲ မီရုံရှိခဲ့သည်။ ယာခင်းတွေ အကြားမှာ ထန်းတောညို့ညို့ကြားမှာ အမေနေရင်း ရုန်းကန်ခဲ့ရသည့် အမေ့ဘဝကို မမီနိုင်တော့,။ အစ်မယောက်ျားက ထန်းရည်သမား။ အစ်ကို့မိန်းမက မီးယပ်ကျိုး၊ မျက်စိတစ်ဖက်ကွယ်။ အမေ့မြေးများ၊ ထန်းလျက်ကျို၊ ထင်းခွေ၊ ရေခပ်၊ ငတ်မသေဖို့ အမေ ရုန်းကန်ရတဲ့နေ့တွေမှာ သားဖြစ်သူက အဝေးမှာ။ တစ်ညပျူစောထီးဆိုလား ရဲဘော်ဖြူဆိုလား တံခါးကို ခေါက် နွားကောက်စမ်းခိုင်းရင်း အဖေ့ကို ခေါ်သွားခဲ့ကြသည်။ ရွာ့အနောက်ဘက် ထန်းတောအုပ် အုပ်တောင်ကြားက သေနတ်သံတစ်ချက်။ ရာဇဝင်ကို ဖြတ်သန်းရသည့်ည။ လွတ်လပ်ရေးရပြီးခါစ၊ သူခိုးဓားပြတွေ တန်ခိုးပြလို့ ကောင်းသည့် ကာလမှာတော့ အမေ့ကျောပေါ်မှာပဲ ကြီးပြင်းခဲ့ရသည်။

“စစ်စနက်မီး အကြွင်းအကျန်တွေနဲ့
ခေတ်အပျက်ကြီးကို တွန်းလှန်ရင်း
အမေရယ် တခြားအမေတွေရယ်
အမေတွေ အားလုံး
ကလေးတွေကို ပခုံးပေါ်တင်ပြီး
ပြေးကြလွှားကြ ပုန်းအောင်းကြနဲ့
တချို့သားသေ၊ တချို့လင်ဆုံး
စစ်ဆိုတာကြီးကို
မုန်းတီးခဲ့တယ် မဟုတ်လားအမေ”။

အဖေမရှိသည့် နောက်မှာတော့ အမေ၊ အစ်ကို၊ အစ်မနှင့်မိမိ။ သာသနာ့ဘောင်မှာ အရိုးထုတ်ဖို့ စဉ်းစားခဲ့သည့် အစ်ကိုက ထန်း

www.burmeseclassic.com

လှိုင်းသင်ရ၊ ကဗျာဆရာ ငယ်ဘဝကတော့ ဘုန်းကြီးကျောင်းသား။ ပြည်တော်သာ ကျောင်းသား။ ကျောင်းဆင်းချိန်မှာ ဆိတ်ကျောင်းသား။ ခွေးခေါ် ပတတ်တူး၊ ဟင်းရွက်ခူး၊ ယုန်ရှာ၊ တောင်ယာလုပ်သူ၊ ထင်းခုတ်သူ၊ ထန်းလျက်ကျိုသူ၊ ထန်းတက်သူတွေကြားက ဘဝများ။

သည်တစ်ခေါက် မြို့ပြက ရွာရောက်တော့ အမေမရှိတော့။ အစ်ကိုက ထန်းလှော အစ်မက မျက်စိကွယ်၊ တူကလေးတွေက မြို့မပြန်ပါနဲ့ဦးတားတော့။

"မင်းတို့အတွက် ငါ့အတွက်
အနှစ်သုံးဆယ်လုံးလုံး
ဦးလေး စဉ်းစားနေတုန်းပဲ
စဉ်းစားနေတုန်းပါပဲကွယ်။
တစ်စုံတစ်ရာ
ကတိတွေ ပေးထားပစ်ခဲ့ပြီး
နံနက်ခင်းတစ်ခုမှာ
ငှက်တစ်ကောင်လို ပျံပြေးသွားမယ်"

သည်တစ်ခေါက်မှမဟုတ်။ အမေ့ကို ထားခဲ့ပြီး ပထမတစ်ခေါက် မြို့ပြကို ထွက်ခဲ့တုန်းကလည်း သည်ခံစားမှုမျိုး ကြုံရဖူးသည်။ ယာခင်းနံဘေး တောလမ်းကလေးပေါ်မှာ မြက်ရိုင်းပင်တွေကို တိုးဖြတ်၊ ဖိနပ်သံတွေသာ ကျန်ရစ်ခဲ့သည်။ ယာခင်းတွေကို နောက်ချန် တောတန်းတွေသာ ကျန်ရစ်ခဲ့သည်။ ကျောက်စရစ်ကုန်း ခေါင်တလင်းပြောင်မှာ ယုန်ထောင်ပတတ်တူး၊ ချိုးတည် ငယ်ဘဝတွေသာ ကျန်ရစ်ခဲ့သည်။ လိမ်လိမ်မာမာနေဖို့ စကားလုံးတို့ တုန်ခါ၊ အမေ့မျက်နှာပေါ်မှာ မျက်ရည်တွေသာ ကျန်ရစ်ခဲ့သည်။ တုန်ခါနေတဲ့ ခါတ်ကြိုးပေါ်မှာ တောကျီးကန်းတစ်ကောင်တည်း အော်မြည်ရင်း ကျန်ရစ်ခဲ့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

"ခံစားရပြီပေါ့အမေ
ကျွန်တော်ဟာ အဲလ်ဘတ်ကမူးမှ မဟုတ်ဘဲ
ကျွန်တော်ဟာ မာဆိုးမှ မဟုတ်ဘဲ
အခက်အခဲတွေ ရှိခဲ့ပေမယ့်
ကျွန်တော်ဟာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေထဲက
လူတစ်ယောက်အဖြစ်နဲ့ပဲ
အသက်ရှင်ရပ်တည်နေဆဲပါ အမေ"

ကဗျာဆရာ မြို့ပြအပြန်မှာတော့ အမေ့အလောင်းမြေကျသည့်နေ့က ကြေးစည်သံတွေ ကျန်ရစ်ခဲ့သည်။ မသာလှည်းတွန်းကြသူတွေ ကျန်ရစ်ခဲ့သည်။ ရှားစောင်းပြဿဒ်ပင်ပေါ်က ဒေါ့ရင်းကောင်များ၏ တကျီကျီအော်သံတွေ ကျန်ရစ်ခဲ့သည်။ အမေ့မြေးကလေးတွေ ဆွေမျိုးသားချင်းတွေရဲ့ မရဏာတေးသံတွေ ကျန်ရစ်ခဲ့သည်။ အမေ့အခေါင်းပေါ် ကြွေကျနေကြသည့် ညောင်ရွက်တွေ ကျန်ရစ်ခဲ့သည်။ ထန်းပင်မြင့်မြင့်ကြီးတွေပေါ်က ရွက်ဟောင်းခြောက်တွေ တရှဲရှဲမြည်ရင်း ကျန်ရစ်ခဲ့သည်။

တကယ်တော့ အမေတိုင်းက သားသမီးတိုင်းကို ချစ်ကြမြဲဖြစ်သည်။ အချစ်လွန်လို့ မြတ်နိုးသည်။ မြတ်နိုးလွန်းတော့ အားကိုးသည်။ အင်္ဂုတ္တိုရ် (အပါဒါန်) ပါဠိတော် ပုတ္တသုတ္တန်တွင်သည် သဘောကို တွေ့ရသည်။ မိဘက သားသမီးကို အားကိုးခြင်းငါးမျိုးဖြင့် အားကိုးတတ်သည်။ ကာလလရေကြည်တည်ဦးစကပင် မမြင်ရသေးသော သားယယ်ကို ငါ၏ ကိုယ်ပွားရချေပေါ့ဆိုသည့် စိတ်ဖြင့် အားကိုးသည်။ မွေးဖွားလွန်သော် အမျိုးအနွယ်ကို စောင့်ရှောက်မည့်သူပေတကားဟု ကျူးရင့်ရင်း အားကိုးသည်။ လူလားမြောက်၍ ပညာဆည်းပူးချိန်ရောက်တော့ ပညာသင်ပေးရှာသည်။ အမျိုးဘာသာ


www.burmeseclassic.com

သာသနာ့ရပ်ကျိုးရွာကျိုး၊ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်မည့် သားကောင်းအဖြစ် အားကိုးသည်။ စတုတ္ထအားကိုးခြင်းကတော့ ငါတို့အိုလျှင်၊ ငါတို့နာလျှင်၊ ငါတို့လွန်လျှင် ပြုစုစောင့်ရှောက်မည့်သူပေတကားဟု အားကိုးခြင်း ဖြစ်သည်။ ငါတို့၏ ဘဝကူးကောင်းရာကောင်းကြောင်းကို ပြုမည့်သူပေတကားဟု အားကိုးခြင်း ဖြစ်သည်။ ငါတို့လွန်သော် ကောင်းမွန်စွာ သဂြိုဟ်မည့်သူပေတကားဟု အားကိုးခြင်းဖြစ်သည်။

နောက်ဆုံး အားကိုးခြင်းကတော့ သားသမီးတို့ ပြုအပ်သောကုသိုလ်ကောင်းမှုအဖို့ ဘာဂပြုလေတိုင်း အမျှပေးဝေရာ၌ တမလွန်ဘဝမှ 'သာဓု၊ သာဓု၊ သာဓု' ခေါ်နိုင်ခွင့်ရကြတော့မည်ဟူသောစိတ်ဖြင့် အားကိုးခြင်း ဖြစ်သည်။ တကယ်တော့ ပုတ္တသုတ္တန်ကို အမေကွယ်လွန်ပြီးမှ ကျွန်တော် ဖတ်မိခြင်း ဖြစ်သည်။ အမေက ကျွန်တော့်ကို အားကိုးသွားခဲ့မှန်း ကျွန်တော် မသိ။

တကယ်တော့ သားသမီးတို့ ဝေမျှသော 'အမျှအတမ်း'ကို သာဓုခေါ်ဖို့ စောင့်စားနေကြရှာသော တမလွန်မှ အမိအဖတို့၏ မျှော်လင့်မှုက ဝေဝါးလွန်းလှပါသည်။ ဘဝအမောထဲမှာ ကျင်းယက်နေရသူတို့၏ စိတ်လိုလက်ရ ရရှိဖို့ဆိုတာ မသေချာလှပါ။ သေချာတာ တစ်ခုကတော့ တမလွန်ကို ရောက်နေကြသည့်တိုင် မိဘတို့က သားသမီးကို စောင့်ရှောက်ကြဆဲဆိုတာပဲ ဖြစ်သည်။ မရှိတော့သော အမေ့ကို တမ်းတရတာကပဲ ခွန်အားဖြစ်ကြရသည်။ တစ်ခါက ကျွန်တော့်အမေ့ကို မြှုပ်နှံရာ သင်္ချိုင်းကို ရောက်သွားခဲ့သည်။ အမေကွယ်လွန်တာကြာပြီဆိုတော့ အမေ့ကို မြှုပ်နှံရာ မြေကျင်းနေရာကို ကျွန်တော် မမှတ်မိ။ မှန်းဆကာ ကန်တော့ခဲ့ရခြင်း ဖြစ်သည်။ သင်္ချိုင်း၏ အနောက်ဘက် လယ်ကွင်းတွေမှာ ရိတ်သိမ်းပြီးစပြစ်

www.burmeseclassic.com

သည်။ အနောက်မိုးကုတ်စက်ဝိုင်းဆီမှ လေသည် တသုန်သုန်တိုက်ခတ်လျက်ရှိ၏။ လေပြည်ထဲမှာ အမေ့ရနံ့တွေ ကျွန်တော် ရနေသည်။ အမေ့ချွေးနံ့လား၊ အမေ့ကိုယ်သင်းနံ့လား၊ အမေ့ကွမ်းနံ့လား၊ ကျွန်တော် မဝေခွဲနိုင်သော်လည်း အမေ့ဆီက ရတတ်သော ချစ်ခြင်း၏ ရနံ့မျိုးဖြစ်သည်။ ကျွန်တော် နောက်လှည့်ကြည့်တော သင်္ချိုင်းဇရပ်သည်သာ ခပ်ထီးထီးရှိနေသည်။

သည်လို ခံစားမှုမျိုးကို ဝတ္ထုတစ်ပုဒ်မှာ ဖတ်ရတာ ကျွန်တော် မှတ်မိနေသည်။ အထူးသဖြင့် ထိုဝတ္ထုကို ရေးသူ ကျွန်တော့်သူငယ်ချင်းကိုယ်တိုင်ကလည်း ဝတ္ထုကို နှလုံးသွေးနှင့် ရေးခဲ့မှန်း ကျွန်တော် သိနေတာလည်း ပါပါလိမ့်မည်။ ဆရာညိုထွန်းလူ၏ မဟေသီမဂ္ဂဇင်းပါ ‘မြင်းမိုရ်၏ တောင်စဉ်တောင်တန်းများ’ ။ မန္တလေးမှာ ကျွန်တော် အရောက်တတ်ဆုံးအိမ်နှစ်အိမ် ရှိသည်။ တစ်အိမ်က ဆရာဆူးငှက်၏ အိမ်ဖြစ်တာ တစ်အိမ်က ဆရာညိုထွန်းလူ၏ အိမ်ဖြစ်သည်။ တူညီတာတစ်ခုက သူတို့နှစ်ဦးစလုံးမှာ အိုမင်းအိုမ မိခင်တွေရှိနေခြင်း ဖြစ်သည်။ ထိုဆရာတို့၏အိမ်တွေကို ရောက်ရတိုင်း အမေ့ ကို ကျွန်တော် သတိရနေတတ်သည်။ တလောကတော့ ဆရာညိုထွန်းလူ၏ မိခင်ကြီး ဆုံးပါးသွားရှာသည်။ အိမ်ရှေ့က ခုံတန်းရှည်ကလေးမှာ အမြဲထိုင်နေတတ်သူ။ သားဖြစ်သူကို အရိပ်တကြည့်ကြည့်နေတတ်သူ။ ‘အမေ၊ ကိုညို့ကို ခဏခေါ်သွားပါရစေ’လို့ ပြောလျှင် ဘာမှ ပြန်မပြောတတ်သော်လည်း သိပ်ထည့်ချင်ပုံမရတာကို ကျွန်တော်သတိထားမိတတ်သည်။ တစ်ချောင်းတည်းသော ဦးချိုကို အသက်ထက်ဆုံး ကာကွယ်တတ်သောကြွက်ခဲ့သို့ တစ်ဦးတည်းသော သားဖြစ်သူကို မျက်စိအောက်က ပျောက်သွားမှာစိုးရိမ်နေသည့် မိခင်၏ မေတ္တာကို ကျွန်တော် မကြာခဏ တွေ့နေရသည်။ မိခင်ဆုံးပါး ပြီး



www.burmeseclassic.com

စရေးခဲ့သောသားဖြစ်သူ၏ 'မိခင်သို့ တမ်းချင်း' ကို ဖတ်လိုက်ရသည့် အခါ ခုံတန်းပေါ်က ပိန်ပိန်ပါးပါး အမေအိုကို ကျွန်တော် သတိရ နေမိသည်။

"ညဥ့်သည် တဖြည်းဖြည်း နက်ရှိုင်းလာခဲ့ပြီ။ ဥသြသံရှည်ဆွဲ ရင်း မီးရထားတစ်စင်း ခုတ်မောင်းသွားသည့်အသံကို ကျွန်တော် ကြားလိုက်ရသည်။ သမီးနှစ်ယောက်ကို ပွေ့ဖက်ရင်း အတွေးထဲမှာ နစ်မျောနေသည့် ကျွန်တော့်ခန္ဓာကိုယ်ထဲကို လေပြည်လေညှင်းကလေး က တိုးဝှေ့တိုက်ခတ်သွားတာကို ခံစားလိုက်ရသည်။ အို အံ့သြကြည် နူးစွာဖြင့် ကျွန်တော့်ခန္ဓာကိုယ်သည် ရုတ်တရက် တောင့်တင်းသွား ပါသည်။ ကြည့်လိုက်စမ်းပါ။ အမေက စံပယ်ပန်းကို အမြဲတမ်း နှစ်သက်သူဖြစ်သည်။ ကျွန်တော့်ရင်ထဲတွင် ကလေးတစ်ယောက်လို ရုတ်ခြည်း ပျော်ရွှင်သွားခဲ့သည်။

အမေဟာ တို့ကို ခွဲမသွားသေးဘူး။ မိခင်တိုင်းဟာ သူတို့ရဲ့ သားသမီးတွေကို အမြဲစောင့်ရှောက်နေကြတယ်။ အဲဒါ အမှန်တရား ပဲဟု တွေးလိုက်ရင်း စံပယ်ရနံ့စီးမျောပါလာသည့် လေကို ကျွန် တော် အားပါးတရ ရှူသွင်းလိုက်သည်။ ကျွန်တော့်တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးသွားသည်လို့ ထင်မှတ်မိသည်။ ကျွန်တော် စိတ် အားမငယ်တော့ပါ"

မိခင်၏ ချစ်ခြင်းမေတ္တာဘွဲ့တွေက ကမ္ဘာလောကနှင့်အတူ ရှိနေလိမ့်မည်။ မိခင်တွေက တမလွန်ဘဝကပင်လျှင် စောင့်ရှောက်နေ ကြချိန်မှာ ကျွန်တော်တို့ကတော့ မိမိပြုအပ်သောအဖို့ဘာဂအတွက် အမျှပေးဝေဖြစ်ကြပါရဲ့လား။ တမလွန်က သာဓုခေါ်ဖို့ စောင့်နေကြ သူ ဖခင် မိခင်တို့အတွက် ကျွန်တော်တို့ ပျက်ကွက်ကြပေါင်းများလှ ပြီ။ ပေးရှင့်စထရောင်းကတော့ မေတ္တာရဲ့ အတောင်ပံများအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com


အတွေးအာရုံတွေကို ပို့လွှတ်နေတတ်သည့် မိခင်၏ ကြင်နာမှုကို ကဗျာဖွဲ့ခဲ့သည်။ ကမ္ဘာလောက၏ မှောင်ကြီးမည်းမည်း အမိုက်တိုက်တွေ၊ အဝိဇ္ဇာတွေက ကင်းပအောင် မေတ္တာ၏ အလင်းများအားဖြင့် ထွန်းပနိုင်စေကြောင်း ဆုတောင်းခဲ့သည့် မိခင်၏ မေတ္တာစာလွှာကို ကဗျာဖွဲ့ခဲ့သည်။ သူ့ကိုယ်သူလည်း ပျက်ကွက်ခဲ့သူ သားတစ်ယောက်အဖြစ် ဖော်ညွှန်းခဲ့သည်ကော။

တကယ်တော့ ကျွန်တော်တို့အားလုံး ပျက်ကွက်သူတွေချည်းဟု ထင်ပါသည်။ မိခင်နှင့် ပတ်သက်လျှင် ကာလကတ္တားတက္ကသိုလ်က ဆရာသိန်းဖေမြင့်၏ ဆရာဒေါက်တာဘရူးဝါး၏ စကားသည် အမှန်ဆုံးဟု ကျွန်တော် တွေးနေမိသည်။

“မင်းလိုကောင်မျိုး သည်လို ချစ်မြတ်နိုးတဲ့အမေနဲ့ မထိုက်တန်ဘူး”

တကယ်တော့ မိခင်၏ မေတ္တာနှင့် ယှဉ်လျှင် ကမ္ဘာလောကသည် ပျက်ကွက်သူသားသမီးများနှင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းပင်ဖြစ်၏။ အလိုဤသည်ပင်လျှင် ပရမတ္ထသစ္စာ ဖြစ်နေပါပကော။

**စာကိုး**

- ဆရာသိန်းဖေမြင့်၊ အမေ
- ဆရာပိုင်စိုးဝေ၊ သိန်းစွန်ငှက်အပြန်လမ်းကဗျာရှည်
- ဆရာညိုထွန်းလူ၊ မြင်းမိုရ်၏ တောင်စဉ်တောင်တန်းများ။

■


www.burmeseclassic.com

www.burmeseclassic.com

# နေ့ရွှေ့ ညရွှေ့

သင့်မှာ အလုပ်တစ်ခုလုပ်စရာရှိသည်ဆိုအံ့။ မြန်မြန်ထက်ထက် သွက်သွက်လက်လက် ထလုပ်လိုက်ဖို့ လိုပါသည်။ မနက်ဖြန်ဆိုတာကမှ ကြာပါသေးသည်။ ကျွန်တော်တို့မှာ ‘ယနေ့’ဆိုတာ ရှိပြီးသား ဖြစ်သည်။ မျက်မှောက်အချိန်သည်သာ ကျွန်တော်တို့၏ ဥစ္စာဖြစ်သည်။ ပစ္စုပ္ပန်သည်သာ ကျွန်တော်တို့ အသုံးချစရာ ဖြစ်သည်။ ကျွန်တော်တို့ လုပ်နိုင်စွမ်းသမျှ၊ အကောင်းဆုံးလုပ်ရမည့် အချိန်သည် ယနေ့သာ ဖြစ်သည်။ တိုတောင်းလှသော လူ့ဘဝအတိုင်းအတာထဲမှာ အချိန်နာရီတိုင်းသည် တန်ဖိုးကြီးလှပါသည်။ ကျွန်တော်တို့က နေ့ရွှေ့ညရွှေ့လုပ်သည် ဆိုပါစို့။ ထိုအရာသည် အလွန်နောက်ကျစွာ ကျန်ရစ်ခဲ့ဖို့သာ ရှိသည်။ ပြီးတော့ ကံကြမ္မာကို အပြစ်ဖို့စရာတွေ ဖြစ်ကောင်း ဖြစ်လာနိုင်သည်။ ကျွန်တော်တို့မှာ ကြိုးကြိုးကြားကြား တဒင်္ဂကလေးတွေကို ပြန်လည်ဖမ်းဆုပ်သိမ်းငင်ဖို့ဆိုတာ မဖြစ်နိုင်တော့။ ဆုံးရှုံးခဲ့သမျှကို ကျွန်တော်တို့ ပြန်လိုချင်လို့လည်း မရနိုင်။ ပစ္စုပ္ပန်ထက်သာ လွန်ကောင်းမွန်ခြင်းသည်မရှိ။ ကျွန်တော်တို့၏ တန်ဖိုးများကို ကျွန်တော်တို့ကပဲ မရိုးမသားလုပ်ရာကျနေ



www.burmeseclassic.com

 www.burmeseclassic.com 

*တတ်သည်။ 'မနက်ဖြန်မှ လုပ်ပါတော့မယ်လေ'။ သည်စကားမျိုးပြောခြင်းသည် သေလောက်အောင် ကြောက်စရာကောင်းသည်။ အချိန်နာရီတွေက ရယ်မောလျှောင်ပြောင်တာမျိုးကို မခံချင်ပါနှင့်။ လုပ်စရာရှိတာ အခုပဲ ထလုပ်လိုက်စမ်းပါ။ 'ယနေ့'။*

***[Patience Strong ၏ Procrastination ]***

အဖေက သူဝယ်လာသည့် ပလတ်စတစ်လောင်းကတ်ပြားကြီးကို သံကြိုးကြိုးလေးချောင်းဖြင့် တွယ်ကာ နံရံပေါ်မှာ တဒုန်းဒုန်းရိုက်နေသည်။ ပါးစပ်ကလည်း 'မင်းအမေက ဘာလုပ်လုပ် နေ့ရွှေ့ညရွှေ့လုပ်လွန်းလို့'ဟုလည်း တတွတ်တွတ် ပြောနေသည်။ အဖေ့ကတ်ပြားကြီးကို ဖတ်ကြည့်တော့ 'ကနေ့ပြီးရမည့် အလုပ် ကနေ့လုပ်ပါ။ မနက်ဖြန်ကို မရွှေ့ပါနဲ့'ဟု ရေးထားသည်။ အဖေ့ကတ်ပြားကြီး နံရံပေါ် ရောက်လာချိန်နှင့် ပေးရှင့်စထရောင်း၏ **Procrastination** ကဗျာစာညွှန့်ကို ဖတ်ရချိန်မှာ တိုက်ဆိုင်နေသည်။ 'ကနေ့လုပ်ရမည့် အလုပ်ကို ကနေ့လုပ်၊ နေ့ရွှေ့ညရွှေ့ မလုပ်ရ' ဆိုသည့် စကားက နိုင်ငံတိုင်းမှာ တော်တော် အရေးပါပုံရသည်။ နိုင်ငံတိုင်းမှာ နေ့ရွှေ့ညရွှေ့လုပ်ကြလွန်းလို့ ပြဿနာတွေ တက်ချင်တိုင်း တက်နေပုံလည်း ရပါသည်။ ကျွန်တော်တို့ဆီမှာလည်း သည်စကား ခေတ်စားပါသည်။ သွားလေရာစက်ရုံ၊ အလုပ်ရုံတွေမှာလည်း သည်စာသားမျိုး (သည်သဘောမျိုး) ကပ်ထားတတ်ကြသည်။ ကျွန်တော်တို့ဆီမှာတော့ ဦးပဂျိုဝိုတို့ ဆရာကြီး ဗိမိုးနင်းတို့ကလည်း ပြောကြလုပြီ။ နောက်ပေါက်တက်ကျမ်းဆရာတို့ကလည်း ပြောနေကြသည်။ နောင်မှာလည်း ပြောသူတွေ့ ရှိလာလိမ့်မည်။

www.burmeseclassic.com

ကျွန်တော်ကတော့ ပေးရှင့်စထရောင်း၏ ကဗျာကို ဖတ်ရင်းက 'တိုတောင်းလှသော လူ့ဘဝအတိုင်းအတာထဲမှာ အချိန်နာရီတိုင်းသည် တန်ဖိုးကြီးလှပါသည်'ဆိုတာကိုပဲ တွေးနေမိပါသည်။ မြန်မာစကားတွင် ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင် ဆိုသည့်စကားရှိသည်။ မသေချာလှသောဘဝဖြစ်တည်မှုကို အလှပဆုံး တင်စားလိုက်သော အလင်္ကာဖြစ်သည်။ တကယ်တော့ အလုပ်ဆိုတာ ခုချက်ချင်း ထလုပ်လို့ရတာလည်း ရှိသည်။ လိုအပ်စွာ ပစ်ထားလိုက်ရတာလည်း ရှိသည်။ သို့သော် ပစ်ထားလိုက်ရသည်ဆိုကတည်းက 'ယနေ့'လုပ်ရမည့် အလုပ်မဟုတ်။ ဆောင်ပုဒ်က ပေးချင်သော သဘောမှာ ယနေ့လုပ်လို့ရပါလျက်ကနဲ့ မလုပ်ချင်သည့် လူပျင်းမျိုးကို ရည်ညွှန်းလိုဟန် ရှိသည်။

မတ်လနောက်ဆုံးရက်များက ကျွန်တော်မြင်းခြံ မြောက်လက်ကျေးရွာတွေဆီကို ရောက်ခဲ့သည်။ ဥဒယ၊ ကန်တော်၊ စာကြူး၊ ကြည်ရွာ၊ ရွာသစ်၊ သိမ်တိုင်၊ ဆင်းဂွတ်၊ ရွာပုလဲ၊ ချောင်းဆင်း၊ နဂါးပေါက်၊ ရန္တပို စသည့် ရွာတွေဆီကို ဖြစ်သည်။ ကျွန်တော်ရောက်သွားချိန်သည် တပေါင်းလပြည့်ကျော်ရက်များ ဆိုတော့ ပဲသိမ်းချိန်နှင့် တိုက်ဆိုင်နေသည်။ ရွာတိုင်းက တောင်သူတွေ ပျာယာခပ်နေကြသည်။ ယာခင်းကိုင်းခင်းထဲက ရိတ်ထား၊ လုံးထားသော ပဲပင်တွေကို နေ့ချင်းညချင်း ရိတ်ကြသိမ်းကြ၊ သယ်ကြတိုက်ကြလုပ်နေကြသည်။ တချို့က တလင်းကို အခင်းထဲမှာပဲ လုပ်ကြသည်။ တော်တော်များများကတော့ အိမ်အရောက်သယ်ကာ အိမ်ရှေ့တလင်းမှာ လှမ်းကြ၊ နယ်ကြသည်။ အခင်းထဲမှာ လုပ်သူတွေက ခြံဝင်းမကျယ်သူတွေ။ သို့သော် တူညီသည့် အချက်က အားလုံးလိုလို နောက်ကကျားလိုက်သလို၊ ကျားစီးဖားစီး၊ ကသုတ်ကရက် ဒရောသောပါး လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"တပေါင်းလပြည့်ကျော်ရင် အခါမိုးကလေး ဖျန်းတတ်တယ်၊ ရိတ်ပြီးသားပဲတွေ မိုးရေထိရင် မည်းကုန်ရော၊ ပဲတွေ ပျက်ဆီးတယ်။ ဈေးမရတော့ဘူး။ နွားစာဖြစ်တဲ့ ပဲရိုးပဲပင်တွေ တောင်မိုးရေထိရင် မှိုတွေလိုက်တော့ နွားမစားတော့ဘူး"

တောင်သူတစ်ဦးက ပြောခြင်းဖြစ်သည်။ ကျွန်တော်ကတော့ နွေခေါင်ခေါင်မိုးရိပ်မိုးသားမရှိဘဲ အစိုးရိမ်လွန်ရန်ကောလို့သာ တွေးနေမိသည်။ သူတို့မှာတော့ ဘဝကပေးထားသည့် အတွေ့အကြုံ ပြည့်ဝနေကြသူတွေ။ နေ့ရွှေ့ညရွှေ့ လုပ်မိလို့ နစ်နာဆုံးရှုံးရပေါင်း များလှပြီ ဟန်တူသည်။ သည်ရွာတွေထဲက တချို့ရွာတွေမှာ ဇရောဝတီမြစ်ရေဝင်သည့်ရွာတွေ ဖြစ်သည်။ ရေကြီးခါ ဝါဆို၊ ဝါခေါင်ဆိုလျှင် လူစာရော နွားစာပါ အခက်အခဲရှိလှသည်။ မိုးကလေးမကျခင်၊ ရေကလေးမကျခင် လုပ်ခင်းဆောင်တာတွေကို ပြီးစီးအောင် လုပ်ထားရသည်။

"ကျုပ်တို့ရွာတွေမှာ တစ်ရက်စောစိုက်မိတာဟာ တစ်ရက် စောပြီး ရိတ်ဖို့ပဲ၊ ယာခင်းထဲ မြစ်ရေရောက်လို့ ပျက်ရပေါင်း များပါပြီဗျာ၊ တစ်ခါတစ်ခါများ ရေ့ကတွန်းရိတ်၊ နောက်က ရေဝင်နဲ့ ဘယ်ဝီရိယ လျော့ရဲမှာလဲ၊ ပဲရွဲတွေကို နယ်လှန်း သန့်စင်ကျီသွင်း ပုတ်သွင်းလုပ်ရသလိုပဲ၊ နွားစာပဲပင်ပဲရိုး မြေပဲပင် မြေပဲရိုးတွေကို နွားနဲ့ နယ်ဖတ်ပြီး ရတဲ့ပဲမှော်ကို ရေလွတ်တဲ့ပဲမှော်စင်ပေါ် အချိန်လုတင်ထားရတာ"

တောင်သူအလုပ်မှာ နေ့ရွှေ့ညရွှေ့မရှိ။ အချိန်တိုင်း ဖုတ်ပူမီးတိုက်။ တလင်းတက်ပြီဆိုလျှင်တော့ ခဏတဖြုတ် နားရသည်။ ပြီးလျှင် နှမ်းစိုက်ဖို့ မြေပြင်ရပြန်သည်။ တလင်းထဲ ပဲတွေ စုချိန် သိမ်းချိန်ဗိုက်တွေ ဖြန်းခနဲ ရွာချင်လဲ ရွာချတတ်သည်။ သည်တော့လည်း အမှို့ဆိကိုယ်


www.burmeseclassic.com

မပြေးအား။ အချိန်ကာလ ဘီလူးသည် သတ္တဝါတို့ကို သူ့ကိုယ်နှင့်တကွ ဝါးမြိုနေသည်။ ထိုအချိန်ကာလကို တစ်ဖန်စားမျိုနိုင်သောသူမှ သတ္တဝါတို့ကို အပယ်မှ ကွယ်အောင်လုပ်နိုင်သည်။ တဏှာကို ပြာချပစ်နိုင်သည်ဟု ဇာတက၊ မူလပရိယာဇာတ်မှာ ဆိုသလိုပါပဲ။ ဝိဓုရဇာတ်တော်မှာ 'ဝန်ထမ်းသည် အချိန်နှင့်အမျှ အလုပ်တာဝန်၌ တက်ကြွနေကြရသည်။ အမြဲစိတ်ဝင်စားနေရသည်။ အမြဲတမ်း ဝေဖန်သုံးသပ်နေရသည်။ မှန်ကန်အောင် ဆုံးဖြတ်၍ စီမံနေရသည်'ဟု ဆိုသည်။ ကြီးပွားချမ်းသာရေးတရားလေးပါးတွင် ဥဋ္ဌာနသမ္ပဒါ ထကြွလုံ့လနှင့် ပြည့်စုံခြင်း၊ အာရက္ခသမ္ပဒါ၊ ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း၊ ကလျာဏမိတ္တာ၊ မိတ်ဆွေကောင်း ရှိရခြင်း၊ သမဇီဝိတတာ၊ မျှတစွာ အသက်မွေးရခြင်းတို့ ပါဝင်သည်။ ဝီရိယနည်းသူကို ရေလည်းခန်း၊ ငါးလည်းကုန်သည့် ညွန်အိုင်ထဲက အတောင်ကျိုးကြိုးကြာအိုနှင့် နှိုင်းတတ်ကြသည်။ ဥပရိပဏ္ဏာသ၊ ဘဒ္ဒေကရတ္တသုတ်မှာတော့ လုပ်စရာရှိတာ ယနေ့လုပ်ဖို့ ဆိုသည်။

"ပြုလုပ်ရမည့် အမှုကိစ္စကို ယနေ့ပင် အပူတပြင်း ပြုလုပ် အပ်၏။ နက်ဖြန်ခါ သေမည်မသေမည်ကို မည်သူသိနိုင်အံ့ နည်း။ စစ်သည် ဗိုလ်ပါ ပေါင်းများစွာရှိသော သေမင်းနှင့် ဘယ်နေ့မှာ တွေ့ရမည်ဟု ချိန်းချက်ထားခြင်းမရှိပေ"

ဇာတက၊ အတ္ထိပါလဇာတ်မှာလည်း သည်သဘောမျိုးတွေ့ရသည်။ နေ့ရွှေ့ညရွှေ့ခြင်းဖြင့် ယင်းကိစ္စမှ ပေါ်ပေါက်အံ့သော အကျိုးဖလကို မရဘဲ ရှိတတ်သည်။ ဆန္ဒကောင်းကို မဖျောက်ဖျက်ရာဟု ဆိုသည်။

"ပဲကလေး၊ နှမ်းကလေး ကြက်သွန်ကလေးရတော့လည်း နေ့ရွှေ့ညရွှေ့ မလုပ်ဝံ့ပေါင်ဗျာ၊ မြင်းခြံကို လှည်းတစ်တန် လှေတစ်တန်သွားပြီး ဈေးဦးဈေးစွာကလေးရဖို့ ပြေးရသေး တာ၊ ပဲလှိုင်လှိုင်ကျရှင်

www.burmeseclassic.com

ဈေးက နောက်ဈေးနဲ့သလဲကိုး”

တောသူတောင်သားတို့အဖို့ စီမံခန့်ခွဲမှုပညာကို ဘယ်စီးပွားရေး တက္ကသိုလ်ကမှ သင်ယူထားရတာမဟုတ်သော်လည်း ဘဝကပဲ ပြဌာန်း ပေးထားသလို ဖြစ်နေရသည်။ ထန်းလက်မိုးတာ၊ ထွန်တုံးထွန်သံပြင် တာ၊ ပုတ်ပြင်တောင်းပြင်တာကအစ အချိန်ကိုက် ဖြစ်နေကြရသည်။ ပဲသိမ်းနှမ်းသိမ်း သီးနှံသိမ်းချိန်မှာတော့ တတ်နိုင်သူတို့ အလှူအတန်း ပြုကြမြဲ။ ဆိုင်းကလေး ဘိသိက်ကလေးပါတော့ တောရွာဝန်းကျင်မှာ ကြည့်ချင်ပွဲ ဖြစ်ကြရသည်။ တချို့တောင်သူများခမျာတော့ လှူချိန် တန်သော်လည်း မလှူနိုင်ကြ။

“အလှူလေးလှူချင်သာတော့် နေ့ရွှေ့ညရွှေ့ လုပ်လာသာ၊ ကလေးပဲ ကြီးလှပေါ့၊ ရှင်ကြီးပြုပြုရတော့မှာ၊ လာမယ့်တလင်း တက်တော့ ပြုမယ်လို့ စိတ်ကူးသာပဲ”

တောင်သူအမယ်အိုက ကျွန်တော့်ကို ညည်းပြခြင်း ဖြစ်သည်။ ဘဝ တွင် အမြဲတမ်း ငါးမိနစ်နောက်ကျသည်ဆိုသော အင်္ဂလိပ်စကားပုံ ရှိသည်။ နောက်ကျခြင်းကြောင့် ဘဝဆုံးရှုံးရသူ၊ အခွင့်အလမ်း ဆုံး ရှုံးရသူ၊ အလားအလာ ကောင်းဆုံးရှုံးရသူတွေ မနည်းလှ။ မြင်းခွာ သံတစ်ချက်မရိုက်မိ၍ စစ်ပွဲကြီးတစ်ပွဲရှုံးခဲ့ရသူတွေ ရှိသည်။ စကော တစ်ချပ်အချိန်မီ မသိမ်းမိ၍ ပြည်ပျက်ခဲ့ရဖူးသည်။ နောက်ကျခြင်း မှ ဖြစ်ရသော နေ့ရွှေ့ညရွှေ့ခြင်းမှ ဖြစ်ရသော နောင်တများသည် ကမ္ဘာတစ်ခြမ်းစာလောက် ရှိလိမ့်မည် ထင်ပါသည်။

ဝယ်လင်တန်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ နှစ်နာရီနောက်ကျ ပြီးမှ ရောက်လာခဲ့သော ဝါတာလူးစစ်ပွဲကနပိုလီယန်၏ ကျဆုံးမှု ကို ကမ္ဘာသူမိုင်းတွင် တွေ့နေရသည်။ အရှင်နရပတိစည်သူမှာ ည တွင်းချင်း သတင်းမပို့မိသော မြင်းခံတော် ငပြည့်ကကြောင့် မြန်မာ့

www.burmeseclassic.com

သမိုင်းထဲက နောက်ကျဈာတ်ကောင်ဖြစ်သည်။ ကျွန်တော်သည် ပေးရှင့်စထရောင်း၏ ကဗျာကို ဖတ်ရင်း အဖွေ့ပလတ်စတစ်လောင်း ကတ်ပြားကို ဖတ်ရင်း တွေးမိတွေးရာ တွေးနေမိပါသည်။ ဘဝတွင် ချက်ချင်း မလုပ်မိသဖြင့် ရင်နာဖွယ် အတွေ့အကြုံတစ်ရပ်ကို ရရှိသွားခဲ့သော စာပို့သမားတစ်ယောက်အကြောင်းကို ဖျတ်ခနဲ သတိရမိသွားသည်။ ဆရာမဂျူး၏ 'သစ်တောလမ်း' ဝတ္ထုတိုကလေး ဖြစ်ပါသည်။ သည်ဝတ္ထုတိုကို ကျွန်တော် မကြာခဏ သတိရတတ်ပါသည်။ ဝတ္ထုက မြို့လေးတစ်မြို့ကို နောက်ခံထားသည်။ မြို့ကလေးက တောင်တက်တောက်ဆင်းများသည် မြို့ကလေးဖြစ်သည်။ ထိုမြို့ကလေးမှာ စာပို့သမားတစ်ယောက် ရှိသည်။ လက်မောင်းတွင် စာပို့တံဆိပ်ပါသည့် ဇင်ပြာဝတ်စုံကို ဝတ်တတ်သူ။ ဇင်ပြာဦးထုပ်ပျော့ကို နဖူးထိခပ်ငိုက်ငိုက်ဆောင်းထားတတ်သူ။ ဆံပင်တွေက အမည်းတစ်ဝက် အဖြူတစ်ဝက်။ နှာခေါင်းရှည်ရှည်၊ ကတုံးဆံတောက်း ကြက်ဆင်တံဆိပ် ထီးကောက်၊ စာပို့လွယ်အိပ်။ ဒါတွေက သူ့ကိုယ်ပေါ်က မြင်သာသော အမှတ်အသားများ ဖြစ်သည်။

စာပို့သမား အလုပ်ကို မလုပ်ရခင်က သူသည် သာမန်ရုံးက အကူကလေးတစ်ယောက်သာ ဖြစ်သည်။ ကြိုးကြိုးကြားကြား တာဝန်လွှဲယူရသောအခါများတွင် စာဝေစာပို့တာဝန်ကို သူယူပါသည်။ နောင်မှာတော့ စာဝေစာပို့ တာဝန်သည်ပင် သူ့တာဝန်ဖြစ်လာခဲ့သည်။ ကြာလာတော့လည်း သည်အလုပ်ကို သူငြီးငွေ့လာပြန်သည်။ သူသည် စာဝေရင်းအိမ်ရှင်များနှင့် အလိုက်အထိုက်နေတတ်သည်။ အိမ်ရှင်တွေက စေတနာဖြင့် ကျွေးမွေးခြင်းကို လက်ခံလာတတ်သည်။ ဈေးသည်တွေက ပေးကမ်းတတ်သော ဟင်းချက်စရာတွေကို ယူတတ်သည်။ ငယ်စဉ်ကတော့ သည်အလုပ်ကိုပဲ သူ ဂုဏ်ယူမဆုံး ရှိခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းစဉ်းစားကြည့်၊ ကြေးနန်းစာဆိုရင် လူတွေက အနိဋ္ဌာရုံ ကစပြီး တွေးတာ၊ မင်းရဲ့ကြေးနန်းစာကို လူတွေက ထိတ်လန့်ခြင်း စိုးရိမ်သောကနဲ့ ဖတ်ကြမှာ၊ စိတ်မချမ်း မြေ့စရာ ကြေးနန်းဆိုရင် သူတို့ကို ဝမ်းနည်းစကား ပြောရဦးမှာ။ ငါတို့ကျတော့ အဲသလို မဟုတ်တော့ဘူး၊ စာပါတယ်လို့ ပြောလိုက်ရင် မျှော်လင့်ချက်တွေ၊ အားတက်မှုတွေနဲ့ရော နေတဲ့ စူးစူးစမ်းစမ်းမျက်နှာမျိုးနဲ့ လာယူကြတာ၊ တချို့ ဆိုစာဝေချိန်ရောက်ရင် မျှော်တောင် မျှော်နေကြတာ"

သို့သော် စာပို့သမားသက်တမ်း ၁၅ နှစ်မှာတော့ သူငြီးငွေ့လာခဲ့သည်။ မြင်နေကျလမ်းတွေ၊ အိမ်တွေ၊ လူတွေက ငြီးငွေ့စရာ။ ခွေးနှစ်ကြိမ် အကိုက်ခံခဲ့ရတာကလည်း စိတ်ပျက်စရာ။ စာပို့ကြပ်ရာထူးက မတက်တော့တာကလည်း အားငယ်စရာ။ သူ့မှာ ဘယ်တော့မှ မေ့နိုင်စရာမရှိသော အဖြစ်အပျက်တစ်ရပ်ကတော့ ငြီးငွေ့စိတ်ပျက်ခြင်း၏ အခေါင်အဖျား ဖြစ်ခဲ့ရသည်။

ထိုတောင်ကုန်းကလေးပေါ်သို့ သူပထမဆုံး ရောက်ဖူးစဉ်က စာဝေစာပို့သမားပင် မဟုတ်သေးပါ။ ရုံးအကူလုလင်ဘဝပဲ ရှိပါသေးသည်။ ထိုနေ့က ဇူလိုင်လ၏ မိုးသည်းထန်သော သောကြာနေ့ဖြစ်သည်။ စာဝေရမည့် လိပ်စာကိုပင် သူ အမှတ်ရနေသေးသည်။ 'ခင်မေစိ၊ အမှတ် ၄၇၀၊ သစ်တောလမ်း၊ ဆောက်လုပ်ရေးကုန်းမြင့်' ထိုနေ့က သူသစ်တောလမ်းကို မိုးကြီးလေကြီးထဲမှာ ရှာသည်။ မိုးက တအားရွာနေသည်။ မိုးကာအင်္ကျီကြယ်သီးတွေပင် ပြုတ်ထွက်ကုန်ကာ အင်္ကျီအနားစတွေ စိုကုန်သည်။ ရွှံ့စေးရည်တွေ စီးကျနေအောင်၊ ကျောက်စရစ်ခဲကလေးတွေပေါ်အောင် တောင်ကုန်းကလေးထက်မှာ မိုးတွေရွာနေတော့ သားရေဖိနပ်ကလေး ပြုတ်ထွက်သွား


www.burmeseclassic.com

အောင် ခြေဒရွတ်ဆွဲရင်း လိပ်စာရှင်ကို ရှာသည်။ တောင်ကုန်းထိပ် အထိ တက်လာခဲ့သော်လည်း လိပ်စာရှာလို့မတွေ့။ မေးစရာဆိုင် ကလေးတွေလည်းမရှိ။ ပြီးတော့ ဝေရမည့်စာက ထိုနေ့အတွက် နောက်ဆုံးစာဖြစ်သည်။ သူပြန်ဆင်းလာခဲ့သည်။ ခြံအမှတ် ၄၆၈ အိမ်ရှင်ကို တွေ့တော့ 'ခင်မေစိ၊ အမှတ် ၄၇၀'၊ အကြောင်းမေးသည်။ အိမ်ရှင်ကလည်း မသိ။ ကုန်းအဆင်းက အိမ်ကလေးတွေ မေးကြည့် ဦးဟု ပြောရင်း ဝင်သွားသည်။ ထိုနေ့က ဖိနပ်ပြတ်မှာစိုးသဖြင့် စာကို သိမ်းကာ ပြန်ယူလာခဲ့ရတော့သည်။ တနင်္လာနေ့။ သည်နေ့ မှာတော့ နေသာသည်။ သစ်တောလမ်းကလေးကို သူတစ်ခေါက်စာ လာဝေတော့ ကုန်းအဆင်းကလေးမှာမှ ခြံအမှတ် ၄၇၀ ကို တွေ့ရ သည်။ ရုတ်တရက် တွေ့လိုက်ရခြင်း ဖြစ်သည်။ ၄၇၀ ဆိုသည့် ဂဏန်းက သေးသေးကလေး ရေးထားသည်။ စာတိုက်ပုံးမရှိ။ လူ ခေါ်ခေါင်းလောင်းမရှိ။ ကြိုးတပ်ခေါင်းလောင်းပင်မရှိ။ ခြံဝင်းထဲမှာ ချုံနွယ်ပေါင်းပင်တွေ တောထနေသည်။ အုတ်ခဲကျိုးတွေ ပြန့်ကျဲနေ သည်။ အိမ်ထဲမှာတော့ ပရိဘောဂတချို့ ရှိသည်။ တိုင်ကပ်နာရီ ဟောင်းကြီးတစ်လုံး ရှိသည်။

"မခင်မေစိ"

သူက ခေါ်လိုက်သည့်အခါ တစ်စုံတစ်ရာ လွတ်ကျသွားသံကို ကြားလိုက်ရသည်။ ခန်းဆီးနောက်မှာ အသက်ခပ်ကြီးကြီး မိန်းမ တစ်ယောက်။ မခင်မေစိ မဟုတ်မှန်း စာပို့သမားက သိလိုက်သည်။

"မှတ်ပုံတင်ချောစာ... မခင်မေစိလက်မှတ်ထိုးယူပါ"

မိန်းမကြီးက တုန်လှုပ်ချောက်ချားစွာ သင်ဖျူးခင်း သံမံတလင်း ပေါ် ထိုင်ချလိုက်သည်။ မျက်ရည်တွေကျလာသည်။ ယူကျုံးမရ ငိုရှိုက်နေသည့် မိန်းမကြီးကို သူဖျောင်းဖျဖို့ ခက်နေရသည်။



www.burmeseclassic.com

"ခင်မေစိမှ မရှိတော့တာကွယ်"

"တစ်နေ့က ရုတ်တရက် ဆုံးတာပဲကွယ်...မနေ့က သင်္ဂြိုဟ်တယ်... သမီးကအခုမှ အသက်နှစ်ဆယ်ပဲရှိသေးတာပေါ့ လူလေးရယ်"

စာပို့သမားက စာကို လှမ်းပေးသော်လည်း သူမက မယူပါ။ အဆိပ်ရှိသော သတ္တဝါတစ်ကောင်ကိုကြည့်သလို မျက်နှာလွှဲလိုက်သည်။

"ဘာရောဂါနဲ့ဆုံးတာလဲ အန်တီ"

"ခါတိုင်းလဲပဲ သည်ချိုင်းထောက်နဲ့ အပေါ်တက်လိုက် အောက် ဆင်းလိုက်လုပ်နေတာပါပဲကွယ်... အဲသည်နေ့ကျမှ ဟော ဟိုလှေကားရင်းအထိ အပေါ်ထပ်ကနေ တလိမ့်ခေါက်ကွေးကျသွားတော့တာပါပဲ... ဟိုနားမှာပေါ့"

စာပို့သမားက စည်းဘောင်ကိုကျော်ကာ လောကဝတ်မေးခွန်းကို မေးသည်။

"မခင်မေစိ... ဆုံးသွားတာ... သူ့ခင်ပွန်းကို အကြောင်းကြားသေးသလား အန်တီ"

"မင်းနှယ်ကွယ်... သူဘယ်ရောက်နေမှန်း ဘယ်သူမှ မသိ ဘူး... လင်မယားစိတ်ဆိုးပြီး ထွက်သွားကတည်းကပဲ... အိမ်က သမီးဖြင့် စာမျှော်... လူမျှော်... ဘုရား... ဘုရား"

စာပို့သမားက တစ်စုံတစ်ရာကို သဘောပေါက်သွားသည်။ သူသိချင်တာ ကို သေချာအောင် မေးလိုက်သည်။

"အန်တီ့သမီးဆုံးတာ သောကြာနေ့လားဟင်"

"စနေနေ့"

မိုးသည်းထန်သော သောကြာနေ့က ခြံအမှတ် ၄၇၀ ကို မရွေ့ခင်(မတွေ့ခဲ့ရ)၍ ဤတနင်္လာနေ့မှ လာပေးရကြောင်း အဒေါ်ကြီးကို မပြောပြခဲ့ပါ။

www.burmeseclassic.com

ထို့ပြင် ဤအကြောင်းကို ဘယ်သူ့ကိုမှလည်း မပြောဖြစ်ပါ။ နှစ်ပေါင်းများစွာ ကြာလာသည့်အခါ သူ့မှာ အလေ့အကျင့်နှစ်ခု ရလာခဲ့သည်။ တစ်ခုမှာ တာဝန်ချိန်တွင် ဘယ်တော့မှ သာရေး ဖိနပ်မစီးဘဲ ရာဘာဖိနပ်ကိုပဲ စွဲမြဲစွာ စီးခဲ့ခြင်း ဖြစ်သည်။ နောက်တစ်ခုမှာ နေပူသည်ဖြစ်စေ၊ မိုးရွာသည်ဖြစ်စေ သူ့တွင် တွယ်ချိတ် သို့မဟုတ် ပင်းအပ်စသည့် အရေးပေါ်ပစ္စည်းများ၊ ရာဘာဖိနပ်အတွက် အမြဲဆောင်ထားတတ်သည့် အလေ့အကျင့်ရလာခဲ့ခြင်းပင် ဖြစ်လေသည်။

"နေ့ရွှေ့ညရွှေ့"ဆိုသည့် စကားကို ဖျတ်ခနဲ ကြားရတိုင်း ကျွန်တော် သည်ဝတ္ထုတိုကလေးကို ကျင်ခနဲ သတိရတတ်ပါသည်။ ဝတ္ထုသည် လောကသားတို့၏ နိမိတ်ပုံဖြစ်ပါသည်။ သည်ဝတ္ထုတိုကို ဆရာမဂျူးက ၁၉၈၈ ခုနှစ် ဇူလိုင်လက ရှုမဝမဂ္ဂဇင်းမှာ ရေးခဲ့သည်။ နှစ်အားဖြင့် ၁၄ နှစ် ရှိပြီ။ ကျွန်တော် ပုဂ္ဂိုလ်ရေးဘဝမှာ စာပို့သမားတော်တော်များများကို တွေ့ခဲ့ဖူးပြီး ရောက်လာရန် သေချာသော်လည်း ရောက်မလာသည့်စာများ၊ ရောက်လာလျှင်လည်း ရက်တော်တော်ကြာမှ မလာချင့်လာချင် ရောက်လာသောစာများသည်လည်း ကျွန်တော့်အတွက် မဆန်းလှတော့ပါ။ ယနေ့ခေတ်သည် သတင်းခေတ်ဟု ဆိုကြပါသည်။ အိုင်တီ **(IT)** ခေတ်ပင်မဟုတ်တော့ဘဲ အိုင်စီတီ **(ICT information communication Technology)** ခေတ်ပင်ဖြစ်နေပါပြီ။ **"Speed"**ဆိုသည့်စကားသည်ပင် ခေတ်စားနေပြီ။ ၁၉ ရာစုတစ်စုလုံး၏ သတင်းပြန်ကြားမှုသည် ကနေ့ခေတ် တစ်နာရီစာသတင်းပြန်ကြားမှုနှင့် တူညီနေသည်ဟု ဆိုသည်။ ဒါတွေ ကြားရတိုင်း 'ခင်မေစီ'အမှတ် ၄၇၀၊ သစ်တောလမ်းကို ကျွန်တော် လွမ်းပါသည်။ အချိန်နာရီတိုင်းသည် အရေးကြီးလှပါသည်။ အချိန်နာရီတိုင်းသည် တန်ဖိုးကြီးလှပါသည်။ ပေးရှင့်စထရောင်းက သူ့ကဗျာကလေးမှာ



www.burmeseclassic.com

 www.burmeseclassic.com 

**"Every hour is precious in this little human span"** ဟု ရေးခဲ့သည်။ အချိန်ကာလနှင့်အမျှ လုပ်စရာရှိတာ လုပ်ကြဖို့ တိုက်တွန်းကြခြင်းသည် မသေချာသော အနာဂတ်ထက် သေချာသလိုလို ရှိသော ပစ္စုပ္ပန်ကို အသုံးချဖို့ ဖြစ်ဟန်ရှိသည်။ မနက်ဖြန်သည် ဝေးလွန်းလှပါသည်ဆို သော်လည်း မနက်ဖြန် (အနာဂတ်) ရှိတာတော့ သေချာပါသည်။ အတိတ်ကို သင်ခန်းစာယူ၊ ပစ္စုပ္ပန်မှာ ဆောင်ရွက်၊ အနာဂတ်ကို မျှော်မှန်းရခြင်းသည်ပင်လျှင် လူ့ကိစ္စများထဲက တစ်ခု ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများမှာတော့ အနာဂတ် **(vision)** များ **(mission)** များထားကာ ဆောင်ရွက်နေကြရသည်။ စာရေးဆရာတွေက အနာဂတ်စိတ်ကူးဝတ္ထုများရေးနေကြသည်။ အနာဂတ်ရေးရာ ပညာရှင်များ ဉာဏ်ကြီးရှင်များကလည်း ရှေ့ရေးကို တွက်ဆနေကြရသည်။ ဒုံးယာဉ်များ လွှတ်တင်ခြင်း၊ ဆင်းသက်ခြင်း၊ ဒုံးစခန်းများ တည် ဆောက်ခြင်းကို နှစ်ပေါင်း ၁၀၀ ကျော်စောကာ ရေးခဲ့သည်။ ဂျူးလ်စ်ဗန်း **(Jules Verne)** ၏ ဝတ္ထုများသည် ယနေ့အသုံးကျနေသည့် မနက်ဖြန်ကိုစိတ်ကူးများ ဖြစ်ခဲ့သည်။ တကယ်တော့ မျိုးဆက်သစ်များ၏ အနာဂတ်ကို ရည်မျှော်ကာ ယနေ့ အလုပ်လုပ်နေကြရခြင်း ဖြစ်သည်။

မနက်ဖြန်အကြောင်းတွေးရင် 'နေ့ရွှေ့ညရွှေ့' ဆိုသည့် စကားကို ကျွန်တော်ဆက်တွေးပါသည်။ ဆရာမဂျူး၏ ဝတ္ထုဇာတ်ကောင် စာပို့သမားသည် တကယ်တော့ ရည်ရွယ်ချက်ရှိရှိ နေ့ရွှေ့ညရွှေ့ လုပ်ခဲ့တာမဟုတ်။ အခြေအနေတစ်ရပ်ကြောင့်သာ နှောင့်နှေးခဲ့ရခြင်း ဖြစ်သည်။ စေတနာဆိုးမဟုတ်သော်လည်း အကြောင်းတရား အခြေခံက ဖြစ်ရသော အကြောင်းဖြစ်ရပ်က သူ့ဘဝအတွက် ကြီးစွာသော သင်ခန်းစာကို ပေးခဲ့သည်။ အချိန်မီမလုပ်မိသောအလုပ်တစ်ခု၏

www.burmeseclassic.com

'နှောင်းနောင်တ'ကို ကျွန်တော်တို့ နေရာတကာမှာ တွေ့နိုင်သည်။ အချိန်မီမလုပ်ဖြစ်ဖို့၊ လုပ်မိဖို့ကလည်း အခြေအနေများနှင့် ဆိုင်သည်။ လုပ်ချင်ပါလျက် မလုပ်ဖြစ်၊ မလုပ်နိုင်တာတွေကလည်း ရှိနေသည်။

မြန်မာစကားတွင် 'သနားလို့ ထမင်းရည်ပေးတာ၊ ဆားအိုးတက်နှိုက်တယ်'ဆိုသည့်စကားရှိသည်။ 'ငါးမရလို့ ရေချိုးပြန်ခဲ့ရတယ်'ဆိုသည့်စကားလည်း ရှိသည်။ သနားလို့ ထမင်းရည်ပေးတာ ဆားအိုးတက်နှိုက်တယ်ဆိုတာကတော့ လောဘတစ်စုံတစ်ရာပါ ပုံကို ညွှန်းသည်။ တစ်ခုရထားတာကို မကျေနပ်နိုင်ဘဲ လောဘကြီးရန်ကော ဆိုတာကို သရော်လိုရင်း ဖြစ်ပုံရပါသည်။ 'ငါးမရလို့ ရေချိုးပြန်ခဲ့ရတယ်'ဆိုတာကတော့ လောဘဆိုတာထက် တစ်ခုမရခဲ့လို့ တစ်ခုရဖို့ ကြိုးစားခဲ့ခြင်းသာ ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ မကြာသေးခင်က သည်သဘောမျိုးပါသည့် အက်ဆေးတစ်ပုဒ် ကျွန်တော် ဖတ်သည်။ ဆရာမြသန်းတင့်၏ 'ရထားမမီခြင်း **(Vernon Lee)**၏ **(Losing one's Train)** ဖြစ်သည်။

"အိမ်ပေါ်ကနာရီတွေအားလုံး မှားနေခြင်းဖြစ်ရမည်။ သို့ မဟုတ် ကျွန်တော့်နာရီကပင် အချိန်မကိုက်လျှင် ဖြစ်ရမည်။ သို့မဟုတ် ဘူတာရုံသို့အသွား မြို့ကို ဖြတ်လာစဉ်က လက်ပတ်နာရီကို မကြာခဏ မကြည့်မိခဲ့၍လျှင်လည်း ဖြစ်ရမည်။ ကျွန်တော့်မြင်းရထားကို ဒုန်းစိုင်း၍ မောင်းလာခဲ့ပြီး ဘူတာရုံသို့ ရောက်သည့်အခါတွင်မူ အမြန်ရထားကြီးသည် ထွက်သွားလေပြီ။ အမြန်ရထားများအားလုံးတွင် မုန်းစရာကောင်းသည့် အချက်တစ်ချက် ရှိသည်။ ယင်းမှာ သူတို့ နောက်က ပြေးလိုက်၍ မမီခြင်းပင်။ အီတလီပြည်မှာပင် မမီနိုင်ပါ။ နောက်ရထားမှာ ဆယ့်ကိုးမိုင်ဝေးသော ပီစကိုလာနှင့် ဖလော

www.burmeseclassic.com

ရင့်စ်ကို မိနစ်လေးဆယ် မောင်းရမည့်အစား တစ်နာရီနှင့် ဆယ့်ငါးမိနစ်လောက် မောင်းနေသည်။ ထို့ပြင် နောက် ရထားသည် ညရှစ်နာရီမှ ထွက်မည်။ အခုမှ ငါးနာရီခွဲ ရှိ သေးသည်။”

မီးရထားမမီခြင်းသည် တကယ်တော့ စိတ်ပျက်စရာကောင်းသည်။ ဆုံးရှုံးမှု ကြီးကြီးမားမားမရှိသော်လည်း စိတ်ကသိကအောင့်တော့ ဖြစ်ရသည်။ စိတ်ပျက်လတ်ပျက် ဖြစ်ရသည်။ အတွေးနှင့် ခံစားမှု များ ပျက်ရသည်။ ချိန်းဆိုထားချက်များ ကပြောင်းကပြန်ဖြစ်ရသည်။ တစ်စက္ကန့်မျှဖြစ်စေ၊ ဘဝမြစ်ရေစီးသည်နောက်ပြန်စီးသွားသလို ခံစားရသည်။ သို့သော် စိတ်ပျက်လက်ပျက် ဖြစ်နေရုံဖြင့် မမီလိုက် သော ရထားကို အမီလိုက်နိုင်တာမဟုတ်။ လွဲချော်ခြင်းသည် လွဲချော် ခြင်းသာဖြစ်သည်။ အချိန်မီမလုပ်မိသော အလုပ်တစ်ခု၏ လွဲချော် ချက်ကို စိတ်ပျက်နေရုံဖြင့်မပြီး။ အက်ဆေးဆရာက ရထားမမီတော့ လည်း ဘုရားရှိခိုးကျောင်းရှိရာသို့ မြင်းလှည်းကို မောင်းသည်။ ဘုရားကျောင်းသော့ကို လယ်တောထဲ လိုက်ယူရသည်။ ခင်တန်း လှလှကလေးတွေကို ဖြတ်ရသည်။ တောပန်း တောင်ပန်းများ၊ လူ စိုက်ပန်းများ ဆိုက်ပရပ်စ်ပျိုးပင်များ၊ တံတိုင်းမျှော်စင်များ၊ ဆင် ခြေလျှောများ၊ ကလေးဘဝပုံရိပ်များအားလုံးကို သူခံစားနေရသည်။ တကယ်တော့ ဘဝတွင် ရထားအစစ်ကို မမီလိုက်သလိုမျိုး စိတ်ကူး ရထား၊ သင်္ကေတရထားတွေကို မမီတာတွေများလှပါသည်။ လွဲချော် နောက်ကျခြင်းသည် မင်္ဂလာရှိသောကိစ္စမဟုတ်သော်လည်း ကျက် သရေမဲ့သွားတာတော့လည်းမဟုတ်။ ဘဝအကြောင်းကို အကောင်း မြင်တတ်ဖို့ လိုသည်။

“နာကျင်မှုသည် နာကျင်မှုသာ ဖြစ်သည်။ သောကသည် သောကသာ ဖြစ်သည်။ လူ၏ ပြည့်စုံမှုက ထိုသောကနှင့် နာကျင်

www.burmeseclassic.com

မှုတို့ကို သိနားလည်ဖို့ လိုသည်ဆိုလျှင် ယင်းမှာ ထိုသောက ဒုက္ခတို့ ပြင်းထန်မှု၊ မာယာပရိယာယ် ဆောင် မှုတို့ကို သိရှိနားလည်ပြီး ကိုယ့်ကိုယ်ကို ကာကွယ်ထိန်းသိမ်း နိုင်ရန်နှင့် အခြားသူများအား ကူညီဖေးမနိုင်ရန် ဖြစ်ပါသည်”

“စိတ်ပျက်အားငယ်မှုမှ တစ်စုံတစ်ရာ လေ့လာသူတို့အဖို့ ပေးလိုက်သော အသိတရားမှာ လက်တွေ့ထက် ပို၍ မြင့် မားသည့် အသုံးကျမှုတစ်ခု ရှိပါသည်။ ယင်းမှာ ဘဝအမြင်နှင့် သက်ဆိုင်ပါသည်။ တက်ကြွသောစိတ်ထား၊ တည်ငြိမ်မှု၊ ဘဝကို အမြော်အမြင်ရှိစွာ လက်ခံမှုကို အကျုံးဝင်သည့် တွေးခေါ်စဉ်းစားတတ်သော သဘောထား ဖြစ်ပါသည်”

“ရထားမမီသည့်နောက်၊ စိတ်ညစ်ရသည့်နောက်၊ စိတ်ရှုပ်ထွေးသောကရောက်ရသည်၏နောက်၌ ကျွန်တော့်လက်ဆွဲအိတ်တွင်တော့ လျော်ကြေးတွေ တစ်ထုပ်တစ်ပိုးပါမလာပါ။ သို့ရာတွင် ရင့်မှည့်နေသော ကောက်နှံများနှင့် နူးညံ့သော သစ်ရွက်ကလေးများကြားက ဆည်းဆာချိန်ချိုမြိန်မှုနှင့် ဆည်းဆာချိန် လတ်ဆတ်မှုနှင့် ပတ်သက်သောခံစားမှု၊ ကျွန်တော်အား ငယ်ငယ်ကတည်းက လက်ယပ်ခေါ်နေသော တံတိုင်းများနှင့် စုလစ်မွန်းချွန်တို့ကို မြင်ရသော မျှော်လင့်မထားသော တည်ငြိမ်သော၊ နှစ်သက်ဖွယ်သော ရှုခင်းကို မြင်လိုက်ရသော မြင်းကွင်းတို့သည် ကျွန်တော် ရလိုက်သည့် လျော်ကြေးဖြစ်ပါသည်။”

ကျွန်တော်တို့သည် ဘဝတွင် အဆိုးထဲကအကောင်းကို ‘မိုက်’ထုတ်နေ ကြရသူတွေသာ ဖြစ်သည်။ နေ့ရှေ့ညရှေ့လုပ်ခြင်းသည် ဘဝ၌ မလိုလားအပ်သော အပြုအမူဆိုတာ ငြင်းရန်မရှိ။ အလုပ်တစ်ခုကို ချက်ချင်းထလုပ်ခြင်းသည် ကိစ္စကောင်းဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com

စောဒကတက်ရန် မရှိ၏။ သို့သော် ဘဝသည် ဘဝသာဖြစ်သဖြင့် နောက်ကျလွဲချော်ခြင်းများ၊ လစ်ဟင်းမှုများ၊ အလဟဿဖြစ်ရမှုများ၊ ဆုံးရှုံးရခြင်းများ ရှိနိုင်သည်သာ ဖြစ်ပါသည်။ မိမိက နေ့ရွှေ့ညရွှေ့ မလုပ်ချင်သော်လည်း ဘဝက နေ့ရွှေ့ညရွှေ့လုပ်နေတာ တွေလည်း ရှိသည်။ ကျွန်တော်တို့မှာ သေချာသော အနာဂတ်ဆိုတာ ရှိပါသေးသည်။ နှောင်းနှောင်တကို သင်ခန်းစာအဖြစ် ခံယူ၍ အဆိုးတရားထဲက မင်္ဂလာရှိသော လုပ်ခင်းဆောင်တာတွေကို ကျွန်တော် လုပ်နိုင်ဖို့သာ လိုသည်ဟု ကျွန်တော် ထင်ပါသည်။

အချိန်ပြနာရီ (တိုင်ကပ်နာရီ) ၏ လှောင်ပြောင်ရယ်မောမှုကို ကျွန်တော် မခံချင်ပါ။ ဘယ်သူမှလည်း ခံချင်ကြမည်မဟုတ်။ သစ်တောလမ်းဝတ္ထုထဲက စာပို့သမား၏ ခံယူချက်ကို အမှားကို သင်ခန်းစာယူကာ ပြုပြင်တည့်မတ်သွားဖို့သာ ရှိသည်။ ကြိုတင် ပြင်ဆင်ထားဖို့သာ လိုသည်။ ပထမဆုံးအကြိမ် အမှားသည် နောက်ဆုံးအကြိမ် အမှားဖြစ်ဖို့သာလိုသည်။

**စာကိုး**

- ဆရာမဂျူး သစ်တောလမ်း (ဝတ္ထုတို)
- ဆရာမြသန်းတင့် ရထားမမီခြင်း (အက်ဆေး)

■


www.burmeseclassic.com

www.burmeseclassic.com

# ကရားစွပ်

*"ကျွန်တော်၏ သိုးမွေးပြာထိုးလက်ဖက်ရည်ကရားစွပ်လေးကို ကျွန်တော်ချစ်သည်။ ကျွန်တော့်စိတ်ထဲ မိတ်ဆွေသူငယ်ချင်း ကောင်းလို့တောင် ထင်မြင်နေမိတတ်ပါသည်။ တစ်ခါတလေ သူ့အကြောင်းတွေးမိလျှင်ပင် ကျွန်တော် အင်မတန် စိတ်ချမ်းသာသည်။ ကျွန်တော်နှင့် လက်ဖက်ရည်ကရားစွပ်ကလေးမှာ ပျော်ရွှင်ဖွယ်အချိန်နာရီ တော်တော်များများမှာ အတူတကွ ဝေမျှခံစားနေကျဖြစ်သည်။ အမှတ်တရတွေကလည်း များသား။ ဥယျာဉ်ထဲက လက်ဖက်ရည်ချိန်တွေမှာ ပန်းသီးပင်အောက်တွေအောက်မှာ၊ ဆောင်းနေ့လယ်ခင်းများမှာ။ တကယ်လို့သာ သည်လက်ဖက်ရည်ကရားစွပ်ကလေး ရှိဆွေး စုတ်ပြတ်ပြီသွားခဲ့လျှင် ကျွန်တော်သည်ပင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျမိလိမ့်မည် ထင်၏။ နှစ်ကာလတွေ ကြာရှည်စွာ တင်းရစ်ခဲ့ရသော သံယောဇဉ်ကြောင့် အရာအားလုံးကို ခွဲခွာရမှာ တကယ်တော့ ခက်ခဲလှပါသည်။ အချိန်ကာလတွေ ကလွင့်ပါးသွားခဲ့ကြပြီ။ မိတ်ဆွေသင်္ဂဟဆိုသူတွေကလည်း ရောက်လာလိုက်ကြ၊ ထွက်သွားလိုက်ကြ။ ကျွန်တော့်စိတ်နှလုံးကတော့ သည်ကစားစွပ်ဟောင်းကလေးမှာပဲ ဝန်းလှည့်ကာ ချစ်ခင်နေမိပါသည်။ အိမ်သားဆန်လှသော အရာကလေး မဟုတ်လား"*

***[Patience Strong ၏ Tea Cosy]***

www.burmeseclassic.com

ပေးရှင်စထရောင်း၏ ကဗျာကို ဖတ်ရတော့ ကဗျာဆရာ၏ ခံစားမှုကို သတိထားမိပါသည်။ ကဗျာဆရာ၏အိမ်မှာ အိမ်ထောင် ပရိဘောဂတွေ များများစားစား ရှိနိုင်သည့်ကြားက သည်လက်ဖက် ရည်ကရားစွပ်သည့် အစွပ်ကလေးကိုမှ ကဗျာတစ်စောင်စာတစ်ဖွဲ့ ရှိရလေခြင်းဟု ကျွန်တော် တွေးနေမိပါသည်။ လက်ဖက်ရည်ကရား စွပ်ကို မြို့ပြမှာ သုံးတာမြင်ရခဲပါသည်။ မရှိတာတော့မဟုတ်။ အသုံးနည်းသည်။ ခေတ်မီဓာတ်ဘူးများက ကရားစွပ်တွေကို မောင်း ထုတ်ပစ်လိုက်သည်။ တောကျေးလက်မှာတော့ ရေနွေးကြမ်းအိုးတွေ မှာ စွပ်ကြဆဲဖြစ်၏။ ညှော်စားပွဲတစ်လုံးခုံတန်းရှည်နှစ်လုံး၊ စဉ့်ဆေး လိပ်ခွက်၊ ရေနွေးအိုးကလေးကတော့ ဘယ်လောက်ဆင်းရဲဆင်းရဲ မရှိမဖြစ် ရှိတတ်ကြသည်။ ရေနွေးအိုးကလေးမှာတော့ ဖရုံသီးပုံကရား စွပ်ကလေးတွေ တွေ့နိုင်သည်။ ပိတ်စကို မြောင်းဖော်ချုပ်ထားကာ အတွင်းကလဲမှို့စွပ်သည့် အပူထိန်းအသုံးအဆောင်ဖြစ်သည်။

တည်ထားရသည့် ရေနွေးအေးစက်မသွားဖို့ ကရားစွပ်ကလေး တွေ စွပ်ထားခြင်းဖြင့် အချိန်ကာလတစ်ခုအထိ ထိန်းထားနိုင်သည်။ များသောအားဖြင့် လက်ကြေး (လက်ဂျီး) လိုက်ကာညစ်ပတ်နေ တာများသည်။ ပန်းပွင့်နှင့် ကြေး (ဂျီး) အကွက်ချင်း ယှက်ကာ လည်နေတတ်သည်။ ကျေးလက်မှာတော့ လူအသုံးအဆောင် တော် တော်များများမှာ အစွပ်ကလေးတွေပါတာများသည်။ မြို့ပြမှာ သုံးရ တန်ဖိုးသည် ကြာရှည်မခံတတ်။ တစ်နေ့တခြား ပိုမိုသစ်ဆန်းသော ဒီဇိုင်းတွေက ဒီဇိုင်းဟောင်းတွေ နေရာမှာ ဝင်ချင်တိုင်းဝင်နေတတ် သည်။ ဟန်ဓာတ်ခုတ်ခြင်းနှင့် ပကာသနသည် မြို့ပြနေသူတို့၏ ဂုဏ်ရည်တစ်ရပ် ဖြစ်နေတတ်သည်။ ကျေးလက်မှာတော့ စုံညည်း တစ်ခုဝယ်မိလျှင် သေတပန်သက်တစ်ဆုံး။ တောင်သူတွေအိမ်မှာ

www.burmeseclassic.com

ဘုရားပွဲက ဝယ်ထားသော စကောအမျိုးမျိုး၊ ဆန်ခါအမျိုးမျိုး၊ တင်းတောင်းအမျိုးမျိုး၊ လိုက်တောင်း၊ လောင်းတောင်း၊ ဝယ်တောင်း၊ ရောင်းတောင်း အမျိုးမျိုး၊ ရေနံချေးသုတ်တန်တာသုတ်၊ ပွဲလျက်ထေးတန်တာထေး။ ပြီးလျှင် အိမ်ထုပ်တန်းမှာ ဝါးလုံးထိုးကာ နှစ်ပေါက်ချိတ်ထားတတ်သည်။ လာငှားသူရှိလျှင် လိုလိုလားလား ငှားတတ်သော်လည်း မေ့မေ့လျော့လျော့ ရှိလိမ့်မည်မဟုတ်။ ငှားသူကလည်း မှတ်မှတ်ရရ ပြန်ပို့ရသည်။ ကျေးလက်၏ ကုန်လုပ်အရင်းအနှီးများဆိုတော့သည် ပစ္စည်းတွေက အလုပ်ဘဝနှင့် ဆက်စပ်နေတတ်သည်။ ဝါးထရံညစ်မွဲမွဲ ကျိုးကျဲကျဲမှာ ချိတ်ထားသည့် ဝါးခမောက်ကလည်း ရေနံချေး၊ ပွဲလျက်၊ သင်္ဘောဆေးတစ်ခုခု သုတ်ထားလိမ့်မည်။ ချိတ်ထားသည့် ထီးကလည်း ပုဆိုးစုတ်ပတ်ထားလိမ့်မည်။ အဝတ်အစားမှာလည်း ပလွှားခြင်းကင်းသည်။ အလှူအတန်းရှိလို့ တစ်ရွာတစ်ရွာသွားရလျှင် ထဘီကောင်း၊ ပုဆိုးကောင်းကို ချိုင်းကြားညှပ်ကာ ယူသွား၊ အလှူရွာအဝင် သစ်ရိပ်ကောင်းကောင်းကျမှ လဲလှယ်၊ ပြီးမှ အလှူဝင်သည်။ အလှူအပြန်ကျတော့လည်း ရွာအထွက်မှာ အဟောင်းနှင့် ပြန်လဲသည်။

"ပုဆိုးထဘီဟောင်းသွားလို့များ လွှင့်မပစ်ရက်ဘူး၊ တင်ပါးသားခါးသားပတ်လည်က အထိုင်များလို့ နာတတ်တော့ ဒါကို ကွင်းပြီး အပေါ်သားနဲ့ အောက်သားကိုယူ၊ တခြား ထဘီကအသားနဲ့ စပ်ပြီး စပ်ထဘီလုပ်ဝတ်ကြသေးတာပါ။ ယောကျ်ားသားများက ခေါင်းပေါင်းတဲ့ ဖျင်တဘက်ကလေးတွေ ရှိပါရောလား၊ နှစ်ပေါက် မိုးထဲ၊ လေထဲ၊ ရေထဲ ယာထဲ ကိုင်းထဲ ထန်းတက်လှေ လိုက်သုံးချင်တိုင်း သုံးပြီး မီးဖိုချောင်လက်နှီးလုပ်တယ်၊ အဲသည်ကမှ ဟောင်းတော့ လှေမှာ ပွဲ

www.burmeseclassic.com

လျက်ထေးတဲ့ အထဲထည့်တယ်”

မြင်းခြံလှေရှာတွေက ကြီးတော် ဒေါ်မြတင်၏ အသုံးချ ဘောဂဗေဒဖြစ်သည်။ တစ်ခါက ခင်ပွန်းဖြစ်သူ လှေသူကြီးနှင့်အတူ တစ်ရွာဝင် တစ်ရွာထွက် လှေလိုက်ခဲ့ဖူးသည်။ အင်းဝနားရောက်တော့ လှေပဲ့ တောင်နား ဆေးလိပ်ထိုင်သောက်ရင်း လိုက်လာသည်။ ရေကြီးချိန် ဆိုတော့ မြစ်ရေက ကမ်းနားသစ်ပင်တွေနားအထိ ရောက်နေသည်။ စပါးသုံးလေးရာပါ လှေကြီးတွေဆိုတော့ ရေကြီးချိန် မြစ်အေးကပ် ကာ ကြိုးဆွဲဆန်နေရသည်။ သည်အချိန်မှာ ကမ်းဘေး ကင်ပွန်းချုံ ကိုင်းက ခေါင်းပေါင်းထားသောတဘက်စနှင့် ညှိသည်။

“ကျုပ်က ငြိမှန်းသိတော့ ဆောင့်ဆွဲလိုက်တာပေါ့။ တဘက် ကလေးကလဲ ရှိနေတော့ လက်တစ်ဝါးလောက် ကင်ပွန်းချုံ မှာ ပြတ်ကျန်ခဲ့ရော၊ လှေကတော့ ဆက်ဆန်လာတာပေါ့။ ခပ်ဝေးဝေးရောက်တော့ တဘက်စလေး ငြိကျန်ရစ်ခဲ့တာ လှည့်ကြည့်မိတယ်၊ အောင်မလေး စိတ်ထဲ ဘယ့်နှယ်ဖြစ်မှန်း မသိဘူး။ ငိုချင်လိုက်တာလေ။ လက်ဝါးလောက်ရှိတဲ့ တဘက် လေးက ကျုပ်တစ်သက်လုံး ခင်ဗျားခေါင်းပေါ်နေလာတာ၊ ခုမှ ထားခဲ့သလားဗျာလို့ ပြောနေသလိုပဲ၊ ကျုပ်စိတ်ထဲဖြစ် နေတာ၊ ဒါနဲ့ ကျူကျူပါအောင် ငိုတော့ လှေထိုးသားက မြစ်ထဲကူးပြီး တဘက်စလေးသွားယူပေးတယ်။ ကျုပ်တို့က နှမြောတာမဟုတ်ဘူး၊ မက်စက်တာ”

ပေးရှင့်စထရောင်း၏ ကဗျာကို ဖတ်ရင်း ကျွန်တော် တွေးနေခြင်း ဖြစ်ပါသည်။ တကယ်တော့ ကဗျာလေးက အနေကြာလို့ သံယောဇဉ် ဖြစ်ရတာကို ဖွဲ့ခြင်း ဖြစ်သည်။ လူ၏စွဲလမ်းစိတ်က ဆန်းကြယ်ပုံကို ဖွဲ့သည်။ မိတ်ဆွေသင်္ဂဟဆိုတာကမှ စိတ်နှင့် အခန့်သင့်လျှင်

www.burmeseclassic.com

ပြောင်းလဲနိုင်သည်။ ချစ်လျှင်အကျိုးမြတ်နိုး သဒ္ဓါဆိုသော်လည်း မုန်းလျှင် အပြစ်မြင်လာတတ်ကြမြဲ။ အရာဝတ္ထုတွေမှာတော့ ချစ်လျှင် အကျိုးလည်းမရှိ၊ မုန်းလျှင် အပြစ်လည်း မဆိုသာ၊ သဘာဝအတိုင်း အလုပ်အကျွေးပြုမြဲ ဖြစ်သည်။

လေ့ရှာဥဒယက ဒေါ်လှသုံနှင့် ဒေါ်မြအုံ အဘွားကြီးညီအစ်မ အမွေခွဲတော့ တခြားပစ္စည်းတွေ ဝေတာခွဲတာမှာ ပြဿနာမရှိ။ မိဘလက်ထက်က ရွှေဝါဆပ်ပြာချောင်းတွေ အမွေခွဲတော့မှ စိတ်ဝမ်းကွဲကြရတာကိုလည်း ကြားခဲ့ရသည်။ မိဘအမွေတွေ ထုခွဲတော့ ရေးသေတ္တာကြီးထဲက ဆပ်ပြာချောင်း ၁၇ ချောင်း ထွက်လာသည်။ တစ်ယောက်ရှစ်ချောင်းစီယူပြီးတော့ တစ်ချောင်း ကိုးလို့ကန့်လန့် ကျန်နေသည်။ နှစ်ကာလကြာနေပြီဆိုတော့ ဆပ်ပြာချောင်းသည်ပင် ထင်းချောင်းလိုမာနေပြီ။ ဒါကို အလယ်က ပိုင်းတော့ ကျေမွကုန်သည်။

"ကျေမွကုန်တော့ ချိန်ခွင်နဲ့ တိုက်ခွဲရသယ်။ ညီအစ်မချင်း တွက်ကပ်သာ မဟုတ်ဘူး၊ အဖေတို့ အမေတို့ နှစ်ပေါင်း များစွာ စုဆောင်းလာတာလေးမို့ အစွန်းမခံနိုင်လို့၊ ဆပ် ပြာတွေက အမြှုပ်မှ ထွက်ပါဦးမလားတောင် မသိဘူး"

ကျွန်တော်က အဖေနှင့် အမေ စွဲလမ်းခဲ့ကြသည့် ပစ္စည်းကလေးတွေကိုလည်း သတိရပါသည်။ အဖေစွဲလမ်းတာက ရေဒီယိုဟောင်းကလေးဖြစ်၍ အမေစွဲလမ်းတာက ကျောက်ကာသေတ္တာကလေး ဖြစ်သည်။ အဖေက ရေဒီယိုကလေးကို အမြဲတမ်း၊ နားထောင်တတ်သည်။ ရေဒီယိုက မီးသီးရေဒီယိုဖြစ်သည်။ ရေဒီယိုအိမ်က သစ်သား၊ မီးဖွင့်ပြီး ငါးမိနစ်လောက်ကြာမှ ရေဒီယိုက အသံထွက်သည်။ မီးလုံးတွေ စုံညီလင်းပါမှ ဂျစ်ဂျစ်ဂွဲဂွဲ မြည်လေသည်။ သည်ကြားထဲ မီး

www.burmeseclassic.com

ခလုတ်ထဲ ပလပ်များထည့်လျှင် ရေဒီယိုအောက်ခံသံခုံက ဓာတ်လိုက်သေးသည်။ ခလုတ်တွေက လက်ဆီတက်လာသည်။ ပြောင်နေပြီ၊ ရေဒီယိုမှ မဟုတ် ဇရိယာတိုင်လို့ ခေါ်သည့် ကောင်းကင်ကြိုးကြေးဝါယာကလည်း ဓာတ်လိုက်သည်။ မနက်ပိုင်းမှာ ဗာဟီရများတတ်တော့ ဖွင့်ရခဲသည်။ ညနေမှာတော့ လေးနာရီမထိုးခင် ငါးမိနစ်လောက်မှာ အဖေ ရေဒီယိုကို ဖွင့်ထားတတ်သည်။ လေးနာရီ ရေဒီယိုလာတော့ ကွက်တိ။ 'သောတရှင်များ ကျန်းမာတော်မူကြပါစေရှင်' ဆိုသည့် နှုတ်ခွန်းဆက်စကားလာလျှင် အဖေက ပြုံးပြုံးကြီး။ 'ကျန်းမာပါ့ခင်ဗျာ'ဟု ရေဒီယိုကို ပြန်ပြောတတ်သည်။ ရေဒီယိုက 'ခုချိန်က စပြီး ဦးသန်းမြင့်ရဲ့ ကမ္ဘာ့ဂီတအစီအစဉ်ကို အသံလွှင့်ပါတော့မယ်ရှင်' ဆိုလျှင် အဖေက 'အေး ငါ့သမီးသွားရော့ ... သွားရော့'ဟု ဆိုလေ၏။ တစ်ခါက အဖေ ရေဒီယိုနားထောင်ရင်း ထူးထူးဆန်းဆန်းမေးခွန်းတစ်ခွန်းမေးသည်။

"အသံလွှင့်ရုံကို ဘယ့်နှယ်မေးရမယ်မသိဘူး၊ မေလှမြိုင် သီချင်းမဆိုတာ၊ ကြာပြီ၊ ကောင်မလေး ဖျားများနေရော့လားကွာ"

အဖေက မေလှမြိုင် အသည်းစွဲဖြစ်သည်။ သည်ရေဒီယိုနှင့် အဖေ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သည်။ အသက်အရွယ်ကြီးလာတော့ အမေပြီးလျှင် ရေဒီယိုက ဒုတိယအဖော် ဖြစ်လာပုံရသည်။ နောင်မှ ရေဒီယိုအသစ်ဝယ်ပေးမည်ဆိုတာကိုတောင် လက်မခံပါ။ မင်းတို့ ရေဒီယိုအသစ်က ဓာတ်လိုက်မယ် မထင်ပါဘူးကွာ၊ သည်ကောင်က ဓာတ်လိုက်လို့ကို သဘောကျတာဟု ပြောတတ်သည်။ ရေဒီယိုပျက်တော့ အဖေလည်း ဖျားသည်။ သည်တော့ ရေဒီယိုကို ချက်ချင်းပြင်ပေးကြရသည်။ ပြင်လိုက်တော့ ရေဒီယိုက ဓာတ်မလိုက်



www.burmeseclassic.com

တော့တာကို 'အောင်မာ သည်ကောင်တောင် လူပါးဝလာပြီ'ဟု ဆိုသည်။ တကယ်တော့ အဖေက ရေဒီယိုသတင်း နားထောင်တာလည်း မဟုတ်။ (မေလှမြိုင်ကလွဲလျှင်) သီချင်းနားထောင်တာလည်း မဟုတ်။ အသံမြည်နေတာကို သဘောကျနေတာ ဖြစ်သည်။ ရေဒီယိုက အသံထွက်နေတာကိုပဲ မိတ်ဆွေကောင်းတစ်ယောက် ရောက်နေတာလို သဘောထားသည်။ သူတို့မို့လို့ ထမင်းမကျွေးရ၊ ရေမတိုက်ရဘဲ ရောက်ရောက်လာကြတာဟ'ဟု ဆိုတတ်သည်။ ကျွန်တော် မှတ်မိသလောက် အဖေနှင့် ရေဒီယိုသည် တစ်ဦးကိုတစ်ဦး သံယောဇဉ်ကြီးနေကြသည်။

အမေကတော့ အလျားရှစ်လက်မ အနံလေးလက်မလောက်ရှိသော ယွန်းသေတ္တာလေးကို သူ့သေတ္တာထဲက မကြာခဏ ထုတ်ကြည့်တတ်သည်။ တကယ်တော့ ကျောက်ကာရွာက ထွက်သည့် သေတ္တာလေးမို့ ကျောက်ကာသေတ္တာပဲ ခေါ်တတ်ကြသည်။ အမေ့အသံထွက်ကတော့ 'ကျောက်ကပ်သေတ္တာ' ဖြစ်သည်။ သည်သေတ္တာလေးထဲမှာ အဖိုးတန်တာရယ်လို့ မပါပါ။ ကြေးနီပြားကလေးတွေ၊ ဂျပန်ငွေစက္ကူကလေးတွေ၊ ပိုးချည်လုံးရောင်စုံတွေ၊ ခေါက်ထားသော သဒ္ဒါရုံအောင်ကျော်ခင်ဇာတ်ကြော်ငြာဟောင်းတွေ၊ ငွေဒင်္ဂါးပြားကလေးတွေ၊ ကျောက်ပွင့်ကလေးတွေ စုံစီနဖာပေါင်းစုံ ထည့်ထားသည့် သေတ္တာကလေးဖြစ်သည်။ သည်သေတ္တာလေးကို အမေအမြဲတမ်း ထုတ်ကြည့်တတ်တာကလည်း အကျင့်ဝသီပါနေလို့ မဟုတ်။ စွဲလမ်းနေလို့ဖြစ်သည်။ အမေအပျိုဘဝကတည်းက သေတ္တာကလေးဟုဆိုသည်။ အမေ့ဘဝနှင့်အတူ အမေ့နားမှာ အမြဲရှိနေသည့် သံယောဇဉ်လည်း ဖြစ်သည်။

www.burmeseclassic.com

ကျွန်တော်တို့ ရွာက တယောဆရာ ဦးလေးကျင်ကတော့ သူ့ဘဝသည် သူ့ဟွန်းတယောပါပဲဟု အမြဲပြောတတ်သူဖြစ်သည်။ အသက်ရှစ်ဆယ်နား ကပ်နေပြီဖြစ်သော်လည်း သူ့ဟွန်းတယောသံ မထွက်သည့် နေ့ရယ်လို့ မရှိ။ ဟွန်းတယောသံစူးစူးသြသြကြီးက တိတ်ဆိတ်သည့်ညများတွင် လွမ်းစရာကောင်းအောင် စူးထွက်နေတတ်သည်။ ကျွန်တော်တို့ လူမှန်းသိလောက်ကတည်းက ရွာမှာ 'ဟွန်းတယောဆရာ'ကိုကျင်လို့ နာမည်ရနေသူဖြစ်သည်။ တချို့နေ့ရက်တွေမှာတော့ တယောကလေးက ကြိုးတွေလျှော့၊ ဟွန်းကြီးကို ဖြုတ်တာ တိုက်ချွတ်နေတတ်သည်။ ပြန်တပ်ပြီးလျှင်တော့ တယောအိမ်ကို မေ့စေ့အောက်မေး ကပ်ရင်း အသံတွေ လှိုင်းထနေအောင် ဘိုးတံကို အထက်အောက်လွန်းထိုးနေတတ်သည်။ ရွာပတ်ဝန်းကျင်က လာဖိတ်လျှင် လိုက်သွားတတ်သည်။ တယောနှင့် ဘိုးတံကို သူများအကိုင်မခံ။ တစ်ရက်တော့ ကျွန်တော်တို့ အလယ်တန်းကျောင်းကလေးမှာ ကမ္ဘာမကြေသီချင်းထိုးပေးဖို့ ကျောင်းအုပ်ဆရာကြီးက ဦးလေးကျင်ကို မေတ္တာရပ်ခံသည်။ သည်ကတည်းက ဦးလေးကျင် မနက်တိုင်း ကျောင်းကို ရောက်လာတတ်သည်။ အဇမ်ဗလီကွင်းမှာ တယောကြီးနှင့် နိုင်ငံတော်သီချင်းလိုက်မေးသည့်အခါမှာတော့ တကယ့်ကျောက်ဆစ်ရုပ်လို၊ မာကျောနေတတ်သည်။ ဦးလေးကျင်သေတော့ ဒွေးလေးမြခင်က တယောကို ဘုရားစင်အောက်မှာ ချိတ်ထားရင်း သွားလေသူကို အမှတ်တရ ဂုဏ်ပြုထားတာ ကျွန်တော် သတိထားမိသည်။

"မင်းဘကြီးက သူ့ဟွန်းတယောကြီးကို သိပ်မက်စက်ရှာတယ်၊ ငါဖြင့် ငယ်တုန်းကတော့ နားညီးလို့ ရောင်းပစ်ပါ ကိုကျင်ရယ်လို့တောင် ပြောမိတယ်၊ အသက်တွေ ရလာမှသိတယ်၊ တယောက သူ့လိပ်ပြာကွယ့်"

www.burmeseclassic.com

ကျွန်တော်ကတော့ တယောစောင့်နတ်ဆိုတာသာရှိလျှင် ဦးလေး ကျင် တယောစောင့်နတ်ဖြစ်လောက်တယ်လို့ တွေးနေမိလေသည်။ ဒွေးလေးမြခင်လို ဇနီးကတော့ ထားတော့။ အမေကပင်လျှင် ရေဒီယိုက သူ့လက်သံမှာ တယောလက်သံလာလျှင် ‘ဟွန်းတယောမောင်ကျင် ကို သတိရလိုက်တာဟယ်’ဟု ဆိုတတ်သည်။ မနှစ်က ကျွန်တော် အငြိမ့် လူရွှင်တော်ကြီးများအကြောင်း ရေးရန် လူရွှင်တော်ကြီးများ နှင့် အိမ်တိုင်ရာရောက် လိုက်တွေ့ရသည်။ သည်လူရွှင်တော်ကြီး တွေထဲမှာ လူရွှင်တော်ကြီး ဦးတက်စံကို ကျွန်တော် အမှတ်ထင်ထင် ရှိခဲ့သည်။ သူက ငယ်စဉ်ကတည်းက မိန်းကလေးလို ဝတ်ဆင်ကာ ကခဲ့ရသည်။ ခုတင်ထိုးကခဲ့ရသည့် ညကြေးလေးများ စုကာ မိဘ ကို လုပ်ကျွေးခဲ့သူ။ ကျွန်တော်နှင့် တွေ့တော့ အသက်ခုနစ်ဆယ် ကျော်ပြီ။ သဘင်သက်တစ်ရက်ကလေးမှ မပြတ်သေးကြောင်း ပြော ပြသည်။ သူစွဲလမ်းတာက ဇာတ်စင်၊ အငြိမ့်စင်ဖြစ်သည်။ မီးရောင် တွေ ဖြစ်သည်။ ပွဲခင်းဖြစ်သည်။ ဇာတ်မကရသည့်ညတွေမှာ သူ ချောက်ချားနေတတ်သည်။ အသက်ကလေးရလာတော့ အငြိမ့်ခုံက သူ့ကို ပင်စင်ပေးလိုက်ပြီဟု ဆိုသည်။ သူငယ်ငယ်က ရုပ်သေးဇာတ် ထဲလိုက်တော့ ရုပ်သေးဆွဲပညာသင်ပေးသည်။ သည်အရုပ်ကလေး ထဲမှာ သူ့ဆရာက လိပ်ပြာပါ သွင်းပေးလိုက်ဟု သူယုံကြည်နေ သည်။

“ကျုပ်လိပ်ပြာကို လက်စွဲတော်ရုပ်ထဲ သွင်းပေးလိုက်တာ ဆရာလေးရဲ့ အရုပ်က တိုင်မှာ ချိတ်ထားတာတောင် ကျုပ် က အဟာမ်းလို့ ချောင်းဆိုးရင် ကျုပ်ဘက် လှည့်ကြည့်တာ အဲသလောက်တောင်ရယ်၊ ကျုပ်ကလဲ အရုပ်နဲ့ တစ်ရက်မခွဲ ခဲ့ဘူး။ အိပ်တာတောင် အိပ်ရာဘေးထား အိပ်တာကလား

www.burmeseclassic.com

ဂျပန်ခေတ် ဗုံးတွေချတော့တောင် အရုပ်ဆွဲ ပြေးပြီး ဗုံးခိုရတာ။ လက်ကန်သင်းဘေးမှာ အရုပ်ပိုက်ရင်း ဝပ်နေတာ၊ ဘယ်လောက် ဆင်းရဲဆင်းရဲ ကျုပ် အရုပ်ကို ကျုပ်မခွဲခဲ့ဘူး၊ အရုပ်ပျောက်ရင် ကျုပ်ပျောက်မှာပဲ၊ အရုပ်သေရင် ကျုပ်သေမှာပဲ"

အရုပ်ကလေးကို အစွဲအလမ်းကြီးသူ သဘင်သည်တစ်ဦး၏ အနုပညာသံယောဇဉ်ဖြစ်သည်။ ကလေး တမူးဖက်ရုပ်သေးသွားကတော့ ရုပ်သေးဇာတ်ပျက်သည်။ သည်တော့ ရုပ်သေးထောင် ဆရာကြီးက ကြိုက်ရာ အရုပ်ယူပြီး ပြန်ကြတော့ဟု ပြောသည်။ မဟာမြိုင်တောင်ကြီးကို အရုပ်သေတ္တာထမ်းရင်း တစ်ရွာဝင်တစ်ရွာထွက် ရုပ်သေးကလေးတွေကပြရင်း ထမင်းစားလာခဲ့ကြရသည့်ဘဝတွေ ပြောပြတော့ လွမ်းစရာ။ သည်နောက်တော့ ရုပ်သေးခေတ်မဟုတ်တော့ အငြိမ့်လူရွှင်တော်း ဇာတ်လူရွှင်တော် ဖြစ်လာရသည်။ အခုတော့ ဇာတ်ကြီးတစ်ဇာတ်မှာ နောက်ပိုင်းဝင်ကပေးနေရသည်ဆို၏။

"ဆရာလေးရေ ဇာတ်ကနေရင် ကျန်းမာနေတာပဲ၊ အိမ်က အမယ်ကြီးက နားပါတော့တဲ့၊ ဘယ်နားနိုင်ပါ့မလဲဗျာ၊ ဇာတ်များထွက်ရင် ကျုပ်က အိပ်ထမ်းပြီး တာရိုးလမ်းလျှောက်သွားတာ၊ လမ်းက လူတွေက မေးအောင်လို့၊ မေးရင် ကျုပ်က ဇာတ်သွားကမလို့က အစဘယ်သွားကမှာ အဆုံးအကုန်ပြောတာပဲ၊ အဲဒါမှ ကျုပ်နေသာတယ်၊ အိမ်လည်း ပြောထားတယ်။ ငါက ဇာတ်ခုံပေါ်မှာ သေမှာလို့"

ကျွန်တော် နားလည်နိုင်ပါသည်။ ဇာတ်ခုံသည် သူ့ဘဝဖြစ်သည်။ သူ့ရောင်းရင်းဖြစ်သည်။ သူတည်ရာမှီရာနေရာထိုင်ခင်း ဖြစ်သည်။ ပြီးတော့ သူ့သင်္ချိုင်းလည်း ဖြစ်သည်။

www.burmeseclassic.com

ကျွန်တော်ကိုယ်တိုင် စွဲလမ်းခြင်းကြီးသော လူတစ်ယောက် အကြောင်းကို ဝတ္ထုရေးဖူးပါသည်။ နက်စ်ကော်ဖီဝတ္ထု။ ကော်ဖီကို မက်မက်စက်စက်ရှိသူ ဓီးချဉ်ကုန်းရွာသား ချန်ထွန်းအောင်၏ အစွဲ အလမ်းကို ရေးခြင်းဖြစ်သည်။ ချန်ထွန်းအောင်က လက်ဖက်ရည်ဆိုင် ပိုင်ရှင်ကို အိကွန်းဆိုင်မှ ကော်ဖီနှင့် အသားကျနေသူဖြစ်သည်။ မနက်တစ်ခွက်၊ ညအိပ်ရာဝင် တစ်ခွက်သောက်တတ်သူ သည်အထိ က ဘာမှမဖြစ်။ တစ်ရက်တော့ အိမ်ဘေးက ဆည်မြောင်းအရာရှိ ကတော်က မြို့မှ သူမ ဖခင်ယူလာသည့် နက်စ်ကဖေးတစ်ခွက် ချန် ထွန်းအောင်ထံ ပို့ခိုင်းလိုက်သည်။ သည်နက်စ်ကော်ဖီကို သောက်မိချိန် မှစ၍ ကိုအိကွန်းရွာ ကော်ဖီကို မသောက်ချင်တော့ဘဲ၊ နက်စ်ကော်ဖီ ကိုသာ တမ်းတနေတော့သည်။ နတ်များ သိကြားများ သောက်သည့် ကော်ဖီဖြစ်ရမည်ဟု တွေးသည်။

သို့သော် ကော်ဖီမျိုးက ဓီးချဉ်ကုန်းမှာမရနိုင်။ ချန်ထွန်းအောင် စိတ် ညစ်ရပြီ။ ရွာက ကိုအိကွန်း ကော်ဖီကလည်း သူ့ကို မတိုးနိုင်တော့။ ကြိုးစားသောက်ပြန်တော့ အန်သည်။ သည်တော့ နက်စ်ကော်ဖီကို တမ်းတရတော့သည်။ တစ်ရက်တော့ ဆည်မြောင်းအရာရှိကတော်က နက်စ်ကော်ဖီမှုန့်နည်းနည်းကျန်သည့် ပုလင်းလေးကို သနားသဖြင့် ပေးလိုက်သည်။ သည်ကော်ဖီကို သောက်ရင်း ချန်ထွန်းအောင် သူ့ ဘဝသူ အားငယ်သွားသည်။ ကမ္ဘာလောကမှာ သည်လိုကော်ဖီ ရှိနေမှန်း သူမသိ။ တစ်ရက်တော့ နက်ကော်ဖီကုန်သွားသည်။ သည် တော့ စွဲလမ်းမှုဖြင့် ဖျားသည်။ ဘယ်ကမှ မရနိုင်တော့သည့်အခါ ချန်ထွန်းအောင် သေသွားသည်။ လက်ထဲမှာ ပုလင်းကလေးကိုင် ရင်း သေနေခြင်း ဖြစ်သည်။ အလောင်းမြေချလိုက်သည်။ နောင် နှစ်ပေါင်းများစွာ ကြာသည့်အခါ ရွာကျောင်းသားတစ်ယောက်က

www.burmeseclassic.com

ဓိုးချဉ်ကုန်းသင်္ချိုင်းမှာ လူလက်ဖျံရိုးတစ်ချောင်းတွေ့သည်။ ပုလင်းကလေးကို ဆုပ်ကိုင်ထားသည့် အရိုးစုလက်ဖျံရိုးက ချန်ထွန်းအောင်၏ လက်ဖျံရိုးဖြစ်ကြောင်း ရွာက သိသွားသည်။ သည်အချိန်မှာတော့ ရွာကလေးက ပြောင်းလဲနေပြီ။ နက်စ်ကော်ဖီရပြီ။ တီးမစ်ကော်ဖီမစ်ရပြီ။ မိုင်လို၊ အိုဗာတင်း ရပြီ။ ပြောင်းလဲနေသည့် လောကဖြစ်စဉ်နှင့် တယူသန်သောအစွဲကို သရော်ချင်သဖြင့် ရေးလိုက်သည့် ဝတ္ထု ဖြစ်ပါသည်။

ပေးရှင့်စထရောင်းက သိုးမွေးထိုးအပြာရောင် လက်ဖက်ရည်ကရားစွပ်ကလေးကို အိမ်သားဆန်သဖြင့် သံယောဇဉ်ဖြစ်ရကြောင်း ရေးသည်။ ဘဝမှာ သူနှင့် အနေကြာတော့ သံယောဇဉ်ဖြစ်လာရသည့် သက်မဲ့အရာဝတ္ထုပေါ်မှာ ထားသည့် သူ့ဥပါဒါန်ကို တွေ့ရသည်။

"သံယောဇဉ်သည် သတ္တဝါတို့၏ ဘဝနှင့် ပတ်ဝန်းကျင်ကို ချည်နှောင်ထားသော ကြိုးများဖြစ်သည်။ ပတ်ဝန်းကျင်တွင် သက်ရှိလည်းပါ၏။ သက်မဲ့လည်းပါ၏။ ထို့ကြောင့် သတ္တဝါတို့သည် မိမိတို့ဘာသာ မိမိတို့ ဆန္ဒအတိုင်း နေနိုင်ကြသည်မဟုတ်။ သံယောဇဉ်ကြိုးများက နှောင်ဖွဲ့ထားခြင်း ကြောင့် ပတ်ဝန်းကျင်အတိုင်း လိုက်၍နေရခြင်း ဖြစ်သည်။

သို့ဖြစ်လေရာ ပတ်ဝန်းကျင်က လှုပ်လျှင် အချင်းချင်း နှောင်ဖွဲ့ထားမှုကြောင့် မိမိလည်း လှုပ်၏။ ပတ်ဝန်းကျင်က ငြိမ်လျှင် မိမိလည်း ငြိမ်၏။ ထိုနည်းအတူ မိမိကလှုပ် လျှင် ပတ်ဝန်းကျင်က လှုပ်၏။ မိမိက ငြိမ်လျှင် ပတ်ဝန်းကျင်က ငြိမ်၏။

ဘဝနှင့် ပတ်ဝန်းကျင်ကို ဖွဲ့နှောင်ထားသော သံယော ဇဉ်ကြိုးဆိုသည်မှာလည်း မဂ်ဖြင့် မဖြတ်တောက်နိုင်သရွေ့

www.burmeseclassic.com

ကာလပတ်လုံး မိမိသန္တာန်၌ ရှိနေမည်သာ ဖြစ်၏”

တကယ်တော့ လူတွင် စွဲလမ်းခြင်း ဥပါဒါန်သည် ရှိမြဲဖြစ်ပါသည်။ စွဲလမ်းခြင်းတွင် ပတ်ဝန်းကျင်အရ စွဲလမ်းခြင်း၊ လူတန်းစားအမြင်အရ စွဲလမ်းခြင်း၊ ယဉ်ကျေးမှုဓလေ့အရ စွဲလမ်းခြင်းနှင့် မွေးရာပါဉာဉ်အရ စွဲလမ်းခြင်း ဟူ၍ လေးမျိုးရှိသည်။ လောကပတ်ဝန်းကျင်ကို စွဲလမ်းခြင်းသည် ကာမုပါဒါန်ကာမအရ တပ်မက်သော လောဘနှင့် တပ်မက်စရာအရာများကို ဆိုသည်။ လူသည် လောဘရည်ဖြင့် ပက်ဖျန်းခံနေရသည်။ ဒိဋ္ဌိရည်ဖြင့် ပက်ဖျန်းခံနေရသည်။ အဝိဇ္ဇာရည်ဖြင့် ပက်ဖျန်းခံနေကြရသည်။

ဘဝသည် ဆင်းရဲအတိဖြစ်သည်ဟု အရိယာသစ္စာအနေဖြင့် ဆိုသော်လည်း ဘဝသစ္စာက ထို‘ဆင်းရဲ’ဆိုသဟာကလေးကိုပင် တဏှာက တပ်မက်မိအောင် တပ်မက်လိုက်သေးသည်။ တကယ်တော့ ဥပါဒါန်နှင့် တဏှာသည်ပင် ကျွန်တော်တို့ အတွက် အိမ်သားဆန်နေသည့် တရားများ ဖြစ်နေသည်ကော။

**စာကိုး**

– ဆရာကြီးဦးရွှေအောင်၊ ဗုဒ္ဓ၊ လောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင်

■



www.burmeseclassic.com

www.burmeseclassic.com

# ပိုင်းဖြတ်ချက်များ

"နှစ်သစ်ကူးနှစ်ဆန်းရက်တွင် ကျွန်တော် နိုးထလာသည့် အခါ အရာအားလုံးသည်လည်း တောက်ပသစ်လွင်နေသည်ဟု ထင်ရပါသည်။ ကြီးမြတ်သော၊ တင့်တယ်ခမ်းနားလှသော ထိုအရာတို့အတွက် ကျွန်တော်တို့ အစီအစဉ်ပြုကြရဦးမည်။ ခွန်အားသတ္တိတို့ဖြင့် ပြီးသော၊ ပျော်ရွှင်ဖွယ်စိတ်နှလုံးဖြင့် ရွှေရောင်အနာဂတ်သစ်ကို မျက်နှာမူရန်အလို့ငှာ၊ နောက်ထပ် အစပျိုးမှုတစ်ခုကို ကျက်သရေတော်ရှိရှိ လက်ဝယ်ရရှိလေခြင်း ဟု ကျွန်တော် ခံစားနေရသည်။

အခုတော့ နှစ်ဦးကာလ၏ တောက်ပသော ပထမနေ့ရက် သည်ပင် ကုန်ဆုံးခဲ့ပြီ။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ခါ တိုင်းနှင့် မခြားအလားတူ ဖြစ်ရပြန်သည်။ အကျင့်ကောင်း များကပဲ ကျွန်တော်တို့အပေါ်အသာစီးရနေမြဲဖြစ်သည်။ ကျွန် တော်တို့ ဝေဖန်ပိုင်းခြားရတော့မည်။ အပြစ်တင်ရတော့မည်။ ကျွန်တော်တို့၏ ခြေလှမ်းတွေကို လမ်းလွဲလမ်းမှားကို လိုက်မိ စေဖို့ ဖျားယောင်းမှုဟောင်းတွေက အသင့်စောင့်ဆိုင်းနေကြ မြဲဖြစ်၏။ မကောင်းဆိုးရွားဟောင်းကလည်း သူ့ နဂိုနည်း ဟောင်းအတိုင်း ကျွန်တော်တို့ကို တီးတိုးစကားဆိုမြဲဖြစ်၏။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ အတွင်းကျကျ မပြောင်း

www.burmeseclassic.com

www.burmeseclassic.com

*လဲနိုင်ခဲ့လျှင် ကျွန်တော်တို့ ကိုယ်တိုင် ခိုင်မာသည့် သန္နိဋ္ဌာန် ချနိုင်မည်မဟုတ်။ ရန်သူတွေက ကျွန်တော့်တို့ကို စောင့်စားနေသည်။ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ သံသယဖြင့် ညစ်ညျူးခြင်း၊ တလွဲမာနများဖြင့် ခက်ထန်နေရခြင်း စသည့် ရန်သူများ ဖြစ်ပါသည်။ အချိန်ကာလတွေက ပြောင်းသွားခဲ့သော်ကြား လူကတော့ အပြစ်၏ သစ်စေ့များကို ဆုပ်ကိုင်ထားဆဲဖြစ်သည်။ ပူပန်သောကနှင့် ကြွက်ကြွက်ညံနေမှုများအပေါ် ကျော်လွှန်၍ မေတ္တာ၏အသံတွေကို ကြားရသည့်တိုင်အောင် ကျွန်တော်တို့ လုံးပမ်းကြရဦးမည်။*

*ကျွန်တော်တို့ပိုင်းဖြတ်ကြပါစို့။ တစ်ချက်တည်းသာ ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး အလိုချင် အတပ်မက်ဆုံး အရာလည်း ဖြစ်ပါသည်။ တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းအားဖြင့် သစ္စာပြုကြစို့။ စိတ်ကူးအားဖြင့် စကားလုံးအားဖြင့်၊ အပြုအမူအားဖြင့် (တစ်နည်းအားဖြင့် ကံသုံးပါးဖြင့်) ချစ်ခင် တပ်မက်ကြစို့။ ကျွန်တော်တို့အားလုံး ကျိုးနွံနာခံကြသည် ဆိုလျှင် ဖြစ်ပေါ်လာမည့် ကမ္ဘာလောကကို စိတ်ကူးကြည့်စေချင်ပါသည်။ သေးငယ်ရိုးစင်းသော ရွှေစည်းမျဉ်းကို ကနေ့ပဲ ကျွန်တော်တို့ စတင်လိုက်နာကြပါစို့”*

**[*Patience Strong* ၏ *Resolutions*]**

အနောက်နိုင်ငံသားတွေက နှစ်ဟောင်း၏ နောက်ဆုံးညသန်းခေါင်ယံမှာ စုဝေးကာ နှစ်သစ်မနက်ခင်းကို ကြိုဆိုကြသည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့ည ၁၂:၀၀ နာရီမှာ နှစ်သစ်ကြိုဓမ္မတေးသံများ နေရာအနှံ့မှာ ကြားနိုင်သည်။ ‘ပျော်ရွှင်ဖွယ် နှစ်သစ်ဖြစ်ပါစေ’ ဆို


www.burmeseclassic.com

တောင်းသံသည် ကမ္ဘာအဝန်းမှာ ပဲ့တင်ရိုက်နေသည်။ သည်အချိန်မှာ လူတို့၏ စိတ်နှလုံးသည် အသစ်အသစ်သော ခံစားမှုဖြင့် လန်းဆန်းနေသည်။ လူသစ်စိတ်သစ် ကံကြမ္မာသစ်ဖြင့် ညှိတ်နှုးနေတတ်ကြသည်။ ပေးရှင့်စထရောင်း၏ ကဗျာကို ဖတ်ပြီးသည့်အခါ ကဗျာဆရာက ပေးချင်သည့် ရသနှင့် အဓိပ္ပာယ်ကို ကျွန်တော် နားလည်ပါသည်။ နှစ်သစ်ကူးစ ပထမရက်တွင်သာ မေတ္တာစိတ်မွေးတတ်ကြသည်။ ကမ္ဘာလောကသားအချင်းချင်း မေတ္တာဖြင့် ချစ်ခင်ကြင်နာကြဖို့၊ တစ်ဦးကိုတစ်ဦး ချစ်ခြင်းဝေမျှဖို့ ကျွန်တော်တို့ ကြိုးပမ်းကြရဦးမည်ဆိုသည့် သဘောဖြစ်ပါသည်။ နှစ်သစ်ကူး ခရစ်စမတ် ထင်းရှူးပင်ကလေးပေါ်က ငွေရောင်ကြယ်များ ရွှေရောင်ဘယ်ရီသီးများ၊ မေတ္တာမွန်စာလွှာများ ဂွမ်းရုပ်ဖြင့် လုပ်ထားသည့် သိုးထိန်းများ၊ တောက်ပသော အရှေ့ကြယ်၊ ချစ်ခြင်း မေတ္တာပြလက်ဆောင်မွန်များဖြင့် နှစ်သစ်ကူး၏ ပထမနေ့ရက်သည် တောက်ပနေတတ်၏။

ကျွန်တော်ကတော့ ကဗျာလေးကို ဖတ်ရင်း မြန်မာနှစ်သစ်ကူးရက်တွေကို သတိရနေသည်။ မြန်မာနှစ်သက်ကူးရက်ကို 'နှစ်ဆန်းတစ်ရက်'နေ့ဟု ကျွန်တော်တို့ ခေါ်တတ်ကြသည်။ ဆန်းသစ်စနှစ်ကာလ၏ ပထမဆုံးရက်ဆိုသည့်သဘော ဖြစ်ပါလိမ့်မည်။ မြန်မာတန်ခူးလသည် မြန်မာ့ရာသီဥတုနှင့် ယှဉ်လျှင် နွေဦးကာလဖြစ်သည်။ မြန်မာနွေဦးက လှပတာထက် လွမ်းစရာကောင်းသည်ဟု ကျွန်တော် ခံစားရပါသည်။ ၁၉၅၁ ခုနှစ် ပတ်ဝန်းကျင်က ပီကင်းမြို့ ငြိမ်းချမ်းရေး ကွန်ဖရင့်ကို တက်ရောက်ခဲ့သော ဆရာဒဂုန်တာရာက သူ၏နာမည်ကျော်စာအုပ် 'ဧရာဝတီ၊ ယန်စီ၊ ဗော်လဂါ' စာအုပ်မှာ ချီလီကဗျာဆရာ ပါဗလိုနီရူဒါ၊ဇနီးမောင်နှံနှင့် တွေ့ခဲ့ရကြောင်း ရေးခဲ့သည်။ ၁၉၂၇ ခုနှစ် ပတ်ဝန်းကျင်က ပါဗလိုနီရူဒါက

www.burmeseclassic.com

မြန်မာပြည်မှာ တာဝန်ထမ်းဆောင်ဖူးသည်။ သူသည် မြန်မာပီတောက်ကို တမ်းတသူဖြစ်သည်။ ပိတောက်ပွင့်သည့် ရာသီကို လွမ်းသူဖြစ်သည်။

အိလျာအာရင်းဘာခ်နှင့် ဇနီးသည်ကလည်း မြန်မာပြည် သို့ ရောက်ချင်ကြောင်း ပြောဆိုနှုတ်ဆက်ကြသည်။ နီရုဒါသည် တံခါးဝအထိ လိုက်ပို့ကာ 'မြန်မာပြည်ကို သတိရကြောင်း၊ မြန်မာပြည်သားများကို ပြောပြလိုက်ပါ။ နောက်ပြီး ရွှေရောင်လို လှပတဲ့ ပိတောက်ပန်းကိုလည်း သတိရနေပါသေးတယ်ဟု ဆိုသည်။ သူက ပိတောက်ပန်းကို မြန်မာအသံထွက်အတိုင်း 'ပိတောက်'ဟု ပီသစွာပင် ခေါ်သည်။ ကျွန်တော်က နီရုဒါ၏ ဇနီးအား ပိတောက်ပန်းပန်ရအောင် မြန်မာပြည်ကို လာလည်ပါ'ဟု ပြောဆိုလေသည်။ ချီလီယံကဗျာဆရာက 'ပိတောက်တွေဝေတဲ့ရာသီဟာ အင်မတန်သာယာလှပတယ်'ဟု ပြောနေသည်။ ကျွန်တော်တို့လည်း ပိတောက်ပန်းကို တမ်းတသည့် နီရုဒါထံမှ ထွက်ခွာခဲ့ကြသည်"

သည်အကြောင်းအရာကို နောင်နှစ်ပေါင်း လေးဆယ်တိတိ အကွာ ၁၉၉၁ ခုနှစ်တွင် ဆရာဒဂုန်တာရာကပဲ ကဗျာဖွဲ့ခဲ့သည်။ 'ပိတောက်အမှတ်တရ'ကဗျာ ဖြစ်သည်။ သည်ကဗျာထဲက တစ်ပိုဒ်ကို ကျွန်တော် သတိရသည်။

"ပိတောက်ပွင့်မူ
ချစ်သူများလှ၊ ငြိမ်းချမ်းပေစွ
တစ်ခါကလျှင်၊ ပီကင်းမြို့မှာ
ချီလီကဗျာဆရာ၊ နီရုဒါနှင့်
တွေ့ဆုံခဲ့ရာ၊ မြန်မာမှန်းသိ


www.burmeseclassic.com

ပိတောက် … ပိတောက် နွတ်မှ ကောက်လျှောက်
ပီပီသသ၊ ရွတ်ဆိုပြီးမှ
သူက ပိတောက်ပန်း၊ စွဲလမ်းခဲ့ပုံ
ရန်ကုန်နေ့များ၊ လွမ်းဆွတ်သွားသတဲ့
ငယ်ရွယ်စဉ်က၊ အမှတ်တရ
တသနုပျို၊ နိုဘယ်ဆုရှင်
ပိတောက်ချစ်သူပင်တကား… ”

ဆရာဒဂုန်တာရာက သူ၏ 'လှပသော နွေရက်များ'တွင် နွေဦးဘွဲ့ကို ရေးခဲ့သည်။ သစ်ဦးစနှစ်ကာလရက်များကို ရေးသည်။

"ရှေးဟောင်းကဗျာများကို ကြည့်လျှင်ကား နွေဘွဲ့သည် သာယာလှပခြင်းကို ဖော်ကျူးထားသော အလှစာပေများ ဖြစ်သည်ကို တွေ့ရပေသည်။ နဝဒေး၏ နွေရတုများသည် စိမ်းနုလန်းဝေနေကြပေသည်။ သူ၏ ငွေကားချပ်သည် 'မြဟန် လိုနှင့် စိမ်းညိုလန်းလန်း'ဖြစ်ကာ 'စိမ်းလမ်းရတု၊ နုသည်ဖြင့် မှူ မြင်လကလျှင်' အကြောင်းရေးချယ်ထားပေသည်။ နွေဦးပေါက်လျှင် ဖုံများသည် လှိုင်းထကာ တက်လာကြသည်။ ဖုံများဖြင့် လူးထားသော၊ သစ်ရွက်ရော်တို့သည် လွင့်နေကြလေ၏။ ပူသောလေသည် မျက်နှာကို ဖြတ်သန်းသွားကြပေသည်"

ဆရာဇေယျကတော့ 'ကောက်ရိုးနွယ်'မှာ နွေရာသီ၏ နှစ်ဆန်းအလှသစ်ကို ဖွဲ့ခဲ့ဖူးသည်။ ဆရာဇေယျ၏ ကန်စွန်းနွယ်၊ ကောက်ရိုးနွယ်၊ ကဆုန်လစိတ်ကူးကြွချိန်၊ ယင်းတိုက်နှချိန် စသည့် ဝတ္ထုများ ဆောင်းပါးများတွင် တောအလှ၊ တောင်အလှတွေ ရာသီအလှတွေကို အလျဉ်းသင့်သလို ဖွဲ့တာတွေ ရှိသည်။

www.burmeseclassic.com

"တပေါင်းလကလည်း ဆန်းကြယ်ပေ၏။ တန်ခူးလကလည်း လှပါပေ၏။ တပေါင်းလရောက်လျှင် နှင်းကလေးက တဝေဝေ၊ မြူကလေးတစိုစို တောင်လိုလို မြောက်ယောင်ယောင် လွမ်းစိတ်များ ပေါ်လာ၏။ သွားလေသူ အဖေ့မျက်နှာ၊ အမေ့မျက်နှာ၊ အစ်ကို့မျက်နှာ၊ အစ်မမျက်နှာများကို မြင်ယောင်မိ၏။ လွမ်းရင်းလွမ်းရင်း တန်ခူးရောက်ပြန်၏။ ရွက်သစ်ပုရစ် အဖူးအညှောက်ကလေးတွေ ထွက်လာ၏။ တစ်ခွင်တပြင်လုံး စိမ်းနုလျက် ရှိ၏။ တစ်ခါတစ်ခါ နံနက်ပိုင်းမြူဆိုင်းသလို မှုန်မှုန်မှိုင်းမှိုင်းကလေး ပြုနေ၏။

"ကျီးကန်းတွေ သည်နှစ် အသိုက်စောစောလုပ်ကြတယ်ကွ၊ မိုးဦးစောလိမ့်မည်ထင်ပါရဲ့' ဦးကြီးရွှေဖိုး ပြောသံနှင့်အတူ အနောက်ဘက်ဆီက မိုးသားလိုလို သန်းသွားသည်ကို မြင်လိုက်မိ၏။ တပေါင်းလလည်း လှပါပေ၏။ တန်ခူးကလည်း ဆန်းကြယ်ပေသည်။

နယ်ရှစ်ခွင်ဆုံး၊ ကြူခင်ရိုးမြူခိုး ငယ်အုံ၊ ကုံရာသီပြောင်း ခါတပေါင်း ညှာညောင်း ကွန့်ချိန် ညို့ညို့ညီးလို့ ရှို့မီး ထိန်၊ ဂိမ္ဘပထမ၊ ပုရစ်ဖူးတံ၊ ခေတ်ကူးပြန်၊ သစ်ထူးဟန်သ၊ တာမို့၊ လဘရဂုဏ်၊ ယုဂန်နန်း၊ ယုန်စန်းငယ်မှီ၊ ဘုံနန်းဆီက ရွှေဖိမ္မွေးခိုက်"

စုံနံသာမြိုင် ဦးကျော့၏ ပုရစ်ဖူးတံချီသည့် ခေတ်ကူးပြန်ရာသီဘွဲ့ ဖြစ်သည်။ ချီလီကဗျာဆရာ နီရူဒါပြောခဲ့သလို ပိတောက်ပွင့်သည့် နှစ်ဆန်းရာသီ၏ အလှက ပြောလောက်စရာ လှပါပေသည်။ ကျွန်တော်က သည်ရက်ထဲမှာပဲ ဆရာမင်းသုဝဏ်၏ 'နတ်ရှင်နောင်နှင့် တန်ခူးလ'ကို ဖတ်ဖြစ်ပါသည်။

www.burmeseclassic.com

တန်ခူးလသို့ ရောက်လေပြီ။ ရွက်သစ်ကလေးများသည်လည်း နုတချို့၊ ရင့်တချို့ ရှိကြကုန်၏။ ကောင်းကင်တွင်လည်း မိုးသား များ လွင့်စပြုလာ၏။ တန်ခူးလေသည်လည်း ဝေ့ရစ်ကာ တိုက်ခတ် လေတော့၏။

"သင်းချောပမာ၊ သဇ္ဇာလိုလို
မြည်ိုတချို့၊ ရွှေသို့တစ်ဝက်
ဖူးထွက်ရွှန့်ရွှန့်၊ ရွက်ညွန့်ဝေဝေ
လေလည်းတုံ့ရစ်၊ မြစ်လည်းကြည့်ငုံ"

တောင်ဘက်ဟံသာဝတီမြို့ဆီမှ မိုးသားတို့လည်း သူ့ထက်ငါ လုယက်ကာ လေယာဉ်စီး၍ တောင်ငူမြို့ဆီသို့ ပျံ့လွင့်လာသည်ကို တွေ့ရပြန်သောအခါ အချိန်မဟုတ်ရွာအံ့သော မိုးမင်းကို စိတ်နာ၍ အောက်ပါအဖွဲ့ကို စီကုံးပြန်၏။

"အာကာတသွန်၊ မြယုဂန်က
မမှန်ကာလ၊ တန်ခူးမှုကို
ကြူးခေါက်ရှင်မြဲ၊ မဟုတ်ပဲလျက်
နွဲ့နွဲ့ယယ၊
အုံ့ပျံမှိုင်းဆန်း၊ လျပ်ပန်းပြကာ"

အတာသဘင်အခါ ချစ်သူနှင့် ဝေးနေရသော သတို့သမီး၏ နှလုံး တွင်း၌လည်း လွမ်းဆွတ်တသမိသည်ပင် ဖြစ်၏။ မင်းနေပြည်တွင် သာယာသော တန်ခူးလအခါ၌ ချစ်သူနှင့်အတူ ရေသဘင်မနွဲ့ရသော ကြောင့် လွမ်းနေခိုက် မင်းလွင်များမှိုင်းဝေ၍ လေရူးများ ဝန်းရစ်လာ သောအခါ သတို့သမီး လွမ်းဆွတ်ပုံကို နတ်ရှင်နောင်သည် အောက် ပါအတိုင်း ရေးပြန်၏။

"ရေဖျန်းသဘင်၊ တာသစ်ယင်က



www.burmeseclassic.com

ကြွေးရှင်ဝတ်ချေ၊ ငှက်ပေါင်းရွှေနှင့်
စုံခြေတစ်ခွင်၊ ညွှန့်ညွှန့်တွင်၌
ရွှေစင်ချပ်နေ၊ လျှပ်လျှပ်ပြေမျှ
မင်းနေဦးစွန်း”

နှစ်ဦးရက်သစ်ကာလတွေမှာ မြန်မာတွေ အလှူဒါန ခြိမ့်ခြိမ့်သည်းသည်း ပြုကြမြဲဖြစ်သည်။ ရဟန်းခံရှင်ပြုပွဲ၊ ခေါင်းလျှော်ရေချိုးပူဇော်ပွဲ၊ ဘေးမဲ့လွှတ်ပွဲ၊ စတုဒိသာ ဧည့်ခံကျွေးမွေးပွဲ စသည်ဖြင့် မြန်မာတို့၏ စိတ်စေတနာသဒ္ဓါတရားက သည်ရာသီမှာ အလူးလွန့်ဆုံးဖြစ်သည်။ ဆရာမင်းသုဝဏ်၏ နှစ်ဦးဆန်းစ၊ တန်ခူးလ နွားလွှတ်ပွဲခလေ့ကို ‘သင်္ကြန်တုန်းက’မှာ တွေ့ရသည်။ ဆရာ၏ ကျေးတောစိတ်က လွမ်းစရာ။

“သင်္ကြန်အကျနေ့ နံနက်ခင်းကလေးသည် ခပ်ပြေပြေနေရောင်ခြည်ကလေးကို လွမ်းခြုံလျက် သာယာလှပေ၏။ မိုးကောင်းကင်ကလည်း တိမ်ညိုပျောက်တိပျောက်ကျားနှင့် မအုံ့တအုံ့။ ရွှင်ရွှင်ပျပျ ခုန်ပေါက်ပြေးလွှားနေသော မိုးလေကလေးကလည်း မအေးတစ်အေး။ ဆာဆာဝေဝေ လန်းလန်းဆန်းဆန်း ခါတော်မှီ သင်္ဘေမှိုးကြကုန်သော ပိတောက်ဖူးကလေးတို့ကလည်း မပွင့်တပွင့်။ အိုးစည်ဝိုင်းအလယ်တွင် နွားတစ်ကောင်ကို တွေ့ရ၏။ အသွေးမှာ ခပ်ညိုညို၊ ကိုယ်ကာယမှာ ခပ်ပိန်ပိန်၊ ထိပ်တွင် ကြာကလေးနှင့် ထိုနွားသည် များစွာမဆိုးလှသေးချေ။ နွားပိန်ကို အသားထိုးကြည့်သည်ဆိုသော နည်းဖြင့် ကြည့်ရာ ပျိုရွယ်သန်စွမ်းသည့်အခါက ထိုနွားသည် အလွန်လှပခန့်ညားခဲ့ပေရာ၏။ အဖိုးတန် ကြေးထိုက်ခဲ့ ပေရာ၏။ သို့သော် ယခုကဲ့သို့ အိုမင်းမစွမ်းရှိသောအခါ မကြင်နာသော

www.burmeseclassic.com

သခင်သည် ပြုဖူးသော ကျေးဇူးကို မထောက် ဘဲ ဆယ့်ငါးကျပ်နှစ်ဆယ်မျှသော ငွေနောက်သို့ ကောက် ကောက်ပါလိုက်လျက် နွားသတ်တို့၏ လက်တွင်းသို့ သေစာ ရင်းသွင်းလိုက်သည်မှာ အံ့ဩဖွယ်ပင် ဖြစ်တော့၏။

"ထိုစက်တိုင်နွားကို ဝယ်၍ အသက်ကယ်ဆယ်ရန် အတွက် သူငယ်ချင်းတစ်စုတို့သည် အိုးစည်ဗုံမောင်းတီး လျက် အရပ်ကို လှည့်ပြီးလျှင် အလှူငွေ ကောက်ခံနေကြခြင်း ဖြစ်၏။ နွားကြီးသည် နွားသတ်တို့၏ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆဲဆိုရာမှ လွတ်မြောက်ခဲ့၍ အသာအယာ ကိုယ်တွယ်ပွတ် သတ်ခြင်းကို ခံရလေသောကြောင့် အမြီးတခပ်ခပ်နှင့် များစွာ ပျော်ရွှင်နေသကဲ့သို့ ရှိ၏။ ထိုနွားကြီးအတွက် (ဆာ) စသော ဘွဲ့ကြီး ခရာကြီးတို့ထက် အဆပေါင်းများစွာ အဖိုးထိုက်အသုံး ဝင်သော 'ဘေးမဲ့'ဟု ကတ္တရာစေးဖြင့် ရေးခြစ်ထားသောသံဖြူ ပြားငယ်ကလေးသည် လည်ပင်းမှ တွဲရရွဲကျလျက်ရှိ၏။ နွားသတ်သမား၏ လက်တွင်သာ နေရပါမူ ဤသံဖြူပြား ငယ်ဆွဲရာလည်ပင်းအရပ်သည် နွားသတ်၏ ဓားသွားလေး ကင်းပြရာအရပ် ဖြစ်ပေလိမ့်မည်။ ဦးခေါင်းနှင့်တကွ ဦးချို တို့ကိုကား သပြေပန်း၊ ပိတောက်ပန်းတို့ဖြင့် ဝေဝေဆာဆာ ဆင်ယင်ထား၍ ကျောက်ကုန်းကိုကား ကတ္တီပါကောဇောဖြင့် ဖုံးလွှမ်းထား၏။"

ဆရာမင်းသုဝဏ်၏ နှစ်ကူးသစ်ဦးစ မြန်မာ့ဒါနကို ဖွဲ့သည့်အဖွဲ့ ဖြစ်သည်။ ဆရာဇော်ဂျီကလည်း နှစ်ဆန်းစရာသီကို 'နွေဦးကျက် သရေ' ဖြင့် ဖွဲ့သည်။ နှစ်သစ်ကူးစ အလှူဒါနတွေထဲမှာ မြန်မာ တို့၏ စေတနာရေချမ်းစဉ်၊ ရေကုသိုလ်ယူပုံတွေကို ဖွဲ့သည်။ နွား

www.burmeseclassic.com

ဘေးမဲ့ပွဲကို ဖွဲ့သည်။ ဆရာဇော်ဂျီ၏ 'နွေဦးကျက်သရေ'သည်လည်း ကျွန်တော့်အတွက် ဖတ်မငြီးနိုင်သည့် အဖွဲ့ဖြစ်သည်။ ပထမ ရေချမ်းစင်ကို ဖွဲ့သည်။ 'ရေချမ်းစဉ်၌ လူတို့၏ စိတ်သစ်စိတ်နု။ စေတနာသစ် စေတနာနုတို့လည်း ပေါက်ကြလေပြီ' ဆိုသည့် အဖွဲ့က မြန်မာ့စိတ်ရင်းကို ထင်ဟပ်သည်။ ရေချမ်းစဉ်ကလေးများ စိစိရိရိ ပေါ်ထွန်းလာပုံကို စိတ်မျက်စိထဲ မြင်ယောင်လာအောင် ဖွဲ့ပါသည်။

"ထိုအမှုအရာမျိုးသည် နွေပေါက်လာလျှင် ပုန်းရာမှ ပေါ်လာသည်။ အိပ်ရာမှ နိုးလာသည်။ ရှုလော့။ ညောင်ပင်ရိပ် ကောင်းကောင်းရှိလျှင် သူရှိတတ်သည်။ ပိတောက်ရိပ်ကောင်းကောင်းရှိလျှင် သူရှိတတ်သည်။ ကုက္ကိုရိပ်ကောင်းကောင်း ရှိလျှင် သူရှိတတ်သည်။ ထိုသူကား အခြားမဟုတ်။ သစ်ကိုင်းမှ သစ်ဆိုင်းကြိုးဖြင့် တွဲလဲခိုနေတတ်သော ရေချမ်းအိုးဖြစ်သည်။ မိန်းမချော မိန်းမလှ ဒါန်းစီးနေသည်နှင့်ပင် တူလေသည်။ တစ်ဖန် အညာဒေသများတွင် ထနောင်းပင်ခွကောင်းကောင်းရှိလျှင် ခွကြား၌ သူရှိတတ်သည်။ အမိသည် သူ၏ ခါးစောင်းတွင် သားငယ်ကို ခါးထစ်ခွင်ချီထားသည်နှင့်ပင် တူလေသည်"

"နွေဦးကျက်သရေ'တွင် ရပ်ရွာကအညတြကိုဖေကို ဖွဲ့သည်။ နွေဦးပေါက်လျှင် ကိုဖေ့အသံ ကြားရတတ်သည်။ ပိတောက်ပွင့်လျှင် သူ့စိတ်လည်း ဖူးရာမှ ပွင့်လာသည်။ အတီးအကဖြင့် ကိုဖေအလှူခံထွက်ခြင်း ဖြစ်သည်။ 'ဓိဝိတဒါန နွားလွှတ်ပွဲအတွက် တစ်ပဲနှစ်ပြားနည်းများမဆို ကုသိုလ်ပါဝင်ကြပါခင်ဗျာ' ဆိုသည့် နှိုးဆော်သံသည် ကိုဖေ့အသံဖြစ်သည်။ အရပ်က လှူလိုက်သော တစ်ပဲစုနှစ်ပြားစုဖြင့် နွားကြီးကို ဝယ်သည်။ ချိုဖျားတွင် ပိတောက်ပန်းကို ဆင်

www.burmeseclassic.com

သည်။ နွားတစ်ကိုယ်လုံး သနပ်ခါးအမွှေးအကြိုင် လိမ်းကျံပက်ဖျန်းသည်။ နွားကျောပေါ် ကောဇောတင်သည်။ သေဘေးသို့ ရောက်နေသော နွားကို ရပ်ရွာ၏ အကူအညီဖြင့် သေဘေးမှ လွတ်ခဲ့ကြောင်း သက်သေပြဖို့ ရွာကို လှည့်သည်။

"ကိုဖေရဲ့ခင်ဗျားနွားလွှတ်ပွဲက ကောင်းပါရဲ့ဗျာ၊ နို့ပေတဲ့ တစ်နှစ်တစ်ခါ နွားလွှတ်ရုံနဲ့ နွားအားလုံး ဘယ်ချမ်းသာမှာတုန်းဗျ၊ နေ့တိုင်း၊ နာရီတိုင်း၊ မိနစ်တိုင်း လွှတ်နိုင်မှ ဟန်မယ်ဗျ"

"ဖြစ်မှဖြစ်ရပလေ ကိုရင်ရယ်၊ ကိုရင်တွေးသလို တွေးမယ်ဆိုရင်လည်း တွေးသင့်ပါရဲ့၊ နို့ပေတဲ့ သည်လိုလဲ တွေးကြည့်ပါဦးလေ၊ တကယ်တော့ သူ့အသက်ကို ကယ်ရမယ်ဆိုတဲ့ တရားဟာ နွားအတွက်သာ ဘယ်ဟုတ်မလဲ သတ္တဝါခပ်သိမ်းအတွက်လည်း ဖြစ်သင့်တာပေါ့၊ သည်တော့ နွားလွှတ်ပွဲရဲ့ သဘောကို သည်လို ယူကြည့်စမ်းပါ။ နွားလွှတ်ပွဲကျင်းပတဲ့အခါတိုင်း ဘေးသင့်နေတဲ့ သတ္တဝါမှန်သမျှ ဒုက္ခတသတ္တဝါတွေပါလားလို့ သတိတရား မဖြစ်နိုင် ပေဘူးလားဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း နွေပေါက်တိုင်း နှိုးဆော်နေတာနဲ့ မတူဘူးလားဗျာ၊ သည်တော့ ကျင်းပတဲ့ပွဲက အရေးမကြီးဘူးဗျ၊ ကျင်းပတဲ့ ပွဲရဲ့ သဘောကသာ အရေးပါ"

"မတော်လောဘ အန္တောင်အဖွဲ့မှ၊ မတော်ဒေါသ အန္တောင်အဖွဲ့မှ မတော်မာန အန္တောင်အဖွဲ့မှ ခပ်သိမ်းကုန်သော အဓမ္မအန္တောင်အဖွဲ့မှ မြန်မာပြည်သည် ဘေးမဲ့နွားကြီးကဲ့သို့ လွတ်မြောက်ပါစေ ဆုတောင်းဖြစ်အောင် သတိလစ်၍ မနေစေလိုသောကြောင့် ဖြစ်ပါသည်။"

www.burmeseclassic.com

"နွားလှတ်ပွဲကျင်းပခြင်းသည် သဒ္ဒါစေတနာနှင့် ပြုသည်ဟု ဆိုလျှင်လည်း ဟုတ်သည်။ ကချင်ခုန်ချင်၍ ပြုလုပ်သည်ဆို လျှင်လည်း ဟုတ်သည်။ မြန်မာပီသပါပေသည်။ ထိုအမူအရာ မျိုးသည် နွေဦးကျက်သရေတစ်ခု ဖြစ်လေသည်။ ထိုအမူအရာ မျိုးဖြစ်သဖြင့် လူထုယဉ်ကျေးမှုဟူ၍လည်း ဆိုနိုင်ပါသတည်း"

နှစ်ဦးနှစ်ဆန်းတွင် မြန်မာတို့ ပြုကြသော ကုသိုလ်ကောင်းမှုထဲမှာ ရှင်သာမဏေပြုခြင်းသည်လည်း ချစ်စရာကောင်းသော နှစ်ဦးဓလေ့ ဖြစ်သည်။ ဆရာမင်းသုဝဏ်က သူ၏ 'ဗြောသံ'တွင် သည်ဓလေ့ကို စာပန်းချီခြယ်ခဲ့သေးသည်။

"ဗုဒ္ဓဘာသာမြန်မာယောကျ်ားကလေးများအဖို့ အရေးကြီး သော အလေ့အကျက်တစ်ခုမှာ ရှင်ပြုခြင်းဖြစ်သည်။ ရှင်မပြုရ သေးသော ယောကျ်ားကလေးသည် အသက်ငယ်သည် ဖြစ်စေကြီးသည် ဖြစ်စေ၊ လူဘော်မဝင်သေးဟု အသိအမှတ် အပြုခံရသည်။ မိမိကိုယ်တိုင်လည်း ဤကဲ့သို့ပင် အတွေး ရောက် စိတ်ငယ်လျက် ရှိသည်။ ရှင်ပြုပြီးသောအခါတွင် ကား 'ငါယောကျ်ားကောင်းတစ်ဦးပါတကား'ဟု အတွေး ရောက်ကာ အပြောအဆိုလည်း တစ်မျိုးပြင်သည်။ အနေအထိုင် အမူအရာတို့ကိုလည်း တစ်မျိုးပြင်သည်"

"အလို နေခြည်မှာ ရွှေရည်ဝင်းလို့
ဆယ်စင်းလဲမက
အဝေးကမှန်း ဟိုရွာလမ်း
ထီးတန်းကြီးလှပါဘိ"

ကျွန်တော်ကတော့ နှစ်ဦး၏ အုံ့မှိုင်းသော ရာသီလေထဲမှာ ဝဲပျံလာသည့် ဗြောသံစည်သံတို့ကို ကြားယောင်မြင်ယောင်လာသည်။ နှစ်ဦးတွင်

www.burmeseclassic.com

www.burmeseclassic.com


စိတ်နုကိုယ်နု စေတနာနုသော စိတ်ပုရစ်ဖူးတို့၏ အစို့အညှောက်ကို ကို တွေ့နေရသည်။ တစ်အိမ့်တစ်အိမ် ဝေမျှသော မုန့်လုံးကို စားရင်း နွေအလျောက် ရောက်လာတတ်သည့် ရွှေပိတောက်ပွင့်တွေကို မြင်နေရသည်။ ဆရာသိပ္ပံမောင်ဝ၏ အောက်စဖို့တက္ကသိုလ်သွားခရီးသွားမှတ်တမ်းတွင် ၁၂၈၉ နှင့် ၁၂၉၀ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၉ ရက် (၁၃-၄-၁၉၂၈) နေ့ကို မှတ်တမ်းရေးရာ၌ အင်္ဂလန်သို့ ရောက်နေကြသော မြန်မာကျောင်းသားအပေါင်းတို့ကား အေးသော တိုင်းပြည်တွင်ဖြစ်သောကြောင့် တစ်ယောက်အား တစ်ယောက်ရေလောင်းတမ်း ရေပက်တမ်းကစား၍ မဖြစ်ပေ။ ရေလောင်းတမ်းကစား၍ ဖြစ်စေကာမူ ယောက်ျားချင်းချင်း ရေကစား၍ စည်းစိမ်မရှိလှ။ အင်္ဂလိပ်မိန်းကလေးတို့အား ရေသွားလောင်းရမှာကလည်း အမှုရောက်ပေလိမ့်မည်။ အမှုမရောက်မီပင် အရူးဟု အထင်ခံရမည်။ သင်္ကြန်ခါတွင် မြန်မာပြည်ကို လွမ်းဆွတ်ခြင်း၊ ယခင်နှစ်များက ပျော်ပျော်ပါးပါးကစားခဲ့ခြင်းများကို ပြန်လည် စဉ်းစားခြင်းဖြင့်သာ စိတ်ကို ဖြေရ၏”ဟု အဝေးရောက် မြန်မာတစ်ယောက်၏ နှစ်သစ်လွမ်းစိတ္တဇကို ရေးခဲ့သည်။

ပေးရှင့်စထရောင်းက သူတို့လူမျိုး၏ နှစ်သစ်ကာလ ပထမရက်တွေကို ဆိုသော်လည်း ကျွန်တော်က မြန်မာနှစ်သစ်ကိုသာ တွေးမိနေသည်။ မြန်မာနှစ်သစ်ဆိုသော်လည်း သင်္ကြန်ကိုပါ သတိရမိပြန်သည်။ သင်္ကြန်ဆိုသည်နှင့် ပုဂံကို ကျွန်တော် သတိရသည်။ ပုဂံခေတ်ကပင် သင်္ကြန်တော် ရှိခဲ့ပြီ။ ပုဂံ နရသီပတေ့မင်းလက်ထက် မိဖုရားစောလုံ၏ သင်္ကြန်အမျက်အအိကို နှစ်ပေါင်း ၉၀၀၊ ၁၀၀၀ ပြောလို့ပဲ မဆုံးနိုင်ကြ။ သင်္ကြန်တော် အပျော်လွန်ရာက မင်းဧရာဇ်ကို သေကြောင်းကြံ၊ နောက်တော့ သေကြောင်းကြံသူသာ အကွပ်မျက်ခံ

www.burmeseclassic.com

ခဲ့ရသည်။ ကြေကွဲစရာကောင်းလှသည့် ခပ်ရိုးရိုးဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

"ပြန်လှန်ဆပြန်တော့၊ သင်္ကြန်ကျချိန်ပေါ့၊ ယမန်သမယဆီက ပုဂံသမ္မတရှင်ဘုရင်သားမြွာဘပါတဲ့၊ ဆောင်းမှ နွေ အလည်၊ ဘုန်းရောင်တွေ ပြနေကျ၊ မောင်းမရွှေညီ မဟေသီသုံးတောင်ကျော် မျှုရယ်နှင့်၊ သည်လနွေရာသီမဖြင့်၊ ဆွေလျာမဒီတွေ ချစ်စိတ်စမ်းလိုတဲ့ အားရယ်နှင့်၊ ဧရာဝတီ မြစ်ဆိပ်ကမ်းတခိုသို့ သွားပါလို့၊ ရွှေနန်းအစဉ်အလာ ရေဖြန်းမင်္ဂလာတာစားစဉ်က၊ ချစ်သားတော် ဗလောင်ဆန် လို့မို့၊ တစ်ဆောင်စံစောလုံပက်စဉ်က သွက်သွက်လည် ကြမ္မာငင်ဖို့"

ဆရာကြီးကိုယ်တော်မှိုင်း၏ အဖွဲ့ကိုလည်း ကျွန်တော် သတိရသည်။ စင်စစ်သင်္ကြန်သည် ကူးပြောင်းခြင်းအနက် ရှိသည်။ သင်္ကန္တပါဠိပုဒ်မှလာသည့် သင်္ကြန်တရစ်သံနှင့် သင်္ကြန်ဖြစ်လာသည်ဆို၏။ ဟိန္ဒူအယူဝါဒနှင့် ယဉ်ကျေးမှုချင်း ကူးလူးကာရောက်လာသည့် အစဉ်အလာဟု ဆိုသည်။ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက သင်္ကြန်တွက်ရိုးကျမ်းများ၊ ဝေဒင်္ဂကျမ်း၊ အသိတိဓာတ်ကျမ်း၊ စသည်တို့နှင့် တွက်ချက်ညှိနှိုင်းကာ ရေကစားခဲ့ကြသည်။ သိကြားနှင့် ဗြဟ္မာအချင်းများသည့်အခါ ကဝိလမိုင်း ဆရာက အဆုံးအဖြတ်ပေးရာတွင် ဗြဟ္မာမင်းရှုံးသဖြင့် သိကြားက၊ ဗြဟ္မာမင်းဦးခေါင်းကို ဖြတ်"

နတ်သမီးခုနစ်ဖော်တို့ အလှည့်ကျကိုင်စေခဲ့သည်ဆိုတာမျိုးလည်း သင်္ကြန်ထိုးဇာတ်အဖြစ် ကျွန်တော် ကြားဖူးပါသည်။

"သူရိယသိဒ္ဓန္တကျမ်းအလိုအားဖြင့် စတုယုဂ်တစ်ခုမှာ နှစ်ပေါင်း ၄,၃၂,၀၀၀၀ ရှိတယ်၊ အဲဒါကို ယုဂ်လေးပါးပိုင်းလိုက်တော့က တယုဂ်က နှစ် ၁,၇၂,၈၀,၀၀၊ တြေတာယုဂ်က နှစ်ပေါင်း

www.burmeseclassic.com

၁,၂၉,၆၀,၀၀၊ ဒွါပရယုဂ်က နှစ်ပေါင်း ၈,၆၄,၀၀၀၊ ကလိယုဂ်က နှစ်ပေါင်း ၄,၃၂,၀၀၀ အသီးသီး ရှိခဲ့ပေတာကိုး၊ ပေါင်းလိုက်တော့၊ နှစ်ပေါင်း ၄,၃၂,၀၀၀၀ ဖြစ်ကရော၊ အဲသည်ကိန်းကမှ သာဝရရက်ပေါင်း ၁,၅၇,၇၉,၁၇,၈၂၈ ရက်ကို ချတွက်တော့ သင်္ကြန်တစ်ကြိမ်တစ်ကြိမ်ကို ၃၆၅ ရက် ၆ နာရီ၁၂ မိနစ် ၁၇ စက္ကန့်ရတယ်။ သိုးဆောင်းရာသီနှစ်ကတော့ ၃၆၅ ရက် ၅ နာရီ ၄၉ မိနစ် ၄၆ စက္ကန့်ရှိ သကိုး၊ နေသွားလမ်း စက်ဝိုင်းကို ရာသီ ၁၂ ပါးပိုင်းပြီး ပထမ မိဿရာသီအစ သုညအံသာ အဿဝဏီနက္ခတ်နဲ့ တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ် ယှဉ်တယ်လို့လည်း ဆိုရော အတာသင်္ကြန်ကျတာပဲ”

အဘိုးက ခေါင်းရင်းမှာ လူကြီးသူမတွေနှင့် စကားကောင်းချိန်မှာ ကျွန်တော်တို့က သံဖြူဆရာကိုသောင်း၏လက်ရာ သံဖြူရေပြွတ်၏အတွင်း ဝါရှာကို ပုဆိုးစုတ်ပတ်နေချိန်ဖြစ်သည်။ အညာကျေးလက်ဆိုတော့ ရေလုံလုံလောက်လောက်မရှိ။ အမေ့ချိုးအိုးကလေးထဲက ရေကို စုပ်ယူကာ ပက်ရသည်။ ပက်စရာလူကလည်း သိပ်မရှိ။ ဖုံတစ်ထောင်းထောင်းထတာ လမ်းပေါ်က မြင်းလှည်းနှစ်စီးသုံးစီး၊ အဝေးရွာတွေက ထင်းလှည်းတစ်စီးနှစ်စီးကို စောင့်ပက်ရခြင်းဖြစ်သည်။ ကျွန်တော်မှတ်မိသလောက် ပိတောက်က ဘုန်းကြီးကျောင်းတွေမှာပဲရှိသည်။ ပွင့်သည်။ ပေါပေါလောလော ဝါဝါထိန်ထိန်ပွင့်တာက ငုပန်းတွဲရ ရွဲတွေသာဖြစ်၏။ အမေက သီးညွန့်၊ အုန်းညွန့်၊ မြေစာ၊ တောပန်း တောင်ပန်းတွေကို အတာအိုးကလေးထဲထည့် ပရိတ်ချည်ပတ်ရင်း သိကြားမင်းကို ကြိုသည်။ ကျွန်တော့်ငယ်သင်္ကြန်က စစ်စစ်ပေါက်ပေါက် စဉ်းစားပါမှ သံဖြူရေပြွတ်၊ ငုပွင့်ဝါဝါများနှင့် အမေ့အတာအိုးကလေးသာဖြစ်သည်။



www.burmeseclassic.com

ပေးရှင့်စထရောင်းက နှစ်သစ်မှာထားရှိသော ခွန်အားသတ္တိတို့ဖြင့်ပြီးသော ပျော်ရွှင်ဖွယ် စိတ်နှလုံးဖြင့် ရွှေရောင်အနာဂါတ်ကို မျက်နှာမူရန်အလို့ငှာ နောက်ထပ်အစပျိုးမှုတစ်ခုကို ကျက်သရေတော်ရှိရှိ လက်ဝယ်ရလေခြင်းဟု ဆိုခဲ့သည်။ နှစ်သစ်လွန်တော့လည်း ပြုမြဲနေမြဲ၊ ဆိုးယုတ်ခြင်းများ၏ ဖျားယောင်းမှုကို ခံကြရသည်။ တစ်ဦးကို တစ်ဦး ချစ်ခင်ဖို့ နှစ်ကာလအဆုံးအထိ သယ်ဆောင်သွားနိုင်ဖို့ လိုသည်ဟု ဆိုသည်။ မြန်မာတွေက ချစ်ခြင်းနှင့် စေတနာကို ထာဝရကိန်း နိုင်ကြသူတွေ ဖြစ်သည်။ ၁၂ ရာသီပွဲများက မြန်မာတို့၏ စိတ်နှလုံးကို အမြဲတမ်း ပြုမြဲကုသိုလ်စိတ်ဖြင့် ပုတ်နိုးနေတတ်သည်။ မြန်မာတွေ ကိုယ်တိုင်ကပင် အပျော့ထည် လူ့အဖွဲ့အစည်း (**Software Society**) ဖြစ်သည်။

"မုတ်သုန်ကိုကင်းထောက်လို့
ပိတောက်မှာသန္ဓေဝင်
ချမ်းမြတ်ရေစင်။
မုတ်သုန်ကဆင်၊ ပြည်ခွင်နှံ့ကြွေး။
ပိတောက်ကရှင်၊ ပြည်ခွင်နှံ့မွေး။
မြတ်ရေစင်တစ်ပေါက်သွန်းလျှင်
ကျွန်း ခွင်လုံးအေး…"

မြတ်ရေစင်တစ်ပေါက် သွန်းရုံဖြင့် ကျွန်းတစ်ခွင်လုံး အေးမြစေကြောင်း ဆုတောင်းသည့် လူမျိုးဖြစ်သည်။

"နှစ်ဦးသစ်မြူး၊ ခေတ်ဦးကောဇာ၊
ဆန်းစချမ်းမြ ဆန်းလသော်တာ၊
မြိုင်အောက်ကြိုင်လှောက်၊ ပိတောက်ပမာ
ကျန်းရွှင်ကြောင်းသွန်းလောင်းရေသီတာ…"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးမှသည် နှစ်ဟောင်းဆီသို့ ရွေ့လျားရာ တစ်နှစ်တာကာလပတ်လုံး၊ ကမ္ဘာလောကသည် ရှင်းသန့်ပါစေသတည်း။ ကမ္ဘာလောကသည် ဝင်းဖန့်ပါစေသတည်း။ ကမ္ဘာလောကသည် သင်းပျံ့ပါစေသတည်း။ ။

**စာကိုး**

- ဆရာဇော်ဂျီ၊ နွေဦးကျက်သရေ (ကန့်ကော်မြိုင်စာတမ်းများ)–– ဆရာမင်းသုဝဏ်၊ ပန်းနှင့်ပင်စည်၊ ပြောသံ၊ နတ်ရှင်နောင်နှင့် တန်ခူးလ
- ဆရာသိပ္ပံမောင်ဝ၊ အောက်စဖို့တက္ကသိုလ်/နေ့စဉ်မှတ်တမ်း
- ဆရာဇေယျ၊ မြန်မာ့မျက်ပွင့်(၁)
- ဆရာဒဂုန်တာရာ၊ ရောဝတီ၊ ယန်စီ၊ ဗော်လဂါ။

■


www.burmeseclassic.com

www.burmeseclassic.com

# “ဆီးနှင်းပြိုက်ကျ”

“နှင်းခဲတွေတသုန်သုန်ကျဆင်းလာသည်နှင့် ကျွန်တော်တို့ တုန်ခိုက်နေကြပြီ။ ဗျစ်တောက်ဗျစ်တောက်စကား တင်းဆိုချင်ပြီ။ မထွက်မဖြစ် အရဲကိုးကာ အပြင်ဖက်ထွက်လိုက်လျှင် ကျွန်တော်တို့၏ နှာခေါင်းများ လက်ချောင်းကလေးများကို နှင်းကိုက်တတ်သည်။

နှင်းခဲတွေကို ဘယ်တုံးကမှလည်း ဝမ်းသာအယ်လဲ ကြိုဆိုချင်ကြတာမျိုးမရှိ။ သူ၏ စုတ်ချာချာနိုင်လှသည့် လှည့်ဖျားမှုများကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကျွန်တော်တို့ အိမ်ကရေပိုက်များကို အေးခဲပိတ်ဆို့စေသည်။ ကျွန်တော် တို့ကိုလည်း သည်ရက်တွေထဲမှာ အကျဉ်းအကြပ်ကျနေစေ သည်။ လမ်းလျှောက်ပလက်ဖောင်းတွေကို ရေခဲချပ်ကလေး တွေဖြစ်သွားအောင် တိုက်ချွတ်အရောင်တင်ပစ်လိုက်တာ မျိုးလည်းရှိသည်။ သည်တော့ ကျွန်တော်တို့ လျှောက်ရပြုရတာ အဆင်မပြေလှပါ။ သိပ်မကောင်းလှသည့်သဘော ဆိုကြပါစို့။ တကယ်တော့ စိတ်ကသိကအောင့်ဖြစ်ရသည် ဆိုသော်လည်း သူက အနုပညာရှင်ဖြစ်သည်။ ဒါကို သင်သဘောတူနိုင်ပါသည်။ သင်သာ သေသေချာချာ စေ့စေ့စပ်စပ်ကြည့်မည်ဆိုလျှင် သူ၏စိတ်ကူးစိတ်သန်းကလေးတွေကို မြင်ရဖွယ်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


*သင့်အိမ်၏ ပြတင်းပေါက်တွေပေါ်မှာ တောက်ပသော ဒီဇိုင်းကလေးတွေ သူရေးဆွဲပေးတတ်သည်။ ပုံဆောင်သလင်းခဲကလေးများဖြင့် အကွက်ကျကျ သူရေးခြယ်ပေးတတ်သည်။ နေရောင်ခြည် ဖွေးခနဲသာလာလျှင်တော့ ပြီးပြက်တောက်ပနေကြသည့် နှင်းဆွတ်သစ်ပင်တွေက နေရောင်ခြည်တွေကို ဆုပ်ဖမ်းလိုက်သဖြင့် ပဉ္စလက်ဆန်သော ဆက်နွယ်မှုကို သင်ခံစားနိုင်သည်။ မာတောင့်တောင့် မြက်ပင်ကိုင်းပင်တို့၏ ဓားသွားလိုအရွက်များသည်ပင် အေးခဲနေသည့် ကမ္ဘာလောကထဲက ရှန်းကြွတိုးထွက်လာသလို ဖြစ်နေတတ်သည်။ သူ့ကြောင့် အသားအရေတွေပတ် ကြားအက်နေရတာကိုပဲ လူတွေက သဘော ဘဝင်မကျကြသော်လည်း ကမ္ဘာလောကကို လှပအောင် ဖန်တီးပေးရှာပါသည်။ သည်အချက်သည်ပင် ကျွန်တော်တို့ တတ်စွမ်းနိုင်တာထက် ပိုသာသည့်အချက် ဖြစ်သည်။*

***[Patience Strong ၏ Jack Frost ]***

ပင်ကိုယ်အားဖြင့် ဆီးနှင်းတွေကို ကျွန်တော်ချစ်ပါသည်။ ဆီးနှင်းတွေ ခဲခဲသည်းသည်းကျတတ်သည့် နိုင်ငံမဟုတ်သော်လည်း ဆောင်းရောက်လျှင် သန့်စင်ပွင့်သည်၊ နှင်းကျသည်ဆိုသည့် နိုင်ငံတော့ ဖြစ်ပါသည်။ မြောက်လေပြန်၍ ဆီးနှင်းကျသောရာသီကို ကျွန်တော် စွဲလန်းသည်။ နွေဦးအလှက တစ်မျိုးချစ်စရာကောင်းသလို ဆောင်းအလှကလည်း အေးချမ်းတည်ငြိမ်မှုဖြင့် ဣန္ဒြေရသည်။ မနက်မိုးလင်းစ နှင်းပေါက်တွေတစ်ဖျောက်ဖျောက်ကျနေတာကို အိပ်ရာထဲက နားထောင်ရတာကပဲ အရသာ။ ကဗျာစာဆို **Patience strong** ၏ ဆီးနှင်းကိုကဗျာဖွဲ့တော့ ကျွန်တော်တို့ စာဆိုလက်ဝဲသုန္ဒရကို ကျွန်တော် သတိရသည်။

www.burmeseclassic.com

"မဲဇာချောင်က၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ ထောင့်တိုင်းယှက်ရွေ့၊ ဝန်းကာဝေ့သည်၊ တောင်ငွေ့ဝေဝေ အထွေထွေနှင့်၊ လေလည်းရောရာ၊ မိုးမပါဘဲ၊ သန်ဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်..."

မဟာဂီတမှာတော့ ဆောင်းဘွဲ့တွေ တွေ့ရသည်။ ဆီးနှင်းပြိုက်ကျ ချမ်းဆောင်းညှို့ပျောင်းပျောင်း၊ ဝတ်နံ့ငယ်လေလှောင်းလှောင်း၊ နံ့ပန်းပေါင်း...တို့စုံလှသည့် ဆောင်းကိုကဗျာစာဆိုတို့ ဖွဲ့ဖို့မမေ့ပါ။ နှင်းတမြူးမြူး ညှင်းလေဆော်ဖြူး၊ ဟေမန်သာမောကြူး၊ ရင့်ရင့်ရွှန်းစို ခွာညိုပွင့်ဖူးစီစီအလှကို ဖွဲ့သည်။ မြမြမောင်းမောင်း၊ ပြာအညို ရွှေတိမ်ခြေငွေနှင်းပေါင်း ဝေစီစီ လေပြည်လေညှင်းလောင်းပုံကို ဖွဲ့သည်။ ငွေနှင်းတဖျန်းဖျန်း၊ အဆန်းဆန်း၊ လေညှင်းတသန်းသန်းကို ဖွဲ့သည်။ ကျွန်တော်ကတော့ (**Patience Strong**)၏ ကဗျာကို ဖတ်ရင်း တွေးစရာ တွေ့ရနေသည်။ ဆီးနှင်းဖြူဖြူတို့ တဖျောဖျောကျနေသည့် အနောက်နိုင်ငံများ၏ အလှကို ရုပ်ရှင်ကားတွေမှာ ကျွန်တော်မြင်ဖူးသည်။ (**Patience Strong**)ပြောသလို တုန်ခိုက်အောင်ချမ်း သော်လည်း၏ ကမ္ဘာလောကတစ်ခွင် မြင်ရသမျှ ဖွေးလွနေအောင်ကျသည့်နှင်းတွေက လှတာလည်း မှန်ပါသည်။ ပြတင်းဘောင်ပေါ်က သလင်းသား ထနေသည့် ရေခဲကွက် ဒီဇိုင်းတွေက ကဗျာဆရာ့စိတ်ကူးထဲက အလှတရားများဖြစ်နေတာကို ကျွန်တော်နားလည်နိုင်ပါသည်။ ကဗျာဆရာ၏ ဆိုလိုရင်းမှာ အဆိုးထဲက အကောင်းကို ထုတ်ယူခံစားတတ်ရန် ဖြစ်ပုံရပါသည်။ တစ်နည်းအားဖြင့် ပေါ်လီယာနာစိတ်ဓာတ်ဖြင့် လောကကို ဖြတ်သန်းလျှင် နေရကျိုးနပ်သောဘဝကို ပိုင်ဆိုင်နိုင်သည်ဆိုတာကို ဘာသာရေးမြင်ထောင့်က ရေးခဲ့ခြင်းဖြစ်သည်။ လှပသော ကဗျာစကားလုံးများက ညွှတ်နူးစရာကောင်းပါသည်။

www.burmeseclassic.com

သို့သော် မျက်မှောက်ခေတ်တွင်မတော့ ကျွန်တော်တို့မှာ ခံစားမှုထက် ဦးစားပေးနေရသော ရိုက်ခတ်ချက်များ ရှိသည်။

"ထိုစကားလုံးများသည် အလုဗေဒသဘောကို ဖော်ပြနေသည့် စကားလုံးများဖြစ်သည်။ အလင်္ကာသဘောကို ရည်ညွှန်းထားသော စကားလုံးများသာဖြစ်သည်။ အတ္တဗေဒကို ဖော်ကျူးထားသော စကားလုံးများသာ ဖြစ်သည်။ ယခုနှစ် ဆယ်ရာစုကုန်ကာနီး စကားလုံးများသည် အလုဗေဒသက်သက်၊ အလင်္ကာသက်သက်၊ အတ္တဗေဒသက်သက်မျှသာမကတော့ဘဲ သိပ္ပံပညာသဘောကိုလည်း ဆောင်လာခဲ့သည်။ မကြာသေး မီက အနောက်နိုင်ငံများမှ သိပ္ပံပညာရှင်များ၊ စာရေးဆရာများ နှင့် ကဗျာဆရာများသည် ဥတုသုံးလီကို သိပ္ပံပညာမှ အမည် များနှင့် ယှဉ်တွဲခေါ်လာခဲ့ကြသည်။

"'ခရမ်းလွန်နွေဦး'တဲ့။ 'အက်ဆစ်မိုး'တဲ့ 'နျူကလီးယားဆောင်း'တဲ့"

ဆရာမြသန်းတင့်၏ ခရမ်းလွန်နွေဦး၊ အက်ဆစ်မိုးနှင့် နျူကလီးယားဆောင်း အက်ဆေးကို ကျွန်တော်ဖတ်တော့ သည်သဘောကို တွေ့ရသည်။ ဆီးနှင်းသက်သက်အလှ၊ ဆီးနှင်းထဲကလူမျိုး၊ ဆီးနှင်းထဲက လူနေမှုဘဝ၊ ဆီးနှင်းထဲက ဖြစ်တည်မှုတွေက သူ့ချည်းသက်သက် (သန့်စင်မှုသက်သက်)မဟုတ်တော့တာကို ကျွန်တော်တို့ နားလည်နိုင်ကြပြီ။ စွပ်ဖားဆွဲခွေးများ၊ ရေခဲသမင်များ၊ တောင်ဆိတ်သားရေဝတ်နှင်းတောပျော်လူများကို ချစ်ခင်စိတ်ကတခြား ဂေဟဗေဒက တခြား၊ ကျွန်တော်တို့ ခွဲခွဲခြားခြား မြင်နေကြရသည်။ ၂၀၀၁ ခုနှစ်ဆန်းပိုင်းက တိုကျိုမြို့တော်တွင် ဆီးနှင်းကျမှု သိပ်သည်းခဲ့သဖြင့် လူနှစ်ဦးသေသည်။ ကားလမ်းရထားလမ်းတွေ ပိတ်ဆို့ကုန်သည်။ အဆောက်အအသွယ်

www.burmeseclassic.com

တွေ ပြတ်တောက်ကုန်သည်။ ပြည်တွင်းလေကြောင်းခရီးစဉ် ၄၀၀ ကျော် ဖျက်သိမ်းခဲ့ရသည်။

"အသံထက်လျှင်မြန်တဲ့ လေယာဉ်ကြီးတွေက ထုတ်လွှတ်တဲ့ နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်တွေကြောင့် အိုဇုန်းအလွှာကြီး ပျက်ဆီးနိုင်တယ်။ တောမီးတွေက ထွက်တဲ့ မီးခိုးတွေကြောင့် ပျက်နိုင်တယ်။ နျူကလီးယားစစ်ကြီးတစ်ခုသာ ဖြစ်လာခဲ့ရင် အိုဇုန်းလွှာ တစ်ခုလုံး ပျက်ဆီးပြီး ကျွန်တော်တို့ဟာ ဘာမှအကာအကွယ်မရှိတဲ့ နေရောင်ခြည်ဟင်းလင်းပြင်အောက်မှာ ရောက်နေစေလိမ့်မည်။ ခရမ်းလွန်ရောင်ခြည်ဟာ ကျွန်တော်တို့ကမ္ဘာကြီးကို သေလောက်တဲ့ အတိုင်းအတာအထိ ရောက်လာလိမ့်မယ်"

နိုဘယ်ဆုရ ဒတ်ချ်အမျိုးသား နျူကလီးယားဗေဒပညာရှင် ခရုဇင် (**Prof: Crutzen**)၏ ပြောကြားချက်များ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် တစ်ဖက်က နှင်းတွေကျနေသလောက် တစ်ဖက်မှာ ပူအွေးနေသည်။ တစ်ဖက်က ရေတွေကြီးနေသလောက် တစ်ဖက်က ရေငတ်နေကြသည်။ တစ်ဖက်က မိုးများသလောက် တစ်ဖက်က တောမီးတွေလောင်နေသည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်(**UNEP**)က ကမ္ဘာကြီး ပိုမိုပူအွေးလာနေကြောင်း သည်ရက်တွေမှာပဲ ပြောနေသည်။ ၁၉၀၀ ပြည့်နှစ်မှ ၂၁၀၀ ပြည့်နှစ်အတွင်း ၁ ဒသမ ၄ စင်တီဂရိတ်မှ ၅ ဒသမ ၈ စင်တီဂရိတ်အထိ အပူချိန်မြင့်မားလာ လိမ့်မည်ဆို၏။ ၂၀ ရာစုနှစ် နှစ် ၁၀၀ တွင် ၁၉၉၀ ပြည့်လွန်နှစ်များသည် အပူဆုံးဖြစ်ခဲ့သည်။ အကြောင်းရင်းမှာ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ထုတ်လွှင့်မှု ကျဆင်းလာခြင်းကြောင့် ဖြစ်သည်။ (ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်က ကမ္ဘာမြေကို ပူအွေးစေပြီး၊ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်က ကမ္ဘာမြေကို အေးမြစေပါသည်) ပင်လယ်ရေ



www.burmeseclassic.com

မျက်နှာပြင် ဖူးယောင်မှု (မြင့်တက်မှု)သည်လည်း ၁၉၉၀ မှ ၂၁၀၀ အတွင်း ၃ ဒသမ ၅၄ လက်မမှ ၃၄ ဒသမ ၆၄ လက်မအထိ မြင့်တက်လာစရာ ရှိနေသည်။

မနေ့တစ်နေ့က ဆောင်းပါးတစ်ပုဒ်ဖတ်ရသည်။ (**Robert Watson**) ၏ **"The Heat Is On"** ဆောင်းပါး ဖြစ်သည်။ သည်ဆောင်းပါးမှာလည်း တစ်ကမ္ဘာလုံး ပူနွေးလာတာ သက်သေပြနိုင်ပြီဟု ဆိုသည်။ အထူးသဖြင့် အာဖရိကတိုက်မှာ ပိုမိုပူနွေးခြောက်သွေ့လာနေသည်။ မိုးတွေက မတန်တဆရွာသွန်းနေတာကလည်း အန္တရာယ်ရှိသည်။ သာမန်မိုး (**light rain**)ကတော့ မရွာသလောက်ရှိနေသည်။ နိုင်ငံ ၁၉ နိုင်ငံမှာ ရေပြဿနာတက်နေတာ ၂၀၂၅ ခုနှစ်အထိ ရာသီဥတုမပြောင်းလဲလျှင် နှစ်ဆတိုးလာဖို့သာ ရှိနေသည်။ သိပ္ပံပညာရှင်တွေက မူဝါဒချမှတ်နိုင်သူတွေကို အသိသာပေးနိုင်ပြီး ဆုံးဖြတ်ချက်ပေးနိုင်တာ မဟုတ်ပါဟု ဆိုသည်။ (**Christiana Figueres**)နှင့် (**Anne Hambleton**) တို့ ပူးပေါင်းရေးသားသော **"Carbon for sale"**ဆောင်းပါးမှာတော့ ဖန်လုံအိမ်အာနိသင်တွေ လျော့ချရေးမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေက "အနိုင် အနိုင် နည်းဗျူဟာ (**Win-Win Strategy**)သုံးကြဖို့ ရေးထားတာ ဖတ်ရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေက တစ်ဖက်သာ–တစ်ဖက်နာ လုပ်ချင်ကြသူတွေမဟုတ်။ ကိုယ့်ဖက်က သာချင်သူတွေချည်း ဖြစ်သည်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ လျော့ချရေးလက်မှတ်တွေ ထိုးထားကြသော်လည်း တကယ်တမ်းကျတော့ အချင်းချင်း ကြေးတမ်းထိုးနေကြတာကို ဆိုလိုပုံရပါသည်။ အမေရိကန်၊ ကနေဒါ၊ ဆွီဒင်၊ ဂျာမနီနှင့် တရုတ်နိုင်ငံများမှာ အက်ဆစ်မိုးတွေ ရွာသွန်းနေသည်။ ထိုဒေသရေကန်များမှာ ရာလကာရေတွေ ဖြစ်နေကြပြီ။ ပိုတက်စီယမ်နှင့် အလူမီနီယမ်ဓာတ်များ ထုတ်ပေးနေ

www.burmeseclassic.com

သဖြင့် သစ်တောများ၊ ငါးများ၊ တိရစ္ဆာန်များနှင့် ကလေးငယ်များ အဆိပ်သင့်စေနိုင်သည်။ ကမ္ဘာ့နိုင်ငံများက စုစုပေါင်းပိုင်ဆိုင်နေသည့် အနုမြူဓာတ်အား၏ တစ်ရာခိုင်နှုန်း ပေါက်ကွဲသည်နှင့် တကမ္ဘာလုံး လိုလို နေရောင်ခြည်မဲ့သွားနိုင်သည်။ အပူရှိန်တွေ ထိုးကျကုန်မည်။ ရေခဲမှတ်အောက်မှာ စကြဝဠာတစ်ခွင်လုံး အေးခဲသွားနိုင်သည်။

"ကျွန်တော်တို့ အရေးတကြီးထား၍ ခွဲခြားရမည့်အချက်မှာ အခြေခံကျသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလား၊ အပေါ်ယံ အလှအပဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလား ဆိုသည့် ကိစ္စဖြစ်ပါသည်။ သဘာဝလောကကြီးသည် ကျွန်တော်တို့၏ အရှင်သခင်မဟုတ်ပါ။ ကျွန်တော်တို့၏ အစောင့်အရှောက်ခံ သာဖြစ်ပါသည်။ သဘာဝတရားကြီးကို ကျွန်တော်တို့ လေးစား ရန် လိုပါသည်"

" လူသားဆန်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒ ဆို သည်မှာ သဘာဝအတွက် ကောင်းကျိုးဆောင်သော ဝါဒ မဟုတ်ဘဲ လူအတွက် ကောင်းကျိုးဆောင်သော ဝါဒသာလျှင် ဖြစ်ပါသည်"

ဆရာမြသန်းတင့်၏ "ကဗ္ဗာမဆန်သော ပတ်ဝန်းကျင်ဗေဒ ကြေညာ စာတမ်း"မှ ဖြစ်သည်။

မြစ်များ ချောင်းများမှ ရေတွေ ပိုမိုညစ်ညမ်းနေသည်။ မြူနီ စီပယ် (စည်ပင်သာယာရေး)မှ ဝေငှနေသည့် ရေထက် အဆ ၅၀၀၊ ၁၀၀၀ ပိုဈေးပေးရသော သောက်ရေသန့်ဘူးများကို လူတွေ ပိုမို တပ်မက်နေကြသည်။ သို့သော် မြူနီစီပယ်ရေသည် မြစ်များကို အခြေခံသဖြင့် မိလ္လာနှင့် ရေဆိုးများ စီးဝင်နေမှုကို၊ လက်ပိုက်ကြည့် နေရသည်။ သောက်သုံးရေ မသန့်သဖြင့် နှစ်စဉ် ဝမ်းလျော၊ ဝမ်းကိုက်



www.burmeseclassic.com

ရောဂါခံစားနေကြရသည်။ နှစ်စဉ် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၂ ဘီလျံ ကျော် ကျန်းမာရေးထိခိုက်နေသည်။ အသက်ငါးနှစ်အောက်ကလေး ၁၅ သန်း၊ နှစ်စဉ်သေဆုံးနေရသည်။ ၂၀၂၅ ခုနှစ်တွင် လူသုံးဦးမှာ နှစ်ဦး ရေငတ်နေလိမ့်မည်။ ၂၀၁၀ တွင် အာဖရိကဒ္ဒ အဟာရချို့တဲ့သူ သန်း ၃၀၀ ရှိမည်။ အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ် သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ်မှာ စိမ့်တောတွေ ပျက်စီးလာနေ သည်။ တောင်အာရှနိုင်ငံအချို့တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက် လာနေသည်။ ဘင်္ဂလားပင်လယ်အော် ရေမြင့်တက်လာမှုက ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၏ ဆယ်ရာခိုင်နှုန်း ရေဖုံးလွှမ်းဖို့ ရှိနေသည်။ မိုးများမှုနှင့် လေထုစိုထိုင်းမှုက ခြင်ရောဂါများကို တကျော့ပြန်ကြီးထွားလာစေ လိမ့်မည်။

အာရှမြို့ကြီးများ၏ လေထုညစ်ညမ်းမှုကတော့ ကြောက်စရာ တောင် ကောင်းလှပါသည်။ အထူးသဖြင့် မီးခိုးမျိုးစုံ၏ ရန်ကဒေသ ပြည်သူတွေကို ကောင်းကောင်းကြီး ခြိမ်းခြောက်နေသည်။ မော်တော် ယာဉ်များပြားလာခြင်း၊ စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းနှင့် မဟာမြို့တော်ကြီးများကြောင့် လူဦးရေများပြားလာခြင်းတွေက ပြဿနာ၏ ရင်းမြစ်ဖြစ်နေရသည်။ လူထု၏ အခြားပြဿနာတစ်ခုမှာ အမျိုးအစား ညံ့ချင်းသော ပိုးသတ်ဆေးများ သုံးစွဲနေခြင်း ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၉၀၀ ဖိုး အရောင်းအဝယ် ဖြစ်နေကြသည်။ ထိုပမာဏထဲမှ ၃၀ ရာခိုင်နှုန်း ခန့်သည် နိုင်ငံတကာစံချိန်စံညွှန်းမကိုက်သည့် ဆေးများဖြစ်နေသည်။ အသိပညာမဲ့သည့် တောင်သူများက ပိုးသတ်ဆေးများကို သုံးချင်သလို သုံးနေကြသည်။

www.burmeseclassic.com

မနေ့တစ်နေ့က ဖြစ်ပျက်နေသည့် ပြဿနာတစ်ခုမှာ ဘော်လကန်ဒေသတွင်းမှ စစ်လက်ကျန်ခဲယမ်းများ မှာယူရေနီယမ်များမှတစ်ဆင့် ကင်ဆာရောဂါနှင့် သွေးကင်ဆာရောဂါတွေ ရနေကြခြင်း ဖြစ်သည်။ ယူရေနီယမ်သုတ်လိမ်းထားသည့် ခဲယမ်းမီးကျောက်များမှ ရေဒီယိုသတ္တိကြွမှုကြောင့် လူကီးမီးယားရောဂါတွေ ဖြစ်နေကြရသည်။ လက်ဗနွန်တောင်ပိုင်းဒေသစစ် မြေပြင်ဟောင်းများတွင်လည်း အစ္စရေးနိုင်ငံသုံး ယူရေနီယမ်သုတ်လိမ်းထားသည့် လက်နက်များ **(DU)** ကတစ်ဆင့် လူထုတစ်သန်းခန့် ကင်ဆာရောဂါဖြစ်နေသည်ဆို၏။ ဆာ့ဘ်မျိုးနွယ်စုများတွင်လည်း သည်ရောဂါမျိုးအလားတူဖြစ်နေသည်။ တိုက်ပွဲသုံးကျည်ဆန်ခွံများက တစ်ဆင့်ကူးစက်ခြင်း ဖြစ်သည်။ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း အီရတ်နိုင်ငံတောင်ပိုင်းမှာလည်း သည်ရောဂါပြဿနာရှိနေသည်။

သည်ရက်ထဲမှာပဲ စိတ်မကောင်းစရာ သတင်းတစ်ပုဒ်ကို ကြားလိုက်ရသည်။ အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် လူဦးရေ ၁၃ သန်းခန့် နေထိုင်လျက် ရှိသည်။ မြို့တော်နေသူအများစုမှာ ဘတ်စကားများကို အသုံးပြုနေကြရသည်။ မြို့တော်၏ ဘတ်စကားစနစ်က ညံ့ဖျင်းရသည့်ကြားထဲမှာ လူဦးရေက အဆမတန် ဖြစ်ပွားနေတော့ နေ့စဉ်ခရီးသွားဒုက္ခသည် ကြောက်ခမန်းလိလိ ဖြစ်နေကြရသည်။ သည်ကြားထဲ တရားရုံးချုပ်က ဘတ်စကားများတွင် **(CNG)** ဓာတ်ငွေ့သာ သုံးရမည်ဟု အမိန့်ထုတ်လိုက်သည်။ လွန်ခဲ့သည့် သုံးနှစ်ကတည်းက အမိန့်ဖြစ်သော်လည်း မြို့တော်အုပ်ချုပ်ရေးတာဝန်ရှိသူတွေက အမိန့်ကို ရွှေ့လာခဲ့ခြင်း ဖြစ်သည်။ တကယ်က ဘတ်စကားစီးရေ ၁၂၀၀၀ မှာ **(CGN)** ဓာတ်ငွေ့သုံးနိုင်သည့် ကားက ၁၀၀၀ ခန့်သာ ရှိသည်ဆို၏။ ထိုအခါ ဘတ်စကားနှင့် လူဦးရေမမျှတဖြစ်လာရာမှ အဓိက

www.burmeseclassic.com

ရကျားအသွင်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ တရားရုံးချုပ်ကလည်း မြို့တော်လေထုညစ်ညမ်းမှုကို လျော့ချလိုသဖြင့် ထုတ်ဆင့်သည့်အမိန့် ဖြစ်သည်။ သို့သော် ဓာတ်ငွေ့ကိုတော့ မပေးနိုင်သလို ဖြစ်သွားရ သည်။

ကျွန်တော့်မှာ ဓာတ်ပုံတစ်ပုံတစ်ပုံရှိသည်။ ကမ္ဘာ့ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီဩွန်ကြားရေးမှူး ဆုရဓာတ်ပုံ ဖြစ်သည်။ ဓာတ်ပုံနာမည်က 'ငှက်တွေတော့ သွားပါပြီ' **(Birds are gone !)**ဖြစ်သည်။ ရိုက်ကူးသူက ယောင်ဟွာဖန်း **(Yonhwa Feng)** ဖြစ်သည်။ အမြစ်ခြေက ခုတ်လှဲထားသော သစ်ငုတ်တွေ ပေါ်မှာ တရုတ်ကလေးငယ်သုံးဦး ကျောပေးရပ်ရင်း အဝေးကို ငေး နေကြသည့်ပုံ ဖြစ်သည်။ သည်ပုံက ပျက်ဆီးသည့် သစ်တောအနာဂတ် ကို မျှော်ကြည့်ခြင်းနှင့် မျိုးဆက်သစ်ဆိုတာတွေကို ရေးပြမထားဘဲ သိမြင်နိုင်သည်။

"ရာသီဥတုသည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးမှုကို အမြဲတမ်းလိုလို ကြီးစွာသော သက်ရောက်မှုပေးမြဲ ဖြစ်ပါသည်။ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ များ၏ ပြဿနာက ကြီးထွားလာခဲ့ရာ အဖွဲ့အစည်းအသွင် သဏ္ဌာန်ဖြင့် လျှော့ချနေရပါသည်။ ကျွန်တော်တို့နိုင်ငံ (တရုတ်) မှာ ထူးခြားသော မုတ်သုန်ရာသီရှိသည်။ ပြင်းထန် သော ကွန်တီနင်တယ်ရာသီဥတုလည်း ရှိသည်။ ထွေပြားသော အခြားရာသီဥတုတွေလည်း ရှိနေသည်။ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ရေအရင်းအမြစ်၊ နှင်းခဲတွေ သိပ်သိပ်သည်းသည်း အမြဲတမ်းကျနေတတ်သည့် ဒေသ **(Permafrost)** များ၌ ရှိနေရာ သည်သက်ရောက်မှုသည် ရာသီဥတုနှင့် ဆက်စပ်နေ

www.burmeseclassic.com

တတ်ပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း ရာသီဥတုအစွန်း ရောက်ခြင်းများက ဂျုံ၊ စပါးနှင့် ဝါဂွမ်း စိုက်ပျိုးရေးများတွင် အကြီးအကျယ် ပြဿနာဖြစ်နေရပါသည်”

တရုတ်နိုင်ငံမှ ဒေါက်တာယီရုကီယု (**Dr. Ye Ruqiu**)၏ (**China and the atmosphers**)ဆောင်းပါးမှ ဖြစ်သည်။ တရုတ်ပြည်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များကို စွမ်းအင်သုံးစွဲမှုလုပ်ငန်းတွေက ဂဝရာခိုင်နှုန်း လွှတ်ထုတ်ပေးနေသည်။ တရုတ်နိုင်ငံ၏ ကြီးမားသော စီးပွားရေးဘဝနှင့် တစ်ဖက်က ဆိုးကျိုးများ ဆက်စပ်နေသည့် သဘောဖြစ်သည်။ တရုတ်မှာ ကျောက်မီးသွေးက အဓိကလောင်စာ စွမ်းအင်ဖြစ်သည်။ ၁၉၉၀ ခုနှစ်မှာ စုစုပေါင်း စွမ်းအင်စားသုံးမှု ၉၈၇ သန်း တီစီအီးဖြစ်သည်။ ၁၉၉၀ မှာပဲ ကာဗွန်ထုတ်လွှတ်မှုမှာ တန်သန်းပေါင်း ၆၅၀ ရှိခဲ့သည်။ တကမ္ဘာလုံး ထုတ်လွှတ်မှု၏ ၁၀ ပုံ တစ်ပုံတောင် ရှိသည့် သဘောဖြစ်ပါသည်။ တီစီအီး ယူနစ်မှာ (**tonnes of coal equivalant**) ဖြစ်သည်။ စက်မှုလုပ်ငန်းများ၏ ဘွိုင်လာများက သုံးနေသည့် ကျောက်မီးသွေးစွမ်းအင်က နိုင်ငံတော်၏ ပထမအများဆုံး သုံးစွဲမှုဖြစ်နေသည်။ ဒုတိယအများဆုံး ကျောက်မီးသွေးသုံးစွဲမှုက အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတွင် ဖြစ်သည်။ တတိယကျောက်မီးသွေး အသုံးက ကူးသန်းရောင်းဝယ်ရေးနှင့် ပြည်တွင်းသုံးဖြစ်သည်။ တကယ်တော့ တရုတ်ပြည်တွင် ရေအားလျှပ်စစ်စက်ရုံများ၊ အနုမြူသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများလည်း ရှိပါသည်။ ကျောက်မီးသွေးသုံးစွဲမှုက ကာဗွန်ထုတ်လွှတ်မှုကို မြင့်မားစေသဖြင့် နှစ်ကာလအလိုက် လျော့ချနေရသည်။

တလောက အာရှဒေသ တောမီးလောင်ကျွမ်းမှုကလည်း ကာလရှည်လျားသွားခဲ့သည်။ အင်ဒိုနီးရှားသစ်တောများဆီမှ မီးခိုး



www.burmeseclassic.com

www.burmeseclassic.com


များ၊ ပြာများ၊ ကာဗွန်များက ဒေသနီးချင်း နိုင်ငံတွေမှာ ဝေ့ဝဲနေခဲ့သည်။ စက်မီးခိုးများ၊ ဘွိုင်လာမီးခိုးများ၊ ထင်းမီးခိုးများ၊ အခြားလောင်စာ မီးခိုးများက ရာသီဥတုမရွေး ရှိနေသည်။ သည်ကာဗွန်တွေကတော့ ပြတင်းပေါက်ဘောင်ပေါ်မှာ ဒီဇိုင်းဆွဲပြနေတာမျိုးမဟုတ်။ အဆုပ်နှင့် အသက်ရှူလမ်းကြောင်းမှာ ဒီဇိုင်းဆွဲနေခြင်းဖြစ်သည်။ မီးခိုးများသည် အလှဗေဒသဘောမဟုတ်တော့။ မီးခိုးတွေ ကာဗွန်တွေထဲက ပေါ်လီ ယာနာစိတ်ဓာတ်မျိုး ဆွဲထုတ်ချင်လို့ မရနိုင်။ ကာဗွန်သည် ဆီးနှင်း ဖြူဖြူလှလှကလေးများ မဟုတ်ကြောင်း ကျွန်တော်တို့ သိနေကြလို့ ဖြစ်သည်။

**စာကိုး**

– ဆရာမြသန်းတင့်၊ ခရမ်းလွန်နွေဦး၊ အက်ဆစ်မိုး၊ နျူကလီးယား ဆောင်း (အက်ဆေး)
– ဆရာမြသန်းတင့်၊ ကဗျာမဆန်သော ပတ်ဝန်းကျင်ဗေဒ ကြေညာစာတမ်း(အက်ဆေး)
– **China and the Atmosphere (Dr. Ye Ruqiu).**
– **Carbon For sale (Christina Figueres and Anne Hameelton)**

■


www.burmeseclassic.com

www.burmeseclassic.com

# "သန္နိဋ္ဌာန်"

"သင်လျှောက်လှမ်းရမည့် ခရီးတစ်လျှောက် တစ်စုံတစ်ရာသော အတားအဆီးအနှောင့်အယှက်များက အမြဲတမ်းစောင့်စားနေတတ်ပါသည်။ သင့်ခရီး၊ သင့်ရည်မှန်းချက်များနှောင့်နှေးစေရန် အဟန့်အတား အခက်အခဲတွေကလည်း အမြဲတမ်း လိုလိုသင့်ကို ဒုက္ခပေးဖို့ စောင့်နေကြလိမ့်မည်။ သင့်ကို တွေဝေ နောက်တွန့်သွားဖို့ တစ်ယောက်ယောက်က ကြိုးပမ်းနေတာကိုလည်း အမြဲတမ်းလိုလို သင်ကြုံတွေ့နေရလိမ့်မည်။ သင့်ရန်သူတော် တစ်ယောက်ကလည်း သင့်ကို တိုက်ခိုက်ချေဖျက်ဖို့ အမြဲလိုလိုရှိနေလိမ့်မည်။ သင်၏တန်ဖိုးကြီးလှသော အချိန်နာရီများကို အလဟဿဖြစ်စေဖို့ အခြားအလုပ်တွေကလည်း ဖိစီးကောင်း ဖိစီးနေလိမ့်မည်။ သင်၏သန်စွမ်းလှသော စိတ်ခွန်အားကို ခိုးဆိုးလုယက်ဖို့ အရာတို့သည်လည်း သင့်ကို စောင့်စားနေကြလိမ့်မည်။ သင်သာ အာရုံတစ်ခုခုကို စူးစူးစိုက်စိုက် မရှိခဲ့လျှင် ဘဝမှာ ဘာကိုလိုချင်တပ်မက်သလဲဆိုတာ သင်ကိုယ်တိုင်က မသိလျှင်၊ သင်၏အားအင်တို့သည် အဆုံးမဲ့တင်းမာ ရန်လိုမှုနှင့် အညီအမျှမရှိခဲ့လျှင် သင့်ခရီးသည် သာယာဖွယ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com


*သင်ရည်ရွယ်ရာ ဦးတည်ချက်ကို ဆုံးဖြတ်ပါ။ သွားရမည့် လမ်းကို ရွေးပါ။ လမ်းချိုးလမ်းကွေ့များအတွက် သင်ကိုယ်တိုင် ပြင်ဆင်ပါ။ သန္နိဋ္ဌာန်ကို ခိုင်ခိုင်ကျည်ကျည် ချလိုက်ပါ။ အဆုံးမတော့ သင့်ရည်ရွယ်ရင်းပန်းတိုင်ကို သင်ဆွတ်လှမ်း နိုင်မည်သာ ဖြစ်သည်။*

*/[Patience Strong* ၏ *Determination ]*

"သန္နိဋ္ဌာန်"ဆိုသည့် စကားက ပါဠိဘာသာ "သန္နိဋ္ဌာန"က ဆင်းသက် လာခြင်းဖြစ်သည်။ စိတ်ပိုင်းဖြတ်ခြင်း၊ စိတ်ဆုံးဖြတ်ခြင်း၊ စိတ် ဆုံးဖြတ်ချက် စသည့် အဓိပ္ပာယ်ကို ပေးသည်။ မြန်မာစကားအသုံးတွင် 'သန္နိဋ္ဌာန်ချသည်'ဆိုသည့် အဓိပ္ပာယ်က စိတ်ဆုံးဖြတ်ချက်ချလိုက် သည်ဆိုသည့် အဓိပ္ပာယ်ရှင်းပြီးသားဖြစ်ပါသည်။ 'သည်နှစ်တော့ လူဖြစ်အောင် လူမယ်လို့ ကျုပ်တော့ သန္နိဋ္ဌာန်ချထားတာပါပဲ'ဆိုသည့် စကားသည် သည်နှစ်လူဖို့ ဆုံးဖြတ်ထားခြင်းကို ဆိုလိုမှန်း အားလုံး သိကြပါသည်။ ရှင်းပြီးသားကို ကျွန်တော် ရှုတ်အောင်တွေးနေခြင်း မဟုတ်ပါ။ အင်္ဂလိပ်ဘာသာမှာ (**determination**)ဆိုသည့် စကားနှင့် (**decision, decision-making**)ဆိုသည့် စကားများကို ခွဲခွဲခြားခြား သုံးကြတာ တွေ့ရခြင်းကြောင့် ဖြစ်ပါသည်။ (**decision**)ဆိုသည့် စကားအဓိပ္ပာယ်ကို သုံးမျိုးစဉ်းစားနိုင်ပါသည်။ အထွေထွေအပြားပြား သော ဖြစ်နိုင်ခြေတွေထဲက အကောင်းဆုံးတစ်ခုကို ရွေးချယ်ခြင်း သို့မဟုတ် ဘာလုပ်သင့်သလဲဆိုတာ ရွေးချယ်ခြင်းကိုလည်း ဆိုသည်။ တစ်ခုခုပိုင်းဖြတ်လိုက်ခြင်း အပြုအမူ (**act of deciding something**)ကိုလည်း ဆိုသည်။ နေရာမရွေး အခြေအနေမရွေး မြန်မြန် နှင့် တိတိကျကျ ဆုံးဖြတ်နိုင်ခြင်း စွမ်းရည်ရှိသူကိုလည်း ဆိုသည်။

www.burmeseclassic.com

(**Decision-making**)ဆိုသည့် စကားကတော့ အဖွဲ့အစည်းအသွင် သဏ္ဌာန် ဖွဲ့စည်းထားသည့် လုပ်ငန်းကြီးများနှင့် အစိုးရမူဝါဒများ တွင် အများအားဖြင့် သုံးလေ့ရှိသည်။ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ရှေ့ရှုသောဖြစ်စဉ် (**Process of reaching decisions**) ဆိုသည့် သဘော ဖြစ်ပုံရပါသည်။

အထူးသဖြင့် (**decision-making**)အသုံးသည် စီးပွားရေး အဖွဲ့အစည်းနယ်ပယ်တွင် အသုံးများနေသည်။ သုံးသပ်ချက် မှန်မှ ဆုံးဖြတ်ချက်မှန်တယ်၊ ဆုံးဖြတ်ချက်မှန်မှ အလုပ်မှန်တယ်၊ အလုပ်မှန်မှ သိက္ခာရှိတယ်ဆိုသည့် စကားများကို သည်နယ်ပယ်မှာ ကြားနိုင်ပါ သည်။ သုံးသပ်ချက်မှန်ဖို့ကတော့ အချက်အလက်နှင့် သတင်း နည်းပညာကို ပြန်ညွှန်းသည်။ အချက်အလက် စုဆောင်းခြင်း (**Data collections**) ဆိုသည့် စကားသည်လည်း ခေတ်စားနေသည့် စကားဖြစ်သည်။ တကယ်တော့ နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်တွင် ဆုံးဖြတ်ချက်သည် အသက်တမျှ အရေးပါနေသည်။ လူတစ်ဦးချင်းစီ ၏ ဘဝတွင် ဆုံးဖြတ်ချက်အရေးပါသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေး အဖွဲ့အစည်းတစ်ရပ်တွင်လည်း ဆုံးဖြတ်ချက်သည် အတိမ်းအစောင်း မခံသည့် သဘောရှိနေသည်။ အာရှတွင် တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကို ပညာရှင်များက ထောက်ပြ လာကြတာ ကျွန်တော်သတိရသည်။ သည်နိုင်ငံများက ကိုင်စွဲထား သည့် ကွန်မြူနစ်ဝါဒအခြေခံတူညီမှုကို အကြောင်းပြုကာ သီးသန့် ခြင်းတောင်းတစ်လုံးထဲက နိုင်ငံများဟု သုံးနေကြသည်။ သည်လေး နိုင်ငံမှာမှ မြောက်ကိုရီးယားနိုင်ငံကလွဲလျှင် ကျန်သုံးနိုင်ငံက ဈေးကွက် စီးပွားရေးဝါဒကို ကျင့်သုံးနေကြသည်။ ကွန်မြူနစ်ဝါဒတစ်ပါတီ အုပ်စိုးမှုနှင့် ယှဉ်နေသော တံခါးဖွင့်စီးပွားရေးဈေးကွက် ဝါဒသည်

www.burmeseclassic.com

ထူးခြားသလို ဖြစ်နေရသည်။ ဤအချက်သည်ပင် ဆုံးဖြတ်ချက် ဖြစ်သည်။ သေရေးရှင်ရေးဆုံးဖြတ်ချက်ဖြစ်လာရသည်။ ကွန်မြူနစ်ဝါဒ အခြေခံနိုင်ငံများက အရင်းရှင်ဝါဒ ကျင့်သုံးနေခြင်းကိုပဲ သရုပ်လွန်ဝါဒ (**Surrealism**)ဟု သုံးကြရသည်အထိ ဖြစ်လာရသည်။ ကွန်မြူနစ်နိုင်ငံများ၏ ဆုံးဖြတ်ချက်များကလည်း အခြေအနေများပေါ်တွင် အကြောင်းခံသည်။ ဆိုရှယ်လစ်ဝါဒ အခြေခံယိုယွင်းလာနေချိန်ဖြစ်သည်။ အရင်းရှင်စနစ် သို့မဟုတ် ဈေးကွက်စီးပွားရေးစနစ်သည် သမိုင်းရေးလိုအပ်ချက် – (**Historical necessity**) ဖြစ်နေသည်။ ဆိုဗီယက်ပြိုကွဲမှုသည် သင်ခန်းစာယူစရာ ဖြစ်လာရသည်။ တစ်ဖက်က ပြောင်းလိုက်ရသော်လည်း အရင်းရှင်လူတန်းစား အရန်သင့်မရှိသေးသည့် အခြေအနေကလည်း ရှိနေသည်။ ပညာရှင်များက သည်အချက်များကိုကြည့်၍ **'**အခြေအနေအရ**'** ပြောင်းလိုက်ရခြင်း သို့မဟုတ် အခြေအနေအရ **'**ဆုံးဖြတ်ချက်**'**ချလိုက်ရခြင်းဟု မြင်ကြသည်။ တစ်ဆက်တည်းမှာ ကွန်မြူနစ်ပါတီ အုပ်စိုးမှုအောက်မှ ဈေးကွက်စီးပွားရေးစနစ်၏ နိုင်ငံရေး သဘာဂဗေဒကို သိအိုရီထုတ်လာကြပြန်ပါသည်။ ရစ်ချဒ်နစ်ကဆင်က သူ၏ ငြိမ်းချမ်းရေး၏ အလွန် (**Beyond Peace**) စာအုပ်မှာ တရုတ်ပြည်သည် အရင်းရှင်စနစ်ကို ထူထောင်ရင်း နိုင်ငံရေး စီးပွားရေး လွတ်လပ်မှုကို ကျယ်ပာလာစေမည်ဟု သုံးသပ်ပြသည်။ တရုတ်ပညာရှင်တစ်ချို့ကလည်း တရုတ်ပြည် ဈေးကွက်စီးပွားရေး အကျိုးအတွက် နိုင်ငံရေး ဗဟုဝါဒ (**Palitical Pluralism**)သည် သမိုင်းရေး၊ လိုအပ်ချက်ဖြစ်လာမည်။ ဤဖြစ်ပေါ်မှုကို ညင်သာစေရန် ကွန်မြူနစ်ပါတီက နိုင်ငံရေး ဗဟုဝါဒကို ဘယ်ပုံဘယ်နည်း ကိုင်တွယ်မလဲဆိုတာကို လေ့လာနေကြသည်။ ကောင်းကောင်ကို ပြန်လည်လက်ခံရာတွင် စီးပွားရေးပုံသဏ္ဌာန်ကိုလက်ခံရန်

www.burmeseclassic.com

မခက်ခဲသော်လည်း နိုင်ငံရေးပုံသဏ္ဍာန်ကို လက်ခံရန် ခက်ခဲနေပုံရတာကို ထောက်ပြကြသည်။

ကျွန်တော်စဉ်းစားနေမိသည့်အချက်မှာ နိုင်ငံတွေမှာလည်း ဆုံးဖြတ်ချက်တွေ ရှိနေရသည်။ ပြောင်းလဲလာသော ကမ္ဘာ့အခြေအနေ၊ မိမိနိုင်ငံ၏ ပကတိအခြေအနေများကို အဖန်ဖန်အထပ်ထပ် အနုလုံ ပဋိလုံ သုံးသပ်ကာ ဆုံးဖြတ်ချက်ချနေရသည်။ သည်ဆုံးဖြတ်ချက် သည်ပင် အလုပ်လမ်းညွှန်တွေ၊ မူဝါဒတွေ ဖြစ်နေကြရသည်။ သည် ဆုံးဖြတ်ချက်တွေကတော့ အရေးကြီးသလောက် တာဝန်လည်းကြီး သည်။ လူမျိုးနှင့် လူ့အဖွဲ့အစည်း၏ ကံကြမ္မာနှင့် တိုက်ရိုက်ဆက်စပ် နေသည်။ လူနာ၏ ရောဂါလက္ခဏာများကို မေး၍ ဆေးကျမ်းနှင့် အတွေ့အကြုံကို အခြေခံသော ဆရာဝန်၏ မှန်းဆချက်မျိုးမဟုတ်။ နိုင်ငံရေး စီးပွားရေးမှာမှမဟုတ်။ ပညာရေးနယ်ပယ်မှာလည်း ဆုံး ဖြတ်ချက်တွေ ရှိနေကြရသည်။ မိမိနိုင်ငံနှင့် လိုက်လျော ညီထွေရှိမည့် ပညာရေးမျိုးကို လက်ငင်းဖြစ်ပျက်သင်ယူနေကြသော ကမ္ဘာ့သင်ရိုး ညွှန်းတမ်းများနှင့် ညှိကာ ဆုံးဖြတ်နေကြရသည်။ သည်ဆုံးဖြတ်ချက် ကလည်း အနာဂတ်နှင့် ထိစပ်နေသည်။ ပညာရေးသည် လက်ငင်း ရေတိုကိစ္စမဟုတ်။ အရှည်မျှော်တွေးကာ နောင်မှာဖြစ်လာမည့် အနာဂတ် သစ်ကိုပါ ထည့်သွင်းစဉ်းစားကာ ရေးဆွဲနေကြရသည်။ သင်ရိုးညွှန်း တမ်းများကို ပြုစုတည်ဆောက်ခြင်း (**Curriculum development**)၊ သင်ရိုးညွှန်းတန်း လက်တွေ့အကောင်အထည်ဖော်မှု (**Curriculum implementation**)နှင့် သင်ရိုးညွှန်းတန်းများ ပြန်လည် အကဲဖြတ်မှု (**Curriculum evaluation**) စသည့် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက် နေကြရသည်။ သင်ရိုးညွှန်းတန်းတွေ ပြင်ဆင်နေရခြင်းမှာ ပညာရေး အတွက် ဆုံးဖြတ်ချက်တွေ ပြင်နေကြရခြင်း ဖြစ်သည်ဟု



www.burmeseclassic.com

ကျွန်တော် ထင်ပါသည်။ သည်ဆုံးဖြတ်ချက်တွေကို လိုအပ်သလို ပြောင်းလဲနေကြ ရသည်။ ပြောင်းလဲနိုင်အောင်လည်း စီမံနေကြရသည်။ ပညာရေး သင်ရိုးညွှန်းတန်းတွေ ပြောင်းလဲဖို့ အခြေအနေတွေကပဲ တွန်းပို့နေ သည်။

"သင်ရိုးညွှန်းတန်း ပြောင်းတာဟာ ပညာရေးအတွက် ဆုံးဖြတ်ချက်သစ်တွေချတဲ့ သဘောပဲ၊ ဒါကလဲ မလုပ်လို့မရဘူး။ နိုင်ငံတွေမှာက နိုင်ငံမူဝါဒတွေနဲ့ ကိုက်ညီအောင် ပညာရေးမူဝါဒတွေကိုလဲ အချိန်အခါအလိုက် ပြောင်းနေရတယ်၊ နောက်တစ်ချက်က ကမ္ဘာမှာ အသိပညာပေါက်ကွဲမှုတွေ ဖြစ်နေတယ်၊ ကျောင်းသင်အကြောင်းအရာသစ်တွေဟာ နေ့စဉ်နဲ့အမျှ ပြောင်းလဲနေတယ်၊ ဒါကိုလဲ အမြဲထည့်သွင်းပေးဖို့ လုပ်နေရတယ်၊ နောက်တစ်ချက်က ကမ္ဘာ့လူဦးရေ ပေါက်ကွဲမှုကြောင့် တစ်နေရာတည်းမှာ စာသင်ဖို့ နေရာအခက်အခဲရှိလာတော့ အုပ်စုဖွဲ့သင်ကြားခြင်း၊ ပညာရေးရုပ်မြင်သံကြား၊ အဝေးသင်ပညာရေးစတာတွေ လိုအပ်လာတယ်။ သည်တော့ သင်ရိုးညွှန်းတန်းတွေကို ပြောင်းကိုပြောင်းရတော့တယ်"

ပညာရေးပညာရှင်တစ်ဦးက ကျွန်တော့်ကို ပြောခဲ့ခြင်းဖြစ်သည်။ စက်မှုနှင့်နည်းပညာ ပြောင်းလဲမှုနှင့် အညီ ပညာရေးမူဝါဒ ဆုံးဖြတ်နေရတာလည်း ရှိသည်။ နောက်တစ်ချက် **(Competitive explosion)** ဖြစ်သည်။ ပြိုင်ဆိုင်မှုပေါက်ကွဲခြင်း၊ နိုင်ငံအချင်းချင်း၊ ပညာရေးစနစ် အချင်းချင်း ပြိုင်ဆိုင်မှုကိုဆိုသည်။ ကျောင်းတွင်းသင်ကြားရေး၊ ကျောင်းပသင်ကြားရေး၊ ဘဝတစ်သက်တာ သင်ကြားရေး၊ ပညာရေးနှင့် အလုပ်ပေါင်းစပ်ရေး စသည့် အရေးကိစ္စတွေကလည်း

www.burmeseclassic.com

ပညာရေး၏ အယူအဆသစ်များ ဖြစ်လာသည်။ လက်ရှိပညာရေးစနစ်ဟောင်းနွမ်းမှုကလည်း စနစ်သစ်ကို ပြောင်းပစ်ဖို့ အခြေခံဖြစ်လာရသည်။

"အရေးကြီးတာက ကလေးတွေကို ဘာတွေသင်ပေးမလဲ၊ ဘယ်ပညာရပ်ကို ဦးစားပေးမလဲ၊ ဘယ်လိုစိတ်ဓာတ်ကို မွေးမြူစေမလဲ၊ ဘယ်လိုကျွမ်းကျင်မှုတွေဟာ အထောက်အကူဖြစ်စေမလဲ၊ ဒါတွေကို စဉ်းစားပြီးမှ ပညာရေးကို ဆုံးဖြတ်ချက်ချနေရတာ ခက်ပါတယ်"

ပညာရေးဆုံးဖြတ်ချက်များတွင် ကျောင်းသားဗဟိုပြုသင်ရိုးညွှန်းတန်း (**Student - centered curriculum**)နှင့် ဘာသာရပ် ဗဟိုပြုသင်ရိုးညွှန်းတန်း (**Subject-centered curricu lum**)ဟူ၍ နှစ်မျိုးရှိရာ ဒါကိုလည်း နိုင်ငံတွေက ရွေးချယ်ဆုံးဖြတ်နေကြရသည်။

ရှည်လျားစွာ ရေးပြနေခြင်းကို ခွင့်လွှတ်ပါ။ ကျွန်တော်ပြောလိုရင်းမှာ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးများတွင် ဆုံးဖြတ်ချက်သည် အရေးကြီးသည်။ ထိုဆုံးဖြတ်ချက်များတွင် လက်ငင်းလူ့ဘောင်အကျိုးစီးပွားသာမက အနာဂတ် လူ့ဘောင်မျိုးဆက်သစ်များ၏ အကျိုးစီးပွားကိုပါ ထည့်သွင်းဆုံးဖြတ်နေရတာကို ရေးလိုရင်းဖြစ်ပါသည်။ လူတစ်ဦးချင်းမှာလည်း သည်သဘော ရှိနေသည်။ မိမိ၏ ဆုံးဖြတ်ချက်သည် အနာဂတ်ဖြစ်တည်မှုကိုပါ ထည့်သွင်းဆုံးဖြတ်နေရတာမျိုးဖြစ်သည်။ ပြဿနာတစ်ခုကို မှန်းဆ ရသည်။ မှန်းဆချက်၏ အဖြေကို တွေးဆချက် (**Hypothesis**) ခေါ်နေကြသည်။ တစ်နည်းအားဖြင့် အဆိုကြမ်းဖြစ်သည်။ အဆိုကြမ်းကမှ ကောက်ချက်ချသည့် အဆင့်ကို ရောက်သည်။ ထိုကမှ ပိုင်းဖြတ်ယူသည်။ သိပ္ပံနည်းကျ အတွေးအမြင်များတွင် အဆင့် (၇) ဆင့်ရှိ

www.burmeseclassic.com

သည်ဆို၏။ စူးစမ်းမှုပေါ်ပေါက်လာရသည့် အခြေအနေ၊ ပြဿနာအား တိကျစွာ ပုံဖော်ခြင်း၊ ပြဿနာနှင့် ထိစပ်မှုရှိသော အဖြစ်မှန်များကို ရှုမှတ်ခြင်း၊ အတွေ့အကြုံများကို အသုံးပြုခြင်း၊ ဖြစ်နိုင်ချေများသော ကောက်ချက်ချခြင်း၊ မိမိတွေးဆချက်များကို စစ်ဆေးခြင်းနှင့် ထို တွေးဆချက်ကို လက်ခံခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ဖြစ်ပါသည်။

လူတစ်ဦးချင်းစီ၏ ဘဝသည် ဆုံးဖြတ်ချက်များကြောင့်ပင် အချိုးအကွေ့ပေါင်းများစွာ ပြောင်းလဲနေသည်။ ဆုံးဖြတ်ချက်အမှားများ ကြောင့် ဘဝတွေ ပျက်သုန်းနေရသည်။ ဆုံးဖြတ်ချက်အမှန်များကြောင့် ဘဝတွေ တောက်ပနေသည်။ အချိန်နာရီနှင့်အမျှ ဆုံးဖြတ်နေရသည်။ လောက၏ စားဝတ်နေရေးအကြောင်း သုံးပါးနှင့် စပ်လျဉ်းသမျှ ဆုံးဖြတ်နေရသည်။ ဆန်နို့ဆီဘူး လေးဘူးဝယ်ရင် ကောင်းမလား၊ ဆန်တစ်ပြည်ဝယ်ရင် ကောင်မလား ဆုံးဖြတ်နေရသူတွေ ရှိသလို၊ ဒေါ်လာတစ်သန်းတန် ချက်လက်မှတ်ကို လက်မှတ်ထိုးဖို့ မထိုးဖို့ ဆုံးဖြတ်နေရသူတွေ ရှိသည်။ ဆေးရုံပေါ်မှာ ဆရာဝန်က ခွဲစိပ်မလား၊ မခွဲစိတ်ဘဲရမလားဆိုတာ ဆုံးဖြတ်နေရသည်။ တရားသူကြီးက ဆုံးဖြတ်နေရသည်။ ကျောင်းဆရာက ဆုံးဖြတ်နေရသည်။ ဈေးသည်က ဆုံးဖြတ်နေရသည်။ ဝန်ထမ်းက ဆုံးဖြတ်နေရသည်။ ဘဝသည် ဆုံးဖြတ်ခြင်းများနဲ့ပဲ ပြည့်နှက်နေရတော့သည်။

အသောကမင်းသည် ညီနောင်သားချင်းကိုးကျိပ် ကိုးယောက် ကို သတ်ဖို့ ဆုံးဖြတ်နေရသည်။ သာမဏေကို ရာဇပလ္လင်တင်ကာ ဆည်းကပ်ဖို့ ဆုံးဖြတ်နေရသည်။ စစ်မြေပြင်မှာ သွေးစွန်းဓားကို စွန့်လွှတ်ဖို့ ဆုံးဖြတ်နေရသည်။ စိတ်နှလုံးဖြူစင်စွာထားဖို့ ကျောက် ခြောက်ပါးကို ထိန်းချုပ်ဖို့ရာ ဆုံးဖြတ်နေရသည်။ အရာရာကို

www.burmeseclassic.com

ပုဂ္ဂလဓိဋ္ဌာန်အမြင်ဖြင့် ဆုံးဖြတ်နေကြသည်။ ဓမ္မဓိဋ္ဌာန်အမြင်ဖြင့် ဆုံးဖြတ်နေကြသည်။

၁၂၁၄ ခုနှစ် ပြာသိုလဆန်း ၈ ရက်နေ့က အမရပူရလေးကျွန်း တံခါးမှ တိတ်တဆိတ် ထွက်လာခဲ့သော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ ရင်ထဲမှာ ဆုံးဖြတ်ချက်တွေ ပါလာခဲ့သည်။ သူတို့နှစ်ပါးစလုံး ရွှေဘိုကိုချီမည်။ ခမည်းတော် ရွှေဘိုမင်းကလည်း ဘကြီးတော်ကို ခြားနားစဉ်က ရွှေဘိုကိုပဲ ရွေးချယ်ခဲ့သည်။ မတ္တရာ၊ စကျင်၊ ထုံးကြီး၊ ရေတော်၊ စဥ့်ကူးမှသည် ကျောက်မြောင်းကို ရောက်လာခဲ့ကြသည်။ ပုဂံမင်း၏ တပ်တော်တွေကလည်း နောက်က လိုက်လာကြပြီ။ ရွှေဘိုမြို့ဝန်ကလည်း စားနပ်ရိက္ခာအပြည့်ဖြင့် ခုခံဖို့ ပြင်နေပြီ။ ရွှေဘိုကို သိမ်းမလား မသိမ်းဘူးလား။ တက်ရပိမ့်လော၊ ဆုတ်ပိမ့်လော။ သည်နေရာမှာ ဆုံးဖြတ်ချက်သည် အရေးကြီးလာခဲ့ပြီ။ ယောအတွင်းဝန် ဦးဖိုးလှိုင်က သူ့သဘောထားကို တင်ပြသည်။

"ယခုအချိန်အထိ စတင်ထွက်တော်မူကတည်းက အောင်ပွဲရခဲ့သည်ချည်းဖြစ်၏။ စစ်ဦးစစ်စအောင်မြင်မှုဟိန်းလှ၍ ဝင်ရောက်ခိုလှုံသူတို့ များနေခဲ့ပြီ။ စစ်ရှိန်ကောင်းခိုက်၊ မဖင့်နွှဲသင့်ပါ။ ရွှေဘိုသို့ ဆက်လက်ချီတက်ရန်သာ ရှိပါသည်။ ရွှေဘိုရောက်ခြင်းသည်ပင် မင်းအဖြစ်ရောက်ခြင်း မည်ပါသည်"

သည်ဆုံးဖြတ်ချက်သည်ပင် အောင်ပွဲ၏ အစဖြစ်လာခဲ့ရသည်။ မင်းတုန်းမင်းဘုရင်ဖြစ်လာကာ ညီတော်ကနောင်မင်းက အိမ်ရှေ့စံ ဖြစ်လာရသည်။ မင်းတုန်းမင်းနှင့် သီပေါဘုရင်မင်းနှစ်ပါးကြားမှာ ပြတ်သားသော ဆုံးဖြတ်ချက်တွေကြောင့်ပဲ ယောအတွင်းဝန်အရာက ခြောက်ကြိမ်ကျခဲ့ရသည်။ သက်ဦးဆံပိုင်ဘုရင်ဧကရာဇ်ရှေ့မှောက်၌ မှန်ကန်သော ဆုံးဖြတ်ချက်များ ဖြစ်လင့်ကစား အချိန်မရွေး အသက်

www.burmeseclassic.com

ပျောက်သွားနိုင်သည်။ တိုင်းပြည်နှင့် လူမျိုးအတွက် ဆုံးဖြတ်ရဲသော သတ္တိကြောင့် ယောအတွင်းဝန်၏ ဂုဏ်သတင်းသည် သမိုင်းမှာ ဝင်းပနေသည်။ ဦးဖိုးလှိုင်၏ ဆုံးဖြတ်ချက်ရဲသော သတ္တိကို ရာဇဓမ္မသင်္ဂဟကျမ်း တင်သွင်းရာတွင်လည်း တွေ့နိုင်ပါသည်။ သီပေါမင်းကို အနောက်နိုင်ငံ ပါလီမန်ဒီမိုကရေစီစနစ် ပန်းသီးတစ်ကိုက်လောက် ကျွေးချင်ရှာသော မြန်မာပညာရှိတစ်ဦး၏ ရာထူးစွန့်လွှတ်လိုက်ရသည့် အဖြစ်အပျက်ကလည်း ဆန်းသည် မဆိုနိုင်ပါ။ သို့သော် ဘုရင်နှင့် မိဖုရားမျက်တော်မူမည်ကိုသိလျက်နှင့် ရဲရဲရင့်ရင့် ရေးသားဆက်သွင်းဝံ့သည့် ယောအတွင်းဝန်၏ ဆုံးဖြတ်ချက်သည် အသက်ဘေးနှင့်နီးလှပါသည်။

တစ်ခါက ကျုံးလေးတန်ပတ်လည်ကျဉ်းကျဉ်းကလေးထဲမှာ စံမြန်းရသည့် သီပေါဘုရင်ကို ဘိလပ်သို့သွားရန် စီစဉ်ခဲ့ကြသည်။ အနောက်နိုင်ငံတို့၏ အုပ်ချုပ်ရေး တရားစီရင်ရေး၊ ဥပဒေပြုရေး အမြင်များကျယ်ပြန့်လာစေရန် မှူးမတ်တို့က နားသွင်းစီစဉ်ခဲ့ကြခြင်း ဖြစ်သည်။ အသက် ၂၀ ကျော် မင်းပျိုမင်းလွင်က သည်အစီအစဉ်ကို သဘောကျသည်။ တိုက်တွန်းသူများ၏ ခေါင်းဆောင်မှာ ကင်းဝန်မင်းကြီး ဦးကောင်းဖြစ်သည်။ ဘိလပ်သို့ ချစ်ကြည်ရေးခရီးတွင် လိုက်ပါမည့်သူတို့ စာရင်းကိုပင် ပြုစုပြီးပြီ။ သို့သော် သည်အစီအစဉ်ကို တိုင်တားမင်းကြီးက ဖျက်သည်။ ခေတ္တခဏ ဆိုစေဦး မင်းမဲ့သည့် တိုင်းပြည်၏ ကံကြမ္မာကို အကြောင်းပြသည်။ သည်အစီအစဉ်ကြီးကို ဆုံးဖြတ်ချက်တစ်ချက်က အတည်ပြုပယ်ဖျက်လိုက်သည်။ စုဖုရားလတ်၏ ဆုံးဖြတ်ချက်ဖြစ်သည်။

"နှမတော်လေးမပါပဲနဲ့ မောင်တော်က အင်္ဂလိပ်မှာ သိုချင်လို့ သွားမှာလား"

www.burmeseclassic.com

သည်ဆုံးဖြတ်ချက်သည်ပင် နိုင်ငံနှင့်လူမျိုးအတွက် သက်ရောက်မှု ရှိကောင်းရှိနိုင်သလို ဖြစ်ခဲ့ရသည်။ အင်းဝဘုရင်မင်းခေါင်နှင့် ဟံသာဝတီဘုရင် ရာဇာဓိရာဇ် (သူရှင်တကာရွတ်ပိ)တို့၏ တိုက်ပွဲတွင်းမှ ဆုံးဖြတ်ချက်သည်လည်း သမိုင်းတွင်ခဲ့သည်။ မင်းခေါင်၏တပ်များ အကျအဆုံးများသည်။ သည်တော့ မင်းခေါင်က ပြည်တော်ပြန်လှချင်သည်။ ငြိမ်းချမ်းရေးစကားဆိုချင်သည်။ သစ္စာဆိုရန် ဘုရင်မင်းခေါင်နှင့် အမတ်သူရဲသုံးကျိပ်တို့အလာ ပန်းကျော်ချောင်းတွင် ဖမ်းမည်ဟု သဲပြင်တွင် လက်နက်ဝှက်ထားဖို့ ရာဇာဓိရာဇ်က စီစဉ်သည်။ သည်အကြံအောင်လျှင် ဘုရင်မင်းခေါင်နှင့် အမတ်သူရဲသုံးကျိပ်ကို လက်ဝယ်ရမည်။ အင်းဝတပ်လုံး ပျက်မည်။ ဘုရင် ရာဇာဓိရာဇ်လည်း သမိုင်းတွင် သစ္စာမဲ့သူအဖြစ် ကမ္ပည်းတင်ခံရမည်။ လဂွန်းအိမ်၏ "စစ်အတွင်းသစ္စာတည်ဘူးသလော"ဆိုသည့် စကားကြောင့် အင်းဝတပ်တို့ ကြိုတင်နားလည်သွားကာ အစီအစဉ်ပျက်ရသည်။ အမျက်ချောင်းချောင်းထွက်နေသော ဘုရင်ရာဇာဓိရာဇ်က သည်အမှုကို စစ်သည်။ အမတ်တိန်က "သတိုးနှင့် လဂွန်းအိမ်အတွေ့၊ လဂွန်းအိမ်ဘာကိုဆိုလိုက်သည် ကျွန်တော်မျိုးမသိ"ဟု ဝှက်ကွယ်ရှာသည်။ လဂွန်းအိမ်ကတော့ အရှင့်ကို သစ္စာမဲ့သူအဖြစ် သမိုင်းတင်မခံလိုသော သန္နိဋ္ဌာန်ချထားပြီးသူ ဖြစ်သည်။

> "သူ့ရှင်လည်း 'မင်းတို့ပသို့ကြောင့် ပြန်ခဲ့သနည်း'ဟု မေးတော်မူရာတွင် 'သစ္စာပြုမည့်အရေးပျက်သောကြောင့် ပြန်ခဲ့သည်'ဟု လျှောက်၏။ 'ဘယ်သူဘယ်သို့သော အကြောင်းကြောင့် သစ္စာမပြု ပျက်ရလေသနည်း"ဟု မေးတော်မူသော်၊ လဂွန်းအိမ်လည်း 'ကျွန်ုပ်ဆိုပေသည်'ဟု ဆိုခဲ့သည့်အတိုင်း လျှောက်သည်။ 'သို့သည်အရေးကို၊ နင်ဖျက်ကောင်းမည်



www.burmeseclassic.com

www.burmeseclassic.com

လော’ဟု အမျက်ထွက်တော်မူ၍ အပေါင်အလက်ကိုဖျက်၍
သတ်လေဟု အဲမွန်ဒယာကို အပ်လေ၏ ”
လဂွန်းအိမ်ကို ကွပ်မျက်ကာနီးတွင် ဗိုလ်မင်းဗြတ်စနှင့် အမတ်တိန်တို့က စစ်မေးပါရစေဦးဟု ရာဇာဓိရာဇ်ကို ခွင့်တောင်းကာ လဂွန်းအိမ်ကို မေးသည်။ ဗိုလ်မင်း ဗြတ်စက လဂွန်းအိမ်ကို ခေါင်းလျှော်စေ၍–

“သစ္စာပြုရာတွင် အင်းဝဘုရင်မင်းခေါင် အမှူးအမတ်တို့အား ဖမ်းမည်ကြံသည့်အရေးကို ငါတို့သိ၏ တကား၊ နင်ပ သို့ကြောင့် ဆိုသနည်း”ဟု မေးသည်။

လဂွန်းအိမ် သူ့ဆုံးဖြတ်ချက်ကို ထိုအခါမှ ထုတ်ဖော်လေသည်။

“ယခု တို့သခင်သည သူရိက္ခာကုန်၍ ပြန်တော့မည်ကို သစ္စာခံမှ
ဖောက်ပြန်၍ အနိုင်ယူသော် ပဲခူးဟူသည်ကို နောင်ပဇာ
အမည်ခေါ်တုံအံ့ဟု အောက်မေ့၍ သတိုးကို ငါ ဆိုသည်”
ဘဝတွင် သန္နိဋ္ဌာန်သည် အရေးကြီးပါသည်။
သမိုင်းက သန္နိဋ္ဌာန်ပိုင်းဖြတ်ချက်အချို့ကို
ကျွန်တော်ရေးခဲ့ပါသည်။ ကြက်ဥရောင်းသူပင်
လျှင် အကြီးအလတ် အသေး ဆုံးဖြတ်ကာ ရွေးရသေးသည်။
သန္နိဋ္ဌာန်သည် ရည်ရွယ်ရင်း ပန်းတိုင်သို့ ချီရာတွင်
ရဲရင့်သော အဖော်ကောင်း ဖြစ်သည်။ ။

■

www.burmeseclassic.com

# "သောက"

"ကမ္ဘာလောကသည်ပင် ချစ်ဖွယ်နေရာထိုင်ခင်းတစ်ခုလို ကျွန်တော်ခံစားနေရသည့် တောက်ပသော နေ့တစ်နေ့မှာ ဖြစ်ပါသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်အိမ်တံခါးကို လာခေါက်သည်။ တံခါးလာခေါက်သူ၏မျက်နှာကို ကျွန်တော် မမြင်နိုင်စွမ်းပါ။ သူ့ပုံပန်းသဏ္ဍာန်က လျှို့ဝှက်လွန်းသည်။ ဖုံးကွယ်ထားလွန်းသည်။ မျက်နှာထားမျက်နှာမူက ခပ်မှောင်မှောင်ဖြစ်နေရုံမက စိတ်ခေတ်ညှိုးငယ်စရာကောင်းသော မျက်နှာထားတင်းတင်း၊ အကြင်နာမဲ့မဲ့ပုံမျိုး ဖြစ်သည်။ ကျွန်တော်က သူ့ရှေ့မှာပဲ ခြောက်ခြောက်ခြားခြား၊ ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သည်တော့မှ သူက ပြောပါသည်။ "မင်းအတွက် အချိန်ကျပြီဆိုတာ ငါသိတယ် မင်းမှာ ပျော်စရာကောင်းတဲ့ နှစ်ကာလရာသီတွေ ကြုံခဲ့ရပေါင်း များခဲ့ပြီလေ။ သည်တစ်ခါတော့ မင်းအတွက် ဝေဒနာနဲ့ ပြင်းပြတဲ့ နာကျင်မှု၊ ပြီးတော့ မျက်ရည်တွေ ငါဆောင်ကျဉ်းလာခဲ့တယ်" သူကတကယ်လည်း ကျွန်တော့်နှလုံးသားကို အစပေါင်းတစ်ထောင် ကွဲကျေသွားအောင် ဖိထောင်းတော့သည်။ ကျွန်တော့်အပျော်အမောတွေကို သူချေဖျက်ပစ်သည်။ ပျက်စီးယိုယွင်းသွားအောင် ချေမွပစ်သည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

*တော်အချစ်မြတ်နိုးဆုံးသူတစ်ယောက်ကို လုယက်ယူငင်သွားခဲ့သည်။ ပြီးတော့မှ ကျွန်တော့်ကံကြမ္မာကို ပစ်ချထားခဲ့သည်။ သူ့တာဝန်တွေ ပြီးဆုံးသွား ပုံဖြင့် တံခါးဝက ထွက်ခွာသွားဖို့ ပြင်တော့မှ သူ့မျက်နှာကို ကျွန်တော် ဖျပ်ကနဲ မြင်ခွင့်ရလိုက်ပါသည်။ သည်မှာတင်ပဲ ကျွန်တော့် နေရာလေး ကျက်သရေရှိခြင်းတစ်မျိုးနဲ့ ပြိုးပြက်သွား တော့သည်။ သူ့နဖူးပေါ်မှာတော့ အလင်းတန်း တစ်ချက် ဝင်းပသွားသည်။ သူ့မျက်လုံးတွေကလည်း ကြင်ကြင်နာနာနဲ့ တောက်ပနေတာပါပဲ။ သူ့ကိုယ်ရောင်ကိုယ်ဝါက ရွှေမှုင် များလို ကြီးမြတ်ခမ်းနားလိုက်တာလေ။ သည်တော့မှ ကျွန်တော်က မေးသည်။ 'နေပါဦး သင်ကဘယ်သူလဲ'လို့ ပေါ့။ 'မကောင်းဆိုးရွားလား၊ နတ်ဒေဝတာလား၊ လူယောင် ဖန်ဆင်းထားတဲ့ ပရလောက,ကလား'ဆိုတော့ သူက 'ငါ့နာမည်က 'သောက'ပါ။ လူတွေကို အိုမင်းသွားအောင် ဉာဏ်ပညာ အမြော်အမြင်ကြီးအောင် ငါလုပ်နေတာပေါ့၊ လူတွေက ငါ့အရိပ်ကိုတောင် ကြောက်ကြတယ်။ ငါ့ကို ရန်သူလို့တောင် ခေါ်ကြတယ်။ ငါက သူတို့မျက်နှာပေါ်က မျက်နှာဖုံးဓာပါးကို ခွာချပြီး အမှန်တရားကို ပေါ်အောင် လှစ်ပြတတ်တာကိုးဟု ဆိုသည်”*

***[Patience Strong* ၏ *Sorrow]***

ကျေကွဲစရာ ကောင်းလိုက်တာကွယ်။ နှင်းဆွတ်ဖုံမှုန့်တွေက ကောင်းကင်မှာဝဲလှည့်နေကြသည်။ ဆောင်းဆန်သည့် မြေကမ္ဘာကို များစုပ်မျိုပစ်တော့မလား မှတ်ရသည်။ နှင်းမြူတို့၏ ငွေရောင်လျှာ

www.burmeseclassic.com

တွေက မြွေတစ်ကောင်၏ လျှာလို တွန့်တွန့်လျားလျားရှိလွန်းသည်။ မြက်ခင်းကုန်းဆင်းခြေလျောကတော့ နူးညံ့ခြင်းနှင့် အဖြူရောင်ကို တိုင်ချည်ဖောက်ချည် ကန့်လန့်စင်းရက် နေသည်။ ကျီးအတစ်ကောင် ကတော့ ကောင်းကင်တစ်ခွင်လုံးမှာ တစ်ကောင်တည်း။ လေးလေးလံလံ ပိကျနေသည့်အတောင်တွေက လေအဟုန်ကို တွန်းကန်နေရပုံမျိုးနှင့် ဖြစ်သည်။ မိုးတိမ်၏ ဓာပုဝါကတော့ ခွေခွေရစ်ရစ် လိမ်ယှက်ရင်း ငွေဦးပေါက်ရာသီ၏ တံစဉ်ကွေးလကို ဝန်းရံနေကြ၏။ ဥယျာဉ်ပန်းတို့ အသက်ရှူကြ။ ပန်းသီးပင်၊ ဆီးပင်တွေက ချစ်စိတ်ရည်တွေ ရွှန်း ပြက်နေလေသည်။ သူက သူ၏အနမ်းများဖြင့် ကမ္ဘာလောကကို ဖုံးလွှမ်းပစ်လိုက်သည်။

"မင်းမှာ သောကဆိုတာများ မရှိရှာေသလားကွယ်..."

"လွဲချော်မှုဆိုတာလည်း မခံစားရသလိုပါပဲလား..."

နိုက်တင်ဂေးလ်ငှက်ကတော့ ချမ်းမြေ့ခြင်းမဲ့ သီချင်းတစ်ပုဒ်ကို ဝေဒနာ ပြင်းပြင်း သီဆိုနေသည်။ ရေကန်ငယ်ကလေးထဲကို ကျောက်တုံး အိုကြီးက မျက်ရည်တွေ တစ်ပေါက်ချင်း သွန်ချနေသည်။ ချစ်သူ၏ နူးညံ့မွတ်စင်သော ပုခုံးလျော့လျော့ကလေးပေါ်ကို ကျစ်ဆံမြီးက လျှောထိုးဆင်းနေသည်။

"မင်းမှာ သောကဆိုတာများ မရှိရှာေသလားကွယ်..."

"လွဲချော်မှုဆိုတာလည်း မခံစားရသလိုပါပဲလား..."

ရုရှားကဗျာကလေးကို ကျွန်တော်တွေးနေခြင်းဖြစ်သည်။ တကယ်တော့ သောကသည် ဟင်းလင်းပွင့်တံခါးတစ်ချပ်ဆီမှ ဝင်လွယ်ထွက်လွယ် သလို ဝင်ထွက်နေသည်။ ချစ်သူတို့၏ သောကမှ သောကမဟုတ်။ ကမ္ဘာလောကတွင် သောကသည် နေရာအနှံ့၌ ရှိသည်။ ဆရာပီမိုးနင်း က 'ဤလောကဓာတ်တစ်ခုလုံးသည် အမြဲတိုက်ခိုက်၍နေရသော



www.burmeseclassic.com

www.burmeseclassic.com


လောကဓာတ်ဖြစ်၏။ တိုက်ခိုက်ခြင်းဖြင့် တည်နေရ၏။ တိုက်ခိုက်ခြင်းဖြင့် တိုးတက်ရ၏။ တိုက်ခိုက်ခြင်းဖြင့် ကြီးပွားရသော လောကကြီးဖြစ်လေသည်။ 'မီးနှင့်ကားရေ၊ မြေနှင့်လေ၊ မိတ်ဆွေမစပ်၊ ပဋိယတ်'ဟူသော စကားအရ လောကဓာတ်ကြီး၏ အခြေအမြစ်ဖြစ်သော မဟာဘုတ်လေးပါးသည်လည်း တိုက်ခိုက်၍နေရ၏"ဟု ရေးခဲ့တာ မှတ်မိသည်။ အမြဲတိုက်ခိုက်နေရသည့် လောက၌ သောကသည် ထက်ရှသော လက်နက်ဖြစ်သည်။ သောက၏ အငွေ့ကြောင့် ကမ္ဘာလောကသည်ပင် ညှိုးချုန်းနေသလား ထင်မှတ်နေရသည်။ သောက၏ အခိုးအလျှံတို့ ချောင်းချောင်းအူအူ လူထနေတာကပဲ ကမ္ဘာလောကကို မှိုင်းဖြည့်နေ သလား ထင်ရသည်။ ဝမ်းနည်းခြင်း သောကသည် ဒေါသနှင့်ယှဉ်ပြီး ဖြစ်လာရသော ဒေါမနဿ ဝေဒနာ စေတသိက်ဖြစ်သည်။ ဒေါမနဿကလည်း သောကနှင့် အမြွှာညီအစ်မဟု ဆိုနိုင်မည်ထင်ပါသည်။ စိုးရိမ်မှုလွန်ကဲခြင်း၊ စိတ်ဆင်းရဲခြင်းကို ဆိုသည်။ သူလည်း ဒေါသစိတ်နှင့် ယှဉ်ပြီး ပါလာသည့် ဝေဒနာ စေတသိက်ဖြစ်သည်။ အတိတ်ကဖြစ်ခဲ့သမျှကို သောကရောက်နေကြရသည်။ ပစ္စုပ္ပန်မှာ ဖြစ်ပျက်နေသမျှကို သောကရောက်နေကြရသည်။ အနာဂါတ်မှာ မဖြစ်သေးတာကိုပင် သောကရောက်နေကြရတာလည်း ရှိသည်။ မင်္ဂလာတရားတော်၌ 'ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ အသောကံ ဝိရဇံခေမံ ဧတံမင်္ဂလ မုတ္တမံ"ဟု ဆိုသည်။ ဖုဋ္ဌဿလောက ဓမ္မေဟိ၊ လောကဓံတရားနှင့် တွေ့ကြုံရသော ပုဂ္ဂိုလ်၏ စိတ္တံယဿ နကမ္ပတိ၊ စိတ်မတုန်လှုပ်ခြင်း၊ အသောကံ စိုးရိမ်ပူပန်မှုမရှိခြင်း၊ ဝိရဇံ၊ ရာဂစသည့် မြူမရှိခြင်း၊ ခေမံ၊ ဘေးရန်ကင်းခြင်းတို့သည် မင်္ဂလာမည်၏ဟု ဆိုသည်။ လောကဓံတရား


www.burmeseclassic.com

ရှစ်ပါးတွင် အဆိုးလောကတရား လေးပါး၊ အကောင်းလောကတရား လေးပါး ရှိသည်။ သည်တရားများက ဘုရားရှင်သော်မှ လွတ်မြောက်သည်မဟုတ်။ တာဒိဂုဏ်ရှင်များကတော့ တုန်လှုပ်မှုကင်းကြသည်။

"ပုထုဇဉ်ကဖြစ်လာတဲ့ လောကဓံရဲ့ မမြဲမှု၊ ဖောက်ပြန်ပျက်စီးရတဲ့ သဘောရှိမှုကို မဆင်ခြင်တတ်ပါ။ ဒါကြောင့် ပုထုဇဉ်တို့ရဲ့ စိတ်မှာ လောကဓံရဲ့ လွှမ်းမိုးမှုကို အလူးအလိမ့် ခံရတတ်ပါတယ်။ အကောင်း လောကဓံနဲ့ တွေ့ကြုံရတဲ့အခါ ကောင်းသည့်အားလျော်စွာ ခြေတကြွကြွနဲ့ ပျော်တတ်ကြပါတယ်။ အဆိုးလောကဓံနဲ့ တွေ့ကြုံရတဲ့အခါမှာတော့ နှလုံးကြေကွဲစိတ်ဆင်းရဲတတ်ကြပါတယ်'

အရှင်ကုမာရ၏ ကိုယ်ကျင့်မင်္ဂလာမှာဖတ်ရသည်။ မုံရွေးဆရာတော်ဘုရားကတော့ 'ပြောင်းပြန်ရောနှော၊ အလာဘောနှင့် လာဘောတူကွ၊ အယသနှင့် ယသမှတ်ကြ၊ သုခံဒုက္ခ၊ နိန္ဒပသံသာ၊ ရှစ်ဖြာလောကဓံ၊ ဆက်ဆံရစ်ငွေ့၊ ကြုံလေတွေ့လည်း ခါ၌မကုန်၊ မတုန်မလှုပ်၊ စောင့်ချုပ်မယိမ်း၊ မတိမ်းမပြို၊ ထိုပုဂ္ဂိုလ်၏၊ နဂိုရ်တည်ကြည်၊ စိတ်မြတ်သည်လည်း..."ဟု ဖွဲ့တော်မူသည်။ တကယ်တော့ လူသည် ပုထုဇဉ်သာ ဖြစ်သည်။ လောကဓံတရားကို နားလည်နိုင်ခဲ့သည်။ သုခနှင့်ကြုံရတော့ သောကသည် ပျောက်နေတတ်သည်။

"ကုသလကြောင့်၊ သုခတရား၊ ကြုံကြိုက်ငြား မူ၊ သွားလည်းချမ်းသာ လာလည်းချမ်းမြေ့၊ နေ့လည်းချမ်းမြ၊ ညလည်းချမ်းငြိမ်း၊ နတ်စည်းစိမ်သို့၊ အိမ်လည်းရိပ်မြုံ၊ မိုးနေလုံလျက်၊ ဆွေပုံမျိုးနှင့်၊ ဆယ်ပါးကျင့်သား" ဆိုသော်ငြား ဒုက္ခက အိမ်တံခါးကို တံခါးလာခေါက်သည့်အခါ သောကသည် ခေါင်းလျှိုပြီးသား ဖြစ်သည်။

www.burmeseclassic.com

"ဒုက္ခတရား၊ ဆိုက်လာငြားမူ၊ သွားလည်းဘေးရှာ၊ လာလည်း ဘေးတွေ့၊ နေ့လည်း ဘေးရ၊ ညလည်း ဘေးကြိမ်၊ ကိုယ့်စည်းစိမ်လည်း၊ မငြိမ်မသက်၊ ရန်သူဖျက်၍၊ ပျက်ခဲ့ရှင်း ရှင်း၊ တရားယွင်းသား"

ဖြစ်ကြရသည်။ သောကကို ဖြေဖျောက်ဖို့ ခက်သည်။ စစ်သူကြီးကတော်မလ္လိက အဂ္ဂသာဝကနှစ်ပါးနှင့် ရဟန်းငါးရာကို ဆွမ်းလုပ်ကျွေးသည်။ ဆွမ်းကျွေးသည့် မနက်ခင်းမှာပင် ခင်ပွန်းစစ်သူကြီးနှင့်သား ၃၂ ယောက် စစ်မြေပြင်တွင် ကျဆုံးကြောင်း စာလွှာရသည်။ စာလွှာကို ခါးပိုက်၌ဆောင်ကာ ရဟန်းများကို ဆွမ်းကျွေးမြဲကျွေးသည်။ ထိုအချိန်မှာပင် အလုပ်အကျွေးမိန်းကလေးကြောင့် ထောပတ်အိုးကြီး ကျကွဲသည်။ ရှင်သာရိပုတ္တရာမထေရ်က "ကွဲပျက်ခြင်း ရှိတဲ့အရာဟာ ကွဲပျက်တာပါပဲ မလ္လိက၊ စိုးရိမ်သောကမဖြစ်စေနှင့်"ဟု မိန့်တော်မူသည်။ မလ္လိကက ခါးပိုက်၌ထားအပ်သောစာကိုပြ၍ "ခင်ပွန်းနှင့်သားသုံးဆယ့်နှစ်ယောက် စစ်မြေပြင်မှာ ကျဆုံးတဲ့စာ တပည့်တော်မ မနက်ကတည်းက ရခဲ့ပြီးပါပြီဘုရား၊ ထောပတ်အိုးအတွက်ကြောင့်တော့ တပည့်တော်မမှာ သောကစိုးစဉ်းမျှ မရှိပါ"ဟု လျှောက်ထားသည်။

ရာဂ၊ ဒေါသ၊ မောဟတရားတွေက သတ္တဝါတွေကို ညစ်နွမ်း စေသည်။ ရဇသည် မြူကိုဟောသည်။ ဝိရဇံမြူမှ ကင်းသကဲ့သို့ ကြည်လင်ပါမှ သောကကင်းသည်။ ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ စသည့် ယောဂလေးပါးမှ ဘေးကုန်ခြင်း ရောက်သည်ကိုတော ခေမဟုဆိုသည်။ စိတ်ကိုညစ်နွမ်းပူဆွေးစေသည့် တရားများကင်းပါမှ သောကကင်းဝေးသည်။



www.burmeseclassic.com

မြတ်စွာဘုရားရှင်လက်ထက် မလ္လတိုင်း ဥရုဝေလကပ္ပရွာကြီးတွင် မြတ်စွာဘုရား သီတင်းသုံးတော်မူသည်။ ထိုအခါ ဘဒြက အမည်ရှိသူ ရွာသူကြီးက မြတ်စွာဘုရားထံ ချဉ်းကပ်၍ စိတ်သောကကြောင့် ဒုက္ခဆင်းရဲရခြင်းအကြောင်းကို မေးလျှောက်သည်။ ဆင်းရဲဒုက္ခပူဆွေးသောကနှင့် ပတ်သက်၍ ဘုရားရှင်က ‘ချစ်သား ဘဒြက ငါ၏ဘဝအတိတ်ကို ဆောင်သည်ရှိသော် သင့်၌ ယုံမှားသံသယထင်လိမ့်မည်။ ထို့ကြောင့် ဤနေရာ၌ ထိုင်နေသော ငါဘုရားသည် ဤနေရာ၌ပင် သင့်အား ဟောကြားအံ့”ဆိုကာ ဘဒြကကို မေးတော်မူသည်။

–ရွာသူကြီးဘဒြက သင်အဘယ်သို့ထင်သနည်း၊ ဤမည်သော ဥရုဝေလကပ္ပတွင် ထိုသူတို့ အသတ်ခံရသောကြောင့်ဖြစ်စေ၊ အချုပ်အနှောင်ခံရသောကြောင့်ဖြစ်စေ၊ ဆုံးရှုံးသောကြောင့် အကဲ့ရဲ့ခံရသောကြောင့်ဖြစ်စေ စိုးရိမ်ပူဆွေး စိတ်ဆင်းရဲရသည့် သင်နှင့်စပ်သောသူများ ရှိသလော”

“ ရှိပါသည်ဘုရား”

“သင်အဘယ့်ကြောင့် စိုးရိမ်ပူဆွေး သောကရောက်နေရ သနည်း ဘဒြက”

“ ထိုသူတို့အပေါ်၌ ချစ်ခင်တွယ်တာမှုရှိနေသောကြောင့် ဖြစ်ပါသည်ဘုရား”

“သင်နှင့်မစပ်သူတို့၏ ဆင်းရဲဒုက္ခ၌ သင်ပူဆွေးသောက ဖြစ်ပေါ်သလား ဘဒြက”

“တပည့်တော် ချစ်ခင်တွယ်တာခြင်းမရှိ၍ မဖြစ်ပါဘုရား”

“ချစ်သား ဘဒြက ယခုထိုင်နေရင်းပင် သင်သိမြင်သဘောပေါက်လာသည့်နည်းတူပင် လွန်ခဲ့သောအတိတ်နှင့် လာလတံ့

www.burmeseclassic.com

သော အနာဂတ်၌လည်း ဤနည်းတူ သိလော့။ ဆင်းရဲခြင်း အားလုံးသည် ချစ်ခင်မှုဟူသော ဆန္ဒအကြောင်းသည် ရှိ၏။ ဒုက္ခ၏ အကြောင်းရင်းလည်းဖြစ်၏။ အကြောင်း မူလလည်း ဖြစ်၏။”

“အရှင်ဘုရား၏ ဟောကြားချက်သည် မှန်လှပါသည်ဘုရား၊ တပည့်တော်၏သားဖြစ်သူ စိရဝါသိကား မြို့ပြင်ကအိမ်တွင် နေပါသည်ဘုရား။ တပည့်တော် နေ့စဉ်ပင် လူလွှတ်၍ သားဖြစ်သူအား ကြည့်ခိုင်းပါသည် ဘုရား။ သွားကြည့်သူ မလာမချင်း တပည့်တော် သောကရောက်နေရပါသည် ဘုရား”

“ချစ်သား ဘဒြက ချစ်ခင်တွယ်တာခြင်းသည် သောက၏ မူလအရင်းခံဖြစ်သည်။ ဒုက္ခ၏အကြောင်းရင်းခံဖြစ်၏။ ခံစားမှု၌ နှစ်သက်ခြင်းသည် ဖြစ်၏။ နှစ်သက်ခြင်းသည် စွဲလန်းမှု ဖြစ်၏။ ထိုစွဲလမ်းမှုဟူသော အကြောင်းကြောင့် ဖြစ်ခြင်း ဟူသော ဘဝဖြစ်၍ ဘဝ၌ ပထမဆုံး စဖြစ်မှုဟူသော ဇာတိ၊ အိုခြင်းဟူသော ဇရာ၊ သေခြင်းဆိုသော မရဏ၊ ပူဆွေးရခြင်း ဟူသော သောက၊ ငိုကြွေးရခြင်း ပရိဒေဝ ကိုယ်ဆင်းရဲခြင်း ဟူသော ဒုက္ခ၊ စိတ်ဆင်းရဲရခြင်းဟူသော ဒေါမနဿ ပြင်းစွာပူပန်ရခြင်းဟူသော ဥပယာသတို့သည် ဖြစ်၏”

သဠာယတနသံယုတ်၊ ဘဒြကသုတ်မှ ဘုရားရှင် ဟောကြားတော်မူချက်ဖြစ်သည်။ ရာဘင်ဒြာနာ့သ်တဂိုးကတော့ သောကကို ရိုးရိုးကလေးဖွဲ့သည်။ ‘အနာဂါတ်ကို တွေးကြည့်မည်ဆိုလျှင် သင့်စိတ်သည် မည်သည့်အခါမှ သောကမရောက်ဘဲ နေနိုင်မည်မဟုတ်။ သောကတို့သည် အဆုံးမရှိ။ သို့ရာတွင် သင့်မျက်လုံးကို အတိတ်တွင်သာ စူးစိုက်ထားမည်ဆိုလျှင် စိတ်၏ငြိမ်းချမ်းမှုကို ရနိုင်သည်။ သင်၏

www.burmeseclassic.com

သောကတို့သည် ပျောက်ကွယ်သွားကြရာ သင်၏တာဝန်များကို သင့်ပခုံးမှ၊ အတိတ်လူတို့၏ ပခုံးပေါ်သို့ ပြောင်းပေးနိုင်၏။ အတိတ်သည် တစ္ဆေအဖြစ် ပစ္စုပ္ပန်တွင် အသက်ရှင်လျက်ရှိသေး၏။ သို့တိုင် အချို့လူများသည် အတိတ်ကို လမ်းညွှန်အဖြစ် မကြည့်ကြမူပဲ မိမိတို့ကိုယ်ကျိုးစီးပွားအတွက်သာကြည့်ကုန်၏။ ထိုအခါတွင် တစ္ဆေသည် သူတို့နှားရွက်ကို ဆွဲထား၏။ သူ၏အရိုးစု လက်ချောင်းများမှ ရုန်းထွက်စရာအကြောင်းမရှိ...'

အတိတ်ကို စူးစိုက်ကြည့်ခြင်းဖြင့် သောကကိုကင်းစေသည်။ သို့သော် အတိတ်ကိုကြည့်ရာ၌ လမ်းညွှန်အဖြစ် ကြည့်ရမည်ဟု တဂိုးက ဆိုသော်လည်း အင်္ဂလိပ်အဘိဓမ္မာဆရာ ဘာထရန်ရပ်ဆယ်ကတော့ ဇရာပိုင်းရောက်နေသူတို့၏ စိတ်သောကကို တိုက်ဖျက်ရာတွင် အန္တရာယ်နှစ်ခုရှိသည်ဟု ဆိုသည်။ တစ်ခုမှာ အားသစ်ခွန်သစ်တွေ ရလာနိုးဖြင့် ကိုယ့်ကိုယ်ကို ဖွတ်အတင်း ငယ်သေးသည်ဟု မထင်ရန် ဖြစ်သည်ဟုဆိုသည်။ သို့သော် အသက်ကြီး လာပြီဆိုသည်ကိုတော့ စဉ်းစားချိန်မရအောင် ပြုမူနေထိုင်ရမည်ဟု ဆို၏။

"တစ်ခါက အီတလီပြည်သို့ အလည်ရောက်စဉ် စိတ်သောက ရောက်နေသည့် လူတစ်ယောက်နှင့် တွေ့ခဲ့ရပုံကို ကျွန်တော့်အဘွား မကြာခဏ ပြောတတ်ပါသည်။ အဘွားက ဘာကြောင့် ဤမျှ သောကရောက်နေရကြောင်း မေးပါသည်။ ထိုအမျိုးသား ကြီးက သူ့တွင် မြေးငယ် နှစ်ယောက် ကွယ်လွန်ခဲ့သဖြင့် သောကရောက်နေရကြောင်း ပြောပါသည်။

"ဘုရားရေ ဖြစ်မှဖြစ်ရလေရှင် ကျွန်မမှာ မြေးသုံးဆယ့်နှစ်ယောက်ရှိတယ်။ သူတို့တစ်ယောက်ဆုံးတိုင်းသာ ကျွန်မ သောကရောက်နေရရင် ကျွန်မမှာ ဘယ်မှာနေစရာ ရှိတော့မလဲ"ဟု



www.burmeseclassic.com

ကျွန်တော့်အဘွားက ပြောပါသည်။

“မြေးသုံးဆယ့်နှစ်ယောက်ထဲက တစ်ယောက်အနေနှင့် ပြောရလျှင် ကျွန်တော်သည် အဘွား၏နည်းကို သဘောကျ ပါသည်။ အသက်ရှစ်ဆယ်ကျော်သည့်အခါတွင် အဘွားသည် ညညအိပ်မပျော် ဖြစ်တတ်ပါသည်။ ဤတွင် အဘွားသည် သန်းခေါင်မှ နံနက် သုံးနာရီထိုးသည့်တိုင် လူထုသိပ္ပံစာအုပ် ကလေးများ ဖတ်ပါသည်။ အဘွားတွင် သူအသက်ကြီးလာပြီ ဖြစ်ကြောင်း စဉ်းစားချိန်ပင် ရဟန်မတူပါ”

တကယ်တော့ ဘဝ၏ နောက်ဆုံးချိန် သောကများသည် ဘဝအတွက် လေးပင်နေတတ်ပါသည်။ ငယ်ဘဝ၏ ငယ်သောကများကို ငယ်စိတ် ဖြင့် အံခဲနိုင်သော်လည်း ကြီးဘဝသောကကို လူအိုတို့ တောင့်ခံနိုင် ခဲသည်။ တရားဓမ္မရသည့် အရွယ်ဆိုသော်လည်း သောကတွန်းလှန်ဖို့ ခက်ခဲနေတတ်သည်သာ ဖြစ်သည်။ ဘာထရန်ရပ်ဆယ်လ်က လူတစ်ယောက်၏ဘဝသည် မြစ်ကြီးတစ်မြစ်ကဲ့သို့ ဖြစ်သင့်သည်ဟု ဆိုသည်။ အစတွင် မြစ်သည် ကျဉ်းမြောင်းသေးငယ်ပြီး ကမ်းပါး စောက်ကြီးနှစ်ခုကြားက စီးဆင်းသည်။ သည့်နောက် အရှိန်ပြင်းလာကာ ကျောက်ဆောင်ကျောက်တုံးကြီးများကို ကျော်ဖြတ်လာခဲ့သည်။ သည့် နောက်တော့ မြစ်သည် တဖြည်းဖြည်းကျယ်ပြောလာကာ ကမ်းနှစ် ဖက်သည် ဝေးကွာသွားသည်။ ရေသည် ပို၍ငြိမ်သက်စွာ စီးဆင်းနေ တော့သည်။ အဆုံးတွင်တော့ ပင်လယ်နှင့်ပေါင်းဆုံစီးဝင် သွားရသည်။ ဤသို့ဖြင့် ပုဂ္ဂလိကဘဝသည် နာကျင်မှုကင်းကာ တန်ဘိုးထားသည့် အရာများက ရှေ့တွင် ဆက်လက်ဖြစ်ပွားနေမည်ကို ကြိုတင်သိသဖြင့် သောကကင်းနိုင်ကြသည် သုံးသပ်ကြသည်။ အိုကြီးအိုမကျော်ာမှ သေခြင်းတရားကို ကြောက်ရွံ့ခြင်းကို သူစက်ဆုပ်သည်ဟုဆိုသည်။

www.burmeseclassic.com

ဘဝမှာ ပျော်စရာတွေလည်း တွေ့ခဲ့ သောကတွေလည်း ကြုံခဲ့ရသည့် အတွေ့အကြုံများ ရှိသည့်ကြားက သေခြင်းတရားကို ကြောက်ရွံ့ခြင်းသည် ရှက်စရာဟု သူမြင်သည်။ မိမိအတ္တကို ဖြို၍ သူတစ်ပါးဘဝများနှင့် ရောယှက်နိုင်ဖို့လိုသည်ဟု ဆိုသည်။

ဘယ်လ်ဂျီယန်ပြည်ဖွား တရုတ်စာရေးဆရာမ ဟန်ဆုယင်၏ ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ဖတ်ရသည်။ ကျွန်မအိမ်မှာ တံခါးမကြီးနှစ်ခု ရှိတယ်" ဆိုသည့် ဆောင်းပါးဖြစ်ပါသည်။ အချစ်သည် ကြီးကျယ်ခမ်းနားသော အရာဝတ္ထုကြီးကို ရေးဖြစ်ဖို့ ဖြစ်လာသည့် အတွေ့အကြုံကို ဖော်ပြသည့် ဆောင်းပါးဖြစ်သည်။ သူမ၏ ခင်ပွန်းက ကိုရီးယားစစ်မြေပြင်ကို စစ်တာဝန်ဖြင့် ရောက်နေသည်။ သူမက ဟောင်ကောင်မှာ သူနာပြုတာဝန် ထမ်းရွက်နေရသည်။ တစ်ရက်တော့ အိုင်ယန်(သူမ၏ခင်ပွန်း)ကျဆုံးကြောင်း သတင်းစာမှာ ပါလာမှသိသည်။

BURMESE CLASSIC .com

သူမ၏သောကတွေကို သူမ သိမ်းဆည်းနေရသည်။ အိုင်ယန်မသေမီက ရေးခဲ့သော စာများက သေပြီးမှ တစ်စောင်ပြီးတစ်စောင် ရောက်လာခဲ့သည်။

"အိုင်ယန်မရှိတော့မှန်း သိသည့်တိုင်ကို စာကလေးများကြောင့် အိုင်ယန် သေပြီဆိုသည့် အသိသည် ကျွန်မစိတ်ထဲတွင် မှေးမှိန်သွားပါသည်။ သူရေးသည့်လက်ရေးကလေးများ၊ သူရေးသည့် စာလုံးကလေးများသည် ကျွန်မလက်ထဲတွင် ရှိနေသေးသည်ဆိုလျှင် သူသေသည်မှာ မည်သို့ဖြစ်နိုင်မည်နည်း။ ဤသို့ဖြင့် သူ့စာကလေးများသည် သုံးပတ်တိုင် နေ့စဉ် ရောက်နေပါသည်။ နောက်ဆုံးစာကို ရောက်ရှိပြီး နောက် ထပ် စာမလာတော့ဟု သိသည့်အခါတွင်မှ ကျွန်မသည် လက်နှိပ်စက်ကို

www.burmeseclassic.com

ထုတ်စက္ကူတစ်ရွက်ကို စက်ထဲသို့ထည့်ကာ 'အချစ်သည် ကြီးကျယ်ခမ်းနားသော အရာ" ဆိုသည့်ဝတ္ထုကို ရေးခဲ့ခြင်းဖြစ်ပါသည်။

အင်္ဂလိပ်စာရေးဆရာနှင့် တိုင်းပြည်ခေါင်းဆောင်ဝင်စတန်ချာချီကတော့ သောကကို ဖြေဖျောက်ရာတွင် တစ်မျိုးစဉ်းစားသည်။ တံတောင်ဆစ်ထောက်ပါများသဖြင့် စုတ်ပြဲသွားသော အင်္ကျီတစ်ထည်နှင့် ဥပမာပေးသည်။ တံတောင်ဆစ်ပြဲကို လိုးထုတ်ကာ ဖာထေးဖို့သာလိုသည်။ အခြားနေရာများဖြစ်သည့် ပုခုံးများ လက်များကို ထိစရာမလို။ သည်လိုပဲ စိတ်သောကရောက်ရသည့်ကိစ္စကို အနားပေး၊ စိတ်၏ ကျန်ကိစ္စများကို အသုံးပြုခြင်းဖြင့် ကုစားနိုင်သည့်သဘောကို ဆိုလိုပါသည်။ မိမိ၏ ပြူရိုးပြူစဉ် မီးခလုတ်ကိုပိတ်၍ အခြားဝါသနာတစ်ခုမှ မီးခလုတ်ကို ဖွင့်ရမည်ဟု ဆိုသည်။

"သောကသည် စိတ်ခံစားမှု၏ ပြင်းထန်စွာ ညှစ်ထုတ်ရုန်းကန်ခြင်းဖြစ်သည်။ ထိုအခါ စိတ်သည် ထိုအရာကို ဖမ်းဆုပ်ကာ တစ်ဝဲဝဲတစ်လည်လည်ဖြစ်နေတော့သည်"ဟု ထင်ရှားသည့် အမေရိကန် စိတ္တဗေဒပညာရှင်တစ်ဦးက ပြောပါသည်။ ဤသို့သော အခြေအနေကို ရောက်ပြီဆိုလျှင် စိတ်ကို အမိန့်ပေး၍ မရတော့ပါ။ စိတ်မညစ်နဲ့ စိတ်မညစ်နဲ့ဟု အမိန့်ပေးလေလေ ပိုဆိုးလာလေဖြစ်တတ်သည်။ မိမိစိတ်ကို ဆုပ်ကိုင်ဖျစ်ညှစ်ထားသည့် စိတ်လှုပ်ရှားမှု ညှပ်ကြီးထဲသို့ အခြားအရာတစ်ခုခုကို တဖြည်းဖြည်း အစားထိုးသွင်းပေးခြင်း ဖြင့်သာ သက်သာရာရနိုင်ပါသည်။ ထိုအရာကို မှန်မှန်ကန်ကန် ရွေးမိပြီဆိုလျှင်၊ အခြားစိတ်ဝင်စားမှုတစ်ခုခုကို ရွေးချယ်မိပြီဆိုလျှင် သောကတည်းဟူသော ညှပ်ကြီးသည် တဖြည်းဖြည်း



BURMESE CLASSIC .com
www.burmeseclassic.com

လျှော့ပါသွားကာ ပြေပျောက်သွားနိုင်ပါသည်။
ချာချီက အကောင်းဆုံးစိတ်အပန်းဖြေခြင်းမှာ ပန်းချီဆွဲခြင်းဟု ဆိုသည်။ သောကက လူတွေကို အိုမင်းသွားအောင် လုပ်သလိုပဲ ဉာဏ်ပညာကြီးမားအောင် လုပ်ကြသည်ဟု ပေးရှင့်စထရောင်းက ဆိုသည်။ လူတွေက သူ့ကိုမဆိုထားနှင့် သူ့အရိပ် (သောက၏အရိပ်)ကိုတောင် ကြောက်ကြသည်ဟုဆိုသည်။ တကယ်တော့ "သောက"ကပဲ လူ၏ အတ္တမာနမျက်နှာဖုံးကို ခွာလျက်အစစ်အမှန်တရား(**Reality**)ကို လှစ်ပြသူသာဖြစ်သည်ဟု ဆိုခဲ့သည်။

ပဋိသန္ဓေနေရခြင်း၊ အိုခြင်း၊ သေခြင်း ဒုက္ခတို့တွင် သောကသည် တွဲလျက်ပါနေသည်ဟု ဆိုသည်။ တကယ်တော့ သောကကင်းကင်း သေနိုင်ဖို့ကသာ အရေးကြီးသည်ဟု ဘာစရန်ရပ်ဆယ်လ်က ဆိုသည်။

BURMESE CLASSIC .com

"ကျွန်တော်သည် သေလျှင် အလုပ်လုပ်ရင်းသာ သေသွားချင်ပါသည်"

"ကျွန်တော်ဆက်မလုပ်နိုင်တော့သော အရာတို့ကို အခြားသူများက ဆက်လုပ်ကြမည်ဟူသော အသိဖြင့် သေသွားချင်ပါသည်။ ကိုယ်ကစဉ်းစားရုံသာ စဉ်းစားခဲ့သော အရာများသည် တစ်နေ့၌ အကောင်အထည်ဖော်ပြီးသားဖြစ်လိမ့်မည်ဟု ကျေနပ်နှစ်သိမ့်မှုဖြင့် ကျွန်တော် သေသွားချင်ပါသည်"

သောကကင်းဝေးနေနိုင်ရေးကို လူတိုင်းတပ်မက်ကြပါသည်။ သောကကင်းကင်း နေတတ်ဖို့သည်ပင် ပညာရပ်ဖြစ်လာခဲ့ပြီ။ သောကကြောင့် ဖြစ်ရသော ဝေဒနာတွေ၊ ရောဂါလက္ခဏာတွေ များလှသည့် သည်ဘက် နှစ်ကာလတွေမှာ သောကမှ ကင်းရာကင်းကြောင်း ဝေးရာဝေးကြောင်း ပိုမိုရှာကြံလာကြရ

www.burmeseclassic.com

သည်လည်း ရှိ၏။ ကျွန်တော်ကတော့၊ 'ဟန်စုယဉ်'၏ စိတ်ဓာတ်ကို ကြိုက်သည်။

**စာကိုး**

- ဆရာမြသန်းတင့်၊ ဘယ်လိုအိုကြမလဲ(အက်ဆေး)
- ဆရာမြသန်းတင့်၊ စိတ်ပန်းဖြေ (အက်ဆေး)
- ဆရာမြသန်းတင့်၊ အချစ်သည်ကြီးကျယ်ခမ်းနားသောအရာ (အက်ဆေး)
- ဆရာမြသန်းတင့်၊ တဂိုး၏ရွှေလှေ
- ရှင်ကုမာရ၊ ကိုယ်ကျင့်မင်္ဂလာ
- ဆရာဒဂုန်ဦးထွန်းမြင့်၊ ဗုဒ္ဓသြဝါဒ အမြုတေ

**နေဝင်းမြင့်**

www.burmeseclassic.com

www.burmeseclassic.com

နေဝင်းမြင့်




www.burmeseclassic.com